(တ) **သာထွေပျော်ရွှင်၊** နားတော် တင်လော့၊ ဘဝင်လှုပ်ရှာ၊ အကြောင်းမှာကို၊ မြတ်စွာဘုရား၊ ပုံပြင်ထားလည်း၊ နားမဝင်နိုင်၊ မိန်းမိန်းမှိုင်စွာ၊ မဆိုင်ဝေးလှ၊ ပဿာဒနှင့်၊ ဟာဒယဝတ္ထု၊ နှစ်ခုရုပ်များ၊ ကလာပ်ခြားလျက်၊ ထိပါးကြကာ၊ *ကောဗဒ္ဓ ဖြစ်ကြလေဟန်၊ ကြောင်းတတန်ကို၊ ကျမ်းဂန်ဖွေဖော်၊ ဥဘတော်ဗျူဟ၊ လိင်္ဂအစစ်၊ ဖြစ်သောအခါ၊ ကမ္မဇာမူလ၊ ရုပ်ဘာဝလျှင်၊ ပြတ်ကြချုပ်ကောင်း၊ မချုပ်ကောင်းကို၊ ကျမ်းပေါင်း * ဖွေနှည်၊ သို့လိုသည်ဟု၊ နားလည်သာအောင်၊ ဉာဏ်တန်ဆောင်ဖြင့်၊ ဆင်ပြောင်မုန်ပြင်း၊ ကျူကိုနင်းသို့၊ သန့်ရှင်းချောမော၊ မိန့်မြွက်ဟောလော့၊ သဘောဓမ္မ၊ စာရိတ္တနှင့်၊ သီလဖြူစင်၊ ဖြည့်ကျိုးထင်၍၊ ဆံမျှင်တတန်း၊ မငြိစွန်းသည်။ ။**အောင်ပန်းပွင့်တော် မူစေသော။**

---

သတ္တံသောဦးရေ ၂၀-ရွေစက်ကြွသည် အချီသည်အဖြေဟု ပြမှာသည်။

www.kelasa.org



၁၀-ချင်ရန္တသာရဆိုရတု(၄)

(ပ) **နန်းမြေအောင်ချာ၊** ထွတ်ထိပ်သာ ထက်၊ ရတနာပူရ၊ ရွှေပြည်မ၏၊ ကာယထ မဖြောင့်၊ နောက်တောင်ထောင့်ဝယ်၊ စိတ်ဖြောင့်ညွတ်ကြည်၊ *စောကဲတည်သည်၊ ရွှေပြည် ထွတ်ချာ၊ စွယ်လက်ယာ။ ။ရတနာပွင့်လှိုင်၊ မဉ္ဇူခိုင်နှင့်၊ ဦးတိုင်ချိမြောက်၊ ကျွန်ုပ်လျှောက်အံ့၊ ဆယ့်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်၊ ခွတ်မွတ်စင်သား၊ မြတ်သွင်လှတ်စို့၊ ပြာသွယ်ညို့ကို၊ နတ်သို့ကဲ့ပင်၊ နောင်မင်းထင်သား၊ ရှင်ပင်မွေတော်၊ ဖန်ဆင်းသော်မှ၊ တူပျော်ရအံ့၊ ရူတညှိုးသမ်း၊ တတမ်းတမ့်သည်။ ။**အလှမ်းဘယ်သူ နေတတ်မည်။**

(ဒု) **ရွှန်းစေပြောင်ဝါ၊** လွှမ်းမှောင် ကွာသား၊ ဝီဝါ-ရည်ရှင်၊ ပုံသွန်းဆင်သို့၊ လျှံထင်းတောက်ရွှန်း၊ နေသို့ထွန်းသည်၊ လေးကျွန်းမျက်မြေင်၊ စည်းခုံတော်။ ။မင်းကျော်*တံတစ်၊ ကြီးသောဖြစ်ကို၊ ရှင်ချစ်-မ, ပေ၊ မသိစေလည်း၊ ရပေတောင်လေး၊ ကိုယ်ရောင် ခြေသည်၊ ညှိုသွေးလဲ့လဲ့၊ လေသိမ်းနွဲ့ကို၊ ပန်းကဲ့သို့ပင်၊ မဆင်ခင်နိုက်၊ မွေရှင်လက်ယာ၊ ပြည့်လွှယ်ပါလော့၊

---

(၁၀) ဤရတုကား အင်းဝရွှေစည်းခုံဘွဲ့၊ အင်းဝအနောက်တောင်ထောင့်ဝယ် ရခိုင်နေ ငယ်ဆရာမိန့်မှာချက်အရတည်သော ယကြာဘုရား၊ အကျယ်ကို (သာသနာလင်္ကာရ-၁၃၉,စေတီယကထာ ရာဇဝင်ချုပ်၂၈)မှာကြည့်၊ ဤရတုမှာ အခံရာဘု၊ နောက်-ရတုဦးရေ-၁၈-ဝန်တောင်လယ်ဆိုအောင်ချာနန်းမြေချီမှာ အလိုက်ရတုတည်း။"တောင်လေသုတ်ဖြမ်း၊

ကလျာနှောင်သည်း၊ ဝင်းညက်ကြည်းကြောင့်၊ တ-လည်း တ-လွမ်း၊ ဆိုယောင်ယမ်းသည်။ ။**မတမ်းဘယ်သူ နေတတ်မည်။**

(တ) **ထွန်းနေရောင်ဝေ**၊ ပတ်ရောင်ဖြာ၍ တိမ်ချာမိုးတက်၊ နေလျံတက်သို့၊ အဘက်လွတ်ရှောင်၊ ရွှေနန်းတောင်၏၊ မာန်အောင်ပယ်တွန်း၊ နောက် ခပ်ယွန်းနိုက်၊ ထူးဆန်းမြန်ပြည်၊ စောကဲတည်သည်၊ ရွှေပြည်သူပန်း၊ ထွတ်ဦးစွန်း။ ။ကျွန်း၏လူ့ရွာ၊ နတ်ပြည်မှာလည်း၊ ရှာသော်သည်ထက်၊ ဘယ်မှာတွက် ချိမ့်၊ ငြိမ်သက်လဲ့လဲ့၊ နွဲ့နွဲ့ရှိမ်းရှိမ်း၊ ကြောစိမ်းငယ်နု၊ ညိုရောင်စုကို၊ ယခုလျှင်မဆော၊ ပြည့်စေသောဟု၊ လွမ်းမော နိုးလျက်၊ ဝိညာဏ်သက်လည်း၊ စဉ်ထွက်လုလု၊ မြင်မှာစုသို့၊ ရှုမိမြော်ချေ၊ ကြာသို့ဋ္ဌေချ၊ *မြောက်လေ သုတ်ဖြမ်း၊ နှောင်ထူးလွမ်းသည်။ ။**မချမ်းဘယ်သူ နေတတ်မည်။**

---

နှောင်ထူးချမ်းသည်"ဟူ၍ အောင်ချာနန်းမြေ-ချိ ပြည်ရွှေဆံတော်ဘွဲ့ ချင်ဒုရွှေသာဂရစပ်သည်၊ ထိုရတုကို အချိဖြစ်လျက် နန်းမြေအောင်ချာဟူ၍ အဝဋ္ဌတောင် ရွှေစည်းခုံဘွဲ့ကို သျှင်သီလဝံသ အလိုက်စပ်သည် (ဓေါဟာရဏ္ဏပကာသနီ-၅၅၃)၊ ချင်သီလဝံသဆို နန်းမြေအောင်ချာ ချိရတုတွင် ရှုတည္ကိုးသမ်း၊ တတမ်းတမ်းသည်"မလွမ်းစရာလွမ်းစရာ" (ကဝိလက္ခဏာဒီပနီ-၁၅၄)။

ဤရတုဝယ် ရှင်ပင်,ရှင်ချစ်ကို ရကောက်ဟတိုးနှင့် တွေ့ရသည်၊ အချို့အရာမှာ သျှင်-ဟုတွေ့ရသည်၊ ပေမူဋ္ဌတွေ့ရသည့်အတိုင်းထားသည်၊ မပြင်။

www.kelasa.org



(ပ) **ကြံအင်မြောက်၍**၊ *သွေးသောက်ရွယ်တန့်၊ မှန်သည်မျှမည်၊ လူရည် ကျောက်ပတ်၊ ယောကျ်ားထွတ်တို့၊ မှတ်လတ်ကုန်မှု၊ မယုကိုယ်ဘို့၊ သူ တချို့တို့၊ ငါတို့နိုက်တွင်၊ ဂုဏ်အင် ပစ္စည်း၊ မလောက်နည်းက၊ သိမ်းဆည်းရစေ၊ [ကိုယ်လုံးနေ၍၊ သဝေမြဲကျိတ်၊] နှောင်တို့စိတ်ကား၊ တွန့်ချိတ်မွေ့သိမ်၊ မစိုးရိမ်တည့်၊ စည်းစိမ်သည်သာ၊ တို့ကိုရှာလိမ့်၊ ပမာနည်းရွေး၊ ပုံတူသွေးအုံ၊ အတွေးအာဝေ၊ အမြော်အမြင်၊ ကြံအင်ပညာ၊ လိမ်မာဒွဲခြမ်း ရဲစွမ်း မမူ၊ ထိုသသူကို၊ ယူစေများစွာ၊ သူ့ဥစ္စာတို့၊ ရတနာမျက်မြတ်၊ ဆွဲ၍လွတ်သည်၊ ယွှင်းချွတ်မဲ့ရာ၊ ထိုသူသာလျှင်၊ ခန္ဓာပျက်ကျေ၊ ဆုံးရှာလေအံ့၊ လူ့မြေနိုက်တွင်၊ စည်းစိမ်အင်သည်။ ။**ကိုယ်လျှင် ပဓာနတကား။**

(ဒု) **စံတင်လျှောက်၍**၊ မြောက်သည် လက်ရှိုး၊ ကိုးသည်အသံ၊ ကြံသည်တခြား၊ ထိုယောကျ်ားလျှင်၊ မယား ငယ်က၊ နေချေကလျှင်၊ နှစ်ခွ မအား၊ † ကုန်တွင်းငါးသို့၊ ဘုရားသခင်၊ ဟောခဲ့ကျင်သည်၊ မိခင် မွေးဘ၊ ထိန်းယသွေ့ဝါး ဤလေးပါးတွင်၊ မယား ငယ်တို့၊ တယောက်ကြိုက၊ မှတ်ယုံစမှတ်၊ ငါလည်းတတ်၍၊ * မြိတ်လွတ်ကေသာ၊ မည်းစွာတယောက်၊

---

[ ] ကိုယ်ယုံနေရှင့်၊ သိထွေမြဲကြိတ် (ကဗျာ့သေဋ္ဌ-၆၃) လုလင်ပျိုများ အိမ်ထောင်ပြုရေးအတွက် ဆုံးမစာရတု။

(ဒု) † ထွန်ထွင်းမှားသို့ (ရှိမ္ဗကားမှ)

သံဓားကောက်သို့၊ မပြောက်မစွန်း၊ နီမြန်းနှုတ်ဖျား၊ သွားသော်ချစ်ဘွယ်၊ အရွယ်တန်လျောက်၊ မြော်မြင်လောက်လည်း၊ ဆယ့်မြောက်နှစ်ဟန်၊ ကလျာပြန်သို့၊ ဆင်းကြန်အိမ်သူ၊ သို့ဖြစ်မူကား၊ သံမြူမကွက်၊ နှင်းဘိသက်ဟု၊ ဆက်ဆက်ဝမ်းတွင်၊ လွန်၍ကြင်သည်။ ။ ညိုဝင်း အပြာမြ တကား။

(တ) ဆံမျှင်ထောက်၍၊ မအောက်မေ့ပါ၊ ချမ်းသာဘဝ၊ ဆင်းရဲမှလည်း၊ နှစ်ခွမွေးမိ၊ မစွန်းငြိတည့်၊ သတိပဋ္ဌာန်၊ အန် စစ်တုရင်၊ [စကြောပြင်နှင့်၊ ထက်ခွင်နန်းမြင့်၊ အသင့်သမုတ်၊] ချယ်ထုတ်သံတွင်း၊ *ခုံချင်းထွေပြား၊ ရန်တားကျားကွက်၊ တွက်သက် စမှတ်၊ စောင့်နတ်တင်သီ၊*ကုလီလက်မြွောက်၊ တချက်ရောက်မှ၊ ပယ်ဖျောက်ရန်ခွင်၊ ရှေ့တော်ပြင်ဝယ်၊ ရန်ပင်စစ်တွေ၊ အထွေထွေကို၊ ရဲနေသတိ၊ အမှုရှိကာ၊ သူသိလှည့်ကာ၊ မပြောရာတည့်၊ ထဲမှာဝမ်းတွင်၊ သိကြားထင်သည်။ ။* လိုလျှင် မရှာရ တကား။

---

၁၂-သျှင်ရဋ္ဌသာရဆိုရတု(၆)

(ပ) ပုရေနိုသင်၊ ခက်တိုင်းကြင်၍၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်*လက်သင်၊ ထုံးစတွင်နှိုက်၊ သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်၊ ဆရာ-မိဘ၊ ကွပ်ဆုံးမလည်း၊ ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု၊ သန့်ကောင်မဟူ၊ အတူရှဉ်ရှဲ၊ သန့်လွဲမခန့်၊ အသက်စွန့်၍၊ ဝေးခွန့်ခရီး၊ *ခြိုကြီးတောအုံ၊ ဝါးရုံဝါးထွေး၊ သစ်ကျားဘေးကို၊ မတွေးသံဖျား၊ မလေးစားတည့်၊

www.kelasa.org



တရားသံဝေ၊ အောက်မေ့ချေသော်၊ ကြေးရှေဂဟော၊ မစပ်လေသို့၊ စာပေတတ်ပွန်၊ မမွခန့်နှင့်၊ ကျွမ်းဝန် သိမြောက်၊*ပဋ္ဌင်းရောက်က၊ထပ်လျောက်ကြင်ဘွယ်၊ရွေးသောနှယ်ကို။ ။အဘယ်ကြိုးရှာ လေတော့မည်။

(ဒ) လူ့မြေတိတွင်၊ ဘက်မမြင်သား၊သန့်စင်ငယ်က၊ *လက်တော်လှနှင့်၊ချိန်းချစေ့ရေ၊ မှာစာခွေကို၊ စသေ လိပ်ပြီး၊ ခင်းဦးကွက်ကျယ်၊ ပြောက်မျိုးချယ်၍၊ *ဆင်စွယ်ဝန်းရှက်၊ မွေးမယ်ရက်သည်၊ အသက် တိုက၊ ဆယ်လှာရသား၊ မူလသိက္ခာ၊ ဆုံးမစာနှင့်၊ ငါးဖြာဝိနည်း၊ စောင့်စည်းပညပ်၊ အပ်တိ တသွား၊ တဆိဖျားမျှ၊ မမှားအာရုံ၊ ကာမဂုဏ်ကို၊ *မဂ္ဂိုရချေ၊ ဖြတ်ငယ်သေစွ၊ ကမ္ဘလေ့ ရင်ပိုက်၊ *တကိုက်မချွတ်၊ စာလက်လွှတ်၍၊ ဖြစ်တတ်ဘိသည်၊သံသာရှည်ခဲ့၊စက်လည်ရဟတ်၊ တပတ်ပတ်လျှင်၊ *အနတ် ဒုက္ခ၊ အနိစ္စ ဟူ၊ နှလုံးမူစွ၊ ပေးလှူခွန့်ကြ၊ ဤဘဝတွင်၊ နှမလက်လျှော့၊ နေလေတော့ဟု၊ ချစ်ပေါ့မကြို၊ ညိုးငယ်ပုံမျှ၊ ရွက်ဟုံ *ကြကြောင်၊ ချ†မင်းတုပ်သို့၊ စိတ်ချုပ် မပွင့်၊ ပို့လွှင့်မေတ္တာ၊ ကရုဏာနှင့်၊ တဏှာလောဘ၊ ဒေါသ မြေးထူ၊ *ရုံမက်မှုကို။ ။ဘယ်သူ နှိုးရှာချေတော့မည်။

---

(ဒု)†တံခါးမင်းတုပ်ကို သျှင်ရဋ္ဌသာရဆို ပုရေနိုသင်ချီရတုတွင် ""ရွက်ဟုံချုံးချုပ်၊ ချမင်းတုပ်က၊ ချက်မြုပ် အာနိုဟု ဆို၏"" (ဇဗ္ဗလသတ်ညွှန်း—၁၃၆)၊သျှင်ရဋ္ဌသာရဆို""ပုရေနိုသင်"" ချီရတုတွင် ""ရွက်ဟုံကြေမြုပ်၊ ချမင်းတုပ်နှင့်၊ စိတ်လှုပ်မယွင်း"" (တွင်းသင်းသတ်ညွှန်း—၁၆၇ ဝေါ်သနိ ၇၁၀)။

(တ) ဆုတေဘိချင်၊ ငယ်ကျွမ်းဝင်နှင့်၊ သို့ပင်တာ
ရှည်၊ ပျော်ရမည်ဟု၊ *ညောင်စည်သများ၊ မြို့ရွှေပါး
ဝယ်၊ ထင်ရှားကျော်ဟိုး၊ *ရူကွစိုးနိုက်၊ ပုဆိုးကြာ
ညွန့်၊ *ဗတာလှုပ်တွန့်ကို၊ ဖြန့်ချ၍တာတည်၊ ရစ်ဖွဲ့ချည်မှ၊
ငယ်မည်မြွက်ဟ၊ နှုတ်သံမျှနှင့်၊ ခက်မတထောင်၊ *ဖျည်
ညောင် စောင့်တာတ်၊ ရှင်နတ်မြတ်ကို၊ တိုင်မှတ် သက်
သေ၊ ပြုဘူးပေရှင့်၊ မကွေ့သစ္စာ၊ ဝါသနာကြောင့်၊ ရှုပ်
ဝါပျို့ရွယ်၊ သနားဘွယ်တိ၊ ရှေးနှယ်*ကျိုးကုပ်၊ ချမင်း
တုပ်နှင့်၊ *ခွက်မြုပ်ခါညီ၊ နာရီမောင်းချ၊ ဒေသနိမိတ်၊
*သက်ကြီးဆိတ်လည်း၊ မဒိတ်မျက်တောင်၊ သည်း
ခေါင်ဆူးလည်၊ ရှိလိမ့်မည်ဟု၊ လွမ်းသည်ထပ်ဆင့်၊
ဖူးချိန်သင့်ကို။ ။မျှော်လင့် ခိုးရှာလေတော့မည်။

---

(၁၃) ချင်ရန္တသာရဆိုရတု (၃)

(ပ) အရည်ဝါသီ၊ တောရပ်မှီ၍၊ အညီမကွာ၊
သညာမြတ်ပြုံ၊ သောမနဿနှင့်၊ ကောင်းမြတ်လှစွာ၊
သမ္မာသက်ပွဲ၊ ဝါယာမနှင့်၊ ဉာဏာရောပြွမ်း၊ ပီတိမွမ်း
၍၊ သုတ်ကျမ်းသာမြွေ၊ ကျောင်းရေ့ကျောင်းတောင်၊
ကုန်အောင်ဝန်းကျင်၊ သုတ်သင်*တံမြက်၊ ခတ်စလျက်
တည်း၊ နံနက်ညဝတ်၊ မပြတ် စေကြောင်း၊ နေ့ရော
ကောင်းနှင့်၊ မွေပေါင်းခေတ်ပုံ၊ စည်းခုံဘုရား၊ ကိုယ်
တိုင်သွား၍။ ။* ချောက်ကြားနေရတတ်ဘိမူ။

(ဒု) သရဏဂုံ၊ သုံးပါးစုံကို၊ ထုံလျှင်နေ့တိုင်း၊
ကသိုဏ်းတဆူ၊ နှလုံးမူ၍၊ ကြည်ဖြူဆွေဆွေ၊ ဝိသေသနှင့်၊
လိုက်ဝဥမင်၊ စာပေသင်၍၊ ကျင့်အင်မကွာ၊ အရိယာ

www.kelasa.org



ဖော်၊ သူတော်ချင်းချင်း၊ စကြံတွင်းဝယ်၊ ညခင်းနှိုး
နှော၊ ပြောဟောစကြ၊ သမဂ္ဂဖြင့်၊ ရာဂရှင်းရှင်း၊
မကြွင်းမကျန်၊ ခွန့်ခဲ့သွန့်မှ၊ နိဗ္ဗာန်ဟူသည်၊ မြတ်ရွှေ
မြည်သို့၊ တိုင်မည်အကြား၊ များများမလွန့်၊ မကွန့်စိမ့်
ငှါ၊ တောမှာငြိမ်းချမ်း၊ ကျောင်းသင်ခမ်းနှင့်၊ မှည့်ရွမ်း
သစ်သီး၊ ဝမ်းဝယ်နှိုး၍၊ ကိုယ်ထီးချည်းသာ၊ ကိလေ
သာကို။ ။ပယ်ခွါခြေရ တတ်ဘိမူ။

(တ) အသချေချေ၊ လွန်လေရှေးခါ၊ အရိယာ
တို့၊ ဝမ်းစာကိုမျှ၊ ဝအောင်မစား၊ ကိုယ်အားနည်းစေ၊
ဆွမ်းလုတ်ရေ၍၊ ကျင့်တွေမြတ်လှ၊ ဈာန်မရ၍၊ * ကြုံ
လျ * ဖျော့တော့၊ လျော့လျော့ကိုယ်လက်၊ *ယော်သစ်
ရွက်သို့၊ စက်စက်ရှုပ်ရည်၊ ရှိဘူးသည်ဟု၊ တွေ့လည်
ထူးခြား၊ နားလည်းကြား၏၊ မပြားပုံခွက်၊ ဤနည်း
*ပက်ဟု၊ ယွင်းကွက်မသွေ့၊ ရှိဘူးလေဟု၊ သပြေဇမ္ဗူ
လူတို့အားလုံး၊ ကြံပြီးဆုံးမှ၊ နရိန္ဒလျှင်၊ ထက်က
သကြား၊ မိုးနတ်သားကို။ ။လျှောက်ကြားစေရတတ်
ဘိမူ။

---

(၁၄) ဝန်တောင်လယ်ဆိုရတု (၁)

(ပ) * လေပြင်းထန်၍၊ * ဝသန်ရာသီ၊ မိုင်းရီ
မြောက်တောင်၊ လျှပ်စစ်ရောင်တိ၊ ထက်ခေါင်ဟူးဟူး၊
ရိုက်ကြူးထိန့်ထိန့်၊ မိုးစည်အိန့်သော်၊ *ဖိန့်ဖိန့်တုန်
လှုပ်၊ ပြတ်ချုပ်ဘနန်း၊ ဇောစိတ်မွှန်းမျှ၊ မလန်း
ရှင့်ကြောင့်၊ မိုးလည်းမှောင့်၍၊ ပုခေါင့်ပူခဲ၊ လလဲ

---

(၁၄)ဤရတု ပေါ်ရာဏာဒီပနီ ပ-၃၂၆ ၌လည်း ပါသည်။

ရက်ကြာ၊ သို့သောခါဝယ်၊ ရင်းမာပွင့်ခိုင်၊ မွှေးကြိုင်ပုန်းညက်၊ပင်မြင့်ထက်ဝယ်၊ကျီးဌက်*သားပျင်း၊သန့်ဝါတွင်းနှိုက်၊ မှည့်ဝင်းထန်းသီး၊ ရေလည်းကြီး၍၊ ဇနီးခန့်ရည်၊ မျိုးကြင်သည်နှင့်၊ ရာသီချင့်၍၊ ပျော်ခွင့်ရမည်၊ မှတ်ပါသည်ကို၊ ကြိုးရှည်ရက်များ၊ ဝါလခြားခဲ့၊ တရားဖြောင့်ဖြောင့်၊ သုံးစောင့် သတင်း၊ ယွင်းခဲ့အံ့လော၊ ပြာန္တဲ့ချောကြောင့်၊ မကော မလတ်၊ မကျွတ် သတင်း၊ အလွမ်းပြင်းသည်။ ။ဆီးနှင်းဖြန်းပါလတ်တော့လော။

(ဒ) **တွေ့ရင်းမှန်၍၊** ပျော်ရန်သင့်စွာ၊ ရှေးလျှ ဒါကြောင့်၊ ကမ္ဘာ့သိန်းသန်း၊ ပြိုးပြက်ထွန်းလည်း၊ မအာန်းရက်သစ်၊ ကျွမ်းချစ်မေတ္တာ၊နှောင်နှင့်သာတည့်၊ ခုခါတမူ၊ လူကိုထားတိ၊ရေးခြားမမြော်၊ဌက်တို့သော်မျှ၊ ရွှေဘော်စုံပေါင်း၊ ပျော်ကြောင်းရှဉ်ဖက်၊ လည်ချင်းရက်၍၊ ရွှေဌက်ဟင်းသာ၊ မကွာလိုင်နန်း၊ ပါး-ဆေးဒန်းနှင့်၊ ဦးစွန်းမြနည်း၊ ထက်မည်းနက်ကျော၊လှမောရောင်ဆင်း၊ ငြိုင်ရိပ်တွင်းဝယ်၊ ဒေါင်းလင်းတောကြက်၊ မထွက်လွင်ကျင်း၊သံပြင်းမတွန်၊တောရိမြတ်မွန်တို့၊နို့ဖွာန်အာရုံနှုတ်ငုံတွတ်တွတ်၊ ဥပါဒ်,ငှို,ဘင်၊ဘဝင်ဇောသုံး၊ မဂ်ဖိုလ်*ကျုံးမျှ၊ တီးတုံးစီးဖြန်း၊ ကမ္ဘဌာန်းမေတ္တာ၊ ဘာဝနာနှင့်၊ ဘိညာ ဈာန်ပေါင်း၊ အရ ချောင်းရှင့်၊ တွေ့ဟောင်းတမူ၊ ရှေးရှု စူးစူး၊ မဖူးလှာငုံ၊ ခါကိုင့်၍၊ ဆွတ်ပုံ့ရှုတ၊ မရှင်ပျသည်။ ။ဟေမ ဆန်းပါလာတ်တော့လော။

(တ) **ရေလင်းဝှန်၍၊** ကဲလွန် *တံပိုး၊ ကမ်းကိုမိုး၍မညိုးစွင့်စွင့်၊ဖောင်းပွင့်လူလူ၊*ကျူလည်းဖွေးဖွေး၊

www.kelasa.org



*မြင်ထိပ်ကွေးထက်၊ မြစ်တွေးတိန်ညင်း၊ သောင်တင်းစင်ရော်၊ စံဖော်ဗိုမ၊ ရှင်မြှူးကြလျက်၊ဝဿအလျောက်၊ *ကျဖြောက်အုံ့မှိုင်း၊ နေ့ကတိုင်းလျှင်၊*စကိုင်းမပေါ်၊ ပြင်မမြော်က၊ ရှဉ်ဖော်နှောင်ဝမ်း၊ ထပ်ကာလွမ်း၍၊ ညချမ်း သန့်ကောင်၊*သောက်ရောင်ဖြူနီ၊နာရီလှည့်ပတ်၊ တဆွတ်ဆွတ်လျှင်၊ ကျွတ်စေလျှင်လျှင်း၊သည်ဝါတွင်းကို၊ နှောင်မင်းငွေ့ရှောင်း၊ရွှေရင်ညောင်းစွ၊စုံပေါင်းလိုင်ထဲ၊ ပျော်ကြမြဲသား၊ ဝမ်းပဲ, ဟင်းသာ၊ ဌက်တကာတို့၊ ထွက်ပါလေကော့၊ စိတ်မလျော့နှင့်၊ လော့လော့ခုပင်၊ ဖူးချင်ခဲ့ပြီ၊ ရာသီ*နှင်းယူး၊ ဟေမန်ကူး၍၊ ချမ်းဦးတန်းဆောင်၊ မုန်းလရောင်သည်။ ။မြောင်မြောင်ထွန်းပါလတ်တော့လော။

---

### ၁၅-ဝန်တောင်လယ်ဆို ရတု(၂)

(ပ)* **ခေတ္တာသရေ၊** မြို့အောင်မြေမှ၊ တာနေ ပြန်ထောက်၊ ငါးရာလောက်တွင်၊ [ပေါက်ပုံ့စွာ၊ ငါးမည်ကြာလည်း၊ ငုံအာ လှတင့်၊ ရေပေါ်ပွင့်သား၊] ဖော်နှင့်မကွာ၊ ဟင်းသာကား အဲ၊ ဝမ်းပဲကား*ငြင်း၊ *ဗိန်ညင်းကားစောင်း၊ ချည်ချောင်းရေကြက်၊ [ပံ လက်*စည်းဆုပ်၊ လက်ခုပ်ဝံလို၊ သံချို သာမော၊] *ကြက်တောသီခြင်း၊ ဖော်ရွှေချင်းနှင့်၊ မကင်းရှင်မြူး၊

(၁၅) ဤရတု ကဗျာသာရတ္ထ- ၁၀၆, ပေါရာဏဒီပနီ ပ-၃၂၄၊ဝေါဟာရတ္ထပကာသနီ-၇၁၁၊ဤရတုမှာ အခံရတုဖြစ်၍ နောက်ဦးရေ-၁၆- ခေတ္တအောင်မြေမှာချီမှာအလိုက်ရတု၊အခံနှင့်အလိုက် အပိုဒ်တူ,

ကန့်သာဦး၏၊ စူးစူးမဖြောင့်၊ နောက်တောင်ထောင့်ဝယ်၊ ဆန်းကြောင့်ဆန်းကြယ်၊ ဝန်တောင်လယ်နှိုက်၊ ရှုဘွယ်ဆင်းဝါ၊ *သုဇီတာတို့၊ ပန်ဌါမြတ်နိုး၊ သကြားပျိုးသား၊ မညှိုးပွင့်ညှာ၊ ပန်းရင်းမာသည်။ **ခက်ဖြာညွန့်ရှည် ပွင့်တော့သည်။**

(ဒ) **နှစ်လမကျွေ၊** သက်ချင်းဝေ၍၊ ရင်ရွှေတူပင်၊ ပျော်ပါးချင်စွ၊ အပြင်သွယ်နွဲ့၊ ကြောစိမ်းလဲ့နှင့်၊ ဆဲ့သုံးနှစ်ဝင်၊ ဆံကေသျှင်လည်း၊ လက်သင်စည်းကာ၊ ငယ်*ပျူဌါနှင့်၊ *ခါသာပိတ်ညှို့၊ ခရွှေရင်စို့ကို၊နောင်ဘွဲ့ပေပင်၊ မှတ်ရည်းထင်လျက်၊ ချစ်လျှင်ချစ်ချင်း၊ ချစ်တို့ပြင်းသား၊ အဆင်းရွှေသွေး၊ [ပန်း-ပေါက်ပေးသို့၊ ရှင်ထွေးတုလွတ်၊ ပြည့်မြို့နတ်နှင့်၊]မချွတ်စုံပေါင်း၊သည်နှစ်ဆောင်းဝယ်၊ တူလျောင်း တူစက်၊ တူပင်တက်၍၊ နွဲ့လျက်နှစ်ကို၊ ပျော်ရလိုဟု၊ တ-ဆိုလျက်ပင်၊ ရွှေဆံရှင်နှိုက်၊ ရွှေစင်ခက်ဖြာ၊ ရွှေရင်းမာကို၊ ပန်ဌါမရက်၊ တင်လျှာဆက်သည်။ **။မြစ္စက်ထွေလည် ဆင်တော့သည်။**

(တ) **ချစ်စမပြေ၊** ခြွေနှောင်ခွေ၍၊ မြင်ရေသသျှ၊ စိတ်ဝမ်းပူမျှ၊ သည်းဆူဌန်တက်၊ အသက်ဝိညာဉ်၊ဖိတ်စဉ် ဘနန်း၊ လှထွတ်ကျွန်းသို့၊ နတ်ပန်းရင်းမာ၊ ပွင့်

အဓိပ္ပါယ်အရတူ,စာခံဝတ္ထုသာ လိုးလွဲသည် ၊ဝန်တောင်လယ်ဘုန်းကြီးဆိုသော ခေတ္တသရေ-ချီရတုတွင် ဝမ်းပဲကားမြွှင်း၊ ပိန်ညင်းကား စောင်း-စပ်လေသည်၊ (မြန်မာသံယောဂ-၈၂) ကြက်တောသီခြင်း၊ ဖော်ရွှေချင်းနှင့်၊ မကာင်းရှင်မြူး စပ်သည်မှာ သီခြင်းသည် အခြင်းအရာနှင့်တူ (ရှင်း ၇၉)။

www.kelasa.org



ခက်ဖြာကို၊ ဆက်ပါမည့်သူ၊ လူလည်းနောင်တွင်၊ လွှန်ခဲအင်စွ၊ ရွှေရင်တူကွ၊ စုံပျော်ရမူ၊ နောင်မြကားညွှတ်၊ သခင်ဆွတ်၍၊ လတ်လတ်ရည်ရှင်၊ မြသွင်ညှိုရောင်၊ စည်းကြက်တောင်ဝယ်၊ တင့်အောင်ရည်ထင်၊ နောင်လက်ပြင်၍၊ မဆင်ရလော၊ လွမ်းတို့မောစွ၊ *နတ်လျောရောင်ဆင်း၊ ဖြူရောင်ဝင်းကို၊ နောင်မင်းတမ်းလျှက်၊ မပန်ရက်သည်၊ **။ပန်ဖက်*ဖွေနှည်လှုင့်တော့သည်။**

---

(၁၆) ဝန်တောင်လယ်ဆိုရတု(၃)

(ပ) ***ခေတ္တအောင်မြေ၊** နှန်းချက်ဖွေနှင့်၊ ချင့်နေတာထောက်၊ရှစ်ရာလောက်တွင်၊ကြိုင်ပေါက်ပျံ့စွာ၊ ငါးမည်ကြာလည်း၊ †နေအာရုဏ်သင့်၊ ကန်လုံးပွင့်သား၊ ဖော်နှင့်မဝေး၊ ကျူးသံလေးတည့်၊ ပဲထွေးကားမြွှင်း၊ ပိန်ညင်းကား အဲ၊ ဝမ်းပဲကား စောင်း၊ ချည်ချောင်း

(၁၆) ၁၅-အခ်ရတု ခေတ္တသရေချီမှာ ရင်းမာပန်းဘွဲ့၊၅ ၁၆-အလိုက် ရတုမှာ ဇလထာပန်းဘွဲ့၊ ပေါရာဏ ဒီပနီ-ပ-၃၂၅-၌လည်း ဤရတုပါသည်။

(ပ) † နေအာရုဏ်သင့်၊ "ကြိုင်ပေါက်သင့်စွာ၊ ငါးမည် ကြာလည်း၊နေအာရုံသင့်"ဟု ပုံနှိပ်ပြီး အချို့မှုများမှာပါသည်၊ အရုဏပါဠိ သက်သက်ကိုရည်၍ ဏကြီးသတ် ကြာ-နှင့် အာ-အစပ်ဖြစ်၍အာကာရန်နှင့်အာရုဏ် (ဂဇဗလသတ်ညွှန်း၈၆)။ အာရမ္မဏ ပါဠိပျက်၊ နေနှင့် အာရုံ အာရမ္မဏကြိုကြိုက်မှုကိုရည်၍ နေအာရုံသင့်လည်းရှိသင့်ကြောင်း(ဂဇဗလ-၀၇ )။

ဆက်ရက်၊ ရေကြက် † စည်းဆုတ်၊ တီးမှုတ်သာမော၊ ကြက်တော သီခြင်း၊ ဖော်မယွင်းနှင့်၊ မကင်းရှင်ဟန်၊ နန္ဒာကန်နှိုက်၊ သဏ္ဌာန်မဖြောင့်၊ နောက်တောင်ထောင့်ဝယ်၊ ထူးလောင့်ထူးလည်၊ သာပင်စည်သား၊ ရွှေပြည်မြို့သူ၊ လူတို့ပျော်ပိုက်၊ ရပ်မကိုင်ဝယ်၊ မဖိုက်မြေပြင်၊ ပင်စည်တွင်နှိုက်၊ စုံအင်ဆင်းဝါ၊ သုဇာတာတို့၊ ပန်ဌာမြတ်နိုး၊ သကြားပျိုးသား၊ မညှိုးဆင်းဝါ၊ *ဇလထာသည်။ ။ခက်ဖြာတံပြည့် ပွင့်မ်းတော့၏။

(ဒ) **နှစ်လထောင်နေ**၊ နောင့်ကြာ်ဆွေနှင့်၊ မကွေမကွာ၊ သက်သန့်ှာလည်း၊ ခွဲကာရွှေရင်၊ ပျော်တို့ချင်စွ၊ နတ်သွင်ချောနွဲ့၊ ပြာဝင်းလဲ့မှု၊ တဆဲ့ခြောက်နှစ်၊ ပျို့မျစ်မျစ်လျှင်၊ ကျစ်လျစ်ခြင်းရာ၊ ဆံကေသာကို၊ ပြင်ကာသိပ်သည်း၊ ဆွပြုစည်း၍ရထည်းပိတ်ပြေ၊ ရင်ရွှေလွှမ်းကာ၊ ငယ်ပျုဟာနှင့်၊ ကေသာမြည့်၊ ရွှေရင်စို့ကို၊ နောင်ဘို့ပေသာ၊ ရေးကျိုးပါ၍၊ ချစ်ရာလွန်ပြင်း၊ ချစ်သက်နှင်းသား၊ ချစ်ခြင်းလွန်မှု၊ ချစ်စိတ်တူသည်၊ ဇမ္ဗူရည်ပျောင်း၊ လှော်ရွှေမောင်းသို့၊ ရှင်နှောင်း တမွတ်၊ ရွှေပြည်နတ်ကို၊

(စ) † စည်းဆုတ်၊ အခံရတုမှာ ပသတ်၊ ဤအလိုက်ရတုမှာတသတ်၊ စည်းဆုပ်ကို ရွှေဟသံာပျိုတွင် "သီချင်း စည်းဆုပ်၊ သက်ခုပ်လင်းကွင်း" ဟုစပ်သည်၊ ဝန်တောင်လယ်တုန်းကြီးဆို ခေတ္တသရေချိုတွင်မူကား "ပိန်ညင်းစည်းဆုတ်၊ တီးမှုတ်သာမော" ဟုတသတ်စပ် မှားလေသည်၊ (တွင်းသင်းသတ်ညွှန်း-၁၅၉)။ ပိမ်ညင်းစည်းဆုပ်၊ ကျိုးလက်ခုပ်နှင့်၊ တီးမှုတ်သာမော-ဟု စာအချို့ရှိသည်၊ တီးရုပ်သာမော-ရှိလိုမည်ထင်သည်(ဝေါသနီ-၇၁၁)။

www.kelasa.org



မချွတ်တူပင်၊ ဆောင်းသစ်တွင်နှိုက်၊ ရွှေရင်ခွဲလျက်၊ တူစက်နှစ်ကိုယ်၊ ပျော်ရလိုဟု၊ တ-ဆိုလျက်ပင်၊ ရွှေခြင်ထင်ဝယ်၊ ရွှေစင်ဆင်းဝါ၊ ဇလထာကို၊ အသာကြည်ဖြူ၊ နားကာယူ၍၊ တင်လှူပန်နက်၊ တောင်းဆုပွက်သည်။ ။ခေါ်လျက်မျှော်ကြည့် လွှမ်းတော့၏။

(တ) **ချစ်စနှောင်ထွေ**၊ မြစ္စာခွေ၍၊ မြင်ချေသည့်၊ ဖြေယူမတတ်၊ သေပြတ်သက်ခင်၊ ဆွတ်ကျင်ဘနန်း၊ လှခေါင်ကျွန်းသို့၊ ရွှေပန်းခိုင်ခြွာ၊ *ဇလထာနှင့်၊ ခွေစာတမန်၊ ယုံကျွန်ခြင်းရာ၊ မရောက်သာတည်း၊ ဆက်ပါစေချင်၊ မနွမ်းခင်ကို၊ အလျင် ဘယ်နှံ့၊ ရောက်ပါအံ့နည်း၊ ဆွတ်ပုံ့မိန်းမှိုင်၊ မလွှမ်းနိုင်ခဲ့၊ တူပြိုင်မကွေ၊ ကြင်သက်ဝေနှင့်၊ ရင်ရွှေမကွာ၊ ခွဲသောခါမှ၊ အသာလှမ်းညွတ်၊ နောင်မင်းဆွတ်၍၊ လတ်လတ်ရည်ရှင်၊ မြသွင်ဆင်းရောင်၊ လှကြက်တောင်ဝယ်၊ တင့်အောင်ထိပ်တွင်၊ နောင်လက်ပြင်၍၊ မဆင်ရလော၊ လွှမ်းတို့မောစွ၊ နတ်ပျောရောင်ဆင်း၊ ဖြူရောင်ဝင်းကို၊ နောင်မင်း တမ်းလျက်၊ မပန်ရက်သည်။ ။မျှော်လျက် မြော်ကြည့် ရှုမ်းတော့၏။

---

၁၇-ဝန်တောင်လယ်ဆို ရတု(၄)

(ပ) **အရည်ကင်း**၊ ဝူတင်ရအောင်၊ ရွာကိုရှောင်၍၊ လေးတောင်ထွာမြတ်၊ အစွန်းလွတ်သား၊ ကိုင်းညွတ်

(၁၇) ဤရတုကို ကဗျာသေဏ္ဍာ ၉၉-၌ မဲထီးဆရာတော်ရေး, ကဗျာသင်္ဂဟမေဒနီ ၁၁၈-၌ သျှင်သီလဝံသရေး ဟု ဆိုသည်။ လက်ဝဲနော်ရထာ စီရင်ပေမူ၌လည်း မပါ၊သို့ရာတွင် ကဗျာဗန္ဓသာရ ၁၄၀-

ကွေးကွေး၊ *ကုလလေးတာ၊ ပြန့်ငါးရာဖြင့်၊ သချာ မွှန်လှ၊တကောသတွင်၊ နေထကိန်းအောင်း၊ သမ်မ်း ကျောင်းလည်း၊ ညောင်စောင်းဆန့်ရှုံ၊ တစုံသက်နှိုး၊ ဖန်ရည်စွန်းသား၊ ခါးပန်းသင်းပိုင်၊ *ကရိုက် ပဲ ခွပ်၊ သပိတ်အပ်နှင့်၊ ဖိနပ်ထီးကုပ်၊ လက်သုပ် ကိုင် သွား၊ ကရားသားရေနယ်၊ ပခုံးလွယ်၍၊ လေးဆယ် ကမ္ဗဌာန်း၊ ကသိုဏ်းဝန်းလည်း၊ စီးဖြန်းထစ်ထစ်၊ ထွာ လေးသစ်ဖြင့်၊ မချစ်ဖော်ရွေ၊ ကိုယ်ထီးနေ၍၊ ကေ စာ ရ၊ မာန်စောင်ချလျက်၊ လောဘ မစော၊ ဖော်မနှော တည့်၊ တတောထွက်လျှင်၊ တတောဝင်၍၊ တပင်ထွက် သွား၊ တပင်နားလျက်၊ ခေါင်းပါးအစာ၊ မျှရှိသာ တည့်၊ ပမာနှိုင်းတု၊ ကြက်ဥထက်မြောက်၊ ခေါင်းဥ အောက်လျှင်၊ ချောက်ချောက် မများ၊ လုတ်ရေစား၍၊ လေး,ငါးလုတ်လျှော့၊ ဖျော့တော့ ကိုယ်လက်၊ ပစ္စ ခဝက်လည်း၊ လွှေကျက်အမြဲ၊ သုံးစွဲတိုင်းပင်၊ ရွတ်ဆင် ခြင်၍၊ သုတ်သင်အာပတ်၊ ပရိဝါသ်နှင့်၊ မာနတ် ဘန်

* "အရညာကင်" အချီထားပြီးလျှင် နိဗ္ဗာန်ရွှေမြို့ အချထားပြီးမှ အချီနှင့်အချကို အရဟု၍စပ်သည်ဟု ရှင်း၊"အမိုးပေါင်းချုပ်ကို ဝန်တောင်လယ်ဖုန်းကြီး ဆို အရညာကင်ချီ ရတုတွင်မူကား-တရာ့နှစ်သုတ်၊ ပေါင်းချုတ်မကျွာ-ဟု တသတ်စပ် မှားလေသည်" တွင်း သင်း သတ် ညွှန်း ၁၄၉-၌ ဆိုသည်ကိုရှင်း ထောက်ဆ၍ ဝန်တောင်လယ်ရေးဟု မှတ်ယူသင့် သောကြောင့်ထည့်သည်(စာတည်းသူအမှာ)။ပေါ် ဟာရဏ္ဍပကာသနီ-၃၅၈-၇၀၇-တို့၌လည်း ဖွင့်ပြ ထားသည်။ ဤရတုမတိမ်မြုပ်သင့်။

www.kelasa.org



ဘွင်း၊ မကင်းစောင့်စည်း၊ သီလဆည်း၍၊ ပလလည်း ဆင်၊ ကျင့်သော၁သွင်သို့၊ အောင်မြင်တံခွန်၊ သာမျိုး လွှန်သည်။ ။နိဗ္ဗာန်ရွှေမြို့ ပျော်မည်ဘို့။

(ဒ) မရှဉ်သတင်၊ စိတ်ကိုသင်၍၊ တောဝင်ဗိုဗိ၊ ညရီနံနက်၊ခတ်*တံမြက်နှင့်၊ ကိုယ်လက်ကျန်းအောင်၊ သုံးရေဆောင်၍၊ ညောင်ဗောဓိပင်၊ စေတီပြင်မှာ၊ သုတ်သင် ဝတ်တက်၊ ရှိခိုးလျက်ပင်၊ ကျောင်းထက် ရောက်ခါ၊ မဟာသမယ၊ အဋ္ဌဇေယျာ၊ မင်္ဂလာနှင့်၊ ရတနာရွှေချိုင့်၊ တန့်တိုင်းပမာ၊ စောင်ရန်းကာမှ၊ မေတ္တာရွတ်ပြီး၊ ဆွမ်းခံနီးသော်၊ ကြယ်ကြီးနက္ခတ်၊အခါ မှတ်၍၊လွယ်သွတ်သပိတ်၊ပရိတ်ရွတ်သွား၊သင့်ရာနားမှ၊ သုံးပါးအဝန်း၊ခါးပန်းပတ်ရစ်၊ပုဆစ်ဒူးမှ၊ရှစ်သစ်ချ၍၊ ဝတ်ထသင်းပိုင်၊ထပ်ပြိုင်ရုံရွတ်၊*ဒုကုတ်ထို့ထက်၊လေး သစ်တက်၍၊ နှစ်ဘက်အစွန်း၊ညီဝန်းသပ်သပ်၊ ထိုးစွပ် ကမှတ်။အနားပတ်လည်၊မကျွတ်တာရှည်၊ လည်လက် ကောက်ဝတ်၊ ဖုံးလွှမ်းပတ်လျက်၊ အိတ်ချွတ်ရေကျင်း၊ မကင်းလက်၌၊ သပိတ်ပိုက်၍၊ပိုက်ဆိုက်မျက်နှာ၊ပြင်းစွာ မသွား၊ရထားထမ်းပိုး၊မြော်ရှိုးတည့်တည့်၊လေးတောင် ကြည့်လျက်၊ မလှည့်အာရုံ၊ ရေလုပ်ငုံသို့၊ ခြေစုံချွတ်တွင်၊ ရပ်သည်မြင်သော်၊ မွတ်စင်ရောင်မောင်း၊ စလောင်း လက်စွဲ၊ လူ့ဆဲဆဲ၌၊ လက်ဝဲဖော်ထုတ်၊ ဒုကုတ်လှစ်ခွါ၊ လက်ယာညွှတ်ခံ၊ ဝိနည်းကံနှင့်၊*တစ်ဘည်းပင်၊ ယွင်း မထင်သည်။ ။မဂ္ဂင်ကူးတို့ လှော်မည်ဘို့။

(တ) တစဉ်တပြင်၊ ဘုံသုံးခွင်မှ၊ လွတ်ချင်သော ထွေ၊ ကျင့်ဘူးလေသား၊ သက်သေသော်ကား၊ ရေ

သော်များ၏၊ မင်းသားတေမိ၊ ဣသိဇနက်၊ တောထွက်ရှေးခါ၊ သုမေဓာတို့၊ မြိုင်သာစုံပြား၊ သစ်သီးစားလျက်၊ လေးပါးမြဲဟွ၊ ဝိဟာရကို၊ ရွှရွှစီးဖြန်း၊ ကမ္မဋ္ဌာန်းဖြင့်၊ မစွန်းသီလ၊ ဈာန်ပုံရ၍၊ မြဲဟွတုံနေ၊ ဖြစ်ဘူးလေရှင့်၊ လူ့မြေခါသင့်၊ သစ္စာပွင့်၏၊ ထိုနှင့်အမျှ၊ ဈာန်မရလည်း၊ နောက်မှဝါသနာ၊ ပါမိခွင့်ကြုံလျှင်၊ သစ္စာမိဋ္ဌာန်၊ ပြုသင့်တန်ဟု၊ သုသာန်ရုက္ခ၊ အရည်နှင့်၊ တကွမကွာ၊ *ဓောာကာနိသဇ်၊ ကြိုက်လစ်ပုံသကူ၊ ဆောင်ယူမြဲကြိတ်၊ တိစီဝရိက်နှင့်၊ ကောင်းစိတ်မကွာ၊ အရိယာတို့၊ ယထာသန္တတိ၊ မရှိနှင်းပြိုင်၊ *ပတ္တပိုဏ်နှင့်၊ ထပ်ပြိုင်ရောရှု၊ ခလုပစ္ဆာ၊ သပဒါနှင့်၊ ကောသန၊ မလွှတ်ရတည့်၊ ခံထဆွမ်းဝတ်၊ ပိဏ္ဍပါတ်နှင့်၊ မချွတ်ခြပင်၊ ဓုတင်အချိုး၊ သုံးဆဲ့ကိုးတို့၊ ကျင့်ရိုးအမှန်၊ မိဋ္ဌာန်ဝိကပ်၊ [ရှစ်ထပ်လို့လ၊ ကြောင့်ကြဆယ်ဖြာ၊ ပစ္စါရှောင်ထ]၊ အရိယ၏၊ ဝံသလေးနွယ်၊ စင်ကြယ်သီလ၊ သန္တောသဟု၊ မမွကျင့်မှု၊ ဆဲ့နှစ်ခုသည်။ ။သာဓုနတ်တို့ ခေါ်မည်ဘို့။

(၁၈) ဝန်တောင်လယ်ဆို ရတု (၅)

(ပ) *အောင်ချာနန်းမြေ၊ ထွတ်ခေါင်နေသား၊ သရေခေတ္တရာ၊ ရွှေပြည်သာ၏၊ တောင်ညာမစူး၊ ရှေ့

(၁၈) အောင်ချာနန်းမြေ၊ ပြည်ရွှေဆံတော်ဌာ၊ သျှင်မဟာရဋ္ဌသာရစပ်သည်၊ ထိုရတုကို အချီပြန်လျက်နန်းမြေအောင်ချာဟူ၍ အဝမ္ဗိတောင် ရွှေစည်းခုံဌာအသျှင်မဟာသီလဝံသလိုက်သည်၊ (ဝေါဿနီ - ၅၅၃) နှုတ်ရည်နှုတ်သံကိုထောက်လျှင် ထိုဆရာမြတ်တို့၏နှုတ်သံနှင့်မတူ ပဓာဏ ပြုစေချင် သောကြောင့်

www.kelasa.org



ခပ်ကူးနိုက်၊ † နှစ်ဦးညီနောင်၊ တည်ခဲ့ထောင်သည်၊ ရွှေတောင်ထိပ်တွင်၊ မွေဆံရှင်။ ။ရွှေစင် ပွင့်ဆိုင်၊ အင်ကြင်းခိုင်နှင့်၊ လက်ကိုင်ချိုမြောက်၊ ကျွန်ုပ်လျှောက်အံ့၊ ဆဲ့ခြောက်နှစ်ကျော်၊ မမြော်တုလွတ်၊ နှဲ့နှဲ့ညွှတ်သား၊ မြိတ်လွှတ်သခင်၊ အမြင်သွယ်ညို့၊ နတ်ကဲ့သို့ကို၊ နောင်အိုလျှင်ခွာ၊ ဖန်ဆင်းပါလော၊ ကြိကာညွှီးသမ်းတတမ်းတမ်းသည်။ ။*မလွမ်းစရာ လွမ်းစရာ။

(ဒု) မြောင်ဝါရွှန်းဝေ၊ လွှတ်မှောင်ကွေသား၊ စံရွှေရည်ရှင်၊ ကိုယ်လုံးဆင်လျက်၊ ထွန်းထင်တေဇ၊ နေနှယ်ပသည်၊ ဌာနပတ်ကုံး၊ ကျွန်းလုံးသွမ်းကျော်၊ မြတ်ဆံတော်။ ။ကြင်ဖော်စင်စစ်၊ ကြီးသည့်ဖြစ်ကို၊ ရှင်ချစ်ကိုပ၊ မသိရတည်း၊ ခန်းမလေးတောင်၊ ကိုယ်

တင်ယင်နိုမိုး၍ မှာထားပြောဆိုကြသည့်ဘည်းများသောကြောင့် တမူကား ဆင်ခြင်ဘွယ်ရှိ၏၊ (၎င်းအမှာ)လက်ဝဲနော်ရထာကား သျှင်ရဋ္ဌသာရကိုဝန်တောင်လယ်လိုက်ဆိုသည်။

(ပ) † နှစ်ဦးညီနောင်၊ တပုဿ,ဘလ္လိကတို့ ညီနောင်ဘုရားသခင် အထံတော်ကရသော ဆံတော်ဓာတ်ကို စေတီနှစ်ဆူတည်သည့်တွင် ဘလ္လိကတည်သောစေတီကို ဒွတ္တဘောင်မင်းကြီး ဖျက်ဆီးပြီးလျှင် တွေ့အောင်ရှာ၍ ယူပြီးသော် သရေခေတ္တရာ မြည်၌စေတီတည်၍ ကိုးကွယ်သည်၊ (စေတီယကထာ-ရာဇဝင်ချုပ် ၁၅)၊ အဋ္ဌကထာ,ဗလိက တုန်သည်ညီနောင်တည်ရင်း ဆံတော်သျှင်ဘုရားကို ဒွတ္တဘောင်မင်းကြီး ထပ်ပြုတည့်ထောင်ကြောင်း,မြသိတင် အမည်တွင်ကြောင်း၊ (မှန်နန်း-ပ-၁၉၅)။

ဝါပြောင်သား၊ ညိုရောင်လဲ့လဲ့၊ ကြာညိုနွဲ့ကို၊ ချွဲချွဲ ခိုမင် မလွှမ်းခင်နှိုက်၊ ဆံရှင်ဘုန်းကြွယ်၊ မြည့်ပါလွယ် လေဘု၊ မွေးမယ်နောင်သက်၊ ညိုဝင်းညက်ကြောင့်၊ တ, လျှက်ညှိုးသမ်း၊ ဆိုယောင်ယမ်းသည်။ ။**မတမ်းစရာ တမ်းစရာ**။

(တ) **ရောင်ဖြာထွန်းနေ**၊ ပတ်လျှံဝေသား၊ တိမ် ခြေမိုးခေါင်၊ နေနှယ်ပြောင်လျက်၊ ညီနောင်ကုန်သည်၊ ထားခဲ့တည်သည်၊ ရွှေပြည်သူနတ်၊ ရွှေဆံခေတ်။ ။ လွတ်၏လူ့ရွာ၊ နတ်ပြည်မှာလည်း၊ ရှာသော် အလှ၊ သည်ထက်ရချိမ့်၊ သွယ်လျှနွဲ့နွဲ့၊ လဲ့လဲ့ရှိမ်းရှိမ်း၊ ကြောစိမ်းငယ်သွေး၊ ညိုရောင်ပြေးကို၊ မနွေးလျှင်ပြင်း၊ ဖြည့်ဖန်ဆင်းလေဘု၊ လွှမ်းတင်းဆိုလျက်၊ ဝိညာဉ်သက် ဖလည်း၊ စဉ်ထွက်လုချေ၊ မူးမေ့သောမျှ၊ *ခြောက်လေ သုတ်ဆမ်း၊ နောင်ထူးလွှမ်းသည်။ ။**မချမ်းစရာ ချမ်းစရာ**။

---

## ၁၉-ဝန်တောင်လယ်ဆိုရတု (၆)

(ပ)* **ရွှမ်းဘိသည်လည်းရွှမ်းဘိသည်**၊ ပတ်လည် သာယွှန်း၊ ရွှေတုံနန်း၏၊ တောင်ယွန်း မ မတ်၊ ရွှေ ခတ်ညွတ်ဝယ်၊ လူနတ်မျက်ရှု၊ ကိုးရာပြုသည်၊ ပြည်သူ့ ရှင်ရေး၊ ဆံတော်မင်း။ ။သံညင်းလျှောက်ပိမ့်၊ ရွှေ

(၁၉) ကဗျာညွန့်ပေါင်း ၂၆၀, ကဗျာဗန္ဓ-၁၄၁, ပေါရာဏာဒီပနီ-ပ-၃၆၉-တို့၌ပါသည်။ မြည်မြို့ ဝန်တောင် လယ်ဘုန်းကြီး သျှင်သဒ္ဓမ္မဇောတိစဉ်ဆိုသည့် မြသီ တင်တိုင်စကြာရတု (ကဗျာဗန္ဓ-၁၄၂)။

www.kelasa.org



နားစိမ့်လော့၊*ငြိမ့်လည်း ငြိမ့်လေး၊ နှောင်းစွန် မွေး သည်၊ ရှင်ထွေးနှောင်းစွန်၊ လှတံခွန်လျှင်၊ ရှေးဟန်တူ ပင်၊ နောင်မြစင်ကို၊ မကြင်ပါလဲ၊ စက်သော်ရှုဲ၍၊ *ဖောက်လှဲဖောက်ပြန်၊ ကျင့်လေ ဟန်ကို၊ အကျွန် လွှန်ကဲ၊ ဝမ်းတို့ကွဲစွ၊ ချစ်ကဲချစ်ဘိ၊ ချစ်လေမိ၍၊ မျက်စိ ဉ်လျှင်၊ အပါးတွင်သို့၊ ထင်လ ကာကာ၊ နောင့်ဗျာပါ ကို၊ မေတ္တာတော်ရေ၊ ငြိမ်းပါစေလော့၊ †သဝေ-အစ၊ ရနှင့် ဝကို၊ ဟလည်းရှဉ်လျက်၊ စထက်သေးတင်၊ က **တွင်** အားချ၊ ပန်းသိင်္ဂကို၊ လက်လှကိုင်လှမ်း၊ ပူဇော် မွမ်းသည်။ ။**ရွှမ်းဘိသည်လည်း ရွှမ်းဘိသည်**။

(ဒု) **လွှမ်းဘိသည်လည်း လွှမ်းဘိသည်**၊ သုံးမည် ရပ်သူ၊ လွှမ်းသောဟူလည်း၊ နောင့်တူပမာ၊ ထိုအခါ ကို၊ လွှမ်းပါဘိလော၊ လွှမ်းလှမောစွ၊ လွှမ်းသော ဟူ သည်၊ လွှယ်ကူမဟုတ်၊ ချစ်သူဆုတ်က၊ စိတ်ဒုက္ခပင်၊ ပူ*လောင်လင်စွ၊ ရှင်ပင်ဟောဘိ၊ တရားသိ၏၊ မျက်စိ နှင့် နား၊ နောင်ဝယ်ကြားက၊ သနားသဖြင့်၊ မျိုးဘုန်း ရှင့်ကို၊ ရှင်ပင့်ဆံရှင်၊ ဆုံးမသင်လော့၊ ‡ဝတွင် အာချ၊ လ-လည်းရေးပြီး၊ ငကြီးနှင့်ဝ၊ တဖက် ယကို၊ [တ- တွင် တမူ၊ တံခွန်ထူ၍၊] အတူပျော်မှတ်၊ ဝါလကျွတ် မူ၊ စံလွှတ်နွဲ့ရှင်း၊ ညိုလဲ့ဝင်းနှင့်၊ ရင်ချင်းရောပြွမ်း၊

(ပ)† သဝေအစ-ရွှေစံကား။ စထက်သေးတင် ကတွင် အားချ-ရေးပြသဖြင့် စံကားပန်းအရေးကို သိအပ် ၏။

(ဒု)‡ ဝ-တွင်အချာ-ဝါလကျွတ်၊သီတင်းကျွတ်ပြီ။
[ ]အလှစံကျူ၊တမြစ်ကျူ၍ (ပေမူတမူ)

ပြည့်ဆု မွမ်းသည်။ ။လွှမ်းဘိသည်လည်း လွှမ်းဘိသည်။

(တ) တမ်းဘိသည်လည်း တမ်းဘိသည်၊ ရွှေရည်ဇမ္ဗူ၊ မီးဝယ်ဆူသို့၊ ချစ်သူပြာဝင်း၊ ချစ်ဖော်ယွင်းသော်၊ နောင်မင်းမတွေ့၊ ဝမ်းမဆံ့တည့်၊ အံ့လည်း အံ့ဘွယ်၊ တောင်ထိပ်လယ်၌၊ ခြောက်သွယ်ရောင်ထွန်း၊ တရွှန်းရွှန်းလျှင်၊ စက်ဝန်းလှတင့်၊ ဆဲ့တဆင့်နှင့်၊ ရှင်ပင့်ဆံရှင်၊ မြသိတင်။ ။သဘင်သာလွတ်၊ သတင်းကျွတ်ဝယ်၊ ကိုယ်ဝတ်*သင်းဘော၊ ခြည်ချောပိတ်ပါး၊ ရွှေရင်ထား၍၊ ဖြူထွား*နားတောင်းတန်ရှည် မောင်းနှင့်၊ ခါကောင်းဖူးမည်၊ လာလတ်သည်ကို၊ နားလည်လျှင်းအောင်၊ တန့်ခိုးဆောင်၍ ဖောင်ဖောင်သာမြိုက်၊ မိန့်ပါလိုက်လေ့၊ ကြိုက်လည်းကြိုက်တွေ့၊ ကြိုက်မိချေ၍၊ †သဝေအစ၊ ခ-လည်းရေးလင့်၊ တ နှစ်ဆင့်နှင့်၊ အသင့်ဖက်လို၊ သ-ကိုသွယ်မျှင်၊ နှစ်ချောင်းငင်မှ၊ မရှင်နောင့်ဝမ်း၊ ထပ်ကာညွှမ်းသည်။ ။တမ်းဘိသည်လည်း တမ်းဘိသည်။

(၂၀) ဝန်တောင်လယ်ဆိုရတု (၇)

(ထ) ရွှေစက်ကြလည်၊ အာနန်တေရ်နှင့်၊သုံးမည်ဒေသစာ၊လှည့်သောခါလျှင်၊အညာရောက်သော်၊တိုးဦးမော်နှိုက်၊ ရပ်တော်မူ၍၊ ရသေ့ပြည်တွင်း၊ မကြွင်း

(တ) †သဝေအစ-ခေတ္တသူ၊ သရေခေတ္တရာပြည်မြို့သူ။
(၂၀) ဦးရေ၉-ညာကြေပေါ်ထင်ချို-သျှင်ရဋ္ဌသာရအမေးကိုပြည်မြို့ဝန်တောင်လယ်ဘုန်းတော်ကြီးသျှင်သဒ္ဓမ္မဇောတိဖြေသည့်ရတု (ကဗျာဗန္ဓသာရ-၂၄၃)



သောတွေ့၊ သရေခေတ္တ၊ ပြည်မ-ဟူသည့်၊ ဖြစ်လမည်ဟု၊ မိန့်ရည်ဗျာဒိတ်၊ ဘိသိက်ပေးရာ၊ ပြည်အောင်ချာနှင့်၊ အညာစကိုင်း၊ ရပ်တိုင်းလှည့်သွား၊ ပုဂ္ဂိုလ်များတွင်၊ သင်ကြားကျမ်းဂန်၊ အသိမှန်သည်၊ နိဗ္ဗာန်ပျော်နေ၊ သူတော်ထွေ။ ။နတ်ရွှေနားခံ၊ သဟံပတိ၊ ဘုန်းရှိမြဟ္မာ၊ သုဒ္ဓါဝါသ၊ ဘုံမှကြွ၍၊ သကျမြတ်အား၊ တရားသံခြေ၊ ဟောစေခြင်းငှါ၊ တောင်းပန်ခါနှိုက်၊ သမ္မာဝါစာ၊ မှန်စွာမရ၊ ကောန်ချလေ့၊ တွေးဆစိုးဝါး၊ တတ်ယောင်ကားနှင့်၊ လေးပါးမည်မှတ်၊ ပရမတ်ကို၊ မတတ်သသူ၊ ရ၏ဟူ၍၊ ရှင်လူဆိုရာ၊ မမှတ်ရှာနှင့်၊ ပမာနှိုင်းချက်၊ နတ်လက်နက်သည်။ ။ပစ်ချက်ရွှယ်တိုင်းမှန်သည်သာ။

(ဒု) ဝေသက်မျှသည်၊ မြို့ရွှေပြည်နှိုက်၊ ပတ်လည်ကျော်သောင်း၊ ဇမ္ဗူစောင်းမျှ၊ ကျမ်းပေါင်းများစွာ၊ ဆန်းလင်္ကာနှင့်၊ သဒ္ဒါရှုပ်ခေတ်၊ ပရမတ်ကို၊ တင်ခတ်နိုးခိုက်၊ ရေနှိုက်ငုပ်ပေါ်၊ မေးနှင့်သော်လည်း၊ ဖျော်ဖျော်လေ့ကျွမ်း၊ ဖြေနိုင်စွမ်းသား၊ မပြမ်းမှုသား၊ ငါတို့အားကား၊ တပါးပမာ၊ မရှာလေလို၊ တို့ကိုယ်တို့နှင့်၊ နှိုင်းသော်သင့်လိမ့်၊ မိုးမြင့်ဘုံသာ၊ မြဟ္မာတို့အား၊ ဘုန်းရှိငြားလည်း၊ တရားမရ၊ ဖောဋ္ဌဗ္ဗနှင့်၊ ကိစ္စမတတ်၊ အာရုံညွတ်၍၊ ရှောင်လွှတ်တပါး၊ တရားအာရုံ၊ မရတုံလည်း၊ နတ်ဘုံမြဟ္မာ၊ သဒ္ဒါဦးခိုက်၊ ပန်သောကြိုက်ဝယ်၊မထိုက်သမ္မာ၊မှန်စွာမရ၊မှတ်နေချလေ့၊နာရဒမှစသည်မြဟ္မာ၊ ရှေးဆရာ၏၊ သချာနည်းတူ၊ အရယူလေ့၊ ရောင်ဖြူပြိုးပြက်၊ တသန်းလက်သည်။ ။ရှုလျက်ထိတိုင်းမှန်သည်သာ။

(ဘ) ဖြေခက်လှမည်၊ မှတ်ကြသည်မူ၊ ခန့်ရ တို့ကို၊ ဖြေဘိဆိုက၊ သံချိုမချွတ်၊ ပြေ၏မှတ်လော့၊ မိုးနတ်ဖြိုဟွာ၊ ရံခါရှင်လို၊ ကိုယ်ကိုဟန်မြဲ၊ အလှ ချိမြောက်၊ မလန်းပေါက်ဖြင့်၊ ဝမ်းမြောက် သာစွာ တီးသောခါလည်း၊ လက်ယာနှင့်ဗယ်၊ အဘယ်မထိ၊ ဆန့်ဘိနေကျ၊ ရည်ကာမျက်ို၊ ဖြဟွာ့တောဇော်၊ အာနု ဘော်ကြောင့်၊ ထိုရော်စိတ်က၊ကြံဆောဝယ်၊စိတ္တပစ္စယ၊ ဥတုဇကြောင့်၊သဒ္ဒ-မည်ခံ၊အသံဖြစ်မှု၊ဆက်ကာပြုသား၊ ချင်းစုအပေါင်း၊ တသောင်းယုဇနာ၊ ကြားလေရာ၏၊ ရှုပါရမ္မဏ၊ စသည်တို့ကား၊ များသည်ရှုပ်ရှိ၊ မိမိဌာန၊ တည်ကုန်ကြ၏၊ ဝေးကပင်သာ၊ အာရမ္မဏ၊ စွန့်ကြ သည်ဟု၊ ပမာပြုလော့၊ လေးခုအရောင်၊ မြင်းမိုရ် တောင်သည်။ ။အခေါင်မိုးထိထွန်သည်သာ။

---

၂၁-ရှင်အုန်းညိုဆိုရတု

(မ) *ရတနာပူရ၊ ရွှေဝမြောက်ပါး၊ မြစ်နား *ကမ်းခိုင်း၊ စကိုင်းချောက်ယံ၊ *စင်းကြံအနားဥယည် များဝယ်၊ မြူထွား ဝတ်ခံ၊ †ဖူးခွံနီလာ၊ ထွတ်ထွတ် ပြာသား၊ မြညှာနွယ်ပန်း၊ ပွင့်ထူးဆန်းသည်။ ။ ‡ပြည့်ဝန်းပြာသိုလာလယ်သော။

(ဒု) အောင်မြေ အချက်၊ ကျွန်းသန်လျက်ဝယ်၊ ကျောက်စက်ယဉ်ဟုနဲ့၊ နည်းမမှန်သည်၊ စမုန်သီတာ၊

(၂၁)*စစ်ကိုင်းပုညသျှင်ဘုရားတိုင်ရတု (ကဗျာသာရတ္ထ- ၂၇၀)။ † ဖူးခွံနီဝါ(ရှိမူကား)

(ဝ) ‡ပြည့်ဝန်း ပြာသိုလလယ်သောဖြင့် ပြာသိုလပွင့် ရာ သီပန်း ခွါညိုပန်းဖြင့် ပူဇော်ကြောင်းပြသည်။

www.kelasa.org



မကွာရာနှင့်၊ သုံးဖြာမြစ်မ၊ ပေါင်းရစ်ကျ၍၊ နန်းမ ရွှေဘက်၊ ကြက်ယက်တောင်ပါး၊ အင်းယံနားဝယ်၊ နတ်များတိုက်လှာ၊ အလှိုင့်ငါလျှင်၊ များစွာပင်ငုံ၊ ကြာမျိုး စုံသည်။ ။မြစ်ဆုံရောဝေယ်သော။

(တ) ငါးမည်မျိုးတွင်၊ အရိုးသန္တာ၊ နှစ်စုံမြာ သား၊ နီလာချပ်ရံ၊ ဝတ်ဆံပုလဲ၊ မြပေါက်ကြသို့၊ ရခဲထူးဆန်း၊ ဆောင်းတွင်း ပန်းကို၊ ကြင်နှန်းဇမ္ဗူ၊ ကြိုက်ဆူကြည်ညွတ်၊ ပုညထွတ်ဝယ်၊ စိတ်မြတ်သဒ္ဓါ၊ *မိတေယျာ၌၊ ကျွတ်ခါအတူ၊ တင်ဆက်လှူသည်။ ။ အိမ်သူသာရှင် မမယ်သော။

---

(၂၂) မင်းရဲနရာဆိုရတု (၁)

(ပ) ရှုတိုင်းတွေလည်၊ ကိုးမျက်ရည်တိ၊ ရစ်ချည် စီသန်း၊ တွေတွေစွန်းသား၊ သိုက်နန်းပျော်ရာ၊ ဝတိန် သာက၊ သူဇာကြင်ဘက်၊ သ-လှာဆက်သည်၊ ဖိမ်း ညက်လျှံပြေး၊ မြင်းမိုရ်ကျေး။ ။မြွေးမြွေး တိမ်ယံ၊ သည်ကာပျံ၍၊ နိုင်ငံတလွှား၊ ပျော်ဘွယ်ငြားမူ၊ နည်း များပန်းဖြေ၊ သင့်ရုံနေမှ၊ အောင်မြေနန်းတို့၊ သာမျိုး စုံသည်၊ မြစ်ဆုံသန့်လျက်၊ မင်းဝံချက်ဝယ်၊ စံထက် တံဆိပ်၊ လှခေါင်ထိပ်မူ၊ လွမ်းရိပ်ခြည်တွေး၊ မိန့်နှင့် မေးသော်၊ မင်းရေးကုန်စင်၊ ရန်လုံးသင်မှ၊ ဝါမဝင်မီ၊ ပြန်လေပြီဟု၊ မိုးဆီတိမ်ကျူး၊ လျှောက်ချေဦးလော့၊ ထွန်းမြူးသော်တာ၊ လနှင့်သာလျှင်၊ စံရာနိုင်းမျှ၊ မွတ် မွတ်လှသည်။ ။ဆွတ်မျှ ရှင်တော်မူလိမ့်မည်။

(၂၂)နတ်သျှင်နောင်ရတု-၅၇။

(ဒု) နုကျိုင်းဝေစည်၊ စုံတာလည်လည်း၊ မွှက်ရှည် မြမြ၊ နွနွနွန်နွန်၊ ရွက်ညွန့်တပြိုင်၊ ချပ်ဆိုင်တပြီ၊ ဖြိုင် ညီတန်း၊ သီရှိကုံးသို့၊ တောလုံးပုံ့လျှောင်း၊ မကြိုင် တောင်းတွင်၊ ရွက်ညောင်းပေါ်သစ်၊ လက်ယာချစ် လျက်၊ ကျစ်လျစ်ပွင့်သေး၊ ခိုင်လုံးမွေးကို၊ ရွှေးရှိချိုလေ၊ စစ်မြေဝေးခေါင်၊ ရှမ်းတောင်ဆီးရှမ်း၊ ချမ်းလည်း ထပ်ချို၊ မလိုသည်နှင့်၊ ထစ်ရင့်သွန်းလောင်း၊မိုးလည်း ကောင်းသော်၊ လွမ်းပျောင်းစဟန်၊ ပြန်လတော့မည်၊ လွန်လာသည်ကို၊ ရိပ်ခြည်ဩဇာ၊ ဖော်-မပြလျှင်၊ ယုယ ဆည်တား၊ ဖျော်ဖြေဖြားသည်။ ။ရွှေနား ချင်တော် မူလိမ့်မည်။

(တ) တုန်ရှိုင်းပွေ့နှည်၊ တင့်မောသည်မူ၊ လှ့မြည် အထွတ်၊ လှခေါင်မှတ်သား၊ မိုးနတ်ရှဥ်စံ၊ ပြိုင်သော် လံလိမ့်၊မြလျှံလိုလို၊မဆိုစသာ၊ကလျာပြစ်လွင့်၊ ရှုတိုင်း တင့်လျက်၊ စိန်ပွင့်ခြူးကြာ၊ သလွန်သာထက်၊ မလွှာ ချယ်ပေါင်း၊ သတောင်းတုံမြင့်၊ အုံးဆင့်မှိုမြ၊ နွဲ့လည်း နွနွ၊ လက်သင်-မရှိ၊ စွေ့မျှပြန်ခေါက်၊ ကျွန်ုပ်လျှောက် သော်၊ ဝမ်းမြှောက်ရွှင်ပျော်၊ မိန့်မှာတော်ကို၊ မောင် မြော်တိုင်းပြန်၊ ခက်သန်မဥ္စူ၊ ပန်းကိုမူကား၊ နံ့တူ နှစ်ရက်၊ တောင်ထိပ်ထက်ဝယ်၊ ပြိုးပြက်ရောင်လွှတ်၊ မိုးလုံးပတ်သား၊ လူနတ်ကြည်ညို၊ မွှေဘော်ကိုလျှင်၊ ကုသိုလ်မျှဝေ၊ စုံလျှင်းစေဟု၊ လှနေများထွတ်၊ရှင်သက် မှတ်သည်။ ။ညွတ်မျှတင်တော် မူလိမ့်မည်။

---

www.kelasa.org



၂၃-မင်းရဲနရာဆိုရတု (၂)

(ပ) * ဆက်ဒန်အိုင်သာ၊ ဂန္ဓမာနှင့်၊ ကေလာ တောင်ထွတ်၊နဝတတ်၌၊ နေမှတ်ပျော်ပါ၊ပွင့်ဝတ်စား၍၊ သိကြားနတ်က၊ ပို့လှာသသည်၊ ဇောတလျှံပြောင်၊ ကျေးမျှော့နောင်။ ။ညို့ရောင်သွယ်ရှန်း၊ လှကြင်နှန်းမူ၊ လွမ်းပန်းမပြယ်၊ သနားဘွယ်တည့်၊ နောင်နှယ်ညွတ် ခွေ၊ ရှိပလေလိမ့်၊ စွေ့ရေမေးမြူ၊ မိန့်တော်မူကား၊ မဥ္စူ ပွင့်ခက်၊ခိုင်ကိုဆက်၍၊ကျူးရက်မရှည်၊ဖူးလွယ်မည်ကို၊ မိုးခြည်တိမ်ခြေ၊ ပုံနှင့်ချေလော့၊ မြုတေယ်သွေး၊လှငြိမ့် လေးသည်။ ။လွမ်းရေးပြေတော်မူလိမ့်မည်။

(ဒု) ခက်သန်ခိုင်မြှာ၊ တပင်သာတည့်၊ ပေမော မြိုင်စပ်၊ စစ်ပူးကွပ်၍၊ စောင့်ကြပ်ကုမ္ဘန်၊ အတန်တန် တည့်၊လှံ့,ကွန့်,လေး,မြှား၊လက်နက်ထားဖြင့်၊လွှားလွှား ပစ်သတ်၊ ထိုထိုနတ်ကို၊ သွယ်ညွတ်တင့်ခေါင်၊ လှသည့် မောင်ဟု၊ပေါက်ပြောင်မာတင်၊ရဲဘော်ဆင်နှင့်၊ချွန်းငင် ပယ်လိုက်၊ မြိမ်းတည့်လိုက်၍၊မြိုရိုက်စဉ်လည်း၊လက်နက် လှည်းက၊ သိမ်းဆည်းကုံးမြောင်၊ ပန်ထိုက်အောင်ဟု၊ ကြင်နောင်မည့်သူ၊ ဆွတ်ခဲ့ယူသည်၊မဥ္စူသကာ၊ရဲဆုရကို၊ ဆက်သရှိသေ၊ သုံးရံရွှေတွင်၊ မြုတေါးအင်၊ ညက်မွတ် စင်မူ၊ ဝါဝင်ကာလ၊ နီးခဲ့မှဟု၊ တွေးဆမရက်၊ လှများ ထက်သည်။ ။ချီးလက်ရေတော်မူလိမ့်မည်။

---

(၂၃) "ဆက်တန်အိုင်သာ,ဖက်ရန်ငြိမ်ကာဟူ၍ ကသတ် စပ်အင်နှင့်အညီ ရေးလိုသည်၊ ဆဒ္ဒန်ဟူသောပါဠိ နှင့်အညီဆဒ္ဒန်ဟူ၍လည်း ရေးသင့်၏၊ (ဝေါဟာ ရတ္ထပကာသနီ-၅၄၁)။

(တ) **ဖက်ရန်မြိုင်ရှာ၊** သို့ရောက်လှာက၊ ဘိုသာခြောက်ဆု၊ စံသသူလည်း၊ မတူဖက်လွှတ်၊ ချစ်၍မှတ်သား၊ သက်ထွတ်ကလျှာ။ ဆင်းသူဇာကို၊ လူးလာခြောက်ခြောက်၊ နွေချင်းရောက်ဟု၊ မှာလျှောက်သရွှေ၊ စေ့စေ့မကျန်၊ ကြွင်းမဲ့ပြန်မူ၊ † ကျူးလွန်ဖွေရှာ၊ ဆက်စရာဟု၊ လက်ယာထပ်ဆင့်၊နိုင်လှတင့်ကို၊သခင့်အိမ်သူ၊ လှမ်းယူရွှရွှ၊ ယုယဆည်ဖြေ၊ဆွတ်ခြွေရွေးသင်၊မြင်းမှင်ရှက်ခေါ်၊ ပွင့်ညြှာက်သီရုံး၊ တညီကုံးမျှ၊ သက်ဆုံးရာကျော်၊ ဆက်တိုင်းသော်လည်း၊ ကြင်ဖော်ပူရှည့်၊ ပျော်ချင်လှည့်ဟု၊ ရွှေမှည့်မင်းစံ၊ ရောင်လျှံပြီးပြက်၊ တောင်ထိပ်ထက်ဝယ်၊ နံ့ဘက်သင့်နေ၊ သာလျှောင်းမွေကို၊ ရှိုသေညွှတ်ကြည်၊ ဝေးကရည်၍၊ ပြစ်မြည်ကင်းလွတ်၊ လှငြိမ့်မွှာသည်။ **။ဆုမြတ်စေတော်မူလိမ့်မည်။**

---

(၂၄) ချင်ထွေးနာသိန်ဆိုရတု

**(ပ)* နတ်တော်ဆန်း၍၊** လျှံထွန်းရောင်ဝါ၊သူရိယာလျှင်၊ အဝါ-မပူ၊ အဖြူအနီ၊ စုံစီခြယ်လွှင်၊ ပြင်ထပ်တွင်နှိုက်၊ နေပင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆီးရည်ပတ်

(တ) † ကျူးလွန်ဖွေရှာ- ကြိုးလွန်ဖွေရှာ၊ ဆက်စရာဟု၊ လက်ယာထပ်ဆင့်။ မင်းရဲနန္ဒာဆို (လောကဟိတရာသီဖွဲ့ထား ၂၆၆)။

(၂၄) ရွှေနန်းကြော့ချင်နရပတိနန်းတက်သောသက္ကရာဇ် (၁၆၃)နတ်တော်လတွင် နောင်တော် မင်းတရားသားတော် ရွှေနော်ရထာကျွန်ုပ်သောက်ကြသည် ရွှေနန်းချင်နရပတိအမှတ်မဲ့နေတော်မူသည့်အခိုက်တွင် ဓားနှင့် လုပ်ကြံလေသည်၊ + + + ယင်း

www.kelasa.org



ချုပ်၊ မိုင်းအုပ်ပျပျ၊ ပုညတောင်ဆီ၊ ရိုလျက် မလင်း၊ မဝင်း အုံ့မှိုင်း၊စကိုင်း တဘက်၊ သန့်လျက်ပေါ်ထွန်း၊ ကျွန်းများ တံခွန်၊ နန်းဗိမာန်မှာ။ **။လေသွန်ပြည့်လှည့်လိမ့်တကား။**

(ဒု) သုံးထောင်သချာ၊ဟေမဝန္တာ၊တောရပ်ကသည်၊ပုညထွတ်တင်၊ဘုရားချင်တောင်၊*ယဉ်ဖျောင် မဝေး၊ စိမ့်ဒေးညင်းညင်း၊ ဆောင်းသက်နှင်းနှင့်၊ ပင်းကြလှာတွေ၊* သေန်လေလည်း၊ စုံခြေဆိုင်းဆိုင်း၊ စကိုင်းဥယဉ်၊ ချိုချဉ်ပင်စုံ၊ ဟန်းမျိုးပုံသည်၊ ပွင့်ထုံကြိုင်ဖြူး၊ဖက်ဆွတ်ဦးကို၊ သုတ်ဖြူးဆော်သွေး၊ဖြည်းဖြည်းပြေးလျက်၊ ဧးဧး*အသွံ၊ နှလုံးပျံ့သည်။ **။ရန့်ချည်းလှည့်လိမ့်တကား။**

(တ) **ကျောက်တိခ်၍၊မင်းဝံချက်မ၊ဒေသမင်္ဂလာ၊** သာသနာ*ထွန်းစည့်၊ ပြည်၏ တံခွန်၊ နန်းဗိမာန်မှာ၊

သို့မှ ရေနံ့သာစား ရွှေနော်ရထာကို ရအောင်ဘမ်းဟု၍မိန့်တော်မူ၏၊ ရွှေနော်ရထာလည်း ယင်းသောအခါ သက်တော်-၁၂-နှစ်သာဖြစ်၍ မယ်တော်မိဖုရားနှင့် နန်းတွင်းတွင်နေသည်ကို ဘမ်း၍သက်လေ၏၊ ရွှေနန်းရှင်နရပတိလည်း စစ်ကြော၍ဖြားယောင်းသွန်သင်သသူတို့ကိုဖျောက်၏၊ရွှေနော်ရထာကိုလည်း ရေမှာဖျောက်၏၊ ယင်းသောအခါ ဘုရင်မဟာသီဟသူရ ကျွန်တော်ရှင်ထွေးနာသိန်, ပင်းတလဲစား, မင်းတရားကျန်သီးမှူး, ရွှေလေးမှူး, ရဲမြတ်လှ, သည် ၅-ယောက်တို့သည် အသက်သေမည်ကိုစိုးရိမ်၍ အခြွေအရံ လူခုနစ်ရာကျော်ခန့်နှင့် တောင်ငူသို့ပြေး၍ကျွန်ခံလေ၏၊ (ဦးကုလားရာဇဝင်

ဆင်းကြန်နိကာယ်၊ ကြီးငယ်ရွယ်လတ်၊ ဆင်မှတ်တွေ့ပြား၊ ဝေ်စားနတ်နှိုင်း၊*သင်တိုင်း ရွှေပြောက်၊ စိန့်ကျောက်*လည်မာ၊ သူဇာယိုးဘွယ်၊ ပျိုရွယ်ရုပ်သွင်၊ နမူးပြင်ဝယ်၊ ရည်ရှင်ဇောတ၊ တပ်ကြည်ရွှန်း၊ မှန်စက်ဝန်းနှင့်၊ ရွှေပန်းရွှေပြို့း၊ ညိုရရိတည့်၊ မဏိကိုးပါး၊ စိန်ခြားကြယ်ပြောင်၊ *ခရုချောင်နှင့်၊ ရွှေတောင်ထက်တွင်၊ နတ်သဘင်သို့။ ။မွှမ်းမျှင်မည့်လှည့်လိမ့်တကား။

---

## (၂၅) ရှင်သူရဲဆို ရတု(၁)

(ပ) ရွှာတော့မည်ပင်၊ ခုကစင်လည်း၊ မင်းလွင်ပျံ့မွှန်း၊ တရွှန်းရွှန်းလျှင်၊ တိမ်ပန်းတိမ်ဦး၊ ရိုက်ကျူးပတ်ရှက်၊ မိုးလုံးပြက်မျှ၊ ရွှေလက်မြနှယ်၊ ဆင်စံပယ်၍၊ လည်ဝယ်ရစ်လျက်၊*တွားသည်လက်ကို၊ တင်ချက်မိမိ၊ ရေးရေးရှိစွ၊ သတိချုပ်ဖြေ၊ တန်းအောင်နေလည်း၊ သူ့မြေသူ့မိုး၊ လွှမ်းစိုးစိမ့်ကြောင်း၊ မငြိမ်တောင်းလျှင်၊ စစ်ညောင်းချိခါ၊ မင်းရေးရာကြောင့်၊ လွမ်းရှာတုံတုံ၊ ရွှေရင်ဆုံကို၊ မလှုံရပဲ၊ တပ်သာတဲ့ဝယ်၊ သူရဲမယ်သူ၊

ဒု-၁၁၂, မှန်နန်း ဒု-၁၀၉-နှင့် ၁၃၁)တောင်ငူမင်းကြီးညို လက်ထက်တည်း၊ ရှင်ထွေးနာသိန်အစကထွက်၍ တောင်ငူသို့ရောက်မှ ဆိုသည့်စာကို ရှင်ထွေးနာသိန်လွန်သောအခါ မြတ်မင်းမင်းကြီးညိုကိုယ်တိုင်လာ၍ကြည့်ရာတွင် ခေါင်းအုံးအောက်က ရသည့်စာ၊ (ကဗျာညွန့်ပေါင်း-၆၅, ကဗျာသာရတ္ထ ၂၀၀, မြန်မာစာညွန့်ပေါင်း-ပ-၈၆)၊ရှင်ထွေးနာသိမ်(စာဆိုတော်များအတ္ထုပ္ပတ်)

www.kelasa.org



သည်မှဟုသို့၊ လျှောက်ကူမိုးသက်၊ ဆောင်းနှင့် ဘက်သည်။ ။မြစက်မချမ်းနိုင် တကား။

(ဒု) မြစက်ချမ်း၍၊ ဆောင်းပြွမ်းနှင့်လေ၊ တဝေဝေလျှင်၊ ညီစေညှိဟန်၊ မြမျိုးလွန်သည့်၊ ငါးကြန် အင်နှင့်၊ စုံဖြိုးသင့်၍၊ သခင့်ကြင်သူ၊ ကျွန်ုပ်မူကား၊ လေယူကောင်းကင်၊ ငှက်နှယ်လျှင်မူ၊ သခင်နေရာ၊ ရွှေပြည်သာသို့၊ မကြာလျှင်လှည့်၊ ပြန်ချင်၏ဟု၊ ရှုကြည့် မျှော်စမ်း၊ လာရာလမ်းကို၊ မျှော်တမ်းတာကာ၊ မျက်ခြည်ဝါစွ၊ ဘယ်ခါနှံ့သည်၊ ပြန်လျှင်းမည်ကို၊ ဘုန်းစည်ရန်လွှင့်၊ မိန့်တော်ပွင့်မှ၊ မိုးနှင့်စစ်ပြန်၊ ချိန်တန်ခဲ့မိုး၊ လွှမ်းစိုးချမ်းချက်၊ နှောင်ထူး စက်သည်။ ။ရွှလျက်မလွှမ်းနိုင် တကား။

(တ) ရွှလျက်လွှမ်း၍၊ဆိုတမ်းယောင်မှား၊မပျော်ပါးလည်း၊ သနားဘွယ်သာ၊ ချိမည်ခါနှိုက်၊ †ညက်ပြာနတ်ရုပ်၊ နည်းသည်နှုတ်နှင့်၊ ကျွန်ုပ်တို့နေ၊ ဝ-ရွှေ မြေသို့၊ မြို့တေထွန်းပ၊ ပြန်မည့်လကို၊ ကျိုင်းမြရွယ်လူး၊ မိန့်ပါဦးဟု၊ ပျံ့ပျူးစေငှါ၊ မယ့်အာဏာကို၊ နားမှာမသစ်၊ တလက်ပစ်မျှ၊ စင်စစ်စွေစုံ၊ အောက်မေ့တုံသော်၊ ပြေရုံသတိ၊ မျက်စိပတ်ကုံး၊ မြူသို့လုံးမှ၊ လက်ရုံးရွှေဝါ၊မစွန်ကြာက၊ ခေါ်ရှာစုံမက်၊မိချစ်သက်ကို။ ။တလျက် မတမ်းနိုင် တကား။

---

(တ) †ညက်ပြာနတ်ရုပ်၊ နည်းသည်နှုတ်နှင့်၊ကျွန်ုပ်တို့နေ၊ ဝ-ရွှေမြေသို့၊ ရှင်သူရဲဆို၊ (လောကဟိတ-ဍွဲထား ၃၀၁) ဤစကားကိုထောက်၍ ရှင်သူရဲအင်းဝသားဟု သိရ၏။

## (၂၆) ရှင်သူရဲဆိုရတု (၂)

(ပ) **ရင့်ကျူးရင့်ကျူး၊** ရွှာမည်မြူး၍၊ နွေဦးဆန်းသစ်၊ သရစ်ဘာသာ၊ ပုံ့ပျူးလေလာ၊မချာညနွှ၊ ခွေ့ခွေ့လွှမ်းရှိုက်၊ ပန်းစုံပွင့်ကြိုက်၊ ရွှေရည်ဆိုက်က၊ ခေါ်ငိုက်ပန်းမဟာင်၊ တမ်းဆိုယောင်စွ၊ ဆွေမောင်ကျွန်သည့်၊ ရှုပ်သွင်မြဲရည်၊ ကြာလိမ့် မည်ကြောင့်၊ မတည်ရွှမ်းကျ၊ မွှေရာမ-ဆက်၊ ရူတလည်းလျောင်း၊ ပျောင်းလှ၏လည်း။ ။**မြေဆည်တိမ်းမူး မတတ်ဘူး။**

(ဒု) **စုံစုံမက်မက်၊** လွှမ်းရေးတလျက်၊ ရေခန့်တွက်သော်၊ သွားထွက်ချိန်လ၊ သူ့ရွာမိုးမြေ၊ ကြာလိမ့်တွေဟု၊ ရည်ဆွေနှမ၊ [ရူတပျောင်းသမ်း၊ လွှမ်းတို့မောစွ၊]ဝေးကာရောက်အောင်၊ စာစောင်ခွေလိပ်၊ ခတ်တံဆိပ်နှင့်၊ ချစ်ရိပ်မှာထား၊ မပါးသည့်သို့၊ မပို့မြင့်မြဲ၊ ဆက်ရောက်ခဲက၊ ပုလဲနှိုင်းတူ၊ ဦးရရူတိ၊ မဠ္ဍုရွှေစွန်း၊ ပေါက်ပေါက်ပန်းနှင့်၊ ရည်ရွှန်းထိပ်ထက်၊ ရွှက်လှ၏လည်း။ ။**မြင်ထင်မည်ထူး တောင်ထိပ်ဦး။**

(တ) **ဘန်လဲဘန်လဲ၊** နှလုံးသည်းထဲ၊ ကြာသို့မဲမျှ၊ သူရဲဆွေမောင်၊ နောင်မွေးဘလျှင်၊ ရူတခေါ်တမ်း၊ ငယ်ကျွမ်းရှည်ဆွေ၊ အိမ်နေကြင်ဘော်၊ သူတော်ဆွေနည်း၊ မယ့်ချည်းပြိုက်သွယ်၊ ရှိလိမ့်ဘွယ်ဟု၊ ဝမ်းဝယ်စင်စစ်၊ သိသည်ဖြစ်၍၊ ဒွဲလှစ်လေဖျား၊ တိမ်ညွှန့်

(၂၆) ပ- ၁၉, ဒု- ၂၃, တ- ၂၇၊ ပုဒ်ရေတိုးသဖြင့် ညွှန့်လန်း၊ စာကျူးကရိုက် သဖြန်ညီ ရေးနည်း (ပေါရာဏဒီပနီ ပ-၁၉၆)။

www.kelasa.org



စားသည်၊ လေးပါးခြေလက်၊ မြီးရွက်မှင်ဆံ၊ ရောင်လျှံညီလာ၊ ကိုယ်မှာမဏိ၊မျက်စိဦးနား၊တိုက်ဝယ်သားသို့၊ ပျိုထွားသန့်တွေ၊ ယဉ်စီးနေနှင့်၊ မင်းခြေသက်မှတ်၊ ရောက်ပါတတ်လော၊ ညွှတ်လှ၏လည်း။ ။**ကြင်သူကျေးဇူး မထိမ်မြူး။**

---

## ၂၇-ရှင်သူရဲဆို ရတု (၃)

(ပ) **ချစ်ဘက်ဆည်လျှာ၊ ရွေးချယ်ရှာသော်၊ သူ့**မှာ မပျော်၊ မွေ့လျော်မယ်နှိုက်၊ ဘုန်းဆုံကြိုက်သည်၊ ရောင်မြိုက်မင်းကျော်၊ သူတော်ယဉ်မြေ၊ **သွား**သည့်နေ့က၊ လွှမ်းငွေဝေဝေ၊ သည်းအူကြွေလျက်၊နွေလည်းကုန်စင်၊ မင်းလွင်မြူရှဲ၊ နှင်းမွဲပြိုက်ရွှမ်း၊ မယ်ထုံးချမ်းက၊ အလွှမ်းဆပ္ပါး၊ ဆည်တားမတတ်၊ ပျောင်းခွေညွှတ်မျှ၊ ဆွတ်ဆွတ်ကြင်နာ၊ နေလှည့်ရာကို၊ ကလျာနွှယ်မြစ်၊ သစ်ခက်ပင်စည်၊ ပွင့်ခါလည်က၊ လေပြည်ဖြည်းညှံ၊ တပျံ့ပျံ့လျှင်၊ ရနံ့ကြိုင်ရှန်း၊ ပျားပိတုန်းတို့၊ ခက်ဟုန်းတောင်ပံ၊ †မြည်သံရင့်ရှု၊ ပန်းရက် ယူသည်။ **ဝတ်ပြုတွောင်းပျံ့ လှည့်ကာသော။**

(ဒု) **မဠ္ဍုပန်းမြတ်၊** လေပြည်ဆွတ်က၊ နံ့ဝတ်ကြိုင်မွှေး၊ တဖေးဖေးတိ၊ ဆီးသေးကျဖြောက်၊ လဲပေါက်ပေါ်စ၊ နွှယ်မြလူလူ၊ ဝတ်ပြုပျံ့ရှင်၊ ပွင့်စဉ်တွင်ဝယ်၊ သည်ပင်မနီး၊ မယ်သီးချည်းသာ၊ မွှေရာလည်းကြွင်း၊

(၂၇)ပ †မြည်သံရင့်ရှု၊ပန်းရက်ယူသည်၊ဝတ်ပြုလှောင်းပျံ့လှည့်ကာသော-ရှင်သူရဲဆိုနှစ်ထပ် (လောကပါတရာသီခွဲထား-၂၆၇)။

ရင်တွင်းဟည်းလည်း၊ ပန်းတိချည်းကို၊ ဆွေနည်းနှမ၊ မြင်က သနား၊ ဝမ်းပါးဖူးချင်၊ မရှင်ညွတ်ခွေ၊ လွမ်းဘိတွေတည့်၊ ပင်ခြေရနံ့၊ ပျံ့လ ကာကာ၊ နံ့သာကြိုင်ရှင်း၊ သလင်းဝိတ်ကြက်၊ မစက်တတ်လျှင်း၊ ဆွေနောင်မင်းကို၊ ရောက်တင်း မေးတွေ၊ တ-လျက်နေသည်။ **။ရင်ရွှေညောင်းငံ့ လှည့်ကာသော။**

(တ) **သဘောကြင်နေ**၊ချစ်ရှိသေစွ၊ သက်ဝေ စုနှင်း၊ ဆွေနောင်မင်းကို၊ သည်ရင်းနှမ၊ နိစ္စမပြတ်၊ သီလဝတ်ဖြင့်၊ မြဲမှတ်ဆောက်တည်၊ ကိုယ်စားရည်၍၊ ဆွေသည်ကြင်ဘော်၊ချုပ်ငြားသော်တုံ၊ သံတော်စုဥ္ဇာ၊ စွယ်လက်ယာကို၊ နံ့သာပျံ့မွှန်း၊ မယ့်ထိပ်စွန်းသို့၊ ပန်းပေါက်ပေါက်ကို၊ မမြှောက်တတ်ပဲ၊ သူရဲဆွေမောင်၊ နောင်စစ်သည်ကို၊ သာကြည်လျှင်ဆော၊ ဖူးစေသောဟု၊ သဘောစီလျှဉ်၊ တောင်းသောစဉ်တွင်၊ ဝိညာဉ်မယ့်မှာ၊ ဗျာပါ ထပ်ဆင့်၊ လွမ်းလျှဉ်မြင့်ခဲ့၊ နောင်မင့်းသက်ဝေ၊ ဖျော်-မပြေသည်။ **။ကြံတွေ ပျောင်းညှံ့ လှည့်ကာသော။**

---

## ၂၈-ရှင်သူရဲဆိုရတု(၄)

(ပ) **တစေ့စေ့လျှင်**၊ပတ်ခွေ့လေပြည်၊ လွင့်မြူနည်းနှင့်၊ မြခြည်မြွေးရစ်၊ ညွန့်သစ်ဝေဆာ၊ တောတကာလည်း၊ သောခါရှိန်သင့်၊ ငုံဖူးပွင့်က၊ ကြိုင်လွင့်နံ့မွှန်း၊ ထူးတဆန်းတိ၊ တည့်မွန်းယိမ်းလွဲ၊ ရှဲခဲ့ညသို့၊ တမို့မို့းနှင့်၊ ညို့ညို့ပြာပြာ၊ မြူဝါနီလွင်၊ သက်တင်လိပ်ကွေး၊ ကွက်သေးနိဝင်း၊ တွေးတွေးချင်းမျှ၊ အုန်းအင်းရင့်ထစ်၊ ဆင်ကဟစ်နှင့်၊ လျှပ်စစ်မီးတိ၊ လောင်လီလီကို၊

www.kelasa.org



မျက်စိနှင့်နား၊ ထင်လ ကြားက၊ သည်းဖျားဝှန့်လှိုက်၊ တုန်တခိုက်လျှင်၊ မြော်ရှိုက်ဆိုတ၊ မရှင်ပျသည်။ **။ညိုမြဆွေသခင်တကား။**

(ဒ) **တခွေ့ခွေ့လျှင်**၊ စက်မွေ့မတတ်၊ တဆွတ်ဆွတ်တည့်၊ ညိုမွတ်ပြာလဲ့၊ ကြာသို့နွဲ့သည်၊ ဆွေမယ့်မှာသာ၊ ဗျာပါမျက်ရှု၊ ခုခုမြော်ကြည့်၊ ဖျော်ဖြည့် မတည်၊ ဆည်လည်းမပြေ၊ ဖြေဖျဉ်မနိုင်၊ *ကလိုင်ကလဲ၊ သည်းထဲပြောင်မျှ၊ ပူလောင်ညှိုးငယ်၊ လွမ်းချိုးကြွယ်စွ၊ဝင်းသွယ်ပြာထွတ်၊ ညိုလဲ့မွတ်ကို၊ ပြတ်ပြတ်ခန့်ရှယ်၊ ဘယက်သွယ်သို့၊ လည်ဝယ်ရစ်ဆွဲ၊ ပိုက်နွဲ့ရင်ခွင်၊ ထင်ဘိမတတ်၊ လေးမြွတ်ပုံမက်၊ အသက်ဝေခွဲ၊ ချစ်ဆတဲလျက်၊ ရိပ်ဝှဲခန်းသာ၊စက်မွေ့ရာထက်၊ လွမ်းတာရှည်ကျူး၊ သွယ်ရှိမ်းနူးသည်၊ **။နောင်ထူးပျော်မရှင်တကား။**

(တ) **တစေ့စေ့လျှင်**၊ အောက်မေ့ဆိုတ၊ ညို့နွဲ့မြကြောင့်၊ ဟောမ ခေါ်ဆို၊ လ ပြာသိုဝယ်၊ ကျယ်ဆို ဆီးနှင်း၊ နေ-မဝင်းသို့၊ လွမ်းတင်းမေးနှာ၊ စက်မွေ့ရာထက်၊ ညခါ ဖျော်ဖြည့်၊ ပျော်တို့လှည့်လော့၊ ညိုသည့်အာဏာ၊ နောင့်ဗျာပါနှင့်၊ ခြင်းရာတွေပြား၊ ဖြစ်သည်များကို၊ လန့်ကြားဖြုတ်ခြည်း၊ ပြက်ခနည်းလျှင်၊ အူသည်းညွတ်ခွေ၊ နိုး မပြေခဲ့၊မက်တွေလွန်လှည့်၊ချစ်အင်ပြည့်သည်၊ ညိုသည့်ရနံ့၊ လှိုင်ပျံ့မွှေးလှာ၊ ကြိုင်ဧစွာကြောင့်၊ ပမာတရည်၊နှုန်းဆမည်လည်း၊လေပြည်သွေးဆောင်၊*ပုပ္ပါးတောင်ဝယ်၊ မြရောင်ဆွတ်ဆွတ် ၊ကြိုင်နံ့လွတ်သည်။ **။ပန်းမြတ်*ဂေါ်သဇင်တကား။**

---

## (၂၉) ရှင်သူရဲဆိုရတု (၅)

(ပ) **ကြာမည်မထင်**၊ သူ့ရပ်ခွင်နိုက်၊ ဆောလျင်ဖူးခက်၊ ကျူးလျက်မငံ့၊ လွမ်းပုံ့လေလေ၊ မဖြစ်စေဟု၊ မင်းမြေမြရည်၊ မှာခဲ့သည်နှင့်၊ နှုတ်ခြည် ဖောက်လွဲ၊ မတန့်ပဲလျင်၊ ဆီးသွဲ့ထပ်မျှ၊ တန်ဆောင်ကပင်၊ ရွှေရင်ငုံ့ညောင်း၊ တပေါင်းကုန့်ကျူး၊ အတာကူးလည်း၊ မဖူးပလှာ၊ မေတ္တာနွံ့ဖင့်၊ သူနှင့်ကျင်လည်၊ ပျော်လေသည်လော၊ ဖြေဆည်စကား၊ ဆောင်းပါးစာခွေ၊ ကျွန်သာစေ၍၊ သက်ဝေကျိုင်းထွတ်၊ နေဘိတတ်ခဲ့၊ ဆုမြတ်ယုယု၊ မယ်တမူကား၊ သည်းအူ ညွှတ်ပျောင်း၊ မလွှမ်းတောင်းတည်း၊ ငယ်ပေါင်းရွှေဘော်၊ ဖျော်လည်းမတည်၊ မူးမော်လည်မျှ၊ ဗျက်ခြည်ဝေဆာ၊ နောင်သို့သာသည်။ ။**ရှုရှာမြော်ရ ချေတော့သည်။**

(ဗ) **ခါလည်သဘင်**၊ နွေသစ်ဆင်က၊ မင်းလွင်ရှေးဆော်၊ နှစ်ဦးပေါ်လျင်၊ ရှင်ပျော်ဘွယ်သာ၊ အတာရက်စွန်း၊ ရတုဆန်းမူ၊ ရွှေနန်းဘုံနေ၊ ခေတ္တနေသား၊ ပြာခြေယောင်နု၊ ဘော်တစုကို၊ ရှင်မှုညွှတ်ကြည်၊ ရွှေရည်ဖြန်းလူး၊ က-မြူး-ရယ်ရွှင်၊ လေ့လျင်ခေါ်မှတ်၊ တက်ပြိုင်သတ်၍၊ မွေခာတ်ရတနာ၊ ရှိရာရာကို၊ မြူတာသင်းပျံ့၊ ရနံ့ကြိုင်လှောင်း၊ ဆုကြီးတောင်း၍၊ သွန်းလောင်းညောင်ရေ၊ တဆုန်နွေနိုက်၊ လည်ပေထပ်ရစ်သာသည့်ဖြစ်ကို၊ မျိုးစစ်ကျွမ်းဘော်၊ ကျွန်ုပ်မြော်က၊ ဖြေဖျော်မတတ်၊ ခွေခွေညွှတ်မျှ၊ ကျိုင်းမြတ် မယ်သူ၊ ရောက်ဘိ မူကား၊ တ-ရှုလှည့်က၊ မယ့် သည်းလျှာသည်။ ။**သူ့မှာ ပျော်ရလေတော့သည်။**

www.kelasa.org



(တ) **ပြာကြည်အသွင်**၊ ပန်းသစ်ပင်လည်း၊ ညွန့်ရှင်ဝေဝေ၊ ရွက်ဟောင်းကြွေ၍၊ ညာခြေဝါရင့်၊ ပန်းစုံပွင့်က၊ ခါသင့်နှစ်လည်၊ ရွှေရည်ညီးညီး၊ ဝင်းလျှံ မီးသို့၊ ဝေးနီးကပင်၊ ရှုဘွယ်မြင်သော်၊ မရှင်ဆိုမိုး၊ တညိုးညိုးတည်း၊ ရဲမျိုးစွမ်းခေါင်၊ မယ်သည်မောင်လျင်၊ မြင့်အောင်မနေ၊ ပြန်လွယ်စေဟု၊ ညောင်ရေမဉ္စူ၊ ရည်၍လှူသည်၊ ဆံမြူရိပ်မြည်၊ ရောက်မည်တံ့တံ့၊ လေ-မသံ့တည့်၊ လွမ်းပုံ့ခြင်းရာ၊ နောင်စစ်တာနိုက်၊ ဤသာကျန်းတော၊ လေမစသောဟု၊ သဘောမြတ်နိုး၊ တဲလွန်တိုး၍၊ ရှုမြိုးဘုန်းအင်၊ မွေဆံရှင်ဝယ်၊ ကြည်လင်သဒ္ဓါ၊ တောင်းပန်ထွာသည်။ ။**ဆုသာဘော်မျှ ပေတော့သည်။**

---

### ၃၀-နဝဒေးကြီးဆိုအဖြည့်ခံရတု

(ပ) **ညို့ညို့ပြာပြာ**၊ ဆင်းပြင်လျာမူ၊ ပြစ်မှာမစက်၊ ဆယ်နှစ် သက်က၊ ချောညက် ညွှတ်သွယ်၊ နတ်နှင့်ဆွဲယ်၍၊ ရွယ်လည်းရွယ်ပျို၊ ညိုလည်းညိုဝင်း၊ မြူရှင်းရောရှု၊ နောင်သက်စုကို၊ နှိုင်းတုချေမှု၊ ထွားပြာဖြူသည်။ ။**မတူ၏သို့ တူ၏သို့။**

(ဒု) **မို့မို့ အာကာ**၊ မိုးဒေဝါလျှင်၊ ဗယ်ညာတောင်မြောက်၊ လေပြည်လှောက်၍၊ ဖြိုးဖြောက်ဂိုးရဲ၊ လျှပ်ပန်းကြဲလျက်၊ မစဲညင်းညင်း၊ ကျူးတည့်လျင်း၍၊ မဝင်းလှည့်လို၊ လွမ်းစိမ့်ဆိုသို့၊ လေညိုပေါင်းသီ၊ မယ့်ဆီတူရှု၊ သည်မိုးဖြူသည်။ ။**ကလူ၏သို့ မြူ၏သို့။**

---

ရှင်သူရဲဆိုအဖြည့်ရတု (၆)

(တ) **သို့သို့သာသာ၊** မယ့်နေရာသို့၊ အာကာ ရှိုင်းဝေ၊ နွေတိုင်းစွေကာ၊ သက်ဝေမြဲ၊ သူရဲကြောင့်သာ၊ လွှမ်းများပါမူ၊ တိမ်ပြာမကွက်၊ တိမ်နက်မည်းမို့၊ တိမ်ခြေ ညို့နှင့်၊ ထပ်ပို့မစဲ၊ ရွာသွန်းကြဲက၊ ပုလဲပမာ၊ ဆင်း ကလျာလျှင်၊ သစ္စာမြဲတူ၊ တ-လျက် ဟူသည်။ ။ **မပြု၏သို့ ပြု၏သို့။**

---

၃၁-ရှင်သူရဲဆိုရတု (၇)

(ပ) **အရွှေ တဘက်၊** တောင်ထိပ် ထက်ဝယ်၊ ထွန်းစက်ရောင်ခြည်၊ နေရှိန်လည်သို့၊ငါးမည်ပြောင်ညီး၊ ဇမ္ဗူထီးနှင့်၊ စက်မီးအတူ၊ ခြောက်ရောင်လူသား၊ မဥ္ဇူ မည်သာ၊ ရတနာဟု၊ မြေ်ာသာတင့်မော၊ လွန်ကျော် စေသည်၊ သင်းချောစံရွှေ၊ ရှင်တော်မွေ။ ။အထွေ အပြား၊ ***စကားပန်းကို၊** မဆိုစဘူး၊ နှစ်ကူးလလည်၊ ကြိုက်သည်ကိုသာ၊ မြင်ကောင်းကာဟု၊ လက်မှာ မဆက်၊ ဆုတ်ရှောင် ကြက်နှင့်၊ ပစ်ဘက် နိုင်မွေ၊ တိုင်လျောက်လေသည်။ ။**ဖင့်သွေမနွဲ့ မေတ္တာသော။**

(ဒ) **မရွှေအသက်၊** ပတ်ကြလျက်ကို၊ သူဖျက် ထွေလာ၊လိုးလိုးနာ၍၊နှိုင်းရာလွတ်မော၊နွဲ့နွဲ့ချောသည်၊ သဘောအယူ၊ ငယ်ကတူလျက်၊ အိမ်သူရောင်ပြုက်၊ မျက်လိုလိုက်၍၊ ချမ်းကြိုက်ညနေ၊ လျောက်ချွတ်လေ၏၊ မိဆွေဘမင်း၊ သားချင်းမောင်ကြီး၊ ဟန့်ဆီးမြစ်ထွေ၊ မဆုတ်လေဟု၊ ဆုဝေကြည်ညို၊သူနှင့်ဆိုလည်း၊နောင့်ကို

(၃၁) နဝဒေးရတု ၃၈-နှင့်တူသည်။

www.kelasa.org



စုံမက်၊ *ယုံခေါက်ရက်လျှင်၊ မယ့်သက်စူးစူး၊ ရည်၍ ကူးသည်။ ။**ချစ်ဦးဆိုက်မြဲ ရှင့်မှာသော။**

(တ) **တနေ့မယွက်၊**တရက်မချွတ်၊အိမ်သူဝတ်ဖြင့်၊ **လေးမြွတ်ညွှတ်ကြည်၊** ခစားသည်ကို၊ မှတ်ရည်အတိ၊ သခင်သိလျက်၊ စွန်းငြိမျက်ပါ၊ သူတကာတို့၊ ကြမ္မာ ပေလျှင်၊ ဖြစ်မြဲအင်ကို၊ ရှင်ပင်ကိုလည်း၊ **တိုင်**ခင်း နည်း၏၊ ထင်ရည်းဝမ်းမှာ၊ မယ့်ကိုသာလျှင်၊ သူဇာ သက္ကာ၊ စိတ်မခွတည်း၊ နေကျမြဲချုပ်၊ **စ**ကားရှုပ်၍၊ကျွန်ုပ် ဆိုမိ၊ ပေသည်ရှိမူ၊မျက်စိနှင့်နား၊နောင်ဝယ်များလည်း၊ *မျောက်သားကြင်ချစ်၊ ရှင်သာဖြစ်သည်။ ။**အသစ် တပါး မရှာသော။**

---

၃၂-နဝဒေးကြီးဆိုအဖြည့်ခံရတု

(ပ) **†ဥဒည်းစက်ပြင်၊** အာကာခွင်က၊ ယာဉ်ရှင် **စီး**မှတ်၊ နောက်ကျွန်းပတ်သော်၊ သာထွတ်လွှန်ကဲ၊ ကန့်တော့ပွဲဝယ်၊ ပုလဲရောင်ခြည်၊ ရွှေရည်လျှံမော၊ မြနှင့်ရောသို့၊ တွေးတောအနှံ့၊ မူးကြအံ့လျက်၊ ချောညို့ ထွတ်ထွတ်၊ ဝင်းညိုမွတ်လျှင်၊ ရံပတ်ရွှေဝန်း၊ **သော်**တာ ထွန်းသို့၊ ညီရွှန်းကြည်ရွှင်း၊စံပကျင်းသည်။ ။**အတွင်း ရွှေဂူ ပြင်ရွှေဂူ။**

(ဒ) **ဇုလည်းလက်သင်၊**မြ*ကွမ်းလင်နှင့်၊နှစ်တွင် ခေါက်သစ်၊ စ-မရစ်တည့်၊ ကျစ်လျစ်ငြိမ့်ချော၊ ဘော်သုံး

(၃၂) ပ† ဥဒည်းဟူ၍ စပ်သည်ကား မင်းနဝဒေးဆို ရတုတွင် ဥဒည်းစက်ပြင်, ဇုလည်းလက်သင် ဟူ၍ စပ်သည်၊ ကုဟည်းငှက်ဆင်ဟူ၍ ပယ်သငယ်စား တပိုဒ်ဖြည့်သည်(ဂဇဗလသတ်ညွှန်း ၃၄)။

ရွှေနှင့်၊ ညနေချမ်းခါ၊ ရှင်တော်ရာဝယ်၊ သဒ္ဒါညွတ်ကြိုက်၊ မြစ်မိလိုက်သော်၊ လည်နှိုက်ထိပ်ပြင်၊ ပန်ဆင်စရာ၊ သည်သာနေ့ဘက်ရန်၊ ဘုန်းချင်းညွန်ဟု၊ မကျန်ကြောင်းခြာ၊ [သိချင်စွာ၍ ရပ်ရာဇာတိ၊ မေးသည်ရှိလည်း၊] မသိသာလျှင်း၊ ဆိုချွတ်ယွင်းသည်၊ ။နဝင်း နေဟူ တွင်နေဟူ။

ရှင်သူရဲဖြည့် (၈)

(တ) *ကုဟည်း ငှက်ဆင်၊ စီးလျက် ပင်တည့်၊ ကောင်းကင်ပျံကြွ၊ သူရိယဟု၊ ဘုရွှေးလျှာမှန်၊ ထွတ်ဘုန်းသန့်လျှင်၊ ဆင်းကြွန်လျှံညီး၊ မင်းသမီးကို၊ ဇနီးကြင်သူ၊ တင်ခဲ့ယူမှ၊ အတူစုံပူး၊ ပျော်စံဘူးသို့၊ ဝေးကျူးရပ်ခြေ ခြားရှိလေလည်း၊ သက်ဝေရအောင်၊ ကြီးပမ်းဆောင်အံ့၊ လှခေါင်နတ်ဆင်း၊ စုလည်းကွင်းနှင့်၊ ညခင်းမြင်လစ်၊ ရှယ်သစ်သစ်၏၊ ထစ်ထစ်ဌာန၊ မသိရသော်၊ သကျရွှေဂူ၊ မြတ်နှစ်ဆူဝယ်၊ ကြည်ဖြူဖြောင့်စင်း၊ တောင်းလျှောက်လျှင်းသည်။ ။မယွင်းဆွေတူ ကြင်ဆွေတူ။

---

တ † ကုဟည်းငှက်ဆင်။ ကုဟည်းငှက်ဆင်၊ စုလည်းရွှက်ကျင်၊ ဦးတည်းစက်ပြင်– စပ်အင်၌ ကုဟည်းငှက်ဆင် စသည်ဖြင့်တသတ်မပါလေ၊ ငှက်ဆင်ဆိုသော်လည်း ပကတိငှက်မဟုတ်၊ ကုဟည်းမည်သော သစ်သားသည် မလေးမလံ ပေါ့ပါးသည်ကိုစွဲ၍ လုပ်သည့် လင်္ကာရှိသည်၊ ထို ကုဟည်းသားဖြင့် ပြီးသော ငှက်ဆင် (ဝေါသနီ ၆၁၁) ပါဠိ ကောင္ကသိမ္ပလိ, စဉ်းလဲသောလက်ပံ–လက်ပံတုံ၊ သို့မဟုတ်သင်းဘော လက်ပံ (ဝေါဟာရတ္ထတေဒ)။

www.kelasa.org



(၃၃) ရှင်သူရဲဆိုရတု (၇)

(ပ) *မြေသင်းသြော်ဇာ၊ မွှေးနံ့သာတိ၊ ရိခါမကင်း၊ လေညင်းပျံ့ချို၊ နေညိုညိုဝယ်၊ ဆွေညိုသူရဲ၊ မြဲနှိုင်းရည်၊ နောင်စစ်သည်ကြောင့်၊ မျက်ခြည်ရှုမူး ပို့ပျူး ညိုးရော်၊ လာနိုးမြော်၍၊ ချစ်ဘော်ကွဲပြား၊ မပြားငှက်သွင်၊ ဆွတ်ဆွတ်ကြင်မျှ၊ ရက်ဖျင် လများ၊ မြင့်ရှည်လျှားသော်၊ ပျော်ပါးမဲ့ဆိုး၊ ကြာသို့ရှိုးသည်။ ။နှလုံး အူ သည်း နောင်သို့ ချည်း။

(ဒု) နေမင်းသော်တာ၊ ရောင်ခြည်လာက၊ အသာရင်ရွှေ၊ ပြေအုံ့မရဲ၊ လည်ချင်းနွဲ့၍၊ သူရဲဆွေညို၊ မယ့်ကို တောင်းပန်၊ မှာခဲ့ဟန်နှင့်၊ မတန်တို့ပဲ၊ မြင့်မြဲလေစွ၊ နှမ မယ်ဝမ်း၊ ချစ်လွမ်းမဆုံး၊ ရွယ်သျှောင် ထုံးကြောင့်၊ † ဂမုံး နှီးကြွယ်၊ ကုံးသွယ်ညီမော၊ စံပယ်ရော၍၊ သျှောင်ကျောလှစွာ၊ မယ့်လက်ရာဝယ်၊ အသာယုယ၊ ဆင်စိမ့်တသည်။ ။နှမဆွေနည်းချစ်သိပ်သည်း။

---

(၃၃–ပ) ပေမူ၌ မြေသင်း သြောဇာ၊

(၃၃–ဒု) မြန်မာစာ ညွှန့်ပေါင်း–ပ–ဂဝ, ကဗျာညွှန့် ပေါင်း–ဂ၆, ပေါရာဏဒီပနီ–ပ–၃၂၇၊

† ဂမုံး–ဂမုန်းကို သံဝရပျို့တွင် ''သရက်ထန်းအုန်း၊ ဂမုန်းဇီသဝါ၊ မြဲသွယ်ဆင်း။ ရခိုင်ဥဂါ ပျို့ဆို ဆွတ်လွှမ်း–စချီ ရတုတွင် ''မဥ္ဇူဂမုန်း၊ အင်မန္နန်းနှင့်၊ တောင်ကုန်းထိပ်တွင်၊ မြဲသံသျှင်ကို'' နှသတ်စပ်သည်၊ *ဘူရိဒတ်တွင် ''မုလေးကြက်ရိုး၊ ဂမုံးနှံ့ကြွယ်၊ သေးသေးတင်စပ်သည်၊ သို့နှစ်ချက်စပ်သော်လည်းယခု–နသတ်ရေးထုံးများသည် (ဂဇဗလသတ်ညွှန်း၆၀)၊ ဂမုန်းကို ရဝေ–ရှင်ထွေးအန်ချင်းတွင်

(တ) ရွှေချင်းဆော်ကွာ၊ ချမ်းရိပ်သာဝယ်၊ ချပ်ပြာညိုလဲ့၊ ကြာသို့နွဲ့သည်၊ သူ့ရဲ့နှမ၊ ပျောင်းတို့လှ၏၊ ရင်မရွှေခဲ၊ ရှဲ့သည့်မြေခေါင်၊ ခုအောင်မလာ၊ မြင့်လေကြာမူ၊ အခါရတု၊ မင်းရှုသဘင်၊ ရေသွန်းရှင်က၊ အိမ်ရှင်မျိုးမြတ်၊ မတတ်ဆည်တား၊ လွှန်သနားရှင့်၊ နတ်များဖန်ဆင်း၊ နောင်ကပင်း၍၊ မိမင်းနေရာ၊ ကြိမ်ကလာသည်။ ။ငြိမ်စွာမတည်း တောင်လေဖြည်း။

(၃၄) သျှင်တေဇောသာရဆို ရတု (၁)

(ပ) ဌာနတည်၍၊ ရွှေပြည်ကဲ့သို့၊ ရခိုင်မြို့ဝယ်၊ ဆန်းတို့ပေစွ၊ မြော်ပါရသား၊ သိင်္ဂရောင်ရွှန်း၊ ရွှေပုံသွန်းသို့၊ လန်းလန်းလတ်လတ်၊* လိုက်ဘက်တင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကောသာဆံလျှာ၊ ထုံးနောက်စ-နှင့်၊ ချုပ်-ညရီတွင်၊ * ဖြုတ်ခြည်းမြင်သည်။ ။**သျှင်သာ ရခိုင့် တန်ဆောင်လော။**

---

ပုလဲကိုယ်လုံး၊ ဂမ္ဘီးမိုးအာ''ဟု သေးသေးတင် စပ်မှားလေသည် (တွင်းသင်းသတ်ညွှန်း-၄၃၀)။

ဤတွင် ဂဇေပလကိုးပြသော ဘူရိဒတ်လင်္ကာကိုပင် တွင်းသင်း ၄၃၆-၌ မူလေးကြက်ရှန်း၊ ဂမုန်းနံ့ကြွယ်-ဟု ထုတ်ပြထားသည်၊ ရွှေဟသာ ပျို့တွင် သရဘီကြက်ရှန်း၊ ဂမုန်းပျံ့ကြွယ်-ဟု တပည့်တော် သျှင်တေဇောသာရလည်း ထပ်၍စပ်တော်မူပြန်သည် (တွင်းသင်းသတ်ညွှန်း-၄၃၆)။

(၃၄) ဤရတုကို ကဗျာသာရတ္ထ ၂၇၅-၌ တွေ့ရသည်၊ ကံနီမြို့စား သီရိနော်ရထာလည်း သိုဟန်ဘွားသည် မိန္ထာဒိန္နဖြစ်ခဲ့သည်၊ ထိုနှင့်လျော်သော ဝတ္ထုကို ဝိရင်သဖြင့် သာသနာတော်၌ ယုံကြည်သဒ္ဓါမည်

www.kelasa.org



(ဒု) **သာလုစည်၍**၊ ရွှေပြည်ရပ်သူ၊ ထိုမျှလူဝယ်၊ ပြိုင်တူမထင်၊ သည် သခင်မူ၊ ရုပ်သွင်ပျိုချော၊ တင့်မောပေစွ၊ သဘောတည်ကြည်၊ မြတ်မူနည်းနှင့်၊ ရွှေရည်ရုပ်တု၊ ပုံသွန်းပြုသို့၊ ပျိုနုထွတ်ထွတ်၊ ဝင်းရှိမ်းလတ်မူ၊ သွယ်ပတ် ငေငေ၊ ထုံး နောက် ခွေနှင့်၊ တင့်နေ စလျှာ၊ ဆည်းရီညဝယ်၊ လွလွဖြူစင်၊ ပေါ်ရှုတင်၍၊ ထမ်းစင်ယဉ်သာ၊ စီးစကာတည်း၊ သူဇာပေပင်၊ ရှင့်ဆင်းပြင်မူ၊ မြင်လျှင် *လွန်ကြူး၊ အံ့မိန်းမူးသည်။ ။**သောက်ရှူးသော်တာ * အရောင်လော။**

(တ) **ဝါလလည်၍**၊ ရွှေပြည်ရောက်စ၊ ရှေးသော်ကမူ၊မဖျဆင်းပြင်၊သည်သခင်ကို၊ မြင်လျှင်*လွန်ကျူး၊ သောက်ရှူးသော်တာ၊ လ-အစါသို့၊ ပြင်လျှာ * ဆို့

---

မသိ၊ ကျမ်းတစောင်ဖွဲ့ဆိုတော်မူပါ တောင်းပန်၍ မွေပဒဝတ္ထု ပြာဋိဟာခန်းကို သျှင်ရဋ္ဌသာရတပည့် စကိုင်းတွင် ရှိနေရစ်သည့် သျှင်တေဇောသာရ ဆိုတော်မူသည်၊ ၉၉၀-တွင်ပြီး၏၊ ထိုအခါ ရခိုင်နှင့် သံတမန် အရောက်အပေါက်ရှိ၍မဟာမုနိဘုရားသျှင်ကိုရှိခိုးပူဇော်သျှင်တေဇောသာရ သင်္ဃာအများနှင့် သွားလေ၍ ရခိုင်သို့ရောက်လျှင် စာပေဆက်သွင်းသောကြောင့် ကျမ်းဂန်လိမ္မာကြောင်းသိ၍ အခြားသင်္ဃာများ ပြန်သွားကြသော်လည်း သျှင်တေဇောသာရမပြန်ရ၊ ရခိုင်ဘုရင်ကချုပ်ထားရာတွင် အကြီးပြုသူညီတော်ရင်း နှင့်ရှမ်းမင်းစေတို့အတူမကွာလိုက်ပါရမည့်အကြောင်းကို လျှောက်ပါဟု ရခိုင်အမတ်ရာဇသင်္ကြံ ကိုယ်ရံတော်အမှူးကို ငါ့ညီရင်းနှင့် မိုးညွင်းမင်းစေ အတူလိုက်ပါအံ့ ဟူ၍လည်းတောင်း

ဆည်း၊ ရွှေ *ဖျင်ပည်းဝယ်၊ *စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှော်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မဇီပါခဲ့၊ သည်လျှာမချွတ်၊ နောင်မင်း မှတ်သည်။ ။မိုးနတ်သူဇာ * အယောင်လော။

---

၃၅-သျှင်တေဇောသာရဆို ရတု(၂)

(ပ)*နှစ်ကူးလည်၍၊ မိုးစည်ပုံ့ပျုံး၊ ဆော်ရိုက်ကျုံးက၊ တလူးတလည်၊ တဆန်းမြည်သည်၊ တို့ပြည်*မြူဗွာ၊ အရှေ့မှာနှင့်၊ *ဘာသာမတူ၊ ရခိုင်မူကား၊ လူလည်းတထွေ၊ ရေလည်းတခြား၊ ဖျားလည်းတက်သက်၊ ကျောက်မက်ချင်ဘွယ်၊ ပင်လယ်ချောင်းမြောင်း၊ မကြိုး*ထောင်းလည်း၊ဆောင်းဆောင်းဆိုင်းဆိုင်း၊ပြိုင်းရရှိုင်းတိ၊ မှိုင်းမှိုင်းအုပ်တွေ၊ ဝေဝေမို့မို့၊ ညို့ရရို့နှင့်၊မြသို့ရှိမ်းရှိမ်း၊ ခပ်သိမ်းတောတောင်၊ ကုန်အောင်ပတ်ကုံး၊ မြော်-မဆုံးသည်။ ။နှလုံးများဘွယ် ရှိလှ၏။

---

စာပေကာမ်းသော်လည်း ခွင့်မရသောကြောင့်“ဓာနုတည်၍”ရတုကိုဆိုရာတွင် သီလမရှိသည့် ရဟန်းဖြစ်သည်၊ ပြန်စေတော့ ရခိုင်မင်းကလွှတ်၍ပြန်လာရ၏၊ (တွင်းသင်းရာဇဝင်-၂၀၂ ပေရှုမှကူးလက်ရေးမူ)။

(၃၅) ဤရတု မဟာကဗျာ ၆၄, မြန်မာစာညွှန့်ပေါင်း ပ-၆၆,ကဗျာသာရတ္ထ-၂၇၇-၌ ပါ၏၊ ရခိုင်ပြည်မှ မြန်မာပြည် စကိုင်းမြို့သို့ ပြန်လာချင်ကြောင်းနှင့် ဘဝည့်သျှင်တေဇောသာရစေ၍ ရခိုင်မင်းသို့ သျှင်မဟာရဋ္ဌသာရပေးသည့်ရတုပိုင်စုံ(လက်ဝဲနော်ရထာမှတ်ချက်၊ကဗျာသာရတ္ထ ၂၇၇-၌လည်းပါသည်)။

www.kelasa.org



(ဒု)ထစ်ကျုံးမြည်၍၊တိမ်ပြည်မမြင်၊ထက်ကောင်းကင်က၊ သို့ပင်မနေ၊ နေ့တိုင်းဖွေသော်၊ လွမ်းတွေ များဘွယ်၊အသွယ်သွယ်လျှင်၊ ငယ်ရွယ်အစစ်၊ အောက်မေ့လစ်က၊*မနှစ်မရှုး၊†ကျွန်းထင်းပါးသို့၊ စကားထက်မြက်၊ညီပေလျက်တုံ၊*စိုက်စက်လည်းခေါ်၊ကျော်သည်ဝေးနီး၊ဘုရားကြီးက၊ ဖျင်ညီးကုန်အောင်၊ ရွှေတောင်ရှင်ချစ်၊မွေနှစ်ပည်းဖျင်၊ မြို့လယ်တွင်နိုက်၊ဘုရင်စေတီ၊ အညီသင့်လျော်၊အရာတော်ကို၊မနေ့ မျက်ရှု၊ကြေးမုံ ပြု၍ကောင်းမှုလည်းပွါး၊ ကံ-သုံးပါးဖြင့်၊စကားနှစ်ပင်၊ ပူဇော်တင်၍၊ စိတ်ရှင်ကြည်ဆုံး၊ သတင်းသုံးသည်။ ။အဆုံးဖျားဝယ် ငြိလှ၏။

(တ) ရှစ်ဦးတည်၍၊ ရွှေပြည်ရွှေနန်း၊ ရွှေဘုံကျွန်းဝယ်၊ မော်ကွန်းထားလှည့်၊ လုံးစုံပြည့်သား၊ ဆီတည့်လက်ယာ၊ နေထွက်ရာက၊ ကမ္ဘာစဉ်တိုင်း၊ တုဘက်နှိုင်းသား၊ စကိုင်းပင်းယ၊ အာဝမင်းဝံ၊ပုဂံအကြေ၊သရေခေတ္တရာ၊ ထိုရပ်မှာကား၊ သို့ခါအလို၊ ဝါဆိုမိုးလာ၊ ရောက်လာကလျှင်၊ တုပစီရင်၊ မြတ်ဆံသျှင်ဝယ်၊ သဘင်ပွဲကြီး၊ အဖြိုးဖြိုးတည့်၊ ဆီမီးမဆုံး၊သတင်းသုံး၍၊ နေ့လုံးမချာ၊ တရားနာမှ၊ သဒ္ဓါမြတ်လေး၊ ဆွမ်းလုပ်ကျွေး၍၊ အရေးတခြား၊ တပါးသည်မှာ၊ ကြမ္မာလည်းဆော်၊ မပျော်နှလုံး၊ မရှင်ပြုံးသည်။ ။ပခုံးပါးဝယ် ထိလှ၏။

---

(ဒု)† ကျွန်းထင်းပါးသို့ (ရှိမ္မကားပေမူ)
ချွမ်းတင်းပါး (ပေမူတစောင်)

## ၃၆-မိဖြူဆိုရတု

(ပ) **ကျွန်းတွင်ဇမ္ဗူ၊** ကျွန်ုပ်ဟူသား၊ [†သောင်းယူဇနာ၊ ဗောဓိချာထက်၊ ကမ္ဘာဦးက၊ ပေါ်စမှန်ငြား၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၊စကြာမန္ဓာတ်၊] မချွတ်ကောန်၊ ဖြစ်မြဲမှန်သား၊ နိဗ္ဗာန်တူရူ၊ ကူးသောသူတို့၊ ရှေးရှုလေရာ၊ သည်ကသာလျှင်၊ဆိပ်ညာဖြောင့်တန်း၊ မကောက်ယွန်းသည်။ ။**ကျွန်းတွင်ဇမ္ဗူသာ တကား။**

(ခ) **ပန်းတွင်မဥ္ဇူ၊** ကျွန်ုပ်ဟူသား၊ လိုင်ကြန့်သာ၊ ဂန္ဓမာဝယ်၊ [‡လိုင်သာ ထိပ်ခွင်၊ ရာများ ရှင်ထက်၊] ရာစင်အခြင့်၊ရွှန်းရွှန်းပွင့်သား၊ မြနှင့်နှိုင်းအင်၊ ထိုပန်းဝင်ကို၊ မြင်လျှင်မချွတ်၊ အာရုံမှတ်၍၊ မပြတ်လူတွင်၊ ဖန်စီရင်သား၊[ရေတွင်ကြည်းပန်း၊ညွှတ်၍ဝန်းသည်]။ ။**ပန်းတွင် မဥ္ဇူသာ တကား။**

---

(၃၆) ကဗျာဗန္ဓ, ၁၃၄, မြန်မာစာညွှန့်ပေါင်း ပ-ဝ၂, ဝေါရာဏဒီပနီ ပ-၂၉၆, ကဗျာညွှန့်ပေါင်း နည်းလမ်းကောင်း ၂၅၂, ကဗျာသောတ္တ ဂ၁-တိုင်၌ မူအကွဲကွဲရှိသည်။

[ ]† သောင်းယူဇနာ၊ အောင်မြေချာ၌၊ မဟာဗောဓိ၊ တုမရှိသည်၊ သီရိမြတေ၊ သုံးဉာဏ်ထွေဖြင့်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာက၊ စကြာမန္ဓာတ်၊ စက္ကဝတ်တို့၊ (ကဗျာဗန္ဓ,မြန်မာစာညွှန့်ပေါင်း,ဝေါရာဏဒီပနီ)။

[ ]‡ ကွင်းအတွင်း စကားရပ် ရှိပြီးမူများ၌ မပါ၊ လိုင်- အချို့နေရာ၌ လိုဏ်- ဤရတု၌ လိုင်-ပေမူ အတိုင်းထည့်သည်။

www.kelasa.org



(ဏ) **နန်းတွင်မိဖြူ၊** ကျွန်ုပ်ဟူသား၊ ကြီးထူပညာ၊ ဥစ္စာရည်သွား၊ မျိုးမည်အားနှင့်၊ သားလည်းစုံအင်၊ ကြွယ်နှင့်ဖျင်လိမ္မာ၊ မြင်မြင်သမျှ၊ သိပ္ပခေါင်ထွတ်၊ တတ်ပါသည်ချည်း၊ ဖွဲ့နည်းကဗျာ၊ လင်္ကာရတု၊ ဆိုမှုရှရှ၊ ကြားကပြေပြစ်၊ ကညစ်ငုံချွန်း၊ ရေးသူပန်းလိမ္မာ၊ ရွှေနန်းနိုက်တွင်၊ ဘက်မမြင်သည်။ ။**နန်းတွင်မိဖြူသာ တကား။**

---

## ၃၇-မိညိုဆိုရတု

(ပ) **တောင်တွင်မြင့်မိုရ်၊** ကျွန်ုပ်ဆိုသား၊ ရေညှိရစ်သန်း၊ ရံလျက်ဝန်း၍၊လေးကျွန်းအလယ်၊လေးသွယ်ခြည်ရောင်၊ တပြောင်ပြောင်နှင့်၊ ဘုန်ခေါင်-ပ-ထွတ်၊ သုံးပါးနတ်လျှင်၊ မချွတ်ဓမ္မတာ၊ ဘိဓမ္မာကို၊ မြတ်စွာအခေါင်၊ ကြားလွှဲဆောင်သည်။ ။**တောင်တွင်မြင့်မိုရ်သာ တကား။**

(ခ) **စည်တွင်*ပဟိုရ်၊**ကျွန်ုပ်ဆိုသား၊ခါကိုသိစေ၊ ရှစ်ကြိမ်နေဖြင့်၊ [ချက်ရေမရွှေ၊တီးခလေ့ကား၊ညဥ့်နေ့နာရီ၊ ခြောက်ဆယ်စီလျှင်၊ ချက်ချီလှည့်ကျူး၊ ညဦးသန်ကောင်၊ သောက်ရောင် မိုးသောက်၊ မွန်းတည့်

---

(၃၇) စစ်ကိုင်း မိညို,မိဖြူ ပညာရှိ စကားတောင်စားတို့လည်း စစ်ကိုင်းမင်း စည်သူကျော်ထင် လက်ထက် ၉၁၀-တွင် ဖြစ်ကြောင်း သိရသည် (ဝေါဟာရလီနတ္ထဒီပနီ ၂ဂဂ)

[ ]တွက်ရေ လည်းကူး၊ ညဦး သန်းကောင်၊ သောက်ရောင် တိုင်ရောက်၊ ‖ထွန်းလင်း ရောက်က၊ ဝမ်းမြောက်ရှင်လန်း၊ လူရဟန်းတို့ (ရှိမ္ဘကားပေမူ)။

မရောယာ၊ ဝမ်းမြောက် ရွှင်လန်း၊] လူ့ရဟန်းတို့
ထက်ဝန်းဖူးမြင်၊ သိစိရင်သည်။ ။**စည်တွင် ပဟိုရ်
သာ တကား။**

(တ) နန်းတွင်မိညို၊ ကျွန်ုပ်ဆိုသား၊ မှောင်ကို
ပယ်လင်း၊ သိမ်းစင်းသို့၊ အဆင်းငါးမည်၊ သီလတည်
လျက်၊ [ညက်ကြည်ချောတွေ၊ သရေသုံးထပ်၊ စောင့်ကြပ်
မကွာ၊ ရှိသေစွာသား၊ ဆရာရှေးက၊ ဆုံးမစကား၊
ခွန်းဆယ်ပါးကို၊ မှတ်သားလေ့၊] ပြော၍မဆို၊ သူ့ကို
နှိပ်စက်၊ ဟန်မထွက်တည်း၊ ဒွန်တက်ပညာ၊ လင်္ကာ
ရတု၊ ဆိုမှုရွှန်ရွှန်း၊ ကြားကစိတ်ဝမ်း၊ သူ့နားချမ်းလိမ့်၊
[ခွဲခြမ်းထိုသို့၊ တောင်နှယ်ပို့မျှ၊ မချို့ကျယ်တွင်၊ ဘက်
မမြင်သည်]။ ။**နန်းတွင် မိညိုသာ တကား။**

---

(၃၈) လျှော်ကားသုံးထောင်မှူးဆို ရတု (၁)

(ပ) **မေရုပတို၊** မြင့်မိုရ်ဦးကိုင်၊ * ပန်းလည်
တိုင်ကို၊ ကြံ့ခိုင်စွာနိုး၊ ပွတ်ငင်ကြိုးသို့၊ ရေမျိုးဇာတိ၊
မဟိဒ္ဓိနှင့်၊ * တရိဝက်ဘ်၊ သုံးရစ်ဘော်မှ၊ အဖျော်
ဆယ်ခု၊ ထောပတ်ပြု၍၊ †ဥသုဂတ်၊ ဂေါဏောသွန်ဟု၊
မြင်ဟန်မျက်စိ၊ တထောင်ရှိသား၊ မြင့်ဘိဥက္ကောင်း၊
တောင်လည်း ကောင်းလျှင်၊ ခေါ်သောင်း မည်ပင်၊
ထောင်နေစင်တီ၊ ကိုယ်လျှင်လက်ခြေ၊ နှစ်ထောင်နေမှ၊
* ပရမေသွရာ၊ ဖန်ဆင်းလှာသို့၊ သိကြားဘုံမြင့်၊ ရိပ်မြွှ
ဖွင့်၍၊ ရှင်ပင့်ဘေးဘိုး၊ ကျွန်းလုံးစိုးသည်။ ။**နန်းရိုး
တည်စ ပင်ကိုသော။**

(ဒု) မြေထု *နဂို၊ ချက်ထိပ်ခို၍၊ တောင်ညို *မ
လည်၊ ပွင့်လင်းစည်သား၊ ဆွေသည်ဘော်ကွာ၊ အိမ်သူ
ရှာသော်၊ မြင်လျာရူပ၊ နဂါးမနှင့်၊ မာယမြေးရင်း၊
နေနတ်မင်း၏၊ ရင်တွင်းသားတော်၊ တူစုံပျော်မှ၊ ဘွား
မြော်အစ၊ သကြားမ၍၊ သိပ္ပမနေ၊ လေးမှုတက်ပွန်၊
လက်ရုံးအန်ဖြင့်၊ နိုင်တန်ရှေးဦး၊ ငှက်ဘီလူးက၊ စား
ကြူးဆီခဲ၊ ဝက်ထီးရဲကို၊ အောင်ပွဲခွင်းလတ်၊ အရိမဒ်
ဝယ်၊ တိုက်သတ်ဥမျိုး၊ ရန်ညွှန့်ချိုးသည်။ ။**တန်းခိုး
ရည်မျှ ပင်ကိုသော။**

(တ) * **ဝေဠုအညီ၊** စိမ်းမြစိုသား၊ မြင့်မိုရ်ထုတ်
သန်း၊ မြခါးပန်း၏၊ မယွန်းပေါ်ထူး၊ တောင်စူးစူးဝယ်၊
* ကျွန်းဦးသပြေ၊ * ညှာမှကြွေသော်၊ ကျပေတုံလှာ၊
ရေမျက်နှာထက်၊ သံဝါကျူးတွန်၊ နှစ်လေဟန်မူ၊ မြွတ်

---

(၃၈) လျှော်ကား သုံးထောင်မှူးသည် ရွှေနန်းကြော့ရှင် လက်ထက် နောင်တော်မင်းပြိုင် သားတော် ရွှေနော်ရထာကို ရေမှာဖျောက်သည့်ကာလ ရွှေနော်ရထာ ကျွန်ဖြစ်သည်နှင့် အဝတွင်မနေဝံ့၍တောင်ငူကေတုမတီသို့ရောက်သည် (တွင်းသင်းရာဇဝင်)၊ ဤရတုနှစ်ပုဒ်လုံးကိုပင် တွင်းသင်းရာဇဝင် ၁၄,၃၁ ဝေါဟာရလီနတ္ထဒီပနီ ၃၅၄ တို့၌ အကိုးပြု၍ သုံးထောင်မှူးဆိုဟုပြသည်၊ ကဗျာညွှန့်ပေါင်း ၆၈,မြန်မာစာညွှန့်ပေါင်း ပ-၈၃, ပေါရာဏဒီပနီ ပ-၃၆၀- ၌ တောင်ငူနဝဒေးတူ လျှော်ကားသုံးထောင်မှူးဟုစာခေါင်းတပ်ပြသည်၊

† ဥဿုတော်သွန်၊ ဂေါဏောမွန်ဟု (ပေမူ)၊ ဥသုတောသွန်၊ ဂေါဏောဝန်ဟု (တွင်းသင်း ရာဇဝင် ပေမူ-၁၄)၊ မှီရွှေးမှတ်စု ၇၅-၌ မှီရွှေးဆရာတော် သုတ်သင်ချက်အရ ပြင်ထည့်သည်။



www.kelasa.org

ပြွတ်ဟု၏၊ ပေါ်မူထူးလည်၊ ပြွန်းပြွန်းမြည်သား၊ နတ်စည်ကာစ၊ ပေး၍ရသည်၊ သာလှလေဘိ၊ဘုန်းဇာတိဖြင့်၊ အရိမဒ္ဒနာ၊ ပေါက္ကာရာမ၊ ဥကာသ်ဝယ်၊ ပြန့်ထထိပ်မိုး၊ တီးခေဆော်နှိုးသည်၊ ။ဘေးဘိုးသည်က ပင်ကိုသော။

(၃၉) လှော်ကားသုံးထောင်မှူးဆို ရတု (၂)

(ပ) **လူမစိုက်တည့်၊** *အကိုက်မြနည်း၊ ပေါ်ကတည်းက၊ *တင့်ရည်းမှတ်ရည်၊ ပန်းစိမ့်သည်ဟု၊ မည်သည်ကာလ၊ မဆိုရတည့်၊ နို့စွမကျွေ၊ ထံပါးနေ၍၊ ယုံထွေကြည်စွာ၊ နတ်တို့သာလျှင်၊ နန္ဒာကန်မှ၊ ယူဆောင်သလျက်၊ နေလကိုလည်း၊ ကြည့်စောင့်စည်းဟု၊ သိပ်သည်းစေလို့၊ မှာပန့်ဆိုသျက်၊ မြစ်ကိုရင်းတည်။ ။**သွန်းထွာသည်လည်း ရေကြည်မြ။**

(ဒု) **တူ-မဆိုက်တည့်၊** ထိပ်နှိုက်ခေါင်ဖျား၊ နတ်သကြားလျှင်၊ လေးပါးသက်ဝေ၊ ပန့်စိမ့်ထွေဟု၊ ထုံရေသွန်းလျက်၊ မပျက်ရက်ဖြင့်၊ ဝင်ထွက်*ဆီးဆ၊ ဆောင်းဦးကသည်၊ *ရှုက္ခစိုးမှတ်၊ လွတ်ကြီးလွတ်၍၊ ဘုံထွတ်ဒိသာ၊ထက်အာကာက၊ မကြာ*လှုလှုပွင့်အံ့ရှုလည်း၊ ရတုဂိမှာန့်၊ ချိန်-မတန်သော်၊ ဆံစွန် * မုန့်ညင်း၊ မငုံကင်းတည့်၊ ဝင်းဝင်း လျှံတောက်၊ အခါရောက်က၊ ပိတောက်ရွှေရည်။ ။**ပွင့်ဘိသည်လည်း နွေလည်မှ။**

(၃၉) နဝဒေး ၁၃၂-နှင့် နဝဒေးဆို မယ်ဘွဲ့ဟု ပြသည်၊ လက်ဝဲနော်ရထာက သုံးထောင်မှူးရေးဟု ဆိုသည်၊ ပိတောက်ပန်းဘွဲ့။

www.kelasa.org



(တ) **သူမကြိုက်တည့်၊** ရွေးနှိုက်ဆိုလှာ၊ ဘုန်းကြမ္မာကြောင့်၊ နောင်သာရှုးမူး၊ ကြင်ချေဦးရှင့်၊ ပို့ပျူးရှိသော၊ ဘလျှာက်ဝံ့တွေမူ၊သုံးနွေသုံးဆောင်း၊ သုံးမိုယ်းပြောင်းမျှ၊ ဖြားယောင်းသံချို၊ ဂတိဆိုလည်း၊ ပြာညိုဝင်းလဲ့၊ ငယ်လွန်းခဲ့၍၊ ပြုံပြုံ့ကျီးအင်၊ မထင်လျှင်တည့်၊ သို့ပင်မနေ၊ လက်ခြေမချ၊ လျှောက်ပန့်ရမူ၊ သံမြွေထွေငေါ်၊ ကျွန်ဖြစ်သော်ကား၊ မယ်တော်ဘမင်း၊ သားအရင်းဟု၊ ပို့ညင်းသာကြည်။ ။**မြွက်ပေသည်လည်း ဆွေရည်စ။**

(၄၀) လှော်ကားသုံးထောင်မှူးဆို ရတု (၃)

(ပ) **အာဒိကမ္ဘာ၊** ပေါ်ဦးခါက၊ အောင်ချာ*နဂို၊ *ဗဟိုလယ်ချက်၊ ကျွန်းထိပ်ထက်ဝယ်၊ အေးမြက်ပျံ့ကြိုင်၊ ဘဝင်လှိုင်မျှ၊ ပွင့်ခိုင်ရွှေလှော်၊ **အဟော်ဝတ၊** ပဒ္မပုပ္ဖါ၊ နိမိတ်ကြာနှိုက်၊ ရောင်ဝါနီမြန်း၊ ကြာသက်နန်းကို၊ ထူးဆန်းအံ့ရာ၊ ငါးစုံပါသော်၊ ဖြူဟွာနတ်ဆွေ၊ ယူဆွတ်ခြေမှ၊ ပရမေရောင်ဗွန်၊ လေးတန်ဗုဒ္ဓ၊ ကပ်လိုက်ရ၏၊ ကောဗုဒ္ဓ၊ စီဝရံကို၊ သဟံပြုဟွာ၊ နောင်လာစီးပွါး၊ ချန့်ဗွက်ထား၍၊ ကျော်ကြားပတ်ကုံး၊ သောင်းခန်းလုံးဝယ်၊ မဆုံး ဗွန့်သည်း၊ မြေကြီး ကြည်းမျှ၊ မိတည်းနောင်သော်၊ မြတ်ကုံကော်နှိုက်၊ လေးဘော်သစ္စာ၊ ခြောက်ဖြာရောင်ခြည်၊ ပွင့်လမည်ဟု၊ လူ့ပြည်

(၄၀) အရိမေတ္တေယျ ဘုရားတိုင် ရတု၊ သုံးထောင်မှူးဆို အာဒိကမ္ဘာချိန်၌ "သီလမက္ခာ၊ ဘာဝနာတည့်၊ နေအာရုံတက်" (လောကဟိတရာသီခွဲထား ၂၉၀, ဂဇဗလသတ်ညွှန်း-၀၇)။

နတ်ရွာ၊ မြဟ္ဗာကစ၊ ဖျင်မျှပြောထု၊ ရှုံးလှာစုသည်။ ။
**ကေတုမတီ ထွင်တကား။**

(ဒ) **သာတိစံရာ၊** လောင်းတကာတို့၊ **အောင်ချာ** ချက်မှတ်၊ ဇာတိမြတ်ဟု၊ လူနတ်ပျော်ရာ၊ တုသိဘာ နိုက်၊ မဟာသုခ၊ စံပြီးမှလျှင်၊ ဒေဝသီရိ၊ သမ္ဗုတ္တိဖြင့်၊ တာဒိတူတီ၊ သုဗ်သကြော၊ ယာစီတောမှ၊ နမောဝန္တီ၊ အာခံ၍၊ လူ့ထံသန္ဓေ၊ တီဟိတ်နေလျက်၊ ရုံတွေ အပေါင်း၊ † ရှစ်သောင်းထွတ်ထား၊ မိဘုရားနှင့်၊ နှစ်ပါး မောင်နှံ၊ ပြာသာဒ်ပုံထက်၊ ရွှေးကံပင်ဆော်၊ တောထွက် သော်လျှင်၊ ကံ့ကော်မြပင်၊ ရွှေပလ္လင်ထက်၊ အောင်မြင် သစ္စာ၊ ပွင့်သောခါမှ၊ မကွာတူပင်၊ အစုံလျှင်တည့်၊ သာ ရှင်လူလူ၊ ကျွတ်မည်ဆုသည်။ ။**ဆွေစု တညီပင်တကား။**

(တ) **ဇာတိကြံရာ၊** သာသနာဝယ်၊ လှူဒါ ရင်း တည်၊ သဒ္ဓါကြည်၍၊ ငါးမည်ပဋ္ဌ၊ သီလမကွာ၊ ဘာဝ နာတည့်၊ * နေ အာရုဏ်တက်၊ နံနက် * မိုးချုပ်၊ ရှိအုပ်ဦးထား၊ ဆယ်ပါးကျိုးညွှန်း၊ ကမ္မဋ္ဌာန်းကို၊ စီး ဖြန်းမမေ့၊ တထေ့တွေ့လျှင်၊ အောက်မေ့ * သွတ်လှယ်၊ သရဏ္ဍာယ်၍၊ ရန်ပယ်ပျောက်ကွာ၊ မေတ္တာပရိတ်၊ ငြိမ်သည်စိတ်ဖြင့်၊ ကျိန်းမှိတ်မည်၊ မုခ်မုခ၊ ဓာရဏာဖြင့်၊ အာမဝန္တိ၊ အမတံ ပဒံ၊ နိဗ္ဗာန်ဖွန်ကို၊ အာဂန္တွာန၊ သမဂ္ဂဖြင့်၊ ထွန်းပ * ရောင်ချိဒ်၊ ကံ့ကော် ရိုပ်နိုက်၊ နှိုနှိုပ်တရား၊ မာရ်ငါးပါးကို၊ ထွားထွားဖျောက်ကြဉ်၊

(၃) † ပေမူဉ္ဇသျှစ်သောင်းဟု အရေးတွေ့ရသော်လည်း ခေတ်မြင် ရေးဟန်အတိုင်း ပြင်ထည့်သည်။

www.kelasa.org



အောင်သောစဉ်တွင်၊ သဗ္ဗညုတ၊ ဉာဏကွန်ရက်၊ ဖြန့် လျက်အချာ၊ ရှုံးသောခါမှ၊ မေတ္တာထပ်မွှမ်း၊ ဖျိုင်ယ် ကျွမ်းကို၊ **တလမ်းတည်းဝင်၊** ရွှေလက်ငင်၍၊ မစင် ညစ်ကျူ၊ မကောင်းမှုသည်။ ။**မေ့လုမမီခင်တကား။**

၄၁–လှော်ကားသုံးထောင်မှူးဆို ရတု (၄)

(ပ) * **ထုံးတခုလျှင်၊** ပြင်နှ * ဆို့ သည်း၊ ချစ်ဘွယ် ချည်းတည့်၊ အမည်းအပြာ၊ အဝါစိမ်းမြ၊ ဖြူပြောက်လှ သား၊ မြစ်စကမ်းနား၊ မသွားပုံ့ဝဲ၊ မနေမြဲကို၊ သည်းထဲ ပူပျောင်း၊ တချောင်းချောင်းလျှင်၊ ရိပ်ကောင်း သစ် စည်၊ နေခြည်မချင်း၊ * ပျဉ်းပင်ရင်းနိုက်၊ မျှော်တင်းမျက် စီ၊ ဖော်မရှိ၍၊ တ–ဘိသလော၊ သနားမောစွ၊ ပျောပျော မိန်းလှည့်၊ တို့ကိုကြည့်၍၊ သာ၏မြည်ခြင်း၊ နောင်ဝဲ ရင်းဝယ်။ ။ * **ပိန်ညင်းဘယ်မှုကြည်းသနည်း။**

(ဒ) **သုံးရတုလျှင်၊** ရွက်နုစိမ်းရင့်၊ ထပ်တာ ဆင့် တည့်၊ သီးပွင့်ငုံကင်း၊ မြဆင်းမည်ညီ၊ နှင်းမိုးတိ–စွေ၊ တောင်လေ–တီဖြည်း၊ မှောင်မည်းတိ–ဆိုင်း၊ ခနှကတိုင်း လျှင်၊ * မြစ်ကိုင်းရင့်ဖူး၊ ပြောင်းနှင့်လူးလည်း၊ ခက်ဦး ပေါ်စ၊ နေ * ခပ်ပျဝယ်၊ ဆောင်းလပိုးဝါး၊ ရွှေကြိုးကြား ကို၊ သနားဘော်ကင်း၊ အလွမ်းပြင်း၍၊ ပိန်ညင်းကြည်း ရာ၊ ညိုညွှတ်ပါသော်၊ လျှပ်ဝါဂိုးဝင်း၊ ရွှာထန်ပြင်း သည်၊ ။**မိုးမင်းဘယ်မှု သည်းသနည်း။**

(၄၁) နဝဒေးရတု ၂၂၈–နှင့်အလုံးစုံတူသည်၊ "သုံးရတု လျှင်,ရှုံးကစုလျှင်စသည်ဖြင့် ကာလဥတုကို ရတုဆို သော အရာထင်၏" (ဝေါဟာရတ္ထပကာသနီ– ၃၇၀)။

(တ)ရှုံးကစုံလျှင်၊နှစ်ခုတကိုယ်*၊နှုတ်ထည့်ဆိုသို့၊
မြည်လိုပိန်ညင်း၊ သန်မိုးကြွင်းဝယ်၊လေညင်းဖြည်းတုံ၊
ငှက်ကြည်းတို့လျှင်၊ တစုံမက်မက်၊ တနေ့ရက်ဝယ်၊ ဖြစ်
ဘက်လိုတူ၊ဆွေမျိုးဟူသို့၊ မည်သူကြိုဘော်၊ မနိုးဆော်
လည်း၊ မျှော်သော်မြော်မြဲ၊ ချစ်ဝမ်းကွဲရှင့်၊ ရှင်နှဲ့ကြင်
ကျွမ်း၊ မိမင်းဝမ်းနှင့်၊နောင်ဝမ်းထပ်ပေါင်း၊ သို့လည်း
ကောင်းဟု၊ စုံပေါင်းနတ်မင်း၊ ရှုဖန်ဆင်းသည်။ ။
ဘက်ငင်းဘယ်မူရည်းသနည်း။

---

၄၂-လျှော်ကားသုံးထောင်မှူးဆိုရတု(၅)

(ပ) **သဘင်ခါလည်၊တာဦးမည်က၊** နန်းတည်ဘုံ
မြေ၊ ခေတ္တနေသည်၊ ဘော်ရွှေငယ်ချင်း၊ သွင်နတ်ဆင်း
သို့၊ ရွှေဝင်းပျံ့မွှန်း၊ ကြံဖြန်းသာရှင်၊ လှေလျှင်လှော်ညီ၊
တက်ပြိုင်ချီ၍၊မွေ့ပြီဓာတ်ပုံ၊ရှင်တော်စုံဝယ်၊ ပွင့်ငုံ ခက်
ဖြာ၊ *မြို့တာသင်းပျံ့၊ ရနံ့ထုံရည်၊ မည်သည်မကျန်၊
သာမောဟန်ကို၊ ကျူးလွန်တွေတွေ၊ မြော်မိလေက၊ ရဲ
နေမတ်လျှာ၊မရောက်လှာဟု၊မြော်ရှာသည်ညင်း၊တ-လိမ့်
မြင်းကိုမကြွင်းခံရှိ၊ ကျွန်ုပ်သိ၏၊ မိုးထိလုကာ၊ လွမ်း
ဖျာပါသည်။ ။**သူ့မှာပျော်မည် ဝေးတော့သည်။**

(ခ) **အသွင်မြာခြည်၊** ပြောင်းမှုနည်းနှင့်၊ မရည်
*မချိပ်၊ခြရိပ်လိုလို၊မည်းညိုလှည့်ရစ်၊ကြွေ၍သစ်ဆော်၊
ရွှေနစ်စံခဲ၊ရဲရဲပွင့်တာ၊စကာမီးလျှံသို့၊ ညိုပျံ့ကြိုင်လွှင့်၊ တော

(၄၂) နဝဒေးရတု-၁၅၆-ခါလည်သဘင်, မြာခြည် အ
သွင်,ကြာမည်မထင် ချီရတုပိုဒ်စုံကို သုံးထောင်မှူး
က သိုက်စဉ်သည်ဟု လက်ဝဲနော်ရထာမှာသည်။

www.kelasa.org



လုံးတင့်မျှ၊ ကင်းရင့်သီးခိုင်၊ လွမ်းဘွယ်ပြိုင်က၊ မနိုင်
တားဆည်၊ ပျောင်းမှုနည်းနှင့်၊ ချမ်းကြည်ပျံ့ကြူ၊ညောင်
ရေလျှူလည်း၊ တရှူညှိုးမြန်း၊ စင်တဲခန်းဝယ်၊ အိကျနန်း
သာမော၊ဖြစ်စေသောဟု၊နွဲ့ချောပြာခြေ၊ဘုံထွတ်နေတို့၊
တွက်ရေညှိုးငယ်၊ထောင်းသောနယ်လျှင်၊ငုံသွယ် ညွန့်
လန်း၊[တပ်ချပ်ခန်းဝယ်၊] ခက်ရှုန်းမြာရှည့်၊ ခိုင်ပြည့်
သိမ်းရုံး၊ မသျှုကုံးနှင့်၊ ကြင်ထုံးရစ်နှောင်၊ ဖူးလွှယ်
အောင်ဟု၊ရည်စောင်ညီညာ၊တောင်းပန်ထွာသည်။ ။
**ဆုသာဆော်ရှည် ရှေးတော့သည်။**

(တ) မထင်ကြာမည်၊သူ့ရပ်ပြည်ဝယ်၊ တာရှည်
မမြင့်၊ လွမ်းခွင့်ညွန့်ရှက်၊ ကုံးခက်ပွင့်မြောင်း၊ ပုစဉ်း
တောင်သို့၊ ဆိုယောင်စုံမက်၊ တ-လျက်ခေါ်စိုက်၊ သွမ်း
ပြိုက်ရှိမ်းလျှမ်း၊ နွေတိုင်းရှမ်းမျှ၊ ဆောင်းချမ်းစလွန်၊
တောင်ပြန်လေညောင်း၊ တပေါင်းလွန်လစ်၊ တန်ခူးဖြစ်
က၊ နှုတ်သစ်ဖော်တွေ၊ ချစ်ပတ်မြေ၍၊ ကြာလေနိုးပင်၊
သူ့နှယ်ထင်ခဲ့၊ ညှိစင်ပြာခြည်၊ မျက်တော်ချည်လည်း၊
ခက်သည်ဘို့ရန်၊ မင်းမှုဝန်ကြောင့်၊ စေကျွန်မနား၊
ခေါက်များရွှံ့ကြောက်၊ စာနှင့်လျှောက်သည်၊မနောက်
မျက်ခြည်၊ ဆောက်တည်မတတ်၊ တိမ်းညွှတ်ဖွေရှာ၊
မယ်သို့သာသည်။ ။**ရှုရှာမျှော်လှည့် မေးတော့သည်။**

---

၄၃-လျှော်ကားသုံးထောင်မှူးဆိုရတု(၆)

(ပ) **ဒီဝါကရ၊ပေါ်ဦးစက၊**တွန်းပပြောင်ပြောင်၊
ခြည်တထောင်နှင့်၊ ရန်မှောင်မြှေးခွါ၊ သူရိယာလျှင်၊

(၄၃) တပင်ရွှေထီးနန်းဖွင့်တွင် သုံးထောင်မှူးဆို(လက်ဝဲ
နော်ရထာမှတ်ချက်) ကမ္ဘာဦးသူ၊ဆုကြီးယူ၍၊ တူ

သံခြေချေးချေး၊ခြည်းခြည်းကြွေး၍၊ကွေးကွေးကြားကြား၊
တောင်ကားကားလျှင်၊ မြီးဖျားဖြန့်တုံ၊ ရှုံးရှုံးရှုံ့လျက်၊
ဖော်စုံသန့်ရှင်း၊ ညင်းညင်းသံညီ၊ ကခြင်းသီ၍၊ ဆီဆီ
ဆီတည့်၊ *ရှုကြည့်ကြည့်မိန့်၊ စိန်းစိန်းမြည်ချေ၊စီးတွေ
ရေးရေး၊ ရေ မဝေးတည့်၊ ကမ်းကွေး ကွေ့ချောင်း၊
ချောက်မြောင်မြောင်းဝယ်၊ ဥဒေါင်းရှုန်းရှုန်း၊ စွန်းစွန်း
ခုန်က၊ တမျှပျံ့ပျူး၊ရင့်ရှုကျူးသည်။ ။ဆွတ်နူးသည်းအူ
ဆူလတည်း။

(တ) မူးမူးမော်မော်၊ ပျောပျောမြော်၍၊ခေါ်ခေါ်
မောမော၊ ကျောကျော ရော်လတ်၊ တက်ညွှတ်
ကွေးကွေး၊ စိမ်းခြေကြေးနှင့်၊တထွေးထွေးတုံ၊ပန်းတော
စုံဝယ်၊ အုံအုံမွှမ်းမွှမ်း၊ ညချမ်းခြို့ရုံ၊ စံစံပယ်ပယ်၊
မြီးဆံသွယ်နှင့်၊ လှယ်လှယ်လာလာ၊ ခါခါလည်ဆန့်၊
ဆွန်ဆွန် ဆွန့်နှင့်၊*နန့်နန့် ဖင့်ဖင့်၊ ဝင့်ဝင့် ဟန်ပန်၊
ကျောက်ကန်ဆုတ်တက်၊ ပန်းခက်ယှဉ်ညီ၊ချီချီချချ၊ ယုယ
ဟန်ပန်၊ တင့်တောင်စွန်နှင့်၊ ပျော်ရန်သက်တူ၊ပျော်စိမ့်
ဟူသို့၊ လူလူရှင်ရှင်၊စည်စည်ရှင်လျက်။ မြိုင်ခွင်ပင်လူး၊
ဝိုးသံကျူးသည်။ ။ဖျူးဖျူးလူလူ ပြုလတည်း။

---

၄၅-လှော်ကားသုံးထောင်မှူးဆိုရတု(၈)

(ပ) ကျူးလှတည့်လေ၊ သည်းခေါင်ဝေမျှ၊ ရေ၏
အလယ်၊ စင်ကြယ်သန့်ရှင်း၊ ပုလဲခင်းသို့၊ ဖြူဝင်း
ဆွတ်ဆွတ်၊ ကျွန်းပြင်ထွတ်ဝယ်၊ တွတ်တွတ်ကျာကျာ၊

(၄၅) နဝဒေးရတု ၈၈-နှင့် တူသော်လည်း လက်ဝဲနော်ရထာက သုံးထောင်မှူးရေး ရေလားဟု မှတ်ချက်ထည့်ထားသည်။

www.kelasa.org



မြည်သံသာနှင့်၊* ဘာသာ ဆန်းပြား၊ စကားသံချို
လှုနှယ်ဆို၍၊ မယ်ညိုရေကြက်၊ ကရကွက်နှင့်၊ဆက်ရက်
ကျေးမူ၊သောင်မော်ငှက၊ဘယ်မူပလွှာ၊လွှမ်းဆေးရှာ၍၊
ကျူးလှာသနည်း၊အူသည်းပျောင်းညှို့၊ ဆွတ်ပျံ့မတည်း၊
မူးမော်လည်မျှ၊ ရွှေရည်ဦးသစ်၊ ဇမ္ဗူရစ်သို့၊ ပျိုမျစ်
အရွယ်၊လှချိုးကြွယ်နှင့်၊*သွယ်ဝယ်*ပျူဟာ၊ကျွမ်းစု
သာကို၊ ရှုဋ္ဌါဠ်ရ၊ ဆန်မည်ဟသော်၊ မွေးဘမင်းခြေ၊
မကြာစေနှင့်၊ ဝေဝေတန်းခွး၊ မကျူးမိခင်၊ ပြန်လေ
ကျင်မှ၊ မွေးဘငယ်ပေါင်း၊ သူကောင်းမတ်ရန်၊ချစ်သည်
မှန်အံ့၊ ကောန်စင်စစ်၊ မှာသည်ဖြစ်ကို၊ စိစစ်*စီလျှို၊
အောက်မေ့စဉ်ဝယ်၊ ရေယဉ်သည်းစွာ၊နှစ်ဖြာဆုံလျက်၊
အလယ်ချက်ဝယ်၊ စုံမက်အံ့ဘွယ်၊ နောင်နှယ်လည်း
ကောင်း၊ ဖော်မပေါင်းသည်၊ ။ဥဒေါင်း တလှည့်
ကျူးသတည်း။

(ဒု) မြူးလှတည့်လေ၊ သကြိန်ရေနှင့်၊ လေလည်း
ချိလစ်၊ မြစ်၏ရတု၊ ဖြူနုဝေဝေ၊ နေကားအုံ့ပျူ ငကြင်း
ကြွသော်၊ ဖြူဆွရိပ်ရိပ်၊ ကမ်းထိပ်သာမော၊ မြစ်လယ်
ကြောဝယ်၊ သောသော ကျီးဇွက်၊ အုတ်ကျက်တည်
ထောင်၊ ရွာအယောင်သို့၊ ရံဘောင်ယှဉ်းဆီး၊ ဝိုက်ကြီး
ဆည်ဝ၊ မြုံးသာချ၍၊ ကြောကဝိုက်ဆီး၊ ဝိုက်ကြီးယင်
ပေါ်၊*လည်ကွင်းထောင်နှင့်၊*တန်လောင်လက်နား၊
ဆူးစည်းတား၍၊ ဖောင်ထားတန်း၊ တပသီနှင့်၊ ငင်ချိ
ရကွင်း၊ ယင်းလည်းဆည်တား၊ စန္ဒားယက်သည့်၊
စလှည့်ဖွဲ့ထား၊ ကာတ်ပါးခုံစင်၊ ကြိုးရှင်စထောင်၊ ဆုတ်
ရှောင်ရင်တွန်း၊ လက်မတန်းနှင့်၊ မီးတွန်းထင်းထိုး၊

လုပ်ရိုးတခြား၊ လက်နားဆောင်းလိုက်၊ တုံးတိုက်ကျမ်းငင်၊ တဖျင်ကွန်ပစ်၊ ကြွေးဟစ်ကြော်ငြာ၊ ရေမှာအလို၊ အခြင်းဆို၍၊ တက်ကိုချီမြှောက်၊ ခွင်ရေးကောက်မှ၊ ရေပေါက်ကြဲဖျော်၊ စုန်ဆန် လျှော်၍၊ မြော်မြော်တင်းတင်း၊ လေ့နှင့်ရင်းသည်၊ မြစ်တွင်းစိုးမှူး၊ နံ့တိုင်ဦးတို့၊ သီကျူးအဲအန်၊ တတ်ပွန်စောင်းငြင်း၊ ညခင်းနံ့နက်၊ တက်သက်လူးလာ၊ စီးပွါးရှာလျက်၊ နေဆာခံလျှို၊ ပြင်ထိပ်ခုံထက်၊ သဲပုံစေတီ၊ အညီစုဝေး၊ လူကြီးပေး၍ သုံး, လေး, ငါးရာ၊ အုတ်အာသရဲ၊ တဖွဲ့တပြင်၊ သည်သဘင်ကို၊ ကျွမ်းဝင်ငယ်ပေါင်း၊ သူကောင်းမင်းခြေ၊ မိလေစေလော့၊ မင်းနေ့ဌာန၊ ပြည်မရပ်သူ၊ လှမှန်ကူ-က၊ မှာသမျှကို၊ ဝမ်းကတွေငေါ်၊ အောက်မေ့သော်လည်း၊ ရွှေလျှော်ရည်ကောင်း၊ မီးတွင်ပျောင်းသို့၊ ဖယောင်းနေထိ၊ ချဉ်းချဉ်းအိမျှ၊ မျက်စိနှိုက်တွင်၊ ရေးရေးထင်လျက်၊ မရှင်ဗျာပါ၊ နေလှည့်ရာကို၊ အာကာတိမ်လုံး၊ မြရောင်ဖုံးသို့၊ ချုံးလေသည်ကား၊ မြေးသားခေါ်ရှပ်၊ ခံမှည့်အုပ်သို့၊ ပတ်ချုပ်ဝန်းကျင်၊ မုန့်တိုင်းဆင်သည်။ ။ **မင်းလွင်တလှည့် မြူးသတည်း။**

(တ) ထူးလှတည့်လေ၊ စုံတောမြေနိုက်၊ ရှာဖွေပတ်ညက်၊ တက်သက်ပျံနား၊ ပန်းဝတ်စား၍၊ သနားစဖွယ်၊ လူသူ့နှယ်လျှင်၊ စင်ကြယ်သင်းချော၊ မြူ-မရောသည်၊ မည်းကျောရောင်နက်၊ ဘိတ်ဘိတ်လက်မျှ၊ ရိပ်ခက်သာမော၊ ရဂုံတောဝယ်၊ ဥဩဖော်ကွာ၊ မ-ကို ရှာသည်၊ [တိမ္မာရှိ၏၊ မထူးလှည့်တည့်၊ သူ၏ဘာသာ၊ အသံနာ၏၊] လူးလာတုံ့ပယ်၊ သွယ်လှယ်ခေါ်က်တင်၊

www.kelasa.org



ခုတ္တင်နှရောက်၊ တကောက်ကောက်လျှင်၊ ဖူးညောက်ညွန့်ခက်၊ ဝတ်ရက်သောက်ယူ၊ ဦဦသောင်းသောင်း၊ ငှက်ပေါင်းမြူးကြ၊ နတ်လသဘင်၊ မပြောင်းခင်ကို၊ ကျွမ်းဝင်ငယ်ပေါင်း၊ သူကောင်းမင်းခြေ၊ မီလစေလော့၊ မပြေစမ်းယောင်၊ ညဥ့်သန်ကောင်ဝယ်၊ သွေးဆောင် လေညင်း၊ ရွှေရင်သွင်း၍၊ လွမ်းတင်း တ-ဆို၊ ချောရောင်ပျိုနှင့်၊ တကိုယ်တည်းပင်၊ တူလျှင်မကွာ၊ စက်သော ခါနိုက်၊ ခက်ဖြာညွန့်ညောင်း၊ နှာမောင်းကူးဆိုက်၊ မြိုက်မြိုက်သာမော၊ ရဂုံတောဝယ်၊ ဥဩဖော်ကွာ၊ မ-ကို ရှာသည်။ ။ **သည်မှာရှိ၏ ထူးသတည်း။**

---

### ၄၆-လျှော်ကား သုံးဆောင်မှုဆို ရတု (၉)

(ပ) မမြော်နှစ်ဆူ၊ သပ္ပါယ်ဟူက၊ နတ်လူမြဟ္မာ၊ သဒ္ဓါရှိညွှတ်၊ ကိုးရာမှတ်သား၊ လွှံ့ပတ်ဝှဲနှီး၊ တောင်းတိုင်းပြီးသည်၊ ကျောင်းကြီးမည်ပင်၊ သုံးလူ့ရှင်။ ။ ပလ္လင်ရတနာ၊ သိင်္ဂါပြာသာဒ်၊ ရောင်လွှတ်ပြောင်ဝင်း၊ လိုင်မုတ်တွင်းက၊ ရှင်ရင်းမြတ်စော၊ ဟောပေသောလား၊ သပ္ပါးရေးရေး၊ ပီတိပြေးလျက်၊ ရပ်ဝေး

(၄၆) ဤရတုကို လက်ဝဲနော်ရထာစုစာရင်းတွင် ရာဇမာလရေးဟု စာခေါင်းတပ်သည်၊ သုံးဆောင်မှုသည် ငယ်စဉ်ကဦးစွာ ရာဇဒေဝဘွဲ့ရသည်၊ နောက်ရာဇမလဘွဲ့,ရာဇမာဟုဘွဲ့များကို ရသည်ဟု အဌာ၊ ပဏ္ဍိတ်များ၌ ဆိုသည်ဖြစ်ရာ ရာဇမလဘွဲ့ရစဉ်ကရေးသောရတုဖြစ်သင့်သည်ဟု မှန်းဆချက်အရ သုံးဆောင်မှူးစာစုတွင် ရွှေ့ထည့်လိုက်ပါသည်၊ (တည်းဖြတ်သူအမှာ)။

ထူးလည်၊ ကျိုင်းသေဥ်ပြည်ဝယ်၊ ကြီစည်အောက်မေ့၊ ရှင်ချစ်ရှေ့တွင်၊ ခွေ့ခွေ့စုံမက်၊ ဆူလှိုက်ပွက်သည်။ ။ **ကြွင်အာက်ကိုသာ တမ်းတော့သည်။**

(ဒု) **တအောင်ပြစ်မှူ၊** တင်ခင်းဟူသား၊ နှစ်ယူမတွေး၊ ဆိုဘွယ်ဝေးသည်၊ ငြိမ့်လေးဆင်းပြင်၊ သက်သခင်နှင့်၊ ညဉ့်တွင်အိမ်မက်၊ ပြာချောညက်ကို၊ နှုတ်ဆက်ဆိုယောင်၊ အုသည်းလောင်မျှ၊ သန်ကောင်သန်လျမ်း၊ အလွမ်းနှင့်သာ၊ နေလှည့်ရာကို၊ အာကာ-ကလည်း၊ ရွှန်သည်းတင်းကျမ်း၊ ရေတိမွမ်း၍၊ အချမ်းလည်းဟူ၊ မိုးလည်းမြူခဲ့၊ ဇမ္ဗူသောင်းတွင်း၊ ရဲ့တစင်းတွင်၊ ရန်ကြွင်းရှိရာ၊ ဖွေရှာတိုက်သတ်၊ စက်နှယ်ပတ်မျှ၊ နန်းမြတ်ရဝေ၊ မင်းဝံတွေသို့၊ ပရမေတ္တတ်ထား၊ တို့ဘုရားလျှင်၊ ရက်များမကြာ၊ ပြန်လျှင်းပါဟု၊ ဆိုရာတမ်းလျှက်၊ ရှိမ်းမှုးစက်သည်။ ။**အုံးထက်ဝယ်သာ ရှမ်းတော့သည်။**

(တ) **အကျော်တစ်ဟူ၊** ကျွန်းဇမ္ဗူနိုက်၊ ရည်တူမထင်၊ နောင်သခင်နှင့်၊ ရွှေရင်နွဲ့ကြာ၊ သည်သော်လတွင်၊ ပျော်ရလျှင်းအောင်၊ ညက်တော်ဆောင်၍၊ ဘုန်းခေါင်သကျ၊ ဖန်ဆင်းပြလော့၊ ကြာလမြင့်လစ်၊ အစစ်စစ်ဝယ်၊ သည်စစ်နှယ်ကို၊ မတွေ့လိုတည့်၊ သံချိကျူးမြည်၊ ဆော်လတ်သည်နှင့်၊ မိုးစည်ရင့်ညောင်း၊ တခြောင်း ခြောင်းလျှင်၊ ငွေပြောင်း ကုန်မြောက်၊ **ဝါရောက်ကုန်ကျွန်းဆောင်းဆန်းတော့မည်၊**နိုးပြီသည်ကြောင့်၊ လူ့ပြည်အချုပ်၊ မွေရှင်ရှုပ်ကို၊ကျွန်ုပ်မြွက်ဟာ၊ တောင်းလျှောက်-ခ-သည်။ ။**ရှေ့ဝကိုသာ လွမ်းတော့သည်။**

www.kelasa.org



၄၇-စစ်ကိုင်းသရေစည်သူကတော်ဆိုရတု

(ပ) **ကျော်ပေစွလည်း၊** သီလရန်နင်း၊*ဘက်ကျွန်းမင်းလျှင်၊ မိုးညွှင်းအုန်းဘောင်၊ နှစ်ပြည်ထောင်ကို၊ ဘုန်းခေါင်ဘုရား၊ ဘဝါးစကြာ၊ လှည့်သောခါနိုက်၊ ကြေညာလွှဲခေါင်၊ ကြင်သူမောင်လျှင်၊ ပေါက်ပြောင်မာတင်၊ မှန်ယစ်ဆင်နှင့်၊ တွေ့လျှင်တိုက်လှည်း၊ နိုင်သည်ချည်းဟု၊ ကမ္ဘည်းပြောက်ထင်၊ မော်ကွန်းတင်မှ၊ ပြန်လျှင်လမည်၊ မှာခဲ့သည်တိုင်း၊ ရောက်နိုင်းနိုင်းလျှင်၊ သိုက်တိုင်းကျွန်းစည်၊ ရွှေပြည်အဝ၊ နန်းဌာနဝယ်၊ သိဂီရည်တူ၊ ပန်းမဥ္စူကို၊ အိမ်သူသက်မှန်း၊ ရတုကျွန်းသည်။ ။ **ရွှေပန်းရွှေမှည့် ဆင်ပါလှည့်။**

(ဒု) **မြော်ချောကလည်း၊** နှမဝမ်းတွင်၊ ရေးရေးထင်၍၊ အိမ်ရှင်ရွှယ်လူး၊ နောင်မဖူးသော်၊ ရွှေဦးပင်မှန်၊ ခါသင့်တန်က၊ ဗိမာန်ရွှေတောင်၊ ရွှေတိပြောင်မျှ၊ ရွှေရောင်မောင်းမောင်း၊ စံရွှေလောင်းနှင့်၊ ရှစ်သောင်းသခင်၊ တောင်နန်းရှင်သို့၊ သဘင်ခံချေ၊ ပျော်ကြောင်း

(၄၇) မြန်မာစာညွှန့်ပေါင်း ဒု-၂၄၂, ဝေါရာအာဒိပနီ ပ-၂၈၆ ဘုရင့်နောင် ဟံသာဝတီဆင်ဖြူရှင် လက်ထက် *စကိုင်းကို စားရသော သရေစည်သူဘွဲ့ရ အမတ်သည်ရှိ၏၊ ၉၂၃-ခုတွင် တရုပ်နယ်စပ်သို့ စစ်ချီရာ ရှာင်ကြောင်း၍ စစ်ကြောင်း၌ သရေစည်သူ တပ်တတင်ကို အုပ်ချုပ်လိုက်ပါ ရသည်ဟု (မှန်နန်းရာဇဝင် ဒု-၃၀၅)၌ ဆိုသည်၊ ဟံသာဝတီမင်းအရေးတော်ပုံ ၄၆၁-၌လည်း ၉၃၁-ခုတွင် ခန္တီပြည်သို့ချီ၍ စစ်ကိုင်းစားသရေစည်သူ ပါရသည်ဟုဆို၏၊ ၎င်းမြင် ၉၂၃-ခုတွင် မိုးမိတ်သို့ချီသင့်မချီသင့်

ဖြေလည်း၊ မပြေလိုလှ၊ ရော်တွက်ဆသော်၊ မွေးဘာစစ်သည်၊ မြန့်လျှင်းမည်ကို၊ မျက်ခြည်ပြတ်မျှ၊ မျော်လင့်စွဟု၊ ကျိုင်းမြရှပ်သွင်၊ မတ်ကျော်ထင်ကြောင့်၊ မရှင်ညှိုးမြန်း၊ လွမ်းလှလွန်းသည်။ ။ရွှေဝန်းနေ၏ ကြင်ပါလှည့်။

(တ) မျော်ဖြေမှုလည်း၊ သီလအားသန်၊ စောင့်ကျိုးမှန်၍၊ သက်လွန်ကြင်ဖော်၊ စစ်မှာပျော်ခဲ့၊ ရှုမြော်စိစိ၊ မျက်စိ*ကသိဏ်း၊ ကြည်စိတ်လှိုင်းသား၊ စကိုင်းဘက်တွင်၊ ပုညရှင်ဟု၊ မမြင်တောင်းခအောင်၊ မြည်တထောင်နှင့်၊ ရွှေတောင်အထွတ်၊ ဖြူးဖြူးမတ်သား၊

ဟံသာဝတီ ဆင်ဖြူရှင်က စိုင်းပြင်းရာ အိမ်ရှေ့မင်းကိုယ်တိုင်ချီသင့်ကြောင်း ဗညားဒလအမတ်လျှောက်သည်ဟု မှန်နန်းရာဇဝင် ဒုတိယအုပ် ၃၅၇-၌ ဆိုသည်၊ ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ၌ကား ဗညားဒလနေရာတွင် စစ်ကိုင်းစား သရေစည်သူ လျှောက်သည်ဟု (ဇင်း ၄၂၅)၌ ဆိုသည်၊ ထိုစစ်ပွဲဝယ် စန္ဒားစော်ဘွား အညှံခံသဖြင့် အိမ်ရှေ့မင်းနှင့် စစ်ကိုင်းစား သရေစည်သူကြပ်မ၍ စန္ဒားစော်ဘွားသမီးကို ဆောင်ကြဉ်းလာကြောင်းလည်း ဆိုသည်၊ ဤရတုသည်ထိုစစ်ပွဲဝယ် သရေစည်သူ၏ဇနီး အမတ်ကတော်က သရေစည်သူထံ ပေးကြောင်း စပ်ဆိုသဖြင့် ဤရတုအဆိုနှင့်အရေးတော်ပုံအဆို ညီညွတ်သည်။

ဖျင်တစား သရေစည်သူကိုလည်း မြောက်ဘက်မြင်းနှင့် ထောင်သင်းကိုမှူးစေ၍ စစ်ကိုင်းမြို့ကို ပေးတော်မူသည်၊ (မှန်နန်း ၃-၃၀၆)။

www.kelasa.org



ရွှေခတ်လုံးညီ၊ ရွှေစေတီကို၊ တူပြိုင်နှစ်ပါး၊ ဘုံမြင့်ဖျားက၊ သကြားသူဇာ၊ ဖူးမြင်လှာသို့၊ သဒ္ဓါအဟုန်၊ ပီတိကုန်၍၊ ကဆုန်ဝေါဟာ၊ လူတကာတို့၊ နှံ့သာကြိုင်မွှန်း၊ ရေချမ်းသွန်းသည်။ ။တွေ့ဆန်းပေတည့် မြင်ပါလှည့်။

---

### ၄၇- ရှင်ရန်အောင်ဆို ရတု(၁)

(မ) လွမ်းလွန်ကဲ၍၊ တုံ့ခဲမရှိ၊ နောင်မွေးမိသည်၊ ပျောင်းရိခွေလျှ၊ မွှေ့ရာ-မထက်၊ ရှုတည့်ငယ်၊ သနားဘွယ်တိ၊ နေဝယ်ဖယောင်း၊ ညှိုညှိုပျောင်းသို့၊ ထပ်လောင်းကဲဆင့်၊ နောင်ဘုန်းမြင့်ကြောင့်၊ မပွင့်နှလုံး၊ မရွှင်ပြုံးသည်။ ။လွမ်းဆုံးတိုင်၏မျှော်ကာပါလှည့်။

(ဒု) မျှော်ကာပါလှည့်လေ၊ ပျော်မပြေသည်း၊ တမ်းရေရွတ်လျက်၊ ဒိမ်သာထက်ဝယ်၊ မဘက်မပြိုင်၊ မိန်းမှိုင်အောက်မေ့၊ နေ့မိုးအချုံး၊ လသွဲလုံးဝယ်၊ အုံးဝယ်အပ၊ မထ*မိုးချုပ်၊ လွမ်းတိမ်းမြုပ်လျက်၊ စံချုပ် နှိုင်းလျော်၊ ပျော်-မရွှင်မွှေ့၊ နောင်ဘုန်းဟေ့ကြောင့်၊ တနေ့မချ၊ လွမ်းဗျာပါနှင့်၊ ခေါင်သာသိမ်းလွန်း၊ မရွှင်လန်းသည်။ ။လွမ်းပန်းကြွေ၏ ကောက်ပါလှည့်။

(တ) ကောက်ပါလှည့်လေ၊ ဖြိုးမွှမ်းပေစွ၊ မင်းခြေသူရဲ၊ မြဲနှိုင်းပြိုင်၊ ဆင်းရွှေစိုင်နှင့်၊ တူပြိုင်လျောင်းစက်၊

(၄၇) ဟံသာဝတီဆင်ဖြူရှင်လက်ထက် ဘယဂါမဏိ အမတ်၏သား ရှင်ရန်အောင်ဟု စာခေါင်းတပ်သည်၊ ဟံသာဝတီ တောင်ငူခေတ်များ၌ ဘယကာမဏိ ဘွဲ့တပ်သောအမတ်တဦးမက ရှိသည်၊

ဘယ်နံ့ရက်ဝယ်၊ အသက်တရှည့်၊ ပျော်ရလှည့်ရှင့်၊ မပြည့်ပေါ်သာ၊ စိတ်ထဲလာ၍၊ ဗျာပါမွတ်ချော၊ တော်-သဘောကို၊ ဖျင်ပေါနတ်လူ၊ ကိုးရာမူသည်၊ သုံးလူတို့ထွတ်၊ စွယ်ဆံမြတ်ဝယ်၊ နှစ်ပတ်မကွာ၊ မဂ်လာရက်၊ ခန့်ရေတွက်၍၊ဆက်ဆက်စုံပေါင်း၊ ပျော်လွယ်ကြောင်းကို၊သည်ပဟောင်းမယ်ဆွေ၊ ဆင်းမြူတေလျှင်၊ ထိပ်ဇွေလက်မိုး၊ ရှိကြာငုံ၍။ ။တူစုံတရှည့် လျှောက်ပါလှည့်။

---

### ၄၉-ရှင်ရန်အောင်ဆို ရတု(၂)

(ပ) လွန်ကဲလွမ်း၍၊ချစ်ကျွမ်းဝင်လှ၊ နောင်ကျိုင်းမြကြောင့်၊ပျောင်းပျမလန်း၊ မှိုအုံးဝန်းဝယ်၊ လွမ်းပန်းပုံ့ကြွယ်၊ သနားဘွယ်တည့်၊ နေဝယ်မခံ့၊ ရွှေကြာညံ့သို့၊ ဆွတ်ပုံ့ညိုးခွေ၊ နောင်ကြောင့်ပေတီ၊ မပြေမိန်းမှိုင်၊ လွမ်းဆုံးတိုင်မူ၊ ကြုံ့ခိုင်တံ့စား၊ ရှင်သက်ထားသည်။ ။သနားဖျောက်လှာမည်ဘုရား။

(ဒု)သနားဖျောက်၍၊ချစ်ကြောက်မနှေး၊ရှည်ဝေးလွမ်းတာ၊ သို့စင်ကြာမူ၊ အိမ်သာရိပ်ငြိမ်၊*တင်းထိမ်ကာသန်း၊ *ချူးပန်းလှတင့်၊မွှေ့ရာမြင့်ထက်၊ သခင့်အရန်၊ ကျွန်ုပ်ကျွန်လျှင်၊ ပုပန်ညိုးချုံး၊ လဲ့လုံးကို၊ *တွက်ကျုံးရက်ဖြင်၊ တယောက်ထင်၍၊ မရှင်ရှုတ၊ ပြောပေကလျှင်၊ အလှနတ်ရည်၊ လွမ်းပင်စည်၍၊ငုံရည်ချပ်ပြေ၊ လွမ်းပွင့်ကြွေမူ၊ ရှင်ဆွေစိတ်တူ၊ လွမ်းပန်းပြုသည်၊ ။ကြင်သူကောက်လှာမည်ဘုရား။

(၄၉) လွမ်းလွန်ကဲ၍-ချီ-ဆင်ဖြူရှင် သမီးအငယ်ဆို အခ်ရတုကို ရှင်ရန်အောင် လွန်ကဲလွမ်း၍ချီဖြင့် လိုက်သည်။(လက်ဝဲနော်ရထာအမှာ)

www.kelasa.org



(တ) ကြင်သူကောက်၍၊မရောက်ငုံရွှေ၊ ချပ်ပြေလှတင့်၊ လွမ်းပန်းပွင့်ကို၊ နောင်မင့်ထိပ်ပြင်၊ လှယ်လှယ်ဆင်၍၊ သခင်ရှုတုံ၊ နောင်ရှုတုံလျှင်၊ ကြေးမုံအတူ၊ နောင်သူ့ဝမ်းက၊ ရည်းထင်လှ၏၊ ရွှေများ အထွတ်၊ စံတမွတ်လျှင်၊ ရစ်ပတ်မိတ်ပွါး၊ စုလျားဖွဲ့ပြီး၊ ပွဲကြီး သဘင်၊ မင်္ဂလာရက်၊ ခန့်တွက် စေကြောင်း၊ တောင်းသည်ဆုလည်း၊ ယခုဆောလျှင်၊ ပြည့်စေချင်စွ၊ မရှင်ညွတ်ပျောင်း၊ ခွဲခွဲနောင်းနှင့်၊ ဆယ်ချောင်းထိပ်ဆီ၊ လက်အုပ်ချီ၍။ ။အညီလျှောက်လှာမည်ဘုရား။

---

### ၅၀-ရှင်ရန်အောင်ဆို ရတု(၃)

(ပ) ဆောင်းစွန်ရက်တွင်၊လှတွတ်တင်နှင့်၊ရွှေရင်ခွဲ၍၊စက်ကြလေ့ကို၊ အောက်မေ့ချေချေ၊ သည်းအူကြွေ၊မပြေထပ်ရစ်၊ကျွန်ုပ်ဖြစ်ကို၊ကြင်ချစ်တွေရေ၊ မသိလေခဲ့၊တိမ့်ခြေမိုးပြင်၊ကောင်းကင်ကြယ်ရောင်၊ တန်ဆောင်လနှယ်၊ပျိုးဘုန်းကြွယ်ကြောင့်၊ ဝမ်းဝယ်မိန်းမှိုင်၊မကြံနိုင်သည်။ ။လွမ်းဆိုင်မြင့်တော့သည်ဘုရား။

(ဒု) တောင်းပန်လျှက်ပင်၊ ထက်ဝန်း ကျင်နိုက်၊ ပွမ်းဖျင်မရှား၊ ရှင်တော်များကို၊ လျှောက်ကြားတိုင်၍၊ ချစ်ဆိုင်မရိုး၊မလိုးဝတ်ကြာ၊မေတ္တာပွမ်းဆင့်၊ ကျွမ်းပေတင့်သား၊ယခင့်သစ္စာ၊တပွင့်သာကို၊လည်မှာထိပ်ပြင်၊ လှယ်လှယ်ဆင်၍၊ †သို့ပင်နိစ္စ၊ မန္တမ်းရတည်း၊ ယုယဆေးလေး၊အသွေးမင်စံ၊ ရောင်လျှံတင့်နေ၊ပြစ်ကွေ့ဆို့

(ဒု) †သို့ပင်နိစ္စ၊မန္တမ်းရတည်း၊ယုယဆေးလေး၊ရန်အောင်ဆို၊ (လောကဟိတရာသီခွဲထား-၂၆၃-၁)

ဆည်း၊ရွှယ်လည်းတင့်ဆုန်း၊ တက်ဘုန်းဖြိုးရင့်၊ မျိုးရိုးမြင့်ကြောင့်၊လှဘင့်တဆောင်၊လှခေါင်လှဖျား၊လှသည်များထက်၊စံထားလွှတ်ပြိုင်၊ လှဦးကိုင်သည်။ ။**စိုးပိုင်တင့်တော့သည်ဘုရား။**

(တ) ညောင်းလှန်ရွှက်ကျင်၊ ရဂုံခွင်ဝယ်၊ညွန့်ရှင်ကြွေဆင်း၊ရွှေဝင်းဝါမှည့်၊ပြည့်သည်ပင်ခြေ၊ လေလည်းသုတ်ဖြူး၊မင်းလွှင်မြူးက၊ပျံ့ပျူးသာရှင်၊ တာသဘင်ကို၊မြင်သည်ရှိမူ၊ †သည်းအူခွေမိမ်း၊ ယိမ်းနွဲ့ပျောင်းစွ၊ ရွှေခပေါင်းများနတ်၊ လှတပွတ်ကြောင့်၊ ရစ်ပတ်ချစ်ယိုး၊ မရှင်ပြီးသည်။ ။**ချစ်ကိုးဆင့်တော့သည်ဘုရား၊**

### ၅၁-ပဲခူးရာဇသင်္ကြံဆို ရတု

(ပ) **ယနေ့ခုလာ၊** ဆန်းတွေလာစွ၊ **အာကာတိမ်ဆိုင်း၊** မုန့်**တိုင်းမင်းလွှင်၊** လေဝန်းဆင်၍၊ ကောင်းကင်ပတ်လည်၊ ရွာသည်စွေနံ့၊ မြေသင်းပျံ့က၊ မခံ့လွှမ်းဖိုး၊ ညိုးလှည့်ရာတွင်၊ဖြူပြာမထော်၊ ကြီးမောင်နှံလျှင်၊မြည်

(တ) † "သည်းအူခွေမိမ်း၊ယိမ်းနွဲ့ပျောင်းစွာ" ရန်အောင်ဆို(လောကဟိတရာသီဘွဲ့ထား ၂၆၃-၁)၊တွင်းသင်းသတ်ညွှန်း-၃၈၇-၌ မသတ်စပ်ဆိုမှားသည်ဟု အပြစ်ဆိုသည်၊ ဂဇဗလသတ်ညွှန်း ၂၅-၂၆-၌ကား ပျောင်းမိန်းယဉ်မိန်းကို နသတ်, မိမ်းမောကို မသတ်ဟု အကျယ်ပြသည်။

(၅၁) ပေါရာဏဒီပနီ-ပ-၃၀၁။ ၅-ပုဒ်စီတိုး ညွှန့်တက် (လက်ဝဲနော်ရထာအမှာ)၊ "နိုင်ငံကောင်းချီး၊ ပြ သည်ကြီးကြောင့်၊ကြီးအံ့စည်းစိမ်" ပဲခူးရာဇသင်္ကြံဆို၊(လောကဟိတရာသီဘွဲ့ထား-၂၇၇-၂၂)"ပဲခူးရာဇသင်္ကြံဆို ယနေ့ခုသာ ချီသည်ရတု၊ (မြန်မာ

www.kelasa.org



သံသာလေး၊ ပျံ့ဝေးမကွန့်၊မွှေးလွန့်အသာ၊ မိုးရည်ခါလျက်၊ မျက်နှာရွှေးရှု၊ တူရှုတဘော်၊ ဖြူတ်ပြည်းမြော်က၊ရှင်ပျော်ကောင်းမည်၊ထီးနှင့်စည်ဟု၊မှတ်တည်ကြံခိုး၊ စိတ်ဝမ်းဖြိုးသည်၊ ။**သာနိုးကမ့်ကော် ပွင့်ခါသော။**

(ဒု) မမေ့ မူရာ၊ မှန် ဖွေရှာသော်၊ ကျမ်းလာတိတ်ထုံ၊ လုံးစုံသို့ချည်း၊ ကောင်းသည်ပညာ၏၊ ပိုနည်းမှတ်ပိုက်၊ အောက်မေ့ကြိုက်ဝယ်၊ မကိုင်ဖောင်းကြီး၊ ထီးနှင့်စလွယ်၊ လျှော်ဝယ်ပဲပေါင်း၊ ကွမ်းလောင်း ကွမ်းလိပ်၊ ဖူးထိပ်ရွှေမျက်၊ ကျိုင်းချက်ဆင်စွယ်၊ အုံ့ဘွယ်စီခင်း၊ သန်လျင်းတလဲ၊ တင်မြဲထူးဆန်း၊ ခုနစ်ဝန်းနှင့်၊ ရှင်လန်း စံပယ်၊ နှောင်နှင့် မယ်မူ၊ ရှိရှယ် တူပြိုင်၊ **နန်းမှိုင်တိုင်ဝယ်၊** ခရိုင်သင်းသီး၊ ဖြိုးမျှလုလင်၊ ရွှေဖျင်**သုံးရှယ်၊** တင့်တယ်ရုံလျက်၊ အိမ်ငါးဆက်နှိုက်၊ ရာ**သက်ကျော်ဖြိုး၊ နေရကြုံးသည်။** ။**ရွာကျီးလွှမ်းဘော်လင့်စွာသော။**

သံယောဂဒီပနီ-၃၂-၄၄)၊ *ကံ့ကော်စပ်သည်မှာ စကားတောင်စားဆို အရွှေရှုခါ ချီရတုတွင်- သာနိုးကံ့ကော်ပွင့်ခါသော်, ပြာမျိုးကျွမ်းတော်နှင့် သာသော, လာနိုးလွှမ်းမျှော် လင့်ကာသော် (ပေါ်ဟာရလီနတ္တဒီပနီ ၂၂) ၌စကားနှစ်ရပ် ကျမ်းစာနှစ်ခုကို ဝေကြည့်လျှင် စကားတောင်စားနှင့် ပဲခူးရာဇသင်္ကြံ တဦးတည်းလောသူတေသနပြုရန်ရှိသည်၊ ၉၁၃-ခုတွင် စစ်ကိုင်းစည်သူ ကျော်ထင်သည် နရပတိဘွဲ့နှင့် အင်းဝကိုမင်းမူ၏၊ ထို စည်သူကျော်ထင်၏အမတ် စကား

(တ) **အရွှေရှုခါ၊**ပန်းရွှေဝါနှင့်၊ အာကာတိမ်ဦး၊ နတ်မှူးဒေဝါ၊ မိုးပါလေဖက်၊ တရက်မချာ၊ဖြူတ်ခြည်း လာ၍၊ မြည်သာစကား၊ တိမ်ညွန့်ဖျားထက်၊ သနား ဘွယ်လှ၊ နံနက်ထဝယ်၊ ဗိုမမောင်နှံ၊ မြည်သံမဆိတ်၊ နိမိတ်ကောင်းခြီး၊ ပြုသည့်ကျိုးကြောင့်၊ ကြိုးအုံ့စည်းစိမ်၊ ငြိမ်အုံ့မချွတ်၊ ဖြတ်အုံ့သူ့ထက်၊ နောင်မင်းသက်နှင့်၊ ငါးဆက်ရိပ်ငြိမ်၊ သာသည့်အိမ်ဝယ်၊ တင်းထိမ်ကာ သန်း၊ ယွန်းဆောင်ခန်းထက်၊ ထူးဆန်း *ဖထိုင်၊ ရခိုင် သင်ဖြူး၊ ပဲကူးမွေ့ရာ၊ ရွှေဝါအုံးကြီး၊ ခင်းနှီးပေါ်ထပ်၊ ဖြည်းခံယပ်နှင့်၊ တင်သပ်ခြေထု၊ ရွှယ်တစုတို့၊ ဖျော်မှု ရွှင်ဖြိုး၊မည် မစိုးသည်။ ။**မြာမျိုးကျွမ်တော် နှင့်သာ သော။**

---

၅၂- မင်းသားမောင်ရှင်ဆို ရတု (၁)

(မ) **သက်နှင့်မျှမည်၊** မခွတဆံ၊ မြဲမှတ်ကြံ၍၊ ရွှေစံ တွေ့စိုင်၊ တောင်နှယ်ခိုင်လျက်၊ ယိမ်းယိုင်မညွတ်၊တည် တည့်မတ်သား၊ ချစ်တွတ် တင့်တင့်၊ မျက်ပွင့်ရိပ်မြုံ၊ ရှုတုံ့ပျော်ပိုက်၊ †လည်နှိုက်ယုယ၊ ဆင်ရလျှင်းအောင်၊ ရည်စောင်ဝမ်းက၊ မှတ်သည်စကို၊ တွက်ဆရေကျုံး၊ ရက်ကိုရှုံးသော်၊ ရာသုံးဆယ်ခြောက်၊ ပြန်ခေါက်ပြောင်း လည်း၊ အလွမ်းသည်းခွဲ၊ သက်ကြည်းမေတ္တာ၊ မောင့် သစ္စာသည်။ ။**သက်သာလက်ဆောင် ဖြစ်တော့သည်။**

(ဒု) **ရက်မြင့်ဆရှည်၊** လှစ်တည်ကို၊ လျှောက် သည်နှင့်ပင်၊ မြင့်ကြာတင်ခဲ့၊ ရွှေစင်နှုတ်ခိုန့်၊ လေ မသိန့်တည်း၊ ထိန့်ထိန့်ယိုယုံ့၊ ဆိုတုံ့ကိုထား၊ထသွား ရှောင်လွှဲ၊ နေမြဲမတန်၊ မျက်တော်ပြန်သည်၊ စိုးရန် ညွှတ်ခ၊ ထိန်းယယုံကျွန်၊ဘန်ဘန်ကြိမ်များ၊ မပွါး ဆင့် တပ်၊ထပ်ထပ်မည်၊ လွန်ဖြိုးခြီ၍၊ တွေသံပျောက်တည့်၊ ရိပ်ခြည်ကြည့်လည်း၊ မျက်လှည့်မူးလည်၊ရက်ရှည်ကျူး ပြောင်း၊ ချမ်းဆောင်း ဟေမ၊ သန့်ဝါကြွခဲ့၊ များလှ တောင်တာ၊ လင့်လျက် ကြာသည်။ ။**ရက်သာတွက် ယောင် စစ်တော့သည်။**

(တ) **စက်ဖြင့်ကြွလည်၊** အပြည်ပြည်ကို၊ မွေ့နှည် တူရှည့်၊ လှည့်လည်ကြည့်လည်း၊ မည်သည့်ရပ်မှာ၊ မရှိရာတည်း၊ ငါးဖြာ ကြန်နှင့်၊ ခြောက်ပြစ်လွင့်ကို၊ ဆင်တင့်ထိုက်သည်၊ မွှတ်ကြည်ပြာလဲ့၊ ယိမ်းနွဲ့ခေါက် ညွှတ်၊ လျှောက်မှတ်ပျံ့ရှား၊ ရွှေနားမတင်၊ သို့စင် ခက် လျော်၊ ရှိငြားသော်လည်း၊ ကျိုးမြော်မြင်တွေ့၊ လွမ်း

---

တောင်စားကို ဟံသာဝတီသို့ သံစေသည်၊ (မှန်နန်း ၃ ၁၆၆) ၉၁၅-တွင် အင်းဝကို တိုက်ခိုက် သိမ်းယူရာ နရပတိအညွှံ့ခံသည် (မှန်နန်း ၁၆၉-၃၀၆)၊ အဝကို လုပ်ကြံ၍ အလိုတော် မြည့်လျှင် ရှေးဦးစွာတင်စား၍စကားတောင်စားကို ရခဲ့ပါ၏ လောမေးသည်ကို စကားတောင်စား ရွှေအဝါး တော်အောက် ရောက်ပြီ ဘုရား လျှောက် သည် (အထူးပုဒ္ဓိထူး-၁၆)၊ဤစကားစုကို စပ်ဟပ်ကြည့် လျှင်လည်း စကားတောင်စားအမတ် ပဲခူးရောက် မှရသောဘွဲ့ ဖြစ်ကောင်းဖြစ်ပေမည်။

(ပ) † ပေါရာဏဒီပနီ-ဝ-၃ဝ၃။ လည်၍ယုယ၊ ဆင်ရလျှင်းအောင်၊ မင်းသားမောင်ရှင်ဆို၊ (လောကဟိတ ရာသီဖွဲ့ထား-၂၆၃-၁)။



www.kelasa.org

လေလေတိ၊ ချာဇွေထွတ်ခေါင်၊ တုံခြောက်ဆောင်ဝယ်၊ သုံးမြောင်ရိပတ်၊ လှမျှားနတ်၏၊ ပျော်မှတ်စံရာ၊ နန်းသိင်္ဂါသည်။ ။စက်သာရှက်မြောင် ရစ်တော့သည်။

---

### ၅၃- မင်းသားမောင်ရှင်ဆို ရတု (၂)

(ပ) ဖြိမ့်ဖြိမ့်ကြွေး၍၊ မှောင်ဝေးမှိုင်းခဝ၊ အထွေထွေလျှင်၊ ထစ်ခွေခုန်မြူး၊ သံဆင့်ထူးသား၊ တောင်ကူးမြောက်ဝင့်၊ တရင့်ရင့်တိ၊ မပွင့်ပဲသာ၊ ချိန်ခါမထောက်၊ မွှေနောက်မတည်း၊ တိမ်းမည်းစိမ်းပြာ၊ ညိုဝါသွန်းချ၊ ရွာသည်-ပ-လျှင်၊ မြမြဖြည်းဖြည်း၊ လေလည်းတတန်၊ ချမ်းအောင်ဘန်၍၊ ဘုန်းဥန်လွှံကျော်၊ တန်ခိုးပေါ်သား၊ တေဇော်မြောက်ချီ၊ ရွှေစေတီဝယ်၊ ခိုင်ညီလှစွာ၊ ဇလထာနှင့်၊ ဆက်တာကြောင်းသျှား၊ လျှောက်ပါကြားလည်း၊ လျှပါးကိုယ်ပြင်၊ စုံငါးအင်နှင့်၊ ဖူးချင်ရှုတကြာမောလှ၏၊ ဝိုးရသသူ၊ မှန်ကူလူ့ဖျှား၊ စောတရားကို။ ။ရွှေနားလှည့်စေ ချင်တော့သည်။

(ခ) ခိမ့်ခိမ့်အေး၍၊ စက်ကွေးမကွာ၊ မစုသာခဲ့၊ ပမာတူအင်၊ ရှိရာတွင်ကို၊ နတ်ရှင်မာဃ၊ ဖန်ဆင်းမလော့၊ တ-လည်း တ-ကာ၊ ရွာလည်းရွာစမ်း၊ လွှမ်းလည်း

(၅၃) စ မသတ် အမြစ်ကား ခိမ့်ခိမ့်ဇေး၍၊ ဖြိမ့်ဖြိမ့်ကြွေး၍၊ ဆိုသောအရာ ရေးသည် ဆိုသောအရာ ထင်၏၊ (ဝေါဟာရတ္ထ ပကာသနီ-၆၀၂) ခ-လုံးကြီးတင် မသတ် အမြစ်ကား ဖြိမ့်ဖြိမ့်ကြွေး၍, ခိမ့်ခိမ့်ဇေး၍-စသည်ဖြင့် တဖြိမ့်ဖြိမ့်ဆိုသော အရာထင်၏၊ (ရှင်း-၆၇၀)။

www.kelasa.org



လွှမ်းပြန်၊ တိုင်းထက်လွှန်၍၊ သက်မှန်ကြင်မှတ်၊ နန်းမှာနတ်ကြောင့်၊ မပြတ်ညှိုးသမ်း၊ ရွှေကြာနွမ်းသို့၊ ထပ်မွှမ်းဖန်ကြိမ်၊ ဦးချလိမ်မျှ၊ ချုပ်ထိမ်မနိုင်၊ မိန်းမှိုင်ဆပွါး၊ တို့နှစ်ပါးကို။ ။သကြားကြည့်စေချင်တော့သည်။

(တ) ဖြိမ့်ဖြိမ့်လေး၍၊ ပြစ်ဝေးရှောင်လွှင့်၊ ရွှန်းရွှန်းတင့်သား၊ နိမ့်မြင့် မဆံ၊ ဧတ္ထသံ သိဝ်သည်း၊ *တိုင်းတည်း*လေးပင်၊ စံထွတ်တင်မူ၊ မြပြင်မရော၊ တိုင်းသဘောဖြင့်၊ မြကြောရှက်ချည်၊ လဲ့ကြည်ရွှန်းလင်း၊ မြတ်စိုးမင်းကို၊ ရှင်ရင်းဟူ၍၊ မှတ်သည်နှေ့က၊ မေ့သည်မဖြစ်၊ လ-နှစ်တွက်ကာ၊ လင့်လျက်ကြာခဲ့၊ မေတ္တာဆပွါး၊ ကျွန်ုပ်အားကို။ ။ဘုရားဖြည့်စေ ချင်တော့သည်။

---

### ၅၄-မင်းသားမောင်ရှင်ဆိုရတု (၃)

(ပ) တောင်ငူကသည်၊ ရှုတလျက်ပင်၊ စိတ်မရှင်တည်း၊ ထိပ်ပြင်နွမ်းမြိန်း၊ မဥ္စူပန်းသို့၊ စခန်းထောက်ချ၊ ချိဳ့ရသော်၊ နွဲ့လျညိုပြာ၊ မယ့်ရုပ်ဝါကို၊ ထင်ကာမမေ့၊ တစေ့စေ့နှင့်၊ *ဖျဉ်းခွေ့သံချို၊ ပြိုးကာဆိုသည်၊ ပြာညိုရုပ်ရည်၊ ထင်မိသည်ကြောင့်၊ သွယ်ရှည်ဖျင်ညီး၊ ဖျာပေါ်ဖြိုးမျှ၊ ခရီးပန်းကျိုး၊ မရှင်ညှိုးသည်။ ။ချစ်ကြိုးနှောင်လိုက် ဆွဲသောကြောင့်။

(၅၄) မင်းသား မောင်ရှင်ဆို တောင်ငူကသည်- ချိသည်ရတုတွင်ပျော်ပါးရွှစိမ်း၊ ကြည့်တိုင်းမိမ်းမျှ၊ ညွတ်ရှိမ်းဖြိုလျက်၊ နောင်ထီးဆက်သည်။ (ဂဇမလသတ်ညွှန်း ၂၆, ၁၂၇၊ မိမ်း,ရှိမ်း,စိမ်းစိမ်းကြည့် အဖွင့်များ။ ရှင်းနည်းတူ (လောကပဒိတရာသီခွဲထား ၇၅။)

(ဒ) **ဆောင်ယူရမည်**၊ မှတ်ကြိုစည်၍ပေးသည်ခရီး၊ ရပ်မနီးကို၊ ကိုယ်ထီးဘော်မဲ့၊ ချီခဲ့ရသော်၊ ချွဲချွဲညွတ်နူး၊ မဥ္ဇူဖူးသို့၊ မကူး*ပြစ်ဆာ၊ ဝင်းမွတ်ပြာလျှင်၊ ကြွကာလမ်းဆီ၊ မသွားမီဝယ်၊ ဝေရီရန်ပွဲ၊ မဟုတ်ပဲကို၊ မင်းရဲရွှန်းကြွေ၊ နေပါတော့ဟု၊ နွဲ့လျော့ကေသျှင်၊ တုံးလက်သင်နှင့်၊ မရှင်ဘန်များ၊ မိန့်ချုပ်တားလည်း၊ သနားနှောင့်နှေး၊ ချီရရှေးသည်။ ။**မင်းရေးမှုဝန် ခဲသောကြောင့်။**

(တ) **ရှောင်မြူ-ပ-လည်**၊ ဝင်းဝင်း ကြည်သားလ ပြည့်တက်ထွန်း၊ ပြာသိုဆန်းက၊ ဆယ်စွန်းမြတ်သက်၊ ပြာဝင်းညက်ကို၊ ဝတ်ရက်မဥ္ဇူ၊ ပိတုန်းယူသို့၊ အတူမပါ၊ ချီခဲ့လာသော်၊ လမ်းသာပတ်ကုံး၊ နှစ်မြောင်လုံးဝယ်၊ ရုံဖုံးသည့်နှယ်၊ ပျော်ချင်ဘွယ်တိ၊ သက်ကယ်ဒေါင်းရွေး၊ ဖောင်းဖွေးဖွေးနှင့်၊ စားကျေးရွာများ၊ စဉ်တလျားကို၊ ပျော်ပါးရှုစိမ်း၊ ကြည့်တိုင်းမိမ်းမျှ၊ ညွတ်ရှိမ်းပြိုလျက်၊ ခနှောင်ထူးစက်သည်။ ။**ချစ်ဘက်ဘော်နှင့် ကွဲသောကြောင့်။**

---

၅၅-မင်းသားမောင်ရှင်ဆိုရတု (၄)

(ပ) **ခေါင်လွှာဘက်အင်**၊ ဇမ္ဗူပြင်နှိုက်၊ မထင်ပြိုင်ကင်း၊ လှမျှားမင်းကို၊ ကျွန်းတွင်းဖွေချာ၊ လက်ယာမြန်ပြည်၊ ငါးမည်အင်နှင့်၊ ဆင်တိုင်းတင့်သား၊ သခင့်ကိုသာ၊ လွှာဒါရှေးက၊ ပေးဘူးကြ၍၊ စိတ်ကမှတ်ရည်၊ ထင်မိသည်ကြောင့်၊ ပြစ်ခြည်မစွန်း၊ နွဲ့ငြိမ့်ရွှန်းသည်။ ။**မြောက်နန်း နန်းတောင် တောင်နေသော။**

www.kelasa.org



(ဒ) **တောင်မှထက်ခွင်**၊ သင်္ကြန်ရင်၍၊ ကဲကျင်လွှမ်းဝေ၊ လှခေါင်နေ့ကို၊ ရည်တွေလွှာဒါ၊ ဝါသနာကြောင့်၊ ကြမ္မာလွှန်ပြင်း၊ လက်ငင်နှင်း၍၊ ဘိုးရင်းစင်စစ်၊ ဘေးရင်းမြစ်နှင့်၊ သင်နှစ်သန့်ဝါ၊ ရောက်နီးခါမှ၊ ရက်ကြာမလည်၊ စုံမည်ရင်ရွှေ၊ မမြင့်မစဟု၊ လှနေခေါင်ထွတ်၊ ပြာဝင်းလတ်ကို၊ နှောင်မှတ်သံကြိုး၊ ကဲလွန်တိုးသည်။ ။**အမျိုး သူခေါင် ခေါင်နေသော။**

(တ) **ဆောင်စရက်ဖျင်**၊ မှတ်ရည်းထင်၍ညွန့်ရှင်ကေသာ၊ စည်းစကာက၊ ပန်ထွာစလှ၊ သွယ်မြလက်ယာ၊ ချနီးခါမှ၊ တွေသာသံမြ၊ မိန့်တော်ဟရှင့်၊ မွေးဘမိမင်း၊ သားချင်းဆွေစုံ၊ စိတ်မကြုံ၍၊ ဘုန်းဆိုမတ္တာ၊ ကံပေသာဟု၊ သူဇာနှိုင်းမျှ၊ နှုတ်ညြဲဇကို၊ ကြားကနန်းလောင်း၊ မလင့်တောင်းသည်။ ။**ရက်ပေါင်း တဆောင် ဆောင်နေသော။**

---

၅၆- ရဝေရှင်ထွေးဆိုရတု (၁)

(ပ) **လေဝန်းကဆင်**၊ ရွက်ဟောင်းကျင်၍ညွန့်ရှင်ဝေဝေ၊ ပင်တိုင်းတွေလျက်၊ တောင်လေဖြည်းပျမင်းလွှင်စသော်၊ လွှမ်းရဘွယ်သာ၊ သည်အခါဝယ်၊ အတာရေသွန်း၊ တန်ခူးဆန်းက၊ ရှင်လန်းမပျော်၊ ညိုးရော်ပြိုက်သွယ်၊ ရွှေမျှားလယ်တွင်၊ ပြိုင်ဆွယ်မမျှ၊ လောက

---

(၅၆) ဟံသာဝတီခေတ် ငါးဆူဒါယကာ နန္ဒဘုရင် လက်ထက် ၉၄၇-ခုတွင် တောင်ငူ၏ လက်အောက်ခံ ဘုရင်ဖြစ်ရသော နတ်သျှင်နောင်၏ ခမည်းတော် တောင်ငူ ရွှေနန်းတည်မင်းသည် အိမ်နိမ့်မင်းသား အဖြစ်၌ မင်းရဲကျော်ထင်၊ မင်းဖြစ်မှ မင်းရဲသီဟသူ

တန်ဆောင်၊ ရဲထွတ်ခေါင်ကြောင့်၊တမ်းယောင်ဆိုကာ၊ ဖြေမသာသည်။ ။ဗျာပါဒ္ဒနှစ်စည် ပွါးတော့သည်။

(ဒု) **နွေဆန်းစတွင်၊** စုံပြိုင်ခွင်လည်း၊ မထင်ရှက်ကြမ်း၊ မြရည်လျှမ်းက၊ စိတ်ဝမ်းကွဲအောင်၊ တောနှင့်တောင်လည်း၊ ညှိယောင်မြမြ၊ ရွှန်းရွှန်း လှလျက်၊ ကာလရတု၊ ညွှန့်နုစိမ်းညောင်း၊ မသာတောင်းလည်း၊ သက်ပေါင်းတင့်ခေါင်၊ ဆွေသည်နောင်နှင့်၊ ရည်စောင်သာရှင်၊ ပန်းမြင်မြင်ကို၊ ယာဉ်ညင်သာလှ၊ ဝန်းရွေကထက်၊ ခွဲလျက်တူကွ၊ မဆွတ်ရဟု၊ ရှုတလှည့်ကာ၊ နန်းမြင့်ချာက၊ မယ်သာ မျှော်ပျောင်း၊ မျက်ခြည်ညောင်းသည်။ ။**တမ်းကြောင်းဖြေဆည် ထားတော့သည်။**

(တ) **ရေသွန်းလလျှင်၊** ရွှင်ပမျော်ပါး၊ ဘော်ချင်းများနှင့်၊ ကစားသာကြည်၊ ပျော်ရမည်ကို၊ ဆွေသည်သက်မျှ၊ မွေးဘမင်းတူ၊ ရှုသူသက်ပေး၊ မစုံသေး၍၊

ဘွဲ့ရသည်၊ (မှန်နန်း တ-၈၂)ထိုတောင်ငူနန်းတည်မင်း၏ကျွန်တော်ရင်း မိတ္ထီလာတောင်ရေဝေရွာစားအမတ်ကြီး၏ သမီးထွေးဖြစ်၍ ရှင်ထွေး၊ ရေဝေရွာဇာတိဖြစ်၍ ရေဝေ ရှင်ထွေး (ရဝေရှင်ထွေး)။ ‘‘တောင်ငူသခင်၊ နတ်ရှင်ရန်ကဲ၊ မင်းရဲလည်းဟု၊ သီဟာသူဟု၊ ရိပ်ဖြူကာမိုး၊ရှင်ပင်ဘိုးဝယ်၊ကောင်းရှိုးမှတ်အပ်၊ ပြည်ရွာကွပ်၍၊ မွမ်းထပ်ဖြိုးခိုင်၊ ကျေးသီးပြိုင်သည်၊ ဆွယ်ပြိုင်မဲ့လျှင်း၊ ကျွန်တော် ရင်းဟု၊ ရင်တွင်းနှောင်းမွေး၊သမီးထွေး’’(ရဝေရှင်ထွေးဆို အန်ခြင်း ၄၀)၊ နောင်အခါ ရဝေရှင်ထွေးသည် ထိုတောင်ငူ နန်းတည်မင်း၏ ကိုယ်လုပ်တော်ဖြစ်

www.kelasa.org



ရပ်ဝေးမြေရှည်၊ ချီလေသည်ကို၊ မျက်ခြည်ရှုညောင်း၊ ကြည့်တိုင်းပျောင်းမျှ၊ ပွင့်လောင်းနန်းရန်၊ ရဲတံခွန်က၊ *သဝန်တွေလာ.ဆက်စာမြင့်မြ၊ ရောက်လာခဲ၍၊ ရိပ်ဌခန်းချောင်၊ စိန်ညောင် ဖြူးဆင့်၊ သလွန်မြင့်ထက်၊ ဖူးမြင့်မျှော်ငံ့၊ ဆွတ်ဆွတ်ပုံ့မျှ၊ သွယ်ညှို့ကေသျှင်၊ သိမ်းမပြင်သည်။ ။**ရက်ဖျင်တာရှည်များတော့သည်။**

## ၅၇-ရဝေရှင်ထွေးဆို ရတု (၂)

(ပ) **ရွှေနန်းကလျှင်၊** ဂိမ္ဗခေါ်မှန်း၊ နွေသစ်ဆန်းက၊ ပြည့်ဝန်းပေါ်မြင်၊ လ-လယ်တွင်နှိုက်၊ ကျိုင်းစင်မြရည်၊ ချီမည်မူးမူး၊ သောခါဦးဝယ်၊ ရှင်မြူးစိတ်ကြည်၊ မိန့်ခဲ့သည်မှု၊ နှစ်မည်မကြာ၊ ဆံစွန်မယွင်း၊ သက်လုံးနှင်း၍၊ လည်ချင်းဆွဲလျက်၊ မြဘယက်သို့၊ တင်ထက်နှိုက်တွင်၊ ပါခေအောင်လျှင်တည်း၊ ဆင်ခဲ့ဘိဟု၊ မွေးမိတူတော်၊ ရွှေလျှော်စံတည်၊ မတ်မြောက်မည်လျှင်၊ စိတ်ကြည်ရှင်လန်း၊ မှာ-နှုတ်ခွန်းကြောင့်၊ပတ်ဝန်းဝေလည်၊ ထစ်အုန်းမြည်သည်။ ။**မိုးစည်ကျူးတို့ ခဲ့မည်လော။**

သည်၊ ‘‘မယ့်ကိုလည်းယူ၊ အိမ်ဖြူသာမြင့်၊ ဝင်းနှင့်အိပ်ဖန်၊ ထားစဟန်ကား၊ ရံကိုယ်လုပ်နှင့်၊ ကျွန်ုပ်စံစားရှာ၏လော၊ (ရင်းအန်-၂၆)။ ။၉၇၁-ခုတွင် တောင်ငူ ရွှေနန်းတည်မင်းလွန်၍ နတ်သျှင်နောင် တောင်ငူဘုရင်ခံဖြစ်သည်၊၉၇၂-ခုတွင်အင်းဝဘုရင် ညောင်ရမ်းမင်း၏ သားတော်ကြီး အနောက်ဘက်လွန်မင်းသည် တောင်ငူကို တိုက်ခိုက် သိမ်းယူရာ နတ်သျှင်နောင် အညှိုခံရသည်၊ ထိုကာလ ရဝေရှင်ထွေး၊မင်းဇေယျရန့်မိတ်၊ ရှင်သံကိုယ်တို့ အင်းဝသို့ ပါသွားရသည်။

(ဒု) **နွေစွန်းလတွင်**၊ ထက်ကောင်းကင်က၊ မင်းလွင်မှေးလို၊ မှိုင်းမြည်ညိုလျက်၊ လေချိုပျံ့လှောင်း၊ ပင်တိုင်းပျောင်းသော်၊ ရွက်ညောင်းဖူးငုံ၊ ပေါက်တုံလူလူ၊ ရတု * သရစ်၊ ချိန်အသစ်ဝယ်၊ ကျွမ်းချစ်တင့်ဖျော်၊ ယောင်းမတော်မောင်၊ စံခေါင်မတ်ရည်၊ မြောက်တန်သည်မူ၊ မွေးဘတူကို၊ စိတ်ဖြူကြည်မော၊ ပန်စိမ့်သောဟု၊ ချပ်ကြောညီအောင်၊ စီမြောင်ကိုးသွယ်၊ ရွေးချယ်သင့်ငြား၊ လက်ရွေးသားနှင့်၊ ထိပ်နားလည်တွင်၊ ပန်ဆင်ခါမှန်၊ သို့ချိန်တန်ကို၊ ကျွမ်းရန်မဲ့သည်၊ သန်သို့လည်သည်။ ။**ရိုးရှည်ဖူးတို့ ခဲ့မည်လော။**

(တ) **လေစန်းထလှင်**၊စုံတောခွင်ဝယ်၊ညိုစင်မြမြ၊ ကာလအလျောက်၊ ဖြည်းလေရောက်က၊ ကြွေခြောက်ရွှေဝင်း၊ ပင်ခြေကျင်းလျက်၊ ဖူးကင်းငုံပြန်၊ သည်ခါတန်ကို၊ ကျွမ်းရန်သက်နှင့်၊ ဆွယ်နှိုင်းမြင့်ခဲ့၊ လွမ်းခွင့်စုံဖြိုး၊ ခေါင်အမိုးသို့၊ ရှုဖြိုးမျက်ခြည်၊ ဆီကိုရည်၍၊ပတ်လည်မိုးပန်း၊ လျှပ်ခြည်သန်းလျက်၊ ဆိုင်ဝန်းခြိမ်းမဲ၊ ဆီးကိုရှဲသော်၊ လွမ်းမြတိုးနှင့်၊ တိုးမြင့်သည်ပ၊ မဖြေဖျော်မှလည်း၊ခဏမတည်၊ နည်းများသည်မျှ၊ သို့သည်မပြား၊ လွန်ဆပ္ပါးလိမ့်၊ စံထားမတ်ရည်၊ မြတ်မျိုးမည်သည်။ ။***တိုးတည်ကူးတို့ ခဲ့မည်လော။**

---

### ၃၈-ရဝေရှင်ထွေးဆို ရတု(၃)

(ပ) **မရှက်ပါလေ**၊ ရှင်တော်မွေဝယ်၊ ရှိသေစိတ်ဖြူ၊ တော်မည်ဟူလည်း၊ ဆုယူသဖြင့်၊ နှုတ်မတင့်ခဲ့၊ တိုမြင့်နန်းသူ၊ တောင်းဆုယူသည်၊ မဍ္ဍူမည်သာ၊ မြတ်

www.kelasa.org



သကျာ။ ။သံသာပုံ့ပျုံး၊ နားပါးမှူးမျှ၊ တလူးတလည်၊ ကိုလျောက်မည်ကို၊ ဉာဏ်ခြည်ဝင်းဝါ၊ မပြည့်ပါနှင့်၊ သူ့မှာပျော်ဘက်၊ ရှိမေလျက်ကို၊ မယ်သက် * လုံးချုပ်၊ ကြင်ဘိတုံလည်း၊ လူ့ဘုံနောင်စစ်၊ တင်မည်ဖြစ်ကြောင့်၊ မြစ်ပါခြား၏၊ ရှည်လျား * သင်သာ၊ နောင်သောခါမှ၊ တွေ့ပါရစေ၊ များဘော်ရွေနှင့်၊ စေ့ရေဒွန်လိုက်၊တောင်းစင့်ကြိုက်ဝယ်၊ တိမ်တိုက်လျှံတက်၊ မြည့်နှုန်းရွက်သည်။ ။**ဘဝဂ်သို့သာ ညိုတော့သည်။**

(ဒု) **မသက်သာနေ**၊ အောက်မေ့ချေက၊ သမြေစိုးယု၊ ရိပ်ဖြုဖွင့်လှစ်၊ ဧကရာဇ်ဝယ်၊ ကျွန်ချစ် * ယုံကျုံ၊ မှူတော် * ကုံသား၊တတ်စုံသိပ္ပ၊နောင်ကျိုင်းမြလျှစ်၊ သီလသပ်ရှုံး၊ သတင်းသုံး၍၊ ဖြောင့်ဆုံးမြစ္စာ၊နေလှည့်ရာကို၊ သစ္စာမြင့်မိုရ်၊ ကျိန်မည်ကိုလည်း၊ မဆိုလတုံ၊ ဆိုလတုံလျှင်၊ မယုံသာချေ၊ လေကိုစေသို့၊ ကြေ့တွေစွမ်းခက်၊ မြ-တဝက်သည်။ ။**မရှက်၍သာ ဆိုတော့သည်။**

---

### ၃၉-ရဝေရှင်ထွေး ဆိုရတု (၄)

(ပ) **ဝမ်းနည်းမပြေ**၊ မွေ့ရာရွှေထက်၊ ကြာခွေသောတူ၊ မယ့်လွမ်းမူကို၊ ကြင်သူသက်ဝေ၊ မသိလေတည့်၊ ဖျော်ဖြေလျက်ပင်၊ မရှင်လှဆုံး၊ အုံးထက်လျှမ်း

---

(၃၉) ပေါရာဏဒီပနီ-ပ-၂၈၈, မြန်မာစာ ညွှန့်ပေါင်း ဒု-၂၃၇, ကဗျာဗန္ဓသာရ-၂၄၆ တို့၌လည်း ပါသည်၊ "ကမ်းလည်းအနေ၊ မြစ်ရေမကျ၊ ဝမ်းကျမနိမ့်" ရဝေရှင်ထွေးဆို (လောကပဒိတ ရာသီဖွဲ့ထား-၂၇၆-၂၁၊ ကဝိလက္ခဏာဒီပနီ-၂၄၆)။

ပြည့်၊ နေရှာလှည့်လျက်၊ မည်သည့်မသိ၊ ကြည့်တိတိကို၊ မသိချိန်ခါ၊သူက*တာ၍။ ။**ရှာတော့သည်လည်း မိုးသကြား။**

(ခ) လျှမ်းပည်းတထွေ၊တောင်ကလေနှင့်၊ မြောက်လေရှက်ပြေး၊ ရောကြခထွေးလျက်၊ မြေးမြေးပျပျ၊ နွေလမမည်၊ ချမ်းသည်မစဲ၊ ရာသီခွဲဝယ်၊ ဝမ်းကွဲတမ်းဆွတ်၊ ဖြစ်စေတတ်သား၊ လူနတ်များရှင်၊ ဖန်စီရင်၍၊ မရှင်တမ်းစက်၊ အုံ့ပြက်မနည်း၊ အလွမ်းသည်းအောင်၊ ဆည်းဘိသည်ခလာ၊ မရောလင်းဝါ၊ လျှပ်စစ်ပါ၍။ ။**ဖြာတော့သည်လည်း တိမ်ညွန့်ဖျား။**

(ဂ) ကမ်းလည်းအနေ၊ မြစ်ရေမကြွ၊ စမ်းကျမနိမ့်၊ ကြည်အေးစိမ့်လျက်၊ မိုးတိမ့်အလုံး၊ လွှမ်းဖုံးကောင်းကင်၊ နေကိုလျှင်လည်း၊ မမြင်တပ်တပ်၊ ပိတ်ပိတ်ထပ်သော်၊ လှပ်လှပ်နွဲ့ရှာ၊ မဥ္ဈကြာသို့၊ ဖျာဝါထပ်ပွါး၊ လွမ်းချင်းများကို၊ ထားရစေတော့၊ လျော့ကြီးလျော့မှ၊ ရွှေလှော်အသွင်၊ ရာတင်ဆယ်ပြန်၊ မယုတ်လွန်သို့၊ စေကျွန်မလာ၊ နှုတ်ဆင့်မှာ၍။ ။**ကြာတော့သည်လည်း မောင့်စကား။**

---

### ၆၀-ရဝေရှင်ထွေးဆို ရတု(၅)

(ပ) **လျှံတက်ထွန်းဝါ၊** မြို့လက်ယာနိုက်၊ ရှုသာအံ့ဘွယ်၊မြင့်ဖြူးသွယ်သား၊မိုးလယ်ထိတုံ၊ ခေတ်မျိုးပုံ

(၆၀) ပေါရာဏဒီပနီ-ပ-၂၈၈, ကဗျာသာရတ္ထသင်္ဂြိုဟ် ၃၀၀၊ မြန်မာစာညွန့်ပေါင်း-ခု-၂၃၈-တို့၌ ရဝေရှင်ထွေးဆို။ နဝဒေးရတု ၆၉-၌ နဝဒေးရေးတု စာခေါင်းတပ်ထားသည်။

www.kelasa.org



သည်၊ စည်းခုံမြတ်စစ်၊ မယ့်ရှင်ချစ်။ ။ကျိုးပြစ် ၈ နှ၊ မည်မျှမထင်၊ ဆံပင်စုလည်း၊ ဆယ်နှစ်တည်းက၊ သိပ်သည်းမြဲမှန်၊ ဘန်ဘန်စကား၊ ဆိုသောအားဖြင့်၊ ယုံမှားမိလျှင်း၊ သက်လုံးနှင်းချ၊ချွတ်ယွင်းလိုလို၊ပြယ်ယာယ်ဆိုခဲ့၊ သန့်ကိုယ်စွမ်းအင်၊ အသွင်မြလား၊ မယ့်သက်ထားသည်။ ။***စိတ်ပြားကြံစည်*ယိုးတိသည်။**

(ဒ) ကြံခက်လွန်းစွာ၊ ကြီးဗျာပါနှင့်၊ မယ့်မှာမယ်ထူး၊ မိန်းမူးစိတ်ဝမ်း၊ ငိုက်မျဉ်းသမ်းမှ၊ ကြင်ကျွမ်းတူအင်၊ သို့ပင်ယွင်းချွတ်၊ ပျက်ဘိတတ်ခဲ့၊ မမှတ်စသာ၊ ကြံကာဆိုထုံး၊ *ယူကျုံးမရ၊ နုမှကဲလွန်၊ မယ့်ဖြစ်ဟန်ကို၊ မချန်မြွက်ကြား၊ မြတ်ဘုရားအား၊ ဦးဖျား ထိပ်ပြင်၊လက်စုံပင်တည်း၊ကြည်လင်ဆုညွန်း၊ ဂိုပန်းမိဋ္ဌာန်၊ တိုင်ကြားပန်မှ၊မှန်တုံသက်လုံး၊ဆင်းမြဲကုံးသည်။ ။**လက်ရုံးကိုယ်ရည် ကိုးဘိသည်။**

(ဏ) **နှံ့သက်မှန်းကာ၊**ကြီးသစ္စာနှင့်၊မြဲဝါနှန်းရန်၊ ဆိုစဟန်ကား၊ထက်စွန်ရပ်သူ၊သက်လျာမူလည်း၊ နှိုင်းယူမခွ၊ မယ်ပေါ့သူသို့၊ မပို့ချစ်သက်၊ မယွင်းကွက်ဟု၊ မြဲချက်သမူ၊ သက်လုံးစုမှ၊ ယခုတမူ၊ မမြူသတီ၊ ယွင်းချွတ်ဘိ၍၊ မျက်စိဆင်းရဲ၊ ဝမ်းကွဲလှည့်ကာ၊ ကျွန်ုပ်သာလျှင်၊ မျက်နှာမရ၊ မိဘမျိုးအင်၊ ပြစ်တင်ထန့်ပြင်း၊ မလွှတ်လျှင်းခဲ့၊ ချင်ရင်း ကိုပေါ့၊ မည်မျှသူ့နား၊ မတိုင်ကြားသည်။ ။**အများသိမည် စိုးတိသည်။**

---

(၆၀) ရဝေရှင်ထွေးစာ၊ တစောင်မှာလည်း နဝဒေးစာဆိုသည် (လက်ဝဲနော်ရထာအမှာ)။

### ၆၁ - ဇင်းမယ်ဘုရင်ဆို ရတု (၁)

(ပ) ညိုလှသည်သူ၊ စိတ်စိတ်တူ၍၊ စင်ဖြူညက်မွတ်၊ သွယ်နွဲ့ညွတ်လျှင်၊ တိမ်းမပ်မဝံ့၊ လွမ်းပုံ့ဆွတ်ယူး၊ တွေဝေမူးမျှ၊ ဒါကျူးရွှေရင်၊ ကွာမည်ထင်သော်၊ အိမ်ရှင်နောင်လက်၊ မလွှတ်ရက်တည်း၊ စုံမက်ကဲလွန်၊ ဖြစ်သောဟန်ကို၊ ဘန်တလဲ့လဲ၊ မြင့်မြဲကြာကာ၊ ဝါလည်းပတ်လျှိုး၊ ကြင်ဆုံးမမေ့၊ ရွှေးချစ်ငွေ့ကို၊ ယနေ့တိုင်အောင်၊ နောင်မမေ့ရက်၊ ပြိုက်ပြိုက်စက်မျှ၊ ရွှေချက်မြုပ်ရာ၊ ဟံသာပြည်မ၊ နန်းရိပ်ကလျှင်၊ အလှမှန်ကင်း၊ မျိုးသည်ရင်းနှင့်၊ ရင်ချင်းမစုံ၊ ရှဲခဲ့တုံသော်၊ ကဆုံပြည့်ဝန်း၊ တို့ရပ် ကျွန်းသည်။ ။ရေသွန်းသည် ကာလ တကား။

(ခ) ဆိုပမည်သူ၊ ဖြစ်ခြင်းဟူကား၊ ဆံမြူမစွန်း၊ ငြိမ့်ငြိမ့်ရွှန်း၍၊ ကြော့လန်းပျိုမျစ်၊ သခင်စစ်။ ။အပြစ်ခြင်းရာ၊ ငယ်ပျူဟာနှင့်၊ တွေသီသာညင်း၊ မှာလိုက်ခြင်းကို၊ နောင်မင်း စိတ်တွင်၊ ထင်သည်ကားနည်း။ လွမ်းသည် ပည်းစွ၊ မယ်လည်း တ-ကာ၊ ဟံသာ ဘုံမြေ၊ ထိပ်ဖွေမှန်ကင်း၊ ပြည့်များမင်းက၊ သည်ရင်းတုံလည်း၊ မစုံရွှေရင်၊ ကြာတင်ခုအောင်၊ ယွန်းပြည်ခေါင်က၊ ခေါ်ယောင်ဆိုတမ်း၊ တ-လွမ်းစဉ်ကြိုက်၊

(၆၁) ရင်ချင်းမစုံ၊ ရှိခဲ့တုံသော်၊ ကဆုံပြည့်ဝန်း၊ ဇင်းမယ်မင်းစာ (လောကဟိတရာသီခွဲထား ၃၀၀-၇၅)၊ ဤလက်ဝဲနော်ရထာ ရတုမှာ ဇင်းမယ်ဘုရင်ဆို စာခေါင်းတပ် ၈-ပုဒ်, ဇင်းမယ်ဘုရင် အနော်ရထာစောဆိုစာခေါင်းတပ် ၁-ပုဒ်၊ ဇင်းမယ်ဘုရင်

www.kelasa.org



ချိန်သင့်ရိုက်၍၊ မှိုင်းမိုက် တောင်းကင်၊ လျှပ်စစ် လွင်နှင့်၊ သံထင်ရိုက်ကျူး၊ စိတ်ကိုနှူးသို့၊ ရပ်ထူးမြိုင်ချောင်၊ တောနှင့်တောင်လည်း၊ စိမ်းရောင်ညွန့်လန်း၊ ဖူးခေါင်ထွန်း၍၊ ကြိုင်မွှန်းပွင့်စွ၊ ပန်းသော်ကကို၊ ညိုမြ ညက်စင်၊ သဇင်ဘို့ဝေ၊ ရလေစေဟု၊ တောင်းသည်ဆုနှင့်၊ ယခု လွမ်းကြည်၊ ဆက်ရသည်မူ၊ ရှေ့ပြည်အလယ်၊ ရောင်သွယ် တသန်း၊ မြိုးပြက် ထွန်းသည်။ ။နေဝန်းခြည်ဝါမျှ တကား။

(တ) ထိုမျှရည်တူ၊ လှမျိုးဟူကား၊ တိမ်ဖြူမှောင်လင်း၊ ဘိုးလမင်းသို့၊ ထွန်းဝင်းရောင်ဝါ၊ ကြယ်တကာလျှင်၊ ရှောင်ခွါသေးညှို့၊ မထွက်ဝံ့သား၊ ပျိုဖွံ့ဆင်းမြင်၊ ငါးစုံအင်နှင့်၊ ပြစ်တင်မစက်၊ နောင်မင်းသက်မူ၊ မိန့်ပွက်သံချို၊ တုံ့ဆိုမတတ်၊ ပျောင်းတိမ်းညွတ်မျှ၊ လွမ်းဆွတ်မူးမော်၊ ဖြေဖြည့်သော်လည်း၊ ရွှေလှော်ကြင်ပွင့်၊ နေခြည်သင့်သို့၊ တုံမြင့်နန်းသာ၊ နေရာစက်ခင်း၊ ထုံသင်းမွှေးပျံ့၊ မွှေရာညံ့ထက်၊ မတုံ့*တူးတည်၊ ရှိရစ်သည့်ကြောင့်၊ ကြံစည်စေ့စေ့၊ လွမ်းအောက်မေ့က၊ ညွတ်ခွေ့မပြေ၊ ကဲလေလေလျှင်၊ ဆယ်တွေထောင်သောင်း၊ လွမ်းသစ်လောင်း၍၊ ဆွေဟောင်းကျွမ်းဝင်၊ သခင်နေရာ၊ ဆိသွိုသာဟု၊ မေတ္တာရစ်သန်း၊ ကြီးခက်လွန်းသည်။ ။ရွှေယွန်းပြည်သာက တကား။

အငယ်ဆို စာခေါင်းတပ် ၁-ပုဒ်၊ ပေါင်း ဇင်းမယ်ဘုရင် အမည်သုံးရပ်ရှိရာ မည်သည့် ဇင်းမယ်ဟု အတပ်သိရန်ကား ရတုစာသားနှင့်ရာဇဝင်အထွေထွေ သမာဓိကြီးစွာ နှိုင်းညှိမှ သိသာရမည်ဖြစ်သည်။

## ၆၂-ဇင်းမယ်ဘုရင်ဆိုရတု (၂)

(ပ) ပေါမဝန်မှာ၊ တောသာတခန်း၊ တောင်ထောင့်ယွန်းနိုက်၊ သိုက်နန်းဗိမာန်၊ ဥမှာသွန်၍၊ ဘုန်းဝှန်သနင်း၊ မွေး၍ပြင်းသား၊ တတ်ခြင်းနားဝင်၊ လူမှုကျင်သည်၊ မြသွင်ကိုယ်မွေး၊ စိန်ပြည်ကျေး။ ။ခြားဝေးမြေရှည်၊ တရုတ်ပြည်ကို၊ ဖွေနှည်လုပ်ကြံ၊ ခန့်တိုင်းနှံ၍၊ မယ့်ထံဘုံနန်း၊ ရွှေမြို့ယွန်းသို့၊ စခန်းလှည့်၍၊ ပြန်လေပြီဟု၊ မိုးဆီတိမ်တွင်း၊ လေကိုချင်း၍၊ လျင်ပြင်းသွားလေ၊ လျှောက်နှင့်ချေလော့၊ မြခတပထွန်း၊ ဘုံရွှေနန်းဝယ်၊ ဘက်ကျွန်းစံထင်၊ နောင်သခင်မူ၊ ဖူးချင်သမ်းပျောင်း၊ မှီအုံးလျောင်းသည်။ ။ညောင်စောင်း *ကျက်သရေဝယ်သော။

(ဒု) စေ်စာယန္တာ၊နန်းသာတုလွတ်၊ဘုံမျှားထွတ်ဟူး၊ သုဒဿန၊ နာမတွင်သည်၊ သကြားတည်သား၊ အမည်ဿိုရှိန်၊*တာဝတိံနှင့်၊နှိုင်းချိန်မြိုင်ဆွယ်၊ရွှေဇင်းမယ်သို့၊ မှတ်ရွယ်*ဘူရှု၊ ပျံလေမူကား၊ သဲဖြူပေါ်ထွန်း၊*မြင်သာကျွန်းနှင့်၊ရစ်သန်းမြလား၊သံလွင်နားဝယ်၊ပန်းအားပြေရုံ၊ နားပြီးတုံမှ၊သဲပို*ဗုဒ္ဓိုး၊သုံးလူ့မျိုးကို၊ညွှတ်ကျိုးကော်ရော်၊ ပူဇော်ခဲ့လျှင်၊တည်ဥ္စတင်းမှ၊မလင်းမီခင်၊ သောက်ရောင်ထင်က၊ စောစောထ၍၊ ဌာနမင်းနေ၊ ဘုံရွှေမြေသို့၊ ညနေ ချမ်းမှန်၊ ရောက်လေ တန်၏၊

(၆၂) ပေါရာဏဒီပနီ ပ-၁၉၁,မြန်မာစာညွှန့်ပေါင်း ဒု-၂၀၊ လက်ဝဲနော်ရထာက ဇင်းမယ်ဘုရင်စာဟု ခေါင်းတပ်သည်၊ မြန်မာစာညွှန့်ပေါင်း၌ ဇင်းမယ်မိဖုရားဆိုကျေးစေ- စာခေါင်းတပ်သည်။

www.kelasa.org



*သဝန်ခွေစာ၊ ဆက်လိုက်ရာကား၊ သိင်္ဂါအစစ်၊အာနိနစ်တွင်၊မြဖြည်တင်သို့၊အသွင်နတ်လောင်း၊ရှုမညောင်းသည်။ ။ယောင်ကောင်း ညက်တရွှေဝယ်သော။

(တ) စေတမန်သာ၊ *သဝန်စာနှင့်၊ ပျူဌာသံမြ၊ မောင့်နှုတ်ကလျှင်၊ ခွန်းချိုမကျန်၊ မှာတိုင်းပြန်လော၊ နှောင်းစွန့်ဘွားမြင်၊ မိသခင်၏၊ *လေးပင်သာပျော်၊ ငယ်မည်တော်ကို၊ ထုတ်ဘော်မရက်၊ စုံမက်လှည့်ကာ၊ ကြံရာကြံမြန်၊ မိုးသို့ဝှန်မျှ၊ ရွက်ဟန်ထူးခြား၊ စံကားဖြူညက်၊ မဥ္ဇူခက်ကို၊ ဆက်လိုက်သော်လည်း၊ရှင်ပျော်နှစ်မြို့ကံ၊မီးရောင်မြိုက်မူ၊ ဦးနှိုက်စံပယ်၊ မဆင်ဘွယ်ဟု၊ ဘုန်းကြွယ်တုလွတ်၊ စွယ်တော်မြတ်ကို၊ ရည်မှတ်ရည်းထင်၊ ပူဇော်တင်၍၊ သာရှင်သံညောင်း၊ပြည့်ဆုတောင်းသည်။ ။နှောင်နှောင်းဘက်မကွေ ရှယ်သော။

---

## ၆၃-ဇင်းမယ်ဘုရင်ဆိုရတု (၃)

(ပ) ယိုးဒယားတောင်၊ * ယဉ်ဖြောင် စီးရစ်၊ မြစ်နှင့်တရှက်၊ ဒီတက်*ဖျားညာ၊ မြို့လက်ယာဝယ်၊ ချတာမိုးမြေ၊ တပ်တဲနေ၍၊ အောင်မြေ နက်သန်၊ ရန်လည်း *တိုးတည်၊နိုးသည်အကြား၊ဘုရားဂူခေါင်း၊ တန်ဆောင်းစရပ်၊ လိုင်ထပ်မုတ်နန်း၊ရပ်ခန်းထွေလာ၊ ရွှေသာမွှမ်းလှည့်၊ ပြည်၏ *သနစ်၊ သာသည်ဖြစ်ကို၊ ဆွေစစ်နှောင်မြ၊ မြော်လကလည်း၊ ဆွတ်မျှလွမ်းပျို့၊ ဆည်မတို့ခဲ့၊သွယ်နှံ့ပြည့်မျှ၊တော်သည့်ကြင်မြှီး၊ချစ်လွမ်းတိုးသည်။ ။စစ်မျိုးသည့်နှယ် မကြာလှည့်။

(၆၃) နဝဒေး ရတုပေါင်းချုပ် ၁၇၀-၌ နဝဒေးရေး။ ယဉ်ဖြောင်း=ပေမူအတိုင်း အရစ်ထားသည်။

(ဒု) စစ်မျိုးဝယ်လည်း၊ သည့်နှယ်ကြာတွေ့ရှိဘူး ပေစွံ၊ မြောက်လေဆီးခဲ၊ ခဲပွင့်စ၊ သန်နှောင်းကာသည်၊ ယင်းမှဘော်ကျွေ၊ ချိုရလေသော်၊ ရေလည်းပြည့်လျှံ၊ မင်းစံမှတ်ထိပ်၊ နတ်ကြီးအိပ်၍၊ စုံရိပ်မြိုင်နက်၊ ဒေါင်း ကျေးငှက်လည်း၊ မထွက်သိုက်က၊ သည်ကာလကို၊ ဖိုမ မကွေ၊ စံပျော်နေ၏၊ ရစ်ခွေ *တရူ၊ နောင်တမူကား မတူမျိုးကွဲ၊ မန္တဲ့ရှဉ်ချင်း၊ သန့်ဝါတွင်းဝယ်၊ သည်ရင်း မမြင်၊ ကျွတ်မည်ထင်ခဲ့၊ အသွင်နတ်နှင့်၊ စံရှုန်းသင့်သည်၊ သခင့်ချစ်ဘက်၊ စစ်ဆက် ဆက်သည်။ ။လွမ်းလျက် သည့်နှယ် မကွာလှည့်။

(တ) မကွာလွမ်းလျက်၊ စစ်ဆက် ဆက်လည်း၊ ရင်ညက်ရှဉ်စုံ၊ မိကြေးမုံနှင့်၊ မစုံရပဲ၊ မန္တဲ့လည်ချင်း၊ သည်ဝါတွင်းဝယ်၊ သည်ရင်းနောင့်တူး၊ မကျွတ်ဘူး တည့်၊ ရစ်ကျူးဝေးခေါင်၊ မောင်ကားစစ်ဝယ်၊ မယ်ကား ရူဏ၊ ရွှေပြည်ကလျှင်၊ ဆွတ်မျှဗျာပါ၊ နေလှည့်ရာကို၊ ဒေါမိုးနေ၊ သူဇာဆွေလည်း၊ ချမ်းစေစိမ့်ငှါ၊ တဘန် ရွာ၍၊ လေသာဖြည်းညင်း၊ မဝင်းမည်းညို့၊ ပတ်ကုံး ဆို့လျက်၊ မြင့်မိုရ့်တောင်နား၊ ယုဂန်ဖျားမှ၊ တိမ်ကြား တလျှောက်၊ ပုလဲပေါက်သို့၊ ကျဖြောက်လူလူ၊ စွေလတ် ပြုသည်။ ။မိုးမြူသည့်နှယ် မရွာလှည့်။

၆၄-ဇင်းမယ်ဘုရင်ဆို ရတု (၄)

(ပ) သုံးထောင်ပေဟမာ၊ တောခန်းဝါနှိုက်၊ ပျော် ရာနေမှန်း၊ သစ်ပေါက်နန်းနှင့်၊ ဆောင်ညွှန်းဖွေရန်၊ နတ်တို့ဖန်၍၊ မိုင်းခွန်မိုင်းစင်၊ ဆွေစုံကြင်သား၊ ဘုန်း

† သန်ကောင်ကသည်၊ ရင်မြဘော်ကျွေ၊ (ရှိမ္ဘကားမှ)



အင်ကြီးလှ၊ မြို့နှင့်ရလည်း၊ တောက်ပရည်လေး၊ မိုင်း ခွန်ကျေး။ ။နတ်ပေးစောင့်ကြပ်၊ လူမစပ်လည်း၊ ပွင့် ချပ်မြနှယ်၊ ခွယ်လည်းမြရှုပ်၊ * အုပ်ထုပ်နီလာ၊ ကြင် ဘွယ်သာတိ၊ ဖြူဝါမပြိုင်၊ *ပေါက်နက်ခိုင်ကို၊ ဆက်တိုင် သာရှင်၊ * မော်တောရှင်သို့၊ ဆောလျင်ကြွချီ၊ ပြန်လပြီ ဟု၊ လျှောက်မီစေချင်၊ စေလိုက်ကျင်သည်။ ။ကောင်း ကင်လေ ခရီးဖြင့်သော။

(ဒု) ကုံးမြောင်တွေလာ၊ ကြင်ဘွယ်သာတိ၊ အဝါ အနီ၊ စုံစီမလပ်၊ မြပွင့်ချပ်သို့၊ ခြောက်ထပ်နတ်သာ၊ ပန် ထိုက်ရာသား၊ ဘုန်းဝါပြောင်ပြောင်၊ နှံ့အောင်ဇမ္ဗူ၊ ယူလာတော့မည်၊ လက်ရုံးရည်ဟု၊ ထက်မြည်နတ်မှ၊ ပန် စိမ့်ချသည်၊ အလှတန်းဆောင်၊ ရွှေမျှား*ဘောင်ဝယ်၊ ကိုယ်ရောင်ရှန်းသည်၊ ဝင်းညက်ခြည်နှင့်၊ †မွှတ်ကြည် ပယင်း၊ ရွှေဆင်း*အာနီ၊ မျက်စီစိန်ခဲ၊ ပုလဲ*အလျော၊ မြကြောနန်းငင်၊ ရစ်လည်ဆင်သို့၊ ကြင်လည်း ကြင် ဘွယ်၊ ရွှယ်လည်းရွှယ်သစ်၊ နတ်စစ်မယွင်း၊ ဆွေစိုးမင်း ကို၊ သက်နှင်းဆောလျှင်၊ စုံပျော်ချင်သည်၊ ။ထွတ် တင်ဆွေနိုး နှင့်သော။

(တ) ထုံးဆောင်ဖွေရှာ၊ ကြာအုံ့နာလော၊ ရှေး ဒါလောင်းတော်၊ ‡မဟော်သထာ၊ ဘုရားလျှာဝယ်၊ စေ ပါမပြတ်၊ ထိုကျေးမြတ်နှင့်၊ နှိုင်းမှတ်စံသား၊ ခြေတံ *ပြယား၊ စိန်ကားမျက်လုံး၊ ရင်ဖုံးစွေးစွေး၊ အရွှေရေး သို့၊ နှုတ်ကွေးဇော်တ၊ မြည်သံမြနှင့်၊ သွယ်လှမြီးခေါင်၊

† အုပ်ထုပ်၊ ‡မဟော်သထာတို့ကို ပေမူ အတိုင်း ထားသည်။

ရွှန်းရွှန်းပြောင်မျှ၊ နီရောင်ကိုယ်မွေး၊ မိုင်းခွန်ကျေးလျှင်၊ မြင့်ဝေးဖြူးသီ၊ ပန်းခိုင်ချီ၍၊ တောင်ဆီ ထောင့်ယွန်း၊ ဇင်းမယ်နန်းသို့၊ ခက်လန်းဝေဝေ၊ ပျံတက်ချေလော့၊ မြေတော ပ ဝင်း၊ ရွှေဘော်ချင်းဝယ်၊ နှုန်းခင်းသော်မူ၊ နှိုင်းရာတူသည်။ ။ဇမ္ဗူရွှေအသီး ပွင့်သော။

၆၅–ဇင်းမယ်ဘုရင်ဆို ရတု(၅)

(ပ) မဏိလျှံပြောင်၊ ဝေပုတောင်ထက်၊ သိန်းထောင်ရံဝန်း၊ ပေါစကျွန်းသား၊ တူလွန်းမမြော်၊ ကြိုက်တော်မောလှ၊ ကြင်ယုယသည်၊ သိင်္ဂီရည်ကျော်၊ ကျေးရွှေလှော်။ ။ရှည်ဘော်တို့နေ၊ ယွန်းအောင်မြေသို့၊ ပျံလေဝေးနီး၊ ကျောင်းကြီးမြသိန်၊ မုနိန့်ထွတ်ကဲ၊ သွန်လောက်မဲနှင့်၊ နင်ငဲမြကျော်၊ စံပျော်ရည်သွန်း၊ ကြိုင်မွှန်းစတောင်း၊ တသောင်းနေလား၊ ရှင်စောများကို၊ ထိပ်ထားရည်လျက်၊ ရင်းမာခက်နှင့်၊ တင်ဆက်ရှိသေ၊ ကျေးမြထွေလျှင်၊ လျှောက်ချေညွတ်လျက်၊ မြန်မည်ရက်သည်။ ။**ဆက်ဆက် လျှင်စေချင်တော့သည်။**

(ခု) **တန်ခိုးနေသွင်**၊ပြောင်ရှိန်ရှင်သား၊ပေါ်ထင်သတိ၊ရဲရဲညီမျှ၊ သိရိကုန်စဲ၊ ကျော်သဲဒွန်လျှံ၊ ဆောင်ပျံတလီ၊ ဝတ်စင်သီဟု၊ စံညီဘုန်းထင်၊ ပေါ်တိုင်း လွှင်နှင့်၊ ဆံသျှင်မြတ်စွာ၊ ရတနာက၊ မဟာစေတီ၊ တွင်ညီ

(၆၅) ဇင်းမယ်မင်းဆို မဏိလျှံပြောင်ချီသည့် ရတုတွင် ''မဟာစေတီ၊တွင်ညီရှေးက၊ဇေယအကျည်၊ မြတ်သည်လူ့ဖျား၊ရှင်စောများကို''၊ ကျောင်းကြီး မြသိန်၊မုနိန့်ထွတ်ကဲ၊ထွန်းတောက်ပဲနှင့်၊ နတ်လဲ မြကျော်၊ (သျှင်ဥတ္တမသာလာသတ်ညွှန်း ၂၁)။

www.kelasa.org



ရှေးက၊ ဇေယ အကျည်၊ မြတ်စည်လူ့ဖျား၊ ရှင်စောများကို၊ ကျေးသားမျက်ပုံ၊ တင့်မျိုးကုံသား၊ လျှောက်တုံသောထွေ၊ မမေ့လေနှင့်၊ မြန်စေလျှင်ကြောင်း၊ နှစ်ကြိမ်တောင်း၍၊ နှောင်းမှလျှောက်ခဲ့၊ ညီလဲ့လဲ့ကို၊ ပျောင်းနွဲ့လွမ်းရာ၊ မေတ္တာလေးနက်၊ စိတ်မကွက်သည်။ ။**သက်ထက်ကြွင်စေချင်တော့သည်။**

(တ) **ဆောင်းလာကပင်**၊ပြောင်းကြွကုန့်ကျူး၊ နွေသို့ကူးမျှ၊ ထူးထူး မဥ္ဇူ၊ လှိုင်ကြွရင်းမာ၊ ပရဝါနှင့်၊ ခတ္တာစံကား၊ ကြိုင်ရှားပျံ့မွှန်၊ သင်္ခမောဟန့်ကို၊ ဂိမ္ဗန်ခါလိုက်၊ ကေစက်စိုက်လက်စား၊ ပျိုးသားခွဲပစ်၊ ကျွန်စ်*တမန်း၊ ရေးငန်းလုယက်၊ ရှဉ့်ဘက်တည်၊ တူပြိုရှင်ပျူ၊ ပျော်သည်လကို၊ ဇွက်မျှသိုက်တွင်း၊ လွှင် မကျင်းလည်း၊ ဖန်ဆင်းဘုန်းအင်၊ ဉာဏ်စက်ရှင်ဖြင့်၊ မြည့်လျှင်စေသား၊သျှင်တော်များဟု၊ ကျေးသားမျက်ဖျော်၊ လှစံကျော်လျှင်၊ ရှင်ပျော်ခန့်တွက်၊ နေ့ရက်ရိုးပေါင်း၊ လျှောက်သည်နှောင်းမှ၊ စုံကောင်းသာရှင်၊ မိသခင်နှင့်၊ သည်တွင်ရက်ချာ၊ သို့စင်ကြာခဲ့၊ အာကာ ဝန်းကျင်၊ ကောင်းကင်ပတ်ကုံး၊ မှိုင်းဝေအုံးသည်။ ။**လျှပ်ကုံးကြေညာဆင်တော့သည်။**

၆၆–ဇင်းမယ်ဘုရင်ဆိုရတု (၆)

(ပ) **ရွှေယွန်းပြည်သာ**၊ အောင်မြေချာနိုက်၊စကြာသနင်း၊ နတ်ရှင်မင်း၏၊ သံညင်းမိန့်ရိပ်၊ နှုတ်တန်ဆိပ်ကို၊ ဦးထိပ်ရွက်တင်၊ ပန်းနွယ်ဆင်၍၊ ရပ်ခွင်မြေတာ၊ ချီရလှာသော်၊ ဗျာပါထပ်လောင်း၊ ရှေးဆက်

နှောင်းလည်း၊ ချမ်းဆောင်း သည့်နှယ်၊ မဖြစ်ဘွယ်တည်း၊ နွေလယ်ညခင်း၊ မဝင်းနေရောင်၊ သန်ကောင်သန်ရောက်၊ မိုးသောက်ထွန်းနေ၊ မြောက်ထလေနှင့်၊ ဝေဝေကျနှင်း၊ ချမ်းသောခြင်းကို၊ ရင်တွင်းအူသည်း၊ ဖိန့်ဖိန့်ကြည်းမျှ၊ ချုပ်တည်းမသာ၊ မယ်တို့မှာလည်း၊ သည်ခါသည့်နှယ်၊ မချမ်းဘွယ်တည်း၊ ညှိုးငယ်သမ်းပျောင်း၊ မလွှမ်းထောင်းသည်။ ။**သက်ပေါင်းဖူးလှာချင်တော့သည်။**

(ခု) **နွေစွန်းလည်ခါ**၊ ရွှေယွန်းမှာလည်း၊သာယာလိမ့်မည်၊ ထက်နတ်ပြည်သို့၊ ရေကြည်သီတာ၊ ပန်းနွံသာနှင့်၊ သဒ္ဒါကြည်လင်၊ ခတ်မွှေရှင်ဝယ်၊ လက်ငင်စုံပေါင်း၊ မတောင်းရလေ၊ မိန့်တော် တွေကြောင့်၊ ဝေးမြော်ရှီး၊မယ်မနီးတည့်၊တောကြီးမြိုင်သာ၊နှောင်တို့မှာလည်း၊ အခါကြုံကြိုက်၊ ရတုလိုက်ဖြင့်၊ ဖူးကိုက်ညွန့်ရှင်၊ပေါ်စမြင်က၊ လှန်စင်တချို့၊ စိမ်းညို့ညို့နှင့်၊ စီစို့ငုံသေး၊ တောတောင်မွေးမျှ၊ ခါရွှေးလဲပေါက်၊ ပိတောက်နီမြန်း၊ ရွှေရောင်ထွန်းက၊ ခိုင်လန်းမြညှာ၊ *ဇလထာအင်ကြင်းမင်လုံးဝင်းမျှ၊ ကြိုင်ရှင်းတောလုံး၊ သီ၍ကုံးသို့၊ မဆုံးမျက်ခြည်၊ မည်မည်မို့မို့၊ ညို့ညို့စိမ်းရွှေ၊ အထွေထွေတီ၊လယ်မြေကန်ချောင်း၊*ခြို*ကျီးပေါင်းနှင့်၊ သံညောင်းမြည်ရှာ၊ ငှက်တကာတို့၊ မကွာရှဉ်ဘက်၊ လည်ချင်းရက်၍၊ ကျူးလျက်ရှင်စဲ၊ တသဲသဲလျှင်၊ ဝမ်းကွဲဘွယ်မှု၊ မျှော်ချေရှုလည်း၊ သဲစုငွေစင်၊ ခုံကျွန်းပြင်ထက်၊ ဖောင်းပင်လူလူ၊ ဖွေးဖွေးဖြူမျှ၊ ရေယူလှည့်ပတ်၊ စက်ရဟတ်နှင့်၊ ဆွတ်ဆွတ်မရှင်၊ သူ့ရပ်

www.kelasa.org



ခွင်ဝယ်၊ မြင်လျှင်နှောင်ထူး၊မတည်ဘူးခဲ့၊ရှိမ်းနူးနေရာ၊ တဲခန်းသာတွင်၊ ဖွေရှာကြင်စ၊ အောက်မေ့ကလည်း၊ အလှနတ်ဆွယ်၊ ခွေသည် မယ်ကို၊ ရွှေဝယ် ရင်ခွင်၊ နေသည်ထင်ခဲ့၊ သို့စင်ကြာညောင်း၊ တပျောင်းပျောင်းသည်။ ။**စက်လျှောင်းတူသာ ထင်တော့သည်။**

---

၆၇-ဇင်းမယ်ဘုရင်ဆို ရတု (၇)

(မ) မြစိုင်တဖြင်၊ အာကာခွင်က၊ တိမ်စင် ချယ်ထား၊ ပြောက်ကြားမစွန်း၊ မထွန်းဖြူရောင်၊ မိုက်မှောင်မည်းမည်း၊ ကြောက်ဘွယ်ချည်းတိ၊ ရိုက်ကြည်းခြိမ့်မွှန်း၊ ပြုဘနန်းတည့်၊ လျှပ်ပန်းရောင်ခြည်၊ စက်လျှံလည့်လျက်၊ မိုးစည်သာလေး၊*သားမြေးခေါ်ရှိုး၊*ထစ်ချုန်းရင့်နှဲ့၊ပြိုင်ပြိုင်ကြိုက၊ ခဲမဥ္ဇူ၊ နှင့်သာတူ၍၊ ကြင်သူမယ်ကြောင့်၊ စိုးနှောင့်ဗျာပါ၊ ဝေဆာဇွန်ကြိုက်၊ ခေါ်ခိုက်ယိမ်းပါး၊ ဖြစ်သည်များကို၊ သနားမဲ့ပါ၊ ကြိမ်းကရှာသည်။ ။**ဝဲပါတော့လော အာကာစိုးလုံး ယူကျုံးစိုးမှတ် ပိုင်သည်နတ်။**

(ခု) မျှမြိုင်မထင်၊ သောင်းတိုက်ခွင်ဝယ်၊ လူအင်ရည်တူ၊ ရှာ၍ယူလည်း၊ တူသူကိုထား၊ တခံဖျားမျှ၊ နည်းများယိမ်းဆွယ်၊ မရဘွယ်တည်း၊ စံပယ်ရေသွန်း၊ နံ့မွှန်းကြိုင်အေး၊ ဥသစ်မွေးသို့၊ သာလေးသံချို၊ ဆိုလည်းမြစ်ပို့၊ ကြံတိုင်းတဲ့၍၊ ချောညံ့ပြာနု၊ ကြင်သက်စုကို၊ မျက်ရှုရိပ်မြိုင်၊ *လုံးချုံဦးဆံ၊ဆက်တိုင်းနှံ့လျက်၊

(၆၇) ၁၅-လုံးချ မဏိဦးပြည်းချ။

မြိုမြိုသစ္စာ၊ ချောက်မြွက်မှာလည်း၊ မာယာစကား၊ အခြားစိတ်မှာ၊ မယုံသာခဲ့၊ သက်ဘစွန်းငြိ၊မှာတော်ရှိ၍၊ ဇာတိမြစ္စာ၊ လူ့ထွတ်ချာသည်။ **။ယုံပါတော့လော ဆင်းစံပြစ်ဝေး ယောင်မွေးပြာလတ် ပြိုင်ရှဉ်လွတ်။**

(တ) **ရခိုင်အလျင်၊** သောင်းတိုက်ခွင်ဝယ်၊ ဘုရင်အထွတ်၊ ရန်ဖြတ်စက်ဒီး၊ အောင်စည်တီး၍၊ ရွှေထီးဖြန့်ဝန်း၊ ရွှေနတ်နန်းရှိုက်၊ ကံညွန်းဘန်မှ၊ ဘုန်းကြောင့်ရသည်၊ ဇော်တရည်လေး၊ မျက်စုံကျေး။ **။ပြိုင်ဝေး** သူဇာ၊ နတ်နှင့်သာလည်း၊ ညြဇာမြတ်မြင့်၊ ကျူးလွန်တင့်သား၊ သခင့်နံပင်၊ မွေ့ဆံသျှင်ကို၊ ရွှေစင်ရောရှက်၊ ပွင့်ရက်စုံသင့်၊ မြနှင့် နည်းများ၊ တူလျော ပါးမျှ၊ ပြောက်ကျားချယ်သန်း၊ ကြိုလုပ်ဆန်းသည်၊ နီမြန်းလှတင့်၊ *ကေ-ပွင့်ကို၊ နှုတ်ဖြင့်ရွရွ၊ ချီကိုက်-မ-လျက်၊ ယုယယုလေ၊ဆက်တင်ချေလော့၊ ထိပ်ဖွဲ့ဆယ်ချောင်း၊ ရှိုးလျက်ပေါင်း၍၊တောင်းသည်ဆုကို၊ သုံးလူ့ထွတ်ချာ၊ ဆံကေသာသည်။ **။ဖြည့်ပါတော့လောတေဇဝှန်ဖြိုး တန်ခိုးကြီးနတ် ခိုင်သည်ခတ်။**

---

၆၈-ဇင်းမယ်ဘုရင်ဆို ရတု (၈)

(ပ) **ဟောမဝန်တွင်၊*** သဏ္ဍာန်မယွန်း၊**သစ်ပေါက်** နန်းရှိုက်၊ အဆန်းတကြယ်၊ ရောက်လေဝယ်က၊ ဇင်းမယ်သနင်း၊ နှစ်ခဆွမင်းလျှင်၊ မယွင်းမျက်ပွင့်၊ ချစ်ပျော်တင့်ကို၊ မျိုးနှင့်တကွ၊ ဘမ်းယူရသည်၊ ဌာနမြေ ဝေး၊ယွန်းပြည်ကျေး။ **။ယောင်မွေးမျှစ်ပျို၊ပြာလတ်ညို** လျှင်၊ နောင်ကိုရောက်အံ့၊ ဘယ်ဆီနှံ၍၊ ဆွတ်ပျံ့ဗျာပါ၊

www.kelasa.org



မျက်စိရှာလိမ့်၊ သန့်ဝါလတွင်း၊ နွေကြွင်းဝယ်ပင်၊ သာရှင်ဖူးမည်၊ ပုံလှာသည်ဟု၊ ထက်ပြည်နတ်ဘောင်၊ လေကြောင်းဆောင်၍။ **။ရောက်အောင်ပျံလေ သွားနှင့်ချေ။**

(ဒု) **လေတမန်လျှင်၊** *သဏ္ဍာန်ဖြူထွား၊ကြောင်းလျားစေ့ရေ၊ ချောက်ချေသာချစ်၊ စင်စစ်ကောန်၊ သာမောဟန်ကို၊ ကျေးမွန်ဇာတိ၊ ငါ့ထက်သိ၏၊ ထွန်းညိဝင်းဝါ၊ ဖြူးသွယ်ဖြာမျှ၊မဟာစေတီ၊*အာနိစံခဲ၊ မြကုံးစဲဝယ်၊ မလွဲကောန်၊ ပန်သမျှလည်း၊ မြမြသာမော၊ ပြည့်စေသောဟု၊ ရှင်စောတိုင်ပင်၊ မိန့်မည်ထင်ရှင့်၊ မိလျှင်ဆက်လော၊ တတွေတပြား၊ သည်စကားမှ၊ ပန်းများအခေါင်၊ပြိုင်တိုင်းရှောင်သည်။ **။တောက်ပြောင်** **လျှံစေ ငါးပွင့်ရွှေ။**

(တ) **နွေမလွန်ခင်၊** ရွှေပြည်ခွင်သို့၊ ပြန်လျှင် စိမ့်သား၊ လွန်ကြီးစား၍၊ ဘုရားသခင်၊ ယနေ့ပင်ဝယ်၊ သိလွှင်ဟူသည်၊ ကူးလမည်ဟု၊ သာကြည် ချောက်သော်၊ ဝမ်းမြောက်နှောင့်နှေး၊ ရှိင်းသူကျေးလျှင်၊ မြေဝေးထိုမှာ၊မသိသာခဲ့၊ ဖြူပြာချောမွတ်၊နတ်လည်းမလွန်၊ နှောင်းစွန်ဘွားမြော်၊ ငယ်မည်တော်ကို၊ ထုတ်ဘော်သံချို၊ မှာတိုင်းဆိုလော့၊ ရှက်ညိုမဆိုင်း၊ ပြန်လိုက်တိုင်းဖြင့်၊ ရွှေနိုင်းပွင့်ခိုင်၊ မိုးနှင့်ပြိုင်၍၊ ရိုက်အိုင်သာခေါင်၊ ကျူးစက်ပြောင်သည်။ **။မြောက်တောင်ညွှာကြွ ပွါးဆင့်စေ။**

---

## ၆၉-ဇင်းမယ်အနော်ရထာမင်းဆို ရတု

(မ) **သခင့်အရည်**၊ သွန်း၍ကြည်သို့၊ မြရည်တူနိုး၊ ခေါင်ထိပ်မိုးကို၊ တန်ခိုးပြင်းရှိန်၊ နေနှယ်ထိန်သား၊ ဖြိုးသိန်သုံးလူ့၊ သဗ္ဗညူဝယ်၊ တောင်းဆုပန်ထွာ၊ စေတနာဖြင့်၊ * ဆည်းဆာမွှန်းယိမ်း၊ ညချမ်းငြိမ်းဝယ်၊ ခပ်သိမ်းပြစ်ခြည်၊ တမည်မစွန်း၊ ပွင့်သစ်ပန်းသို့၊ ရွှေယွန်းရုပ်သူ၊ မျိုးကြင်တူလျှင်၊ * မူရှုပြေပြစ်၊ ကျစ်လျစ်ရုပ်သွင်၊ ဆံကေသျှင်လည်း၊ ပြစ်တင်မလောက်၊ ထုံးမြညှောက်ဝယ်၊ ကြိုက်ပေါက်ပုံ့ရှား၊ စံကားဖြူဆွ၊ မဥ္ဇူသ-ကို၊ ထိပ်စနှိုက်တွင်၊ ရှုံးကာဆင်မှ၊ ခဲအင်လှသည်၊ မွှန်ရည်ဘိုလှိုင်း၊ ကောင်းမြတ်နှိုင်းနှိုက်၊ သင်တိုင်းဖြူဆွတ်၊ စံပယ်ဝတ်၍၊ ညွတ်ညွတ်ဆင်းယောင်၊ * ရွှေကုန်အောင်ဝယ်၊ တန်ဆောင်သဖွယ်၊ ဖြူနွဲ့သွယ်သည်။ ။**ဇင်းမယ် ရွှေမြည် နတ်တမင်း**။

(ဍ) **မသင့်တမည်**၊ ကြိုးအို့သည်မှ၊ ဆံခြည်မယုတ်၊ ကြီအားထုတ်၍၊ * ကုမုဒ္ဒရာ၊ ရွှေကြာအလား၊ စံကားပွင့်ဖြူ၊ ပန်းမဥ္ဇူနှင့်၊ အလှူဘိုဝေ၊ ညောင်ရေ သွန်း

(၆၉) ဘုရင့်နောင်ကျော်ထင်နော်ရထာခေါ် ဟံသာဝတီဆင်ဖြူရှင်မင်းသည် ဒီပဲယင်း စတုဂါမဏိ သမီးရှင်ထွေးလှကိုရာဇဒေဝီအမည်နှင့် မိဖုရားမြှောက်ရာ အနော်ရထာစော, သဃ်ဒတ္တဲ့, ရာဇဓာတုကလျာဟူ၍ သားတော်-၂၊ သမီးတော်-၁ မြင်သည်၊ ၉၄၁-ခုတွင် ခမည်းတော် ဟံသာဝတီဆင်ဖြူရှင်က ဇင်းမယ်ကိုပေး၍ ဘုရင်ပြုရသည်၊ (မှန်နန်းရာဇဝင်-တတိယ-၅၃)။

www.kelasa.org



လောင်း၊ ဆုများတောင်းရှင့်၊ အပေါင်းစကြဝဠာ၊ သချ်ာနတ်လူ၊ ကိုးရာမူသည်၊ ရုပ်တူကိုယ်စား၊ မြတ်ဘုရားလျှင်၊ သနားကရုဏာ၊ မေတ္တာထုံမွှန်း၊ မင်္ဂရေသွန်းလော့၊ ရွှေယွန်းမြို့ဝယ်၊ ပြိုင်ဆွယ်ဘက်မဲ့၊ ယိမ်းမျှနွဲ့သား၊ တဆဲ့ငါးရက်၊ တက်၍ထွန်းသည်၊ လဝန်း * သဏ္ဍာန်၊ ပြည်ဖိမာန်ဝယ်၊ ရောင်ဖွန့်လျှံတက်၊ တခဲနက်တီ၊ ဘဝင်ထိဘွယ်၊ အသွယ်သွယ်သည်။ ။**မြင်းကျယ် နေရှည် ထွတ်တမင်း**။

(တ) **မသင့်မချည်**၊ သောင်းချပ်ပြည်ဝယ်၊ လှည့်လည် စကြာ၊ ရွှေချယ်ရှာလည်း၊ ဓမ္မာသက်ရှည့်၊ ရနိုင်လှည့်ချိမ့်၊ ရွှေမှည့်လိုလို၊ မျစ်မျစ်ပျိုသား၊ ကြာညိုပွင့်ချပ်၊ ရွှယ်လပ်မြတ်စို၊ ဆင်းပျိုပျိုကို၊ ယင်းသို့တပ်၊ လွန်ကြုံခဲသား၊ သူ့ရဲမြတွေ၊ နောင်တုံပေလည်း၊ မြော်ချေမတည်၊ ဦးသည်ကာပင်၊ ရွှမ်းရွှမ်းကြင်၍၊ ရွှေရင်ရုံးပေါင်း၊ စုံလွှယ် ခြောင်းကို၊ * ချောင်းနောင်း သွယ်ဝယ်၊ လျှောက် * နှိုးနွှယ်ရှင့်၊ * သွတ်လှယ် * လော်လဲ၊ စေမြကြိမ်ဘန်၊ ယုံကျွန်ခယ၊ ပန်းမောလှ၏၊ ဘုရားနှလုံး၊ သုံးသည်မူ၍၊ ပန်းတူ ကြိုင်အေး၊ နှုတ်သံ လေးနှင့်၊ * ဆေးလေးပြာစင်၊ † အလျှင်နှစ်သိမ့်၊ မိန့်ပါတော့လော၊ ယော်သောခြင်းအင်၊ မျက်တော်ဝင်ခဲ့၊ ထွက်လျှင်သူ့နှယ်၊ မပြေလွယ်သည်။ ။**ဝင်းသွယ် ဆွေသည် နတ်တမင်း**။

(တ) † အလျှင်နှစ်သိမ့်၊ မိန့်ပါတော့လော၊ ဇင်းမယ်မင်း အနော်ရထာ မင်းစောဆို၊ (လောကပဒိတ ရာသီဖွဲ့ထား ၁၀၀-၇၅)။

## ၇၀—ဇင်းမယ်မိဖုရားဆိုရတု (၁)

(ပ) **မင်းသာ စံခင်း၊** အောင်မြေ မှန်ကင်း၊ ပြည်များမင်းနှိုက်၊ ရောင်လင်း ဝှန့်တောက်၊ ကွန်ရက်ခြူးမြောက်၊ ရွှေတိဖောက်သား၊ လေးယောက်မုတ်ယံ၊ ချင်သေ့ခံလျက်၊ မင်းစံသိင်္ဂါ၊ ရတနာပြောင်ရွှန်း၊ ဝေယန်နန်းနှင့်၊ များလွန်းမဝေး၊ ထောင့်ကွေးရှုမျှော်၊ ဥယဉ်တော်ဝယ်၊ စံပေါ်ဒနာ၊ ညွှာကားမြဆင်းပယင်းရွှေသား၊ ပြယိုးယားတည့်၊ ပွင့်ထွားချပ်ရောင်၊ ပန်းစံခေါင်ကို၊ ညိုရောင်ပြစ်လွှင့်၊ ရွှန်းရွှန်းတင့်သား၊ နောင်မင့်းကြင်ဘက်၊ မရွှေသားလက်နှင့်၊ မြရွက်ကေသျှင်၊ ထိပ်တော်ပြင်နှိုက်၊ဆင်စလှည့်လေ၊ ။**ပြာစင်မွှတ်ချော ဆင်းနတ်လျော။**

(ဒ) **ဆင်းဝါလျှံလင်း၊** ရိပ်ချောင်ခန်းတွင်း၊ သားရွှေဝင်းနှင့်၊ ပြင်ရှင်းညိုသွယ်၊ ရုပ်ဆင်းနိကာယ်၊သနားဘွယ်ကို၊ ပန်းနွယ် လည်တွင်၊ ဆင်လည်း မရက်၊ ဆယ်ကြိမ်ဦးထက်၊ မင်းစံလျက်သို့၊ ချစ်သက်စုဝေ၊ မယ်ထူးဘော်ကွေ၊ ကျန့်ရစ်လေသော်၊ မင်းနေဌာနဲ့၊ ဟံသာကသည်၊ သုဝဏ္ဏဘုမ္မိ၊ ကျောက်တိရုံမြို့၊နောင်တို့နေတည်၊ ဇင်းမယ်ပြည်သို့၊ သာကြည် လျှင်ဆော၊

(၇၀) အချို့မှတ်စာများ၌ ရာဇဓာတုကလျာကို ဇင်းမယ်မိဖုရားဟု စာခေါင်း တပ်ကြသည်၊ "ဇင်းမယ်နော်ရထာစော၏ မိဖုရား ပြည်–ဘုရင် သတိုးဓမ္မရာဇာ၏သမီးကို ဇင်းမယ်မိဖုရား ဆိုလိုရိပ်ရှိသည်၊ "နော်ရထာ မင်းစောလည်း တုလောင်းတောင်သို့ ရောက်လျှင် ဇင်းမယ်မိဖုရားသားတော်ကို မျက်နှာမြင်၍ ထိုအရပ်တွင် ဆယ်ရက်ကျော် စံနေတော်

www.kelasa.org



ရောက်စေသောဟု၊ ဓိတ်ဇောစေတနာ၊ သဒ္ဒါကြည်ယုံ၊ ကောင်းအာရုံနှင့်၊ ကုံနိုင်သရွှေ၊ မမေ့မကျန်၊ တံခွန်မီးစာ၊ ကွမ်းယာစည်းလှောက်၊ ပေါက်ပေါက်ဆန်စင်၊ နံ့ရှင်ကြိုင်ရွှမ်း၊ သင်ပုတ်ဆွမ်းနှင့်၊ ချစ်ကျွမ်းဝင်သည်၊ သခင်နံ့တော်၊ မြကျော်ဘုရား၊ သုံးလူဖျားကို၊ ကိုယ်စားသို့ပင်၊ ဆုရည်းထင်၍၊ ဆက်တင်သည်လည်း။ ။**မဉ္ဇူနှိုင်းလျော နောက်မဲ့လော။**

(တ) **ခြင်းရာသံညင်း၊** နှုတ်ရွှေပျံ့ရွှင်း၊ ရွှေဘော်ချင်းနှင့်၊ လွမ်းတင်းဆို၍၊ ပြာညိုရောင်မြ၊ တ–လိမ့်ဖြစ်ကို၊ ချစ်စိတ်တူသည်၊ အိမ်သူငယ်ကျွမ်း၊ လွမ်းတို့မောစွ၊ ဝေးကရောက်အောင်၊ စာစောင်တံဆိပ်၊ချစ်ရိပ်မှာထား၊ မကြားသံဆင့်၊မြင့်သကားဟု၊ တွေပြားမှတ်တော်၊ ယင်းသို့သော်လည်း၊နတ်လျော်ဆင်းကြန်၊ မျက်မာန်ရှိနိုး၊စိုးတို့နှင့်စွ၊ပြိမ့်မျှရင်တွင်း၊မြောက်လေကြွင်းနှင့်၊ ဆီးနှင်းဖြန်းချ၊ သောကာလဝယ်၊ မြလက်ရုံးကို၊

မူသည်၊ တုလောင်း တောင်တွင် ဘွားမြင်သည်ကို အကြောင်းပြု၍ မင်းသားတုလောင်းဟု မှည့်သည်" (မှန်နန်းရာဇဝင် တ–၅၃)။ ။၎င်းရတုကိုစာသဖြန် ညီရေးနည်းဟုဆိုသည်၊(ပေါရာဏဒီပနီ ပ–၁၉၂)၊ "ပွင့်ထားချပ်ရောင်၊ ပန်းစံခေါင်ကို၊ ညိုရောင်ပြင်လွှင်" ဇင်းမယ်မိဖုရားဆို (လောကဟိတရာသီခွဲထား ၂၇၄–၁၆)၊မြန်မာသံယောဂဒီပနီ၌ကား ဇင်းမယ်မင်းဆိုဟု စာခေါင်းတပ်သည်၊ "ဇင်းမယ်မင်းဆို မင်းသာစံခင်းချီရတုတွင် "သဒ္ဒါကြည်ယုံ၊ ကောင်းအာရုံဖြင့်" (မြန်မာသံယောဂဒီပနီ ၁၄၄–၁၆၀)။ အချို့မှာအနက်မထင်၊ မူအတိုင်း။

အုံးတို့စေ၍၊ ရင်ရွှေတူကျ၊ မစက်ရဟု၊ ရှုတလှည့်တုံ၊ ဆင်းမြင့်ပုံနှင့်၊ စုံချင်စွလည်း။ ။ပြကျော်တွင်မော မြတ်ရှင်စော။

---

၇၁-ဇင်းမယ်မိဖုရားဆိုရတု (၂)

(ပ) **သင်နှင့် ရက်နွေ၊** ဆီးခဲခကြွက၊ တိမ်ခြေမှာလည်း၊ မြတည်းတည်းလျှင်၊ တောင်ကြည်းမြိုင်စည်၊ ရဂုံသည်လည်း၊ *လေပြည် လွင့်မှုတ်၊ ရွက်ဟောင်းပြုတ်က၊ *ကျေးနှုတ်ဖူးသစ်၊ တွန့်တွန့်ရစ်၍၊ *ပုရစ်ဆင့်ပြန့်၊ ညောင်းနုလှန်သော်၊ ခြောက်တန်နတ်ဘုံ၊ သာမျိုးစုံသည်၊ ကဆုံပြည့်ထွက်၊ ငွန်းကိုးရက်ဝယ်၊ နန်းဆက်ပွင့်လျှာ၊ * ကေသရာသို့၊ စကြာဖြန့်ဝန်း၊ အောင်မြို့ယွန်းကို၊ မြန်းမည်ဟုရွှေ၊ ချီသည့်နွေက၊ အောက်မေ့လွမ်းစဉ်၊ *ဖြေဖျဉ်မသာ၊ နေလှည့်ရာကို၊ ဟံသာဇမ္ဗူ၊ နန်းမြင့်သူက၊ သည်းအူမဆံ့၊ လွမ်းဖွံ့ခြင်းရာ၊ ယုံကျွန်စာနှင့်၊ မေတ္တာရစ်နှောင်၊ ချော်ညိုရောင်သည်။ ။**လွမ်းအောင်မှာပြန့် လတ်ဘိသည်။**

(ဒု) **တင်ပြစ်စက်ကျွေ၊ အသရေတီ၊** မြို့တေလျှံတက်၊ ဝေပုဏ္ဏက်သို့၊နက်ထက်သော်မှ၊လှ၏ကျူးကျော်၊ ဆိုမိ သော်လည်း၊ ရှင်ပျော် မညှိုး၊ မြတ်နိုး စုံမက်၊ သက်ထက်ဆယ်ပြန်၊ ကြင်မောသွန်၍၊ ပြစ်မငွေ့တည့်၊

(၇၁) လက်ဝဲနော်ရထာစုသည့်ရတုတွင် ဇင်းမယ်မိဖုရား စာဟု စာခေါင်းတပ်သည်၊ နဝဒေးရတု ၁၇၆-၌ နဝဒေးရေးဟု ပါသည်၊ "ခြောက်ထပ် နတ်ဘုံ၊ သာမျိုးစုံသည်၊ ကဆုံပြည့်ထွက်၊ ငွန်းကိုးရက်ဝယ်၊ ဇင်းမယ်မိဖုရားစာ" (လောကပတိတရာသီခွဲထား

www.kelasa.org



ချောမွေ့မွတ်စင်၊ သက်သခင်၏၊ ရွှေရင်လှည့်နှံ့၊ ချီခဲ့ဆန့်သော်၊ ရွှန်းရွှန်းလှပ်လှပ်၊ကုမုဒ်ချပ်သို့၊ *ကျည်းဖွပ်ဝေးဖြစ်၊ ပိတ်မြေသစ်ကို၊ မနစ်ရှာတုံ၊ စက်တိုင်းရှုံ၍၊ လုံစလေ့ကို၊ ဖြည်းဓေ့ လေသွန်၊ မင်းလွင် ပြန်က၊ ကျူးလွန် ထစ်ပြောင်၊ နတ်ဘုန်း ခေါင်သည်။ ။**ချမ်းအောင်ရှာပြန့်လတ်ဘိသည်။**

(တ) **ကြင်ချစ်သက်ဓေ၊** စုနှင်းပေက၊ ရှိသေတို့ဆပ်၊ ချစ် မလပ်တည်း၊ ချောသပ် ဝင်းညို့၊ ဘုန်းသစ်မျှိုနှင့်၊ မြသိုမယွင်း၊ သွယ်နွဲ့ရှင်းလျှင်၊ သလင်းမြွတ်စောင်၊ သုံးဆက်ချောင်နှိုက်၊ ရုံထောင်ပြောက်သေး၊ ကြိုင်မွှေးပျံ့ကြူ၊မငူသွတ်အုံး၊လက်ရိုးဖြေသန်း၊*နရန်းငွန်တောင်၊စက်ရာညောင်ထက်၊ †[ဝန်းမြောင်ရံဆီး၊ ဆီမီးပြောင်ရွှန်း၊]သောက်လင်းတွန်း၍၊ရွှန်းရွှန်းရင်ငွေ၊ တူစက်လေ့ကို၊ အောက်မေ့မြင်မက်၊ ညဥ့်သန်နက်ဝယ်၊ ပြုံက်စက်ရွှမ်းအောင်၊ နှောင်ရဲခေါင်သည်။ ။**တမ်းယောင် ရှာပြန့်လတ်ဘိသည်။**

---

၇၂- ဇင်းမယ်မိဖုရားဆို ရတု (၃)

(ပ) **ရွှေယွန်းအောင်မြေ၊** မယ်တို့နေသည်၊ သပြေနတ်စည်၊ ဘုံနန်းပြည်မှ၊ သာသည်နှင်နှင်၊ သို့ခါတွင်နှိုက်၊ ယဉ်ရှင်တွေတွေ၊ ရေလည်းကြည်မြက်၊ သားငှက်

၃၀၁-၇၅)၊ ကျေးနှုတ် ဖူးသစ်၊ တွန့်တွန့်ရစ်၍၊ (ဋင်း ၂၇၀)၊လေပြန့်လွင့်မှုတ်၊ရွက်ဟောင်းပြုတ်က၊ ကျေးနှုတ်ဟုသည် (ဋင်း ၃၀၂) ဇင်းမယ်မိဖုရား ဟုချည်း စာခေါင်းတပ်သည်။

† လွမ်းကြက်ပြောက်ကြီး၊ဆီမီးရံဝန်း (ရှိမ္ဘကားမှ)။

အပေါင်း၊ သံပြောင်းရင့်မြည်၊ ရဂုံစည်သား၊လေပြည်လည်းလွင့်၊ ရွက်ဟောင်းဆင့်က၊ ဖူးရင့်ငုံကင်း၊ အင်ကြင်းခက်ဖြာ၊ ရင်းမာ က စ၊ သော်က စုံစီ၊ သရတီကံ့ကော်၊ စွယ်တော်ရင်ခတ်၊ ဘက်ဆွတ်ကြိုင်မွှန်း၊ အနန်းသဇင်၊ ဂမုန်းအင်နှင့်၊ ပည်းဖျင်ပန်းပေါင်း၊ ကြိုင်နံ့လှောင်းမျှ၊ တပေါင်းခွေပြန်၊ ဂိမှာန်သနစ်၊ သာသည့်ဖြစ်ကို၊ မောင်ချစ်မဖူး၊ ကိုယ်ထူးနှမ၊ မြင်လကလည်း၊ ကာလသို့ဝယ်၊ ကြိုင်မျိုးကြွယ်သား၊ ဇင်းမယ်အောင်မြို့၊ နန်းရပ်သို့ဟု၊ ယွန်းတို့သခင်၊ ဘန်စီရင်သည်။ ။ပြန်လျှင်လည်းလေ အခေါင်ထိပ်မိုး နန်းနေရိုး။

(ခု) နေဝန်းခေါင်မွေ၊ လျှံလျှံဝေသား၊ သမြေတန်ဆောင်၊ ပွဲတိုင်းအောင်သည်၊ ဘုန်းခေါင်ရန်နင်း၊ မယ်သည်ရင်းလျှင်၊ လင်းဇင်းရပ်စည်၊ * ဥတည်မြေဝေး၊ စိန်ပြည်ကျေးသို့၊ ရန်မြေးသုတ်သင်၊ ပယ်အံ့ထွင်ဟု၊ စက်ရှင်ရဲရဲ၊ ချိုခွဲရှဲမသော်၊ ဝမ်းကွဲဝမ်းပါး၊ ဆည်တားမသာ၊ မယ်ခြင်းရာကို၊ ဝမ်းမှာစွေမျှ၊ အောက်မေ့ကလည်း၊ နှမမယ်ထူး၊ မပျော်ဘူးတည်း၊ တန်ခူးသို့စင်၊မတိုင်ခင်ဝယ်၊အောင်မြင်ပါလွှယ်၊ဘုန်းမြင့်မယ်

(၇၂) ၁၁-လုံးချ၊ အာသာဝတီဝတ်ဆံချ။ "ရွှေယွန်းအောင်မြေ၊ နေဝန်းခေါင်မွေ၊ မိုးနှားမိုးဝန်း၊ယွန်းယိုးဒယားစသည်ဖြင့် ရှမ်းယွန်းဆိုသော အရာ" (ဝေါဟာရတ္ထပကာသနီ-၅၅၈)။ သျှင်ဥတ္တမသမာလာက ဇင်းမယ်ဘုရင်ရေးဟု ဆိုသည်၊ "ဇင်းမယ်မင်းစာ၊ နေဝန်းခေါင်မွေချီသည့် ရတုတွင် မြကျော်မြသိန်၊ ရောင်ထိန်ဝင်းဝါ၊ မဟာစေတီ၊ထိညီကျော်



၍၊ ဇင်းမယ်ဟူသည်၊ ရန်သူတကာ၊ ကျိုးနွံရာသား၊ သီဟာရစ်မြောင်၊ တောင်လည်းဆိုင်းဆိုင်း၊ ရိတန့်တိုင်းနှင့်၊ ပြိုင့်ခိုင်းမဲ့လွန်း၊ ရွှေယွန်းသခင်၊နောင်ရဲထင်သည်။ ။မြန်လျှင်တည့်လေ အခေါင်နေမျိုး မယ်နှံထိပ်မိုး။

(တ) ရွှေမြန်းတောင်ဆေ၊ ရွက်ဟောင်းကြွေက၊ ငုံရွှေလူလူ၊ မြရည်ဟူသား၊ နံ့ကြူကြိုင်မွှန်း၊ ခပ်သိမ်းပန်းကို၊ ဦးစွန်းထိပ်ပြင်၊ ဆင်လည်းမတတ်၊ ရဲထွတ်သီဟ၊ မွေးဘမင်းကျော်၊ မယ်တော်တူလှ၊ ချီလေစက၊ ယုယသိမ်းချုပ်၊ သတိအုပ်၍၊ ညွတ်တုပ်ကော်ရော်၊ ကိုယ်စားတော်ကို၊ မြကျော်မြသိန်၊ ရောင်ထိန်ဝင်းဝါ၊ မဟာစေတီ၊ သီည်ကျော်လောက်၊ [မြို့တောင် နောက်ဝယ် ရပ်စောက်ဘုရား၊ တောင်ဖျားအထိပ်၊] မြသဒိပ်ဟု၊ တံဆိပ်မှန်ကင်း၊ နေသို့လင်းလျက်၊ မြို့တွင်းမြို့ပြင်၊ ပေါ်ထင်ရာရာ၊ သဒ္ဓါဆင့်လောင်း၊ ဆုယူပေါင်း၍။ ။တောင်းနှင့်၏လေ တက်သစ်တန်ခိုး ရဲနေမျိုး။

ခေါက်၊ ရွှေမြို့နောက်ဝယ်" (သျှင်ဥတ္တမသမာလာသတ်ညွှန်း-၁၂)၊ ဇင်းမယ်စာ နေဝန်းခေါင်မွေချီသည့် ရတုတွင် "ရွှေမြို့နောက်ဝယ်၊ထွန်းတောက်ဘုရား၊ တောင်ဖျားအထိပ်၊မြသဒိပ်ဟု၊ ဘုန်းရိပ်လျှံဝင်း" (ရင်း-၁၉)။

(တ) [ ] ရွှေမြို့နောက်ဝယ်၊ ထွန်းတောက် ဘုရား၊ တောင်ဖျားအထိပ်၊ (သျှင်ဥတ္တမသမာလာသတ်ညွှန်း ၁၉)။



www.kelasa.org

## ၇၃-ဇင်းမယ်မိဖုရားဆိုရတု(၄)

(ပ) **ညွှတ်ခလျှောက်လေ**၊ မှတ်နားစွေလော့၊ လှနေတင့်ဆုံး၊ နတ်တို့ကုံးသား၊ ကိုယ်လုံးမြဲတော၊ မြနန်းနေသည်၊ တတ်ထွေပညာ၊ ကျေးတကာဝယ်၊ ရာဇာသူဝ၊ စံကေလျှင်၊ ပုံကြွလေကြောင်း၊ မြို့ကျိုင်းတောင်းက၊ တပေါင်းဆန်းတက်၊ ဆဲ့နှစ်ရက်ကို၊ ကြင်သက်ရှင်မောင်၊ ရန်မျိုးအောင်၍၊ ရွှေတောင်ရွှေနန်း၊ ရွှေယွန်းရပ်သာ၊ ပြည်အောင်ချာသို့၊ စကြာရွှေ့ရည်၊ ပြန်ရောက်မည်ဟု၊ တိမ်ခြည်ကောင်းကင်၊ လွန်ခြေလျှင်သည်။ **။သံလွင်မြစ် တဘက်ကသော။**

(ဒု) **နတ်မျှကြောက်လေ**၊ တွေတိုင်းကြေလျက်၊ **လက်ခြေမဆံ့**၊ ကြားတိုင်းအံ့သား၊ *အလွှံ့ရန်မျိုး၊ ထန်းလည်ချိုးသို့၊ ရှုံ့စိုးနှစ်ဘန်၊ နောက်မလှန်တည်း၊ မိုင်းခွန်*စိန်ပြည်၊ဥတည်ရပ်သား၊ ဝပ်ကာတွားလျက်၊ မှတ်သားရှိညွှတ်၊ *စန္ဒီနတ်လည်း၊ ကိုယ်လွတ် ပြေးသက်၊ မြို့ကထွက်၍၊ ကြောက်မက်ဘွယ်ပေ၊ ရှုံလှလေ၏၊ သပြေတလှစ်၊ ချီ၍ပစ်သို့၊ ဘုန်းသစ်ရင့်သန်၊ တို့တံခွန်လျှင်၊ ကြောင်းဖွန်သံခြေ၊ မိန့်လိုက်ပေက၊ စုံနေသာရှင်၊ မိသခင်နှင့်၊ လည်တွင်ပုံ့ပျုံး၊ ဆွဲရစ်ကျူးသည်၊ သားဦးလွန်းကြင်၊ ဘခင်သက်မျှ၊ မွေးချစ်

(၇၃) ပေါရာဏဒီပနီ ပ-၁၀၄-၌ ဇင်းမယ်ဘုရင်အငယ် ဆို ကျေးစေဟု စာခေါင်းတပ်သည်၊ ဂဇာလ သတ်ညွှန်း–၁၁,၁၂-၌ ဇင်းမယ်ဘုရင်စာဟု စာ ခေါင်းတပ်သည်၊ ''ဇင်းမယ်ဘုရင်စာ ညွှတ်ခ လျှောက်လေ ဆိုသည့်ရတုတွင် စစ်တာဝေးမြေ၊

www.kelasa.org



ဘကို၊ ဝေးကစိတ်တွင်၊ ရေးရေးထင်လျက်၊ ဒီမြင်လိမ်မာ၊ ကြင်ဘွယ်သာတည်း၊ စစ်တာဝေးမြေ၊ ကြာရပေက၊ တိမ်ခြေကောင်းကင်၊ ငှက်အသွင်သို့၊ ရောက်ချင်လှထွေ၊ လွမ်းစိတ်ခွေသည်။ **။စေ့ရေခန့် မတွက်ဆသော။**

(တ) **ဆွတ်မျှမြောက်လေ**၊သီးခဲကြွက၊ ဝေးမြေရပ်ဟူး၊မရောက်ဘူးတည့်၊ မိုးဒူးသိန်းနီ၊ ကျော်ညီ လွှံကြား၊ ကိုင်မားတခွင်၊ ဝန်ဆင်ရောက်ကိုင်၊ ဘုန်းနှံ့လှိုင်က၊မပြိုင်နိုင်းထောက်၊ ကြွေလွင့်ပျောက်သား၊ ရှေ့နောက်ထက်ဝန်း၊ရဲပန်းကြိုင်အေး၊ ကျွန်းလုံးမွှေးမျှ၊ နီးဝေးရှုံလည်၊ရှိကြာရည်လျက်၊ စက်ခြည်လျှံဝင်း၊ တဝါတင်းမှ၊ ဆောင်းကြွင်းနွေ၏၊ သာသည့်လဝယ်၊ များလှပည်းသီ၊ ခေါ်ဘဏီနှင့်၊ ကြွချီမြန်ရောက်၊ စခန်းထောက်ကို၊ လျှောက်သော်ရေပေါင်း၊ ရွှေနားညောင်းခဲ့၊ လေကြောင်းပုံလေ၊ ရောက်လှာပေသည်။ **။အောင်မြေကျွန်း အချက်က သော။**

---

## ၇၄-ဇင်းမယ်မိဖုရားဆို ရတု (၅)

(ပ) **လကဆုံလျှင်**၊ပဇ္ဇုန်မိုးဦး၊အလွန်မြူး၍၊ရိုက်ကျူးသံသာ၊သွန်းချရွာသော်၊သိင်္ဂါမုတ္တာ၊ ပေါ်သမျှကို၊ ယုယရွေးသီ၊ ကုံးခြောင်စီ၍၊ ဆီလည်းပုံ့ရှင်၊ ကေ

ကြာရပေက၊ တိမ်ခြေကောင်းကင်'' (ဂဇာလ–၁၁)၊ညွှတ်ခလျှောက်လေဆိုသည့်ရတုတွင်''စကြာ ရွှေရည်၊ ဖြစ်တော့မည်ဟု၊ တိမ်ချည်ကောင်းကင်'' (ဇွင်း ၁၂, သျှင်ဥတ္တမသမာလာသတ်ညွှန်း ၉)။

သျှင်ရစ်လုံး၊ ပန်းရောထုံးလျက်၊ တင့်ဖုံးစီရင်၊ ရှုန်းအင်နတ်ပြီ၊ချုပ်ညရိဝယ်၊စိမ်းနီကွပ် *ကပ်၊ *ပန်းသပ်ကြိုင်ရွှာ၊ ကျည်းခါသာကို၊ မြတ်မှာစွန်းတွဲ၊ တုမဲ့နှိုင်းရာ၊ ဆင်စကာလျှင်၊ *ဂိဝါထွန်းထင်၊ *အာနီရှင်ကို၊ *လှော်စင်ဆယ်မီး၊ *ပတီးပြောက်ကွင်း၊ ပယင်းလှိုပတ်၊လက်လျောက်ဝတ်၍၊ ညှိုးခွတ်မလန်း၊မှိုအုံးဝန်းဝယ်၊ ရေကျွန်းကြာကျူ၊ သည်းဦဖန်လဲ၊ မယ်ထူးနွဲ့သည်။ ။မင်းရဲစုံသော်မတင့်လော။

(ဒု) မျှမစုံခင်၊ဝါရောက်လျှင်က၊ မရှင်ဘယ်သို့၊ လွှမ်းနိုင်မြို့အုံ၊ ကင်ဘို့စာင့်နေ၊ စက်ရွှေပြောင်လည်၊ လွှမ်းသည်ဖျားမြောင်၊ စာစောင်ခဆောင်းပါး၊ နွေကားကုန်လု၊ ညွှန့်နုစီရင်၊ထက်ကောင်းကင်က၊သဘင်မိုးလာ၊နတ်မကြွသော်၊ ရှောင်ကြလှုဝယ်၊ ထိမ်းမြားပယ်၍၊ ညှိုးငယ်လည်းရ၊ ဝါကျွတ်မှုဟု၊ မာသဆန်းမည်၊ နီးပြီးသည်ကြောင့်၊ ဖြေဆည်မပျော်၊ ရှိလှည့်သော်လည်း၊တိမ်ပေါ်ခြမ်းခဲ၊မိုးမိုးဖွဲ့သည်။ ။*လင်းကဲခုံသော် မရင့်လော။

(တ) ရ အယုံပင်၊ သောခါတွင်နိုက်၊ မရှင်မပျ၊ လွှမ်းခြင်းတကို၊ တောဇလက်ရုံး၊ ရဲဆုံးလျှို့ဝေ၊ မယ့်ကြင်ဆွေကြောင့်၊ ကွင်းနေကြာကြာ၊ မတင့်ပါခဲ့၊ ဗျာပါခွေညွှတ်၊ သည်းအူပြတ်မျှ၊ နေမှတ်လေသွန်၊နန်းတော်စွန်ကာသလွှန်မွေ့ရာ၊ အုံးမှာ တိုးခြုံး၊ရှုပ်ပုံးစုံစွေ၊ ချင်သွေ့

---

(၇၄) ရအယုံပင်၊မှုမစုံခင်၊လကဆိုလျှင်ဟု မသတ်စပ်အင်အချို့ဆိုသည်၊ (ဝေါဟာရတ္ထပကာသနီ ၇၄၁)။

www.kelasa.org



ပြောက်မွှန်၊ ပိတာန်စိန့်ဖြိုး၊ လည်ရစ်ကာမြဲ၊ ပန်းပေါက်ကြသည်။ ။*သင်းတွဲဘုံကျော် မမြင့်လော။

---

၇၅-ဇင်းမယ်မိဖုရားဆိုရတု (၆)

(ပ) **သက်မှတ်ကြွင်ရည်**၊ဆင်းစံတည်ကိုဝိုက်လည်ဘန်များ၊ ကျွန့်ဖြစ်လားမှု၊ သနားအောင်အောင်၊ လက်ဆောင်ရှိကြာ၊ လျှောက်ပန်ထွာလည်း၊ မိန့်မှာသံခြေ၊ လေမျှနည်းများ၊ သံ မကြားတည့်၊ ဆပ္ပါးလေလေ၊ ညွှတ်ခွေ *တရှု၊ ကွန့်ပိမုကား၊ နှစ်ယှာမသွေ၊ ကြိုက်မိတွေကြောင့်၊ နေလည်းစုံမက်၊ စက်လည်းရေးရေး၊ မဝေးမျက်စိ၊ထင်မိကာကားမသာရှ(ဖြ)ဆည်၊ ပျောင်းမှုး လည်မျှ၊ ကြိစည် တွေမြား၊ နောင့်ဖြစ်လားကို။ ။သနားညွှတ်စေချင်တော့သည်။

(ဒု) **ညက်မွှတ်စင်ကြည်**၊လှမောရည်လျှင်၊ပြစ်ခြည်မစွန်း၊ လျှံထွန်းပြောင်ပြောင်၊ ဆင်းကိုယ်ရောင်လည်း၊ တန့်ဆောင်သော်တာ၊ ပြည့်သောခါနှင့်၊ နှိုင်းရာမဝေး၊ ငြိမ့်လေးရှုပ်သွင်၊ငါးအင်စုံပြီး၊မျက်ချိုးစုံပြည့်၊ဆင်းရွှေမှည့်ကို၊ မြော်သည့်နေ့က၊ မမွေ့တတ်ချေ၊ တွေတွေနောင်ဝမ်း၊ ထပ်မွှမ်းမေတ္တာ၊ စုံကာမယွက်၊ အသက်လုံးလုံး၊ စုရုံးမကြွင်း၊ စိုးပိုင်နင်း၍၊ သွယ်ဝင်းပြာလတ်၊ ညှိဝင်းထွတ်မှု၊လေးမြတ်သာကြည်၊လျှောက်ပါမည်ကို၊ ကြိစည်သဖြင့်၊ သို့သော်သင့်ဟု၊တွက်ချင့်ရှုမျှော်၊ပညာလျှော်သည်။ ။**မိန့်တော် လွှတ်စေချင်တော့သည်။**

(တ) **ရက်ပတ်မြင်လည်**၊ လင့်ရသည်ကား၊ ခေါ်မည်သာတွေ၊ နွေလည်း ကျူးလွန်၊ *သန်လည်း

ကုန်ကျူး၊ ဆောင်းဦးတပဲ၊ ကြွမြန်ရှဲသော်၊မသွဲ့ရွှေရင်၊ သို့စင်ကြာညောင်း၊ ထပ်လောင်း ဖိုးရိမ်၊ လွမ်းကြိမ် ဆင့်ဆင့်၊ မဖွင့်ဖျော်ဖြေ၊ ဖြစ်သောတွေကို၊ ရှိသေ နှိမ့်ချ၊ ခယကျိုးနွံ၊ တွေးတောခံလည်း၊ လှစ်ထူးလည် ညှိရှုန်းကြည်မှု၊ လေးမည်ရှုပ်တူ၊ ဖြိုင်မှုလွတ်ကျွန်း၊ မစွန်း *ပြစ်ခြည်၊ မည်သည်ကိစ္စ၊ တွေးဆပြတ်ပြတ်၊ မမှတ်စသာ၊ ကြိကာဖြစ်ရေး၊ တိမ်သို့မြေးမှျ၊ ရေဝေး မည္ဟူ၊ ကြာတူညွတ်တိမ်း၊ မယိမ်းညွှီးဆွတ်၊မရှင်တာတ်ခွဲ၊ *လတ်လတ်လဲ့လဲ့၊ နွဲ့နွဲ့ဆင်းမြင်၊ နတ်တွင်နတ်ထက်၊ နတ်နှင့်ဘက်လည်း၊ မယှက်ပိုတု၊ ပျို့ဖွံ့နုသည်။ ။ ကျွန်ဟုမှတ်စေချင်တော့သည်။

---

### ၇၆-ဇင်းမယ် အကိုရဆိုရတု

(၁) နွေလည်ခါဦး၊ တာတန်ခူးဝယ်၊ ထမြူးလေ မင်းလွှင်၊ ဝေဝေဆင်လျက်၊ ကောင်းကင် တိမ်ရိပ်မြီး၊ နေကိုဆီး၍၊ မိုးကြီး ရှက်ရွာဆိုင်၊ တဖြိုင်ဖြိုင်လျှင်၊ *မဏ္ဍိုင်ထွတ်ဘဝင်၊ ပြိုးပြိုးပြက်တိ၊ ပစ်စက်ရောင်လျှံ ထိန်၊ဝရဇိန်လည်း၊ကြိုးရှိန်ထစ်ရွာဟုန်၊မြေမိုးတုန်မျှ၊ ပဇ္ဇုန်ခွန်အားသိမ်း၊ တကြိမ်းကြိမ်းလျှင်၊ နွဲ့တိမ်းယိမ်း ရှင်ပျို၊ ရေစိုင်ချသော်၊ ဇေယျာဘုံတွင်မည်၊ မင်းရဲတည် သား၊ရွှေပြည်မြို့သာတွင်း၊ကင်းပါးရင်းဝယ်၊သတင်းမွှေး ပျံ့ကြွယ်၊ သူဇာနှယ်လျှင်၊ လည်ဝယ် နွဲ့ရှက်တင်၊ ငှက်ရွှေစင်သို့၊ တုပင်စက်ခါမှ၊ ရွာသွန်း ချလော့၊ ကာလကိုကျူးလွန်၊ မ*မှုန်ဆန်နှင့်၊ ထစ်ဝှန်လျှပ်စစ် ကူး၊ မိုးလည်း ကျူးသည်။ ။ စွေမြူး သာထက်က ရွာညီလှ။

(၂) ရွှေရည်ညှာကူး၊ ကျင်ရွယ်ဦးထက်၊ ငုံဖူးပွင့် ရှန်းရှန်း၊ နွေဦးပန်းကို၊ မမြန်းခဲ့ရေစက်၊ မောင်ချစ် လက်နှင့်၊ ဆိုင်မြောင်လျက်မြင်းမှင်၊ ထုံးကေသျှင်ဝယ်၊ မဆင်ရဟူ၍၊ လွမ်းအောက် မေ့လျက်၊ မြို့ရွှေပတ် လက်ယာ၊ မြစ်သီတာလည်း၊ တောင်သာတီရံဝန်း၊ ရန်မျိုးကျွန်းသား၊ရွှေယွန်းဟုခေါ်တွင်မည်၊မင်းနေပြည် နိုက်၊ ညီသည်သူတို့နှင့်၊ မဖူးမြင့်သော်၊ ပျံ့လွင့်စိတ်ဝမ်း ထဲ၊ လွမ်းစံမြဲတွင်၊ လွန်ကဲစွတကား၊ ခါတပါးထက်၊ တရားသိစင်ဖြူ၊ ငါသို့ဟူလျက်၊ သည်းအူ ကြွေတို့စုံ၊

(၇၆) နဝဒေး ဘွဲ့ရသူ ငါးဦး အနက် ရှေးကျသော ၁-အကိုရ- ဇင်းမယ် နဝဒေး, ၂-လှော်ကားသုံး ထောင်မှူး တောင်ငူ နဝဒေး,၃-ပြည် နဝဒေးကြီး သုံးမျိုးတွေးရောရှက်တင်ရှိခဲ့သည်၊ "ရာဇဝင်ကြီး, ရာဇဝင်လတ်တို့၌ ကဆုန်လပြည့်ကျော် ခြောက် ရက် တနင်းလာနေ့သားတော် နော်ရထာမင်းစော ဇင်းမယ်သို့ချီတော်မူသည်ဟုဆိုလေသည်၊ဇင်းမယ် စာဆို နဝဒေးသည် ဇင်းမယ်သို့ ပါရှာ လမ်း ခရီးတွင် စပ်ဆိုသည့် "သင်နှစ်ရက်နွေ" ချိရတု (နဝဒေး-၁၇၆)တွင် "ကဆုန် ပြည့်ထွက်၊ ကျော် တိုးရက်ဝယ်၊နန်းဆက်သိုက်လာ၊ တို့ထွတ်ခြာလျှင်၊ စကြာဖြိုဝန်း၊ အောင်မြို့ယွန်းသို့၊ မြန်းမည်ဟူ၍၊ ချီသည့်နေ့နိုက်"ဟု စပ်ဆိုသည်နှင့် မညီလေ (မှန် နန်းရာဇဝင် တ-၅၃ အမှာစကားချပ်)၊ဤမှန်နန်း အမှာစကားအရ ဇင်းမယ် နဝဒေးဟူသည် ဤဝို လက်ဝဲနော်ရထာ စာခေါင်းတင်သော ဇင်းမယ် အကိုရပင်လော စီစစ်ဖွယ် ပြဿနာတရပ်ပင်ဖြင်း



www.kelasa.org

ဆည်မတုံ့တည်း၊ ပတ်လွှဲမြိုင်တောအုပ်၊ နွေသို့ချုပ်မျှ၊ *ကျေးနွတ် ဖူးရစ်ဆင်၊ သစ် တုယင်နှင့်၊ မင်းလွှင်လေလည်းမြူး၊ပွဲတင်ကျူးသည်။ ။နွေဦးတာရက်လရာသီက။

(တ) စွေမြည်ရွာမြူး၊ ဆင်ကာကျူးလျှင်၊ တိမ်ဦးကြွဆွန့်နှင်း၊ပဇ္ဇုန်မင်းလျှင်၊သောက်လင်းညဥ့်ပတ်လုံး၊စက်သံတုံးက၊ သွေးစုံးမွတ်ညက်စင်၊ မိဿခင်နှင့်၊ရွှေရင်ဖူးမခွင့်၊ တာရှည်လင့်၍၊ သုံးဆင့်ကြမ်းထပ်မြင်၊ မုတ်ဆင်ဝင်နှင့်၊ ကွန်းစင်ငါးစဥ့်တိုင်၊ နှစ်ဆောင်မြိုင်နှိုက်၊ ရိပ်မြိုင်တုံ့သာခွင်၊ ကြာယပ်မြင်ဆက်၊ လက်တင် မြူး *အုံးတား၊ လွှန့်ထူးခြားသည်၊ ရွှေသား ထွန်းလျှံပြောင်၊ သလွန်ညောင်ဝယ်၊ ပြက်စောင်ရံသလင်း၊ ထုံနံ့ရှင်းသား၊ မိမင်းဝတ်စလှယ်၊ မွှေးပျံ့ကြွယ်ကို၊ ရင်ဝယ်ရွှေသာလွှမ်း၊ ပန်းနွယ်နွမ်း၍ ငယ်ကျွမ်းရှင် ယှဉ်ဘော်၊ စက်လှည့်သော်လည်း၊ မအျော်တတ်တို့ဘူး၊မျှော်းတိမ်းမူးသည်။ ။ရွှေထူးသာစက်ရ ကြာမြို့ဒွ။

---

ပြင် ဇင်းမယ်ဘုရင်စာ နွေလည်ခါဦး ချီသည့်ရတုတွင် "သောက်လင်းညဥ့်လုံး၊တချုံးချုံးလျှင်၊သွေးစုံး ရွှက်စင်" (ဇဗလသတ်ညွှန်း၊ ဟံသာဝတီရိုက်စိန္တကျော်သူသတ်ညွှန်းဟု အမည်တပ် မှားသောသတ်ညွှန်း ၁ဂဝ၊ "စက်လွှမ်းနှောင်အုပ်၊ နွေသို့ချုပ်မျှ၊ ကျေးနွတ်ရစ်ဆင်၊ဇင်းမယ်အကုံ့ရ" (လောကဟိတရာသီခွဲထား ၃၀၂-၇၅) အရလည်း ဇင်းမယ်ဘုရင်နှင့် အကုံ့ရ ရောထွေးရှိမြန်သည်။

www.kelasa.org



၇၇-ဇင်းမယ်ဘုရင် အငယ်ဆို ရတု

(ပ) **နတ်ကနွင်းလှာ၊** ခြေသန္တာနှင့်၊ နီလာမြီးတောင်၊ *အာပေါင်ဇောတ၊နားလှရွှေတိ၊မျက်စိစိန်ပန်း၊ကြည့်တိုင်းရွှန်းသည်၊ နှုတ်ခွန်းလျှံဝါ၊ သာလိကာ။ ။သည်မှာစစ်မြေ၊ မြောက်လေထန်ပြင်း၊ ကျွန်းဝေလု၊ မိုးနှောင်းတု၍၊ မည်သူ့မရှည့်၊ ချမ်းသည့်ဖြစ်လား၊ ကြောင်းခြင်းများကို၊ လျှောက်ကြားစိမ့်မည်၊ မွေးဘရည်လျက်၊ ချစ်ကြည်မေတ္တာ၊ *သဝန်စာနှင့်၊ စေလှာမောင့်ကို၊ ရောက်မည်ဆိုလိမ့်၊ ရွှယ်ဖျိုဘုန်းရှိ၊ နှောင့်မွေးမိသည်။ ။**မျက်စိမြော်နေနှင့် လိမ့်မည်။**

(ဒ) **ထွတ်မြဆင်းဝါ၊** ကြင်ဘွယ်သာတိ၊လည်မှာအမြဲ ရစ်ပတ်ဆွဲ၍၊ [မကွဲတုကွ၊ ပျော်နေကျကို၊ ဌာနဝေးခြား နှစ်ပါးပိုက်ချုံ၊ မလုံရှည်ကျွမ်း၊] နှောင့်တုချမ်းလိမ့်၊ ထပ်လွှမ်းထည်များ၊ တွေတွေခြား၍၊ ပုံ့ရှားကြိုင်မြ၊သုံးဖန်လဲသား၊ပန်းကြဲပတ်ကုံး၊မွှေရာအုံးဝယ်၊ *သွေးစုံးပျိုနု၊ စံနတ်တုမူ၊ ငယ်သူ့ *ဘာသာ၊ တရံခါမျှ၊မကွာလှည့်ချင်၊ရွှေမွှမ်းဖျင်နှင့်၊မြန်လျှင်စေသား၊ ဆုများဆောက်တည်၊ ရည်၍လက်အုပ်၊ လှခေါင်ချုပ်သည်။ ။**လွှမ်းရှုပ်တာထွေ ဘင့်လိမ့်မည်။**

---

(၇၇) ပေါ်ရာဏာဒီပနီ ဝ-၃၀၀, မြန်မာစာညွှန့်ပေါင်း ၃-၂၉၊ နဝဒေးရတု ၁၁၅-နှိုက် နဝဒေးရေး သာလိကာ၌စေဟု စာခေါင်း တပ်သော်လည်း "ဇင်းမယ်ဘုရင်စာ နွေလည်ခါဦးချီ- ၎င်းဆို နတ်ကနွင်းလှာ ချီသည့် ရတုတွင် "ပုံ့ရှဲကြိုင်မြ၊ ပန်းကြဲပတ်ကုံး၊ မွှေရာအုံးဝယ်၊ သွေးစုံးပျိုနု- စသည်" (ဇဗလ

(ဏ) တတ်လှုခြင်းရာ၊ နှုတ်သံသာနှင့်၊ လိမ်မာ ဆန်းပြား၊ သာစကားကို၊ ကြားကဖန်ဖန်၊ မေးထပ် ပြန်လိမ့်၊ ယမန်ကပင်၊ [သံလွင်ကူးမြောက်၊ လင်းဇင်း ရောက်လည်း၊] *အာသောက်မှန်သွင်၊ရဲဘော်ဆင်နှင့်၊ ဖူးချင်ခွေ့ရစ်၊ လွမ်းသည် ဖြစ်ကို၊ သားချစ် ညိုလဲ့၊ ကြွင်းမဲ့စွေ့ရေ၊ပျော်ကလေသိကြောင်း၊ ညှိန္နဲ့နှောင်းမှု၊ နှီးလျှောင်း လည်းလျက်၊ သလွန်ထက်ဝယ်၊ ကြာလက် ချိုးရေ၊ သိစိမ့်တွေ့ဟု၊ လိမ်းရွှေကိုယ်မှာ၊နံ့သာပန်းနှံ့၊ ပျံ့စိမ့်တညီ၊ ငယ်ချီထိန်းယ၊မ-စ-ပွဲပြင်၊ဖန်စီရင်လည်း၊ မဆင်လှည့်လို၊ ဆင်းကြာ ညိုသည်။ ။**နှောင့်ကို ရောက်စေ လင့်လိမ့်မည်။**

---

၇၀-မိစောမင်းနှစ်ဆို ရတု (၁)

(ပ) *ဥတုဂရု၊သာမှုထူးဆန်း၊ မြောက်ရပ်ကျွန်း နိုက်၊ပင်ဝန်းမြင့်ဆောင်း၊ စုလစ်မောင်းနှင့်၊ မထောင်း နေဆီး၊ ခြည် မညီးတည်း၊ လက်တီးနှိမ့်မြင့်၊ သုံးထပ် ဆင့်၍မရင့်မနု၊ ရွက်စုမကျ၊ မဥ္ဇူသလျှင်၊ ကပ္ပရုက္ခာ၊ ပဒေသာဝယ်၊ သည်းလျာဥပြီး၊ ဆွေသည်မှီးကို၊ ဇနီး မှန်လှ၊ သလင်ကျဟု၊ ဒေသထိုပြည်၊ သမုတ်သည်ကို၊ ဝိုက်လည်စကား၊ မယ်တို့ကြား၍၊ မမှားမယွင်း၊ ကျင့် သတင်းသည်။ ။**အခြင်းလွန်မြတ်လေးပေစွ။**

သတ်ညွှန်း- ၁၁၂)၊ ၎င်းကိုပင် ဟံသာဝတီရိုက် ကဝိလက္ခဏာသတ်ပုံ နောက်၌ ကဝိလက္ခဏာ သတ် ညွှန်းဟု ပြထားသည်၊၎င်း၌ စာမျက်နှာ၉၃-၁၁၆ အတူတူပင်။

www.kelasa.org



(ဒု) **အကနိဋ္ဌ၊** အာဝါသနိုက်၊သီလပညာ၊ ဈာန် ချမ်းသာဖြင့်၊ဗြဟ္မာကျင့်လေ့၊ လွှန်သိမ်မွေ့သား၊ထိုနေ့ သက်လျှာ၊ နုးညံ့စွာသည်၊ကမ္ဗလာဝတ်၊သဒ္ဒါညွှတ်၍၊ ဘုံထွတ် မိုးစည်၊ ယခုတည်သည်၊ နတ်ပြည်သမိုက်၊ ပန်းမကိုင်ကို၊မယ်နှိုက်တန်ဆာ၊ ဆင်ထိုက်ရာဟု၊ ဝီဝါ တပ္ပ၊ *မှန်တုပ်ချ၍၊ သေတရောင်မြူ၊ ပုလဲတူလျှင်၊ မဥ္ဇူပျံ့ရှင်း၊ ထုံမိုး သင်းလျက်၊ သလင်း ပေါ်ဝတ်၊ စုလျားပတ်ရှင့်၊ ကျင့်မှတ်ကိုယ်နှုတ်၊ သဘောဟုတ် လျက်၊ အကုသိုလ်ကံ၊ မရောပြံသည်။ ။**မဆံမယ်နှင့် ဝေးပေစွ။**

(တ) **ပဋ္ဌနာဝိဋ္ဌာန်၊**ကြည်စိတ်သန့်ဖြင့်၊နိဗ္ဗာန်တံ ကျွေး၊ မကုန်သေး၍၊ မိန္နဲ့ရေးခြင်းရာ၊ မြတ်သြဇာနှင့်၊ သမ္မာပဋ္ဌသီ၊ အင်မြှည့်ညီလျက်၊ တုသီတာဘောင်၊ ပျော်ရအောင်ဟု၊ *ယခေါင်မပွင့်၊မိတည်းလင့်၍၊ ခါ သင့်ကြိုက်ကြုံ၊ ကျွတ်ဘို့ဆုံသည်၊ လူ့ဘုံနတ်ပြည်၊ အ တည်မဖြစ်၊ ရှင်ချစ်မင်းသား၊ ဆိုစကားကို၊ တရားနား ဝင်၊ ကြားမိထင်ရှင့်၊ ဥတင်မည်ဟု၊ မြောက်ကျွန်းသူ သို့၊ အယူမြဲသုံး၊နှလုံးတချောင်း၊ကြုံမပြောင်းသည်။ ။ **ဘုန်းဟောင်းကြမ္မာ ရှေးပေစွ။**

---

(၇၀) အချသာညီ၍ အချီမညီသဖြင့် အချပိုင်စုံ ဆိုလို သည်၊ ဥပမာကား တောင်ငူမိန်းမစော ဆို ပညာရှိ စောမင်းနှစ်ဆို ရတုမျိုးကို ဆိုလိုသည်၊ ထိုရတု ပထမပိုဒ်အစမှာ ဥတုဂရုချီ၍ လေးပေစွချသည်၊ (ကဗျာဗန္ဓ ၃၃၅)။

## ၇၉–မိဘောမင်းနှစ်ဆို ရတု(၂)

(ပ) **ဝမ်းလည်းမနည်း၊** ချစ်လည်းမလောင်၊မြင့်မိုရ်တောင်သို့၊မာန်စောင်အရာ၊လေးလကွာ၏၊မေတ္တာမထပ်၊ ချစ်နှပ်စုနှင်း၊ ဆွေနှောင်မင်းကို။ **။သတင်းစကား များများမပြန်အီလှည့်သော။**

(ဒု) **များမပြန်အီ၊** သွေးလျှင်သီလိမ့်၊ မရှိမည်ရ၊ သာခမ္မလျှင်၊ တစမရှောက်၊ သေဘေး ရောက်လည်း၊ ကြောက်အံ့မဲ့ထွေ၊ ဇွန့်ရက်လေဟု၊ မှတ်နေထုံခိုး၊ အကျိုးသိတ္တု၊ မယ်တမူကား၊ သည်းအူပြတ်ခေါင်၊ နှလုံးလောင်မျှ၊ ဆောင်သည်အရေး၊ ဘယ်ကိုတွေး၍၊ ကျမြွေးပင့်ကူ၊ ရင်ညက်မြူထက်၊ မယူလက်ခြေ မိန့်လျက်နေသည်။ **။မပြေဆယ်နာရီလှည့်သော။**

(တ) **နာရီဆယ်ပတ်၊** တီးမောင်းခတ်လည်း၊ ဖြစ်တတ်လှစွာ၊ ဤအရာဝယ်၊ မာယာမွေတော်၊ သုံးလူ့ဘော်လျှင်၊ ကြီးသော်အရာ၊ ကြမ္မာတပါး၊ *လွဲလက်မှားခဲ့၊ တရားထုံခိုး၊ ဟုတ်လှနိုးလျက်၊ မင်းစိုးမတည်၊ မရှည်ပျက်ချော်၊တွေ့တိုင်းပျော်ကို။ **။တွေးချော်မစိုးပြီလှည့်သော။**

(စ) **မတွေးမတော၊** သူ့သသောကို၊နှမြောကျွမ်းဝင်၊ ချစ်သည်စင်လျက်၊ကြာတင်မတွေ့၊ ညှိုနှင့် နေ့လည်း၊ မရွှေလေချင်၊အတူပင်တည်း၊ရှင်လည်းမကွေ၊ သေလည်းမကွာ၊ဝါသနာကြောင့်၊ဖြစ်ရာမြဲတည်း၊ ပုလဲခြူးလုံး၊ကျပြိုက်ပြီးသည်။ **။ရွှေကုံးပန်းနှယ် သီလှည့်သော။**

---



## ၈၀–ပဲကူးမိဖုရားဆိုရတု(၁)

(ပ) **တောင်မြင်းမိုရ်လျှင်၊** ရောင်ကိုလေးမည်၊မတ်မတ်တည်သို့၊ ဆက်ရှည်သံသာ၊ ဖြစ်များစွာက၊ ကြမ္မာနှိုးဆော်၊ ကံကိုမျှော်၍၊ မယ်တော်ဘာမင်း၊ သားချင်းအစ်မ၊ ထိန်းယဘန်ဘန်၊သံတာတန်မျှ၊ မစွန်*ပြစ်ခြည်၊ နေလှည့်သည်ကို၊ ကြည်ကြည်ညိုညို၊ ကိုယ်ကိုနှိမ့်ချ၊ တ ၁ ခနှင့်၊ *ကျိုင်းမြရှင်သား၊ သနားပါမည်၊ မှတ်တည်ချေမီ၊ ယခုပြိမှ၊ မွေးမိတူစစ်၊ နှောင်မြန္နစ်လျှင်၊ မချစ်မခင်၊ မကြင်စလောက်၊ စိတ်တော်ဖောက်၍။ **။အကောက်ကြံမည် ထင်တော့သည်။**

(ဒု) **ယောင်ဆင်းကိုယ်ပြင်၊** ရဲရှုပ်သွင်ဖြင့်၊ **အင်ခွင်**မျိုးမည်၊ညီညွတ်သည်နှင့်၊ ကျင့်ရည်သော်မူ၊ မတူလျှင်ပဲ၊ လွန်ကဲသူ့ထက်၊ အသက်လုံးချ၊ စုပုံမတတ်၊ လေးမြတ်သဖြင့်၊ တော်ယောင်ကျင့်ရှင့်၊ မယ်နှင့်ခွါ၍၊ သူနှင့်တွေ့မူ၊ သူ့ရွှေမှာလည်း၊ သည့်နှယ်ချည်းတီ၊ ရည်းရတတ်ဆန်း၊ တန်းတန်းမဖြောင့်၊ သို့သောကြောင့်လျှင်၊ စိုးနှောင့်လောင်ဆာ၊ နေလှည့်ရာကို၊ အာကာပစ္စုန်၊ မြူးခုန်မြိုးမောက်၊ လွှမ်းဟန်လျှောက်၍။ **။တလျှောက်လျှံလည်ဆင်တော့သည်။**

---

(၈၀) မှန်ဦးမှန်ကာ လိုက်ဇာတ်၍တည်ထားသော စေတီကို မုဋ္ဌော၊ သည်ကိုရည်၍ ဘာပင်ရွှေထီး အစ်မတော်ဘုရင့်နှောင်မိဖုရားရတုတွင် “သုံးထိုက်မှန်ကူ၊မုဋ္ဌောဂူဝယ်၊ ဆုယူရပ်ဌာန်၊ ချစ်စိတ်သန်ဟု” စပ်ဆိုသည်၊ (မန္တလေးခေတ် တောင်ခွင်သာသနာပိုင်ဆရာတော်ရေး ဂုဏ္ဍဗိနိစ္ဆယ ပ–၃၀)၏အရ

(ဓ) **နောင်မင်းညိုစင်၊** ပည်သူ့သင်၍၊ သို့စင်လှည့်ပတ်၊ မတတ်စကောင်း၊ ဖြားယောင်း *ပျူဟာ၊ *မာယာပရိယာယ်၊ အကယ်ကယ်သို့၊ ယုံဘွယ်လိလိ၊ ကျင့်တတ်ဘိစွ၊ သူ့သိသူမြင်၊ မဖြစ်ခင်က၊ ကျွမ်းဝင်မင်းကျော်၊ ရှောင်လေသော်မူ၊ သူတော်နှမ၊သံဝေ-ရ၍၊ လောကဓမ္မာ၊ ကံ-ယိုးသာ၏၊ သစ္စာဝမ်းဝယ်၊ အပြည့်လွယ်လျက်၊ သည့်နှယ်သသူ၊ မတော်လူကို၊ ဇမ္ဗူတခန်း၊ ကိုးထောင်ဝန်းတွင်၊ နှုန်းနှုန်းစံထား၊ ရှာသော်ရှား၏၊ တရားတော်လျော်၊ ရွှေမူဖျော်၍။ ။ **မဓောက်ကံတည် ချစ်တော့သည်။**

---

### ၈၁-ပဲကူးမိဖုရားဆိုရတု (၂)

(ပ) **ညိုညိုစင်လျှင်၊** အပြင်ရဲရူပ်၊ အခေါင်ချုပ်သား၊ ရှည်ခုပ်ခုံမင်၊ ထားခွင်လေးပွဲ၊ မြှိုက်ခဲလည်း၊ ဘွက်ရဲစလှ၊ ပွဲသာရ၍၊ သည်ပတုံပေ၊ ဇာတိနေသား၊ သန္ဓေယူထိုက်၊ ဆယ်လပိုက်မှ၊ မိဘချင်းချင်း၊ သက်ရာနှင်း၍၊ ဆောက်နှင်းအုံ့ပေ၊ ယွင်း-မသွေဟု၊ နှုတ်ရွေတော်ခွန်း၊ *ဝမ်းတီးမှန်းလည်း၊ မြရှန်းကျိုင်းတာ၊ [illegible]စံကို၊ ဦးဆံရှင်းရှင်း၊ မယ်-မနှင်းတည်း၊ မင်းတို့

---

ပဲကူးမိဖုရားရေးဟု စာခေါင်းတပ်သော ရတုပုဒ်ရေ ၂၈-ရှိခဲ့သည်၊ဘုရင့်နောင်ခေါ် ဟံသာဝတီဆင်ဖြူရှင်၏ မိဖုရားခေါင်ကြီးလည်း စာဆိုစာရင်းဝင်ဟု တောင်ခွင်ဆရာတော်အယူရှိသည်၊ နောက်ဆိုလတ္တံ့သော ငါးဆူဒါယကာ နန္ဒဘုရင်၏ မိဖုရား စာဆိုစာရင်းဝင် ပဲကူးမိဖုရားနှင့်ခွဲခြားသတ်မှတ်၍ သုတေသနပြုရန်လိုသည်။

www.kelasa.org



ကျမ်းကို၊ ကျိန်ရွက်ဆိုမှ၊တကိုယ်တူနေ၊ကျွမ်းမိပေရှင့်၊ မြဲတောရန်နှင်း၊ မျိုးများမင်းက၊ ယွင်းလ သည်ဘွင်၊ ယွင်းသည်အင်နှင့်၊ ကိုယ်ပင်ကျင့်လော၊ ထွန်နှမြော်စွ၊ ရဲစော ဘုန်းခိုင်၊ ဆန်းခေါင် တိုင်ကို။ ။**မပိုင်ပဲပင် မုံးတော့သည်။**

(ဒ) **ကိုယ်ကိုပင်လျှင်၊** နားတွင်စွေစွေ၊ လျောက်စလွှကား၊ မျိုးစွေဆွေညီ၊နှုတ်ချင်းပြီ၍၊ စဉ်စီဘိုးဘွား၊ ရည်မှတ်ထားရှင့်၊ မသနားသော်၊ ကံမပေါ်လည်း၊ မတော်လတုံ၊ထင်မိယုံလျက်၊ခံ့သက်သေရ၊ဖြင်းသမျှကို၊ ကျိုင်းမြွှယ်လူး၊ မပန်ဘူးဘည်း၊ နတ်မှူးအလုံး၊ တောတောင်ကျုံး၍၊ သိမ်းရုံးဘန်ဘန်၊ ကျိန်မျိုးလွန်မှ၊ မင်းမွန်မင်းထံ၊ အသက်နှံ့ရှင့်၊ နှစ်ကြိမ်ဘောက်လှဲ၊ နောင်မြဲခကား၊ ငရဲဌာန၊ အပါယ်ကျလိမ့်၊ သီလဆောက်တည်၊ မယုံ့ကျင့်ရည်မူ၊ ရောင်ခြည်လျှံဝင်း၊ ဗောဓိ ရင်းနှိုက်၊ လင်းလင်း ရောင်ဝန်း၊ ရောင်တော်ပြန်ဝယ်၊ နိဗ္ဗာန်သခင်၊ အရှင်စတော၊ ခေတ်ပေါင်းစွေတို့၊ ရုံးစေရဲရဲ၊ အုံ့အဲမနိုင်၊ထွန်းရောင်ပြိုင်သည်။ ။ **အစိုင်ခဲလျှင် လုံးတော့သည်။**

(ဓ) **ဆိုဆိုချင်လျှင်၊** ယဉ်ရှင်မုဒ္ဒ၊ ကျယ်ဝန်းလှသို့၊ နှုတ်ကစွေရေ၊ ဆိုရှာချေသော်၊ မရေတွက်နိုင်၊ စောဘုန်းခိုင်လျှင်၊ရွှေစိုင်ထွတ်ခေါင်၊မြင်းမိုရ်တောင်ကို၊ ရွက်ဆောင် လျက်ပင်၊ ကျိန်လှည့် ချင်လည်း၊ ချစ်ခင်ပေါ်သာ၊ *ပျူဟာ*ဆမ်းလမ်း၊ စိတ်ဝမ်း မတည်၊ တော်မည်ခြင်းရာ၊ ဆံလျှာမုန်ညင်း၊ မယုံလျှင်းတည်း၊ သက်နှင်းငယ်က၊ ကျိုင်းမြှမယ်ကို၊ ဆိုသည်သစ္စာ၊

မြစ္စာမမှန်၊ ယွင်းပြန် လေသေး၊ တော်မည် ဝေး၏၊ စက်ကွေးရှည်စုံ၊ သက်လုံးပုံ၍၊ နှံတုံစိုးပိုင်၊ နောင်ဘုန်းခိုင်သည်။ ။*အနိုင်စွဲချင် ပြုံးတော့သည်။

---

၈၂-ပဲကူးမိဖုရားဆိုရတု (၃)

(ပ) ***ထားအရာစင်၊ တောင်ရာဆင့်လျှံ၊ ပတ်ကုံး** ရံလျက်၊ နန်းထံလှည့်ဝန်း၊ **စောင့်သိန်း** သန်းနှင့်၊ ကာရန်းအမြောက်၊ မီးပေါက်လွှားပုံ၊ ရန်ဘေး*ချုံတိ၊ **စောင့်**တုံလှည့်ရှက်၊ ခဲစွာခက်လည်း၊ စွန့်ရက်အံ့သည်၊ **ကြီး**တော့မည်ဟု၊ ယုံကြည် စလောက်၊ ကျိန်တွယ်လျောက်မှ၊ ချစ်ဘောက်တွေလာ၊ မရှိရာတည်း၊ မှတ်ပါချေမှား၊ ဆင်းမြလားလျှင်၊ တွေပြားလိမ်းကျုံ၊ နှုတ်ပေါ်လျှံနှင့်၊ ရဲစံရှင်သား၊ *ဖွတ်လျှာဝါး၍၊ တရားမလျော်၊ စိတ်လျှပ်ပေါ်သည်။ ။**မတော်သူ့ ခန့်လေးလိမ့်မည်။**

(ဒု) **ကြားလကာ**လျှင်၊ တွေလာဆန်းပြား၊ ကျင့်သည်များကို၊ နားမနာချင်၊ ထွေရှောင်ဖင်လျက်၊ ကြင်မည်ကြောက်၍၊ မဆန့်ပြန်လျှင်း၊ ယွင်းတုံယွင်းဖွဲ့၊ ကြင်ခြင်းမဲ့တွေ၊ သွေခြင်းသွေ၍၊ မြဲခွစဝှက်၊ နေပြီးလျက်ကို၊ ကျိန်ရှက်သစ္စာ၊ ထပ်ကာကာလျှင်၊ မေတ္တာမြဲချည်၊ ထားတော့မည်ဟု၊ လှည့်လည်တွေသာ၊ နှုတ်*ပျူဟာနှင့်၊ မာယာလှည့်ပတ်၊ လှည့်စတတ်သည်၊ လျှောချွတ်ဂတိ၊ မကျင့်မိခဲ့၊ မသိချေလွန်၊ ရှေးဖြစ်ဟန်ကို၊ လွန်မိလေလှ၊ မှားလေစွဟု၊ စိတ်ကရှုံးပေါင်း၊ သာ*ချောင်းလျောင်း၍၊ ထဲချောင်းတွေလည်၊ ကြင်မိသည့်လျှင်၊

www.kelasa.org



ရှောင်သည်လေဟန်၊ မရောက်တန်သည်။ ။**နိဗ္ဗာန် ရွှေပြည် ဝေးလိမ့်မည်။**

(တ) **နားမနာချင်**၊ သွေရှောင်ဖင်၍၊ သွေးငင်လေသွင်း၊ ကိုယ်သတင်းကို၊ ခန်းတွင်း တောင်ညာ၊ ဝန်းရံကာလျက်၊ စက်သာရိပ်မြို၊ လှအပုံနှင့်၊ နေတုံလှည့်ရာ၊ ကြာပေခါလျှင်၊ သစ္စာယွင်းနှောင့်၊ သွေသူကြောင့်ပင်၊ စိတ်ဖြောင့်ဖြေဖျော်၊ နေမပျော်ခဲ့၊ နန်းတော်ရွှေဝယ်၊ ထွန်းသဖွယ်သား၊ ခြောက်သွယ် ရောင်ခြည်၊ ဝင်းဝင်းကြည်လျက်၊ ငါးမည်ရှုပ်တူ၊ မြတ်ငါးဆူဝယ်၊ ချစ်သူမှတ်ပျော်၊ ဘုန်းချင်း လျော်၍၊ မျိုးဘော်တမျှ၊ ရဲတေဇနှင့်၊ အစ်မရင်းမတ်၊ မှတ်ပေစတင့်၊ မိမင့်သမက်၊ ကြင်ဘက်ထပ်တူ၊ ပျော်ပိုက်သူနှင့်၊ ဇမ္ဗူကျွန်းချာ၊ ထီးရာများမင်း၊ ထွတ်မှန်ကင်းလျှင်၊ ဆောက်နှင်းကောင်းညွန့်၊ မိန့်တော်ခန့်လျက်၊ ရက်သန့်လျော်စွာ၊ ကြီးသောခါမှ၊ မင်္ဂလာအထွတ်၊ စုလျားပတ်၍၊ မိန့်လွှတ်ရွှေခွန်း၊ ရပ်တကျွန်းသို့၊ ရှင်လန်းဦးတည်၊ စုန်တော့မည်ဟု၊ မုန်းသည်သူနှင့်၊ ဝေးအောင်လွှင့်သော်၊ ညီရင်းနောင်မြက်၊ ဘက်လွှတ်စံချုပ်၊ ကျွန်ုပ်ကြင်မှား၊ သနားမိပေ၊ လူယွင်းသွေလျှင်၊ သက်ဝေခန့်နိုး၊ ကြင်ပြန်စိုး၍၊ ကြိုးဝမ်းဝယ်၊ အသွယ်သွယ်ကို၊ မလှယ်ရက်ရှုံး၊ စိတ်ဝေလျှံမျှ၊ **ဝေးလံသူ့နား**၊ ဝါစာကြားက၊ တရားမမြင်၊ မဆင်ခြင်သည်။ ။**ပြစ်တင်ကေ့ လည်တွေးလိမ့်မည်။**

---

၈၃-ပဲကူးမိဖုရားဆိုရတု (၄)

(ပ) **သတ္တတေဇာ**၊ အောင်မြေ ချာနှိုက်၊ နရာလူ့ဖျား၊ ဘဘုရား၏၊*သည်းကြားရင်းသွေး၊နန်းထက်

မွေးသည်၊ ကျော်သွေးကြေညာ၊ ဥပရာလျှင်၊ သန်ဝါလတွင်၊ *များဖြင်စစ်ခြေ၊ ဝိုလ်*ဖြိုးတွေ့နှင့်၊ သက်ဝေလွန်းကြင်၊ သားမောင်ပင်ကို၊ တင်တုံ့ရှုမြော်၊ စီးဝေါ်တော်ထက်၊ ဖြေဖျော်သွားညောင်း၊လွန်ဖြားယောင်း၍၊ လွမ်းဟောင်းကဲဆ၊ ချီလေကြွသော်၊*ရှုတ ခေါ်စိုက်၊ မျှော်လိုက်လျှင်ပင်၊ ရှစ်သောင်းရှင်လျှင်၊ မရှင်ပျံ့မှုး၊ လွန်စိတ်နူးသည်။ ။နန်းဦးလေသာက တကား။

(ဒု) မြတ်လှပေစွ၊ ရှင်တော်ရာဟု၊ သဒ္ဓါရှိသော၊ သုံးလူ့ဆွေကို၊ ချီလေသည်က၊ စောင့်သီလနှင့်၊ နိဗ္ဗမပြတ်၊ ရှစ်သောင်း ထွတ်လျှင်၊ စိတ်မြတ် မညောင်း၊ ဆုယူတောင်းလျက်၊ တသောင်း မြန်ဘောင်၊ အုပ်စိုးဆောင်သည်၊ ရန်နောင်- မင်းထုံး၊ ဘ-လက်ရုံးနှင့်၊ ကျွန်းလုံးပိုင်သ၊ တုတ်ခွန်ရ၍၊တူကွသာရှင်၊သားမောင်ပင်ကို၊ မြန်လျှင်စေသော၊ မြတ်မော်တောဝယ်၊သဘောကြည်နူး၊တင်ရှိဦးသည်။ ။ဆန်းထူးတွေလာစွတကား။

(တ) ပတ်မျှမွေ့ရှာ၊ ဘုံနန်းသာက၊ မင်းလျာမွေးဘ၊ ချီလေကြွသော်၊ သားလှနောင်မယ်၊ ကြင်မောဘွယ်တိ၊ လည်ဝယ်ရစ်ဆွဲ၊ မပြေပဲလျက်၊ *ဖက်လဲတကင်း၊ ခေါ်သံညင်းနှင့်၊မယွင်းနာမှ၊ကြားလာကလျှင်၊ ညွတ်မျှမရှင်၊ အိမ်ရွှေရှင်ကို၊ မယ်ခင်နှမ၊ လွမ်းလိုက်လှ၏၊ ဌာနပေါ်ထွန်း၊ ရွှေဘုံနန်းက၊ စက်ဝန်းနေသွင်၊ ချီစေရင်သော်၊ ထက်ခွင်ဒေဝါ၊ နတ်တို့မှာလည်း၊လျှံဝါရစ်သန်း၊ ဘိသိက်ပန်းဖြင့်၊ ကြွန်းရှင်ဖြူး၊ အောင်ဆုကျူးသည်။ ။သွန်းဖြူးဒေဝါမျှတကား။

---



၈၄-ပဲကူးမိဖုရားဆို ရတု(၅)

(ပ) သို့မထင်ချေ၊ချစ်ပတ်ဖြေ၍၊မတွေကြော့ရှုန်း၊ စံခေါင်ကျွန်းလျှင်၊မော်ကွန်းနှုန်းဆို၊ တပိုင်းညီနှင့်၊ မရှိသေကျင့်၊ ထိုင်းတည်းသင့်လျက်၊ သူနှင့်ကြင်လွန်၊ မကျန်ဆုတ်ဆိုင်း၊ သွေ့ခွါရှိုင်းခဲ့၊ နွေတိုင်းစေကျွန်၊ တမန်လျှောက်လွှေ၊ မှာသရွေ့ကို၊ ရွှေ့နှင့်နောက်မှာ၊မနှုန်းသာသည်။ ။ခွေစာတွင်ပင် သိတော့တည်။

(ဒု) ခွေစာတွင်မေ၊ သိရချေ၏၊လိမ်တွေသွေးငင်၊ ဖြစ်ဘွယ်ထင်၍၊လုလင်မြတ်တွေ၊တက်လှပေစွ၊ ရဝေဘုံခွင်၊လိုင်နန်းတွင်နှိုက်၊ဝမ်းလျှင်နည်းရှပ်၊ကျွန်ုပ်ခွေမြန်း၊ ကြော့ရှုန်းမဆင်၊ လျှောက်ကြိုက်တွင်ဝယ်၊ ဝန်းပြင်နန်းနောက်၊ ပုံစောက် ကောင်းမြူး၊ *ပန်းဆိုး*အင်္ကျီ၊ *ပေါင်းထုပ်နှီးနှင့်၊စိတ်ညီတို့လယ်၊မြဲလေရွယ်သို့၊မယ်လည်းဆင့်ဆင့်၊ကြားပါနှင့်၏၊လွမ်းခွင့်*လျော့လျှည်း၊ ကြိုင်ဝမ်းနည်းသည်။ ။*သွယ်ပည်းရှိရှာမိတော့သည်။

(တ) သွယ်ပည်းရှိရှာ၊ ဝမ်းနည်းစွာ၍၊သစွာရောက်မှ၊ မတော်သူတို့၊ တရှုဝမ်းက၊ မျှော်လင့်လှသည်၊ရွှေးတနွယ်သော်၊ နန်းလယ်တုံမြင့်၊ လေသာဖွင့်လျက်၊ မျှော်လင့်ဘိ၏၊ ခုပြို့သော်ကား၊ မြားပါစလှ၊ ကြင်စကျွမ်းငွေ့၊ လွမ်းသရွေ့ကို၊ဘုန်းဟော့ထွတ်ထား၊ရှင်ချစ်များတို့၊ တင်ကြားဆက်ညီ၊ လှူလေပြီတည့်၊ *ရဉ္စသီယံ့စောင်း၊ သွေ့ခွါပြောင်း၍၊ ရာလောင်းညွန့်လူ၊ မတော်သူကို၊ ဝမ်းမှုကားနည်း၊ သို့လျှင်တည်းဟု၊ *ထင်ရည်းလျက်ပင်၊ မဆိုချင်သည်။ ။ချေတင်လမည် သိတော့သည်။

www.kelasa.org

၁၅-ပဲကူးမိဖုရားဆိုရတု (၆)

(ပ) **သောင်းထိုက်ဇမ္ဗူ၊**ညွန့်လူလန်းလန်း၊သပြေကျွန်းနှိုက်၊ လှစ်ထွန်းပြောင်ပြောင်၊ တေဇရောင်ဖြင့်၊ အောင်တော့သည်သာ၊ ဆွေမင်းလျာလျှင်၊ ဘော်ကွာမြင့်မြဲ၊ မယ်နှင့်ရှဲ၍၊ မိုးနဲ့မှသည်၊ ယွန်းပြည်ရန်လုံး၊ အောင်ပြီးဆုံးမှ၊ လက်ရုံးစက်ပုံ၊ ချစ်သက်နှံ့သား၊ ကျော်သံကျိုက်ဆူ၊ဘုန်းချင်းတူသည်၊ကြင်သူမြဲနှောင်း၊ ကျိုင်းတန်ဆောင်နှင့်၊ ရစ်နှောင်ရှည်ကျုံး၊ ပျော်စံထုံးကို၊ အလုံးပြီးတွေ၊ အောက်မေ့ချေက၊ ရဝေမြရိပ်၊ရွှေများထိပ်ဝယ်၊ စက်အိပ်မမွေ့၊ ပျောင်းခွေ့ညှိုးငယ်၊ရွှေရာလယ်ထက်၊ သားမယ်တို့နှင့်၊ မျော်လင့်*တိုတို၊ *တလုံ့လဲလဲ၊ ရောက်လှာခဲစွ၊ ဆကဲလွန်ပြင်း၊ မပျော်လျှင်းသည်။ **။ဆွေရင်းမျိုးစင်စစ်တကား။**

(ခု) **ကောရာဇ်လျာ၊**ကောရာလျှင်၊ စကြာခန့်ရှည်၊ မင်းလျာတည်သား၊ ဆွေသည်ကြင်ချစ်၊ နောင်မင်းစစ်နှင့်၊ နွေသစ်ပြောင်းကြွင်း၊ နှင်းကျဝေဝေ၊ တောင်လေဖြည်းဖြည်း၊ရိုက်ကြည်းအုန်းအင်း၊မိုးမင်းသံထင်၊ပဏ္ဍုန်လျှင်လည်း၊ဆင်ယင်တင့်မြဲ၊ လျှပ်ခြည်ကြဲလျက်၊ နှစ်လှဲ့ခါလု၊ သစ်ရတုဝယ်၊ ဖွံ့နုကျိုင်းစင်၊ မယ့်သက်ထင်သည်၊ ပြည်ရှင်သားချစ်၊ ဓမ္မရာဇ်တူ၊ ကြင်သူမင်းလှချီလေစကာ၊ ပျောင်းပျမိန်းမှိုင်၊ လွမ်းဆွတ်တိုင်စွာ၊ ကာဆိုင်ရုံသန်း၊ ပန်းလည်းကြိုင်ပျံ့၊ မွှေ့ရာညံ့ထက်၊ တူစက်ရှည်ပင်၊မရွှင်ရူတ၊ မျိုးနှောင်းမြကြောင့်၊ ရက်လပည်းဖျင်၊ ရွှေချင်မပေါင်း၊ မြင့်ကြာညောင်းသော်၊ ဆောင်းလည်းကုန်လေ၊ နွေသို့ရောက်လစ်၊ ရတုသစ်

www.kelasa.org



ဝယ်၊ ကျူးထစ်သံမြိုင်၊ မြရေစိုင်တီ၊ ရွှာပြိုင်ထန်ပြင်းပဏ္ဍုန်မင်းသည်။ **။နွေကြွင်းမိုးသင်နှစ်တကား။**

(တ) **ရှေးတီးစဉ်လာ၊**ကျမ်းကပ္ပါသား၊ဂင်္ဂါဇေယော်၊ ပိဂ်လော်ဟု၊ဥပေါ်သည်ဆင်၊ဆယ်စီးအင်နှင့်၊ ပိုမြင်တူလှ၊ ပြောင်မုန်ဝထက်၊ တရာ့တမြို့၊ မင်းတို့ဦးစွန်း၊ စိုးရာမှန်းသည်၊ ကြွင်းနှမ်းပွင့်လု၊ မယ့်သက်စုလျှင်၊ ယခုသာကြည်၊ နန်းရွှေပြည်သို့၊ မွေးသည်တို့ဘာ၊ အလှနွှယ်နု၊ ပြန်လွှယ်ဆုဟု၊ ခြတုဝန်းလည်၊ မြရည်လျှံထွန်း၊ တောင်ခွင်ကျွန်းဝယ်၊ သုံးခန်းလှံ့ကျော်၊ မြတ်ဇိနော်ကို၊ စံပေါ်နိုယံ၊ ဆယ်မီးခံသို့၊ ရွက်လျှံပွင့်တွေ၊ နွေကဖူးဆင့်၊ ခါချိန်သင့်လည်း၊ ပျံ့လွင့်ကြိုင်ရှား၊ စံကားရွှေဝါ၊ ပန်းကလျာနှင့်၊ မြေတာဝေးထောက်၊ မရောက်လေတတ်၊ သုံးလူ့ထွတ်ကို၊ ရှိညွှတ်ကြည်လင်၊ ရည်၍တင်မှ၊ သက်ပင်စုရုံး၊ တော်ကျင့်သုံး၍၊ ကျွန်းလုံးနှံ့ယူ၊ ရှင်းရှင်းလူသည်၊ ဇမ္ဗူတံခွန်၊ မဲ့ပျော်ရန်လျှင်၊ မပြန်ကြာတွေ၊ လွန်ပြီးတွေခဲ့၊ အိမ်နေမယ်နှင့်၊ သားမျက်ပွင့်လည်း၊ မျှော်လင့်သည်သာ၊ မျက်စိရှာစွ၊ ကြေညာဝန်းကျင်၊ တန်ခိုးထင်သား၊ ရှင်ပင်ရှုပ်တူ၊ ဖြည့်တော်မူလော့၊ ကြည်ဖြူမယွင်း၊တင်ဆက်နှင်းသည်။ **။မွေ့ရင်း ရိုးရှင်ချစ်တကား။**

---

၁၆-ပဲကူးမိဖုရားဆို ရတု(၇)

(ပ) **စိတ်တူကြင်တင်၊**လွန်ကမြင်ကာ၊ဘုရင်ရဲကျော်၊ ချီလေသော်မူ၊ ရှည်ဘော်မျိုးရင်း၊ မပျော်လျှင်းခဲ့၊ သောက်လင်းခြည်ရောင်၊ ထွန်းပပြောင်လည်း၊ မျက်

တောင်မရှက်၊ ချဉ်းစက်မရှင်၊ မွေ့ရာခွင်ထက်၊ ကေ
သျှင်ရစ်ပတ်၊ မထုံးတတ်ခဲ့၊ လွမ်းဆွတ်ပျောင်းညို့၊မတို့
မတည်၊ရှိရစ်သည်မူ၊ ဆီးရည်ရှမ်းစို၊ ပြာသိုကျူးရှဲ၊
တပို့တွဲဝယ်၊ပေါက်လဲစင်စင်၊ပန်းစုံမြင်က၊ ရွှေရင်တူ
ကွ၊ မနွဲ့ရတည်း၊ ယောင်းမမောင်တော်၊ မြေပေါ်ထိန်
ဆူ၊ ဇမ္ဗူလေးပါး၊ စိုးရာထားသည်၊ ကျိုင်းထွားမြဝါ၊
ဥပရာလျှင်၊ရောက်ပါနိုးနိုး၊ မြော်ရှုမိုးလျက်၊ ကျွမ်းကြင်
ဘက်ကြောင့်၊ ဆောင်းရက်သည်းထန်၊ဟေမန်ပြောင်း
လှ၊ ရတုနှစ်မည်၊ မိုးစည်သံဒိုင်၊ ကျူးထစ်ဆိုင်က၊
ရေဗိုင်မြစက်၊ဝင်းလျှံပြက်သည်။ ။ဆောင်းရက်မာသ
ပြန်ခန့်လော။

(ဒု) မာသမင်းလွင်၊နှိုင်းမှိုင်းဆင်က၊မရှင်မပျော်၊
ပန်းနွယ်ရော်မျှ၊တေဇော်ထန်ပြင်း၊ ရန်မာန်ချင်းသည်၊
သောင်းတွင်းဘလုံး၊ ပတ်ကုံးညွတ်ခါ၊ မွေးဘမင်းတူ၊
ဇမ္ဗူမြန်ဘောင်၊မြေကုန်အောင်ကို၊စိုးဆောင်ထွတ်ချာ၊
စကြာရောက်နိုး၊ဦးရီးတော်ရင်း၊မိမင်းရင်နှစ်၊ဘုန်းသစ်
တောက်ပြောင်၊ အခေါင်ထွန်းပေါ်၊ ရဲကျော်ရန်နင်း၊
မျိုးသည်ရင်းကို၊ ရောက်တင်းမြော်ရာ၊ အခါနွေဦး၊
တပေါင်းကျူးက၊ နံ့မွှေးကြည်းတောင်၊ လေဆောင် ပျံ့
မွှန်း၊ပန်းလည်းလှိုင်လှ၊ရှိမ်းနုစိမ်းလက်၊ ညွန့်သစ်ထွက်
သည်။ ။ညောင်းရွှက်ညှာမြ လှန်ခန့်လော။

(တ) ညောင်းရွက်လှန်၍၊ယုဂန်တိမ်တွင်း၊ပဇ္ဇုန်
မင်းလျှင်၊ထန်ပြင်းစက်ခြည်၊ မြူးကွန့်လည်က၊ မတည်
*ရှုတ၊ မွေ့ရာမ-ထက်၊မွေးဘညီစင်၊ပြန်လျှင်စေသား၊
ကိုယ်တော်စားဟု၊ *ပျံ့ရှားမွေးကြူ၊ မဥ္ဇူကြိုင်ပွင့်၊

www.kelasa.org



ပြစ်ချိုးလွှင့်ကို၊ လှတင့်ရှုသား၊ သင်း*မြူတာနှင့်၊*ကြေ
ညာ*ပေါက်ပြ၊ရှင်လှရှင်ဖြူ၊မြတ်နှစ်ဆူကို၊ ဆုယူကြည်
စွာ၊ လွန့်-သဒ္ဒါ၍၊ စကြာရောက်မည်၊လေးကျွန်းသည်
လည်း၊ ဆွေသည်မယ်နှင့်၊ ကျွမ်းကြတင့်၏၊ယခင့် ရှေး
ခါ၊ ဂင်္ဂါဇေယျ၊ တမ္ဗဥပေါ်၊ ပိဋကလော်ဟု၊ နှိုင်းလျော်
တုလောက်၊ ပြောင်*မှန်သောက်နှင့်၊ ချင်းဖောက် ရန်
စ၊ နွဲ့ခဲ့မှလျှင်၊ ဒီပကြွင်းနှင်း၊ ဟံသာနန်းသို့၊ ရေသွန်း
ဆောင်ယူ၊ညီသူမယ်သက်၊နောင်ဘုန်းတက်သည်။ ။
တောင်းဘက်ကာလလွန်ခန့်လော။

ဂ၇-ပဲကျူးမိဖုရားဆို ရတု (ဂ)

(ပ) ဒီပတခွင်း၊ဇမ္ဗူမင်းလျှင်၊သတင်းဖွန့်ဝါ၊ထီး
စကြာနှင့်၊ လယ်ယာဗ္ဗူ၊ စိုးစိမ့်ဟုသည်၊ နှစ်ယှူမချာ၊
မောင့်ကိုသာတည်း၊ ပြင်လျာရည်သွေး၊ မောင်ထွေး
နှမ၊ သံမြမ်းမျှလျှင်၊ ဝမ်းကစိတ်ပြတ်၊ မမှတ်သူ့မှာ၊
မတွေ့လာသည်။ ။ရွှေကြာပန်းသို့ မညွတ်ဘူး။

(ဒု) ညီမသားချင်း၊အစ်မရင်းနှင့်၊မကင်းခွေရွေ၊
မျိုးဆွေမိဘ၊ထိန်းယဖျက်ရာ၊မနာစပဲ၊သစ္စာစွဲ၍၊ ရွှေခဲ
ကျိုင်းညို၊ ရွှယ်ပျိုသန့်စွမ်း၊ မှုထမ်းရဲရှိုး၊ ဘေးဘိုး
ကျော်ထင်၊ မတ်လုလင်ကြောင့်၊ မိခင်နားအပ်၊ ဆိုးမ
ကွပ်လည်း၊ မြတ်ချပ်ထိပ်ပြင်၊ ဆံတေသျှင်ကို၊ ။
လက်သင်ပင့်ရှုံးမတတ်ဘူး။

(တ) သီလသတင်း၊ ဆယ်နှစ်တွင်းက၊ မကင်းစု
လည်း၊ ရွှယ်ရှိချည်းတိ၊ သိပ်သည်းလေးနက်၊ မမြွက်
ရိပ်ခြည်၊ မတည်လှည့်နား၊ ဘဝါးဖြန့်ချီး၊ *လက်တီး

ကြမ်းပြင်၊ ဆင်ဝင်အိမ်ဦး၊ ရွှေ့ဘူးမဲ့ ပါ၊ မောင့်ကိုသာ လျှင်၊ မေတ္တာစိုးရ၊ မိဘမရန်၊ ကြိုက်မိဝန်ကြောင့်၊ ပူ ပန်နေ့တိုင်း၊ ရီမှိုင်းမိုးချုပ်၊ ရုံကိုယ်လုပ်နှင့်။ ။ကျွန်ုပ် မြစ်တင် မလွှတ်ဘူး။

---

## ၈၈-ပဲကူးမိဖုရားဆို ရတု (၉)

(ပ) **ဘက်တုစံ၍**၊ သောင်းထီးမြင့်နန်း၊ ဘိသိက် သွန်းသား၊ဆက်မှန်းခွန်သ၊ ရန်မျိုးခသည်၊သက်မျှရှယ် တူ၊ ဘုန်းလှူညွှန့်ဝေ၊ ချီရလေသော်၊ ရစ်ခွေညှိုးသမ်း၊ အိမ်သာဂုမ်းဝယ်၊ယယ်ကျွမ်းပြင်ပ၊ မသိရတည်း၊ မြလှ ဗုက်ခွေ၊ဖျော်ဖြည့်ဖြေလျက်၊ စုံခြေတပျောက်၊*လဲနှင့် ပေါက်လည်း၊ခိုင်မြောက်သွယ်ညွှတ်၊ ချွေးချွေးခွတ်မျှ၊ ခါမှတ်သဘင်၊ ရတုရင်က၊ စီးဆင်နေပြမ်း၊ ရှက်ရင့် ရှမ်းသည်။ **။အလွှမ်းရန်တော့သည်ကိုလည်း။**

(ဒု) **သက်စုန့်၍**၊မင်းစံရည်တူ၊ ဇမ္ဗူပြောင်ထိတ်၊ သိဂ်နိုက်ကိုနတ်*ပိသုကာ၊ ပညာကြီးမှု၊ ပုံပြင်ထုသို့၊ လွှတ်တုဘက်ရှောင်၊သားလှမောင်နှင့်၊ပြေအောင်ချုပ် လည်း၊ ညှိုးရှုပ်မိန်းမှိုင်၊ သူမပြိုင်တည်း၊ တိမ်ဆိုင်ပတ် စက်၊မြတဝက်ဝယ်၊ မြခက်နွယ်လှ၊ မြသစ်စကို၊ ယုယ ရွှေးသီ၊ ဆင်မီစေချင်၊ တ-စဉ်တွင်နှိုက်၊ ရှိုင်းခွင် ရှမ်း ဘောင်၊ *မုန်သောက်ပြောင်နှင့်၊ တိုက်ရှောင်မရှုံ၊ မယ့်သက်နှံမှ၊ မင်းစံသိဂ်၊ ရတနာနန်းတည်၊ မြန် တော့မည်ဟု၊ ကျော်သည်ပတ်လှို၊ မယ့်နားပျံ့သော်၊ မျှော်ငံ့ရှုမြီး၊ ရောက်နိုးနိုးတည့်၊ လွမ်းမျိုးပွါးစည်၊ နေလှည့်သည်ကို၊ တွင်မည်သော်တာ၊ သူရိယာလျှင်၊

www.kelasa.org



လက်ယာကျူးရှည်၊ဆီးရည်ကျရွှမ်း၊ လေချို *ဆမ်း ၍။ **။အချမ်းထန်တော့သည်ကိုလည်း။**

(တ) **ရှက်နုရံ၍**၊ မင်းစံရွှေခဲ၊ခဲပွင့်ဖူး၊ဆောင်းဦး ကုန်ကျွန်း၊ ညဉ့်ခန်းသောက်ရှည်၊ ပွါးစည်နာရီ၊ရာသီ နတ်လ၊ ချိုခွဲကြွသော်၊ ဌာနရပ်ရာ၊ ရှုချေပါလည်း၊ တပ်တာတဲတိုင်း၊ ရီမှိုင်း ဆီးထန်၊ အချမ်း သန်မျှ၊ ဘော်ကျွန်ကွာလပ်၊ ကြာနေလှပ်သို့၊*ကျည်းဖွပ်မြေညို့၊ ကြိုင်နံ့လွှမ်းချုံ၊ စက်တိုင်းရုံလည်း၊ မလုံလှည့်ကာ၊ လေးသည်သာတိ၊ပမာမမျှ၊ စက်တိုင်းတလျက်၊ *သြဇ *သိမ်ခြေ၊ မိန့်မှာထွေကြောင့်၊ စစ်မြေမျက်နှာ၊ ဆီသို့ သာလျှင်၊ မေတ္တာကြိုင်မွှမ်း၊ ကြိမ်းကတမ်းသည်။ **။ အရှမ်း ဖွန်တော့သည်ကိုလည်း။**

---

## ၈၉-ပဲကူးမိဖုရားဆို ရတု (၁၀)

(ပ) **အဆောင် ဆောင်လျှင်**၊ ရွှေတောင်ရွှေနန်း၊ အကျွန်း ကျွန်းကို၊ သိမ်းမြန်းစဉ်ရှိုး၊ ဆက်ကာစိုး၍၊ အုပ်စိုးထီးမြှ၊ ဘရာယူမှ၊ ပြိုင်တူမဆွယ်၊ ရှင်စံပယ် လျက်၊ သည်ဝယ်ဘဝ၊ သည်ပလ္လွန်ထိုက်၊ နိဗ္ဗာန်ဆိုက် သား၊ ဘုန်းမြိုက်မြိုက်မွန်၊ ကကုသန်နှင့်၊ သဏ္ဍာန် ရုပ်ပုံ၊ ကောဏာဂုံက၊ ကဿပဟု၊ ဂေါတမမည်၊ လေးဆူသည်လျှင်၊ ရွှေပြည်ပျော်မိန်း၊ ကိန်းခဲ့နှောင်း သင့်၊ပွင့်လတ်မည်ဟန်၊မင်းများဘန်သည်၊ခြောက်ဉာဏ်

(၈၉) ပဲကူးမိဖုရားဆို အဆောင်ဆောင်လျှင် ချီရတုတွင် "ရွှေပြည်ပျော်မိန်း၊ ကိန်းခဲ့နှောင်းသင့်၊ ပွင့်လတ် မည်ဟန်" (ဂဇဗလသတ်ညွှန်း ၂၅)။

လျှံဝင်း၊ မြတ်ရှင်ရင်း။ ။စုနှင်းဆက်ပိုင်၊ လွမ်းစိုင်သက်နှိုင်း၊ ရွယ်ရောင်ကျိုင်းလျှင်၊ *ရိုင်းခဲ့ခုမှ၊ ရှောင်ခြင်းတကို၊ တေဇတော်အား၊ ဖြည့်သနားလော၊ ငါးပါးစဉ်စီ၊ ရုပ်နောင်ညီကို၊ ရှုံးရှိတင်မြှောက်၊ ကျွန်ုပ်လျှောက်သည်။ ။ပေါက်ပေါက် ရွှေတန်းဆောင်နှင့်လည်း။

(ခု) **တမြောင်း မြောင်းလျှင်**၊ ညီနောင် ငါးတွေ၊ ငါးဆူမွေကို၊ ထိပ်ဖွေတင်မြှောက်၊ ကျွန်ုပ်လျှောက်အံ့၊ ပေါက်ပေါက်ရွှေတိုင်၊ လက်လှကိုင်၍၊ မြစိုင်ညီရှန်း၊ ရဲကြွှန်းကို၊ သို့မှန်းမထင်၊ ကျွမ်းမိကျင်ရှင့်၊ ရှိစင်မမြှောက်၊ **သွယ်***မြတ်ခေါက်က၊ မယ့်အောက် မယ့်ထက်၊ စံညက်ရွှေဆင်း၊ မျိုးသားချင်းနှင့်၊ မိမင်းသက်ထင်၊ သခင်ရဲဘော်၊ မင်းကျော်တို့လည်း၊ ကြပ်တည်းနိစ္စ၊ ဆုံးမ သဗ္ဗေ၊မမွေ*နိုယံ၊ မိန့်တော်ခံသည်၊ ကျိုးနွံခညောင်း၊ လှည့်ဖြားယောင်း၍၊ ဆောင်းလည်းမမှတ်၊ ဝါကျွတ် ဝါလယ်၊ အလှယ်လှယ် ရောက်၊ အခေါက်ခေါက်တီ၊ စေများဘိ၍၊ ယုံမိစင်စစ်၊ ကျွန်ုပ်ဖြစ်ကို၊ ရှင်ချစ်ကယ်မ၊ ဗျာဒိတ်ပြလော၊ တေဇဗုန်ချောက်၊ ဖြိုးလျှံတောက်သည်။ ။**မောက်မောက် မွေထွန်း ပြောင်နှင့်လည်း။**

(တ) **မရှောင်ရှောင်လျှင်**၊ ညှိုရောင်မြနှစ်၊ ရဲသူစစ်ကား၊ ချစ်၏သို့လျှင်၊ ကြင်၏သို့ဟန်၊ တည်မမှန်ခဲ့၊ ပြစ်တန်မြူရိပ်၊ သံမလိပ်တည်း၊ သုံးထိပ်မူးလျှင်၊ သိမြင်စကောင်း၊ ကျွန်ုပ်ကြောင်းမူ၊ ပြောင်းလေ ဘိသည်၊ သံသာရှည်က၊ ဆွေသည်နှစ်စုံ၊သူ့*ကြေးမုံဟု၊*ရိပ်မြူသူနှင့်၊ သူ့မျက်ပွင့်ကို၊ ချစ်ခွင့်ဟန်ကား၊ မှားဘူး



သော်လည်း၊ နောင်တော်ဝိပါက်၊ မဆက်ချင်ပြီ၊ နောင်ညီ ငါးပါး၊ ဖြည့်စေသားဟု၊ ဖြူထွားပေါက်ပေါက်၊ လျှံတောက်ဝင်းပြောင်၊ မြတ်ဘုန်းခေါင်ဝယ်၊ မျိုးမောင်မင်းမြေ၊ ကျင့်သောတွေကို၊ လျှောက်ပေလှာရ၊ ကျွမ်းဦးကလျှင်၊ ဝိမှလည်းရောက်၊ လှည့်ဖြားလျှောက်သည်။ ။**ခေါက်ခေါက်နွေဆန်း အောင်ဖြင့်လည်း။**

---

၉၀—ပဲကူးမိဖုရားဆိုရတု (၁၁)

(ပ) **နတ်ပြည်***ပိတ်မှာန်၊ သာချိုး လွန်သား၊ ခြောက်တန်ဘုံနေ၊ အတွေတွေလျှင်၊ စိုးပေကြမှတ်၊ ကြွင်းမဲ့နတ်ဝယ်၊ အထွတ်ကဲမြင့်၊ စံပယ်တင့်လျက်၊ သူနှင့်မပြိုင်၊ ထွတ်စံတိုင်သည်၊ ရခိုင်သမ္မာ၊ ဗောဓိလျာဟု၊ မဟာဇမ္ဗူဒီ၊ လွှံ့ညီ ထင်ပေါ်၊ ကျွန်းလုံး ကျော်သား၊ နောင်တော်ရာဇာတ်၊ မွေတုလွတ်ကို၊ ဝါကျွတ်သဘင်၊ ပြည့်ရက်တွင်နှိုက်၊ နေရှင်ပျော်ရာ၊ တုသိတာဝယ်၊ သဒ္ဒါစိတ်သန်၊ ဗောဓိရန်သည်။ ။**အမှန်ကြွတော်မူပါလှည့်။**

(ခု) **ညွှတ်ကြည်စိတ်သန်**၊ မိုးထိဗုန်မျ၊ ဗိမာန်စိုးဆက်၊ မြနန်းသက်ကို၊ ဘွားရက်ကြိုက်ဆုံ၊ ပြည့်နွေကြုံ၍၊ မွေးထုံပျံ့ကြိုင်၊ ရွှေတိုင်ပြောင်ညီး၊ ရွှေထီးတံခွန်၊ ဗိမာန်ပန်းထောင်၊ ပွဲဘောင်အံ့ရာ၊ လူစဉ်ခါတွင်၊ မြော်သာမယွင်း၊ ဆီလျော်ခင်းဝယ်၊ *ပတင်းလျှံထွန်း၊ လှစ်ဖွင့်တွန်း၍၊ ပတ်ဝန်းရံလည်၊ ရှုကြသည်ကို၊ မျက်ခြည်ဆီးမွှောင်၊ မညောင်းအောင်လျှင်၊ တိမ်တောင်ခွဲဝက်၊ နေမင်းတက်သို့၊ ဖြိုးပြက်ရောင်ဝါ၊ ဝတ်

တန်ဆာနှင့်၊ အာကာ နှံ့အောင်၊ တင့်လွတ် ခေါင်သည်။ ။မြင်အောင် ပြတော်မူပါလှည့်။

(ဂ) မှတ်ရည်မိဠာန်၊မယှွင်းမှန်သား၊ ဆက်လွန်ဘဝ၊အနန္တကာ၊များလှသနေ်၊ဖြည့်ဘူးပေ၍၊ မိုးမြေဖွန်ထပ်၊သုံးဘုံရပ်ပယ်၊နှံ့စပ်လျှံဖြာ၊ †မိတရာဟု၊ ထွတ်ချာရောက်မည်၊ စောဘုန်းစည်လျှင်၊ ကြောင်းရည်သိတန်၊မယှ်ကျင့်ဟန်မူ၊ဆံစွန်မမှား၊လူမျိုးခြား၍၊ တရားတည်စောင့်၊ ထူးသော့ကြောင့်လျှင်၊ အဖြောင့်မှတ်ရာ၊သူ့သစ္စာဖြင့်၊စံသာကောန်၊ မြောက်ထိုက်တန်ဟု၊အမှန်နေကျ၊ သိကောင်းလှ၏၊ ဖြိုးမျ*ပုံယင်၊မထင်ပြိုင်ဘက်၊ ဧတဒဂ်သည်။ ။ရွှေစက် ဟတော်မူပါလှည့်။

---

၉၁-ပဲကူးမိဖုရားဆိုရတု (၁၂)

(က) အရဲနဂို၊စိမ်းစိမ်းညိုသား၊ ကုသိုလ်ရှေးစက်၊ ပျော်ရန်ဘက်ကြောင့်၊လက်နက်လေးမြား၊ လှံထား မီးပေါက်၊ *မုန်သောက်*ကျင်လျှင်၊ မြင်းလျှင်တစ်ခေါ်၊ လှေကျော်ပွဲစံ၊ မြို့ကြီးခံလည်း၊ ကျွန်းလုံးကြည်းမျှ၊ မိုက်မည်းမြသွန်း၊ လက်ပြင်ဖွန်းနှင့်၊ နီမြန်းတောက်ကျစ်၊ *ကျည်းဖြစ်ကဝါ၊ *ခါသာ*တွန့်တုပ်၊ *ပေါင်းထုပ်ထပ်ဆင့်၊ ရှောင်နှင့်သော်လည်း၊ မြော်သူ တို့အား၊ ကြားသူတို့မှာ၊တင့်သည်သာဟု၊ ကြေညာပတ်အောင်၊ ရဲတန်ဆောင်သည်။ ။အခေါင်ထားမည်သူကိုမှ။

† မှူအတိုင်းထားသည်၊ မဧတ္တေယျဘုရားကို ဆိုလိုရှိသည်။

www.kelasa.org



(ခ) အခေါင်စံတည်၊ ထားထိုက်သည်နှင့်၊ မြန်ပြည်တိုက်လုံး၊ ရပ်ပတ်ကုံးကို၊လက်ရုံးစက်ဂိုမ်၊ တန်ခိုးနှိမ်လျက်၊ အကြိမ်ကြိမ်ပွဲ၊ ရဲတော့သည်ဟု၊ ယွန်းပြည်ယိုးဒယား၊ စော်ဘွားသိန်းနို၊သေဥ္စီခုန်ကျော်၊ဗမော်မိုးနဲ၊ မိုးငြိမိုးကောင်း၊ ဝပ်ညောင်းကြောက်ရှောင်၊ အုန်းဘောင် မိုးညင်း၊မိုးလင်း မိုးမိတ်၊ လန့်ထိတ်မပြုတောင်ငူအဝ၊ပြည်ပူရလည်း၊ လက်ချသည်ပင်၊ ခဲသည်လျှင်ဟု၊ ချစ်ခင်မြတ်လေး၊ လုပ်ကျွေးရှိညွတ်၊ တင်အထွတ်ဖြင့်၊ ဝမ်းပတ်ဇမ္ဗူ၊ ရန်စစ်ယူကာ၊ ကျွန်းသူ မယ်မောင်၊တွေ့တိုင်းအောင်သည်။ ။မရှောင်ရှားမည် သူကိုမှ။

(ဂ) မရှောင်ရှားလေ၊ရန်မျိုးကွေသား၊ညာကြေရစ်ပတ်၊ထုံးဝတ်ရှင်ဟန်၊ယမန်ဆံစည်း၊ဗုလည်း*မြိတ်ခေါက်၊ မြိတ်ပေါက်*မြိတ်သွတ်၊ရစ်ပတ်*ခေါက်ချိုက်၊ ယောင်မြိုက်ပြာစင်၊နှတ်အသွင်တိ၊ပည်းမျှရှိလည်း၊ ဇာတိရှေးလွန်၊ တောင်းဘူးဝန်ကြောင့်၊ စုံရန်သင့်ပျော်၊ မယ်နှင့်ပျော်သား၊ တေဇော်တန်ခိုး၊ ဟိုးဟိုးထင်ပေါ်၊ ကျော်လည်းကျော်ပြီ၊ ရဲလည်းရဲပင်၊ စွမ်းအင်သိပ္ပါဠာရသနှင့်၊တေဇမြှုးကွန့်၊ အိမ်ရှေ့ခန့်ရှုံ၊လေးကျွန့်သခင်၊ ဘုရင်မင်းခေါင်၊ ကိုယ်စားစောင်သည်။ ။*အပြောင်မျှားမည်သူကိုမှ။

---

၉၂-ပဲကူးမိဖုရားဆို ရတု (၁၃)

(က) ကျင့်မြဲသီလ၊စောင့်ငြိမြဲ၍၊ထိပ်ဆံပင့်ရှုံး၊*ဦးလုံးဆိုင်မြောက်၊ အဘြောက်အတောင်၊ ရွှေ့ပြင်ဘီးဘီး၊မကြီးမငယ်၊ တင့်တယ်ရစ်ပတ်၊ လုံးစမှတ်ဝယ်၊ ပန်းသုံး

သွယ်နှင့်၊*စံပယ်*စံပ၊ပဒ္မမွေးထုံ၊ငါးပါးစုံလျက်၊ အာရုံဖြောင့်ကြည်၊နေလှည့်သည်ကို၊မျိုးမည်တူကွ၊ မွေးဘတူရင်း၊ မယ်မင်းတူလှ၊ ယောင်းမမောင်ရင်း၊ ဆွေနောင်မင်းလျှင်၊ မျိုးချင်းထပ်တူ၊ တော်မည်ဟူ၍၊လျစ်လျူမထင်၊ ကျွမ်းမိကျင်လျက်၊ သို့စင်ပျက်ချော်၊ ကျင့်*သရော်သည်။ ။**စွယ်တော်ရောက်သော်က တကား။**

(ခု) **စွယ်တော်ရောက်သည်၊** *သိန်းယို့ပြည်က၊တို့မြည်သနင်း၊ပြည့်ရှင်မင်းကို၊သတင်း*ဇွန်ဝေ၊ကိုးကွယ်စေဟု၊ရောက်ပေလှာ၍၊ ထိုသည့်နေ့က၊ ရဲလှေမင်းပျို၊ စိမ်းစိမ်းညိုလျှင်၊ မယ့်ကို*လေးတွဲ့၊ မတော်ခဲ့သော်၊ *မပြွဲချေအား၊ ဘုရားသော်သာ၊ တင်နိုင်ရာဟု၊ နံ့သာရေကြိုင်၊ *ရွှေတိုင်ဘယောင်း၊ ကောင်းသည် လက်ဘက်၊ ညီရွက်အကြော၊ လှမောယာမှူ၊ ကွမ်းသီးနုနှင့်၊ ရှုလော့ထွန်းတင်၊ ဝေးနီးမြင်သည်၊ ရှင်ပင်မြတ်စော၊ ပူလောတို့စွ၊ ဒုက္ခပြင်တိမ်၊စိုးရိမ်ကြောင့်ကြ၊ မယ့်ခြင်းတကို၊ ညာဏာညာဏ်တော်၊ သုံးလူ့ဘော်သည်။ ။**ကာယ်တော်ဖျောက်သော်မှ တကား။**

(တ) **ကာယ်တော်ဖျောက်ပိုင်၊စောဘုန်းခိုင်မှ၊ဖြည့်နိုင်အံ့သည်၊အမှတ်တည်၍၊ကျင့်ရည်အယူ၊ သည်သသူ**

(၉၂) သက္ကရာဇ် ၉၃၀၊ဒုတိယဝါဆိုလပြည့်ကျော်၃-ရက်တနင်းလာနေ့ သီဟိုဠ်ကျွန်း ဓမ္မပါလမင်းက စွယ်တော်မြတ်ကို ရွှေစေတီဥ္ စွာပနာ၍ သဘော်နှစ်စင်းတွင် တစင်းမှာ လက်ဆောင်တော်၊တစင်းမှာ စွယ်တော်မြတ်ကို တင်၍ ပုသိန်သဘော်ဆိပ်သို့ ရောက်လာသည် စသည်ဖြင့် မှန်နန်းရာဇဝင် တ-၃၃,အရကို စပ်ဆိုသောရတု။

www.kelasa.org



လျှင်၊သည့်နှယ်ပင်တည်း၊ဆင်ခြင်မရွေး၊စစ်ရေးစစ်ရာ၊စစ်မှာသော်လည်း၊ကျန်းချော်မာန်ရှူး၊ ဟူးဟူးအလျှင်၊ ကိုယ်စီဆင်နှင့်၊ သူ့ခွင်ချင်းမွေ၊ အောင်လေကာကာ၊ မယ့်မှာတုံလည်း၊ ယုံစိမ့်ကြောင်းကြောင်း၊ဖြားယောင်းနှိမ့်ချ၊လျောက်များလှ၏၊ကြောင်းစနွယ်ရစ်၊ သည်ကျင့်ညစ်ကို၊ ပစ်ပါတိုလော၊ မိလည်းနှမ၊ ဘလည်းမောင်ပင်၊ ဘိုးခင်ဘွားမင်း၊တော်ရင်းရင်းလျှင်၊ မယွင်းရှည်ဘော်၊ ကျင့်မလျော်သည်။ ။**ရွှယ်ရော်ဆောက်သော်မှ တကား။**

## ၉၃-ပဲကူးမိဖုရားဆို ရတု (၁၄)

(မ) **ကံအားဆော်၍၊** တောဇော်တက်ထွန်း၊ သုံးထောင်ကျွန်းထက်၊ မြနန်းသိုက်ထံ၊ မွေးဘုံကြံ၍၊ ပျော်စံစထိုက်၊ **ရွှေဘုန်းကြိုက်သည်၊** စေထိုက်လှစွာ၊ ကျေးနရာ။ ။**သုံးဖြာရစ်ဆုံ၊ သန့်လျက်နုံသက်၊** ရွှေဘုံဒီပ၊ ရွှေအဝဟု၊ မြစ်မယဉ်စုံ၊ဝင်းလျှံရောင်ဘိတ်၊ရွှေတောင်ထိတ်က၊ မွမ်းညိတ်ရွှေပေါင်း၊ ဗိုလ်သိန်းသောင်းနှင့်၊ နန်းလောင်းညီရင်း၊ လင်းဇင်းဘုရင်၊ နှောင်းမြင်မင်းနောင်၊ မြတ်ခေါင်အာသာ၊ သဒ္ဓါသတိ၊ဟိရိမပြား၊ လေးပါးမောင်လာတ်၊ သားရဲထွတ်တို့၊ ပျံမှတ်တိမ်ပြင်၊ ဆက်ချေလျှင်လော၊ နန်းပြင်ကမျော်၊ ပြန်ဆုရော်၍၊ မယ်တော် ဘုရား၊ မိမင်း ဖျားသည်။ ။**ဝန်းလျား တ-နေ ရှင်ဝမ်းပြေ။**

(၉၃) တောင်ငူ မိဖုရားစာလိပ်တွင် ရှိသည်၊ တောင်ငူမိဖုရားသည် ပဲကူးမိဖုရားပင် (လက်ဝဲနော်ရထာအမှာ)၊၉၆၂-ခု ပဌမဝါဆိုလ တောင်ငူမှာ ငါးဆူ

(ဍ) စံထားတော်၍၊ ရွှေလှော် တောင်းဖျား၊ ပဉ္စမြားသို့၊ သောကားကျွံ့ခေ၊ ရုပ်သခွေ့နှင့်၊ အရွှေနီဝါ၊ စိမ်းပြာပြည့်မျှ၊ ကိုယ်သုံးလှသည်၊ ကျေးမျှားတံဆိပ်၊ နှုရထိပ်၊ ။ချစ်ရှိပ်ကြင်လောင်း၊ ခပုံပေါင်းတည်း၊ တသောင်းပတ်ဝန်း၊ လက်ရုံးမှန်းသား၊ ဘက်ကျွန်း မင်းသား၊ ငါ*သည်းကြွေးဆ်၊ ထံပါးရွှေတွင်၊ နားသည်မြင်သော်၊ သခင်မွေ့ဘာ၊ မေးယုယလိမ့်၊ ဌာနသာမော၊ စည်နှောပြာစဟန်၊ ပုန်ကန်ဟန့်ညီးရနံ့ရှပ်နိုးနိုက်၊ ဘုန်းသီးသက်နှံ၊ နွံ့သည်ကြောင်းလျား၊ ရေးရောများကို၊ ခနှုနားပတ်လှည့်၊ ရှုမြော်ကြည့်မှ၊ မြန်သည့်အလျင်၊ မကြာတင်နှင့်၊ သိမြင်ကြားတိုင်းလျှောက်စိမ့်နှိုင်းသည်။ ။ရစ်ဆိုင်းထုပ်ပြေ ကြင်လွမ်းနေ။

(တ) ထံပါးခေါ်၍၊ *ရွှေလှော် ရောင်မောင်း၊ ရွှေခွက်လျှောင်းနှင့်၊ အပေါင်းချီအေး၊ ဖျံ့ဖြူမွှေးသည်၊ ကျေးမျှားဦးစွန်း၊ ကျေးကြွင်းနှံး ။ပတ်ဝန်းယာဉ်သာ၊ သုံးစင်းဖြာသို့၊ မြန်ပါတို့ချေ၊ လျှင်ပါစေလော၊ ရဝေဘုံဝ၊ တောင်နန်းကလျှင်၊ ပြည်ဆံရှင်နိုက်၊ ပ-ထင်-ဝင်းနိုင်၊ ညှဉ့်ကိုသိမ်မှ၊ *အရိပ်ဓွန့ဘုံ၊ ရွှေစည်းခုံသို့၊ ရှိုငုံဆက်ဟန်၊ ယင်းက လွန်သော်၊ တံခွန် တမွတ်၊ တန်ဆောင်မှတ်သည်၊ သားလေတ်မွှေးဘာ၊ အဝတုရင်၊ ရံချော်ထင်ကျင်၊ သာရှင်စိတ်ဝမ်း၊ ညချမ်းချုပ်ပြီ၊ မြေသာညီနိုက်၊ *ကုလီဆင်မြင်း၊ စီးနင်းပယ်၍၊ စံတော်

ဒါယကာမင်းတရားကြီး မိဖုရားပေါင်း စာဆိုပဲကူး မိဖုရား နှုတ်မြည်စံတော်မူသည်။ (မှန်နန်းရာဇဝင် တ-၁၅၁)။

www.kelasa.org



မူအုံ၊ တုံ့တုံ့နား၍၊ ဖွာစွေစွေကို၊ ။မပေ့လေစေ လျှင်စမ်းစေ။

၉၄-ပဲကူးမိဖုရားဆို ရတု (၁၅)

(ပ) ခြောက်ဆောင်ဘုံသာ၊ နန်းသိင်္ဂါနှင့်၊ ဗိလာမထင်၊ ရွှေစင်မမှတ်၊ မြောက်ခပ်ညွှတ်ဝယ်၊ ချမ်းမြတ်ကြည်စွာ သီတာရစ်သန်းနှရန်းနရစ်၊ တိမ်သစ်ထိဖို့၊ †မွေ့ဖျား-ရှို့နှင့်၊ ဝိုက်သို့မတ်မတ်၊ တောင်မြင့်ညွှတ်ဝယ်၊ စက်လွှတ်ညီးမျှနိုးသို့-ပ-သားကာသဗိမာန်၊ ကျော်ရှိန်ဖွန့်သည်၊ မို့ဇွာန်သခင်၊ မယ့်ရှင်ပင်း ။*လောင်လင်ဘွယ်သာ၊ ခွါလည်းမလျော့၊ ချဉ်းလည်းမပြီ၊ ပဲ့ဆိုးနင်း ရှင်းရှင်းမဖြက်၊ ယုတ်တက်ဆုတ်ချည်းမိကျိုး*လျှဉ်းသို့၊ မကျဉ်းချင်ဘွယ်၊ ခဲလွှယ်ဝမ်းမှာ၊ မတာတ်သာသည်။ ။ကြာကာ ကျွန်ုပ် လင့်မောဏ်။

(ဒ) တောက်မြောင် ဟုံဝါ၊ ပြင်းတောဇာနှင့်၊ ခြောက်ဖြာ ရောင်မြည်၊ အပြည့်ပြည့်ကို၊ ခဲသည်မရှိ [နွေ့သည့်*သိလှတ်၊] ပျောင်းရိပ်ဝေလည်၊ မယ့်ဖြစ်သည်ကို ပြည့်ခြည်မချွတ်၊ ကျွန်ုပ်မှတ်သည်၊ လူ့နတ်သခင်၊ မယ့်ရှင်ပင်။ ။သည်တွင်နှဖြစ်၊ ကြိုက်သရစ်တာ၊ ကျိုးဖြစ်ရွှေနှောက်၊ *မခေါက်မရုတ်၊ စုံမက်ကိုယ်ကို၊ *ထက်ပိုထက်ဝါ၊ သနားမမည်၊ မုန်းသည်မမှတ်၊ ချစ်လတ် *ဇွန့်တို့၊ မည်သို့ ခဲသည်၊ ဗယ်လည် ညာလှည့်၊ ကောားပြည့်ခဲ့၊ နှုတ်၏အမြင်၊ ဘုန်းစက်ရှင်မြင့်၊ ဝါဝင်နိုးလှ၊ ညာဏ်တော်ရှု၍။ ။ယခု ပြည့်ချိန်သင့်မောဏ်။

† တိမ်သစ်တီးဆို့၊ ငွေ့ဖျားမြို့လည်း ဝိုက်သို့မတ်မတ် (ပေမူတစောင်)။

(ဏ) နောက်နောင်စုံရာ၊ လူတကာတို့၊ လူ့ရွာနှိက်ဝယ်၊ သည့်သူ့နှယ်လျှင်၊ မုန်းတွယ်အပြည့်၊ ရှိပါလှည့်စုံ၊ ဖြည့်ဖြည့်ဖြိုးဖြိုး၊ မူးမူးပတ်ပတ်၊ မှတ်သတ်ဝမ်းက၊ ရှိသမျှကို၊ပျောက်ရလျှင်းအောင်၊[သွေးဆောင်လှည့်ဖြား၊သကာပျားသို့၊ ဘုရားအလောင်း၊တကျောင်းတဂူ၊ ဟူသည်မကျန်၊ အလွန်ကြီးမြတ်၊မတတ်ကောင်းအောင်၊တော်ယောင်နှုတ်ချော၊ကျင့်ရှာလေခဲ့၊]နေလည်းမဝင်၊ ထက်ခွင်အုံ့မှုံ၊ ည-မလွန်သေး၊ တိမ်မြေးခြည်မှောင်၊ မိုးပြောင်ပြောင်ဝယ်၊ တိုင်*မြောင်ရပ်မှို၊ကြမ်းမြင်ဆီက၊ဘော်ညီ နည်းရှား၊ တိုင်လျှောက် ကြားရှင့်၊ ခြောက်ပါး ခြည်ရောင်၊ ကြွင်းမဲ့ ဆောင်သည်။ ။ **အထောင် လသို့ တင့်မော၏။**

---

### ၉၅-ပဲကူးမိဖုရားဆို ရတု (၁၆)

(ပ) **အကျွန်းကျွန်းလျှင်၊** နန်းဥကင်ဝယ်၊ရွက်ရှင်လှစ်တွန်း၊မတ်ခေါင်းဝန်းရှ၊ကြဌန်းခြောက်ပြီး၊ဘုန်းနေမီးသို့၊ ရွှေထီးစကြာ၊ ဖြန့်မိုးကာလျက်၊ဘ-ရာသိမ်းပြီး၊ သားကြီးနန်းရန်၊ ဘေးတော်ဟန်လျှင်၊ ရန်မာန့်ချိုးနှိမ်၊ အိမ်ရှေ့စံဟု၊ မိန့်သံမျှာဒိတ်၊ကျွန်းလုံးထိတ်မျှ၊ဘိသိက်မင်္ဂလာ၊ သွန်းမည့်ခါနှိုက်၊ မဟာဥပရာဇ်၊ မိရင်နှစ်ကို၊ ကြင်ချစ် ထပ်ပွမ်း၊ အလွမ်း ကြိမ်ခေါက်၊ ဘန်ဘန်လျှောက်လည်း၊မအောက်မေ့ပါ၊မေတ္တာမသက်၊နေလေရက်သည်။ ။**နန်းဆက် တည် အလျှာလှည့်သော။**

(၉၅) ပဲကူးမိဖုရားဆို အကျွန်းကျွန်းလျှင် ချီသည့်ရတုတွင် "ဘုံဗိမာန်နှင့်၊ နောင်ဟန်ပင်နေ၊လွှမ်းမပြေတည်း၊ မြစ်ခြေ တောင်ဖျား၊ နှစ်ပါးပြောင်ရွှေ" (သျှင်

www.kelasa.org



(ဒု) **နန်းဆက်အလျှာ၊**ဥပရာလျှင်၊မလာရက်ကျူး၊ဆောင်းဦးအစ၊ နွေယသို့ဆိုက်၊ လွမ်းစဉ်ကြိုက်တွင်၊ ဘ-နတ်ရှင်၏၊ ထိပ်မြင်ပန်ပန်၊ မိဦးစွန်ဟု၊ ရိပ်မြူမြူသား၊ မောင်ပုသားလတ်၊ မိသည်းပွတ်ကို၊ ပြာသာဒ်ခြောက်ရန်၊ ဘုံဗိမာန်နှိုက်၊ နောင်ဟန်ပင်နေ၊ လွှမ်းမပြေတည်း၊ မြစ်ခြေတောင်ဖျား၊ နှစ်ပါးပြောင်ရွှေ၊ ညီနောင်မွှေကို၊ *မိုးတွေသစ္စာ၊ပန်းတွေလာနှင့်၊စေတနာဆက်၊ ရည်ဆဲဆဲလျှင်၊ ရဲသည့်*ဓမ္မတော၊ အသရေသာ၊ သားညက်ပြာကို၊ မြင်ပေါ်ချင်လှည့်၊ လာအောင်ဖြည့်လော့၊ပြည့်စိမ့်တင်ဆက်၊တောင်းမျှောက်မြွက်သည်။ ။**မှန်းလျက်ကြည်သဒ္ဒါလှည့်သော။**

(ဏ) **မှန်းလျက်သဒ္ဒါ၊** မင်းတရား၏၊ အချာတန်းဆောင်၊ မိသားမောင်လျှင်၊ ရွှေတောင် ပြောင်ထွန်း၊ တရှန်းရှန်းတည့်၊ ထိပ်စွန်းတောင်ယံ၊မယ်တော်ထံသို့၊ ချစ်ကြည်စလျက်၊ မဖူးတက်သော်၊ စုံမက်ပုံ့ပျူး၊ သားဦးသားထွေး၊ နှောင်းမွေးမယ်မင်း၊ သံညင်းသာရှင်၊သခင်ဘုရား၊ လာပြီလားဟု၊ ရွှေနားလျှောက်မေး၊ ရင်သွေးသည်းကြား၊ လေးပါးတို့မောင်၊နှစ်ယောက်နောင်လျှင်၊ ရွှေတောင်သိင်္ဂ၊ နန်းမထီးမြို့၊ ယူစိမ့်ဟူ၍၊ မယ်သူမင်းသည်၊ ကိုယ်စားရည်၍၊ ဆောက်တည်စလျက်၊ လွန်လေးနက်သည်။ ။**ညွန်းလျက် ရည် အလျှာလှည့်သော။**

---

ဥက္ကံသ မာလာ သတ်ညွှန်း ၂၀) တောင်ငူရောက် မိဖုရားစာလိပ်တွင်ရှိသည်၊ တောင်ငူမိဖုရားလည်း ပဲကူးမိဖုရားပင်၊ (လက်ဝဲနော်ရထာမှတ်ချက်)။

## ၉၆–ပဲကျူးမိဖုရား ဆိုရတု(၁၇)

(ပ) **ဝက်ပါလျှင်**၊ တောင်သာပွေစွန်း၊ သင်မ်း နန်းနှင့်၊ ရည်ညွန်းနိဗ္ဗာန်၊ မင်းဝေသန်၏၊ ကြင်တန် မဒီ၊ ရှုဒီပျော်ပါး၊ မိဘုရားဟု၊ ယူသည်ဆုနှင့်၊ ဝတ္တု ဒါန၊ စာဂသီလ၊ ကောင်းကြံရည်မွေ၊ အောက်မေ့ ရေးရေး၊ တသွေးသွေးလျှင်၊ ဈေးလည်းတူစုံ၊ ခုတုံလူ ဆည်း၊ နှောင်းလည်းလူလို၊ မြတ်သည် ကိုယ်ဟု၊ ကြည်ညိုမိဗ္ဗာန်၊ နေသောဟန်ကို၊ သန်လည်း သန် ကော၊ ဖွံ့ချောရဲခေါင်၊ မရှောင်မရှပ်၊ ကျွန်ုပ်မယ်အား၊ စေဘန်များ၍၊ တော်ငြားအံ့လော၊ နာမိသောရှင့်၊ မနှောခြင်းရာ၊ နောင့်မေတ္တာမူ၊ ကျွမ်းပါစေ၊ ချစ်ကြ ဦးနှင့်၊ နှုန်းသင့်*သွေးသီ၊ မဆိုဒီခဲ့၊ မညီထဲပေါ်၊ ကျင့်*သရော်လည်း၊ မြေးတော် နှစ်ပါး၊ တူမပြား သည်။ ‖**စုလျားပတ်သောခါကပင်**။

(ဒ) **သသ်ရာလျှင်**၊ရှေးခါသော်က၊နောင်ကျိုးမြဲ နှင့်၊ တူကွတူပေါင်း၊ တူမပြောင်းတည်း၊ ရွှေကျောင်း ဘုရား၊ တရားနာနာ၊ လှူဒါရေစက်၊ ချဘက်ညီညီ၊ မ သွန်းမိ၍၊ စံတီရွယ်ပျို၊ ကျိုးဖွံ့ညိုလည်း၊ ရောက်လို သည်ဖြင့်၊ တထင့်ထင့်တည်း၊ ချစ်ခွင့်ရှည်ဝေး၊ယမန် ရှေးက၊ သွေးလေလည်လည်၊ ဖြေဖြည်ပျော်၏၊ မြေး တော်နှစ်ဆွေ၊ စုလျားခွေမှ၊ မင်းခြေမယ်သက်၊ သျှိုပင်

(၉၆) မဟာဥပရာဇာနှင့် နတ်သျှင်မယ်တော်ကို ဖွဲ့သည်၊ (လက်ဝဲနော်ရထာအမှာ)၊ "ဝက်ပါလျှင် အစချီ သည့် ပဲခူးမိဖုရားဆို ရတုတွင် "ဘုရားမြတ်စော ရာမလျှင်"ဟု စပ်ဆိုကြောင်း ကဝိလက္ခဏာဒီပနီ



ခက်ခဲ့၊ ကျိန်းစက်မလွှေ၊ အောက်မေ့တုံတုံ၊ တလိုလဲ လဲ၊ သည်းထဲလောင်ဆာ၊ ဤအခါမူ၊ သန်ဝါရတု၊ ကျွတ်လုဆဲဆဲ၊ မိုးလည်းဖွဲ့ခဲ့၊ ရဲရဲပြောင်သည်၊ *ဒရုံ ပြည်ဝယ်၊ သုံးမည်လူ့ဖျား၊ ပြည့်စိမ့်ထားသည်။ ‖ **ဘုရားမြတ်စော ရာမလျှင်**။

(တ) **ဌက်မှာလျှင်**၊ သီတာဖြန်းငြိမ်း၊ ချမ်းချမ်း လိမ်းမျှ၊ ခပ်သိမ်းဘေးပုံ၊ ရပ်သုံးပုံဝယ်၊ မစုံသော အား၊ သူနှစ်ပါးကို၊ သနားငါသည်၊ ဖြည့်တော့မည် ဟု၊ ရောင်ခြည်လျှံဝင်း နှံ့မျှချင်းသည်၊ ရှင်ရင်း ဥက် ဟုံ၊ ဆံဒရုံ။ ‖ကြိုက်ကြုံမျက်မြှော်၊ဆွဲရစ်မျော်သား၊ မယ်တော်ရှင်မ၊ မွေးဘမောင်မင်း၊ သတင်းသံ့သံ့၊ ပျံ့သောကာလည်း၊ဆုံးမပေ၏၊ မိုးသေနှိမ့်ချ၊ ခယဆန်း ထူး၊ လျှောက်ပျံ့ပျူး၍၊ နှစ်ဦးမဆံ၊ မယ့်သက်နှံ့လျှင်၊ နန်းစံတွင်မြေ့၊ အိမ်ရှေ့သခင်၊ နတ်ရှင်တူမ၊ ရွှေဝ ထိပ်မိုး၊ သတိုးမင်းတူ၊ မင်းနှစ်ဆူကို၊ ဇမ္ဗူသခင်၊ စက်ရှင်တုလွတ်၊ စုလျားပတ်ရှင့်၊ ရဲထွတ်မြရည်၊ သူး ပြည်ခေါ်ညီ၊ ပန်း*စပ္ပိနှင့်၊ မြှောက်ချီ တင်ထား၊ တောင်းလျှောက် ကြားသည်။ ‖**သနားချွတ်လော ကာလတွင်**။

---

ဆရာပြသည်၊ (ကဗျာဗန္ဓ ၂၃၆,ကဝိလက္ခဏာဒီပနီ ၁၁၇)ပဲကျူးမိဖုရားစာ၊ဝက်ပါလျှင် ချီသည့်ရတုတွင် "ရောင်ချည်လျှံဝင်း၊ နှံ့မျှသွင်းသည်၊ ရှင်ရင်းချက် ဟုံ၊ဆံဒရုံကို၊ကြိုက်ကြုံမျက်ဖျော်" (ဂဇဗလ သတ် ညွန်း ၄၀)။

၉၇-ပဲကူးမိဖုရားဆို ရတု (၁၈)

(စ) **ဘင်္ဂကျော်ခေါင်**၊ ရှစ်ရပ်မှောင်နှင့်၊ ပြည့်အောင်နှံ့မျှ၊ ကဆုန်လလျှင်၊ *မာယမိုးနှင့်၊ အလွှမ်းဆင့်၍၊ *ကျူးရင့်သံအိုင်၊ သွန်းချပြိုင်သော်၊ ထွတ်ဆိုင်ပေါ်သစ်၊ *ပုရစ်ဖြာရှုံ၊ စက်ပွင့်ငုံကို၊ ကုံးတုံ့မယ့်လက်၊ စဉ်သင့်ဘက်မှ၊ ပန်ရှက်ရစ်ထုံး၊ မြိတ်ကုံးနက်စင်၊ ပိတ်ရွှေဖျင်နှင့်၊ လက်တင်အုံးဆင့်၊ မှိုင်းရီသင့်ဝယ်၊ ဆယ်ဖြင့်လေညီ၊ သိင်္ဂီပုတီး၊ လှုံစီးကိုးမျက်၊ ချယ်ဘက်*ဆံကျင်၊ စီဆင်သင့်ခေါင်၊ *သင်းတွဲ ညောင်ထက်၊ ဘော်ရှောင် မပေါင်း၊ မယ်ထူး လျှောင်းသည်။ ။ **နန်းလောင်း စုံလယ်မှတကား။**

(ဒု) **အဘက်ဘော်ရှောင်**၊ ညီမျှားနောင်ကို၊တမ်းယောင်မျှော်ဆီး၊ ဝါလနီးသော်၊ အနန့်ကြီးအားကိုး၊ လွှမ်းယဉ်တိုးက၊ ရွာမြိုးမကုန်၊ ကဆုန်တန်ခူး၊ နွေသို့ကူးလည်း၊ ဖူးမည်မှာထား၊ ဆောင်းပါးခွေစာ၊ချစ်ခြင်းရာမျှ၊မလာစေကျွန်၊ကြာဟန်ဝေးကျူး၊မြော်မှုးမှူးဝယ်၊ ဝါဦးသဘင်၊ ဟူလျှင်မအာ၊ လက်ထပ်ထိမ်းမြားရှောင်ရှား လူ့ရွာ၊ ဖြစ်ခြင်းရာကို၊ ဝမ်းမှာဆူလှိုက်၊ ရှိစဉ်ခိုက်လျှင်၊ မည်းမိုက် *ရိုက်ချောင်း၊ ချသွန်းစောင်းသည်။ ။**သွန်းတောင်း ကြုံနှယ်ရ တကား။**

(တ) **မစက်ပျော်အောင်**၊ လျှပ်ပန်း ရောင်လည်း၊ ခန်းချောင်ပန်းလည်း၊မယ်နေသည့်သို့၊စုံခြည်ပြောက်ကြီး၊ ကာဆီးမကွယ်၊ သလွန်လယ်နှိုက်၊ ညှိုးငယ်ပူပျောင်း၊ လွှမ်းသောကြောင်းကို၊ တန်ဆောင်းဘုန်းခေါင်၊ သူဇာ

www.kelasa.org



မောင်လျှင်၊ လွှမ်းနှောင်မဝေ၊ သို့စင်စွေသော်၊ ညွတ်ခွေပျောင်းပျ၊ ထပ်ကြလေသွန်၊ ဟောမန်မထူး၊ နန်းမြင့်ဦးက၊ ဖျူးဖျူးရင်သွေး၊မြူးကွေးပြောက်ဝါ၊သလွန်သာထက်၊ အုံးမှာသဇင်၊ ရွှေဖျင်ထပ်ပေါင်း၊ ဆွတ်ပျံ့ပျောင်းသည်။ ။**ပန်းပေါင်း ဘုံလယ်က တကား။**

---

၉၈-ပဲကူးမိဖုရားဆိုရတု (၁၉)

(မ) **ချစ်တင့်ဖျော်၍**၊ ကျွန်းပေါ်ပတ်ပတ်၊ မြန့်ထိပ်မှတ်သား၊လူ့ထွတ်*မှန်ကု ၊ကျော်*ထိန့်ဆုသည်၊ ဇမ္ဗူစိုးဆက်၊ မယ့်ကြင်ဘက်လျှင်၊ ဆောင်းရက်ကသည်၊ နွေသို့လည်၍၊ မိုးစည်သံထင်၊ ကျူးအောင်ပင်တည်း၊ သူ့ခွင်ရပ်ကွင်း၊ မြို့လင်းဇင်းကို၊ လင်းလင်းရန်ရိပ်၊ ပယ်*နှိနှိပ်၍၊ ရန်ထိပ်နင်းမည်၊ နှိုးလာသည်မူ၊ ခါလည့်ဝဿ၊ ကာလရတု၊ ရွက်နုခပ်ခိုင်၊ ဂနိုင်စုံရိပ်၊ ရွက်စိပ်စိပ်တည်း၊ ပြည့်သိပ်တောင်တော၊ သာမောပျံ့ပျူး၊ လေညင်းဖြူးက၊ ရန်ငုံးမြခဲ၊ မင်းရဲမည်သာ၊ မင်းလျှာရန်ခွင်း၊ အိမ်ရှေ့မင်းလျှင်၊ သည်ရင်းကျွမ်းဘော်၊ တော်သည်သူ့စိတ်၊ မြဲကိုတ်ဖူးချင်၊ မရှင်*ညှိုးယော်၊ နောင်မင်း ကျော်ကို။ ။**ကြင်ဘော်လွှမ်း၏ လျှင်ပါလှည့်။**

(ဒု) **ထစ်ရင့်ဆော်၍**၊သံတော်မြည်ကြွေး၊တအေးအေးဘည်း၊ ရပ်ခေဝးရန်ပါး၊ ယောင်ကျိုင်းထွားက၊ ကိုယ်စား*စေကျွန့်၊မပြန့်ပါသေး၊ပြည်ထဲရေးကြောင့်၊ ကြင်လေးကျွမ်းမိတ်၊ လွှမ်းစိတ်ရှုမြိုး၊ ရောက်နိုးဗျာပါ၊ မျှော်စဉ်ခါဝယ်၊ သီတာပြည့်လျှမ်း၊ တင်းကျမ်းဆူမှုန်၊

နတ်ပဋ္ဌာန်လျှင်၊ မြူးခုန်ပြေးရှင်၊ ကျူးသံထင်တိ၊ ကောင်းကင်ဆင့်ထစ်၊ တရစ်သန်းသန်း၊ မိုးနံ့ ရွှန်းက၊ စက်ပန်းပျော်ရာ၊ စံ မကွာတည်း၊ မင်းလျာဆွေသည်၊ ကျွန်းလုံးလည်၍၊ မစည်ရန်ညွန့်၊ ပယ်လစ်ဟန့်လည်း၊ ဘုန်းဗွန့်နတ်ရန်၊ မြန်ပါစေဦး၊ ရိုက်ကျူးပြန်ပြန်၊ အလွန်ကြွေးကြော်၊ ဝသန် ခေါ်သည်။ ။ဆင်သော်ရွှမ်း၏ ရှင်ပါလှည့်။

(တ) စစ်နှင့်ပျော်၍၊ မင်းကျော်ဘုန်းဟော့၊ မယ့်ကိုမွေ့ခဲ့၊ ရက်စေ့လွန်လျှင်၊ ကြင်ဘော်ဝမ်းက၊ ချစ်ရတမ်းနေ၊ စုံမတွေ့ဘည်း၊ ငှက်ရွှေထို့တူ၊ တော်မြောင့်ယူ၍၊ နောင်မှုယုံ့ ရှုံ၊ စင်ပွဲမှာပင်၊ ဝါလည်းဝင်ခဲ့၊ ကျိုင်းစင်မြရုပ်၊ ရဲခေါင်ချုပ်ကို၊ ကျွန်ုပ်မိန်းရိုက်၊ မြော်နှင့်ကြိုက်ဝယ်၊ သောင်းတိုက်ဗဟို၊ နဂိုအောင်ချာ၊ ဟသ်ာဝတီ၊ ခေါ်ညီတွင်သည်၊ မြို့ရွှေပြည်သို့၊ ရှုံသည်ရန့်ဂွဲ၊ ရှောင်လုံခဲ၍၊ မင်းရဲကြင်သူ၊ မြန်တော်မူဟု၊ လိုက်ရာကြားအံ့၊ မယ့်နားသွံ့က၊ လလကြည်လေး၊ ရေးရေးဖူးချင်၊ မရှင်ညှိုးယော်၊ ဖြေဖြည့်ဖျော်သည်။ ။ရှင်ပျော်မွှမ်း၏ ကြင်ပါလှည့်။

၉၉–ခဲ့ကူးမိဖုရားဆိုရတု (၂၀)

(ပ) တေဇာတက်မျှ၊ ပြိုင်မဆံတည်း၊ နေလျှံထက်ဝန်း၊ တက်သစ်ထွန်းသို့၊ တောင်ကျွန်းဇမ္ဗူ၊ ရာထီးမြူကို၊ သိမ်းယူဦးကိုင်၊ စိုးနန်းပိုင်၍၊ မပြိုင်လူ့ပြည်၊ ဖြစ်လေသည်ဟု၊ မြတ်မည်ထင်ပေါ်၊ ထိမ်းမှတ်ခေါ်သည်၊ မင်းကျော်ဘုန်းရှိန်၊ နန်းပွင့်ရန်လျှင်၊ မြိမှန်သစ္စာ၊ ‌သာဝင်းနှစ်ကြာလည်း၊ ပြည်သာကြံခင်း၊ နားတော်

www.kelasa.org



သွင်းလော့၊ မကြွင်းစေ့စေ့၊ မိန့်သရွှေကို၊ မအောက်မေ့တွေတွေ၊ စက်နေမပျော်၊ ဖြေဖျော်မတုံ၊ မဆံ့ စိတ်ဝမ်း၊ ပျောင်းသမ်းမရှင်၊ ရှိစဉ်တွင်ဝယ်၊ ကောင်းကင်မှိုင်းမှိုင်း၊ တိမ်ပန်း ဆိုင်းသည်။ ။နေ့တိုင်းစွေ့ရင့်ကျူးသည်နှင့်။

(ဒ) ဝေဖြာခက်လံ၊ ဘုံစိမ့်သို့၊ သာစံမြိုင်ကျွန်း၊ တောထက်ဝန်းလည်း၊ မထွန်းရောင်ခြည်၊ ပတ်လည် မြိုင်၊ ရွက်စိပ်ညွန့်ဖြိုး၊ နှင်းမိုးစွတ်ရွှမ်း၊ ပွင့်ရောင် မွှမ်းက၊ ပြည့်လျှမ်းရေကြည်၊ မြရည်ထုံအေး၊ ကြိုင်မွှေးရနံ့၊ လေပြည်ပျံ့သော်၊ မတုံ့ဆည်ဖြေ၊ ဆံခွေလက်သင်၊ မပြင်သိမ်းရုံး၊ မှိုအုံးဝယ်ပ၊ တုထမနိုင်၊ မိန်းမှိုင်ခွေရစ်၊ ရှိသည်ဖြစ်ကို၊ မင်းစစ်သည်းကြား၊ ရန်ထားနန်းဆက်၊ [မယ့်သက်နှင်းဝေ၊]သိလှလေလျှက်၊ မနေတန်ရာ၊ ဘယ်နှံ့ခါလျှင်၊ မေတ္တာထပ်ချုံ၊ စက်ရိပ်ဘုံဝယ်၊ တူစုံနေကျ၊ ဖူးတွေ့ရအံ့၊ ဆောင်းလရတု၊ ပြောင်းလှဆဲဆဲ၊ နှင်းစဲချိန့်သင့်၊ ရွက်နွမ်းလွင့်၍၊ ငုံရင့်မြူးရှင်၊ ပွင့်ဖူးဆင်သည်။ ။ညွန့်ရှင် ထပ်ဆင့်ဖူးသည်နှင့်။

(ဓ) နေဝ့ါတက်လျှံ၊ ဘက်နှုန်းစံ၍၊ မဆံနိုင်းကျွန်း၊ ဘုန်းရောင်ထွန်းသား၊ ကြော့ရွှန်းပြိုင်နေ၊ တင့်သရေနှင့်၊ ဆုဝေပြင်းထန်၊ ခပ်သိမ်းရန်ကို၊ အလွန်ပြီးတိုင်၊ ငြိမ်းစေနိုင်သား၊ ရှုံးဆိုင်သက်နှံ့၊ နန်းဆက်စံလျှင်၊ ရှေးကံကြမ္မာ၊ ဝါသနာကြောင့်၊ မယ့်မှာချစ်စ၊ ကျွမ်းဦးကသည်၊ မမျှချစ်နှံ့၊ ညှံ့လိမ့်လေလော၊ တွေးတောမသိ၊ မျက်စိမှုးမော်၊ ညှိုးယော်ကြာမွေး၊ ရေဗုဝေးသို့၊ တင်းမမေးတုံ့ခေါက်၊ မရောက်စသာ၊ မယ့်ချင်းရာကို၊ ဗုန္ဒာသကြ၊

[ ]အချို့ပေမူမပါ၊ ရှိမူကား မှန်ပါသည်။

ဒေဝိန္ဒလျှင်၊ ဒိဗ္ဗစက္ခု၊ ဖန်ဆင်းရှုလော၊ အတုမမြင်၊ မြေအပြင်ဝယ်၊ နှုန်းအင် ဖက်ကျွန်း၊ ရဲကြံဖွန်းနှင့်၊ ရှင်လန်းတူပေါင်း၊ စုံလွယ်ကြောင်းကို၊ ဆုတောင်းမိဌာန်၊ ရက်မချန်သည်။ ။ပြင်တန်ချစ်တင့် ဖူးမည်ခွင့်။

## ၁၀၀-ပဲကူးမိဖုရားဆို ရတု(၂၁)

(ပ) ဇုန္နနတ်လေ၊ဘယ်ကြောင့်ပေတည်း၊နှင်းဝေကျူလူ၊ မြေးဆီးဖြူတီ၊ လွင်မြူမထ၊ ဟေမန္တဟု၊ ချမ်းမြပင်ကို၊ လပြာသိုဝယ်၊ နှင်းဆိုစရာ၊ ပမာမဆွယ်၊ နှစ်တို့ဝယ်လည်း၊ သည့်နှယ်မရှာ၊ ခုမှသာလျှင်၊ အာကာထွတ်ခေါင်၊ နေရောင်မပြေး၊ မှိုင်းရိပ်မြေးလျက်၊ ကျူးဧသံရှင်၊ ထစ်ကျင်မဲ့သဲ၊တိမ်တိုက်ထဲက၊မင်းရဲမယ့်သက်၊ ကြင်ဘက်ချစ်တင့်၊ ခါဖြင့်ဖြိုးမောက်၊ ချီလေနောက်ကို၊ လွှမ်းလှောက်စိမ့်မည်၊ တမှတ်တည်၍၊ ဘုန်းစည်ဒေဝ၊ ပဇ္ဇုန္နလျှင်၊ *မာဃစီဆင်၊ ရေသွန်းရင်သော်၊ ကိုယ်စင်ရေးရာ၊ ပြည်ဟသံသို့၊ ရက်ကြာမညောင်း၊ နန်းပွင့်လောင်းကို။ ။လျှင်ကြောင်း ပြန်ပါစေဦးလော့။

(ဒု) ချိန်မမှတ်နေ၊ချိုးလက်ရေ၍၊ ချီလေသည်က၊ ကွာစစကို၊ တွက်ဆချေသော်၊ သုံးဘော်ရာသီ၊ ပြည့်ညီလွန်ကျော်၊ သို့စင်သော်လည်း၊ခြေတော်စက်စုံ၊နန်းပွင့်ငုံလျှင်၊ ရွှေဘုံပြန်ရေး၊ မခန့်သေးတည်း၊ ပိုက်ထွေး ရင်ညွှံ၊ ဘယ်ခါနှံ့လျှင်၊ နန်းငြိမ့်ဘက်ရန်၊ ကြင်တန့်ထပ်ရှိ၊ မွေးမိမင်းတူ၊အိမ်သူအရင်း၊မယ့်သက်နှင်းနှင့်၊ *ပိတင်းပိတ်လှပ်၊ လွှမ်းထပ်ပေါ်ရုံ၊ ထည်များချုံလည်း၊ မလုံချမ်းအေး၊ တင်းမေးခေါ်ခိုက်၊ နေစဉ်ကြိုက်ဝယ်၊ ကျူးရိုက်မဆင့်၊ခါမသင့်ပဲ၊မပွင့်တိမ်ပေါ်၊ ရွာလိုသော်လည်း၊ ဒေဝေါမာဃ၊ ဇုန္ဒနတ်ရှင်၊ ကျွန့်သက်တင်ကို။ ။ရွှေရင်စုံလှာ စေဦးလော့။

(တ) ဇီနွှမြတ်ဆွေ၊ သုံးလူ့ဆွေကို၊ ရှိသေခယ၊ ဆုယူတလျက်၊ မာဃနတ်သား၊ တိုင်လျှောက်ကြားလည်း၊ တရားမမွေ့၊ ဘယ်ကြောင့်မေ့လျက်၊ ရင်ငွေ့မလှို့၊ မစုံမယ့်သက်၊ ကြင်ဘက်မပေါင်း၊ သည်ချမ်းဆောင်းဝယ်၊ မပျောင်းရွက်မျှ၊ ကြွေကျမထင်၊မင်းလွင်တောင်ဝေ့၊ လေမငွေ့တည့်၊ ချောင်းငွေ့*စဲရိပ်၊ ကမ်းထိပ် *ပြင်ကျွန်း၊ ပေါ်ထွန်း သဲပြင်၊ တူပင်ရှင်ဝမ်း၊ ပည်းမွှမ်းကျူးအေး၊ *ငှက်ကြွေးရှဉ်မှီ၊ နဒီရေပြည့်၊ ခါကိုကြည့်လည်း၊ *နှင်းရှည့်မတန်၊ ထက်ယုဂန်က၊ ဗိမာန်ဘုံထက်၊ သန့်လျက်ယုသိမ်း၊ တကြိမ်းကြိမ်းလျှင်၊ လှည့်ယိမ်း နွဲ့သား၊ ဘဝါး ဆွန့်နင်း၊ က သီခြင်းနှင့်၊ သောက်လင်းတွေလာ၊ဝင်းဝါလျှပ်ရောင်၊မပြောင်စေရ၊ ပဇ္ဇုန္နကို။ ။မာသ မြစ်တာ ချေဦးလော့။

(၁၀၀)ပဲကူးမိဖုရားဆို ဇုန္နနတ်လေ ချီသည့်ရတုတွင်“နဒီရေပြည့်၊ ခါကို ကြည့်သည်၊ နှင်းရှည့် လေဟန်” (ဂဗဗပေသဟ်ညွှန်း၁၄)၊ ပဲကူးမိဖုရားဆို ဇုန္နနတ်လေ ချီသည့်ရတုတွင် “ပိုက်ထွေးရင်ညွှံ၊ ဘယ်ခါနှံ့လျှင်၊ နန်းငြိမ့်ဆက်ရန်”ဟု စပ်သည်မှာ ရင်ညွှံ၌ ညှံ့နေသည်ကို ည-အက္ခရာနှင့် ရေးရမည်၊ နန်းငြိမ့်၌လည်း နန်းငြိမ်းပင် ဖြစ်သည်ကို အသံထွေး၍ နန်းငြိမ့်-ဟု အ မြစ်သော အသံနှင့် စပ်သည်၊ ခွဲထား သံတူကြောင်းကဲ့ (မြန်မာ့သံယောဂဒီပနီ ၆၀-၇၆)။



www.kelasa.org

### ၁၀၁-ပဲကျူးမိဖုရားဆို ရတု (၂၂)

(မ) အဘက်မဆွယ်၊အရဲဝယ်လျှင်၊ ပွဲလယ်ရှေး စံ၊ စံမြဲစံ၏၊ တတ်ကြံလိမ္မာ၊အဋ္ဌာရသ၊ စသားလှံလေး၊ အရေးအရာ၊ ပညာမြော်မြင်၊ ဆင်ခြင်ကျင့်ရိုး၊ အမျိုး အမည်၊ တည်ကြည်လျောက်ပတ်၊ မှတ်သည်ဖွေဖော်၊ တရားတော်ကို၊ *ဖျော်ဖျော်*လျှင်ထန်၊ *မြက်မြက် မြန်၏၊ မင်းမွန်မယ်ကို၊ သာချီလျောက်ရာ၊ ကျွန်ုပ်နှာ ရှင့်၊ ငါးဝါငါးနှစ်၊ ငါးတွေတစ်လည်း၊ ချစ်ကျင့်တုံ့တုံ့၊ ရှည့်တုံ၍၊ မေ့သည်ထင်လည်း၊ သာရှင် စရုပ်၊ ထိမ် မြုပ်ချုပ်တည်း၊ ကြင်ဝမ်းနည်းသည်။ ။ညိုကြည်း ကျွန်လူပျက်ကိုသော။

(ဒု) အသက်အရှယ်၊နွယ်တာလတွင်း၊ ရက်လည် ခြင်းဖြင့်၊ နောင်မင်းလည်းကြင်၊ မယ်လည်းကြင်၍ မ ကြင်စရာ၊ ကြင်မိပါသော်၊ ရှောင်ခွါနောက်ဆုပ်၊ ကြိုး စရုပ်နှင့်၊ ကျွန်ုပ်ကြံဘော်၊ အောက်မေ့သော်လည်း၊ ရှင်ကျော်မြတ်ခေါင်၊ ဂတ္တတောင်ရှိုက်၊ ရန်အောင်ဝန်း လှည့်၊ တပည့်များလယ်၊ နေ*သပ္ပါယ်လျက်၊သောင်း လက်ရာဇာ၊ မဟာသီရိ၊ မုနိပုဏ္ဍရာ၊ ဘေးဆယ်ဖြာကို၊ စဉ်ခွါကင်းရေး၊ ဗျာဒိတ်ပေး၍၊ နက်မလေးသာရ၊ နဝ ရိုဏ်တော်၊ ပြင်းတေဇော်ကို၊ ထိပ်ပေါ်တင်ရွက်၊ မြဲ ချက်ကေန်၊ ဆုမိဋ္ဌာန်သည်။ ။စိတ်သန် လွန်မြူမြက် ဆိုသော။

(တ) အသက်အရှယ်၊ နောင်သက်လှယ်၍၊ ဝမ်း ဝယ်ကောက်လိမ်၊ ချစ်ရာတိမ်လျက်၊ စိုးရိမ်မယ်နှိုက်၊ရှို စဉ်ကြိုက်ကို၊ ချစ်ထိုက်မထင်၊ ကြင်သည်*သဏ္ဍာန်၊

www.kelasa.org



တည်မမှန်နှင့်၊ ကျွန်ခဲ့သူ၊ ကြီလျစ်လျူ၍၊ ဆာပူ ပျောင်းသမ်း၊ လွမ်းလည်းလွမ်းချင်၊ မလွမ်းချင်နှင့်၊ ဘိုးခင်ဘွားချစ်၊ ကျစ်လျစ်လျှံညီး၊ ခင်ကြီးခင်တွေး၊ နှောင်မွေးနှောင်းမြော်၊ မောင်တော်မောင်လတ်၊ ရဲ ပတ်ထိန်းယ၊ စောင့်ကြပ်မ၍၊ နဝကိုးမည်၊ ငြိမ်းတတ် သည်ကို၊ လှည့်လည် လည်တွင်၊ ထိပ်ပြင်ဦးလုံး၊ သီ ကုံးသီဆိုင်း၊ နေ့တိုင်းနေ့ညဉ့်၊ မြတ်ဒါနဖြင့်၊ ရောက်ရ ချောက်မှန်၊ ရည်မိဋ္ဌာန်သည်။ ။နိဗ္ဗာန်ပန်ယူ မင်ဖိုလ် သော။

---

### ၁၀၂-ပဲကျူးမိဖုရားဆို ရတု (၂၃)

(မ) ရိုက်ရင့်တွန်၍၊ယုဂန်ထိပ်ချာ၊ နန်းအာကာ က၊ လျှပ်ဝါပြောင်ညီး၊ စက်မီးညိဝင်း၊ အနှံ့လင်း သော်၊ သံညင်းသံထင်၊ ချိမ့်ချိမ့်ရှင်မျှ၊ မထင်စရာ၊ ဆင် စရာတည့်၊ တောင်ညာနှင့်မြောက်၊ အရှေ့နောက်ပင်၊ ပတ်ကုံးဆင်လျက်၊ ဖူးချင်ခြည်စက်၊ မြင်မိခက်သား၊ လက်တွင် ရွှေထား၊ နားမှာ ပန်းစည်း၊ သျှောင် နက်မည်းတွင်၊ ပန်းသွယ်ဆင်မှ၊အရှင်ကျဘဲ၊နှင်းရည် ကဲ၍၊ လိမ်းပြီရွှမ်းထပ်၊ စက်ပုံကပ်ဝယ်၊*ကရပ်*အင်း ကျိ၊ ထင်ညီမြဲဘော်၊ ရိပ်ရိပ်မြော်သား၊ မင်းကျော်မယ် ရှင်၊ ဖူးလှာကျင်သည်၊ နှုန်းလျှင်သိခတွ၊ လွမ်းညွတ် ခွေ့ခွ၊ သပြေသခင်၊ နတ်ရှင်ဘုန်းကြွယ်၊ နန်းထောက် ရှယ်သည်။ ။အကယ်ရောက်လတ္တံ့ရာသော။

(ဒု) ကြိုက်တင့်ရန်၍၊ရွှယ်မှန်ပြန်ထောက်၊ အိမ် ရှေ့မြောက်သား၊ ထိန့်ချောက်ဇမ္ဗူ၊ ကျွန်းလုံးသူတို့၊

အတူထိုနှံ့၊ သိမ်းရုံးခွန်စံ၊ စံပျော်သောခါ၊ သာသနာ လည်း၊ အဝါ-ပ-ထွန်း၊ ရွှန်းစေရာဟု၊ မင်္ဂလာကောင်း၊ နွှေတိုင်းလောင်းသည်၊ ငယ်ပေါင်းတူပင်၊ ရှည်ကျွန်း ဝင်သား၊ မယ်ရှင်စိတ်တို၊ သက်လုံးပုံ၍၊ ခြေစုံစက်မှာ၊ ရွှက်ချင်ရာဝယ်၊ အာကာမိုးလုံး၊ လျှပ်ပြည်ဖုံးသော်၊ လျှပ်ကိုးဆင်လျှို၊ ပယ်စက်စဉ်ဝယ်၊ တူရှဉ်နွဲ့ဘက်၊ နန်းပွင့်ဆက်ကြောင့်၊ မြွက်ကောချင်၊ မဆင် တည့် တည့်၊ ရှိမ်းရှိမ်းပြည့်စွ၊ ရှေးသည့်အဟန်၊ သနားပြန် လော၊ လွှမ်းဒုနှလှည့်ကာ၊ မယ့်ဖျာပါကို၊ ။မင်းလျာ **ဖျောက်လတ္တံ့ရာသော။**

(တ) စိုက်နှင့်လှန်၍ ချိန်ဘန်ရာသီ၊ မရောက်မီဝယ်၊ စုံစီစည်ထွန်း၊ ရှိမ်းရှိမ်းရွှန်းသား၊ သက်နှံး သဘင်၊ ရဟန်းရှင်က၊ ခိုးပြင်ပတ်ပတ်၊ နက္ခတ်ပေါ်ထင်၊ မြို့မြို့ မြင်လျက်၊ စင်လည်းအပြည့်၊ ရွှေလျှံမှည့်၍၊ ပွင့်လည်း ကြိုင်မွှန်း၊ ခဲဝပန်းနှင့်၊ ရွှန်းရွှန်းညီမြ၊ ရဲခေါင်လှသား၊ နှိုင်းရမတန်၊ ပွင့်နန်းရန်ကို၊ ကြင်ဟန်ရွှေနှယ်၊ ကြင် မိရွယ်၍၊ မြို့လယ်မြို့ထံ၊ မြို့ဝန်းရံကျင်၊ မြို့ပြင်မြို့နား၊ ဘုရားဟူ၍၊ လျှောက်ခွေစေမူ၊ အိမ်ရှေ့မဟာ၊ ဥပရာ လျှင်၊ မေတ္တာတော်ချမ်း၊ မယ့်ကိုမွမ်း၍၊ အလွမ်းဆု လိုက်၊ ချစ်ကြီးစိုက်က၊ သောင်းထိုက်ကျွန်းပြင်၊ ရာ စင်စင်သည်၊ ။ထွမ်းအင် လျှောက်လတ္တံ့ရာသော။

---

၁၀၃-ပဲကူးမိဖုရားဆို ရတု(၂၄)

(ပ) မြမြစင်၍၊ အပြင်သွယ်ကျိုင်း၊ မယ့်သက်နှိုင်း လျှင်၊ စစ်တိုင်းပင်ပင်၊ ချန့်မျိုးစင်သား၊ အောင်မြင်သည်

www.kelasa.org



ချည်း၊ နိုင်တွယ်ပည်း၏၊ စုလည်းရစ်စ၊ ပြတ်ခဲ့မှတည့်၊ ကာလအသစ်၊ သက္ကရာဇ်ဝယ်၊ ဆွေသစ်မြဝါ၊ ပြန်လ ရာက၊ နံ့သာရည်ငြိမ်း၊ လိမ်းဖျသျှောင်တွင်၊ ရစ်ဆင် ပန်သွယ်၊ နားဝယ်ပန်ဘို့၊ ရွှက်ညို့စည်းရစ်၊ သစ်သစ် ချယ်မြှောင်၊ ကြီးလက်ဆောင်မူ၊ စိမ်းရောင်ချပ်ပြိုင်၊ ချပ်ရေဖိုင်သား၊ ပွင့်ခိုင်ထွားထွား၊ ခြီအဖျားဝယ်၊ ပျံ့ရှား ဆွတ်ရွေး၊ ကြိုင်ကြိုင်မွေးသည်၊ ။မုလေးစုံရှက် ဖူး **မည်ခက်။**

(ဒု) ပျပျဆင်၍၊ မင်းလွင်မိုင်းဝန်း၊ ရာသီစွန်း ဝယ်၊ ညီရွှန်းရှင်ရှင်၊ စိမ်းစိမ်းထင်လျက်၊ ရဲဆင် ယာဉ် သာ၊ *ယတာရာရ၊ ပြောင်မှန်ဝနှင့်၊ ဌာနတို့ပြည်၊ ဆိုက် တော့သည်ဟု၊ သာကြည်ရှင်ဝမ်း၊ မွှမ်းစည်ရာနိုက်၊ မိုး မှာပျော်မှတ်၊ မိုးနေနတ်လည်း၊ ပတ်ပတ်ဝန်းချပ်၊ အုပ်အုပ်ဆိုင်မွှမ်း၊ တိုင်တိုင်ရွှမ်းလျက်၊ ကိုယ်စွမ်းကြိမ်း ဝါး၊ ကိုယ်ပွါးစီရင်၊ သန့်လျက်ငင်၍၊ သွင်သွင်သွန်းကာ၊ နွဲ့ကရွာသည်။ ။**တိမ်ပြာထပ်ရှက် ကျူးမြည်လျက်။**

(တ) ဝန်းကျင်ရွှက်ရွှေ၊ လေမင်းခြွေသော်၊ ထွတ် မြေညှို့ထွား၊ သားရေးရားတိ၊ ပွင့်ထွားလူလူ၊ ပင်တိုင်း ပြူက၊ မယ်သူမြတ်ဆင်း၊ သက်လုံးနှင်းလျက်၊ ရတင်း တို့အား၊ သစ်တောင်နားဝယ်၊ စစ်ဖျားချသည်၊ ရောက် တော့မည်ဟု၊ ရွှေပြည်နန်းမြို့၊ မယ်သို့ကြားနှင့်၊ ကျော် ဆင့်ဆင့်သော်၊ ချစ်တင့်ပျော်ရာ၊ မေတ္တာထပ်ရှေး၊ မျှား- **မဝေး**က၊ ချိုလေးလက်ခအောက်၊ ရွှက်ခြောက်စည်းရစ်၊ ပလောင် သစ်နှင့်၊ *ကျစ်လျစ် စီရင်၊ ကြီးရည်ထင် သည်။ ။မြစ်ခွင်သည်ဘက် ကူးမည်ရက်။

## ၁၀၄-ပဲကူးမိဖုရားဆို ရတု (၂၅)

(မ) ပါရမီမည်၊ ဆည်ပါး တည်၍၊ စိတ်ကြည်ဖွွန်းဖွန်းစံမော်ကွန်းကို၊ ကုသန်းခက်နိုင်၊မြို့*မဏ္ဍိုင်သို့၊ ရောက်ပိုင်လေပြီ၊ ရောင်ညီခြောက်ဖြာ၊လျှံဝင်းဝါသည်၊ မဟာသကျ၊ ဂေါတမလျှင်၊ သုံးဘဝဝယ်၊ ငါနှယ်ချွတ်စေ၊ ကိုးကွယ်လေဟု၊ မြဲစေကိုယ်စား၊ ရည်ခန့်ထားလျက်၊ ကိုးပါးရောင်တွေ၊ မော်တောမွေကို၊ သမြေဒီပါ၊စကြဝဠာပတ်ပတ်၊ လူနတ်မြဲဖွဲ့သဠ္ဍိရှိုးပေါင်း၊ ရှုမညောင်းသည်။ ။တသောင်းမြေအထု တကာ။

(ခု) *စာမရီသည်၊ တောလုံးမည်နှက်၊ ကျင်လည်ကျင်မြေ၊ မြတ်ခလေ့နှင့်၊ မရွှေနှလုံး၊ သူတော်ထုံးဖြင့်၊ ကျင့်သုံး မြတ်လေး၊ ကိုယ်အမွေးကြောင့်၊ နှစ်တွေးမရည်၊ သေဗိမ့်သည်သို့၊ လေးမည်ကျွန်းမြင်၊ ရပ်ရှစ်ခွင်ကို၊ ထွတ်တင်စိုးအုံ့၊ တန်ခိုးနှုံ့သား၊ ပွင့်အုံ့တေဇော်၊ ဟိုးဟိုး ကျော်သည်၊ ရှည်တော်သားချင်း၊ ယောင်းမမင်းမူ၊ ချစ်ခြင်းတူတူ၊ စိတ်ဖြူသံ၍၊ ဓိန္ဓဲဆိုသော်လျက်၊ နဂိုရ်ဌာန၊ အဝစိုးနှံ၊ မောင်နှံပျော်လွန်၊ မေ့လေတန့်ကြောင့်၊ လျောက်မြန်ရှိညွှတ်၊ သုံးလုံးထွတ်ကို၊ ပွင့်မှတ်ပေါ်စ၊ အသောကနှင့်၊ဘဝနှောင်နှောင်း၊ မမေ့ကောင်းသည်။ ။အကြောင်းတွေ ယခု တကာ။

(၁၀၄) ပဲကူးမိဖုရားဆို ပါရမီမည် ချီသည့် ရတုတွင် "မြမြ ရွှက်ဟုံ၊ စည်လတ် တုံက၊ ဖူးငုံလတ်လတ်" (ဇဗလ သတ်ညွှန်း- ၁၁)၊အကြောင်းတွေ ယခု တကား၊ တပေါင်းနွေ ရတုတကား၊ပဲကူးမိဖုရားဆို (လောကဟိတရာသီခွဲထား ၂၆၉)။

www.kelasa.org



(တ) ခါအညီလည်၊ ရတုသည်လည်း၊ နိုဝ်စည်ခက်မြိုင့်၊ ယော် မရှင့်၍၊ ကြွေလင့်လေလှည့်၊ ရွက်သစ်ဖြည့်သော်၊ နွေဓါကာလ၊ မြမြရွက်ဟုံ၊ စည်လတုံက၊ ဖူးငုံ လတ်လတ်၊ ပင်ထွတ် ထိပ်မွေ၊ ပွင့်နေ ပေါ်စ၊ အသောကနှင့်၊ ယောင်းမမျိုးရင်း၊ နှောင်မင်းဥိထုံ၊ ဆင်းကြွန်စုံလျှင်၊ မယုံရွေးက၊ ဖြစ်ခြင်းတကို၊ အဝမြည်ရှင်၊ဆွေသည်လင်နှင့်၊ချစ်ကြင်တူကျ၊ရွှေနှုတ်ဟ၍၊ လူ့ဘုန်းခေါင်၊ သိစေအောင်ဟု၊လက်ဆောင်ပန်းမူ၊ ဆောင်းကျွန်းလှဲကြွ၊ ဝိမ္မကူးပြောင်း၊ စည်မြန်လောင်းသည်၊ ။တပေါင်းနွေရတု တကာ။

## ၁၀၅-ပဲကူးမိဖုရားဆို ရတု (၂၆)

(ပ) *ဆို့ကျိုင်းစင်၍၊ ရပ်သွင်ချောမြ၊ သားဇောတကို၊ မိုးလကြယ်စံ၊ ပတ်ဝန်းရံသို့၊ တဆံမြမ်းလောက်၊ မပြောက်မစွန်း၊ လွတ်စံကျွန်းဟု၊ ရံဝန်းရွှေမြောင်၊ကိုယ်လုပ်ဆောင်ဝယ်၊တန်းဆောင်ရည်စိုင်၊ မနိုင်းပြိုင်တည်း၊ ကြီးခိုင် *နဂိုရ်၊ မြင်းမိုရ်ရ ခါးပန်း၊ မြကျွန်းလက်ယာ၊ ဇမ္ဗူချာနိုက်၊ နရာရွှေထီး၊ တေဇမီးသို့၊ဘုန်းကြီးသည်းပွတ်၊ လှခေါင်ထွတ်ကို၊လွမ်းဆွတ်မည်၊ စိတ်ကြွရုံသည်။ ။မင်းစံနန်းတောင်က တကာ။

(၁၀၅) ထွတ်ခေါင်မြတ်ရာ၊ကျွန်းလက်ယာထက်၊ရတနာရောင်ချက်၊ ပဲကူးမိဖုရားဆို (လောကဟိတရာသီခွဲထား ၂၆၅-၂)၊"မြကျွန်းလက်ျာ၊ ဇမ္ဗူချာနိုက်၊ နရာရွှေထီး" (ရင်း ၂၆၅-၂)။

(ဒု) *ထုံ့ပိုင်းကြွင်၍၊ သာရှင်ဝေးမြေ၊ မေတ္တာဖြေလျက်၊ နေလေသလော၊ မင်းရဲစောကို၊ တွေးတောဆိုတမ်း၊ လွမ်းပလိမ့်မည်၊ ကျွန်းစည်ဇမ္ဗူ၊ ထိန့်ထိန့်ဆူမျှ၊ ထီးဖြူ နှစ်ဆောင်၊ ဗိတ်လက် ပြောင်သည်၊ ထွတ်ခေါင်မြတ်ရာ၊ ကျွန်းလက်ယာထက်၊ ရတနာရောင်ချက်၊ ကိုးမည်မျက်နှင့်၊ ဘယက်ရှိမူ၊ မည်သူမလွတ်၊ မိုးသူနတ်ဟု၊ ဆွတ်ဆွတ်လူ့ဘုံ၊ရွှေကြေးမုံသို့၊ ငါးစုံအင်နှင့်၊ ဆင်တိုင်းတင့်သား၊ နောင်မင်းသက်နှံ၊ ပြစ်မဆံသည်။ ၊ဆင်းစံကျွန်းခေါင်စ တကား။

(တ) *အုံ့မှိုင်းဆင်၍၊ ဝန်းကျင် ရွှေနောက်၊ *ခုံတိုင်ကောက်လျက်၊ တဖြောက်ပြိုင်ပြိုင်၊ တိမ်သားဆိုင်က၊ နှိုင်းပြိုင်မွှဲမော၊ ဇမ္ဗူကြောဝယ်၊ *မုနောခံတန်၊ နန်းဘို့ရန်၍၊ အလှန့်သက်မှတ်၊ မျိုးရှိန်မြတ်သည်၊ ဘုံထွတ်ရတနာ၊ နန်းသိင်္ဂါနှင့်၊ ဟသ်ာဝတီ၊ ထိုသည်ပြီဟု၊ အဆိယူလှည့်၊ လွမ်းလျက် ကြည့်၍၊ ရှိမ်းပြည့်ဗျာပါ၊ နေလှည့်ရာကို၊ ရောက်လှာ လွမ်းရေး၊ လည်ဟာစ်ကြေးလျက်၊ ခုန်တွေးမြူးလျှံ၊မိုးနတ်စံသည်။ ။ ဖင်းလျှံထွန်းပြောင်စွ တကား။

---

### ၁၀၆-ပဲကျူးမိဖုရားဆို ရတု (၂၇)

(ပ) သည်းလေစွလေ၊ရွှေဝဘုံမှာ၊နန်းဆီမှာလျှင်၊ လျှပ်ဝါထင်ဆင့်၊ လေပြည်ပင့်၍၊ ထစ်ရင့်ကြေးဟစ်၊ လောင်မိုးပစ်သို့၊ မြရစ်သီတာ၊သွန်းချရှာသော်၊မြောက်မှာလေမှု၊ မိုးကကူ၍၊ တိမ်ဖြူမထင်၊ မှောင်တိပင်လျှင်၊ တပင်ပြေးသွား၊ ကြိမ်းဝါးသံပ၊ ယုဂန်ဝဝယ်၊ အလှ

www.kelasa.org



စံမှတ်၊ နှိုင်းရာလွတ်သား၊ ပျိုထွတ်ဆင်းခယောင်၊ လေးယောက်မောင်လျှင်၊မြရောင်လျှံဖုံး၊တကြုံးကြုံးသည်။ ။ ညဉ့်လုံးစွလင့် လိမ့်မည်လော။

(ဒု) မည်းလေစွလေ၊ ရွှေဝဆီရော်၊ ကြည့်လိုက်မျှော်သော်၊ တိမ်ပေါ်ပတ်ဝန်း။ မှောင်တိသန်းလျက်၊ ညဉ့်ခန်းမဆုံး၊ နေ့လုံးမနေ၊ စွေလကာလည်း၊ အလှ*မြိမ့်လေး၊ နှောင်းဆုံးမွေးသည်၊ ငယ်သွေးမြရောင်၊ ဆွ*ကြက်တောင်ကို၊ တင့်အောင်မစည်း၊ *တင့်ရည်းမထင်၊ ညိုးရှပ်သွင်နှင့်၊ ကြာတင်မောစွ၊ ရောက်ခဲ့လှဟု၊ထင်မျှလွမ်းဖိုး၊ ပြေနိုးနိုးသည်။ ။သမ်းညှိုးနေ့နှင့် လိမ့်မည်လော။

(တ) မြည်းလေစွလေ၊ရွှေဝမြို့လယ်၊ လှမျိုးကြွယ်သား၊ နတ်နွယ်တမျှ၊ ချောညိုမြကို၊ ထိန်းယရွှေဘော်၊ ပျော်ကြောင်း ဖျော်လည်း၊ မပျော်ညှိုးငယ်၊ ရွှေမျှားလယ်တွင်၊ ပြုံးရယ်မဲ့တွေ၊ နေလေအံ့လော၊ သဘောဒုက်တူ၊ ပျံတတ်မူကား၊ တွေးယူမဆွ၊ ရောက်ချင်လှ၏၊ သက်မျှတူနိုး၊ နောင့်သည်ချိုးသည်။ ။ချစ်ကြိုးခွေ့နှင့် လိမ့်မည်လော။

---

### ၁၀၇-ပဲကျူးမိဖုရားဆို ရတု (၂၈)

(ပ) ညွှတ်နွဲ့ဖွေ့ရှာ၊ နောင့်ခြင်းရာကို၊ သိင်္ဂါရောင်ချော၊ ရွှေသဘောနှိုက်၊ ကြာမောဘွယ်သာ၊ ချူးမြွာကရိုက်၊ တမြို့လိုက်မှ၊ ပြိုထိုက်ရာရာ၊ အပြာအရွှေ၊ အခြေ-အနား၊ ပတ္တမြားတိ၊ ရောင်လျှံညီသား၊ မုနိရတနာ၊ ဆံထွတ်ချာကို၊ စက်ရာတော်ပါး၊ လေညှာ

ထားသည်၊ ဘုရားဘုန်းဝှန်၊ ဗျာဒိတ်ဘန်လော့၊ မှန်ကန် *လိုက်ဘက်၊ မိနန်းဆက်နှင့်၊ ဖြူရွက်ညွန့်ညွန့်၊ဆောင်း မိုးဖြန့်၍၊ ဆဒ္ဒန်သခင်၊ ဘုရင်ရန်နှိမ်၊ ဥမျိုးစစ်ကို။ ။ အချစ်ပန်းနွယ် ကုံးတော့သည်။

(ခ) ဆွတ်ခဲ့ပေကာ၊ ပန်းသိင်္ဂါမူ၊ စန္ဒာတိုးခဲ၊ မကဲ့ရဲ့သား၊ ရဲရဲရှန်းစက်၊ ဇာတိခက်သည်၊ ရွှေလက် တော်လုပ်၊ရှင်ရှုပ်ရှုပ်နှိုက်၊ ကျွန်ုပ်စေ့ရေ၊ ဆုယူတွေ့ကို၊ ဘုန်းဝေမဟာ၊ သိဂါဓေလော၊ သပြေဟသာ၊ ကျွန်း မဟာထက်၊ စကြာရိပ်မြူ၊ ပြည်ထောင်သူတို့၊ သည်းအူ ဆက်ကာပ၊ စက်အောက်ဝပ်သည်၊ ဆယ်ရပ်ဒီပ၊ ဘဝ ရှင်မြေး၊နန်းထက်ခမွေးနှင့်၊တဘောတည်းမြစ်၊ကြင်သည် ဖြစ်ကို၊ လွမ်းသစ်မရှုံး၊ ဖြောင့်ဖြောင့်သုံး၍၊ လက်ရုံး စကြာ၊ရှင်ဘုန်းလျှာသည်။ ။တရာသက်ဖြင့် လုံးတော့ သည်။

(ဂ) မွှတ်လှဲ့နေ့ရာ၊ မြော်ရှုရှာ၍၊ လောကာလ သည်၊ လင့်ရမည်ကို၊ ရွှေရည်ပုံသွန်း၊ နန်းဦးစွန်းက၊ ငယ်မှန်းသက်မှတ်၊ကြာလေတတ်လိမ့်၊နေ့နတ်လျက်ကဲ၊ မင်းရဲ့ကျော်ထင်၊ သခင်မင်းကျွန်၊ ဖြစ်ရဟန်ကို၊ ဝသန် ခုပင်၊ ကျွတ်စေချင်၏၊ လွမ်းဝင်ပွားစည်၊ လွမ်းရသည် ကြောင့်၊ ချစ်ကြည်ထမ်းပိုး၊ ကံတိုးရှင့်မှာ၊ နှောင့် မေတ္တာသည်။ ။ရွှေကြာပန်းနွယ် ရုံးတော့သည်။

၁၀၈-ပဲကျူးမိဖုရားဆို ရတု (၂၉)

(မ) အမြော်ခဲစွာ၊ ဝတ်နံ့သာဝယ်၊နွယ်-အာသာ သီး၊ ထောင်မှကြီးသို့၊ရွှေထီးဆောင်းသည်၊ရွှေမြောက် စည်နှင့်၊ ရွှေပြည်စိုးရ၊ လောကကြဲ့နန်း၊နတ်ရှင်နန်း၏၊

www.kelasa.org



ထောင့်ယွန်းမလှည့်၊ ရွှေခပ်တည့်ဝယ်၊ဒိုင်ပြည့်နီရောင်၊ ပန်းလှခေါင်ကို၊ ရည်စောင်ပြန်ပြန်၊ အဖန်ဖန်လျှင်၊ မွှင့်မှန်ပါစ္စ၊ ကြည်ရှုင့်၍၊ပန်အံ့ဆုယူ၊မတော်သူကြောင့်၊ မဥ္စူသ-ပင်၊တွေ့တွေ့မြင်က၊အလျင်လွယ်ကူ၊တင်ဆက် ယူရှင့်၊ အတူစုံပေါင်း၊ ပျော်ရကြောင်းကို၊ မွေ့ပေါင်း ဘုန်းမိုး၊ သုံးလူ့မျိုးလျှင်၊ ဖြိုးဖြိုးလျှင်စွာ၊ ဖြည့်တတ် ရာသည်။ ။ပြည်မှာဆံတော် ဘုရားကို။

(ခ) မတော်ပဲသာ၊ အရဲမည်ခံ၊ အချစ်လံ၍၊ ပြည် ဆံတော်စစ်၊ မြတ်ရှင်ချစ်ကို၊ ကြင်သစ် ကြင်ဟောင်း၊ ပေါင်း၍ကြိမ်ခေါက်၊ ကျွန်ုပ်လျှောက်အံ့၊ ဖြိုင်ထောက် မဝံ့၊ ရန်မျိုးညှံ့သည်၊ ဖွံ့ဖွံ့ကျိုင်းတံ၊ မယ့်သက်နှံ့လျှင်၊ ပရိပရာ၊ အလာအလာ၊ မယ့်မှာသူ့ဘို့၊ခယ်သို့သူ့မှာ၊ သို့ချည်းသာကို၊ ရတနာမွေ့စစ်၊ မြတ်ရှင်ချစ်လည်း၊ ဖွင့်လှစ်ခြောက်ဖြာ၊ ပြာဒိုဟာဖြင့်၊ ဖြည့်ပါစိမ့်သေး၊ ပန်းနီတွေးနှင့်၊ သံလေးကြည်လင်၊ ပုဇော်တင်၍၊ အလျှင်မည်သာ၊ နိမိတ်လာသည်။ ။ရည်ရာကြံသော် သနားဆို။

(ဂ) တခေတ်နဲ့လာ၊ မယ့်နေရာမှာ၊ ပျူငှာရော ဖြိမ်း၊ ပွားရည် *ဆိမ်းသို့၊ သန့်စွမ်းတွေ့စိုင်၊ နှောင် ဘုန်းခိုင်လျှင်၊ ဖြိုင်ဖြိုင် ပျိုပေါင်း၊ မေတ္တာ လောင်း၍၊ *ကာယကောင်း ထင်ရှင့်၊ ပြစ်တီလွှင့်လျက်၊ သွေ့ဖင့် ယွင်းယိုသူ့ကိုတွေ့လျှင်၊ သူ့ကိုကြင်၏၊ လည်တွင်ခွဲ ရစ်၊ သူ့ကိုချစ်လျက်၊ ကျိုးပြစ်ကိုထောက်၊ မယ့်ရွှေ ရောက်မူ၊မယ့်မှောက်နှိုက်တွင်၊ မယ့်သခင်သို့၊ထိပ်တင် မတတ်၊ ကိုယ်သက်ပြတ်မျှ၊ ကိုယ်ဝတ်မာယာ၊ အခြာ

မြှာဖြင့်၊သည်ရာရွှေးက၊ လူ့ဒါနကြောင့်၊ ဘဝတိုင်းမင်း၊ တူပျော်ချင်၍၊ရွှေစင်နားမှာ၊လျှောက်ရလှာသည်။ ။ သည်းလျှစံတော် မခြွားလို။

---

### ၁၀၉-ချင်မေမှုဇေယျဆို ရတု(၁)

(မ) ဘက်ကျွန်းစံတည်၊ရပ်ဆယ်မည်နိုက်၊တူသည် မရှိလှခေါင်ထိသား၊ မင်္ဂလျှံဝတ်မိုးကုဋ်မြဆင်း၊ ပ ယင်းပုလဲ၊ ကြီးဆိုခဲမျှ၊ တိမ်ထဲထွန်းမြူး၊ *ဝိဂန်ဦးဝယ်၊ *သောက်ရူး*သော်တာ၊ *စန္ဒာလည်း၊ ရံခါသဖြင့်၊ တိမ်မှောင်သင့်လိမ့်၊ ရောင်လွှင့်ပြစ်စင်၊ စုရှိုးအင်နှင့်၊ အပြင်ဘွယ်နွဲ၊ ငယ်သူကဲ့သို့၊ ရှိမ်းလဲ့သခွေ၊ ရှုလေ လေသည်။ ။ထွေထွေထင်စ မောတော့၏။

(ဒု) မျက်ဝန်းလျှံလည်၊ ဝင်းထွန်းကြည်၍၊ မတည် တောင်းကင်၊ ခြေတွင်မပျိုး၊ နှင်းမိုးမခ၊ မွေးပျ ကြိုင် လစ်၊ မဥ္ဇူစစ်ကို၊ကိုးနှစ်ထိပ်ပြင်၊ဆင်လည်းမရဲ၊လွန်ကဲ လေလော၊ တမ်းနေမတည်၊တို့သည်အပ၊ *စ,န-မြူသံ့၊ လွှင့်ဖုံ့မဲ့ဘူး၊ ရွှေစံဦးသို့၊ ထွန်းမြူးဝင်းကြည်၊ လျှံ လည်ပြစ်ရှောင်၊ ဆင်းကိုယ်ရောင်ကို၊ သောင်းထောင်

---

(၁၀၉)ဟံသာဝတီခေတ်ပေါ်၊စာဆိုတော်။ ချစ်သွန်းတော့ မည်၊ရိုက်မည်သံချို၊ ချင်မေမှုဇေယျဘုန်းတော်ကြီး ဆို(လောကဟိတရာသီခွဲလား ၂၉၆-၇၂)၊ ဘုန်း တော်ကြီးချင်မေမှုဇေသည် "တက်ထွန်းဝင်းပြောင်၊ စက်ရှန်းညှင်းရောင်၊ ဖက်ကျွန်းကင်းရှောင်ခဲ့ ဆင် တော်စောရန်ဖြတ်ခွဲ့ ရတုပိုဒ်စုံကိုလည်း ရေးသေး သည်၊ မန္တလေးမြို့ မြစေ့စာပုံနှိပ်တိုက်ရိုက် ပြောင် ကြီးငါးစီးပွဲရတုများ"။

www.kelasa.org



တိုက်သူ၊ ကျွန်းဇမ္ဗူဝယ်၊ စံဟူသမျှ၊ စံမျိုးခသည်။ ။ အလှုမြင်စ မောတော့၏။

(တ) ဆက်ညွန်းကံရှည်၊သန်းခွဲလည်သို့၊နှစ်မည် မခွ၊ ယောင်မြ*ခင်အုန်း၊ ဘုန်းလည်းပျုံကြွယ်၊ ရှယ် လည်းရောက်သဲ၊ တင့်လွန်ကဲသား၊ ပုလဲကားညွှတ်၊ မြ ကားလွှတ်၍၊ စံမှတ်ရှိုင်းလျှော်၊ *ယခေါ်ကျော်သည်၊ *မနော်နတ်နှောင်း၊ မျိုးယောင်ကောင်းကို၊ ဘုန်း ပေါင်းဆို၍၊ ကြီးသည့်နေ့က၊ ဖျဉ်းနွေ့စဉ်စီ၊ တနာရီ ဝယ်၊ *ပတ်ပိဇနာ၊ဥရာမြူရှု*အလျာခြမ်းရှိ၊သတိမလစ်၊ *လက်ပစ်တတွက်၊*လေးချက်တဖြုန်း၊ လျှပ်တဝန်းမျှ၊ ရွှေလွန်းမကြို၊ ကြိုးအဲသံရှင့်၊ လျှံဖုံ့ထွန်းညီး၊ ထစ်မီး ဝင်းပြောင်၊ တိမ်တောင်လှစ်ထွန်း၊ ချစ်သွန်းတော့မည်၊ ရိုက်မြည်သံချည်၊ ကျီးမည်း*သားပျင်း၊ သိုက်တွင်း ကြော်ကြော်၊ ဝါကိုခေါ်ခဲ့၊ မိန့်ပော်မပေး၊ ရှန်းမြိမ့် လေးသည်။ ။နွဲ့နှေးဖင့်စ မောတော့၏။

---

### ၁၁၀-ချင်မေမှုဇေဆိုရတု (၂)

(မ) စက်ရောင်စံရှည်၊ကျွန်းလေးမည်ကို၊ကြွလည် လှည့်သွား၊ ရွှေရထားဖြင့်၊ ခေါင်ဖျားတမ္မတ်၊ နေမင်း နတ်သို့၊ စီးမှတ်စက်ဟန်၊ ကောင်းကြီးမျိုးဦး၊ပြောင်လူး နတ်သ၊ ဇာနေလျာနှင့်၊ဒီပဇမ္ဗူ၊လှည့်သိမ်းယူသော်၊မမြူ ရန်တင်း၊ ရာထီးစင်းကို၊ ဦးကင်းထိပ်စ၊ ရွှေစက်-ပဈ္ဈ ဒေဝသူရာ၊ ပမာနှိုင်းချိန်၊ *တာဝတိန့်နိုက်၊ ဒေဝိန် ထွတ်ထား၊ *သကြားသုံးကျိပ်၊ ခြောက်မယောက်ထိပ် ဝယ်၊ ဝိုးနှိပ်ပြွှောန်း၊ ကျော်ရိုက်မွန်းသည်။ ။လေး ကျွန်းတို့နတ် မန္တာတ်မင့် အဟန်တကား။

(ဒ) ဖက်ရှောင်ရှိညည်အပြည်ပြည်ကို၊ ဘုန်းစည် ထွတ်ထား၊ ဘ-ဘုရားလျှင်၊ ခန့်ထားမိန့်မြွက်၊ ကျိုက်ပွက်ကျော်သောင်း၊ မြင်းကောင်းဆင်ရေ့၊ တွေ့အုံ လိုလား၊ ခမ်းနားစံစောင်၊ ရဲခေါင်သတိ၊ တရှိရည်ကောင်း၊ ဦးမတ်ပေါင်းတိ၊ ထီးဆောင်းမင်းပုံ၊ *ရာစင်းစုံနှင့်၊ နန်းငုံပွင့်လျှာ၊ ဥပရာလျှင်၊ စကြာတန်ခိုး၊ ရောင်ခြည်တိုးက၊ ကြောက်စိုးကျွန်းလုံး၊ ရှိပန်းကုံး၍၊ ညွတ်ရှုံး လျှိုးလျှို၊ ဦးဖြင့်ကျို့လျက်၊ လူတို့ထွတ်ချာ၊ လောကနာကို၊ ဗြဟ္မာနတ်လူ၊ ကျော်ထိန့်ဆူသည်။ ။ဇမ္ဗူဦးခိုက် မကိုဋ်ပွင့် အရန့်တကား။

(တ) တက်ပြောင်လျှံလည်၊ ထွန်းလင်း ကြည်၍ ကိုးမည်လျှံချိပ်၊ ဇမ္ဗူရိပ်ဝယ်၊ အကျိပ်ဆယ်မြွတ်၊ မင်းတို့နတ်၏၊ သည်းပွတ်ရတနာ၊ နန်းပွင့်လျှာလျှင်၊ ကျွန်းချာဇမ္ဗူ၊ လုံးလုံးယူသော်၊ စည်သူနရပတိ၊ စောဘုန်းရှိသို၊ ဘုမ္မိချက်ဖွေ၊ သပြေပင်နန်း၊ ရေသဖန်းနိုက်၊ မြောက်သွန်းဘိသိက်၊ ဗျာဒိတ်အလိုက်၊ သိုက်နှင့် ညီစွာ၊ သာသနာပွားစည်၊ ထွန်း-လ-မည်ဟု၊ လူ့ပြည်နတ်ရွာ၊ ဗြဟ္မာဝှန်တက်၊ ဘဝဂ်ကျော်သောင်း၊ တုန်ရိုက်ပျောင်းမျှ၊ *ခနောင်းဝဲလည်၊ အောင်စည်*ပွဲထင်၊ ထိန့်ထိန့်ရှင်သည်။ ။ဥကင်လုစ်တွန်း ရွှေနန်းဖွင့် အမှန်တကား။

---

၁၁၁-သျှင်ဓမ္မဇဆို ရတု (၃)

(ပ) နန်းမြင့်သိုက်စည်၊ ဘရိုက်တည်းသား၊ ပတ်လည်ရေညို၊ ကျွန်းလုံးခိုသည်၊ မြင်းမိုရ်တောင့်တောင်၊ စက်ရောင်လျှံချိပ်၊ သင်းပွင်းထိပ်ဝယ်၊ *တံဆိပ်ရွှေတွဲ၊ ဗျာ

www.kelasa.org



ဒိတ်ခဲ့၍၊ တုမဲ့မြင်စိုင်း၊ စကိုင်းပင်းယာ၊ ထွန်းလျှံ ပသား၊ ရွှေဝအောင်ချာ၊ နန်းသိင်္ဂါက၊ ကြမ္မာဖန်၍၊ ကွာသည့်နေ့ကို၊ အောက်မေ့ဆွတ်မျှ၊ ပြန်ခြင်းတလည်း ဌာနရပ်မြေ၊ မင်းနေပျော်ရာ၊ ဟံသာဝတည်၊ နတ်ပြည်သဏ္ဌာန်၊ သာမောဟန်လျှင်၊ မကျန်ခြင်းတ၊ ရှုချေကမူ၊ ရက်လသဘင်၊ ပည်းမွမ်းပြင်မျှ၊ ပျော်ရွှင်မတည်၊ နှစ်ကျူးလည်လည်းရွှေပြည်ကိုသာ၊ လွမ်းတရှာလျက်၊ ဗျာပါဆွတ်မြန်း၊ မရွှင်လန်းသည်။ ။စေးလွန်းမင်းစံ မြေလုံကျူးရ ကျွန်းရွှေဝ။

(ဒု) မွန်းဆင့်ရိုက်ရှည်၊ တဖိုက်လည်သား၊ ရစ်ကြည်ယဉ်ပြောင်၊ ပန်းတောင်စမာ၊ မကျွာရာနှင့်၊ ဧရာဝတာ၊ ခုဋ္ဌကကည်း၊ ရုက်ကြပေါင်းတုံ၊ ငါးခြာသုံးလျက်၊ ကျွန်းခိုသာစည်၊ မင်းဝံပြည်မူ၊ ပုံတည်နိုင်းရန်၊ ဗိမာန်ထက်မှာ၊ နတ်သို့သာလိမ့်၊ သိင်္ဂါရည်ပျောင်း၊ မို့မို့မောင်းသား၊ လိုင်ခေါင်းဥမင်၊ ရညာကင်နှင့်၊ ခုတင် *ဥက္ကတ်၊ ကျင့်မြတ်ပုဏ္ဏလိ၊ မဂ်ဖိုလ်ရည်ရော်၊ ကျွတ်

---

(၁၁၁) ဟံသာဝတီ၊ နတ်ပြည်သဏ္ဌာန်၊ သျှင်ဓမ္မဇ ဘုန်းတော်ကြီးဆို၊ (လောကဟိတရာသီဖွဲ့ထား ၃၁၃-၃၅) သျှင်ဓမ္မဇဆို နန်းမြင့်သိုက်စည် ရှိရတုတွင် "စက်ရောင်လျှံချိပ်၊ သင်းပွင့်ထိပ်ဝယ်၊ တံဆိပ်ရွှေတွဲ၊ ဗျာဒိတ်ခဲ့၍၊ တုမဲ့မြင်စိုင်း" (တပိလက္ခဏာဒီပနီ ၃၀၅) သျှင်ဓမ္မဇဘုန်းတော်ကြီး ပဋ္ဌင်းခုနစ်ဝါက ဆို မင်းရဲကျော်စွာနှင့်ဟံသာဝတီသို့ ပါလေသမျှကို အဝသို့ပြန်လွှယ်အောင်ဆိုသည်၊ သည်ကို ကြားတော်မူလျှင် သုံးလတွင်းမင်ပါလေသမျှ အဝသို့ပြန်စေဆို၍ ပြန်ရသည် (လက်ဝဲနော်ရထာအမှာ)။

ဆု မြော်၍၊ ရှင်တော်ရှိခါ၊ ရဟန္တာသို့၊ သာယာတုပ၊ ဆယ်နှစ်လလုံး၊ မဆုံးသဘင်၊ ပည်းဖြင်ထပ်စီ၊ ဆင်ရာသီဝယ်၊ ပြောင်နီမုန်ခွေး၊ တင့်ဆုံးရေးနှင့်၊ **စည်းဝေးမတ်ရာ**၊ ကျေးရွာသင်းအပ်၊ ဘွဲ့တပ်တို့တွင်၊ တက္ကပင်ကွန်း၊ ကိုပြတန်းဖြင့်၊နန်းခန်းသနစ်၊သာသည့်ဖြစ်ကို၊ စင်စစ်ဧဝ္ဝရေ၊ အောက်မေ့ချေသော်၊ မပြေလွမ်းပန်း၊ ရောက်ချင်လွန်းသည်၊ **မေးမြန်းတင်းသံ ဖွေကြံမူးမျှ မြန်းခွေစွ**။

(တ) **ထွန်းလှင့်စိုက်ဆည်၊** မကိုဋ် မည်သား၊ သောက်ခြည်နီတုံ၊ မျက်စုံရတနာ၊ တောကျောင်းသာထက်၊ ပုညာတည်ထား၊ ဘုရားဘုန်းတူ၊ ရှင်ဖြူရှင်လှ၊ ရွှေဝရွှေဘက်၊ ကြက်ယက်မြောက်တောင်၊မြန်အောင်မုဋ္ဌော၊ ကျော်စောတလှစ်၊ ဂူသစ်ဂူဖြူ၊ ထီးလိုင်ဂူနှင့်၊ နေတူနန်းဆီ၊ ရွှေစေတီလည်း၊ သိဂီရွှေခဲ၊ ယင်းရဲ့အုန်းပေါက်၊ထွန်းတောက်ရောင်ဟုံ၊ ရွှေစည်းခုံလည်း၊ နိတုံမင်းစံ၊ **မောင်းလာစ်ပုံမှု**၊ ရွှန်းလျှံပြောင်ပြောင်၊ ဉာဏ်တော်ရောင်ဖြင့်၊ ကာယ်ဆောင်စီးပွား၊ သူတို့အားကို၊ သနားမေတ္တာ၊ ဖြည့်လျှင်းပါလော့၊ အောင်ချာကြဝ်နှိုး၊ ပြည်မော်ကွန်းသို့၊ပိုလ်ဝန်းသတ္တာ၊ဝေနေယျကို၊ ဉာဏခေါင်ညွန်း၊ ရောက်ဆုမှန်းသည်။ ။**လေးကျွန်း လင်းလျှံ ဝေယံမြူးပ** ထွန်းတောင။

---

၁၁၂-ရှင်ဧမ္ဗဝဇဆို ရတု (၄)

(ပ) **မွှတ်မွှတ်ညွတ်ညွတ်၊** ဦး၍ထွတ်သား၊ လျှံပတ်ရတနာ၊ ရွှေသိင်္ဂါဝယ်၊ မုတ္တာနှင့်မြ၊ ရောသွန်းမျှသို့၊ အလှတုမဲ့၊ ရွှန်း၍နွဲ့သည်၊ သုံးဆဲ့ခြောက်မိုက်၊ အဝန်းတိုက်ကို၊ လ-မိုက် ပြစ်ရှောင်၊ ဝှန်စပြောင်သည်။ ။ **ကိုယ်ရောင်လျှံပြည့် ထွန်းမော၏**။

(ဒု) **ဆွတ်ဆွတ်လွတ်လွတ်**၊ ရှမိန်းပြတ်မျှ၊လျှံပတ်ထွန်းပ၊ လ-နှင့်မယှဉ်၊ဝင်းဝင်းသရေ၊မြဲတေလျှံတုန်း၊ *သွေးစုန်းလစ်ကို၊ ရာနှစ်သက်ရှည့်၊ ညံ့၏မထင်၊ ဆွတ်ကြင်သနား၊တိုးပွားတဲလွန်၊ *စိုးသွန်စုသက်၊ နှင်းဆက်ပေတင့်၊ နောင်ဘုန်းရင့်လျှင်၊ မဖြင့်ခုသာ၊ ကြာဝယ်ကွာသို့၊ မွတ်ပြာမွေးပျ၊ နွဲ့၍မြဲသည်။ ။**အလှ ထွေလှည့် ကျွန်းမော၏**။

---

၁၁၃-သျှင်ဧမ္ဗဝဇဆိုရတု (၅)

(ပ) **လွမ်းလျက်နေရာ၊** ရွာလသည်လည်း၊ တွေလည်မောစွ၊ ရီရောပြုံးမြွမ်း၊ †မိုးချမ်းခါလု၊ ရတုဝသာ၊ ဟေမန်လာဝယ်၊ ကျ-တဝေဝေ၊ စွေ-တမှေးမှေး၊ သေးတဖွဲဖွဲ၊ လွမ်းဆေးကြဲ၍၊ သူရဲကြင်ဘော်၊ သူတော်မှတ်ရည်၊ **စစ်သည်မြဝါ**၊ မောင်ကာမှာ၍၊ ရွာသည်လောလေ။ ။**အိမ်သူမဲ့ဘူး မျှောင်းမိန်းမူး**။

---

(ဝ) † မသတ်ဆိုဆမ်းကို ရှင်ဧမ္ဗဇဆိုသည့် စာတွင်း လွမ်းလျက်နေရာချီသည့်ရတုတွင် ရီရော ပြုံးမြွမ်း၊ ဆိုဆမ်းခါလု၊ ရတုဝသာ၊ရိပ်ခြည်ဆိုဆမ်း၊ မင်းရေးကျမ်း၏၊ ဟူ၍ မသတ်စပ်သည်၊ (ဂဇဗလ သတ်ညွှန်း ၁၀၆) ဂဇဗလ၌ ဆိုးဆမ်း၊ ဤစာမူ၌ မိုးချမ်းရှိသည်၊ မျက်မြင်ပေမူအတိုင်းထားသည်၊ ၎င်းပြင် ဂဇဗလတွင်၎င်း,ဂဇဗလကိုပင် စိန္တကျော်သူသတ်ညွှန်းဟု ပြသော ဟံသာဝတီတိုက် ကဝိလက္ခဏာသတ်ပုံနောက် စာမျက်နှာ ၁၉၄ တွင်၎င်း

(ဒု) ချမ်းသက်လေလာ၊ လာ လ သည့်လည်း၊ ဆီးရည်ရောရှက်၊ မိုးနှင့်ဘက်၍၊ စက်လည်းမတည်၊ ဆည်လည်းမတုံ၊ ဆွတ်ဖုံ့ညိုးသမ်း၊ ညဥ့်သန့်လျှမ်းဝယ်၊ အလွမ်းများမှု၊ ပသုလေအိုအေးချိပျံ့၊ *သောန်ကသည်၊ ချမ်းမြသောတွေ၊ သည်ကာခြေသို့၊ ရင်ရွှေမလပ်၊ပေါ်ထပ်ခြို့၊မစုံလှည့်ရာ၊ဟေမဝါက၊လာသည်လောလေ။ ။စက်ခြေစိမ်းနုံး လွမ်းပျံ့ပျူး။

(တ) ကျမ်းအက် မွေ့ရှာ၊ သာလာသည်လည်း၊ မြာခြည်စိမ်းလျှံ၊ တောင်ပံနှုတ်ရှုး၊ ရင်ဖုံးနီမြန်း၊ မဟိဿန်းသို့၊ ထူးဆန်းလဲ့မြ၊ အလှချုပ်ဆင်း၊ ငှက်ပိန်ညင်းလျှင်၊ သောက်လင်းရောင်ပျံ၊ မိုးသောက်ထဝယ်၊ သံမြသာမြည်း၊ ရင့်ရှုကြည်း၍၊ မယ်လည်းလွမ်းဘို့၊ ရောက်တို့သည်ပင်၊ ထိပ်တင်တုပြီ၊ ငှက်နှင့်ညီစွ၊ လွမ်းအံ့ခါ၊ ဖော်ကရှာ၍၊ ကြာသည်လောလေ။ ။မယ်လည်းမယ်ထူး စိတ်ရှိမ်းနုံး။

၁၁၄–မင်းသားသဿဒတ္တဆိုရတု

(ဓ) ရခဲအင်၍၊ ကိုယ်ပြင်ကြောင့်လန်း၊ ပုံပြင်သွန်းသို့၊ လှလွန်းမြီးဆံ၊ တောင်ပံရင်ဖုံး၊ ချက်လုံးနီလာ၊ သန္တာနှုတ်ကွေး၊ လည်ရေးသုံးထပ်၊ အာစပ်တလည်း၊ ခြေသည်း*မြယား၊ ရှုဘွယ်များသည်၊ တည်ကြား

လွမ်းရာတွင် ချီသည့်ရတုဟု စာကူးမှားနေသည်။ လွမ်းလှရာတွင် ချီကား နတ်သျှင်နောင် ရတုဦးရေ ၁၅–ဖြစ်ကြောင်း တောင်ငူဆို လွမ်းလှရာတွင်ချီ (မြန်မာသံယောဝဒီဖနီ–၁၃၀၈,ဝေါဟာရတ္ထပကာသနီ ၅၄၆–တို့က သက်သေခံသည်)။

www.kelasa.org



ငြိမ့်လေး၊ ရွှေဝကျေး။ ။ပြစ်ဝေးအင်စုံ၊ဆင်းမြင့်ပုံသို့၊ *လုံးချုံ့မကျန်၊ လျှောက်ချေပြန်လော၊ ကျော်ဝှန်သတင်း၊ ပြည်မိုးညင်းသို့၊ လျင်ပြင်းခဏ၊ ဖုံလေကြွမှု၊ ဌာန တလူး၊ *ကန်တူး အရိုင်း၊ တွေ့တိုင်းမရှောင်၊ ပလောင်လဝ၊ *ယက္ခတော မှူး၊ ဘီလူး*သန့်ဘက်၊ သိန်းစွန်ခတ်စွ၊ ဝင်ထွက်ခဲအင်၊ မယ်တို့တွင်မှု၊ ဝန်းကျင်အိပ်ဖန်၊ ယုံသည့်ကျွန်လည်း၊ အလွန်နိုးကြား၊ တံခါး*ကျည်းသေ၊ ခန်း*ရဝေဝယ်၊ မျိုးဘွေသားချင်း၊ မိမင်းတခင်၊ တွေ့လေမြင်သော်၊ နားဝင်လှအောင်၊ ကွယ်ပုန်းရှောင်၍။ ။သားမောင်လိမ္မာ ဘော်နှင့်ကွာ။

(ဒု) လထွဲ့ဖြင်၍၊ ကြာတင်မြင့်ညောင်း၊ မယ့်ထူးလျှောင်းသား၊ခေါင်းဆောင်းမြူထွား၊*ရထည်းပါနှင့်၊ ရွှေသားရောင်ဆွမ်း၊ နှောင်ကိုလွမ်းလျက်၊ စိတ်ဝမ်းပြေပြီ၊ အုံးဝယ်ပို၍၊ *အဆီမျော်ရှု၊ လွမ်းမှုမပြေ၊ ရှိရစ်လေလို့၊ မရှေလည်းရွှေဆင်း၊ အင်ကြင်းမပျို၊ ပွင့်သစ်လူကို၊ မပူနေရောင်၊ ဝေးမြေခေါင်က၊ သားမောင်ပညာ၊ လိမ္မာသဖြင့်၊ကွယ်ပုန်းဖင့်၍၊သခင့်ဖြစ်လား၊*မူထားကျင့်နေ၊

(၁၁၄) ဟံသာဝတီ ဆင်ဖြူရှင် သားတော်ဇင်းမယ်ဘုရင် အနော်ရထာစောမင်းညီ၊ ရာဇဓာတုကလျာဏ်မောင်အယေ မုဏ္ဍမဘုရင်ခံတည်း။ သက္ကရာဇ် ၉၂၃–၃၊ တန်ခူးလပြည့်ကျော် ခြောက်ရက် အင်္ဂါနေ့၊ ပဉ္စင်းတလောင် ခံတော်မူသည့်နေ့နေတက်တဖတ်တွင် ရာဇဒေဝီရှင်မိဖုရား မျက်နှာမြင်သောသားကို သဿာတော်တို့ စုရုံးပိုက် မျက်နှာမြင်သည်ကို အကြောင်းပြု၍ သဿဒတ္တမည့်သည်။ (မှန်နန်းရာဇဝင် ၃–၁၅၆)

သိခဲ့စေလော၊ မပြေကြင်သက်၊ မြူပြာညက်မှု၊ မိန့်မြွက်မဟာ၊ သွယ်ရှိမ်းကျလျက်၊ ကြင်ဆမရဲ၊ ချစ်မရှဲ့သည်။ ။ **ဝမ်းထဲပေါ်ကွာ မျှော်လင့်ကာ။**

(ဏ) ဆက်ကဲကြင်၍၊ အသွင်နွဲ့ပျို၊ လှ*ဗဟိုသို့၊ ကျေးညိုမြရည်၊ သွားလိမ့်မည်ကို၊ ရိပ်ခြည်*ဆီလျှော်၊ သည်က မျှော်၍၊ နာပေါ်ရွှာက၊ ပျံလေထမူ၊ ဌာနတထွေ၊ မိခင်နေသည်၊ ရေလည်းပတ်ဝန်း၊ လုပ်ငန်းလယ်တာ၊ ရိပ်သာချိုချမ်း၊ တောင်ကမ်းမြမြ၊ ခြေချမအား၊ *တိုင်းကားရွာလက်၊ စပ်ကာရှက်သား၊ ဘဝင်ထိလု၊ ဘိုးတွားပြုသည်၊ ကောင်းမှုလုံးညီ၊ စေတီလိုင်ခေါင်း၊ သုံးထပ်ကျောင်းဝယ်၊ ကျိန်းအောင်းနားနေ၊ ပန်းပင်မြေမှ၊ ရဝေသွန်းသွန်း၊ ဘုံသာနန်းနှိုက်၊ ရုံဝန်းများစွာ၊ ခရာ*တံပိုး၊ *မုရိုးလက်မြှောက်၊ ရိပ်ဖြူဆောက်၍၊ စောင့်ရှောက်မြဲမြဲ၊ ညယံနံနက်၊ ဝင်ထွက်*ပည်းပုံ၊ မင်းဆွေစုံကား၊ ခြောက်ဘုံရပ်မှ၊ သက်လှာကျသို့၊ မြို့ပြကျုံးမြောင်း၊ *ရဲလောင်း*ရင်တား၊ တံခါးလေးဖြာ၊ ဝင်းသန်း ကာလျက်၊ *မြို့ပြ ရွှေယွန်း၊ မဝေးလွန်းသည်။ **လှလွန်းနေရာ တောင်မြင့်မှာ။**

www.kelasa.org

၁၁၅-ထွေးလှဆို ရတု

(ပ) **သနားစွလော၊** နှိမ့်ချဆိုရာ၊ အခါခါလျှင်၊ သည်းလျှာကြင်တွေ၊ မယ့်သည်းဒူ။ ။အပူအဆာ၊ ခြင်းရာမကျန်၊ မှာလိုက်ဟန်ကို၊ ကြောင်းဝန်စွေမျှ၊ အောက်မေ့ကလည်း၊ *ရှုတလှည့်ကာ၊ စက်မွေ့ရာထက်၊ ကောသာဆံပင်၊ သိမ်းပြင်မဆုံး၊ ပစ်ရုံးမတတ်၊ ရှမ်းရှမ်းစွတ်မျှ၊ ဆွတ်ဆွတ်ဝမ်းဝယ်၊ အလွမ်းကြွယ်သည်။ ။ **ဖျော့မယ်တော်တည့် တမ်းလှ၏။**



(ဒ) မခြားကြလော၊ ရင့်လှမျိုးနွယ်၊ နောင်နှင့်မယ်ကို၊ ဘုန်းကြွယ်ဘုရား၊ မ-သနား၍၊ ရှည်လျားကြာတင်၊ ရည်ကြထင်ရှင့်၊ ဆွတ်ကျင်သည်းခေါင်၊ တမ်းဆိုးယောင်စွ၊ မောင်လည်းမယ်တူ၊ မယ်လည်းပူစွ၊ ရှေးလှူကောင်းကျိုး၊ မဆော်နိုး၍၊ ချစ်ကြိုးပတ်ရစ်၊ နောင်မင်းစစ်နှင့်၊ လ,နှစ်,ပည်းဖြင်၊ သို့အောင်စင်တည်း၊ ရွှေရင်စုံပူး၊ မဖူးရပဲ၊ ကြာမြင့်မြဲ၊ ဆက်ကဲလွမ်းတိုး၊ မရွှင်ညှိုးသည်။ ။**မြတ်နိုးမြော်ကြည့် လွမ်းလှ၏။**

(တ) မကြားရလော၊ ပြင်ပသူစိမ်း၊ လေ-မသိမ်းတည့်၊ တွက်ကြိမ်းများစွာ၊ သံသရာက၊ လှူဒါမြတ်ရေ၊ သွန်းဘူးလေ၍၊ ဆွေသည်မြဝါ၊ မယ့်ကိုသာလျှင်၊ သစ္စာတော်ဖြောင့်၊ ကြီးသောကြောင့်တည့်၊ ဖူးခေါင့်ဖူးခဲ၊ *လော်လဲသံချို၊ ပြန်မြွက်ဆို၏၊ မြင်းမိုရ်ထိပ်မှာ၊ ဆံရစ္စာလျှင်၊ မေတ္တာရှုကြည့်၊ လျင်ဆောဖြည့်လော့၊ ပျောင်းချည့်*တိမ်းမူး၊ ချစ်လွမ်းနူး၍၊ မယ်ထူးဖော်ကွာ၊ နေလှည့်ရာကို၊ ဒေဝါနတ်ကျော်၊ အလွမ်းဆော်သည်။ **စက်တော်ခေါ်လှည့် ချမ်းလှ၏။**

---

(၁၁၅) ရှေးလှူကောင်းကျိုး၊ မဆော်နိုး၍၊ ချစ်ကြိုးပယ်ရစ်၊ ထွေးလှဆို၊ (လောကဟိတရာသီရွှေထား ၂၈၄-၃၆) ဟံသာဝတီဆင်ဖြူရှင် ကိုယ်လုပ်တော် ထွေးလှဟု အမှတ်အသား ရှိသည်။

## ၁၁၆-ခင်မထွေးဆို ရတု

(ပ) **ထွေတာလာလျှင်၊** နွေခါရောက်ပေ၊ တောင်မြန်လေနှင့်၊ယော်ကြွေရွက်ဟောင်း၊လွန်ညောင်းစိမ်းနု၊ ရတုအလိုက်၊ ခါကြိုက်ကြိုတော်၊ ပွင့်ညီပေါ်သည်၊ မခြော်ဘက်ကင်း၊ ပန်းများမင်းကို၊ ရိုးချင်းရိုးသိပ်၊ *ဖက်ထိပ်ကျုန်းမာ၊ လက်ယာချစ်လည်၊ ပိုးခြည်ရစ်ဆိုင်း၊နှ ႏပန်တိုင်းမှ၊ လှတိုင်းဘက်ရန်၊မထိုက်တန်ကို၊ ဘုန်းညွှန်ကြမ္မာ၊ ဆင်မည်လျာကား၊ ဒေဝါဦးစွန်း၊ ရေရှည်ညွှန်းသည်။ ။ညိုရွှန်းမတ်လှ သည်ကိုမှ။

(ဒု) **ကေသရာလျှင်၊** မညှာရန်ညွှန့်၊ သားအဖွန့်တို၊ မြူးကွန့်ချင်ဘွယ်၊ ထိပ်လယ်ခွဲဘောက်၊ လိုက်တည့်သောက်သို့၊ စံခြောက်လက်ရုံး၊ နှလုံးတည့်မတ်၊ ယိမ်းမညွတ်ဘည့်၊ နှုတ်လွှတ်ထွက်မည်၊ကြံစည်တည်းထိုင်း၊ ဆိုတိုင်းဘင့်မော၊ မြဲသဘောနှင့်၊ ဘက်ပျော်မထင်၊ ပန်းများရှင်ကို၊ နားတွင်ပြည့်ဝှန်၊ ဆင်ထိုက်ရန်ကား၊ ခြောက်စွန်အထွတ်၊ ဘုန်းရောင်ပတ်သား၊ ညိုလတ်ရှပ်သွင်၊ ရဲရဲရှင်မျှ၊ မြေပြင်ဝန်းလျား၊ရစ်ရှစ်ပါးလည်း၊ လန့်ကြား ကြောက်အေး၊ တုန်လှုပ်ပြေး၍၊ နွယ်ရေးမလွင်း၊ ရည်တူချင်းသည်။ ။လွှန့်ပြင်းညွှတ်ခ သည်ကိုမှ။

(တ) **ဒေဝတာလျှင်၊** သူရာတွင်မည်၊ ပြိုင်လှာသည်နှင့်၊ ဆိုင်တည်ကြခြံ၊ခွါမလွဲတည်း၊စစ်ပွဲကြိုတော်၊ ပွင့်ညီပေါ်သည်၊ မခြော်ဘက်ကျွန်း၊ ငုံပြေပန်းကို၊ ဖြစ်ဆန်းလှနိုက်၊ မထိုက်ပေရာ၊ *မြော်ရှုရှာသော်၊ များစွာသိန်းသောင်း၊ မြင်းပေါင်းပတ်လည်၊ လုံ့ရှည်

www.kelasa.org



ဝန်းမြောင်၊ မုန်ယစ်ပြောင်ထက်၊ မြေခေါင်ရိုက်ကြည်း၊ ဖွန်ထပ်သည်းသား၊ ပန်းစည်း စံမြောက်၊ ပန်မည်ရောက်သော်၊ ပြိုင်ထောက် ကင်းကွာ၊ သူရိယာကို၊ တိမ်သာထွေဆိုင်၊ လွှမ်း၍နိုင်သို့၊ ရင်အိုင်သံဟုန်၊ ကမြူးခုန်သည်။ ။ပဒ္မုန်နတ်သ ရည်ကိုမှ။

---

## ၁၁၇-မယ်သူငယ်စားဆို ရတု

(ပ) **မရှိန့်စံဆူ၊** တန်ခိုးဟူတ၊ နတ်လူရှီးအံ့ တပုံ့ပုံ့လျှင်၊ အလွှဲဘုန်းရှိန်၊ ပြည့်သုချိန်သည်၊ မြသိန်မည်ပေါ်၊ ဆင်းရုပ်ကျော်၊ ။ရှင်တော်ပင်ကို၊ ဆိုသည်မချွတ်၊ ပြတ်ပြတ်ရှေ့စင်၊ ပလ္လင်*တံကဲ၊ လိုင်မှတ်ထဲကား၊ ရဲရဲညွှတ်စက်၊ မြွက်သည်ရှင်စော၊ ဟောလသောသွင်၊ စိတ်တွင်ယွှးယွှး၊ ပီတိနူးမျှ၊ ရှိဦးထိပ်ပြင်၊ ရွက်ကျုံးတင်၍၊ လက်ဝင်ဆုယူ၊ [တောင်းသည့်မူကား] အစတုကျွတ်ဘော်၊ မမြော် နောင်သာ၊ စစ်တာ မြေဝေး၊ ယွှန်းပြည်ကျေးတာ၊ ရေးရေးထင်၍၊ ရှင်တော်ရှေ့ဝယ်၊ အောက်မေ့တယူ၊ဝုံဘိမူကား။ ။အစတူမယ်နှင့် တောင်းရ၏။

(ဒု) **တစ်ပြစ်ဟူ၊** တဆံမြွမျှ၊ မျိုးတူကျွမ်းဝင်သခင်အစ၊ ဖြစ်သော်ကလျှင်၊ ဝေမျှအသက်၊ ခွဲဝက်စိတ်ဝမ်း၊ တဆံခြမ်းမျှ၊ မနွမ်းအသစ်၊ မဖြစ်စဘူး၊ ရွှေသိုဦးလျက်၊ သွယ်နှုန်းပြိုက်ရှိမ်း၊ ညွှတ်ညွှတ်တိမ်းမျှ၊ ခပ်သိမ်းမိုးသား၊ ဝမ်းပါးဝမ်းကွဲ၊ ရင့်နွဲ့ကျူးမည်၊ ဆော်လတ်သည်

---

(၁၁၇) ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် ၉၁၆-ခု ဖွား သခင်ကြီးချောင်းကို ရေးသောစာဆိုတော်။

ကြောင့်၊ မတည်သို့ပင်၊ နေ့ရက်ဖြင်စွ၊ ရှင်ပင်မွေစစ်၊ ကျွန်ုပ်ဖြစ်ကို၊ မချစ်တို့နေ၊ ရပ်ရွှေမြေသို့၊ မိုးလေမထောင်း၊ ရောက်လွယ်ကြောင်းတို၊ ဘုန်းပေါင်းသကျ၊ ဘန်ဆင်းမလော့၊ ရှုတလှည့်ကာ၊ မယ်နှင့်ကွာမူ၊ ဗျာပါထပ်ဒလောင်း၊ ရွှေရစ်ညောင်းခဲ၊ ထည်ပေါင်းထပ်ချုံ၊ ချမ်းမြိုးပုံသည်။ ။မစုံရွှေရင် ညောင်းလှ၏။

(တ) ဂတိလျစ်လျူ၊ မျိုးအိမ်သူနှင့်၊ အတူရှဉ်နွဲ့၊ ပျော်ကြမြိုကိုခဲပွင့်ပန်း၊ ဆောင်းစွန်းအစ၊ တန်ဆောင်လက၊ ရင်မျှမပေါင်း၊ ရန်ညောင်းသူ့မြေ၊ တွေ့တိုင်းတွေ၍၊ သပြေကျွန်းဘောင်၊ ပတ်လျှင်း အောင်ကို၊ ညီနောင်ဘုရား၊ နှစ်ပါးသာရှင်၊ စစ်သဘင်လည်းသို့စင် ညောင်းတာ၊ မပြန်ကြာမူ၊ ဗျာပါ ဌွန်ချုပ်၊ ရှင်တော်ရုပ်လျှင်၊ ကျွန်ုပ်သက်ဝေ၊ ပုလိမ့်ထွေကို၊ ဟောပေခုပင်၊ ဖြည့်ပါလျှင်လော့၊ ယောင်စင်ပြာလတ်၊ သွယ်နွဲ့ညွတ်ကြောင့်၊ ဆုမြွတ်ပန်ထွာ၊ တောင်းဘော်ရှာသည်။ ။ဗျာပါဆွတ်ပျံ့ ပျောင်းလှ၏။

### ၁၁၈-ဥက္ကာပျံဆို ရတု (၁)

(ပ) အောက်အာကာဗို့၊ ဝါယောထို့၍၊ လီထက်ကားရီ၊ ရီထက်မြဲဟု၊ ပထဝီထု၊ ထုထုနှစ်သိန်း၊ လေးသောင်းကိန်းထက်၊ ရံထိန်းစကြဝဠာ၊ ညီစွာဝန်းလည်၊ ကျောက်တိ တည်သား၊ လှည့်လည် ပတ်ရစ်၊ သမုဒ်မြစ်မှ၊ တက်သစ်ဖြိုးမျှ၊ ပဇ္ဇုန္နနတ်၊ တန်ခိုးမြတ်ကြောင့်၊ ရဟတ်နှင့်တင်၊ စက်နှင့်ငင်သို့၊ တောင်းကင်ကသာ၊ နတ်တေဇာဖြင့်၊ သီတာရေခဲ၊ လှစ်ခွဲတိမ်ကြား၊ ယန္တရား



စက်၊ လျှံလက်လည်ဝန်း၊ လှည့်၍ထွန်းသား၊ ရစ်သန်းပြိုးပြောင်၊ ဘယက် ရောင်နှင့်၊ စက်ရောင် လျှံတက်၊ တလက်လက်လင်း၊ တဝင်းဝင်းနှင့်၊ အုန်းအင်းထစ်မောင်း၊ မိုက်ချောင်းပွဲတင်၊ ကောင်းကင် အလုံး၊ မည်းမည်းဖုံးမျှ၊ ရွာလကလျှင်၊ အလှကြင်တန်၊ သည်ရန်မွေးမိ၊ မသိပါလော၊ ရစ်ခွေဗျာပါ၊ မယ့်မှာကိုလွမ်း၊ နှောင့်မှာချမ်းခဲ့၊ ညိုးသမ်းဝါလ၊ မရရိမ်ဝ်၊ နတ်လည်းမနိုး၊ ရက်ကိုးဆယ်လုံး၊ ကျုံး၍ ရာသီ၊ လင့်ကာလီသည်။ ။ဝါနှီကုန်၍ ပဇ္ဇုန်ဝသ ကာလင့်ရဦးမည်လော။

(ဒ) ထက်အာကာသီ၊ ဒိုးမြူဝိ၍၊ တိမ်ဆီတောင်းကင်၊ လီတို့ဆင်သား၊ သောင်းဖြင့်ကိန်းတက်၊ ဘုံဆက်ကာမာ၊ ဆဲ့တစ္ဆာတွင်၊ ဘုံမှာသုဂတိ၊ ထွန်းညိုလျှံဝါ၊ ဝတီသုံ့ာမှ၊ တေဇာပြင်းလှ၊ ပဇ္ဇုန္နလျှင်၊ ဒေဝနတ်ကျော်၊ အာလဓွော်ကို၊ မိန့်တော်မြွက်ဟ၊ စက်ငင်ချသို့၊ တေဇနှင့်သာ၊ ရေသီတာလည်း၊ လှစ်ခွါတိမ်စွန်း၊ လှည့်ဝန်းသန့်လျက်၊ မိန့်စက်အာဏာ၊ ကြီးသောခါလျှင်၊ တက်ဝါပြိုးပြက်၊ လျှပ်စက်ပြောင်ဝင်း၊ လင်းလင်းတောက်လျှံ၊ အုန်းသံမြိမ့်မောင်း၊ သံညောင်းသံလွင်၊ ပဲ့တင်ရိုက်

(၁၁၈) ကဗျာညွန့်ပေါင်း နည်းလမ်းကောင်း ၂၆၃, မြန်မာစာ ညွန့်ပေါင်း ၀-၉၀, ပေါရာဏ ဒီပနီ ၀-၃၅၅ တို့၌ အောက်အာကာဗို့ တပုဒ်သာပါသည်၊ ''လုထုနှစ်သိန်း၊ လေးသောင်း ကိန်းထက်၊ ရန်ထိန်းစကြဝဠာ'' ဥက္ကာပျံဆို၊ (လောကဟိတ ရာသီခွဲထား ၃၀၀-၃၅)။

www.kelasa.org

ချုန်း၊ တအုန်းအုန်းလျှင်၊ ရွာလကျင်က၊ နတ်မြင်
ဘက်တူ၊ ကြင်မဲ့သူတို့၊တရုလွမ်းပျောင်း၊*စက်လျှောင်း
အိပ်ခါ၊ မယ့်မှာကိုလွမ်း၊ မောင့်မှာချမ်းအဲ့၊ ညှိုးသမ်း
မရွှင်၊ သုံးအင်ရတု၊ သုံးခုဝါလ၊သံဝစ္ဆဟု၊ မာသရာသီ၊
ရက်စီအသ်ာ၊ လိဂ္ဂာနာရီ၊ ကြာပြီနှစ်လုံး၊ ပေါင်းရုံး
ရက်မှာ၊ *သုံးရာခြောက်ဆယ်၊ မခံပယ်၍၊ လွမ်းမယ်
မနောင့်အိ၊ ဆင့်ကာမှိုသည်။ ။ရာသီမှန်၍၊ ကဆုန်
**အစ မာသင့်ရဦးမည်လော။**

ရှင်မာလဲဆို အလိုက်ရတု အမြည်

ဆောကဌာနေ၊ အာကာသဉ်၊ လေရေဆင့်ကာ၊
ယှဇနာကိန်း၊သိန်းလေးသိန်းပေါင်း၊ရှစ်သောင်းအစု၊
ထုတုကျယ်စွာ၊ရေမျက်နှာထက်၊သီလာပထဝီ၊ညီသည်
စက်ဝန်း၊ နရန်းတန်တိုင်း၊ ဆိုင်းဆိုင်းမြှုဟန်၊ ကေ
ခန်လျှင်၊ မြင့်လွန်မပေါပေါ်၊ မောမောဥပေါ်ထွန်း၊ လေး
ကျွန်းကျွန်းမြေ၊ ချက်ဗွေနဂိုရ်၊ မြင့်မိုရ်တန်ဆောင်၊
လေးရောင်ပြောင်တိ၊ နက်ချောင်သမုဒ်၊ အာဖုတ်ကြလှဲ၊
ရေခဲသီတာ၊ တောဇာပစရတ်၊ ဒေဝီထွတ်လျှင်၊ ရဟတ်
စီးဆင်၊ စက်ကြိုးငင်၍၊ ကောင်းကင်ထက်မှ၊သွန်းလိုက်
ချသို့၊ မြမြနီရွှန်း၊ ဝတ်ပန်းကိုယ်ရုံ၊ ခြေစုံတွန့်ကာ၊
ပဇ္ဇုန္နနတ်၊ တွတ်တွတ်နှုတ်သံ၊ ပျော်စံရွှင်ပြုံး၊ ထုံးလ
ဘိ၍၊ မသိညဉ့်နေ့၊ မတွေ့နေရောင်၊ မပြောင်ပလာ၊
တို့မှာကားချမ်း၊ လွမ်းနှင့်လိမ့်မည်၊ နောင်ချစ်သည်သို့၊
ရွှေပြည်မြို့က၊ ရှုတလေနီး၊ ကြောင့်ကြစိုးစွ၊ သည်မျိုး
ကြင်ဆွေ၊ မသိလေတည့်၊ ရောင်တွေနိဝင်း၊ နေမင်း
ရှိန်တိတ်၊ ရိတ်လမည်၊ နာရီနေ့များ၊ တိမ်သားဖုံးအုပ်၊

www.kelasa.org



ပတ်ချုပ်အုံ့မှိုင်း၊ ရစ်ဆိုင်းဆိုင်းထပ်၊လျှပ်တလင်းလင်း၊
တချင်းချင်းသည်။ ။**ဝါတွင်းဝသာ ဟေမတိုင်ရောင်
လမည်သော။**

---

၁၁၉-ဥက္ကာပျံဆို ရတု (၂)

(ပ) **နုဝမျက်ရံ၊** စိနစ်ပြို၍၊ ဆင်ရှိမြင်းဝန်း၊လှုံ့ချွန်း
စီရှက်၊ ထားစက်ခေါင်ချိုး၊ ခြင်တင်မိုးသို့၊ ကျွန်းရိုး
သမြေ၊ ရှင်းရှင်းဝေမျှ၊ ပရမတုန်းဖျား၊ သကြားနတ်
တူ၊ ချိုတော်မူသော်၊ ရုံကုသိန္ဓာ၊ ဝင်လမ်းမှာမူ၊ သီတာ
စတော၊ ကန်သာရေလည်း၊ ငါးထွေကြာမျိုး၊ ပေါ်မိုး
ခြည်နေ၊ မပူနေတည်း၊ ကူရွှေရောင်ချစ်၊ ဆယ်ခုနှစ်
လည်း၊ လည်ရစ်ပတ်ပတ်၊ ကြိုသို့ဝတ်လျက်၊ ဆွတ်ဆွတ်
ဆွဆွ၊ ငွေရည်မျှလျှင်၊ လမ်းမလမ်းသွယ်၊ စဉ်တိုင်း
ဝယ်လည်း၊ မြောင်းသွယ်ရေဝင်၊ တန်တင်တင်ကျပ်၊
စလပ်စံအဲ့၊ လမ်းအလှဲ့နှိုက်၊ လက်ဝဲ*ကမ်းထောင်း၊
ရေလျှံမောင်းနှင့်၊ ဖယောင်းစီနစ်၊ မိုးခံပစ်သို့၊ ခြစ်ခြစ်
ရောင်ထင်၊ လျှပ်နွယ်ဆင်သည်။ ။**ဥက္ကင်စက်နုဘူး
မှုသော။**

(ဗ) မမျှာက်စံ၊ သ-ယာဉ်ပျံနှင့်၊ ဆင်ရိုလမ်းမြဲ၊
ယိမ်းကာနွဲ့လျက်၊ မိုးပွဲသဘင်၊ ချိုမည်ရင်သော်၊တောင်

---

(၁၁၉) နုဝမျက်ရံ၊ စိနစ်ပြို၍၊ ဆင်ရှိမြင်းဝန်း၊
ဥက္ကာပျံဆိုရတုတွင် သေးတင်ပြီကို ရောသည်မြှမ်း
သည်၊ (ဇေဗလသတ်ညွှန်း ၁၉)တင်းမာချော်ခတ်၊
စိန်သည်မြက်သို့၊ ရှေ့ချက်နှာစာ၊ (လောကဟိတ
ရာသီဋ္ဌထား ၂၉၅-၇၁) ဥကာပျံစား၊ ကုသိန္ဓာခရုံ
ဘွဲ့(လက်ဝဲနော်ရထာအမှာ)

တင်နန်းညာ၊ မင်းနေရာလည်း၊ နီလာစီထပ်၊ မြအုတ်ချပ်တိ၊ မိုးယပ်တိမ်စွန်း၊ ထိလုယွန်းမျှ၊ လိုင်နန်းရွှေကု၊ လေးဆူခုနစ်၊ သုံးဆူတစ်နှင့်၊ လည်ရစ်ညီစွာ၊ မြကျောက်ဖျာလည်း၊ တင်းမာချော်ခက်၊ စိမ်းသည်မြက်သို့၊ ရွှေမျက်နှာစာ၊ ဆီလမ်းမှာမူ၊ ပီလာညွတ်ကော၊ ငေါ်-တိုးခေါင်ပြင်၊ တန်တင်ရေဆင်း၊ သလင်းကာချ၊ ထုံးအိုင်မနှင့်၊ မြလည်းမြည့်သို၊ ညှိလည်းနည်းများ၊ ရည်သွားဆန်းကြယ်၊ ပင်လယ်သမုတ်၊ တို-မယုတ်တည်း၊ ဘော်ထုတ်ငင်ယူ၊ ရေတမူလည်း၊ ဖောင်းဖြူလွှမ်းထိပ်၊ ရိပ်ကြေးမုံထင်၊ သို-သဘင်ကို၊ မြင်တိုင်မှုသည်။ ။မည်သူလက်မဦးလှာသော။

(တ) **တလရက်လုံ**၊ စေ-မပြွတ်ည်း၊ ချစ်တုံနှိမ်သျို့၊ သူတို့နှင့်ပင်၊ ပျော်ရွှင်လေ၍၊ တိုကိုမွေ့ခဲ့၊ စွေစွေနွဲ့မျှ၊ စေလိုက်ဟန်ကို၊ နိဗ္ဗာန်ဘော်ရား၊ သာစပေသည်၊ တွေတွေလည်မျှ၊ သွယ်ရှည်မြင့်ဆုံး၊ မိုးပတ်ကုံး၍၊ ဝန်းလုံးသုံးဆယ်၊ တော်တို့ဝယ်လည်း၊ ညီးကယ်စွန်းပါ၊ ဆယ်ကိုးထွာတိ၊ မြေမှာမှန်ကင်း၊ တွင်းကားတောင်ရှစ်၊ တစ်သို့မပြည့်၊ ရိုးလက်ရှည့်နှင့်၊ ဆီတည့်ဖြူပါ၊ ရွှေလက်ယာက၊ နန္ဒာပင်ကို၊ ဆိုလည်းမကာ၊ မုတ်ဝလမ်းပြင်၊ လိုင်ရိပ်တွင်၍၊ ပလ္လင်ရတနာ၊ ပေါ်မြရာဝယ်၊ ရွှေကြာပဒုံ၊ ပွင့်ဖူးစုံလည်း၊ ဖြိုးရုံဖြေချပ်၊ ဆဲခြောက်ထပ်တိ၊ ရပ်လေးမျက်နှာ၊ တန်တိုင်းမှာကုံ၊ ရုံကာထပ်များ၊ တောင်ပုပ္ပါးဝယ်၊ စကားမဋ္ဌု၊ တပင်လူသည်။ ။နေပူပြက် မပူလှာသော။

---



၁၂၀-ဥက္ကာပျံဆို ရတု (၃)

(မ) **မပျံ့လေပြည်**၊ နေ့နေ့သည်ကား၊ လွမ်းမည်မပြူ၊ ညဥ့်ညဥ့်ဟူက၊ တိမ်ဖြူတိမ်မည်း၊ တောင်လည်းခြောက်ပါးတဖုင်ရှားတိ၊ နည်းများမြနှစ်၊ သန်ကောင်ဖြစ်က၊ ကျူးရစ်သားမြေး၊ ခွင်ရေးစုရုံး၊ လုံးလုံးမရွှာ၊ တချမ်းပါနှင့်၊ လွမ်းရာကုံပေ၊ များလေစေဟု၊ မြင်ချေမတတ်၊ ခေါင်သို့ညွတ်သည်။ ။**ရေလွှတ် နွမ်းကြာရည်ပြီလော**။

(ဒု) **မခံ့ပြေဆည်**၊ ထိမ်ချုပ်မည်သည်၊ ဝေလည်မျက်စိ၊ မုးဘိသိရို၊ မခံပြိုတည့်၊ နွေ့ဆိမ့်နှန်းတိမ်း၊ ခေါင်သို့ယိမ်းမှ၊ ဒေဝိမ်းမြင့်ဖြူး၊ တောင်ထိပ်ဦးထက်၊ *ဘိက္ခူး*ကျင်ကြွေ၊ သစ်ပြန်လေနှင့်၊ **သင်း**မြေလည်းပေါက်၊ *ပိတင်းလျှောက်က၊ ထပ်လျှောက်ညီးချုံး၊ ပန်းကြာရုံးသို့၊ လုံးလုံးမယ်ချည်း၊ စက်ရာပည်းသည်။ ။**မနည်း လွမ်းတာ ရှည်ပြီလော**။

(တ) **မတံ့နေတည်**၊ ပြေစိမ့်ဆည်လည်း၊ ဆိုမည်နှင့်သာ၊ မှာမှာကြည့်ခြေ၊ တောင်မျော်မြောက်ပျော၊ မည်ချီစေက၊ ဥသြနွေ့ငှက်၊ နွဲ့လျက်ကျူးဖြား၊ လွမ်းရာပါးခဲ့၊ ပုံ့ရှားကြွင်ထို၊ တောတိုင်းစုံလည်း၊ သင်းထုံနံ့ရှိုး၊ တဖြိုးဖြိုးလျှင်၊ မြည်ခိုးပျောက်ထင်၊ နွေသဘင်ကို၊ မင်းလွင် **သစ်**လောင်း၊ လေပြန်ပြောင်းသည်။ ။**နှာမောင်း လွမ်းကာ လည်ပြီလော**။

---

၁၂၁-ဥက္ကာပျံဆို ရတု (၄)

(မ) **နေတဲကျူးလွန်**၊ ပြည်လှာပြန်က၊ စုန်ဆန်မထင်၊ ချောင်းရေရှင်လည်း၊ ကျောက်ဆင် **သစ်**တန်း၊

www.kelasa.org

ဗီသန်းကန့်လန့်၊ ဟန့်ဘီသောနယ်၊ ရှက်ဆီးရှယ်သို့၊
ကြိမ်နွယ်ဖောင်းရိုး၊ ခုတ်ချိုးကြည်နှိမ့်၊ ကျောင်းတိမ်
လမ်းပြုန်း၊ ကုန်းနှင့် ချပ်မြောင်၊ တောင်လည်း တိမ်
သား၊ ထိလုပါးမျှ၊ အသွားခဲအင်၊ မြင်းဆင်နင်းတိမ်း၊
တောင်ယိမ်းမြောက်မီ၊ မချိန့်ရှိုရှို၊ ချင့်ဘဝါး၊ ထွေသာ
များခဲ့၊ ခြေသွားတပဲ၊ သစ်ဆွဲကိုင်လျက်၊ တဘက် ခြေ
ထောက်၊ ဦးဆောက် *ကျွမ်းလွန်၊ ပြန်ဘီခတတ်၊
ခေါင်ညွတ်နွယ်ပင်၊ တွေလိမ့်ထင်ခဲ့၊ တို့ရှင်ဘုန်းသစ်၊
တွေ့သည်ဖြစ်စံ့၊ သိရစ်မူးလည်၊ သို့မှုနည်တို့။ ။သိမ့်မည်
စိုးရှာ နှင့်လေခဲ့။

(ခ) ရွှေခဲဖူးသန်၊ ညောင်းနုလွန်က၊ ရင့်ဟန်မာစ၊
တပေါင်းလကို၊ ပြန်ရတန့်ပြီး၊ မျက်စိနှင့်နား၊ ထိပ်
ဖျားသျှောင်လို့း၊ မှင်ရိုးစဉ်ညီ၊ ရွေးသီဖြိုးမျှ၊ မဆင်ရ
လော၊ မိုးကလည်းပြုန်း၊ လေပုန်းရောဖွမ်း၊ ဖွတ်ချမ်း
တုန်အေး၊ ရဲမက်ကွေးမျှ၊ ချမ်းဆေးစခန်း၊ တဲမြန်း
မသိမ်း၊ ပြေးယိမ်းလည်းမို့၊ စက်ဆိမတည့်၊ တောင်
ကြည့်မြောက်ဆို၊ ဗယ်ကိုညာယိုး၊ *ရိုယ်ိုး*ပန်းယား၊
သွားသည်နှင်နှင်၊ ကြောင်းစဉ်ပင်လျှင်၊ လိမ်တင်စရှက်၊
စိမ်းညိုရွက်သည်။ ။စိရှက်မိုးရှာနှင့်လေခဲ့။

(ဂ) မြေခဲဦးဝှန်၊ သစ်လုံးပွန်၍၊ မြဟန်နွယ်လို၊
တောထိုထိုလည်း၊ မိုလိုပင်လိုက်၊ ကိုယ်စီမိုက်က၊ ဗယ်
ရိုက်ညာဆော်၊ ကြည်လူးခေါ်လျက်၊ တိမ်ပေါ်ကပြေး၊
မြဟန်ရေးသို့၊ မမြေးပျပျ၊ ဆိုလာကလည်း၊ ပြင်မျှ မ
တတ်၊ ဆတ်ဆတ်အုသည်း၊ နောင်လည်း မယ်တူ၊
မယ်မူနောင်နွယ်၊ ရွှေပြည်လယ်က၊ စိုးရဘိုးဝှန်၊ မွေ



လိမ့်ဟန်ကို၊ ကျွန်လည်းသည်က၊ သိနှင့်လှ၏၊ ဆယ်ဆ
အသက်၊ ဆတက်*ထမ်းပိုး၊ တိုးကာမဟူ၊ နှစ်အယူ
ဖြင့်၊ ဆိုမှုနောင်ပြစ်၊ တွက်ရေစစ်သည်။ ။မျှော်ရစ်
ခိုးရှာနှင့်လေခဲ့။

---

## ၁၂၂-ဥက္ကာပျံဆို ရတု (၅)

(က) စုံနှိုင်းအင်နှင့်၊ ဆင်ယင်မျက်ပွင့်၊ ချယ်သန်း
တင့်သား၊ ငုံရင့်နီလွှင်၊ ရောင်ပြင်နေရောင်၊ မြီးတောင်
သွယ်သွန်း၊ လည်ရန်းဆံ့ချည်၊ လွန်လူး လည်သည်၊
ငါးမည်စီလေး၊ မြင်းမိုရ်ကျေး။ ။အတွေး မထောင်း၊
တိုက်တသောင်းကို၊ ဗြိမ်းမောင်း မလောက်၊ ချင်သွေ့
ဟောက်သို့၊ ဖွမ်းမြောက်ရဲအန်၊ နောင်ဘုန်းသန်လျှင်၊
ကျင့်ဟန်တွေလာ၊ စေပါဝန်းရီ၊ နှင့်သာစံခဲ့၊ ချစ်လိ
လေ၍၊ မယ့်ကိုခွေရှင့်၊ စွေစွေကျိုးပြစ်၊ အောက်မေ့
လစ်မူ၊ အသစ်သစ်ပင်၊ ပျှော့ဆင်၍ ပုပင်ဘွယ်သာ၊
မရောခွါလည်း၊ သက်သာပြတ်မျှ၊ လွန်၍ခရှင့်၊ ကြောင်းစ
ဖြစ်ဟန်၊ သံလည်းပြန်ဆင့်၊ လွင့်လေနိုးနိုး၊ ချစ်ကျိုး
ထိမ်းနေ၊ ဗျာပါခွေကို၊ ဖြေစိမ့်လွန်ကျူး၊ ရွှေနှယ်
ဦးရှိ၊ ။မယ်ထူးသာလည်း နေမည်လော။

(ခ) ငုံကျိုင်းရင်နှင့်၊ နွယ်ရှင်ဇမ္ဗူ၊ ခိုင်မဠူကို၊
ပွင့်ဟူသမျှ၊ ရွှရွှနန့်ရန့်၊ ညွန့်ညွန့်ကွေးကွေး၊ လှရော
ရွေး၍၊ အတွေး *မောင်နည်း၊ ဆွေခမည်းကို၊ †မယ့်
ချည်းယုယ၊ ဆင်ချင်တလည်း၊ ဆင်ရဆန်းသာ၊ သူ့မှာ

(ခ) † "မယ့်ချည်းယုယ၊ ဆင်ချင်တလည်း၊ ဆင်ရဆန်း
သာ၊ ဥက္ကာပျံဆို" (လောကပဟိတ ရာသီ ခွဲထား
၂၆၃)။

ချစ်ရန့်၊ မယ့်ဟန်ရည်းထင်၊ မကြွင်လေလော၊ နှမြော လှဘိ၊ ရေးရေးရှိရှင့်၊ မျက်စိပင်ဆန်း၊ ပန်းလည်းလက်တွင်၊ ခပ်ဘင်ဖင့်နွဲ့၊ ရည်ဆဲဆဲဝယ်၊ ရဲသည်စတေ၊ စံသာရေလျှင်၊ မြူခွေကင်းဝမ်း၊ မို့သမ်းနည်းနိုး၊ လေလိပ်ဖွ စိုးခွဲ၊ တင့်နိုးမြင်ချင်၊ သာရှင်စဉ်ကြိုက်၊ ချစ်လိုလိုက်၍၊ မကိုက်အောင်ရန်၊ ထွတ်ဘုန်းသန်လျှင်၊ အကျွန်ုပ်ကို၊ ကြည်ညိုသောအားချစ်တော်လျှား၍။ ။သနားခါလည်း ပြေမည်လော။

(တ) ပုံခိုင်းသွင်နှင့်၊ ရွှေရင်တောင်စက်၊ ချောင်းတဘက်သို့၊ ဝေသက်ခြားကာ၊ တည့်သာကို၊ ခြောက်ရာအလွန်၊ နှစ်ဖြင့်ပြန်လျက်၊ ပန်ဟန်ဆွတ်ဆွတ်၊ လည်ဝယ်ပတ်၍၊ တိမ်းညွှတ်ပုံ့ပျူး၊ ကြင်လေဘူးသား၊ တိမ်ဦးမိုးပြင်၊ မျက်နှာရှင်သည်၊ သက်တင်ရောင်ခြည်၊ မယ်ယုံသည်တည့်၊ ကြည်လော့မောင့်နား၊ ပြန့်ပိမ့်ကြားအွှံ၊ မပြားနှယ်ရိုး၊ ရိပ်မြူမိုးလျက်၊ ဘိုးလည်းဘိုးပင်၊ သခင်ညီနောင်၊ မောင်နှင့်နှမ၊ ရင်းလှသောအား၊ တို့ဘုရားလျှင်၊ စုလျားရစ်ပတ်၊ သည်ကိုမှတ်လည်း၊ ယွင်းချွတ်မဲ့ရာ၊ မယ်နှိုက်သာလျှင်၊ မေတ္တာထပ်လောင်း၊ သနား ကောင်း၏၊ ချောင်းချောင်းကွေ့ကွေ့၊ ဆိုသရွေ့ကို၊ အောက်မေ့ဖျင်ပည်းဝမ်းလျှင်နည်းစွ၊ မိတည်း ရှင်နောင်၊ မြတ်ဘုန်း ခေါင်ဝယ်၊ တန်ဆောင်ပန်းခိုင်၊ ထုံရေကြိုင်နှင့်၊ လျောက်တိုင်ကြောင်းလျား၊ ရှိညွှတ်တွား၍။ ။ဘုရားမှာလည်း ပြေမည်လော။

---

www.kelasa.org



၁၂၃-ဥက္ကာပျံဆို ရတု (၆)

(ပ) ကေရာလျှင်၊ စကြာရွှေတည်၊ ကျွန်းလုံးလည်၍၊ ရွှေပြည်*မန်တိုင်၊ ရခိုင်ခေါ်မှန်း၊ သုံးဆောင်နန်းထက်၊ ဖြူဝန်းဖြန့်ကာ၊ သျှစ်သောင်းချာသို့၊ နရာဇော၊ တေဇထွန်းပြောင်၊ မင်းရဲခေါင်က၊ စာစောင်*သဝန်၊*ယုံကျွန်စေမြဲ၊ ရောက်လှာခဲ၍၊ ပုလဲအသွင်၊ ကျေးဖြူစင်လျှင်၊ အလျင်မနေ၊ မိန့်စာခွေနှင့်၊*ရဝေကြွင်နှင်း၊ ဟသာနန်းဝယ်။ ။ဖြူဝန်းဖြန့်ကာ စံလိမ့်လော။

(ဒု) နေအာဝါလျှင်၊ ပြိုပွါတိမ်စွန်း၊လှည့်၍ထွန်းသို့၊ အကျွန်းကျွန်းလုံး၊ ယုကျုံးတော့မည်၊ မှတ်တော်တည်လျက်၊ ဆွေသည်သက်မျှမင်းညီမြလျှင်၊ သွားကြွသို့ပင်၊ စစ်နှင့်ရှင်ခွဲ၊ ကြာတင်မနေ၊ ရပ်မြေသူ့ဆီ၊ ခုခုချီသော်၊ ရာသီနွေဦး၊ ကျူးပြန့်တော့အုံ၊ လွမ်းလျက်ငံ့ရှင့်၊ မတုံ့မယွှမှာ၊ နန်းသိင်္ဂါထက်၊ စကြာရိပ်မြူ၊ သျှစ်စင်းထူ၍၊ နေတူရောင်လျှံ၊ *မုနောခံလျက်၊ ရဲစံဘုန်းခေါင်၊ မြန်လွယ်အောင်ကို၊ ဖြူရောင်လျံပြေး၊ သိဟိုဠ်ကျေးလျှင်၊ ရပ်ဝေးတာထူး၊ ပဲကူးဟူသည်၊ နန်းတည်ရပ်ကျော်၊ အောင်မြင်သော်လည်း၊ ဘွားမြော်နန်းထက်၊ ကြင်ဘက်ဆကဲ၊ မြော်နှင့်မြဲကို၊ မင်းရဲကျော်ထင်၊ ကျွန်းလုံးရှင်သည်၊ ။ယင်းတွင်ဘိသိက် ခံလိမ့်လော။

(တ) စေတာနာလျှင်၊သဒ္ဓါကြည်လိုင်း၊ ပန်း*မြစ်ကိုင်းနှင့်၊ နေ့တိုင်းဆုယူ၊ တောင်းသည်မူကား၊ ဇမ္ဗူရိုး၍၊ မင်းများနေဝန်း၊ ရွှေနန်းဆက်စံ၊မယ့်သက်နှံလျှင်၊

(၁၂၃) ကဗျာ့သွန့်ပေါင်း ၈၁။

ဆောင်းယံကသည်၊ ချွေလည်းရွှေကူး၊ တန်ခူးအခါ၊ သည်မှာသာရှင်၊ တာသတင်ကို၊ ဆောလျင်မိအောင်၊ ကျေးမြှုရောင်လျှင်၊ နားထောင်စေ့ရေ၊ လျှောက်စာခွေနှင့်၊ ရောက်လေသည်မှ၊ ဝင်းတုတပ်တာ၊ ခဲစွာကျူးမြောင်း၊ ညွှံမောင်းကင်းရှည်၊ တန်တန်လည်၍၊ မနေခြည်ထွက်ဝင်၊ အချိန်တွင်နိုက်၊ တောင်တင်နန်းညာ၊ ရှစ်သောင်းချာက၊ လျှောက်လှာရဟု၊ ကျေးမျှားမှန်ကု၊ မြန်တော်မူလော့၊ ထီးမြူ့ရာစင်းအမင်းမင်း၏ရင်တွင်းသမီး၊ လှ*စံသီးကို။ ။ဇနီးပြုမည် ကြံလိမ့်လော။

---

### ၁၂၄-ဥကာပျံဆိုရတု (၇)

အထူးအထူး၊ ဥဒါန်းကျူးပိမ့်၊ စန္ဒကူးပင်မွှန်၊ *သရက္ခန်ကို၊ မချန်*လုံးကျွတ်၊ အကုန်ဖြတ်၍၊ မြူမှတ်စေလူ၊ မြနှင့်တူဟု၊ ကြက်ဆူညွှန့်ရှင်၊ *ပန်းတိုင်းပင်ကို၊ စီရင်တတ်မှု၊ စောင်ရန်းပြုသို့၊ ချစ်မူညွှတ်ပျောင်း၊ တွန့်သံညောင်းလျက်၊ ဥဒေါင်းကြိုးကြာ၊ ရွှေဟင်္သာကို၊

---

(၁၂၄) (က)မြန်မာစာညွှန့်ပေါင်း ဝ-၉ဝ, ကဗျာသာရတ္ထ ၂၇၃, ပေါ်ရာကာဒီပနီ ပ-၁၅၆၊ လက်ဝဲနော်ရထာရတုရှိမ္မကားပေမူ ဃီချပ်၌ ရှင်အုန်းညိုလှထွက်ရေးစာ။ (ခ) လက်ဝဲနော်ရထာမှတ်စုပေမူတမူတွင် ဥကာပျံ ရခိုင်သို့ပြန် မည်သောအခါ ရေးထားခဲ့သောစာ၊ အင်းဝသို့ သံအဖြစ်နှင့်လာရာအပြန်တွင် ရေးထားခဲ့သောစစ်စာဟု ရှိသည်။ ယင်းသို့ အမှတ်အသားနှစ်ရပ်ရှိသည့်တွင် (ခ)အမှတ်အရ ဥကာပျံ ရတုတွင်ထည့်သည်။ သို့ရာတွင်(က)အရ ရှင်အုန်းညို လှထွက်ရေး စာအမှတ်အသားကိုကား လျစ်လျူ

www.kelasa.org



မတာညွှန်ုးဆဲ၊ *ကာသူမဲ၍၊ စွန်ရဲကျိုးနက်၊ ခင်ပုပ်ဌက်ကို၊ နှစ်သက်ရှင်ပျူ၊ မွေးယုယသို့၊ မုန့်ဝရဲခေါင်၊ ဆင်ပြောင်မြွေခွေး၊ ပုံသွေးနှိုင်းချိန်၊ *ဘုမ္မသိန်ပြာ၊ အမျှသာဟု၊ ပမာပြုအပ်၊ ထိုအရပ်ကို၊ *လျပ်လျပ်လျင်စွာ၊ စွန့်အပ်ရာဟု၊ ပညာရှိများ၊ ကျမ်းစကားကို၊ ။မှတ်သားကြကုန် လူအပုံ။

---

### ၁၂၅-ဥကာပျံဆိုဖြည့် ရတု (၈)

(တ) မရကြောင်းဆောင်၊ ပန်းရှာအောင်လည်း၊ နှောင်မူကြိုတွေ၊ စိတ်သာဝေမျှ၊ မြောက်*သေန့်စွန်၊ *သရက္ခန်မွှေး၊ လေသွေးပျံ့ကြူ၊ မဥ္ဇူ*နံ့ရှင်း၊ ဖြည်းလေသွင်းက၊ အင်ကြင်းသခွေ၊ *သံသော့ဇေဝဂ္ဂလည်း

---

ရှုမထားသင့်သေး။ အကြောင်းကား (ဝ) ရှေးဟောင်းစာပေ၊ လက်နှိပ်စက်ကူးမှု အတွဲ ၅-တွင် ၌အထူးအထူး ချီ ကော်ပိုင်ကို ရှင်အုန်းညိုလှထွက်ဆိုဟုပြထားသည့်ပြင် ဆက်လျက်ပင်''အကြင်အကြင်-၏၊ စီးပွားရှေးဆီရွှေစီတည်း-ချ၊ သျှင်သီလဝံသ တဖည့်အုန်းညိုစာ ခေါင်းတပ်၍ ကော်ပိုင်နှစ်ပုဒ် ပေမူတွေ့ရကြောင်း ဖေါ်ပြထားသည်၊ ယင်း တတိယ အမှတ်အသားအရ အင်းဝခေတ်၌ ဂါထာမြောက် အယ်ပျိုရေး ရှင်အုန်းညိုအပြင်၊ သျှင်သီလဝံသ တဖည့် ရဟန်းဖြစ်ဘူးသူ စာဆို ရှင်အုန်းညိုတယောက်ရှိ သေးသလော-သုတေသနပြုသင့်သေးသည်။

(၁၂၅) မြန်မာစာညွှန့်ပေါင်း ပ၉၂-နဝဒေးရတု ၁၃ဝ-၌ နဝဒေးရေး၊ လက်ဝဲနော်ရထာမှတ်စု၌ နောက် ၂-ပုဒ်တောင်သင်းဆို၊ လက်ဦးပုဒ်မှာ ဥက္ကာပျံဖြည့် ဟု ဆိုသည်။

ဟု၊ လူဟုဆိုရေး၊ ဝေးကြီးဝေးခွဲ၊ မာန်သွေး*ရာဂီ၊ ဧရာဒ္ဒီနတ်၊ ဥပပတ်လျှင်၊ ဟုတ်မောထင်၏၊ စုံပင်*လိုက်ဘက်၊ ချစ်ဘို့သက်သည်။ ။ဖြူရွက်လွှတ်လော ညှာ ဝတ်လော။

(ပ) မမျှသောင်းထောင်၊ နန်းညာဓတောင်ဝယ်၊ အခေါင်စံထား၊ နန်းမင်းသားလျှင်၊ နှောင်တွားကြင်ဘော်၊ *မျောက်သားတော်ကြောင့်၊ မူးမော်သေပြတ်၊ ဗိုလ်မှ လွတ်သို့၊ မချွတ်ကောန်၊ နှောင့်မှာဟန်ကား၊ ဖြည်းသွန်လေညင်း၊ စိမ့်စိမ့်ချင်းလျှက်၊ အင်ကြင်းဝါးနွယ်၊ အလှယ်လှယ်ကို၊ စံပယ်ဖျော်ပါး၊ ရွှေဝယ်ထား၍၊ ဦးနား ထိပ်ပြင်၊ ပန်ဆင်မတတ်၊ လေးမြတ်ယုယ၊ ပေးချင်လှ၏၊ ဆယ်ဆရွှေထက်၊ မြစ်မစက်သည်။ ။လူဘက်လွှတ် လော ကြာနုတ်လော။

(ဒု) မလှတောင်းအောင်၊ ခန်းသာ ချောင်ဝယ်၊ မြို့မှာင်ဆိံသန်း၊ ခြည်မတန်းသည့်၊ လဝန်းတန်း ဆောင်၊ နေ မပြောင်လည်း၊ ကိုယ်ရောင်လျှံလည်း၊ ထွန်းတော့သည်ဟု၊ မွေးကြည်ပုံ့ရှား၊ ကျွန်ုပ်နားဝယ်၊ စကားကိုသာ၊ မူးမော်ရှာမူ၊ ကြာတွေးတော၊ သိချင်မော၍၊ သဘောဆက်ဆက်၊ မေးကာမြွက်သည်။ ။ မြူညက်ထွက်လော ပြာလုတ်လော။

၁၂၆-ဥက္ကာပျံဆို ရတု (၉)

(ပ) မြတ်လေးကြည်လင်၊ ယော်ကပင်တည်း၊ ဝဲ ပြင်သိမ်းမွေး၊ နှုတ်အပ်ကျွေးသည်၊ ကျေးဇူးသခင်၊ တို့ ချစ်ရှင်။ ။ရင်ခွင်နေမြဲ၊ မသိဝဲကို၊ ကျူးရှဲမြို့တွင်း၊ စေလိုက်လျှင်း၍၊ မြဆင်းရိပ်မြိုင်၊ ရခိုင်တောင်ရွှေ၊



ရစ်ငွေသီတာ၊ ရွှေသာလျှံထွန်း၊ ရွှေနန်းတော်တောင်၊ ရွှေညောင်ပင်ဖျား၊ တန့်နားမေးမြန်း၊ ရွှေနန်းကသည်၊ မည်တွင်မနား၊ ပုံရှေသွား၍၊ မယ်ပါးခန်းတွင်း၊ ရောက်လေလျှင်းသော်၊ *ပတင်းပိတ်လှပ်၊ စွန်းတပ်မထင်၊ *ကေသျှင်လျော့မြန်း၊ ဆိမ္မွေးသွန်း၍၊ မလန်းမပျော်၊ ကျွန်ုပ်မြော်၏၊ သံတော်တင်ခေါက်၊ ပန်နှင့်လျှောက်သည်၊ မကောက်အလျှင်၊ သို့ပင်ကြာမြင့်၊ နွဲ့ဖင့်လေဟန်၊ ကျွန်လည်းခွေရေ၊ သက်ာချေမှ၊ နှုတ်ရွှေဟမြွက်၊ ပြာချောညက်သည်။ ။*မျက်သက်တွေးတော ရှိချေ၏။

(ဒု) တလူးလာလာ၊ မြည်ရင့်ကာတည့်၊ ခေါ်ရှာ မေးမြန်း၊ မည်မှန်းမထင်၊ မြို့ပြင်ထွက်ပြီး၊ ဆေးကြီး မြောက်ပါး၊ ကျောက်လှေကားသို့၊ ပုံသွားလျှင်ဟုံး မတန့်တုံသည်။ ။ကျွန်ယုံပန်းမော ရှိချေ၏။

(တ) တမွေ့ရေရေ၊ ရှင်တော်တွေကို၊ ဆံမွှေမညို၊ စိတ်ပုံကြည်သံ၊ နားတော်ခံ၍၊ မြည့်လျှံနာရီ၊ ခွက်ညီ ဖန်များ၊ လျှောက်ကြားသောတွေ၊ သက်ာကျေမှ၊ လက်ရွှေယုလှမ်း၊ ပန်းကိုနမ်း၍၊ မြည့်လျှမ်းသီတာ၊ ယဉ်သာကျေးကောက်၊ နန်းမြို့မြောက်ဝယ်၊ ကျော် ချောက်*မွန်ချောင်း၊ မွှေရှစ်သောင်းနှိုက်၊ စုံပေါင်း နှောင်နှင့်၊ ဖူးခွင့်ရေးရေး၊ ရည်ခန့်တွေး၍၊ မောင်တွေး ခရီး၊ နီးသည်ဖြစ်မူ၊ ရှင်ချစ်ရွှေတွင်၊ တင်ပါခဲ့ဟု၊ ချောနွဲ့ပြာဖြူ၊ မှာတော်မူသည်။ ။အတူကုသိုလ် ညီလေ၏။

(၁၂၆) ကဗျာညွန့်ပေါင်း ၀၃-မြန်မာညွန့်ပေါင်း -ပ- ၀၉။

www.kelasa.org

၁၂၇-ဥက္ကာပျံဆိုရတု (၁၀)

(ပ) **ချိန်ဆတွက်သည်၊** နှစ်ဝက်အာပ၊ လလည်း ကျူးတွေ၊ နေဗိမာန်လည်း၊ ယုဂန် အနား၊ ဆင်လမ်း သွား၍၊ဘဝါး စတွန်း၊တည့်မွန်း မထင်၊ကိုယ်ရိပ်ဝင်က၊ စိုပြင်ပြိုင်ကြောင်း၊ ဥဒေါင်းဟသ်ာ၊ ဇွက်ဘကာလည်း၊ မကွာရှည်ဆွဲ၊ သိုက်ဝယ်မြဲ၏၊ ဖော်ရှဲကိုယ်ထူး၊ မိန်းမူး မပြေ၊ ပျော်တွေမသာ၊ နေလှည့်ရောက်၊ နောင့်မှာမြည် ချေ၊ မယ်က စေသို၊ ဆော်တွေရင့်ကြွေး၊ တချေးချေး သည်။ **။ပဲတွေးနှုတ်သံ ညင်းသည်လော။**

(ဒု) **ထိန်မျှမြက်သည်၊**လျှပ်စက်ရွှေရည်၊နတ်ပြည် မသံ့၊ ဆယ်ရပ်နှံ့မျှ၊ လောင်အံ့ဘနန်း၊ မြတ်မိစွန်းက၊ သွန်းသွန်းရစ်ဆင့်၊ ကုန်းမြောင်တင့်သား၊ ကျူးရင့် သံညောင်း၊ တချောင်းချောင်းလျှင်၊ရှင်နှောင်းလည်းရေ၊ အလှလွန်ကြူး၊ရှင်ဦးလည်းမည်၊ နည်းသည်သားချင်း၊ စိုးမင်းနေရာ၊ ဆီကသာလျှင်၊ လှစ်ခွါတိမ်မှုန်၊ ပြုံးကခုန် သည်။ **။ပဇ္ဇုန်မယ်က ပင်းသည်လော။**

(တ) ***စိန်ကဆက်သည်၊** ဘိုးနတ်သိန်းခန့်၊ တိမ် နှယ်ညွန့်မျှ၊ ကျေးရှန့်ချူးစား၊ နဂါးဆိုင်မျိုး၊ မိုးခိုး သတွယ်၊ အလှယ်လှယ်ကို၊စိတ်ဝယ်အလျှောက်၊ချုံထပ် လျှောက်လည်း၊ လွမ်းအောက်မေ့တွေ၊ ချမ်းမပြေတည့်၊

(၁၂၇) မြန်မာစာညွန့်ပေါင်း -ပ-၀၇၊ ဥက္ကာပျံ ဆိုရိန် ဆတွက်သည် ချီရတု ;(၀ဇဗလသတ်ညွှန်း ၁၃, သျှင်ဥက္ကံသမာလာသတ်ညွှန်း၁၂၊စိန်ကဆက်သည်၊ ချိန်ဆတွက်သည်၊ထိန်မျှမြက်သည်-ချီ(ဝေါဟာရဗ္ဗ ပကာသနီ ၆၀၁)



ဖျော်ဖြေသက်မျှ၊ သခင်ကလျှင်၊ ကြောင်းစတွေလာ၊ သဝန်စာနှင့်၊ ဓေပါတာမန်၊ ရောက်ကောင်းတန်လျက်၊ ပြင်းထန်ရေကြီး၊ ချောင်းမြောင်းဆီး၍၊ ခရီးလမ်းမှာ၊ ဖင့်နွှဲကြသည်။ **။ကျွန် သာမိုးကြောင့် တင်းသည် လော။**

၁၂၈-ဥက္ကာပျံဆို ရတု (၁၁)

(ပ) **တဆောင်း နေပြောင်၊** ညိုလျှံဆောင်သား၊ တင့်ခေါင်သွယ်ညွှတ်၊ ဂိရိထွတ်ဝယ်၊ လှုနတ်များစွာ၊ မြဟ္မာအပေါင်း၊ဆယ်ချောင်းလက်ဖျား၊ဦးထိပ်ထား၍၊ ခစားဖိုရို၊ တောင်းဆုလိုက၊ မငြိုလျင်လှည့်၊ ရှင်ချစ် ဖြည့်လော့၊ မိတည့်နှောင်တော်၊ မြတ်ဘုန်းကျော်။ ။ ကြင်ဘော်သက်ပေး၊ ပျိုငြိမ့်လေးလျှင်၊ရှည်ဝေးမြင့်ကြာ၊ ဆီသာဝေမျှ၊ ကြွေပြိုက်ကျလျက်၊ နတ်လာကပေ၊ ရင်ရွှေ ခွါပြောင်း၊ မြစ်ကြောင်းရော၊ စုန်ရလာသော်၊ မြင့်ကြာ မနေ့၊ ရှည်ဝေးမညောင်း၊ မြိမ်းမောင်းသံပြိုင်၊ကျူးအိုင် ရင့်သည်း၊ တော်လည်းလျှင်၊ ဆယ်ခွင်ရပ်လုံး၊ မဖုံး ခင်မီ၊ ပြန်လည်ချီအောင်၊ ဘုန်းခေါင်ရင်ဘိ၊ ညက်တော် သိလော့၊ မုနိရတနာ၊ မြတ်သကျာသည်။ **။တေဇာ လျှံတက် မြူးလှည့်သော။**

(ဒု) **အမောင်းရွှေရောင်၊** တောသုံးထောင်လည်း၊ ကွာရှောင်ရက်မြောင်း၊ဖူးညောင်းသန္တာ၊စိမ်းပြာညိုလွှဲ၊

(၁၂၈) "သည်းဖျားလှမောင်၊ လျှပ်ပြရောင်ကြောင့်၊ သန် ကောင်သန့်လျှမ်း" ဥက္ကာပျံဆို (သောကပတိရာသီ ခွဲထား ၂၇၄-၁၆) ဆိပ်ပြင် လမ်းကြောင်း၊ ရှုကျောင်းရှိရာ၊ (ရှင်း ၂၀၃-၁၄)။

ချစ်ဖွယ်အပ၊ ငှက်မျိုးနှစ်၊ လည်ရစ်ရှက်တင်၊ လူသွင်စတော၊ တူနေရှင်လန်း၊ ချူးခက်နန်းထက်၊ အဆန်းထူးလည်၊ ရင့်ရမြည်က၊ ဖြိုင်စည်တောယံ၊ ငှက်ပေါင်းသံကို၊ တရိ မောင့်နား၊ ဆွတ်မျကြားသော်၊ သည်းဖျားလန့်ယောင်၊ လိပ်ပြာရောင်ကြောင့်၊ သန့်ကောင်သန့်လျှမ်း၊ လွှမ်းပန်း ခွေ့ခွေ့၊ အောက်မေ့မတည်၊ ဖြေဆည်မတတ်၊ ကြာနှယ် ညွတ်ခဲ့၊ ထိုနှုတ်ဘုန်းခေါင်၊ ရန်မှောင်ပယ်ခွင်၊ *ဆက်ဒန် ရှင်ကား၊ ကြာတင်လှဘိ၊ တရိနာမ၊ ခွေ့ဆက္ကနှင့်၊ သုည အလယ်၊ ပစ်ပယ်အငြူ၊ ဧကအတွရာ၊ ကျမ်းလာဗေဒင်၊ သိမြင်သသူ၊ ကြံ၍ယူလော၊ ဖြိုးထူများမြောင်၊ ရာထောင် ကုဋေ၊ ရံဗိုလ်တွေလည်း၊ ဘုံရွှေနန်းမြင့်၊ ပြန်ချိန်ခွင့်ကို၊ လင့်စပကာ၊ တင်းသိနာ၍၊ ထိုမှာတစ၊ မှာတခုလျှင်၊ *ရောရှုတိုင်ပင်၊ ဆိပ်ပြင်လမ်းကြောင်း၊ ဂူကျောင်းရှိရာ၊ တိုင်ကာ ရေရွှတ်၊ တတွတ်တွတ်သည်။ ။**ရင်ဘတ် သမ်းကာ မှူးလှည့်သော။**

(တ) **မညောင်း စမောင်**၊ နှုတ်ရွှေ စောင်နှင့်၊ ချစ်ယောင်သာဖြား၊ ဆိုသည်များကို၊ နောင့်နားကြား ထင်၊ စစ်ပွဲခွင်က၊ မရှင်ပျောင်းရိ၊ မချိတတ်ဘဲ၊ ဝမ်းကွဲ ပူဆာ၊ နေလှည့်ရာတွင်၊ အာကာလုံးဝယ်၊ မြနှယ် အဆင်း၊ ဝါဝင်းတရပ်၊ ဝင်းလျှပ်ရှက်တင်၊ ပတ်ကုံး ဆင်၍၊ သံထင်ရင့်မြည်၊ ရွာလသည်ကား၊ ရွှေပြည်ရပ်သူ၊ မြာဖြူထွားပျို၊ လဲ့လဲ့ညိုလျှင်၊ နဂိုရ်ခြောက်ထိပ်၊ စိုးချုပ် နှိပ်သည်၊ ဘုန်းရိပ် လျှံပြောင်၊ သူဇော် မောင်ကို၊ လက်ဆောင်ဆယ်မြွာ၊ ဆယ်စုံကြာနှင့်၊ ပန်ထွာကြားချေ၊ နှုတ်ရွှေချီမြ၊ ဖျာဒိတ်ရ၍၊ ရွာချသည်လော၊ တွေးတော

www.kelasa.org



လှည့်ကာ၊ အောက်မေ့ရှာသော်၊ ဒေဝါမာယာ၊ ဝသာ ဣန္ဒာ၊ မေဃလာသို့၊ လွှမ်းရာလျှောက်ကူ၊ နားပူနားဆာ၊ အာကာခွေချက်၊ ပြိုအက်ဘနန်း၊ ဓါမှန်းမသိ၊ စိတ်ရှိ တိုင်းသာ၊ ထောက်-မစာသည်။ ။**ချိန်ခါထိုမှဲ့ ကျူး လှည့်သော။**

---

၁၂၉-ဥက္ကာပျံဆို ရတု (၁၂)

(ပ) **မယ်ဆွတ်လွမ်းစွ**၊ မချိလှတည်၊ ကျေးမြဇမ္ဗူ ရှင်ရပ်သူ။ ။သူကားကျန်မေ့၊ မခွေ့မညွတ်၊ မဆွတ် မလွမ်း၊ မရှမ်းမသွယ်၊ ကြာရေနှယ်လျှင်၊ ရွှေချယ် ပြောက်သန်း၊ ပြောင်မှုရှန်းသည်၊ မြနန်းသလွန်၊ စက်ရာ ကျန်ခဲ့၊ ပြန်လျှောက်ပလေ၊ ခန့်လျှင်တွေမူ၊ ရှည်နေ ကြာမြင့်၊ မင့်နှင့်တော့၊ မတင့်ပေခဲ့၊ နှလုံးမဲ့ကား၊ ငွဲ့ငွဲ့ နောင်းနောင်း၊ ယုံကယ်ကောင်းလျှင်၊ ယောင်းယောင်း ဖြားဖြား၊ စကားဟူက၊ လွန်မောလှ၏၊ နှိမ့်ချချေတင်၊ ရှင့်ဆင်းပြင်သည်။ ။**မြင်လျှင် မောင်သိ ရမည်ကို။**

(ဒ) **ရှယ်မှတ်ဝမ်းက**၊ တချောင်းပတည့်၊ ကျေးမြ ဇမ္ဗူ၊ သိသည်မူလော၊ သူတပါးနား၊ သို့တွေပြားကို၊ ကြားသိလေနိုး၊ မယ်ရှက်ဖိုးစွ၊ ဆောင်းမိုးစကြာ၊ မနကာသမျှ၊ မင်းဖျား ဦးကင်း၊ ထိပ်ဆီ နှင်းသား၊

---

(၁၂၉) ကဗျာညွှန့်ပေါင်း-ဂ၄,မြန်မာစာညွှန့်ပေါင်း ပ-၉၀၊ ဝမှန်းကို ရခိုင်ဥက္ကာပျံဆို မယ်ဆွတ်လွမ်းစွ-ချီသည့်ရတုတွင် "မဥ္ဇူဝမှန်း၊ အင်ဖနန်းနှင့်၊ တောင်ကုန်းထိပ်တွင်၊ မြဆံကျင်ကို" (ဂဇာလသတ်ညွှန်း-၁၉)။

ချစ်ခြင်းမိဘ၊ *မှန်းထိမ်းကြ၍၊ ဝိုးရပိုင်လေ၊ ဖြစ်သော ထွေကြောင့်၊ ရစ်ခွေပတ်ဝိုက်၊ ကြင်မိလိုက်ရှင့်၊သည်နှိုက် အပ၊ ဘဝနောင်ရွှေ၊ ဟူသရွေ့လည်း၊ မတွေ့ကြုံလို၊ မြွက်ဆို *လှယ်လှယ်၊ သည်သူ့နှယ်ကို၊ ဝမ်းဝယ် ထွေထွေ၊ မတတ်ချေတည့်၊ ခေါင်တွေမြင့်မိုရ်၊ ရှင်ထိပ် ဆိုဝယ်၊ လိုလိုရာရာ၊ ဧပါသမျှ၊ ကုန်မောလှ၏၊ ပြင်ပ သိမ်းမွေး၊ နှုတ်အစ် ကျွေးသည်။ ။ထိုကျေး ပင်ကို မျှရည်ဆို။

(ဘ) သွယ်ဘွတ်ရှမ်းကျ၊ ပြိုက်မောလှ၏၊ ကြွေမျှ သည်းအူ၊ ယူသို့စိတ်ဝမ်း၊လွမ်း၍*ထွတ်လွှတ်၊ချစ်သည်း ပွတ်လည်း၊ *မိန်းပြတ်ကြေဆု၊ ပျောင်းပျပုစ္စ၊ ရွှေတူ ချယ်ရေး၊ ရှင်ရပ်ကျေး။ ။သုံးလေးပတ်ကုံး၊ ရပ်အလုံး ကို၊ လွှမ်းဖုံးမိုးပြန့်၊ နေနယ်ကွန့်သည်၊ သည်နန့်တရိုး၊ မင်းတို့မျိုးကို၊ ချစ်ကျိုးရှိမူ၊ တင်သသူက၊ ပျောင်းပျ ပန်းရို၊ ချင်ဘွယ်ရှိုစွာ၊ ပုံဘိချေမောင်၊လျင်အောင်မကြာ၊ ပြန်ခဲ့လာမူ၊ *ဝေလာတောင်ထွတ်၊ နတ်များ့ရှင်ပန်း၊ ပုံ့မွှန်းလှိုင်ကြူ၊ဆင်ရာမှုကား၊မဉ္ဇူဂမုန်း၊အင်မနှုန်းနှင့်၊ တောင်ကုန်း ထိပ်တွင်၊ မြတ်ဆံရှင်ကို။ ။ဆက်တင် ညွှတ်ရှိ ခကြည်ညို။

၁၃၀-မကွေးတရာစောဆို ရတု(၁)

(ပ) ခြိမ့်မျှပတ်လည်၊ဆော်ရှမ်းသည်မူ၊ စက်ခြည် စက်ပန်း၊ *ဝိဂန္ဓွန်းကာ၊ခရန်း စိမ်းဝါ၊လည်မှာ*သွယ် ပျောင်း၊ *နားတောင်း လက်ကောက်၊ လျှံတောက် လူလူ၊ *သရဘူနှင့်၊ ရွှေမြူသင်တိုင်း၊ ဆွယ်နှိုင်းမမြင်၊



ဆင်ယင်တင့်ခေါင်၊ သူဇာ့မောင်လျှင်၊ မြောက်တောင် ရှေ့နောက်၊ပတ်လျှောက်လည်ဝိုက်၊ ဗယ်ရိုက်ညာခွေ၊ ထွေထွေခုန်မြူး၊ ဝါကျူးမည်ခန့်၊ သန့်မိုး ညွန့်ဝယ်၊ နှစ်တန့်မဆုံး၊ ညဥ့်လုံးရက်ဆင့်၊ တရင့်ရင့်သည်။ ။ တိမ်ပွင့် ရှက်ဆိုင် ဝှန်လှည့်သော။

(ဒ) နှိမ့်ချညွှတ်ကြည်၊ လျှောက်ပါသည်မူ၊ နား လည်ကြောင်းကြောင်း၊ ဘော်ပေါင်းငယ်ဘက်၊ ဖြည်း သက်ပျံ့ရှား၊ ပန်သည်ကြားလည်း၊ သနားဘွယ်တီ၊ မှက်စိမူးမော်၊ ကြည့်တိုင်းပျော်ရှင့်၊ရွှေလှော်ဆင်းပြင်၊ ဝင်းညက်စင်မူ၊ တိုင်းပင်ကျင့်တမ်း၊ မဆမ်း ပျူငှာ၊ လက်ယာချညွှတ်၊ *မြိုင်လွှတ်ရွှန်း၊ ရှိမ်းမှုလွမ်းရှာ၊ သလွန်သာထက်၊ ခြင်းရာမပြ၊ မဟာရိပ်မြည်၊ နေခဲ့သည် ကြောင့်၊ ခေါက်တည်မတိမ်၊ ဝိုးရိမ်ထပ်တာ၊ ကျွန်ုပ် မှာသည်။ ။မျာပါသူ့ထက် လွန်လှည့်သော။

(ဓ) ငြိမ့်မျှမွှတ်သည်၊နောင်သက်ရည်မူ၊ မြောက် ပြည် ဘုံထွတ်၊ ထိုနတ်မြတ်ဝယ်၊ စံလွှတ်ဘက်ရှာ၊ လှ မောစွာနှင့်၊ ပြိုင်လှာသော်လည်း၊*ဖျင်ပည်းများစွာ၊ ကြယ်တကာဝယ်၊*ဓသော်တာရောင်မြည်၊ ထွန်းလသည် သို့၊စင်ကြည်ပြစ်လွင့်၊ ကျူးလွန်တင့်လိမ့်၊သခင့်ကြောင်း လျှင်၊ ခံအင်ရေးမြား၊ စက်သွားစောင်ရန်း၊ လုံ့ချွန်ဓား တီ၊ ရံသည်ရှိလည်း၊ သတိခိုင်လှ၊*သံဝေကဲလွန်၊ တွေ

(၁၃၀)စက်ခြည်စက်ပန်း၊ ယုဂန်ခွန်းကာ၊ ခရန်းစိမ်းဝါ၊ မကွေးတရာစား၊ (လောကပဟိတ ရာသီဖွဲ့ထား- ၃၀၄-၇၅)။ ဘိုးတော်မင်းတရား ကျိုင်းရုံးချီတွင် ဆိုသည့်စာ(၁၃၂-အမှာ)

သည့်ကျွန်ဟု၊ ဆံထွန်းမစို၊ လက်ရှုံးဒိုးအုံ၊ *ထမ်းဝိုး ထင်ရှိ၊ သည်အဖြစ်ကို၊ ရှင်ချစ်နတ်များ၊ မသနား လည်း၊ ၊တွေပြားမေ့မလျော့ ကျန်လှည့်သော။

၁၃၁-မကွေးတာရာစားဆို ရတု (၂)

(ပ) မိုးကြွင်းရက်ဝယ်၊ ပေါ်ဆန်း ကြယ်သား၊ မြဲချယ်ချပ်ရုံ၊ ရှောင်ကျုံတမျှပွင့်သည်ပတုံ၊ ရွှေရွှန်းကွေး ရှိသေးစီသင့်၊ နှစ်တွေတင့်သား၊ သခင့်ပန်ရာ၊ အနော် ဇာနှင့်၊ မကြာဖူးလွှယ်၊ ရခုရွယ်၍ ခြောက်သွယ် ညှာကိုရောင်၊ ရွှေနန်းမတောင်ဝယ်၊ ညီနောင်လေးပေါ်း ‡ကင်း ဘုရားကို၊ ရက်များမကျူး၊ ခေါင်းဦးငြိုက်၊ တန့်ဆောင် နှိုက်လျှပ်၊ နှံ့ပိုက်ယုယ၊ ပျပျလေးမြတ်၊ ရလျှား ပတ်လျက်၊ မြတ်မြတ် နုပင်၊ ဖြည့်စေချင်ဟု ကြည်လင် ရှိအောက်၊ တင်ကြား လျှောက်သည်။ ။ နှစ်ခေါက်ပရှိရစေသော။

(ဒု) မျိုးချင်းဘက်ရှယ်၊ ချစ်စ-ရှယ်လည်း၊ ငယ် သည်ဖြစ်၍ ရှင်ချစ်မွေးမိ၊ မသိကြောင်းစားလင့်သမျှကို၊ ထိန်းယခွေဘော်၊ ရွှေနားတော်ဝယ်၊ နားပျော်စိမ့်ဟု၊ နှစ်သိမ့်ဘန်ဘန်၊ ပြန်လျှောက်ကြားမှ၊ သနားကြည်လင်၊ နှုတ်ရွှေစင်နှင့်၊ မိခင်မွေးဘ၊ ဆုံးမပေးရာ၊ မိန့်လိုက်မှာက၊ မျှပါပျောက်ထွင့်၊ တထပ်ပွင့်ရှင့်၊ ရက်မြင့်ကာလ၊ ဘယ်နေ့ညဟု၊ မွေးပျနှုတ်ထွက်၊ ဆက်ဆက်ရိုပ်မြည်၊ မကြားသည်နှင့်၊ ဆီးရည်သေးဖွဲ့၊ လေသစ်လဲလျက်၊ ခဲမရှုသား၊ မိုးကိုတားသည်၊ ၊လွှမ်းဖော ကြီးမြန် လှချေသော။





(တ) စိုးမင်း သက်လှယ်၊ ရွှေသည် မယ်လျှင်၊ ရစ်လွှယ်ရလည်း၊ ထုံးတေည်းက၊ သိရည်းကြီးက၊ မြင့်ပေကြာဟု၊ ဝမ်းမှာခစ္စေ၊ အောက်မေ့ရွှေလျှင်၊ ရက်နေ့ဇာတာ၊ ကောင်းအခါကို၊ ညီညာနေကျ၊ မိန့် တော်ဟာဒု၊ ကြောင့်ကြစိုးရိမ်၊ ခမြိမ်လန်းလန်းရွှေကြာ ပန်းသို့၊ ဗိုဏ်ကျန်းသာယာ၊ ပျော်လွှင့်ပါအုံ၊ မေတ္တာ များကြွယ်၊ ကျွန်ုပ်ဝယ်ကား၊ မိုးလယ်တိမ်ချပ်၊ ကဲ့သို့ ထပ်၍၊ နှစ်ခေလာချပ်၊ ရှိသည်တွင်ကို၊ ညွှတ်ရင်ကြော၊ ဖြည့်လှင်းပါလော့၊ † ရှန်မှာကျွန်ုပ်ထွက်၊ ပြင်မောက် သည်၊ ၊ညီလက်ခြောက်ရောင် ပ-ပေသော။

၁၃၂-မကွေးတာရာစားဆို ရတု (၃)

(ပ) ရုံဝန်းမြောင်လည်း၊ ချမ်းခအား ကြည်သား၊ နေခြည်မစက်၊ ယွှန်းထွက်ညီရှုး၊ ငါးလုံးလှတင့်၊ စဉ်သင့် ညီညွတ်၊ နဝရတ်၏၊ တည်မှတ်လက်ယာ၊ ဟောဝန္တာဝယ်၊ ရာဇာသူဝ၊ မြောက်ထိုက်လှသား၊ ထိုကန္တယ်စေ၊ သား မြေးဖြစ်၍၊ ကြင်ချစ်မြတ်လေး၊ သခင်ပေးသား၊ ချယ်ရေး ပြောက်ထွက်၊ ခြားမစက်သည်၊ ကိုးမျက်စီကုံး၊ ကျေးတင့် ဆုံး။ ။ ခန်းလုံးကျွန်းစည်၊ *သင်းတွဲပြည့်ကို၊ စိုးသည် သနင်း၊ ဥတည်ခင်း၏၊ ရင်တွင်းသည်းချာ၊ ကျွန်ုပ်သာဟု၊ ရေးရာရော်းထောက်၊ ညွှတ်လျှောက်၍၊ ။ပတ်ခေါက် မကြာ လျှင်လှပါ။

(၁၃၂) မကွေးတာရာစားဆိုရတုတွင် “ရုံဝန်းမြောင်လည်း၊ ချမ်းကြည်က၊ နေခြည်မစက်၊ ယွှန်းထွက်ညီရှုး” (ကဗျာလင်္ကာဒီပနီ ၃၆၈)၊ † ဟွန်းဟွာ(ပေမူ)

(ဗု) စံကျွန်းခေါင်တည်၊ ရပ်လေးမည်ကို၊ လှည့်လည် မလောက်၊ စက်ဖြင့်ရောက်သော်၊ ချစ်ကြောက်ရှင်လန်း၊ ထီးနန်းဆက်နှင်း၊ ထိုထိုမင်းကို၊ လွန်ပြင်းသနား၊ မှာထားခဲ့ပြန်၊ ဗိမာန်ဘုံလယ်၊ စံစံပယ်သို့၊ ဘုန်းကြွယ်ထွတ်တင်၊ ကျွန်းလုံးရှင်လည်း၊ တောင်ခွင်ကသည်၊ ရွှေသို့လည်မှ၊ ရွှေပြည်ဌာန၊ ပြန်တော်ကြွဟု၊ ဂန္ဓာရတိုင်း၊ ပတ်သိုင်းဝန်းလည်၊ ချီမည်သတင်း၊ ပျံ့ပျံ့ရှင်း၍၊ ဘမင်းမယ်ခတော်၊ ရှုမျှော်နိုးဝေး၊ သည်အရေးကို၊ သားတွေးသက်ဖျ၊ မယ်လျှောက်မှဟု၊ ပေတကျွန်လျှောက်၊ ထံအောက်စကြာ၊ ချမ်းသာ စေအောင်၊ မရှုရောင် မိန့်စက်၊ နှုတ်တော် နက်ကို။ ။**ထိပ်ထက်ဦးကြာ ဆင်ရလှာ။**

(ဘ) လျှံထွန်းရောင်ခြည်၊ တောင်ဝန်း လည်ကို၊ စိုးသည်သနင်း၊ ထိုထိုမင်းတို့၊ လျှံဝင်းတောက်ထွန်း၊ ရွှေနန်းသခင်၊ နတ်ရှင်ဘုရား၊ ချီသည်ကြားက၊ ရှောင်ရှား လွတ်ကြောင်း၊ ရေတောင် အောင်းလည်း၊ ဘေးလောင်းစည်သူ၊ ရှေးရှုစံခါ၊ ကြမ္မာချွတ်ယွင်း၊ မာန်အောင်မင်းသို့၊ သတင်းကျော်နှံ့၊ ဖြစ်တို့အံ့ဟု၊ အလှုံ့ကြီးဘုန်း၊ စက်တော်ဦးကို၊ ရေးကူးတင်ယူ၊ ထီးဖြူမှတ်နေ၊ ဆောင်ကြွလေမှ၊ ရွှေခမြိုဟံသာ၊ ဘိုးတော်ရာနိုက်၊ ရတနာပေါင်း၊ ထပ်လောင်းလုပ်ဆင့်၊ ပြီးနှင့်ချိန်တန်၊ စစ်ပြန်သဘင်၊ စီရင်စဉ်နိုက်၊ ဗိုက်ဗိုက်ရွှေမှောက်၊ ကျွန်ုပ်လျှောက်သော်၊ ဝမ်းမြောက်ကြည်ဖြူ၊ ရှင်တော်မူ၏၊ ပြိုင်တူထွတ်ထားတင်ဘန်များသည်။ ။**သကြားနှင့်သာ သွင်မျှရာ။**

---



## ၁၃၃-မကွေးတရာစားဆို ရတု (၄)

(ပ) **ရှက်ရင့်ကြွေ၍၊** ပင်မနေဆင့်လောင်း၊ ပန်းမျိုးပေါင်းတိ၊ ပျံ့လှောင်းကြိုင်ဖွာ၊ *ဟေဝန္တာက၊ စဉ်လာမျိုးဆွေ၊ ဇာတိနေလျက်၊ ပို့ပေနောင်မှာ၊ ရောက်ပေလှာ၍၊ လိမ္မာတတ်ပွန်၊ လူ့သညာန်ဖြင့်၊ တဆံခြမ်းမျှ မစွန့်ရသည်၊ ကြည်လှတွယ်မော၊ ရွှေကြက်တော။ ။ မြှာချော့ညက်ချော၊ သခင်နေသည်၊ **သာ**တွေ့လူးဆန်း၊ တောင်ညာနန်းနိုက်၊ ညိုးမြိန်းဖျာပါ၊ ကြင်နာထပ်ရစ်၊ လွမ်းသည်ဖြစ်ကို၊ ညီချစ်ရှင်လန်း၊ သည့်ပန်းနှင့်ပင်၊ ဆက်လျှင်ပါချေ၊ သည်စာခွေကို၊ သ-စေမြဲနှောင်၊ ညီကျေး မောင်သည်။ ။**လျှင်အောင် ဆက်ပါချေတော့လော။**

(ဒု) **သက်နှင့်ဝေ၍၊** တူမနေချင်လွန်း၊ ညိုရောင်ရွှန်းကြောင့်၊ မြပန်းဝတ်ဆံ၊ ချိပ်ရည်မံသို့၊ နှိုင်းစံလွှတ်စင်၊ နှောင်သည်ပင်ကို၊ မမြင်သည်နေ့၊ အောက်မေ့မကူ၊ သည်းအူဆွတ်ပျံ့၊ တည့် မတုံ့တည်း၊ ဆည်ငံ့မသာ၊ လေးဝါလလုံး၊ စောင့်သုံးသည်တွင်၊ မြစ်ခွင်ကိုင်းကျွန်း၊ ဖောင်းပန်းလူလူ၊ ကျူလည်းဖွေးဖွေး၊ မြည်သံလေးနှင့်၊ မြစ်တွေးဝိန်ညင်း၊ ဖော်သောင်တင်းတို့၊ သံညင်းဗိုမ၊ မြူထူးကြ၍၊ ကာလအလျောက်၊ ရာပေါက်သွန်ကြဲ၊ အုပ်မဲမှိုင်းမှိုင်း၊ ဝဲကိုင်းမပေါ်၊ ပြိုင်မမြော်ခဲ့၊ ရှည်ဘော်ယက်ကျွမ်း၊ နောင့်ကိုလွမ်း၍၊ ညချမ်းသန်းကောင်၊ မိုးလရောင်သည်။ ။**မြောင်မြောင် တက်ပါစေတော့လော။**

(ဘ) **ရက်ဖြင့်ရေ၍၊** ဖျော်မြေလှည့်ကာ၊ နှောင်သာကျလွန်၊ ကြင်တန်ပေထိုက်၊ ဆင်လိုက်ညိုရှိမ်း၊ မြဘက်

www.kelasa.org

စိမ်းနှင့်၊ ကိုယ်လိမ်းကြိုင်အေး၊ ဆီမွှေးမတင်၊မပြုပြင်တိ၊ သို့ပင်-တင့်နေ၊ ဆံကေသာရှက်၊ စည်းကြက်တောင်ဆွ၊ ယုယကိုယ်ဝယ်၊ စံပယ်တင်သစ်၊ ကျစ်လျစ်မှုထား၊ သနားဘွယ်သာ၊ ငယ်ပျူဟာနှင့်၊ သည်ဝါတွင်းဝယ်၊ ရက်-ကိုးဆယ်ကို၊ ကုန့်လွယ်စေချင်၊ ယုဝင်မတတ်၊ ယိုရွှမ်းစွတ်မျှ၊လွမ်းဆွတ်သောဟန်နှိုးဆော်ဘန်၍။ ။ **သိန်းငွန်ထွက်ပါ စေတော့လော။**

---

၁၃၄-ကန်တူးမောင်လျှမ်းဆို ရတု (၁)

(ပ) **ဘက်အင်ရည်တူ၊** အလှဟူက၊ သူမပြိုင်ထိုက်၊ ဝင်းရောင်မြိုက်ကို၊ နှဲ့ပိုက်†ယှဉ်ဘက်၊ ချိမည့် ရက်က၊ ဖြည်းသက်မြောက်လေ၊ မယွန်းစေဟု၊ တွေတွေ ဖန်များ၊ [လျှောက်လှည့်ဖြားလည်း]၊ ဆပွားကဲလွန်၊ အုံသည်းမြန်မျှ၊ ပန်မိလစေ၊ ချိုးရေ-မှတ်ရည်၊ မျော်နှင့်မည်ဟု၊ မိန့်သည်ကိုမျှ၊မြွက်ဟာစဉ်စီ၊မပီတွေ့ချွေ၊ပျောင်းရှာသွေ့သည်။ ။**ခွေ့ခွေ့သွယ်ရှာ ဖြင်တော့သည်။**

---

(၁၃၄)နဝဒေးရတု ၁၉၄-၌ နဝဒေးရေးဟု ဆို၏၊ "ကန်တူးပေါက်လျှမ်း ဆိုသည့် စာတွင် ဟစ်တည့်ကြော်ကြော်၊ လာလှည့်ခေါ်သော်၊ ဖောင်ကျော်တက်လှေ-ဟုစပ်သည်ကား ဟစ်ကြော်သည်ဆိုသောစကားသည် ငြာကြော်သည်ဆိုသော စကားနှင့် အဓိပ္ပါယ်သဘောတူဖြစ်သည်၊ (မြန်မာသံယောဂဒီပနီ ၅၆-၇၀)၊ ပေါက်လျှမ်း,ဖောင်လျှမ်း အရေးနှစ်မျိုးရှိသည်၊ သံယောဂကိုးပြသည့် စာပိုဒ်ပါရတုကို မတွေ့ရသေး။ † ရင်ညက်(ပေမူတစောင် မူကွဲရှိသည်)

www.elasa.org



(ဒ) **ညက်စင်ကြည်မြူ၊**တင့်မှုရှုနှင့်၊ ဇမ္ဗူရွှေမှည့်၊ စံတင်လှည့်သို့၊ ဖြိုးပြည့်သရေ၊ တင့်နေရုပ်ဟန်၊ ဆင်းတံခွန်မူ၊ သလွန်ပြောက်စင်၊ မွေ့ရာခွင်နှိုက်၊ သဇင်မျိုမွှန်း၊ မှီအုံးဝန်းဝယ်၊ ညှိုးမြန်းရစ်ခွေ၊ ရှိရစ်တွေကို၊ ဆည်ဖြေမလှည့်၊ မြော်ခဲ့သည့်ကြောင့်၊ မိုးရှည့်ကဲလွန်၊ ထပ်ကာဝှန်တိ၊ ရံဖန်မခွေ၊ ပျောင်းမျဉ်းခွေ့သည်။ ။ **ရွှေရွှေဝယ်သာ ထင်တော့သည်။**

(တ) **စက်ရှင်မဒူ၊** ပန်းအတူလျှင်၊ လှဟုတိုင်းနတ်၊ ချောယောင်မွတ်ကို၊ ထိပ်ထွတ်လည်တွင်၊မဆင်မိပြစ်၊ ကျန်ပေရစ်သော်၊ ပတ်ရစ်ရှက်တွေး၊ တိမ်သို့မြေးမျှ၊ ပျံ့မွှေးနေသည်၊ ဘုံရွှေပြည်သို့၊ လေခြည် ပျံ့သန်း၊ ရောက်ချင်လွန်းငဲ့၊ ပ-ထွန်းရောင်ဝါ၊ ရှင်တော်ရာလျှင်၊ သီတာချမ်းမြ၊ ဖြန်းဆွတ်-ပ-လော့၊ဌာနယွန်းပြည်၊ တွေ့တီသည်လည်း၊ ဆီးရည်ကျဖြိုး၊ ထပ်ကာမိုးတိ၊ တောင်ခိုးရေငွေ့၊ ပြောင်းမငွေ့သည်၊ ။**ဝေ့ဝေ့ဗယ်ညာ ဆင်တော့သည်။**

---

၁၃၅-ကန်တူးမောင်လျှမ်းဆိုရတု (၂)

(ပ) မိုး*ရှည့်မျှပင်၊ သိင်္ဂရောင်ဝှန်၊ သာမျိုးလွန်သား၊ ဗိမာန်တုံဆင့်၊ ပြာသာဒ် မြင့်ထက်၊ ရှင်ပင့် စတော၊ စံပယ်နေသို့၊ စံရွှေနိုတုံ၊ မျက်စုံပြည့်တိ၊ ဝင်းဝင်းညိမျှ၊နှံ့သိမည်တော်၊ လွှံ့ဝန်းခေါ်သည်၊ မြကျော် ဘုံထွတ်၊ သုံးလူ့နတ်။ ။စက်မြက်တော်အောက်၊ ဖူးရရောက်လည်း၊ပြိုင်ထောက်မဆွယ်၊သနားဘွယ်ကြောင့်၊ မြိုက်သွယ်နှိုမ်းယို၊ ကျွတ်ဆုကိုမျှ၊ သံချီ-ဟ-မြွက်၊ မတောင်းရက်သည်။ ။**ထိပ်ထက်ရှိုင်ငုံ တင်ကာသော။**

(ဒု) ဖြိုးဖြည့်လွှာအင်၊ ကျွန့်ပိကြင်သား၊ အသွင်နတ်ထက်၊ မိကြင်ဘက်ကို၊ ရင်ညက်ရွှေခဲ၊ ဋ္ဌာဆဲဆဲဝယ်၊ ပုလဲသွယ်ပြိုက်၊ နှင်းနှယ်မိုက်မျှ၊ ဆွတ်ရိုက်ညှိုးငယ်၊ သနားဘွယ်တိ၊ လည်ဝယ်ပတ်ခွေး မကြာစေဟု၊ မြေလည်းမပျော်၊ *ဇိုက်ခေါ်ဖန်ဖန်၊ရှိရစ်ဟန်ကို၊ဆယ်ပြန်ဆယ်တွေ၊ အောက်မေ့ ချေက၊ မြောက်ရေ မိုးစွန်၊ မြောက်ဆယ်*ကွန်သို့၊ ရုံဖန်မဆိုင်း၊ တိမ်နှယ် မှိုင်းသည်။ ။ရှုတိုင်းမျက်နှာ ထင်ကာသော။

(တ) စိုးသည်ပလျှင်၊တပြုလျှပ်ခြည်၊ ခါမည်သည်မျှ၊ ဖြေဆည်မသ ၁၊ ဖြစ်ခြင်းရာကို၊ မြောက်ဖြာ ညွှတ်ရောင်၊ ဝင်းရွှန်းပြောင်သား၊ သုံးဘောင်လူနတ်၊ သကျွတ်လျှင်၊ သက်မှတ်နေရာ၊ ဘုံအောင်ချာသို့၊ မကြာစိုပေါင်း၊ ရောက်မည်ကြောင်းကို၊ သွန်းလောင်းမေတ္တာ၊ ဖြည့်လျှင်းပါလော့၊ ပမာရည်တူ၊ လွမ်းခြင်း ဟူက၊ မည်သူမတာန်၊ ကျွန်ပ်ကျွန်ကား၊ ယုဂန်ရစ်ဆို၊ ဓလေးရောင်ဟိုသား၊ မြင်းမိုရ်မနည်း၊ထပ်ဖွန်ပည်းသည်။ ။ **စက်လည်းခုခု မြင်ကာသော။**

---

၁၃၆–မခေါမင်းဆို ရတု (၁)

(ပ) စံမြောက်ဘက်ကျွေ၊ အသရေတီ၊ မြူတေ လျှံတက်၊ မြာန္တီညက်နှင့်၊ ပိုက်ဘက်နွဲ့ကျူး၊ [ချိုမူးမူးဝယ်]၊ ပန်းဦးငုံပြိုင်၊ မလှိုင်စဘူး၊ မကျူးရက်ရှည်၊ မြန်လျှင်း

(၁၃၀) နဝဒေးရတု ၂၃၁–၌ နဝဒေးရေးဟု ဆိုသည်၊ ထို့ပြင် ဤရတုကိုစုသော လက်ဝဲနော်ရထာပင် ရေးသည့် မြန်မာသံယောဂဒီပနီ ၁၂၃–၌ နဝ



မည်ဟု၊ သာကြည်လှည့်ဖြား၊ လျောက်ဖန်များမှ၊ သနား*ဆွတ်လွတ်၊ အောက်မေ့လတ်သော်၊ မပြတ်သွယ်ခွေ၊ မှာလိုက်ပေ၏၊ ရက်ရေခါသင့်၊ လွမ်းချိန်လင့်၍၊ နေနှင့်ရစ်မည်၊ မိန့်ရှုတ်ရည်ကြောင့်၊ ဆောက်တည်မမေ့၊ [ချိုဥ္ဓ၍လျှင်]၊ တနေ့ဆယ်ခါ၊ လွမ်းလှည့်ရာကို၊ သူ့ရှာရပ်စည်၊ ချမ်းဘိသည်မှု၊ ညဥ့်ရှည် မြေ့မြေ့၊ မပျော်မွေ့ခဲ့၊ တောင်ရွှေနှင့်ဆီး၊ ခပေါင်းရှုစီးသို့၊ မညီးနေခြည်၊မှိုင်းရစ်လည်သည်။ ။**ထင်းမည် မူထင် ပြီလှည့်သော။**

(ဒု) ပျံရောက်မက်ချေ၊မယ်တို့နေသား၊ ရွှေမြေ*မှန်ပု၊ နတ်လူရှုသည်၊ ကေတုမတီ၊ ခေါ်ညီတွင်မည်၊ နန်းဆက်ရည်သား၊ တိုင်းစည်ရှု၍၊ နဂရ–ဟု၊ မြည်မရိပ်မြို့၊ နန်းရွှေဘုံသို့၊ အာရုံမကွက်၊ မျဉ်းကိန်း စက်သော်၊ အိပ်မက်တည့်မှန်၊ နတ်တို့ဖန်သို့၊ ကြင်တန်ထိုက်ပေ၊ လှပြိမ့်ချေ၏၊ ရဝေခန်းသာ၊ စက်ခွေရာဝယ်၊ ရှဉ်ကာလျောင်းမှ၊ စုံပေါင်းသာရှင်၊ အကယ်တင်၍၊ မြာစင်ချောညက်၊ လှသည်လက်ကို၊ စုံမက်ကျွမ်းချစ်၊ နှောင်လည်ရစ်၍၊ ဖြစ်သစ်ဖြစ်ဟောင်း၊ အကြောင်း*ဒီလျဉ်၊ ပြောကြစဉ်ဝယ်၊ဝိညာဉ်လန့်စိုး၊ *ဖြုတ်ခြည်းနိုးက၊ *သမ်းညှိုးဝေလောင်၊ မွေ့ရာဘောင်ထက်၊ ခေါ်

ဒေးဆို၊ မနော်။ ၎င်းဆို စံမြောက်ဖက်ကျွေ ချီသည့်ရတုတွင် ဥမင်နန်းကျောင်း၊ရလိုင်ခေါင်းနှင့်၊ ပျောင်ကြောင်းဆန်းကြယ်ဟုပြမှာခဲ့သည်၊ထိုလက်ဝဲနော်ရထာသည်ပင် ဤရတုရှ၌ မခေါမင်းဆိုဟု စာခေါင်းတပ်ပြန်သည်။

www.kelasa.org

ယောင်ဆိုတမ်း၊ မြှိုက်ယိုရွှမ်းသည်။ ။**အလွမ်းနှင်း နှယ် ရီလှည့်သော။**

(ထ) လျှံတောက်စက်ရွှေ၊ မိန့်တော် ဘွေလည်း၊ ပြန်စေလျှင်နေ့၊ မကြာသေးတည့်၊ ပြည်ရေးထဲရော၊ ယသီဘာတု၊ ဝမ်းမှာစုရွေ၊ အောက်မေ့ချေသော် မင်းနေသရစ်၊ သာလီမွဲဖြစ်ကား၊ မြစ်လည်းနှစ်ဖြာ၊ သီတာ ပေါင်းလောင်း၊ ခပေါင်းမြစ်ဆက်၊ ရွှေဘက် ရပ်ခွင်၊ အင်းပြင်*အခင်တိုင်း၊ ခက်ကျိုင်း စုံလောင်း၊ ချမ်းရိပ် ဆောင်းနှင့်၊ ကိုးသောင်းမြတ်မွေ၊ သနေရ ဓာတ်၊ လှနတ်တန်ဆောင်၊ ညီနောင်ဝံတိ၊ မြင်မိမြင် ထင်၊ ဥမင် နန်းကျောင်း၊ ဂူလိုင် ခေါင်းနှင့်၊ ပျော် ကြောင်းစေန်းကြယ်၊ ရွှေမြို့လယ်နိုက်၊ အံ့ဘွယ်ရတနာ၊ ရှင်တော်ရာဟု၊ ခြောက်ဖြာရောင်ဟုံ၊ မြစည်းခုံလည်း၊ အာရုံသဖွယ်၊ တိမ်နှင့်ဆွယ်သည်။ ။**မိုးထယ်ပြူးမျှ သီလှည့်သော။**

---

၁၃၇-မခေါ်မင်းဆို ရတု (၂)

(ပ) လွမ်းလုလွမ်းလု၊ ခါရတုဖြင့်၊ ရှုရှုသမျှ၊ ပျံ့လွင့်လှ၏၊ ထက်မှတမူ၊ ပသုဆော်နှိုး၊ မိုးစလှည့်ဘွယ်၊ နိုးလယ်တိမ်ဆိုင်၊ မြိုင်မြိုင်ရစ်ခွဲ၊ *လင်းကဲပတ်ဖြာ၊ လျှပ်ဝါညွှန့်ညောင်း၊ *တဖျင်စောင်းတိ၊ မိုးနှောင်း လေလျော့က်၊ ထောက်ချွံ့ပင်၊ အဆင်ပုလဲ၊ မြောက်ချွဲ ကြည်သို့၊ ပွဲပုံတောင်ဟမ်း၊ ချောက်ဇမ်းကြည်းတောင်၊



အား၊ မြင်းမိုရ်ဖျားဝယ်၊ သကြားမဖန်၊ မေ့လျော့ကျန် သော်၊ ရောင်ဝှန်ပလင်၊ ကိုးမည်ဆင်နှင့်၊ မတင်း ခက်မာ၊ သို့စင်ကြသည်။ ။**အာကာကြောင့်လော ခါကြောင့်လော။**

(ဒ) ရှမ်းနုရှမ်းနု၊ စိတ်ဝမ်းလုမျှ၊ တိမ်စုဆိုင်း လည်၊ လျှပ်ခြည်ဝေဝေ၊ ပေါင်းငုံခြွေသော်၊ ဆည်နေ မတာ၊ မြင်းမိုရ်ညွတ်ခဲ့၊ ကြွေလွှတ်သည်းအူ၊ လွမ်းသူ တို့မှာ၊ အာကာချစ်ရေး၊ ဆန်လေသေး၍၊ နှစ်တွေး သွေ့ဖင့်၊ မပွင့်စိတ်ဝမ်း၊ လျှမ်းလျှမ်းစက်အုံး၊ ပုလဲကုံး သို့၊ လက်ရုံးပေတီ၊ အောက်မေ့မိသော်၊ ဆံရှိဖျာဝါ၊ မွှောမွှေ့လျော့၊ လန်းကြော့ရှင်၊ *လောင်လင်စိတ်ဝယ်၊ အသွယ်သွယ်တည့်၊ လွမ်းဘွယ်ပုံယင်၊ ရှိစဉ်တွင်ကို၊ ကောင်းကင်တပြိုင်၊ ခံမှည့်စီသို့၊ ငိုမိထပ်ရုံ၊ မှောင်ခြုံ လှစ်တွန်း၊ မှေးမိုင်သွန်းကာ၊ ပျံ့မွှန်းမန်းတိပ်၊ စက်ရှင် ရိပ်နိုက်၊ ဖြန့်နှိုင်အာကာ၊ ကန့်ခိုးဖြာသည်။ ။**ရာဇာ ကြောင့်လော မှာကြောင့်လော။**

(တ) နှမ်းနုနှမ်းနု၊ ပင်အားလှ၍၊ *ရောရှည်ညီး၊ ပွင့်ပြီးခိုင်မြောက်၊ ဖူးညောက်ဖွံ့ထွား၊ သားရှားလျှင်၊ ရိုးပြားတောတောင်၊ ပွင့်ရောင်ပဆိုး၊ သီချိုကုံးသို့၊ နှလုံး မျက်ခြည်၊ မူးလည်*ဝိုးဝါး၊ မှားမှားရှုကြည့်၊ လျှံပြည့် ဖျာပါ၊ *ဦးချာထုံ့ထုံ့၊ ဆိုမြို့သည်းခေါင်၊ ဖြည်းဆောင် ပျံ့ပျူး၊ ညွတ်သွယ်နူးမျှ၊ နဖူးလက်တင်၊ သို့စဉ်တွင်ကို၊ မကြင်ထောင်းအောင်၊ ချစ်ဇနောင်သည်၊ ညှိရောင်ထွန်း ဝါ၊ သက်သပြာသီ၊ ခေစာ*သဝန်၊ *ယံတန်မဲ့ပေါ်၊

မဒ္ဒန်၊ ဖောက်ပြန်ကာကာ၊ မယ်မှာမရင်း၊ ဘမင်းမိခင်၊ ပြစ်တင်တို့အံ့၊ ပုံ့နှင့်လေညီး၊ သံကျူးလ-လည်၊ မိုးစည်သံဆင့်၊ မမြင့်လေလွန်း၊ ချစ်ပန်းပွင့်စေ၊ နှင်ပါလေဟု၊ ဆွတ်ခြွေသောယောင်၊ စိတ်ဝမ်းနှောင်မျှ၊ ထွက်ရှောင်ကြံစည်၊ မိန့်ခွတ်ရည်ကို၊ မြွန်ည်သံမျှ၊ ချစ်စဖွေရှာ၊ မသိသာသည်။ **။ကာလကြောင့်သော ဝါကြောင့်သော။**

---

၁၃၈-ရှင်မြေလူးဆို ရတု

(ပ) **တင့်မောလှအောင်**၊ တင်ရည်စောင်၍၊ ဆင်းယောင်သန်ကိုယ်၊ ကျိုင်းညိုမြမြ၊ ရဲလှအခေါင်၊ ထွန်းပြောင်မြူတော၊ ကြက်သရေဝှန်မြိုး၊တန်ခိုးတက်သစ်၊ နှောင်မင်းစစ်ကို၊ ကျွမ်းချစ်အိမ်ရှင်၊ တင့်ကြောင်းရင်သား၊ရွှေစင်အမ၊ သွယ်ချကွေ့ရုံ၊ မြူးတံသင့်လွန်း၊ စိန့်ပန်းပွင့်ရည်၊ ဆဲ့နှစ်မည်တီ၊ စံချည်ချယ်ရုံ၊ မယ်ခံမုတ်သင်၊ မျက်သုတ်လွင်နှင့်၊ ဖျင်လည်းမြဲဘက်၊ ထောင်ပြည့်ရက်သား၊ ညထွက်နန်းပွဲ၊ ဒုယင်လဲ၍၊ ရဲရဲရှုပ်သွင်၊ ပေါင်းစီရင်ရှင့်၊သို့စင်ရှူးမူး၊ ကြာလွန်ကျူးသည်။ **။နွေဦးဆန်းပြန့် စခဲ့ပြီ။**

---

(၁၃၈) ရှင်မြေလူးစပ်သည့်စာတွင် မြို့လည်းမြေစပ်၊ဘိုနပ်စုဝ်စုဝ်၊ ဆစ်မြွပ်မထင်၊ (ဇဗ္ဗလသတ်ညွှန်း-၈) ရှင်မြေလူးစာ ဟတ္ထိဇာနည် ချီသည်ရတုတွင် ရေသားဥမြစ်၊ လျှားဆစ်လုံးတန်၊ ကြီးအားအန်နှင့်၊ လျင်ထန်ကြွားကြွား၊ (သျှင်ဥတ္တမသမာလာသတ်ညွှန်း ၉) ဤသတ်ညွှန်းနှစ်စောင် တိုးတားမြဲသော ရှင်မြေလူးဆိုစာရတုကို မတွေ့ရသေး။

www.kelasa.org



(ဒု) ပွင့်ကြောမြရောင်၊ ရွှေတိပြောင်သား၊ ချယ်မြောင်ရစ်သန်း၊ နီမြနုံးစိမ်းဝါ၊ အပြာနှစ်တွေ၊ ညိုရွှေရောင်မောင်း၊ တင့်ကြောင်းချုပ်သွင်၊ ချယ်လွင်ပေါ်ဆမ်း၊ ဖျင်နှမ်းထပ်ကြား၊ ပန်းတိခြားလျက်၊ ချပ်များမင်းစံ၊ ပွင့်တံနီလာ၊မည်သာရွှန်းရွှန်း၊ ကုန်လှလွန်းတို့၊ တင့်ဆန်းအိပ်ညာ၊ ဆင်စိမ့်-တလျက်၊ ကျိုင်းမြဲတွေမောင်၊သို့အောင်ရောက်ခဲ၊မိုးစဲနှင်းပြောင်း၊နှစ်ဆောင်းလွန်လေ၊ နှစ်နွေရောက်ပြန်၊ ရာသီလွန်ခဲ့၊ ပန်းမှန်ငုံကျိုင်း၊ တောင်တိုင်းတောင်စဉ်၊ ဥယျာဉ်မလွတ်၊ ထွတ်ထွတ်နုဆိုင်း၊ ခါတင့်နှိုင်းသည်။ **။ပင်တိုင်းပန်းမှန် လှခဲ့ပြီ။**

(တ) **ရင့်ဆောမပြောင်**၊ စုံတောတောင်လည်း၊ ရစ်နှောင်လည်ရှုက်၊ ဖော်စုံကြက်၍၊ တွန်ဘက်မြူးတူး၊ ခေါ်ပျံ့ပျူးလျက်၊ သောက်မူးဝတ်ရက်၊ ပင်ထက်မြေတွင်၊ ဝဲလျှင်ပျံနား၊ မသွားကွန့်ကွန်၊ ရွှန်ရှန့်ထွတ်ထွတ်၊ ပွင့်ဝတ်ခြွေချီ၊ဖော်ညီမဝေး၊ခေါ်ယူကြွေးသား၊ဟွက်ကျေးတို့မှ၊ သောကာလဝယ်၊ ဂီမှသဘင်၊ ကုရည်ရှင်နှင့်၊ မမြင်မိုးမြေ၊ ကြာလေစစ်မှာ၊ မယ်သာမယ့်ထူး၊ ရူးမူးရှာလှည့်၊ မှိုင်းပြည့်ရွှတ်ကျင်၊ ထင်သည်အာဝ၊ ချမ်းမြရေစင်၊ချမ္မည်ရင်ခွဲ၊တိမ်ပြင်မိုးလုံး၊ ညိုရောင်ဖုံးသည်။ **။ပတ်ကုံးဝန်းမြန် မြခဲ့ပြီ။**

---

၁၃၉-နန္ဒသူရိယဆို ရတု

(ပ) **နီလာရောင်ခြည်**၊ လျှံပြည့်လည်သား၊မြရည်မလွန်း၊ ရေကျယ်ဝန်းထက်၊ ပေါ်ထွန်းဇမ္ဗူ၊သောင်းယူဇနာ၊ အောင်မြေချာနိုက်၊ ငါးရာမြင့်သွန်း၊ အဝန်း

ကိုးထောင်၊ *ဟေဝန်တောင်ဝယ်၊ လေးထောင်ရှစ်သောင်း၊ အထွတ်ပေါင်းသား၊ မြင့်ဆောင်းနှစ်ရာ၊ ဂန္ဓမာနိုက်၊ လိုင်သာပတ္တမြား၊ မုတ်ဝပါးတွင်၊ ပုံ့ရှားလှတင့်၊ မဉ္ဇူပွင့်ကို၊ မျက်ဖွင့်ပျော်လောက်၊ မြောက်ဆင့်မြောက်သား၊ သုံးယောက်လှတွတ်၊ ပန်ဘို့မှတ်သည်၊ လူနတ်ကိုထား၊ ပိတုန်းပျားမှ၊ နားစွန်းမစွံ၊ မြည်းပျံ့လေမှ၊မသိမ်းရတည့်၊ ထက်ကတခွင်၊ ဝန်းကျင်သောင်းသောင်း၊ ကိုးခေါင်းတွေလည်၊နတ်စစ်သည်တို့၊ လုံ့ရှည်ထားတန်း၊ ဆီးရံဝန်းသည်။ ။တောင်ခန်းဟေမဝန္တကသော။

(ခ) သီတာတောင်လည်၊ ခုနစ်မည်တိ၊ တံရှည်ကြီးတန်း၊ စက်လှည့်ဝန်းသို့၊ လေးကျွန်း*မဉ္ဇူဝိုင်၊ လေးဆိုင်ရပ်သား၊ နဂါးဂဠုန်၊ ဂုမ္ဘန်ဘီလူး၊ ဓါမ္ဗူးမိုးဆိုက်၊ *မဟာရိုက်တို့၊ ငါးထိုက်ကျယ်မြောင်၊ မြင်းမိုရ်တောင်၏၊ ထွတ်ခေါင်ရွှေမြေ၊ အောင်ချက်ဖွေနိုက်၊ ရွှေကြာနုတ်မြန်း၊ ပွက်လှာသွန်းသည်။ ။မြောင်ရှုန်းဝေဇယန် ကသော။

(တ) ဂိဝါအောင်စည်၊ ကြူးရင့်မြည်၍၊ ဖွေနည်ဇမ္ဗူ၊ ရာထီးဖြူကို၊ သိမ်းယူလက်ရှိုး၊ဆန့်ယူကျူးသည်၊ ကျွန်းလုံးကျော်မွေး၊ နတ်သျှင်သွေးလျှင်၊ ယဉ်လေးစီးတန့်၊ တိမ်မြူးကွန့်သား၊ *ဆက်ဒန်မုန့်မသောက်၊ ပြောင်ကျော်ပေါက်နှင့်၊ ချင်းဖောက်စွန်းစွန်း၊ ပင်မြင့်နန်းကို၊ စွဲညွှန်းလှစ်ဖွင့်၊ ရှန်းရှန်းတင့်သား၊ ငုံရင့်ရုံနေ၊ သုံးတွေလှစွာ၊ ပန်းတလျာကို၊ အသာလတ်လတ်

(၁၃၉) ရခိုင်ဝင်းမှူး (လက်ဝဲနော်ရထာ မှတ်ချက်)

www.kelasa.org



ခိုင်လုံးဆွတ်မှ၊ ရောင်ဖွတ်ကျောက်ခံ၊ မီးထက်လျှံသား၊ မြင်စံမရ၊ အလှလွတ်လွန့်၊ မျိုးသည်ရန်ဆို့၊ ယုံကျွန်ခမှာ၊ ဆက်ရလှာ၍၊ *နော်ဇာရွှေပန်း၊ သ-လှာမြန်းသည်။ ။အောင်ခန်းဒေဝ မှန်ကသော။

---

၁၄၀-တန်ဆောင်းမိပုရားဆို ရတု

(ပ) အလောင်းစည်သူ၊ မည်တော်ဟူသား၊ ဇမ္ဗူကျွန်းခွင်၊ လှည့်ရာတွင်နိုက်၊ဖြူစင်သလင်း၊ကျောက်များမင်းကို၊ ရှုပ်ဆင်းပီသ၊ ထုလုပ်မှလျှင်၊ မာဃကိုယ်ကြပ်၊ နှင်းလာအပ်သည်၊ ဘေးခပ်သိမ်းပြယ်၊ ရှင်တော်နွယ်လျှင်၊ လူဝယ်မဘက်၊ ကျွန်းအောင်ချက်ထက်၊ ရဲခက်ကျန်းချော်၊ တကာတော်လျှင်၊ ရှေးသော်နှင့်မူ၊ ခု-မတူခဲ့၊ နေးယူမယ်က၊ မြင်ဆုံးမလော၊ ကြီးလှမေတ္တာ၊ မတ်တရာလျှင်၊ မြစ္စာနှောင်ချည်၊ ကြင်မိသည်ကြောင့်၊ ဖြေဆည်မသော၊ တွယ်ကာကာသည်။ ။သည်ခါမနိုင်ငံ့တော့သည်။

(၁၄၀) တပင်ရွှေထီးသည် ၈၉၂-တောင်ငူနန်းကို သိမ်းမိသောအခါ အင်းဝ၌ သိုဟန်ဘွား၊ပြည်၌ နရပတိ, ဟံသာဝတီ၌ သုရှင်တကာရွတ်ပိ အသီးအသီးမင်းပြုကြသဲ၊ နောက်အခါ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့သည် ဟံသာဝတီပဲခူးကို သိမ်းရုံးအုပ်စိုးမိကြ၏၊ ပြည်ဘုရင် နရပတိသည် ၉၀၀-ပြည့်တွင် အနိုစ္စရောက်သည့်နောက် ညီတော် ရှင်သရက်သည် မင်းခေါင်အမည်နှင့် ပြည်ကိုနန်းတက်သည်၊ ယင်းပြည်မင်းခေါင်သည် သုရှင်တကာရွတ်ပိ၏ မိဖုရားဖြစ်ဘူးသော နှမတော် ပဲကူးမိဖုရားကို ရခိုင်သို့

(ဓ) **အကြောင်းသည်မူ၊** စေ့စေ့ယှဉ်၍၊ ပြန်ဟူဝပ်တွား၊ လျှောက်သည်များကို၊ သူ့နားလေသံ့၊ ရှိပေအံ့ဟု၊ မဂ္ဂုံစေရက်၊ ဝမ်းဝယ်ဝှက်၍၊ မိန့်မြွက်မဟ၊ လူမြင်ပကို၊ သိရမကျန်၊ စိတ်ထဲဝှန်မျှ၊ မြတ်မွန်မဟာ၊ ထွတ်သကျာလျှင်၊ ဉာဏ်ဝါထွန်းတင်၊ ပြည့်ပါလျှင်လော့၊ အမြင်တန့်သည်၊ ကျော်တင့်ရည်နှင့်၊ ရဲမည်ရှပ်သွင်၊ နတ်လုလင်သို့၊ စံတင်အလှ၊ ဘုန်းတေဇနှင့်၊ နောင်ခြကျန်းသိတ်၊ ပျက်သည်စိတ်ကို၊ ပရိတ်တော်ရေ၊ ချိုးလိမ်းစေ၍၊ လူ့ဆွေမြတ်စော၊ နေ့တိုင်းဟောလျက်၊ သဘောဖြူလှပ်၊ စင်အောင်ဖွပ်လော့၊ တပ်တပ်မကြွင်၊ သည့်နှယ်ပင်တည့်၊ မြင်မြင်ရာရာ၊ နှုတ်ပျူဟာနှင့်၊ မေတ္တာထပ်တူ၊ ကြင်ချစ်သူသည်။ ။ဇမ္ဗူလုံးပင် နှံ့တော့သည်။

ပို့ဆက်၏၊ ရခိုင်သို့ရောက်မှ တန်ဆောင်း မိဖုရား တွင်သည်၊ (မှန်နန်းရာဇဝင် ၃-၂၀၉) ၏ အကြောင်းကို တန်ဆောင်းမိဖုရားရေး တေးပိုဒ်ဖြင့် သိအပ်၏၊ ''ဆဒ္ဒန်ထည့်ကြီး၊ ပြောင်တစီးနှင့်၊ ရွှေထီးဖြစ်တူ၊ ဇမ္ဗူစိုးဆောင်၊ မင်းခေါင်ကြီးမြစ်၊ ဖျိုး စစ်လျက်၊ တလှစ်ကျော်စော၊ မုနောစိုးဆောင်၊ မင်းခေါင်ဟူသည်၊ ရွှေပြည်သခင်၊ မောင်ကြီး ကြင်ကြောင့်၊ နောက်ငယ်တူယ်တာ၊ ခန်းဝါသူ့မြေ၊ သပြေကျွန်းမှ၊ မကြွချင်ဘူး၊ မျက်ရည်နူးဇွာ၊ ရပ်ကျူးသူ့ပြည်၊ ဘုန်းစည်မင်းဖျား၊ သူမသနား၍၊ ကိုအားမှိုပေ၊ ကြမ္မာစေသည်။ ။ငှက်ရွှေဖော်နှင့်ကွဲ၏သို့၊ မဉ္ဇူဝတီအရေးတော်ပုံ ၆၁-၅လည်း တန်ဆောင်း မိဖုရားအပြစ်သင့်ရောက်ပုံပါသည်။

www.kelasa.org



(တ) **မပေါင်းရည်တူ၊** ကျွန်းဇမ္ဗူတွင်၊ **မည်သူမဘက်၊** သကြားသက်သို့၊ ထွန်းတက်ရုပ်ရည်၊ တင့်မောသည်လည်း၊ လူ့ပြည်တယောက်၊ တစ်ခေါ်လောက်သည်၊ ရှုံ့ကြောက်ရဲမျိုး၊ ရဲတန့်ခိုးက၊ မိုးမာယနှင့်၊ နှုန်းကြသင့်သား၊ အကျင့်သော်မူ၊ စိတ်မဖြူခဲ့၊ လျစ်လျူခပ်ဖင့်၊ ကြီမဆင့်တည့်၊ ရှင်ပင့်တကာ၊ ရဲထွတ်ချာလျှင်၊ စကြာပြောင်ဝင်း၊ ခြေတော်ရင်းသို့၊ သတင်းတင်လှာ၊ သုံးမည်လာသော်၊ မိန့်ဗျာဒိတ်-ဟ၊ မြွက်ဆိုးမ၍၊ နေကျပိုင်းခြား၊ စက်ဟန်သားသို့၊ တရားသံမြွက်၊ ဟောပါလိုက်လော့၊ စိတ်နှိုက်မသာ၊ ကြီကာကာလျှင်၊ ရေးရာမရ၊ ဖင့်မောလှခဲ့၊ လောကထွတ်တင်၊ တန်ခိုးဖြင်သည်၊ ရှင်ပင်ကိုသာ၊ တိုင်ကြားပါရှင့်၊ တွေ့လာခုမှ၊ ယွင်းသမျှကို၊ မြင်ပတခြား၊ မြွက်မကြားသည်။ ။**သူ့နားလေ မပျံ့တော့သည်။**

## ၁၄၁-သတိုးဓမ္မရာဇာဆို ရတု(၁)

(ပ) **သပြေဇမ္ဗူ၊** ညွန့်လူလန်းလန်း၊ လေးမည်ကျွန်းနှိုက်၊ မြဲ့ဗွာန်းဒီပါ၊ တောင်လက်ယာက၊ တရာထီးဆောင်၊ မင်းကုန်အောင်၏၊ ဥဒဿျောင်မှန်ကူးခင်ဖြူသခင်၊ ဘိုးရှင်ဘုရား၊ မင်းများထွတ်တင်၊ သခင်စော

(၁၄၁)ပြည်မြို့၌ ဘုရင်ခံမြဲသောသတိုးဓမ္မရာဇာကို ဆိုလိုသည်၊ ယင်း သတိုးဓမ္မရာဇာသည်လည်း ပြည်မြို့စားစားကျေးမြို့တမျိုးတည်းဖြစ်လျက် ဘွဲ့မည်တူသုံးမျိုးရှိသည်၊ (ပထမ)တပင်ရွှေထီးလက်ထက် ၉၀၄-ခုတွင် မင်းခေါင်ခံ ရှင်သရက် ပြည်မင်းအည့်ခံ၍ ပြည်မြို့ကိုနိုင်သောအခါ တပင်ရွှေထီးက အထိန်း

ထီး၊ နောင်ကြီးတော်ရာ၊ ပြည်အောင်ချာကို၊ ဆက်ကာအုပ်မိုး၊ ဆွေကြင်မျိုးနှင့်၊ ရှင်ဖြိုးတုကွ၊ သုခစံစံ၊ ပျော်ညီစံလျက်၊ တရံမကင်း၊ သတင်းသီလ၊ ပဥ္စင်္ငါးမြွာ၊ ဆယ်ဖြာတရား၊ သုံးပါးမြတ်စွာ၊ ရတနာကို၊ မကွာထိပ်ပြင်၊ ပန်းနှယ်ဆင်လျက်၊ စိတ်ရှင် ဖြောင့်ကြည်၊ မင်္ဂဖိုလ်ရည်သည်။ ။**ဆောက်တည်မြဲမြံ ပိုက်လှည့်သော။**

(ဃ) **ဆောက်တည်မြဲမြံ၊** သုံးပါးကံနှင့်၊ တရံ မကင်း၊ ကြည်ဖြောင့်စင်းလျက်၊ သည်မင်းကျွမ်းချစ်၊ ဥပ

---

တော် သတိုးဓမ္မရာဇာအား ပြည်မြို့ကိုပေး၍မင်းပြုစေသည်၊ မှန်နန်းရာဇဝင်-ဒု ၂၂၇၊ (ဒုတိယ) ဘုရင့်နောင် ကျော်ထင်နော်ရထာလက်ထက်၉၁၃-**နှစ်**တော်လတွင် ပြည်စား သီဟသူကိုကွပ်၍ ဘုရင့်နောင်က ညီတော် သတိုးဓမ္မရာဇာအား ပြည်မြို့ကိုပေး၍ ဘုရင်ခံမင်းပြုရသည်၊ မှန်နန်းရာဇဝင်-ဒု-၂၀၅၊ (တတိယ)ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက် ၉၅၀-နှစ်တော်လ ဘထွေးတော်ပြည်ဘုရင် သတိုးဓမ္မရာဇာအနိစ္စရောက်၍ ပြည်မြို့လပ်လျှင် ငါးဆူဒါယကာက သားတော်ငယ် မင်းကြီးနောင်းကို သတိုးဓမ္မရာဇာအမည်နှင့် ပြည်မြို့ကိုပေးသည်၊ မှန်နန်းရာဇဝင်-တ-၉၀၊ ဤသတိုးဓမ္မရာဇာသုံးမျိုးတွင် ဤရတု ဒုတိယပိုဒ်အဆိုအရ ပံသာဝတီဆင်ဖြူရှင် ၉၁၆-ခု အင်းဝဘုရင် နရပတိစည်သူနှင့် တိုက်သည့်စစ်ပွဲ (မှန်နန်း-ဒု-၃၁၅)ကို ရည်၍ စပ်ဆိုသည်ဟု မှန်းဆချက်အရ ဒုတိယမြောက် ဘုရင့်နောင်၏ညီတော် သတိုးဓမ္မရာဇာကို ဆိုလိုရိပ် ရှိသည်။

www.kelasa.org



ရာဇ်နှင့်၊ လွှမ်းသစ်ဆင်ကာ၊ ပျော်လှည့်ရာကို၊ စကြာစိုးပြီး၊ နောင်တော်ကြီးလျှင်၊ ရပ်သီး ထောင်တည်၊ ပဲကူးပြည်သို့၊ လေးမည်စစ်ဆင်၊ အတင်တင်တီ၊ မြင်းဆင်သိန်းသောင်း၊ ကြည်းကြောင်းကားငါ၊ ညီမင်းလျာမူ၊ ကြေညာမကွင်း၊ လုံးရင်းအများ၊ လှော်ကားရဲလှေ၊ အုပ်တွေမွှမ်းမျှ၊ စုန်လေကြွဟု၊ လောတ ဘုန်းတူ၊ ချစ်သူပြည့်ရှင်၊ ဆောလျင်သာကြည်၊ စုန်အံ့ရည်သည်။ ။**ရွှေစည်ထိန်နှံထိန်နှံ ရိုက်လှည့်သော။**

(တ) **ထိန်နှံထိန်နှံရိုက်၍၊** ဆူလိုက်ဘဝင်၊ အောက်ထက်ဇွန်ချောင်း၊ မြေကြီးစောင်းမျှ၊ စည်မောင်းခရာ၊ ပတ်သာခွန်နှဲ၊ မြစ်လုံးသဲလျက်၊ လောင်းရဲမိကျောင်း၊ အပေါင်းအုပ်တွေ၊ သံလှေ လှော်ကား၊ရွှေစားရွှေလှို၊ ပတ်ကိုးရံ၍၊ မင်းဝံအောင်ချာ၊ ရွှေပြည်သာက၊ စကြာမြစေ၊ ချိကွလေသော်၊ အကြောသနင်း၊ ထိုမင်းသူ့ရှင်၊ ကြောက်ညင်လှစွာ၊ ပြေးလေရာမှ၊ တခါလည်းကောင်း၊ မြစ်ကြောင်းတို့မှာ၊ များစွာလှေတက်၊ ကြိုလှာဘက်သည်။ ။**ဘစင်ဇွန်ဆူ လိုက်လှည့်သော။**

၁၄၂-သတိုးဓမ္မရာဇာဆို ရတု(၂)

(ပ) **သွန်းမြူးစေထန်၊** ဝါဝသန်လည်း၊ နိုးဟန်ပြိုလှ၊ မိုင်းမှိုင်းပြုလျက်၊ ထက်မှတိမ်သား၊ ရွှေပါးမြောက်ခွင်၊ မင်းလွင်ဖြည်းညင်း၊ တောင်လေပင်းကာ၊ ပယင်းရွှေရောင်၊ ဝင်းပြောင်ပြောင်လဲ့၊ ခွဲခွဲရုပ်သွင်၊ * လေးပင်ငြိမ်သက်၊ ပြစ်စက်မစွန်း၊ ရွှေနန်းဘုံလယ်၊ ဖြိုးကြွယ်ဘုန်းအင်၊ လှမျှားရှင်ကြောင့်၊ မရှင်တို့လှည့်၊ မိုးရှည့်ကြီးတီ၊ သည်းခေါင်ထိမျှ၊ မျက်စိနားတွင်၊ ကြား

ထင်သံ့သံ့၊ ဆွတ်ဆွတ်ပျံ့မျှ၊ မတုံ့နေရာ၊ မိုးသိသာ
သည်။ ။ရွာဘိသည်လည်း မချန်ရက်။

(ဒု) ဆန်းထူးတွေလွှန့်၊ဖြည်းလေသွန်နှင့်၊တောင်
ပြန်လေညင်း၊ စိမ့်စိမ့်ချင်းက၊ ထုံသင်း*ကျည်းဖွပ်၊
*ပိတ်လှပ်ရွှန်ရွှန်၊ ထပ်ဖြန့်ကိုယ်စား၊ *ပိုက်ဖြူး မြေ
ဖျော်၊ စက်လှည့်သော်လည်း၊ သုံးဘော်ရွှေလယ်၊ ရွက်
သွယ်ကေသာ၊ ထုံးကာ စမရွှရွ လက်သင်၊ ရွှေစင် အ
သား၊ လှထွတ်ထားသား၊ မင်းဖျားသမီး၊ ဘုန်းကြီး လို့
လန်း၊ ရွှေနန်းတောင်ခွင်၊ ထားတင်ထိုက်တင့်၊ နောင်
မင့်းသက်လှယ်၊ နှုနယ်ညွှံနောင်း၊ ပြင်ကောင်းနတ်ဟန်၊
ရက်နှောင်းစွန်ကြောင့်၊လွမ်းဇွန်မိုးထိ၊ထင်မိကာကာ၊
ရှိုးကြီးရွာသည်။ ။ကြာဘိသည်လည်း အလွန်ရက်။

(တ) နန်းဦးနေတန်၊ဖူးညွှန့်သန်သား၊ ပွင့်ရန် စဲ
စဲ၊ မင်းရဲမည်ခေါ်၊ ကြားကျော်ကြော်ညာ၊စကြာပွင့်ညီး၊
ဆောင်းထီးဖြူစင်၊ တိုင်းခွင်ဇမ္ဗူ၊ သိမ်းယူမကြာ၊ ဖြစ်
သောခါမှ၊ တောင်ညာထားတင့်၊ လက်ယာမြင့်က၊
ပျော်ခွင့်မကြာ၊ မေတ္တာရွှေခြည်၊ ရစ်လည်ပတ်စည်း၊
ထင်ရည်းမြဲနှောင်၊စံရအောင်ဟု၊ သုံးဘောင်ရွှေလယ်၊
လနှယ်ဝင်းပြောင်၊ ဆင်းရောင်နွဲ့ရှင်း၊ လှမှန်ကင်းလျှင်၊
သည်ညင်းတွေလာ၊ ဘုံးမွေ့ရာနိုက်၊ ခွေစာဆောင်းပါး၊
လက်ရွှေသားနှင့်၊ သနားဘွယ်သာ၊ ဖွေရှာဓိစစ်၊ ပေး
သည်ဖြစ်ကို၊ ဖြေလှစ်ကြည့်သော်၊ မရှင်ပျော်ခဲ့၊ မြွက်
ဖော်သံသာ၊ ချိုးစံရာသည်။ ။မှာဘိသည်လည်း မပြန်
ရက်။

---



၁၄၃-သတိုးဓမ္မရာဇာမိဖုရားဆို ရတု (၁)

(မ) ဘဝဂ်ဆူလိုက်၊ ထိန့်ထိန့်ရိုက်မျှ၊ တိုက်အုံ့
ထင်ရည်း၊ ကြည်းလည်းတသီး၊ ဖြင်ညီးသူ့လှော၊ မရေ
နိုင်စွမ်း၊ မြစ်တင်းကျမ်းကို၊ တခြမ်းဆိမ့်ဖျား၊ မလေး
စားတည်း၊ လှော်ကားနှင့်သာ၊ တေဇာဘုန်းဖြိုး၊
ရန်ညွှန့်ချိုးသည်၊ သတိုးမည်သာ၊ ဓမ္မရာ-ဟု၊ စကြာ
သခင်၊ နတ်ရှင်ညီလတ်၊ တိုက်သတ်တျင်းတျင်း၊ တစင်း
လှေမျှ၊ လွှတ်ရမဲ့ဆိုး၊ ယူကျုံး ရိုင်းကျွန်၊ မလှန်
ကြောက်ရှို၊ အားလုံးနှိမ့်မှ၊ စံဖြစ်စလောက်၊ မုံးဆုံး
အောက်ဝယ်၊ နှစ်ယောက်မတူ၊ မယ့်ကြင်သူကို၊ ဇမ္ဗူ
ပတ်ကုံး၊ ပြိုင်းတိုင်းရှုံးသည်။ ။လက်ရုံးရွှေတိုင် စိုက်
လှည့်သော။

(ဒု) လက်ရုံးရွှေတိုင်၊ ရန်မျိုးနိုင်လျက်၊ မပြိုင်နိုင်း
ဘက်၊ စွန်နှင့်ကြက်သို့၊ မင်းထက်မင်းဖျား၊ တရား
ရန်နှင်း၊ နောင်တော်မင်းလည်း၊ ပေးချင်းထပ်လှောက်၊
ကြင်ဝမ်းမြောက်လျက်၊ လက်ကောက်ဖလား၊ ခမ်းနား
ဆင်မြင်း၊ မကြွင်းရဲဆု၊ ပေးနှင်းစုမှ၊ ငါ့မှုကုန်ပြီ၊

(၁၄၃) ဂဂဂ-ခုနှစ် သရေခေတ္တရာ ပြည်၌ နန်းတက်
သော ဘုရင်ထွေးသည် ထုပါရုံဒါယကာ နရပတိ
သားတော်အလတ် မင်းဆင်များ မင်းကြွစွာ၏ သမီး
တော် မင်းရွှေကုံးကို မိဖုရားမြှောက်ရာမှ မြင်သော
သမီးတော်ကား စလင်းစည်သူကျော်ထင်နှင့် သင့်
သင့်သည်၊ ၉၀၅-ခုတွင် တပင်ရွှေထီး လုပ်ကြံ၍
စလင်း ဖျက်လျှင် စလင်း မိဖုရားကို ဘုရင့်နောင်
ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာနှင့် မင်းတရား
ရွှေထီးကာစုံဘက်သည်၊ (မှန်နန်း တ-၉၀)။

www.kelasa.org

ငါ့ညီပြည်ထောင်၊စစ်ကြီးအောင်ဟု၊မင်းခေါင်တုလွှတ်၊ လေးမြွတ်ချီးမွမ်း၊ အားရမ်းမစဲ၊ ဆိုအုံ့အဲမှ၊ မြင်းဝွဲ ရာကျော်၊ ရဲဘော်ဂွေ့ဆင်၊ ပြောင်မာတင်နှင့်၊ မြေပြင် ရိုက်ကြည်း၊ အပည်းပည်းတိ၊ စီးတည်း ချင်းရောက်၊ တိုက်ဖောက်ရင်ဆိုင်၊ ဆယ်ကြိမ်နိုင်လည်း၊ မပြိုင်သာ လျှင်း၊ ရဲသတင်းနှင့်၊ ထုတ်ချင်းဘဝ၊ အောက်ထက် ပို့မွှန်း၊ ဆယ်ရပ် ကျွန်းသည်။ ။မော်ကွန်းတင်တင် ဆိုက်လှည့်သော။

(ဘ) မော်ကွန်းတင်ထိုက်၊ သောင်းခွင်ထိုက်ဝယ်၊ လူနိုက်မှန်ကင်း၊ ရာစင်းထီးမြူ၊ ဆောင်ယူလက်နက်၊ ဘ-ဘုန်းတက်၏၊ သမက်ရတနာ၊ နရာပတိ၊ မွေးမိ အုထုံး၊ မင်းခုံး ယောက်ဘ၊ အစ်မ တော်မတ်၊ မျိုးထွတ်ဖွဲ့ထွား၊ နှစ်ပါးနတ်မျှ၊ ညီမငဲအို၊ထွေညီမယ့်-ဘ၊ ရောက်ခဲ့စွဟု၊ နှမမြွတ်မျိုး၊ သမ်းညှိုးမရှင်၊ ရှိစဉ်တွင် နိုက်၊ပည်းဖြင်သရွေ၊လွှတိပြွမ်းပြွမ်း၊ မြစ်တင်းကျမ်းကို၊ ရဲစွမ်း သတိ၊ မိုးထိ ဘုန်းခေါင်၊ ရန်လုံး အောင်ဟု၊ သည်မောင်သတင်း၊ လျင်မြင်းမကြွ၊ ဆက်စာတမန်၊ ယုံကျွန်းဘန်များ၊ လျှောက်လှာကြားက၊ရှင်အားကဲဆ၊ ဝမ်းကကြင်နာ၊ သက်တာရာလည်း၊ မေတ္တာမပြောင်း၊ ကြင်ပေကောင်းသည်။ ။ဘုန်းဟောင်းမယ်နှင့် ကြိုက် လှည့်သော။

---

၁၄၄-သတိုးဓမ္မရာဇာမိဖုရားဆို ရတု (၂)

(မ) ရတုသာထွေ၊ ဖြည်းသွန်လေနှင့်၊ ရွက်ကြေ နွမ်းခြောက်၊ ပို့သင်းလှောက်၍၊ ကြိုးပေါက်အေးရှင်၊



ပန်းစုံမြင်က၊ ညိုစင်ရှမ်းရှမ်း၊ ရဲစွမ်းသန်ကို၊ ရွယ်ပျို သန့်ရှင်း၊နောင်သည်ရင်းကို၊မျိုးချင်းရှည့်လျော်၊ပန့်စိမ့် ရော်သား၊ ချယ်တော်သင့်တွေ့၊စိမ်းရွှေပြာရွှန်း၊စိန်ပန်း ချယ်မြောင်၊ ကြွေရောင်လျှံပြေး၊ သေးသေးဆိုတ်သား၊ မြင်းနားနောက်ချပ်၊ *ကြောင်ဝပ်ပုဉ်ထိပ်၊ ကေးလိပ် စွန်းထား၊မနားလျှံထွန်း၊မျက်သုတ်သန်းကို၊ဘက်ကျွန်း နိုင်းရာ၊ နောင်မြဝါသည်။ ။အခါမသင့် မိခန့်လော။

(ဒ) ယခုခါနွေ၊ ရောက်လှာပေက၊ ငုံပြေလှလွှန်း၊ ခဝ်သိမ်း ပန်းလည်း၊ လန်းလန်း ဖွံ့လှောင်း၊ ရာသီ ပြောင်း၍၊ တပေါင်းသဘင်၊ ပန်ဆင်စမြဲ၊ ရှုအုံ့အဲ၍၊ ပျားစွဲထပ်စီ၊ ဆိုင်မြောင်သီလျက်၊ မင်းညီလုံးလုံး၊ မရှုံး မကား၊ မကြားစေရ၊ယုယတတ်ဆုံး၊မယ့်လက်ကိုးနှင့်၊ ပွားပြိုးကြက်သရေ၊ မြဲတရဲရဲ၊ နောင်မြဲကို၊ ဆက်မြဲ တိုင်းပင်၊ [မုန်ကျော်ဖျင်လည်း] ရည်ထင်အသင့်၊စီရင် လင့်လျက်၊ ကြာမြင့်လွန်ကျူး၊ သို့-ဖူးသော်၊ နွေဦး ဆန်းလျှင်၊ ရောက်စေချင်စွ၊ မင်းလှင်အုပ်မှိုင်း၊ လေရိပ် ဆိုင်းသည်။ ။နွေတိုင်းဓဝဓ ရိခန့်လော။

(ဏ) မရှုပါလေ၊ မြင်းမိုရ်ဖွေက၊ မိုးနေဦးစွန်း၊ မဖန်ကျွန်း၍၊ ပန်းနှင့်စပ်ပြန်၊ ခါမတန်ပဲ၊ ပွင့်လွှန်

(၁၄၄) နဝဒေးရတု ၂၂၇ ၌ နဝဒေးရေးဟု ဆို၏၊ ဖြည့် သတိုးဓမ္မရာဇာမိဖုရားမှတ်သုတ်စာ (လက်ဝဲ နော်ရထာအမှာ) ရတုသာထွေ၊ ယခုခါနွေ၊ မကြာ စေရ၊ ယုယသက်ဆုံး၊ ဖြည့်သတိုးဓမ္မရာဇာ မိဖုရား စာ (လောကဟိတရာသီခွဲထား ၂၆၃-၁)။

[ ] နဝဒေးရတု၌မပါ။

www.kalasaarn

ဘီနိုး၊ လွှမ်းစိုးဖျာပ၊ မေတ္တာတပ်ကြွယ်၊ နေချမ်းဝယ်နှိုက်၊ စံပယ်ငုံကျိုင်း၊ ပုလဲနှိုင်းကို၊ ဆက်တိုင်းတင့်အောင်၊ ကွန်ရက်ချောင်မှ၊ ဆင်းယောင်တွေကြော၊ ချစ်ဘွယ်မောသား၊ ကျော်စောမြေပြင်၊ နောင်သခင်ကို၊ ပွဲဝင်ညီလာ၊ ကြိုင်စွာလိမ်းသပ်၊ ဖြည်းယပ်လေညင်း၊ ထန်ပြင်းသာစံ၊ ဗိုလ်ရှခံလျက်၊ ညယ်ပြည့်ဝန်း၊ ထွန်းတုံလကာ၊ အောက်မေ့ တ-လျက်၊ ကာလကုန်ကျွန်း၊ နွေသစ်ဆန်းသည်။ ၊တီမ်ပန်း ရွှေပွင့် စိန်နှင့်လော။

---

## ၁၄၅-ပြည်မိဖုရားဆို ရတု

(မ) စေပူလတောင်၊ ရဲရဲပြောင်သား၊ ဘွဲ့ခေါင်ထိပ်စွန်း၊ ဝေယန်နန်းဝယ်၊ ရံဝန်းပတ်မျှ၊ မတ်ပေါင်းခလျက်၊ မြို့ပမြို့နား၊ ပိုင်းခြားစီရင်၊ ခံ့ချင်ဆက်သ၊ ခံထိုက်လှသည်၊ ကျော့မျှားဦးစွန်း၊ ကျေးကြွင်းမှန်း။ ။မြပန်းရွှင်ရွင်၊ နတ်ရှင်ညီလတ်၊ မယ်သက်မှတ်လျှင်၊ ပုံကာတ်ဆိုမြဲ၊ လွှန်ကဲသူ့ထက်၊ ထက်မြက်မြန်ဆုံး၊ လက်ရုံးဇော်တ၊ တေဇထန်ပြင်း၊ ကျွန်းတွင်းကျော်ဟုံ၊ မှူတော်ကုံသား၊ မြင့်မင်းခေါင်၊ ရှင်လတ်မောင်သို့၊ ညီရောင်ပတ်တည်း၊ စကားစည်းနှင့်၊ မြနည်းစာချွေ၊ ဆက်သချေလော့၊ မယ်ဆွေညီရွှန်း၊ မာသန်ကျန်းသည်။ ။ရိုက်မွန်းသတင်း လိုင်မည်ကို။

(၁၄၅) ပြည် မိဖုရားဟူသည်ကား ပြည်ဘုရင် သတိုးဓမ္မရာဇာ သမီးတော် အငယ် တောင်ငူရောက် မင်းတရားကြီး မိဖုရား၊ မင်းတရားမယ်တော်ကိုဆိုသည်၊ ချောင်းဘွဲ့ခံ (မှန်နန်းရာဇဝင် ၁-၁၆၆)။

www.kelasa.org



(ခု) စေလူမြရောင်၊ ရှန်းရှန်းပြောင်၍၊ မြဘောင်ပြည့်လျှမ်း၊ မြတင်းကျမ်းလျှင်၊ သန့်စွမ်းမြန်ထက်၊ လက်ရုံးစက်လည်း၊ ဘဝင်ဝီစိ၊ နှိုက်ဘွယ်ရှိမျှ၊ မွေးမိဘုပင်၊ မင်းကျော်ထင်သို့၊ အလျှင်ပန်းတို့၊ လျှင်ကြောင်းပို့လော၊ ညို့ညို့ ပြာပြာ၊ ဝါဝါ ရှိမ်းရှိမ်း၊ လဲ့လဲ့ စိမ်းသည်၊ ကွာယိမ်းပြစ်ခြည်၊ ကျေးစိတည်။ ။ယင်းသည်ညပင်၊ လွှတ်တော်ပြင်နှိုက်၊ စီးဆင်မုန်ယို၊ တိုက်မည်ဆိုရှင့်၊ မောင့်ကိုမီမှ၊ ပန်ပါရလိမ့်၊ လျှင်လှလေစေ၊ မနားနေနှင့်၊ သက်ဝေမယ့်မောင်၊ ရဲစံခေါင်သည်။ ။မရှောင် ရန်နှင်းဖြိုင်မည်ကို။

(တ) စေဆူမဖောင်၊ ရေပွဲဘောင်နှိုက်၊ ရန်ပေါင်ငင်ချိုး၊ ရန်စစ်ကျိုး၍၊ ရန်မျိုးနှိုက်တွင်း၊ မယ့်သက်မင်းမှ၊ ရန်တင်းနင်းခွာ၊ ရန်လုံးကွာသား၊ စကြာသခင်၊ ရွှေတော်ပြင်ဝယ်၊ အလျှင်ရှုးရှုး၊ သူနှင့်ပူးဖွဲ့၊ ဆက်ကျူးကျော်လှ၊ ရဲပေစွဟု၊ မြမြညိုညို၊ ပျိုပျို ရှန်းရှန်း၊ မာသန်ကျန်းသား၊ အဆန်းတကြွယ်၊ ပညာဝယ်လည်း၊ အံ့ဘွယ်ရှိပေ၊ ဘုန်းသရေနှင့်၊ တင့်နေအလွှတ်၊ မယ့်သက်မှတ်လျှင်၊ ဝါကျွတ်ကိုသာ၊ လင့်ရကြာရှင့်၊ မင်းမှာမိန့်တော်၊ မရွက်သော်မှ၊ တူပျော်ရမည်၊ ထင်တော့သည်ဟု၊ မရှည်ကြာငြား၊ မယ့်သက် ထားသည်။ ။ရဲများ အညွန့်တိုင်မည်ကို။

---

## ၁၄၆-တလုပ်မင်းသခ်ယာဆို ရတု (၁)

(မ) ခါရတုလျှင်၊ လှုလှုသည်းထဲ၊ မြန်ကာလဲ့တည်း၊ ရှဉ့်နွဲ့ငယ်မှီး၊ *စနိုး-ကျွမ်းဝင်၊ သခင်မပါ၊ ဟိသာရွှေပြည်၊ နန်းတည်ချက်မ၊ ရောက်လှာရသော်၊

မင်းဖျော့အမတ်၊ သူမြတ်ခင်ကြွေ့၊ မင်းယဉ်ခြွေကို၊ အောက်မေ့သွတ်ရှုမ်း၊ ပြတ်ဖျလွှမ်း၍၊ ချမ်းလည်းချမ်းမြ၊ သည်ကာလမှု၊ ဌာနုတတွေ၊ ဆီးကြွေကျဖြန်း၊ ပြာသိုဆန်းက။ ။နွယ်ပန်းသို့သော် မပွင့်လော။

(ခ) သာစမှုလျှင်၊ ဇမ္ဗူသခင်၊ နတ်ရှင်ပွဲကြီး၊ ရင်လတ်ပြီးသော်၊အတီးပုံစံ၊ ပုဂံမြည်ဟောင်း၊ ရွှေမင်းလောင်းဝယ်၊ ဥလျှောင်းသိုက်တတ်၊ *ကြမ္မာဘတ်တို့၊ ချိန်မှတ်အလိုက်၊စဉ်တစိုက်ဖြင့်၊ သမိုက်ပြဋ္ဌာန်း၊ဘုံသာနန်းနှင့်၊ ရံဝန်းမျက်ရှု၊ သဘင်မြှုလျက်၊ တောင်းမှုကြီးစွာ၊ ဌာပနာသော်၊ တကာမှူးမတ်၊ ရံပတ်များပုံ၊ ခွေစုံနှင့်ချည်း၊ *အပည်းပည်းတိ၊ နောင်လည်းတို့တူ၊ အိမ်သူပါပြီး၊ ရှိုး*စနိုးနှင့်၊ ရှဉ်မိုးမျက်ပွင့်၊ ခါချိန်သင့်ကို။ ။မယ်နှင့်စုံသော် မသင့်လော။

(ဂ) ရှာကရှုလျှင်၊လှုလှုစိတ်ပြေး၊ တရေးရေးတိ၊ လေးလေးသံမြ၊ ဆိုလာကလျှင်၊တရာ့တစင်း၊ မင်းတို့မှန်ဖူး၊တန်ခိုးမြူးသား၊ ဝဲကူးမင်းနေ့၊အောင်မြေနက်သန်၊ သာမောဟန်ကို၊ တံခွန်တခု၊ ကြည့်ချေရှုသော်၊ *စနု*မော်တော၊ ကျိုက်ပေါကျိုက်ပွန်၊နာဂဝန်နှင့်၊နိဗ္ဗာန်

(၁၄၆) သက္ကရာဇ် ၉၂၁-ခု မဟာစေတီကို ဟံသာဝတီ ဆင်ဖြူရှင် တည်သောအခါ တလုပ်မင်းသခံယာ ဆိုသည့်စာ၊ (လက်ဝဲနော်ရထာအမှာ)ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးသားတော် ငါးဆူ ဒါယကာသား ၉၂၂-ခု နတ်တော်လပြည့် တနင်္ဂနွေနေ့ဖွားစာခံ မဟာဥပရာဇာချေင်းကို တလုပ်မြို့စားသခံယာစပ်သည်(ဝေါဟာရလီနတ္ထဒီပနီ၇၈။)



လျှောင်းအိတ်၊ *ကျိုက်သပိတ်ဝယ်၊ ကြည်စိတ်သဒ္ဓါ၊ ဖူးလှာလှချင်၊ လွမ်းသျက်ပင်တည့်၊ နတ်ရှင်မင်းဖျား၊ ဘုရားဘုန်းရှိန်၊ ညွတ်ချိန်တန်စွာ၊ သည်အခါမူ၊ စဲသာကျွန်းကောင်း၊ မြစ်ကြောင်းတွေးတွေး၊ ပြင်ထိပ်ကွေးထက်။ ။မြစ်တွေးစင်ရော် မရင့်လော။

## ၁၄၇-တလုပ်မင်းသခံယာဆိုရတု (၂)

(ဝ) ဆန်းတထူးလျှင်၊ မိုးဦးသဘင်၊ မြူးလရှင်က၊ ပဒ္ဒွင်*ဒိုမင်း၊ စည်စောင်းညွှင်းနှင့်၊ ကခြင်းသီလျက်၊ ဗိမာန်ထက်ဝယ်၊ တဘက်ငါးရာ၊ ရံစကာတည့်၊ သုဇာမောင်နှံ၊ စည်းစိမ်ခံလျက်၊ရောင်လျှံထွန်းညီ၊တုမရှိသား၊ မဃိဇောတရတ်၊ နဝရတ်ကျည်ပေါင်း၊ နားတောင်းဝရဇိန်၊လျှံပြောင်ထိန်မျှ၊*သိင်္ဂမာဖျင်၊*ဒုယင်ပြောက်တွန့်၊ တိမ်ညွန့်မိုးခိုး၊ယိုးလည်းမယှွင်း၊လျှပ်အဆင်းသို့၊ တင့်ခြင်းငါးပါး၊ဟန်ကြွားကြွားနှင့်၊ ဝတ်စားတန်ဆာ၊ လည်မှာဘယက်၊ နတ်လက်နက်မူ၊ ရေတွက်လှုဝယ်၊ လှည်းခြောက်ဆယ်ဖြင့်၊ တင့်တယ်ဆင်ယင်၊ ကြောရင်ရေးပြ၊ သည်ကာလမူ၊ ဝသာခါမည်၊ နှစ်ဦးလည်၍။ ။မိုးစည်သို့သော် မကြူးလော။

(ခ) ရွှန်းအကြူးလျှင်၊တွေ့ထူးပြောက်ဆန်း၊စိန့်ပန်းခြူးကြာ၊ နတ်တန်ဆာသို့၊ ဝိဝါ-မင်းစံ၊ *ဇာပယ်ကို၊ ရောင်လျှံထွန်းပတ်၊ နဝရတ်စီမံ၊ ချယ်သင့်ရံ၍၊ ဝင်းလျှံ

(၁၄၇) ယိုးဒယားသို့ ဟံသာဝတီ ဆင်ဖြူရှင်ချီတော်မူသောအခါ တလုပ်မင်းသခံယာဆိုသည့်စာ (လက်ဝဲနော်ရထာအမှာ။)

www.kelasa.org

*ပြောင်ငြိ၊ ဆင်စခြံထက်၊ ပုလဲသွယ်ဆိုင်း၊ သင်တိုင်းကွန်ရက်၊ ရွှေညောင်ရွက်နှင့်၊ ရွှေချက်လူလူ၊ ရွှေမှန်ကူ၍၊ အယုဇနာ၊တသောင်းတာကို၊ လူးလာပြေးသန်း၊ ယုဂန်စွန်းက၊ လျှပ်ပန်းပြိုးပြက်၊ သန်လျက်ချိုမြင့်၊ တဝင့်ဝင့်လျှင်၊မတင့်စရာ၊ဖန်မိပါလျက်၊အတာသဘင်၊ ရင်လကတည့်၊ တူကွမန္တဲ၊ဝမ်းတိုကွဲစ၊ ရှဉ့်တွဲစုံမက်၊ လရက်များစွာ၊ မယ်တို့မှာမူ၊ သည်သာနှစ်ဦး၊ တန်ခူးသင်္ကြန်၊ ပန်းမှန်ပျံ့လှောင်း၊ စုံတောကောင်းဝယ်၊ ဥဒေါင်းတို့လျက်၊ လည်ချင်းရှက်၍၊ ။ကျေးငှက်သို့သော် မမြူးလော။

(တ) ထွန်းကမြူးလျှင်၊ ဝေးကျူးဘေးလောင်း၊ မရောက်တောင်းတည့်၊ ထီးဆောင်း ပြည်ထောင်၊ ကုန်အောင်နှံ့နယ်၊ တပ်လေးဆယ်နှင့်၊ ပင်လယ်မြစဖျား၊ ယိုးဒယားကို၊ ဘုရားဘုန်းထင်၊ ဘုရင်မင်းထွတ်၊ မင်းများနတ်လျှင်၊ ဝန်းပတ်ခြံရံ၊ ထိုမင်းနှံ့၍၊ လုပ်ကြိုကြေမြည့်၊ လိုတော်ပြည့်လည်း၊ မလှည့်စစ်ဦး၊ မဖူးသည်နှင့်၊ ကွာသည်မြင့်ခဲ့၊ သခင့်သစ္စာ၊နောက်နိုက်ပါ၏၊ မြစ္စာထပ်ရစ်၊ကျွမ်းသူစစ်ကို၊ ကြင်ချစ်စိတ်ကြည်၊ လွမ်းဘာရှည်၍၊ စစ်သည်အပေါင်း၊ ရဲမက်ညောင်းခဲ့၊ လျှင်ကြောင်းဖူးတွေ့၊ ချွဲချွဲခွေမျှ၊ ညောင်ရေသဘင်၊ ရွှင်ခါချိန်တန်၊ ပြန်ဘိမူကား၊ တို့ထွတ်ထားလျှင်၊ တရားမွှေလျော်၊ နန်းတော်သိင်္ဂါ၊ ရွှေပြည်သာနိုက်၊ ရတနာဥကင်၊ တောင်နန်းရှင်နှင့်၊ ။ရွှေရင်သို့သော် မဖူးလော။

---

www.kelasa.org

www.kelasa.org



၁၄၈-သရေခေတ္တရာမြင်းခေါင်းဆို ရတု (၁)

(ပ) လေးလနွေသန်း၊ သည်ထက်လွန်၍၊ ဘက်ရန်ငြိုးဝေ၊ မကြာစေဟု၊ သံခြေမြရည်၊ မြွက်မှာသည်နှင့်၊ ညီမည်မရှိ၊ ကြာလေဘိခဲ့၊ နှင်းတိဝေဝေ၊ ပတ်လည်ခွေသော်၊ မြောက်လေသုတ်ညောင်း၊ ဟေမန်ပြောင်း၍၊ တပေါင်းတဖန်၊ လည်ပြန်ခဲ့ပြီ၊ ရာသီအလျောက်၊ ပင်အောက်ကြွေကျ၊ ပန်းတိုမျှလည်း၊တွန့်စ*ပုရစ်၊ ပေါ်သစ်ပြေနူး၊ လတန်ခူးဟု၊ ရွက်ဖူးညွန့်ဟုံ၊ ပင်တိုင်း စုံသည်။ ။ကဆုံမကူး စေချင်သော။

(ဒု) တွေးဆချေတန်၊ငယ်ယုံကျွန်နှင့်၊ ဖန်ဖန်ဆိုရာ၊ တခါခါလျှင်၊ စမ္ပာဒန၊ ပေါ်သည်ကရ၊ ချက်မခန်းဝါ၊ သာယာဝတီ၊ရပ်ခွင်ဆီက၊ ပြောင်းချိုကြွသော်၊ အဝရွှေမြေ၊ မင်းနေမယ်မှာ၊ ရောက်တန်ပါလျက်၊ ပြည်သာသီရိ၊ သုဘုမ္မိဝယ်၊ ပျော်ဘိလေ၍၊ တိုကိုခွေခဲ့၊ ပျောင်းခွေ့ရှုတ၊ နောင်ကျိုင်းမြနှင့်၊ လေးလသုံးတွေ့၊ မြင့်ကြာလေသော်၊ သရေခေတ္တ၊ ပြည်မရပ်သူ၊ လှမှန်ကူတို့၊ ရည်လူတွေတွေ၊ ပန်းညွန့်ဝေနှင့်၊ ညောင်ရေသဘင်၊ သွန်းမည်ရင်သည်။ ။သာရှင်မမြူး လေခင်သော။

(တ) မွေးပျပေလွန်၊ နတ်တို့ဖန်သည်၊ ဟေမန်တောသာ၊ဂန္ဓမာဝယ်၊ ပမာဝန်းလား၊ထူးမခြားတည့်၊ ပုံ့ရှားကြိုင်မွှန်း၊ တွေတွေပန်းနှင့်၊ ကြဇ္ဇန်းသုံးလူ့၊

(၁၄၀) ရွက်ဖူးညွန့်ဟုံ၊ပင်တိုင်းစုံသည်၊ကဆုံမကူး စေချင်သော၊သရေခေတ္တရာမြင်းခေါင်းစာ။ (လောကပတိ တရားသိဋ္ဌထား ၃၀၁-၇၅။)

သစ္စညှုဝယ်၊ လျှင်ဆုထပ်လျှောက်၊ ပေါက်ပေါက် ဆန်စင်၊ နို့ရှင်ကြိုင်မွှေး၊ ရေခအေးသီတာ၊ သန္တာညွန့်ခက်၊ ကွမ်းလက်စည်းစုံ၊ ပန်းထုံသီစိမ်၊ ချမ်းငြိမ်ညခင်း၊ သုံးလူ့မင်းဟု၊ သနင်းခေါင်ချုပ်၊ ဆယ်စုံရုပ်၍၊ ကျွန်ုပ်နိုပင်၊ ရန်အောင်မြင်ဝယ်၊ ကြည်လင်သံသြောင်း၊ သွန်း၍တောင်းလည်း၊ သူကောင်းမင်းခြွေ မြင့်ကြာလေခဲ့၊ နွဲ့သွေမဖင့်၊ ရဲခေါင်တင့်သည်။ ။မယ်နှင့်မဗူး ရှေးရှင်သော။

---

## ၁၄၉-မြည်ရန်နိုင်မှူးဆို ရတု

(ပ) **ကံသာညွန့်၍** ရှေးလွန့်သံသာ၊ ဝါသနာကြောင့်၊ မေတ္တာချစ်စည်း၊ တကိုယ်တည်းသို့၊ ဖြူမည်းမစစ်၊ ကြိုက်မိဖြစ်ဖြင့်၊ စုံမက်ချစ်ပျိုး၊ မေတ္တာမြိုး၍၊ ကြိုးနိုးလိုလို၊ ကွယ်ဆိုမျက်မြင်၊ ပြစ်တင်သူအား၊ ပြင်ချည်းထားလျက်၊ *မြောက်မြားကိုယ်ရည်၊ လက်ရုံးသည်လည်း၊ ကျော်မည်ကိုသာ၊ ယှဉ်းရာမရှိ၊ ရဲသတိနှင့်၊ မွေးမိရှင်ကို၊ တုပျော်လို၍။ ။**မြဆိုသစ္စာ သုံးတော့သည်။**

(ခု) **ကြံခါတန်၍**၊ ဆင်းလွန်ပျိုမျစ်၊ ကျွမ်းသူစစ်ကို၊ အချစ်ကဲမြင့်၊ မေတ္တာဆင့်လျက်၊ နို့ခွမြင့်မထောက်၊ အကြိုက်ရောက်က၊ ပြစ်လျှောက်လေကာ၊ ထုံးပမာကို၊ ဖွယ်ရာသမှု၊ *ဗဟုသုတ၊ ဟူသမျှလည်း၊ ဝမ်းက

---

(၁၄၉) လျှံတောက်လက်ရုံး၊ ယောကျ်ားတုန်းကို၊ မဆုန်းဆနိုင်၊ မြည်ရန်နိုင်မှူးဆို (လောကဟိတရာသီခွဲထား ၂၉၀-၇၅။)



မနည်း၊ ရသည်ချည်းတီ၊ ဖျင်ပည်း*ရောရှု၊ ထောင်ရာစုတွင်၊ တစ်ဟုခေါ်လောက်၊ ရွေး၍ကောက်သို့၊ သူ့အောက်မလျော့၊ ကောင်းတော့မည်သာ၊ ကြေညာကျော်ထင်၊ လက်ရုံးအင်နှင့်၊ အရှင်ကောင်းကျွန်၊ တံခွန်စံတည်၊ အရည်ရှိက၊ ခန့်တိုင်းရလိမ့်၊ နှမရှင်အား၊ ဆွေ*မျောက်သားကို၊ သနားခြင်းရာ၊ ကြီစာနာ၍။ ။**မေတ္တာတောင်နှယ် လုံးတော့သည်။**

(ဘ) **စံရာရန်၍** ကောင်းဟန်တတွေ၊ မြင်မလေလေတီ၊ ခြေကသည်မြင်း၊ *သန်လျင်းထမ်းစင်၊ ဆင်ကားပေါင်းချက်၊ ရွှေကထက်ဝယ်၊ ဘယက်ရွှေသွယ်၊ စလွယ်သင်းကျစ်၊ ပေါင်းသစ်ညွန့်ရှည်၊ မတ်ကြီးမည်နှင့်၊ အရည်အလျောက်၊ ကောင်းတို့ရောက်က၊ လျှံတောက်တက်တုန်း၊ ယောကျ်ားဘုန်းကို၊ *မဆုန်းဆနိုင်၊ အခေါင်တိုင်လိမ့်၊ မြိုင်သစ္စာ၊ အဓိဋ္ဌာဖြင့်၊ ချစ်ရာစံတည်၊ ဆွေကြင်သည်ကို၊ မျိုးမည်မစစ်၊ မေတ္တာချစ်၍။ ။**အချစ်ပန်းနှယ် ကုံးတော့သည်။**

---

## ၁၅၀-စကိုင်းလက်ရွေးကြီးမှူးဆို ရတု

(မ) **တင်ပြစ်ကွာသည်**၊ ပွတ်တွင်ကြည်သို့၊ မြူနည်မစက်၊ မွတ်မွတ်ညက်ကို၊ မမြွက်သူစိမ်း၊ ခပ်သိမ်းသူ့နား၊ ကြားကာခဲယဉ်း၊ လျှဉ်းမည်စိုး၍၊ ကြိုးသည်ဖြစ်မှု၊ လ,နှစ်,ကာ းနည်း၊ ရက်များပည်းခဲ့၊ ထင်ရည်းလင့်လျက်၊ ယှဉ်းမကွက်သည်။ ။**ချစ်သက်နှံ့သင့်ရည်သူနှင့်။**

(ခု) **ကြင်ချစ်ရှာသည်**၊ ကျူးနှစ်လည်၍၊ မျိုးမည်မြတ်ပင်၊ ငါးစုံအင်နှင့်၊ မြန်ခွင်စံကျွန်း၊ လှထွတ်ဆန်းကို၊

www.kelasa.org
www.kelasa.org

စိတ်ပန်းရှာလှည့်၊ ကြို့ခဲ့၏ရှင့်၊ တည့်တည့်မြဲမြဲ၊ မကြဲနှစ်ဖြာ၊ သည်ကိုသာဟု၊ လှူဒါသွန်းဘက်၊ *ပန့်ကြက်သစ္စာ၊ကံရင်းပါ၍၊ယွင်းခါမရက်၊ကြွင်စုံမက်သည်။ ။ မြစ်စက်ပျံ့လွှင့် ကြည်ဖြူသင့်။

(ဘ) စင်စစ်ညှာသည်၊ လဲ့ဝင်းကြည်၍၊ ငြိုဝ်စည်ရဂုံ၊ ဂန္ဓိစုံဝယ်၊ မကြိုပန်းချင်း၊ နှိုင်းရာကင်းသည်၊ သတင်းဝှန်ဖြိုး၊ မဥ္ဇူမျိုးကို၊ မြတ်နိုးကြင်လွန်၊ မိဘုန်းသန့်သို၊ ကဲလွန်ပျပျ၊ ယုယချစ်ကြည်၊ ဆင်စိမ့်သည်ဟု၊ နှစ်မည်မလွတ်၊ ပို့သဆက်သည်။ ။ရစ်လျက်လျံ့ဆင့် မဉ္ဇူပွင့်။

---

၁၅၁-ပြည်အငြိမ့်သင်းလှေမှူး ပေါက်ဆို ရတု

(ပ) ညွန့်ရှင်မဥ္ဇူ၊ သမြေဟူသား၊ ဇမ္ဗူဒီပါ၊ကျွန်းလက်ယာနိုက်၊ လျှံဝါပြောင်ရွှန်း၊ တက်နေထွန်းသို၊ ရွှေနန်းပွင့်ရိုး၊ ဥမျိုးမှန်စင်၊ သိုက်ဝင်နိမိတ်၊ ဗျာဒိတ်တော်လျောက်၊ စံမြောက်မှန်ကင်း၊ ဘိုးတော်မင်းနှင့်၊ နောင်ရင်းတော်ရော၊ ပြည့်မြတ်စွာကို၊ အာဏာဝှန်ဖြိုး၊ အုပ်စိုးမိုးက၊ ကျော်ဟိုး လိုက်ပွက်၊ ဘဝဂ်နှံ့ရောက်၊ ချီးမြှောက်သီးသီး၊ အဖြိုးဖြိုးတည့်၊ ကြီးသည်ပညာ၊ ဘုန်းသမ္ဘာနှင့်၊ တရာကျော်ထွတ်၊ သက်တော်မြတ်၍၊ ကြည်ညွတ်သဒ္ဓါ၊ သာသနာသည်။ ။ရောင်ဝါတင့်တော့မည်ဘုရား။

(ဒု) ခန့်အင်ရည်ချူ၊ သစ္စာဟူသား၊ လေးဆူပွင့်လျာ၊ ထွတ်နရာလျှင်၊ သုံးဖြာလမ်းဝယ်၊ စံပယ်

www.kelasa.org

www.kelasa.org



ထွန်းဝါ၊ သူရိယာတို့၊ တေဇာနှံ့ပတ်၊ အာဏာလွှတ်၍၊ ကြီးမြတ်တန်ခိုး၊ကျော်ဟိုးလွှံ့ဘောင်၊ ထက်ခေါင်ဘဝဂ်၊ ဝှန်ဆူတက်မျှ၊ မင်းထက်မင်းမြတ်၊ မင်းဖျားနတ်လျှင်၊ အထွတ်*မကျုံ၊ နှိုင်းမပြိုင်တည့်၊ သုံးဆိုင်ဘဝ၊ စိုးရသခင်၊တုရားရှင်နိုက်၊ အင်-ခုနစ်နေး စုံသောထွေကို၊ ပရမေလ္လံထင်၊စောနတ်ရှင်လည်း၊ထိုသွင်တမျှ၊ ယွင်းရမရှိ၊ မှန်ဘိဇကန်၊ ခ-ရန်နေကျူ၊ နှိုင်းဆပမာ၊ ယာဥ်စကြာသည်။ ။ရောက်လှာ လျှင်တော့မည်ဘုရား။

(ဘ) သန့်စင်ကြည်ဖြူ၊ စိတ်တော်ဟူသား၊ မဥ္ဇူရတနာ၊ ပဒေသာဖြင့်၊ သတ္တဝါလူ၊ ခပ်သိမ်းသူအား၊ လိုင်ကြူပေါက်ပြ၊ မွေးစေရသား၊ လောက*သရဘူ့မှန်ကူဆံကျင်၊ဘဝရှင်ကို၊မြေပြင်ကျွန်းတွင်း၊အမင်းမင်းတို့၊ ရင်တွင်း*သည်းကြား၊ သမီးသားနှင့်၊ များသည်ဘို့ရန်၊ မင်းတန်မကြွင်း၊ ဒွန်တော်သွင်း၍၊ပြောင်ဝင်းစက်ကျော်၊ ခြေတော်အောက်ထံ၊ ကျိုးနွံရှိသော၊ မကွေ့ရုံးစု၊ သာဝ မြောက်ပြီး၊ ကောင်းချီးမင်္ဂလာ၊ မေတ္တာပုံ့ရွှန်း၊ စိတ်ပွင့်လန်းသည်။ ။ရှိပန်း ဆင်တော့မည်ဘုရား။

---

၁၅၂-ဆီးကိုင်းစားဆို ရတု

(ပ) ဝှန်ဖြိုးတက်လျှံ၊အာဏာနှံ့၍၊နိုင်ငံသိမ်းကျုံး၊ ဇမ္ဗူလုံးကို၊ လက်ရုံးထွန်းပြောင်၊ နှစ်-တထောင်ဝယ်၊ အခေါင်ထွတ်ထား၊ မင်းတရားလျှင်၊ ထင်ရှားဖြစ်မြဲ၊ မချွတ်လွဲဟု၊ လွန်ကဲကြည်ဖြူ၊ နတ်နှင့်လူတို့၊ ဆုယူကုန်ကြ၊ ထွတ်လောကကို၊ မာဃချီပင့်၊ တန်ခိုးမြင့်၍၊လှစ်ဖွင့်ဥကင်၊ ရွက်ရှင်ရိပ်ဖြူ၊ ရှစ်ဆူဖြန့်ဝန်း၊ ရေသဖန်းဝယ်၊

*ကျူးဖြန်းပဥ္စင်၊ သံလွင်မြှောက်စည်၊ *တံရှည်တံမြှာ၊ ခရာ*တံပိုး၊သာ‌ချိုးရန်နောင်၊*တုလောင်*တံကောက်၊ ဌှန့်ချောက် *ကျုံကျုံ၊ တီးမှုတ်သံနှင့်၊ *အာလမ္ဗရာ၊ မုဒိင်္ဂါဟု၊ သာယာပုံ့ပျူး၊ နန်းခြင်းကျူး၍ ညွှန့်ဖူး *နေစာ၊လက်ယာလှည့်ချစ်၊အသစ်မှန်ခြင်း၊ခရူသင်းနှင့်၊ သံညင်းသာယာ၊မင်္ဂလာဟု၊ဖြဗ္ဗာချစ်ယောက်၊ဘိသိက်မြှောက်က၊ ထွန်းတောက်လျှံဝေ၊ တက်သစ်နေသို့၊သပြေဗမ္ဗူ၊ ကျွန်းသူ့ အပေါင်း၊ ဆုယူ တောင်းသည်။ ။ **အလောင်း မှန်တော့သည်ဘုရား။**

(ခ) **တွန်ကြွေးစက်သံ၊** နတ်မြင်းပုံလည်း၊ မိုးယံ တိမ်ညွှန့်၊မြူးကွန့်အာကာ၊ အဿဇာဟု၊ ဝလာဟက၊ စိတ်တိုင်းမျှသား၊ဇော်တမျက်ရှင်၊ သီလဝင်နှင့်၊ *ဥတင်ကျွန်းသူ၊ ဆင်ဖြူစကြာ၊ ရတနာကို၊ ဣန္ဒာဒေဝ၊ ပို့လှာသသား၊ မာယာသကြား၊ နတ်မင်းထား၍၊ တလွှားဇမ္ဗူ၊ ထိန့်ဆူတေဇော်၊ ဘေးလောင်းတော်လျှင်၊ ပြည်ကျော်သာထွတ်၊ အရိမဒ္ဒနိုက်၊ ယွှံ့ပတ်ကြည်းရေ၊ နတ်စက်လှေဖြင့်၊ သပြေညွန့်ရှင်၊ ဇမ္ဗူပြင်ဝယ်၊မွှမ်းဖျင်မိုလ်ပါ၊ မတ်ရာဝန်းရံ၊ ဘိသိက်ခံသို့၊ ထုံးစံ ပုံနည်း၊ တစဉ်တည်းလျှင်၊ ဝှန်သည်းအာဏာ၊ မြင်းတေဇာနှင့်၊ စကြာရွှေ့တည်၊ နိုင်ငံလည်က၊ အပြည်ပြည်ထောင်၊ အုပ်စိုးဆောင်သား၊ ဖြူရောင်ရိပ်ဆောင်း၊ ရာပေါင်းထီးစင်း၊

(၁၅၂) တောင်ငူမင်းမြှောက်တပ်တော်ကျောင်းတွင်တပ်ချတော် မူသောအခါ ဆီးကိုင်းစား ဆက်သည့်စာ၊ (လက်ဝဲနော်ရထာအမှာ) "အာလမ္ဗရာ၊ မုဒိင်္ဂါဟု၊ သာယာပုံ့ပျူး (လောကဟိတရာသီဒွဲထား၂၆၆-၂)

www.kelasa.org



အခမင်းမင်းတို့၊ ရင်တွင်းသည်းချာ၊ ရတနာဟု၊ ကညာဖိုထွတ်၊ မိုးနတ်မပြား၊ သမီးသားကို၊ ခမ်းနား ဆောင်ယောင်၊ ညီးဝင်းပြောင်မျှ၊ ဝန်းခြောင်*မိဿံ၊ များခြွေရံနှင့်၊ ရွှေယံတော်အောက်၊ ထွတ်ဘုန်း တောက်ကို၊ ဝမ်းမြှောက်သာရှင်၊ ဆက်အံ့ရင်သည်။ **။ရည်ထင်ရန်တော့သည်ဘုရား။**

(ဃ) **ကျွန်းရိုးဆက်ခံ၊** လွှန့်ကျိုးနွံသား၊ ဝေးလံတိုင်းစည်၊ အပြည်ပြည်မှ၊ သာကြည်ရွှင်ဖြိုး၊ ရတနာမျိုးလည်း၊ ဖမိုးတော်ရိပ်၊ ရွှေစက်အိပ်သို့၊ ဦးထိပ်ရွှေကြာ၊ ရောက်လှာမည်ချည်း၊ ထင်ရည်းရွှင်ပျော်၊ လင့်ကြမျှော်လျက်၊ ရွှေလှော်မြောင်ရှန်း၊ ရွှေတောင်နန်းထက်၊ ဖြန့်ဝန်းရွှေစင်၊ပလ္လင်ဇွေထိပ်၊ ရှစ်စင်းရိပ်ဝယ်၊ သုံးကျိပ်နှစ်ပါး၊ သကြားဝန်းရံ၊ မာယစံသို့၊တဆံမယွင်း၊ ခပ်သိမ်းမင်းအ၊ ဦးကင်းထိပ်စွန်း၊ ရွှေဘုံမြန်းက၊ ပွင့်လန်းသာယာ၊ လုတကာနှင့်၊ ရတနာသုံးဦး၊ လွှန်ကျူးထွန်းပ၊ မိုးကြွယ်လသို့၊ ဒါနကုသိုလ်၊ ရွှယ်ကျိုသက်ကြီး၊ သမီးလုလင်၊ မွှမ်းဖျင်မြေးသား၊ ထပ်ပွားကြွယ်ဖြိုး၊ လေးပါးမျိုးလည်း၊ လက်မိုးထိပ်ထင်၊ တင်မြှက်နိုစ္စ၊ ထွတ်လောကကို၊ နေ့ညမခြား၊ ဆုမေတ္တာဖြင့်၊ ရှည်စွာသက်တော်၊ ရာပြည့်ကျော်လျက်၊ဒေဝေါဒိဗ္ဗ၊ ကိုယ်တိုင်မ၍၊ နတ်သစက်ရှင်၊ စစ်မြေအင်နှင့်၊ တိုင်းခွင်ဇမ္ဗူ၊ထိန့်ဆူကျော်ဟိုး၊ထွတ်ဘုန်းမြှိုးသည်။ **တန်ခိုးဂုဏ်တော့သည်ဘုရား။**

## (၁၅၃) ရှင်ရဲဘော်ဆိုရတု (၁)

(မ) ကျူးမြည်ကျူးမြည်၊ ချိန်သင့်သည်ဟု၊ ရွာမည်ပတ်ချုပ်၊ ထက်ဝန်းအုပ်၍၊ ကျွန်ုပ်မယ်သာ၊ မျက်စိဖွေရှာ၊ နေလှည့်ရာကို၊ ရွှေဝါမနှော၊ မြခဲသင်းချော၊ ရဂုံတောလည်း၊ လွမ်းမောဘွယ်သာ၊ ဖျာပါကြီးဖွန့်၊ ရှိစိမ့်ဖန်ကာ၊ မင်းဖွန့်သက်ဝေ၊ စစ်မြေချပ်တာ၊ ကြာခန့်မိုး၍၊ သမ်းညှိုးခေါ်ဒိုက်၊ မွှေ့ရာတိုက်ဝယ်၊ *သွယ်ပြိုက်ကျရှမ်း၊ လွမ်းတို့စွလေ။ ။မယ်ထူးဆွတ်ဆွတ် မရွှင်တတ်။

(ခ) တပျောင်းညွတ်ညွတ်၊ မယ်လူးလွမ်းဆွတ်၊ ချိရက်မှတ်၍၊ ရံပတ်ရှာနည်း၊ သူ့ရပ်ပြည်ဝယ်၊ ကြာလိမ့်မည်ကို၊ အွေသည်ညက်မြ၊ နှမသူတော်၊ ရှည်ဘော်ယော်ကျွမ်း၊ လွမ်းတို့ရှာစွ၊ ဝေးကရောက်အောင်၊ စာစောင်*သဝန်၊ *ယုံကျွန်ကိုသာ၊ မိန့်မှာစေ့ရေး၊ ပေရက်လေခဲ့၊ နှုတ်ရွှေဖြည်းထပ်၊ မယ်နားအပ်၍၊ တို့ဝပ်ထွေသာ၊ မရောက်လှာသော်၊ ဗျာပါဖျင်ပည်း၊ ဝမ်းသို့နည်းစွ၊ သိမ်းဆည်းကုန်သွယ်၊ အလှယ်လှယ်နှင့်၊ ထိပ်ဝယ်စုံတည်၊ *ပုဇွော်ကြည်၍၊ ရည်နှင့်စွလော၊ ။ပုညာမည်မှတ် တောင်ထိပ်ထွတ်။

(တ) လွန်ကဲတူရှု၊ ဝမ်းထဲသည်းအူ၊ နေကိုတူသား၊ မဥ္စူကြာသို့၊ မြေတာကျူးခေါင်၊ နောင်သူရဲတို့၊ ဖန်လဲစေ့ရေ၊ အိမ်နေသူတော်၊ ရှဉ်ဘော်ယော်ကျွမ်း၊ လွမ်းသည်

(၁၅၃) ကျူးမြည်ကျူးမြည်၊ ချိန်သင့်သည်ဟု၊ ရွာမည်ပတ်ချုပ်။ ရှင်ရဲဘော်ဆို(လောကဟိတရာသီဘွဲ့ထား ၂၉၆-၇၂။)

www.kelasa.org



မြစ်ကို၊ စင်စစ်သိ၍၊ မိုးထိတိမ်ယံ၊ ပျံစမှတ်သား၊ မြွေထွတ်တခဲ၊ ပုလဲမောင်းရင်၊ သက်တင်တပိုင်း၊ လည်ကိုင်းနားရောက်၊ ကွန့်မြောက်ကြွားကြွား၊ အားပါးမလိမ်း၊ ငယ်တိမ်းမစောင်း၊ မြင်ကိုင်းကောင်းသား၊ တင့်ကြောင်းခေါင်ချုပ်၊ တိုက်ဝယ်ရုပ်သို့၊ ကျွန်ုပ်သက်မှတ်၊ ရဲတုလွတ်လျှင်၊ ဖောင်းဝတ်မြင်းကျော်၊ ယဉ်ရဲဘော်နှင့်၊ ရှမြော်ဆောလျှင်၊ ရောက်စေချင်၍၊ တင်နှင့်စလေ။ ။အခေါင်တမွှတ် ရဲတုလွတ်။

## ၁၅၄-ရှင်ရဲဘော်ဆို ရတု (၂)

(မ) ယခုမှလျှင်၊ မွေးဘမှတ်ရန်၊ ရဲမှန်ညွန့်လူ၊ ကျော်မည့်သူလျှင်၊ နှစ်ယူတွေလည်၊ ကျင့်လတ်သည်ကား၊ ဆံမြည်မြူချင်၊ မယ်တွင်ဆိုရေး၊ ပြစ်မျိုးဝေး၏၊ နှောင်းရေးစွေခရ၊ တွေတွေရစ်ဆင်၊ လည်တွင်အပ၊ ယုယစုံမက်၊ အသက်မခြား၊ ဖြစ်ခြင်းများကို၊ သနားမဲ့လျှင်း၊ သည်နှောင်မင်းမူ၊ ချွတ်ယွင်းသို့စင်၊ ပည်းဖျင်ရက်ကြာ၊ မဖူးလှာသည်။ ။မျှော်ရှာယူတာ လွန်းတော့၏။

(ခ) တစုညလျှင်၊ အတွင်း ဝင်သော်၊ နတ်သွင်ဆင်းယောင်၊ ကျွန်ုပ်မောင်ကား၊ စွန်တောင်ရက်ပျား၊ တည်ထားသင့်ပြီး၊ လည်ဆီးဝတ်ချပ်၊ ထပ်လည်းညီလျှ၊ နောက်စပိုက်ဝိုက်၊ လိုက်လိုက်တင့်ကြောင်း၊ ရှန်းရှန်းပေါင်းမှ၊ နားတောင်းသစ်ဦး၊ ခါးမြသွင်၊ လက်မြင်ထိလျှမ်း၊ တင်းကျမ်းမြှီးမောက်၊ နံပေါက်ခိုနန်း၊ ထွန်ထူးဆန်းနှင့်၊ *ကြော့လန်းစလှ၊ နေကျမယ်ပါး၊ နှင်သွားစမြ၊ မလာပဲနှင့်၊ သူရဲညီလတ်၊ ကျင်းထွတ်စိတ်တည်၊ နှောင်မြရည်သည်။ ။တွေလည် ကျင့်ဖောက် ပြန်တော့သည်။

(တ) မရှုရလျှင်၊ နောင်မြသည်ရင်း၊ လွမ်းတင်းခွေညွှတ်၊ မပျောင်းတတ်ဟု၊ လေးမြတ်ပိုက်ဖြား၊ ဆိုသည်များကို၊ မယ့်နားသုံ့သွဲ့၊ ပုံ့ပို့ခုပင်၊ ရေးရေးထင်ခဲ့၊ ကျိုင်းစင်ရဲသူ၊ မိမင်းတူက၊ ငယ်ဖြူဆွတ်ဆွတ်၊ ပွေ့လွတ်သန့်စင်၊ တင်ရင်လွှမ်းဖုံး၊ ကိုယ်လုံးရွှေသာ၊ နှိုင်းရာမမြော်၊ ယဉ်ရဲဘော်နှင့်၊ မှုတော်ရေးရာ၊ ရှိတိုင်းရှာလျှက်၊ မာန်ပါကြိမ်းဝါး၊ ရှေးဖျားစွန်းစွန်း၊ လှည့်ဝန်းစက်တူ၊ ပွဲဦးယူ၍၊ ဇမ္ဗူမင်းကျွန်၊ ဆင်းသည်ရန်လျှင်၊ ဖောက်မြန် နှစ်ထွေ၊ ရှောင်ခွာနေလည်း၊ မပြေပိုးကြွယ်၊ တိမ်နှယ်ထပ်လှိုင်း၊ နေ့တိုင်းသို့ဝင်၊ မြင်ချင်မျက်နှာ၊ မေတ္တာဆင့်အုပ်၊ ချစ်မာန်ချုပ်သည်၊ ။**ကျွန်ုပ်သစ္စာ မှန်တော့၏**။

---

၁၅၅-ဝါးရင်းတုတ်စားမင်းကြီးညိုဆို ရတု

(ပ) လောကနာလျှင်၊ နရာဒီပ၊ ကျွန်းလုံးခသား၊ သီဟရန်နှင်း၊ မင်း၏ရင်နှစ်၊ သားတော်ချစ်လျှင်၊ ရှမ်းစစ်တိုင်းခွင်၊ ပယ်သုတ်သင်၍၊ သဘင်ရွှေစည်၊ ဘုရားလည်က၊ မြန်ပြည်ကျိုက်ကျိုက်၊ ကျော်သံရိုက်မျှ၊ လုပ်ကြိုက်ချိန်ပွဲ၊ သန်မိုးစဲသော်၊ ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းဝယ်၊ ချိုရှုန်းစစ်သွား၊ ရဲဗိုလ်အားနှင့်၊ ဝန်းလျား *မြမြ၊ နေတာဝ်

ချသော်၊ သူ့ကပေါင်းရုံး၊ မိုးညင်းလုံးနှင့်၊ တွက်ပြီးစစ်ခြေ၊ *ကျင်းတျင်းကြေမျှ၊ အသေအရှင်၊ မြင်းဆင်လက်တိုင်း၊ *ထော်မှိုင်းကစ၊ မြို့လုံးရသည်၊ ကာလသို့စင်၊ ကြာတင်ဘိမှု၊ ဆီးဖြူကျရွှမ်း၊ ရဲမက်ချမ်းမျှ၊ ဖော်ကျွမ်းအောက်မေ့၊ ဖူးမတွေ့သည်။ ။**ရင်ငွေချိုခါ မတန်လော**။

(ဒု) **တပို့တွဲလျှင်**၊ ဆီးခဲကြွေကျ၊ သည်ကာလမှု၊ မြစ်စကာမ်းယံ၊ နတ်ဇွမ်းတံ၍၊ ပြင်စံ *စဲတန်း၊ သောင်ရိုပ်လွှန်းကာ၊ နွယ်ပန်းကုန်စဲ၊ *ပေါက်လဲကင်းလု၊ ရတု *ဆိုးဆမ်း၊ နှစ်ပါးပြွမ်း၍၊ ဆောင်းချမ်း ပျောက်နိုး၊ နွေအားကြီးသော်၊ စောထီးဘသား၊ ဘုရားဘုန်းခေါင်၊ သို့စင်အောင်လျှင်၊ ရွှေဆောင်မပြန်၊ ညောင်းတော်လွန်ခဲ့၊ ဗိမာန်ထက်မှ၊ သော်တာလလည်း၊ ပြည့်ပရောင်ခြည်၊ ခေါင်တွေ့ လည်လျက်၊ စစ်သည်ရှယ်လူး၊ ဖော်မဖူးသည်။ ။**မန်းဦးလှိုင်ခါ မတန်လော**။

(တ) **တရူလွမ်း၍**၊ ဆောင်းချမ်းသို့စင်၊ မြကြာတင်သော်၊ နတ်ရှင်ဘုရား၊ မသွားလို့ပဲ၊ တန္ခွဲလျှင်၊ နေတဲ့ တတည်၊ ခွင်းဆီး လည်က၊ ရွှေပြည် မြို့မှာ၊ အောက်မေ့ ရှာသော်၊ သီတာစီးရစ်၊ သုံးဖြာမြစ်မှ၊ ပြင်နှစ်ပေါ်လွှ၍၊ သောင်မြင်ခုံထက်၊ ဘော်ငှဲစုဝေး၊ ဝင်ရော်ကြွေးလျက်၊ မြစ်တွေးတုကျ၊ တပြိုင်ကျသော်၊ ဒါနခုံစဲ၊ စေတီသဲဝယ်၊ ဝတ်လဲဖြူစင်၊ ရမြားငင်၍၊ ဆွေလင်တောင်းကျိုး၊ ကုသိုလ်ဖိုးသည်၊ ။**ပုဆိုးမြောက်ခါ မတန်လော**။

---



(၁၅၅) သက္ကရာဇ် ၉၃၀-တွင် ရွှေနန်းရှင် သားတော်မင်းကြီးကို ဝါးရင်းတုတ်စား မင်းကြီးညိုဆိုသည့်စာ၊ (လက်ဝဲနော်ရထာအမှာ) "မြန်ပြည် ကျိုက်ကျိုက်၊ ကျော်သံရိုက်မျှ၊ လုပ်ကြိုက်ချိန်ပွဲ" မင်းကြီးညိုဆို၊ (လောကပါတ ရာသီဖွဲ့ထား ၂၀၄-၃၀) လောကနာလျှင် ချီသည့်ရတု(မြန်မာသံယောဇဉ်ပနီ ၁၄၂)။

www.kelasa.org

## ၁၅၆-ရာဇသူရိယဆို ရတု

(ပ) ဘဝပူရေ၊ ဆက်တိုင်းဝေ၍၊ ကြင်နေမြဲစွာ၊ ဝါသနာဖြင့်၊ မေတ္တာပတ်ရစ်၊ သခင်စစ်ကို၊ ထုံးသစ်ကေသျှင်၊ မရိုးခင်ပင်၊ ကျွမ်းဝင်ဟူကာ၊ မိဘဆရာ၊ အာဏာဆန်ငြင်း၊ ရာတွင်းသက်လုံး၊ ချစ်ထုံးမြဲချည်၊ ပျော်ရမည်ဟု၊ သွေးဖြည်မရှောင်၊ သန်ကောင်သန်လွဲ၊ မိုက်ခဲမခန့်၊ သက်စွန့်*မရှုံ၊ ဝန်းရံတွေပြား၊ ဘေးရန်များကို၊ လေးစားမထင်၊ ကျွမ်းမိဝင်ရှင့်၊ ဆင်ခြင်စာနှာ၊ ချစ်သူကွာက၊ ဖြစ်ရာဒုက္ခ၊ ရသည်သံဝေ၊ တရားဓြေ၍ ခုံနေ့ဗလောက်၊ တတ်စံမြောက်မှ၊ နတ်အောက်မရှုယ်၊ထွားနုနယ်ကို။ ။ဘယ့်နှယ် ကြိုးပြန် **ရတော့မည်။**

(ဒ) အမျှစုဝေ၊ မြဲမကွေလျှင်၊ ရစ်ခွေပိုက်ချုပ်၊ လူ့ဘုံမြင့်ခေါင်၊ ပျော်ရအောင်ဟု၊ ရွှေညောင်ပင်ကြီး၊ စည်ဖြိုးကိုင်းခက်၊ပြည်လယ်ချက်ဝယ်၊*ပန္နက်မည်မှတ်၊ ရုက္ခနတ်တွင်၊ ပတ်လည်*စုလျား၊ ရွှေထွား*ကျစ်လျစ်၊ ကိုယ်ချင်းရစ်မှ၊ သစ်ထစ်ကွမ်းတင်၊ ညောင်ပင်အုပ်မိုး၊ ရုက္ခစိုးကို၊ကွယ်ကိုးသက်သေ၊ကြားပါစေဟု၊ တိုင်တွေ

(၁၅၆) ဆုတ်နှစ်မတိမ်၊ ညိုးပိမ်ကျုံ့တုး၊ ရာဇသူရိယ (လောကပဂိတ ရာသီ ဥတုဘား ၁၀၄-၁၅) ရာဇသူရိယဆို မာရ်အောင်ရတနာချေင်း၊ (ကဝိလက္ခဏာ ဒီပနီ ၁၆၇) ပုရေနိုဿင် ဤရတုစာမျက်နှာ ၂၆-ဦးရေ ၁၂-သျှင်ရစ္စသာရကို လိုက်၍ဆိုသည်။ ပုရေနိုဿင် အခံ့ဘဝပုရေအလိုက် (လက်ဝဲနေ့ဘိရုဏာ အမှာ။)

www.kelasa.org



သစ္စာ၊ ဆိုသောခါလည်း၊ ရတနာပုံ၊ မြည့်စုံဇာင်များ၊ သဒ္ဒေးသားနှင့်၊ ရွှေထွားနုနယ်၊ သူကြွယ်သမီး၊ ပိုနီးမယုတ်၊ နှုတ်နှင့်အညီ၊ နာရီမောင်းခတ်၊ မှတ်သည်ချိန်ခါ၊ သောက်ဝါလင်းအောင်၊ မျက်တောင်မရှုက်၊ မကွက်မဘိတ်၊ မျှ-မမှိတ်သည်။ ။ကြင်စိတ်စိုးမြန် **ရတော့မည်။**

(တ) မရလူ့မြေ၊ ခြောက်ပြစ်ကွေ၍၊ စံနေပုံခတ်၊ မိုးနေနတ်သို့၊ သွယ်ညွှတ်ယုယ၊လက်လှခွေလိပ်၊တံဆိပ်မှာစာ၊ကဝါ*ကျည်းဖွင်၊ ပါးလှပ်*တွန့်တုတ်၊ *မျက်သုတ်လက်ရက်၊ ပို့ဆက်ပြန်လှာ၊ရွှေသစ္စာကို၊ ရှောင်ခွါမြဲလျော့၊ နေ့စေတော့ရှင့်၊ သင်းဘော့ပမာ၊သံသရာဝယ်၊ စကြာရဟတ်၊ ချားသို့ပတ်မျှ၊ ဖြစ်တတ်ပျက်ပြန်၊ အဖန်ဖန်တိ၊ စုန်ဆန်ဘဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊ သုံးပါးမီးဟု၊ သည်တလူတွင်၊ မပူရင်ငြိ၊တို့ဆီမလျော့၊ နေ့စေတော့ရှင့်၊ မပေါ့အချစ်၊ ဆုတ်နှစ်မတိမ်၊ †ညိုးပိန် *ကျုံ့တုး၊ မုံးမော်မည်သာ၊ တကျော့ကျော့ကွင်း၊ နှောင်တွင်းဝန်းကျယ်၊စက်ဆုပ်ဘွယ်ကို၊ ။ဘယ့်နှယ် နိုးပြန် **ရတော့မည်။**

---

(တ) † ညိုးပိန်ကျုံ့တုးကို ပေမူတစေ့ခင်တွင်ကြိုတုး၊ ပေမူတစေ့ခင်တွင်ကျုံ့တုးပင့်ရစ်ကွဲလျက်ရှိရာ လက်ဝဲနေ့ဘိရုဏာပင်ရေးသော မြန်မာသံဃောဂ ဒီပနီ ၁၄၄-တွင် ယုံကျုံ့သည် ပိန်၍လျော့ပါးကျုံ့လှီသည်များကို ယပင့်-လက်ဝဲနေ့ဘိရုဏာ အာဘော်အတိုင်း အပင့်ရှိ ပေမူသို့ လိုက်၍ထည့်သည်။

### ၁၅၇-နန္ဒကျော်သူဆို ရတု (၁)

(မ) ညိုမြမှုတ်မှုတ်၊ ကြာနေနုတ်သို့၊ တိမ်ထွတ်ပုံအဲ၊ မြရှင်ခဲလည်း၊ ရှဲတော့သည်ပ၊ ငြိုင်-မမျှတည့်၊ လှမောသည်မှု၊ ငြိုင်တိုင်းသူတို့၊ သည်းအူနှလုံး၊ ကိုယ်ယှက်ကျုံးသို့၊ ကုံး၍လည်ဝယ်၊ ကြိုင်မျိုးကြွယ်သား၊ စံပယ်မုတ္တာ၊ မုလေးမျှတည့်၊ ကြာကဆွတ်ဆွတ်၊ မြန်းတို့တတ်၏၊ ဆင်မှတ်မဍ္ဍူ၊ မျှ-မတူသည်၊ ချစ်သူနွယ်ပျို၊ ပြာချောညိုနှင့်၊ တကိုယ်စုံမက်၊ အဆက်ဆက်သည်။ ။**မျှသက်ကြင်မိတ် မကွေသော။**

(ခု) **ပျိုလှထွတ်ထွတ်၊** သက်ဆယ်မြတ်၍၊ လေပတ်တာဦး၊ မျှမကျူးကို၊ ရှုးမှုးညွတ်ခွေ့၊ မြော်သည်နေ့က၊ ရွှေရွှေဝယ်သာ၊ ထင်ကာလန့်ထိတ်၊ လှ-နိမိတ်ကြောင့်၊ ကြင်စိတ်ဖန်လဲ၊ ကဲတော့သည်ပ၊ တရံမျှလျှင်၊ တန်ရမရှိ၊ မျက်စိရေးရေး၊ ခေါ်မေးထင်ဘိ၊ လျှောက်မိမိတည့်၊ မသိနေ့ညဉ့်၊ မစဉ့်လွမ်းလျှဉ်၊ စက်ပျော်စဉ်မျှ၊ ဝိညာဉ်အသက်၊ စုနှင်းဆက်သည်။ ။**တ-လျက်လျှင်စိတ် မပြေသော။**

(တ) **ညိုမျှပတ်ပတ်၊** *ဝိဂန်ထွတ်က၊ မြဝတ်ဆံမှုံ၊ ဖြူး၍အုံ့သို့၊ သက်လုံးအပ၊ မက-ကဲလွန်၊ ဆယ်ပြန်

(၁၅၇) မင်းနန္ဒကျော်သူ ပြည်သူကိုဆိုသည့်စာဟု စာခေါင်းတပ်သည့် ဂဇဗလသတ်ညွှန်း၌ နန္ဒကျော်ထင် စာခေါင်းတပ်သည်၊ နောက် ၁၅၀-မှတ်ချက်ကြည့်။ ။အမှန်ကိုသေးသေးတင်အမြစ်စပ်သည်ကား တောင်ငူမင်းရဲကျော်စွာဆို ညိုမြမှုတ်မှုတ် ချီရတုတွင်"မြဝတ်ဆံမှုံ၊ ဖြူ၍အုံ့သို့"(ဂဇဗလ သတ်ညွှန်း ၁၄၇) ၁ဇဗလအလိုဤရတု မင်းရဲကျော်စွာရေး။

www.kelasa.org



ဆယ်ဆင့်၊ စုန်ဆန်မြင့်၍၊ မိုးနှင့်ထိမျှ၊ *ရှုတတမ်းဆို၊ လွမ်းမြင်းမိုရ်ကို၊ ချောညိုမှတ်စင်၊ သက်-သခင်နှင့်၊ စုံလျှင်လွယ်အောင်၊ ခြောက်သွယ်ရောင်ဖြင့်၊ သုံးဘောင်ရပ်သူ၊ မှန်ကင်းဟူသား၊ မဠ္ဌုအစစ်၊ ရှင်ချစ်သော်သာ၊ မေတ္တာရည်စိုင်၊ သွန်းပျိုးနိုင်အံ့၊ လျှောက်တိုင်ဆုရည်၊ နောင်ကြင်သည်ကား၊ ငြိမ်မည်မဘက်၊ ဆယ်မြတ်သက်သည်။ ။**မြရွှက်ရှင်မြိတ် မဝေသော။**

---

### ၁၅၈-နန္ဒကျော်သူဆို ရတု (၂)

(မ) **ခြောက်ပြည်ဘုံသာ၊** သူနှင့်စာလည်း၊ မယ်သာသီရိ၊ ထွတ်ခေါင်ထိပ်ဟု၊ မသိမိုက်စွာ၊ *သုဗ်တာလျှင်၊ ကြမ္မာမွန်းနစ်၊ ဂျိုင်းလျှင်ဖြစ်လည်း၊ မပစ်မာဃ၊ သီလဆောက်တည်၊ ပေးဘူးသည်ကို၊ စဉ်ရှည်ကြောင်းလျှား၊ ကျွန်ုပ်ကြားသည်။ ။**ဘုရားဖြစ်လေပြီ *မှောက်တော်။**

(ခု) **လျှောက်မည်ယုံပါ၊** ထောက်ချင့်စာသော်၊ ကြမ္မာဟူက၊ စိန္တေယျတည့်၊ ပြည်မထွတ်တင်၊ ပုဂံတွင်နိုက်၊ *ဖျင်သည်သမီး၊ ရွှေဝေါစီး၍၊ ရွှေထီးဆောင်းလျက်၊ ရွှေနန်းတက်ဟု၊ စဉ်ဆက်ရာဇဝင်၊

(၁၅၈) လျှောက်မည်ယုံပါ၊ သောက်ခြည်ရုံလာ၊ မင်းနန္ဒကျော်ထင်အခံရတု၊ ယုံပါလျှောက်မည်၊ ရုံလာဆောက်တည်၊ ရှင်ရဲထင်အလိုက်၊ (လောကဗျိတရာသီခွဲထား ၂၇၅-၁၉)မင်းနန္ဒကျော်ထင်ရတုတွင် "ခြောက်ပြည်ဘုံသာ၊ သောက်ခြည်ရုံလာ" ဟု၍ သေးသေးတင်စပ်သည် (ဂဇဗလသတ်ညွှန်း ၀၇။)

ကြားခြင်စကား၊ ထုံးစံထားသည်။ **။သနားကောင်း လေပြီ*မှောက်တော်။**

(ဃ) **သောက်ခြည်ရှုံးလာ၊** နေနှင့်ကြာသို့၊ မျက်နှာ ရွှင်ပျ၊ ပီတိဝလျက်၊ သကျထွတ်ထား၊ ဘုရားရှင်ကို၊ ကျောင်းတင်မင်္ဂလာ၊ ပိသာခါလျှင်၊ ဂါထာသံချို၊ က-လျက်ဆိုဟု၊ ထိုလည်းတဦး၊ ကြားဘူးသည်နှင့်၊ ပုံနှုန်းသင့်၏၊ မတင့်မတယ်၊ ကဲ့ရဲ့ဘွယ်သည်။ **။ ကိုယ်ဝယ်ကင်းလေပြီ*မှောက်တော်။**

---

၁၅၉-လက်ဝဲဇေယသူရဆို ရတု (၁)

(စ) **ခေါက်ရှုံပါသည်၊** ရွှေဝါရင့်လျှ၊ ဝတ်တော်စကို၊ နွေညနံနက်၊ လွှမ်းခြွေစက်လည်း၊ စုံမက်ကြင်နာ၊ မပြေသာခဲ့၊ လိမ်မာကျစ်လျစ်၊ လူပြုသင်က၊ တစစ် တမက်၊ မှုတော်ထွက်၍၊ လမ်းဆက်ချောင်းကူး၊ မလိုက်ဘူးတည့်၊ ရပ်ကျူးဝေးရှည်၊ ဟသ်ာပြည်ဝယ်၊ ဆီးရည်ကျရွှမ်း၊ နှင်းမိုးပွင်း၍၊ စိတ်ဝမ်းပန်းကွဲ၊ ရေယဉ်ဝဲသို့၊ မစဲယိုထန်၊ နောင်ဖြစ်တန်ကို၊ သည်ရန်မြုတော၊ မသိလေခဲ့၊ တွေဝေရှာတုံ၊ လွှမ်းမျိုးပုံသည်။ **။ရှုံစုံ နှစ်တွေ ညီမြကို။**

---

(၁၅၉) လောကမှန်ကင်း လုထွက်ကြီး လက်ဝဲဇေယသူရဆို ချီးချင်းချာချာ ချီရတု, ဝိုးဝင်းဝါဝါချီရတု (ကဗျာပန္နသာရ ၂၄၀-၂၄၉) နဝဒေးရတု ၁၇၄ နှင့် ယှဉ်ကြည့်ပါ၊ နဝဒေးရတု အောက်မေ့ရှာသည်, နောက်ရှေ့ဖြာသည်, ခေါက်ရှုံပါသည် အခံ ဦးရတုပိုင်စုံကား အလိုက်တည်း။

www.kelasa.org



(ဒ) **နောက်ရှေ့ဖြာသည်၊** နှင်းသာဝေ့ဝှန်၊ မြောက်လေပြန်က၊ *ဝိဂန်အလုံး၊ မို့မို့ဖုံးသား၊ နှလုံးညွတ်ပျောင်း၊ စစ်လမ်းကြောင်းဝယ်၊ ဖယောင်းနေနှဲ့၊ ကြာယိမ်းကဲ့သို့၊ ကြည့်ငွံ့မြန်မြန်၊ မျက်စိဖန့်မျှ၊ ယမန်နေ့လ၊ ယမန်ညတွင်၊ ချစ်ကျွမ်းဝင်သည်၊ ဘုရင်မင်းခေါင်၊ ထွတ်တန်ဆောင်၏၊ မိအောင်ဗိုက်ဗိုက်၊ နောက်တော်နှိုက်ဝယ်၊ မလိုက်လေပဲ၊ ရှုံနှဲ့အတူ၊ နေပါဟူလျက်၊ ငယ်သူမိန့်ပွက်၊ ချုပ်ပေလျက်ကို၊ စုံမက်သနား၊ ချီရသွားသော်၊ *မျောက်သား ငယ်ဘော်၊ မိသူတော်သည်။ **။မပျော်ရစ်လေပြီပဲကို။**

(ဓ) **အောက်မေ့ရှာသည်၊** ချိန်ခါကာလ၊ ရေတွက်ဆသော်၊ ဟေမ*တလတ်၊ လှဲပြောင်းကျွတ်က၊ ခါမြွတ်သင့်လျော်၊ မည်သာခေါ်၍၊ ရက်ကျော်လာဝယ်၊ လှိုင်ကြွယ်*ခွံညို၊ ပေါ်ညီတိုသား၊ မြသိုအတွက်၊ လေးရက်ဆန်းကူး၊ ဗုဒ္ဓဟူးဝယ်၊ ကျေးဇူးကြီးမြတ်၊ တို့စောထွတ်လျှင်၊ အမှတ်ရွေးယူ၊ ချီတော်မူက၊ နတ်လူအံ့ချီး၊ ပွဲတင်တီးသည်။ **။ခရီးစစ်မြေ ဆိပ္ပဲကို။**

---

၁၆၀-ရှင်ရဲထင်ဆို ရတု (၁)

(ပ) **ဘုံသာခြောက်မည်၊** နတ်စံတည်နှင့်၊ နှိုင်းရည်ထောက်ချင့်၊ စာသဖြင့်လည်း၊ နိမ့်မြင့်ကြမ္မာ၊ သုဇိတာစင်၊ ဖြစ်လှာလွှင့်ပါး၊ *ဌွန်းစကြားဝယ်၊ သကြားကြင်

---

(၁၆၀) ပြခဲ့ပြီးသော ၁၅၀၊ နန္ဒကျော်သူဆို ခြောက်ပြည်ဘုံသာ, ပျောက်မည်ယုံပါ, သောက်ခြည်ရှုံလာကို လိုက်၍ စပ်သောအလိုက်ရတု၊ (လောကပိတရာသီခွဲထား ၂၇၅-၁၉)၊ ကုလားရဲထင်ဆို ဘဝင်လျှံ

ချစ်၊ ခုနစ်ရတနာ၊ ပေးဘူးပါရှင့်၊ စဉ်လာကြွားဟန်၊ စံစုန့်ဆန့်သည်။ ။နီမွှာန်ရောက်လေပြီမှောက်တော်။

(ခု) ယုံပါလျှောက်မည်၊ တွေးတောသည်လည်း၊ ဆံခြည်မယွင်း၊ ကံသာရင်းဟု၊ ကေတုမတီ၊ ခေါ်ညီဝေးနိုး၊ ရာထီးစိုးစည်၊ လွတ်ဆုံးပြည်ဝယ်၊ က-သည်သမီး၊ လျှိုညီးငါးအင်၊ တောင်ညာတင်၍၊ ရွှေရင်တုစုံ၊ ပျော်လေတုံ၏၊ ရေးပုံမှတ်သား၊ စဉ်ဆက်များဖြင့်၊ သနားတန်သည်။ ။ပြည့်နှန်လျှောက်လေ ပြီမှောက်တော်။

(တ) ရှုလှာသောက်ခြည်၊ပွင့်ရွှေရည်သို့၊ကိုးမည်ချက်မြတ်၊ စီချယ်ဝတ်လျက်၊ တွတ်တွတ်ကျေး၊ မနုဿတိ၊ သာဝိသမီး၊ မညီးရှုအိ၊ ကလျာဏီလျှင်၊ နောင်သည်ရာ၊ ရီကွာစာဟု၊ မဟာဒါန၊ စွန့်ကြံရကြောင့်၊ နစ္စဂီတော၊ က-လေသည်နှင့်၊ နှန်းပုံသင့်၏၊ မတင့်မိန့်ဟန်၊ ကျွန်ုပ်ကျွန်လည်း။ ။မြန်ခန်ကင်းလေပြီ မှောက်တော်။

---

လည် ချီသောရတု၊ ကုလားရဲထင် ဆိုသောသူသည် ဆန်းဂိုဏ်းသဒ္ဒါ အလင်္ကာဒေါသတို့ကို ချင်းနင်း၍ သင်ကြားလေ့လာဘူးသူမဟုတ်၊ ရတုရကန့်အဲ့အကျော်စသည်တို့ကို လေ့ကျက်သောကြောင့် နှုတ်လျှာကောင်းသဖြင့် ရတုလင်္ကာ စပ်ဆိုခြင်း ဖြစ်သည်၊ (ပေါရာဏဒီပနီ-ပ-၁၂၀) ဤမှတ်ချက်ကို ပေါရာဏဒီပနီက သူ့အလိုအလျောက် ရေးသားခြင်း မဟုတ်၊ မှတ်စုံပေစာတစောင်၌ တွေ့ရဘူးသည်။



## ၁၆၁-ဘုံကျောင်းပထမဘုန်းကြီးဆို ရတု (၁)

(ပ) **တက်ပေါ်စလှာ**၊ ရွှေ့မျက်နှာထက်၊ လေးဖြာရောင်စိုင်၊ ကျည်ခဲပိုင်သား၊ *မဏ္ဍိုင်ထိပ်မိုး၊ စည်*မုရိုးသို့၊ တာထိုးမှန်စွာ၊ သင်္ချာရှစ်သောင်း၊ လေးထောင်ဆောင်းမှ၊ အပေါင်းယူဇနာ၊ သီတာမြရည်၊ ပတ်ဝန်းလည်လျက်၊ လေးမည်ကျွန်းကြီး၊ အသီး နှစ်ထောင်၊ ရံဆောင်ပတ်လျှောက်၊ အောက်-စကြဝဠာ၊ *လဟာရစ်သိုင်း၊ ကျုပ်ထိုင်းဝန်းလည်၊ မော်ကွန်းတည်သား၊ လေးမည် သစ်ပင်၊ ရောက်ရာ တွင်မူ၊ တောင်ခွင်လက်ယာ၊ ဇမ္ဗူချာထက်၊မဟာသမတ်၊ မင်းမြတ်စဉ်လာ၊ ဥက္ကာမုခ၊ မျိုးသကျတွင်၊ ပုညဇာတိ၊ ဂုဏ်ထူးရှိ၍၊ နှံ့သိအောက်ထက်၊ ဘဝဂ်ထိပ်မို၊ ချီးကျူးဆိုသား၊ပုဂ္ဂိုလ်များနတ်၊ သုံးလူ့ထွတ်လျှင်၊ ဟောရွှတ်မိန့်မှာ၊ ဒေသနာဝယ်၊ မင်းလျာမင်းလောင်း၊ကျင့်ရာကြောင်းကို၊ ကျမ်းပေါင်းဖွေရှာ၊ ရတုစာနှင့်၊ မှတ်နာစေလို၊ လျှောက်ကြားဆိုသည်။ ။သံချိုသံညောင်းနန်းမွှင့်လောင်း။

(ခု) **ဘက်သော်ပမာ**၊ဝတီသ်ာဝယ်၊ ဒေဝါဒေဝ၊ ဒေဝိန္ဒလျှင်၊ အယုဇ္ဈမည်၊ ပုရပြည်နိုက်၊ မြင့်ရှည် ကာလ၊ ပြူးစံကြသို့၊ နန်းမဟုတ်ဝင်၊ ဘုံပလ္လင်ထက်၊ ဥကင်ထွက်ပြူ၊ စံမည့်သူကို၊ မှတ်ယူစေကြောင်း၊ လက်ာ

(၁၆၁)တက်ပေါ်စလာ ချီရတုတွင် "မေရုပါဒေ၊မြင်းမိုရ်ခြေဝယ်၊ ကုဋ္ဌေဘိုးကဲ၊ မျက်ပုလဲကို၊ ဖွမ်းရဲ အန်ထောင်၊ ယူရွှေဆောင်၍၊ နန်းဘောင်ပွဲလယ်၊ ပြသောနှယ်သို့" (ဝေါဟာရလီနတ္ထဒီပနီ ဝ၆)။

လောင်းအုံ၊ မျက်တောင်းအမွှန်၊ ပြည်ထိုက်တန်လည်း၊
*သုဝဏ်ကင်း၍၊ ဂုဏ်မဟေ့တည့်၊ ချသေ့မင်းလျက်၊
မြေခွေးဝတ်နှင့်၊ပေါင်းဘက်တူနေ၊ ပြဘူးလေ၏၊ မြူတေ
ကျေးဇူး၊ အထူးရှိမူ၊ ထိုသသူကို၊ မဟူစရှောင်း၊
မိတ်ဘွဲ့ကောင်း၏၊ အပ်ကြောင်းအပ်ရာ၊ ရှုးမှာရှုးလိုက်၊
စရိုက်ပုံသင့်၊ အကျင့် ယုတ်လတ်၊ အမြွတ် ဖြင့်အား၊
သုံးတွေ့ပြား၏၊ ဆား *ဘုမ္မသိမ်၊စိန်သလင်းနှင့်၊ပယင်း
*ဝွဲ့ရက်၊ ဂုဏ်ယုတ်ဘက်ကို၊နှိုင်းဘက်ချေမိ၊တို့-မသိမူ၊
မရှိစေရေး ပညာနက်လေး၊ အပေးအကမ်း၊ရဲစွမ်းသူတ၊
ဟူသမျှလည်း၊ သိဝရကုမာ၊ ပဥ္စာဝုဓ၊ အာဒါသနှင့်၊
ရာမပဏ္ဍိတ်၊လျှိုထိတ်ကျော်ရှိန်၊မဟော်သဓာ၊မင်းထိုမျှကို၊
ပုံချနည်းရှု၊ ကျင့်တော်ပြုလေ့၊ မေရုပါဒေါ၊ မြင်းမိုရ်
ခြေဝယ်၊ ကုဋေဘိုးတဲ၊မျက်ပုလဲကို၊စွမ်းရဲ*အန်ထောင်၊
ယူချေဆောင်၍၊ နန်းဘောင်ပွဲလယ်၊ ကျင်းသောနှယ်
လျှင်၊ ဘုန်းကြွယ်မိန့်ရွှတ်၊ ပိဋကတ်ကို၊အမြွတ်နန်းလျှာ၊
ကျင့်အပ်ရာဟု၊မှတ်နာစေလို၊လျှောက်ကြားဆိုသည်။ ။
**သံချိုသံညောင်း နန်းပွင့်ဆောင်း။**

(ဏ) **သက်တော် တရာ၊** မြင့်ရှည် ကြာသား၊
လေးဖြာစက္ကာ၊စုံညီလှလျက်၊ရာဇလက္ခဏာ၊မှတ်ကြောင်း
ပါသား၊ ဝရောဇေယ၊ တို့မွေးဘ၊ ။တစ်ပနှစ်ပြန်၊
ပြည့်*မကန်၍၊ တဖန်ချွဲစီ၊ ဝေသာလီဝယ်၊ လိစ္ဆဝီမျိုး၊

“မဟာကဝိတ် ခေါင်ပဏ္ဍိတ် ဝယ်၊မလိတ်စိန်တပ်”
ဟူ၍ ထက်ပေါ်ဇလာချီသည့် မေတ္တာစာရတုတွင်
မလိတ်စိန်တပ်ဟူ၍ စပ်သည်။ (ဝေါဟာရတ္ထ ပကာ
သနီ ၆၇၂)။

www.kelasa.org



မြန့်ထိပ်မိုးတို့၊ ကျင့်ရိုးစဉ်လာ၊ ခုနစ်ဖြာနှင့်၊ သစ္စာ
ပွင့်ညောင်း၊မျောက်အလောင်းအား၊မိကျောင်းရေခင်း၊
ဆိုခြင်းကျေးဇူး၊ ဂုဏ်လေးဦးတိ၊ အထူးဆတ်ဆတ်၊
မမွတ်တည့်၊ရာမြွတ်တွင်အောက်၊ တယောက်နှောင်း
မွေး၊ ညီအထွေးလျှင်၊ အရေးတတ်၍၊ အမြွတ်ထီးမြူ၊
အရာယူဟု၊ ဘုန်းတူမုနိန့်၊ မာရဇိန်လျှင်၊ စက်ရှိန်သံမြ
ဟောမြွက်ဟာ၏၊ ရန်စမရှည်၊ ချစ်ရည်မတို၊ နေကို
ရှုန်းသင့်၊ လနှင့်ပမာ၊ ပြုကျင့်ရာသား၊ အဋ္ဌာရသ၊
ဟူသမျှနှင့်၊ သိပ္ပဖွေရှာ၊ သင်သောဒါနိုက်၊ ဆရာ
ကဝိတ်၊ ခေါင်ပဏ္ဍိတ်လျှင်၊ *မလိတ်စိန်တပ်၊ ရွှဲထွင်း
အပ်သို့၊ နှုတ်ထပ်လက်မြန်၊*ပဋိဘာန်နှင့်၊ ရွှတ်ဟန်
လျင်လျှား၊ မှတ်စိမ့်ကြားသည်။ ။**တရားသံညောင်း
နန်းပွင့်လောင်း။**

---

၁၆၂-သျှင်ကရဝိကဆို ရတု (၁)

(ပ) *မာသနုတ်ရှင်၊ဖန်စီရင်၍၊မြသွင်လိုလို၊ ဆို
လည်းမပယွန်း၊ ထူးဆန်းပင်စည်၊ ခက်တံရှည်နှင့်၊ ပွင့်
သည်တမူ၊ မဥ္ဇူတမျှ၊ ရွှရွှညွန့်ကွေး၊ ဖြူရောင်ပြေးသည်၊
မုလေးပန်းနှယ်၊ အသီးဝယ်လည်း၊ ဖြိုးကြွယ်များ၏၊

(၁၆၂)တမျှော့ကြေးမုံ၊ ပိဋကတ်ကြေးမုံ ၁၃၀၊ “မြစ်နား
လေးထပ်ကျောင်းကိုဖွဲ့ဆိုသော လေးထပ်ကျောင်း
တည် သမိုင်းကို “မင်းရဲကျော်စွာတိပိဋကသုတော၊
မမ္မရာဇာသာ ကာဏ်ရွှေ”စသော ဂါထာအချိုးထား
လျက် သျှင်ကရဝိက စပ်ဆိုစီရင်သည်၊ ၉၇၉-ခု၊
စစ်ကိုင်းမြစ်နားလေးထပ်ကျောင်းကို မင်းရဲကျော်
စွာ ဆောက်လုပ်သည့် ၉၀၃-ခု၊ တိုကျောင်းကို

အစေ့ပြည့်သည်၊ ဆေးမှည့်အကျော်၊ တုမမြော်ကို၊ ခေါ်ဝေါ်မည်ရည်၊ ဤသို့သည်ဟု၊ ကြီးစည်ပြတ်ပြတ်၊ ဆတ်ဆတ်မုချ၊ မသိရဘည့်၊ ဌာနထူးလည်၊ ယွန်းပြည် တခြား၊ ယိုးဒယားက၊ သန်လျင်စသည်၊ နောက်မှ ရခိုင်၊ ကျွန်းလုံးလှိုင်မျှ၊ မပြိုင်တုကျွန်း။ ဝရွှေနန်းသို့၊ ရဟန်းရှင်လူ၊ သောက်စိမ့်ဟူ၍၊ ဆောင်ယူခဲ့လစ်၊ ကြွာသည်ဖြစ်ကို။ ။အနှစ်သုံးဆယ် ရာသီသော။

(ဒ) သာလှထွတ်တင်၊ကျော်စောထင်၍၊ တိုင်းခွင်ခရှမြည်၊ ထွန်းလင်းစည်က၊ အမည်ထွေလာ၊ မြန်မာ ကား-ဓေး၊ ရပ်ဝေးရှမ်းလို၊ ယာသုတ်-ခိုး၏၊ ဖွန်လို *ခွတီ၊ ခေါ်ညီထူးခြား၊ ကုလား*ဒါရှ၊ စားမှုသြသစ၊ သမိုက်ကြလျက်၊ ရွှဲရွှဲညွှန့်ကွေး၊နတ်ကိုးဆေးကို၊*ကာတ် ကြေးခေးငယ်၊ ရှုစဘွယ်နှင့်၊ သက်ကယ် ချောင်းမျှ၊ ပမာဏဖြင့်၊ ကြောမပေါ်၊ စပ်ကြယ်စွာလျှပ်၊ သန္တာ ညှို့သက်၊ သခင့် လက်နှင့်၊ စုံမက် ယုယ၊ လှီးပြီး မှ တည့်၊ မွှေးလှကြိုင်ဖြိုး၊ ကတိုးအကျော်နံ့ သာဖျော်၍၊

တင်လှူသည်၊ (သာသနာလင်္ကာရ ၁၆၇)၊ သျှင်ကရဝိကဟုသည်ကား သာလွန်မင်းတရား လက်ထက် တက်ထွန်းလျှံပါ၍ မော်ကွန်းသုံးပိုဒ်ဆက်၍ "မြူရိပ်ဖြန့်လွှား၊ လူ့ဘုရားလျှင်၊ လေးပါးတန်ခိုး၊ နေ့တိုင်းတိုးလျက်" ဟု ရှင်ဘုရင်ကို လူ့ဘုရားဟု ထောမနာသော စာဆို သျှင်ကရဝိကပင်တည်း၊ ၎င်း မော်ကွန်းသုံးပိုဒ်ကို ထန်းရွက်ညွှန့်ရှည်နှင့် ရေး၍ ဆက်သည်၊ ရွှေကျည်တောက်နှင့်သွတ်၍ ခေါင်း ရင်းတွင် အမြဲထားသည်ဟု စာဟောင်း ရှိသည်၊ (သာသနာလင်္ကာရ ၁၆၈)။

www.kelasa.org



မနေပျော်ရှိခါ၊ မယ်မှာအောက်မေ့၊ လွမ်း၍ဖြစ်လျှင်၊ သောက်စေချင်ဟု၊ ကွမ်းတွင်မှာစာ၊ ကိုယ့်လက်ရာနှင့်၊ ပဝါခြုံးပြောက်၊ပို့လှာရောက်သည်။ ။လွမ်းထွေသာက် မယ်နှင့် ကြာဖြို့သော။

(တ) မြမြမွတ်စင်၊ သက်ထက်ကြင်၍၊ သခင် နောင်သူ၊ ပြာဖြူငြိမ့်လေး၊ ပေးသည့်ဆေးကို၊လက်ရေး တွင်ပင်၊ စာဝယ်မြင်က၊ ဖူးချင်*ရှုတ၊ လွမ်းမောစွ တည့်၊ *ယုယဖြေယူ၊ ကျွန့်ပ်မှုကား၊ မည်သူမသိ၊ မျက်စိရေးရေး၊ လွေးလွေးအမောက်၊ လည်ရောက် တောင်ပံ၊ခါးဆံသွယ်ဝေ၊ ကုစုံနေသား၊မကွေ့ကြင်စိတ်၊ ကရဝိတ်ငှက်၊ ကြာဆေးခွက်ကို၊ ဆစ်မျက်ပြေစွာ၊ နိတ္တာညွှတ်ကော့၊ ဆေးတံကြော့နှင့်၊ သောက်သော့ အခါ၊ အငွေ့လာရှူ၊ ရသာအတိ၊ ထောင်ကြောထိမျှ၊ မျက်စိကြည်လင်၊ ဆံပင်နက်မည်း၊ သွားလည်းမြမြ၊ လေမျိုးန္တံ၍၊ ဆင်းစံ*နိတိုးလှမျိုးပုံကို၊ ပိုက်စုံထွေထူး၊ ရတုကျူးသည်။ ။အမူးချိုမြ နှာအီသော။

၁၆၃-သျှင်ကရဝိကဆိုရတု (၂)

(ပ) တက်ထွန်းလျှံစေါ်၊ ရွှေမျက်နှာက၊ သော်တာ လျှံထွန်း၊ ပြည့်၍ဝန်းသို့၊ ရွှေနန်းတိုသာ၊ ရတနာကား၊ အောင်ချာရွှေမြေ၊ ထိပ်လယ်ဖွေထက်၊ တိမ်ခြုံထိနီး၊ ရွှေတိပြိုးသား၊ ညီးညီးပြောင်ပြောင်၊ ခြည်တထောင်နှင့်၊

(၁၆၃) မြန်မာစာညွှန့်ပေါင်း ဒု,ကဗျာသာရတ္ထ သပြိုတ် ၂၇၀, သျှင်ကရဝိကဘုန်းတော်ကြီးဆို မြို့သိမ်း နန်းသိမ်း ရာဇာဘိသေက ဥကင်တော်တွင့် (လက်ဝဲ

ကိုးဆောင်ရွှေဘုံ၊ ရှပ်မျိုးစုံ၏၊ ကြန်ပုံညီညွတ်၊ ရွှေပြာသာဒ်လည်း၊ ကွေးညွတ်ဦးကင်၊ ရွှေပလ္လင်နှင့်၊ စီရင်တတ်စွ၊ *ပိသုကာတို့၊ မျက်နှာရှစ်မည်၊ လျှံလည်လှဘင့်၊ ကိုးဆင့်သရစ်၊ သင်းကျစ်ကြာခံ၊ မင်းစံကြာညွှတ်၊ ရွှေထွတ်ရွှေထီး၊ ရည်စီးလုလု၊ နိုင်းတုမဲ့ရော၊ မြေနန်းသာလည်း၊ ဝေဆာလှတင့်၊ နတ်မင်းဘုံရွှေ၊ မိုးကကြွေသို့၊ လူ့မြေပေါ်ထွန်း၊ နန်းများတံခွန်၊ ဘက်စုံလွန်သည်။ ။ဝေယန်တမျှ သဘင်သော။

(ဒ) ဆက်ညွှန်းစုံရာ၊ မော်ကွန်းစာကို၊ မြဟ္မာလူ့နတ်၊ ကောင်းချီးညွှတ်လော၊ တည်မှတ်ကမ္ဘာ၊ ရှေးဦးစွာက၊ မဟာသမတ၊ ခတ္တိယဟု၊ ရာဇဟူသည်၊ အမည်သုံးထပ်၊ တံဆိပ်တပ်သား၊ နွယ်စပ်သတင်း၊ ထိုသည်မင်း၏၊ အရင်းမြေးမြစ်၊ ပေါ်ထွန်းလစ်၍၊ ရန်စစ်နင်းနှိပ်၊ မင်းဝံထိပ်ဝယ်၊ ဖြိုရိပ်ဖြန့်လွှား၊ တို့ဘုရားလျှင်၊ လေးပါးတန့်ခိုး၊ နေ့တိုင်းတိုးလျက်၊ ဖမိုးရွှေလျက်၊ ခြေတော်စက်ကို၊ တုန်ချက်ဦးလျှို့၊ ဝပ်ဝပ်ကျို့သား၊ ခွန်ပို့ဆက်သွင်း၊ ပြည်ထောင်မင်းတို့၊ ဦးကင်းထိပ်ချာ၊ ဆင်တန်ဆာဟု၊ တွေရာထူးဆန်း၊ မသောင်းကျန်းတည့်၊ လေးကျွန်းစိုးသင့်၊ မန္တာတ်တင့်သို့၊ ရှင်ပင့်သာသနာ၊ ပွားကြောင်းရှာသည်။ ။တရာမင်းများ သခင်သော။

---

နော်ရထာအမှာ)ချင်ကရဝိကဆို တက်ထွန်းလျှံဝါ ၏ ရတုတွင် သန်လျက်သားမြီး၊ ခင်းစီးခြေနင်း၊ လမင်းတဆူ၊ (ကဝိလက္ခဏာဒီပနီ ၂၁၄။)

www.kelasa.org



(တ) ထက်ဝန်းရံကာ၊ မြင်းမိုရ်ချာဝယ်၊ သူဇာလှတွား၊ မိဘုရားနှင့်၊ နတ်များရံဝန်း၊ ဝေယန်နန်းကို၊ တက်ထွန်းလျှံလက်၊ သကြားတက်သို့၊ သန်လျက်သားမြီး၊ မင်းစီးခြေနင်း၊ လမင်းတဆူ၊ ထီးဖြူမျက်ရစ်၊ သင်းကျစ်ရွှေဗောင်း၊ နတ်တူဆောင်း၍၊ မူးကောင်းမတ်ရာ၊ ရတနာမြင်းဆင်၊ စီရင်မလပ်၊ အထပ်ထပ်နှင့်၊ *ကွမ်းကျပ်ကွမ်းလောင်း၊ အပေါင်းလျှံဝင်း၊ မင်းခမ်းကျင်း၍၊ သံပြင်းရိုက်ကြီး၊ မုရိုးစည်သာ၊ အရာမက၊ တီးကြွေမှုတ်စေ၊ ပင်လယ်ဝေသို့၊ မြင်းတွေလှည့်ကြား၊ အများပြည်သူ၊ လူ-ရဟန်းလည်း၊ တကျွန်းလုံးယူ၊ ဇမ္ဗူမိုးရေ၊ ရှည်လှသက်တော်၊ ရာမြတ်ကျော်လျက်၊ ဥပေါဓ်ပြောင်မွန်၊ ဆဒ္ဒန်ရတနာ၊ ကောင်းကင်လာ၍၊ မကြာလျင်ဆော၊ ရောက်စေသောဟု၊ သဘောစိတ်သန်၊ နှုတ်မွန်မင်္ဂလာ၊ ကောင်းချီးပြောလျက်၊ ရတနာလှေကား၊ ပတ္တမြားမျက်ရှင်၊ တန်ဆာဆင်သား၊ ဥကင်သရိပ်၊ ပလ္လင်ထိပ်သို့၊ မြှုးထိပ်စက်ကျော်၊ ခြေတော်အစုံ၊ ရောက်လေတုံသည်။ ။လူ့ဘုံမာသ အသွင်သော။

၁၆၄-ပုံကားကျော်ဆို ရတု

(ပ) ငါးလသာလျှင်၊ စစ်တာသူ့မြေ၊ မကြာစေနှင့်၊ နှုတ်ရွှေသာမြ၊ မိန့်ကဲ့ပါ၍၊ ချီသည့်နေ့က၊ ရေတွက်ဆသော်၊ ငါးလဆယ်ဖန်၊ ပြန်သော်မက၊ ကြာမောလှခဲ့၊ နရသနင်း၊ စကြာမင်းလျှင်၊ ကျွန်းတွင်းဇမ္ဗူ၊ ယူ၍ပတ်ကုံး၊ ကျုံး၍လိုတော်၊ ပြည့်ပြီးသော်လည်း၊ မြန်တော်မမူ၊ လျစ်လျူခပ်ဖင့်၊ ကြာတင်မြင့်ခဲ့၊

---

(၁၆၄) နဝဒေးရတု ၂၁၀-၌ နဝဒေးရေးဟု ဆိုသည်။

နောင်မင်းသခင်၊ ဆင်းနတ်သွင်ကို၊ အလျင်ပြန်မည်း မှာခဲ့သည့်ကြောင့်၊ ချွေလည်သန်ဆောင်၊ ပြောင်းသည့်ဖြစ်ကို၊ စိစစ်ချေသော်၊ သက်ဝေမယ့်မှာ၊ မဖူးကြာခဲ့၊ လက်ယာတောင်ခန်း၊ ရွှေနန်းသိုးဆောင်၊ ပန်းလောင်ရစ်ဆင်း၊ မြစ်ငယ်တွင်းနှင့်၊ သိုးစင်းခြမ်းမ၊ သာမော လှသည့်၊ ပုရအောင်ခန်း၊ ကျွန်း၏တန်ဆောင်၊နန်းရွှေ တောင်ကို။ ။ပြောင်ပြောင်ဘယ်နံ့ မြင်ရအံ့။

(ဒု) ဘွားစကာလျှင်၊ ငယ်ရွှာလှဘိ၊ မိနှင့်တူကျ၊ ထိန်းယမကွေ၊ ရှိချစ်လေခဲ့၊ စံရွှေတမျ၊ ပုံသွန်းချသို့၊ ယုယကဲလွန်၊ သုံးနှစ်လွန်မှ၊ [ ] ဖွေးသည့်ဘမင်း၊ ဘယ်ကြောင်းခြင်းဟု၊ သံညင်းတိတွတ်၊ သည်းပွတ် ရင်သွေး၊ အတင်းမေးသော်၊ ရပ်ဝေးမြို့ခေါင်၊ မောင် လည်းငယ်လှ၊ ဘွားစကာသာ၊ စကြာမင်းထံ၊ ယာဉ်ပို့ နတ်သ၊ သိန္ဓုဝနှင့်၊များလှဗိုလ်ခြေ၊ ချီရလေဟု၊လျှောက် တွေသာညင်း၊ မောင့်ကြောင်းခြင်းကို၊ ဘမင်းရင်သွေး၊ မေးနှင့်လေဟန်၊ဆယ်ပြန်စုံမက်၊သားကြင်ဘက်ကို။ ။ ပိုက်လျက်ဘယ်နံ့ မျှော်ရအံ့။

(တ) ထွားမြမြာစင်၊ သက်သခင်ကို၊ ငှက်သွင် လေဟုံ၊ ပျံတုံမတတ်၊ လွမ်းဆွတ်ဖန်ဆောင်၊ တမ်းဆို ယောင်ခဲ့၊ သန့်ကောင်ညဉ့်နက်၊ တရံစက်လည်း၊ မြရွှက် ကောချင်၊ဆင်းငါးအင်ကို၊ ထင်ဘိဝမ်းဝယ်၊ သက်ပြတ် ကြွယ်မျှ၊ အဘယ်နှံ့ခါ၊ စကြာလှည့်ယူ၊ အောင်တော် မူ၍၊ ဇမ္ဗူကျွန်းထိပ်၊ မင်းပံရိပ်ဝယ်၊ သုံးကျိပ်သုံးပါး၊ သကြားဖန်ဆင်း၊ စည်သူမင်းလျှင်၊ သောင်းတွင်းဇမ္ဗူ၊ နတ်လူတကာ၊ကိုးကွယ်ရာသား၊ မြတ်စွာဘုန်းတူ၊ရှင်မြို့

www.kelasa.org



ရှင်လှ၊ ပုညသခင်၊ သုံးလူ့ရှင်ဝယ်၊ ကြည်လင်စိတ်မြူ၊ ပန်းမဥ္ဇူကို။ ။ဆက်လူ့ဘယ်နံ့ တင်ရအံ့။

---

၁၆၅–ဘိုးခေါင်မှူးဆို ရတု (၁)

(ပ) ရောင်ခြည်မျက်ရှင်၊ကိုးနှစ်ဆင်၍၊ သက်တင် ကွေးလိပ်၊ ရဲရဲရှိပ်သား၊ မြရိပ်ပင်ဝန်း၊ တန်ဆောင် နန်း ဝယ်၊ ထွတ်စွန်းရဝေ၊ ပျော်ပါးနေသည်၊ စိမ်းမြေ ရှပ် သွင်၊ ကျေးလုလင်။ ။*သန့်လျှင်စစ်တောင်း၊ဆိုရှက် ပေါင်း၍၊ တကြောင်းစီးရစ်၊လက်ယာမြစ်တိ၊ ချောင်း သစ်ယဉ်တွေ၊ ရွှေလည်းဆိုင်းဆိုင်း၊ တိုင်းလည်းရောမ၊ ဟသ်ာကြဖွန်း၊ သည်ကာသန်းမု၊ ဘတ်ကျွန်းနိုင်းရော၊ ပြည်တကာ၏၊ အချာမှန်ဖူး၊ သန့်လျက်ဦးနှိုက်၊ဖြူးဖြူး ရန်မှောင်၊ ကွန်းပြောက်ဆောင်နှင့်၊ ပန်းလောင်ရော၊ သီတာရှက်လည်၊ မင်းနေပြည်ဟု၊ အမည်ရွှေဝ၊ ကျော် ပေါက်မြို့၏၊ ငှာနရပ်ဟောင်း၊ မသာထောင်းသည်။ ။ တသောင်းနှစ်ဆယ် တွင်လှည့်သော။

(ဒု) ရှောင်သည်ရက်ဖြင်၊သို့အောင်စင်ဟု၊နှောင်း မြင်တို့မှာ၊ မျက်တော်ပါလည်း၊ တွေ့ရာမဲ့ဟန်၊ နှောင့် ကြောင်းဝန်ကို၊ တမန်တို့တွင်၊ ရှစ်ပါးအင်နှင့်၊ သိမြင်

(၁၆၅)သိန္ဓုသည်ကို ဘိုးခေါင်မင်းစာ ရောင်ခြည်မျက်ရှင် ချီသည့်ရတုတွင် မြေပြင်သိန္ဓုသိန်၊ တုန်လှုပ်ထိန်မျှ၊ လှည်းအိန္ဒလက်ယာ–ဟူ၍ နသတ် အမြစ် စပ်လေ သည်၊သို့စပ်သော်လည်း ဘူရိဒတ်ဇာတ်များမှာ စပ် သည်မဟုတ်၊ မသက်အမြစ် မှတ်ရမည်၊ (ဂဇာလ သတ်ညွှန်း ၁၄၄)၊ တောင်ငူမင်းစာတော် ရက် ဖြင့်ရှောင်သည် ချီသည့်ရတုတွင် မြေမြော်ကြောင်း

တော်တည့်၊ လျှောက်နားလှည့်လော့၊ မိုးရှည့်လေယာဉ်၊ တိမ်နှင့်ရှဉ်၍၊ မြစ်စဉ်ကောက်တန့်၊ သွားလေကွန့်သော်၊ ရွှာခန့်မျှော်ရှု၊ ကေတုမတီ၊ ဌာနီဘုံခန်း၊ ထိုဝယ်မြန်းမှ၊ ပတ်ဝန်းရိပ်မြိုင်၊ ဂနိုင်သာလွန်၊ ညောင်ရမ်းကန့်ဝယ်၊ ပန်းမွန်စုလှ၊ ယင်းသည်ကမူ၊ ရွှေဝ ဌာနီ၊ ရောက်တန်မီလိမ့်၊ ပည်းသီမွှမ်းဖျင်၊ ရိသည်တွင်နိုက်၊ ကေသျှင်လွတ်ညောင်းကြွင်သက်ပေါင်းသည်။ ။ မြာနှောင်းချစ်ဘွယ် ပင်လှည့်သော။

(ဆ) ခေါင်တည်ဘက်အင်၊ ဘုန်းရောင်ထင်ဖြင့်၊ မြေပြင်ရိုက်သိန့်၊ တုန်လှုပ်ထိန့်မျှ၊ လှည်းအိန့် လက်ယာ၊ စကၤပမာလျှင်၊ သချာခြင့်ပိုင်း၊ အတိုင်းတိုင်းဝယ်၊ ပြိုင်နှိုင်းရန်ပင်၊ ခံလင့်ကျင်လည်း၊ ဥကင်ဇေ့ထိပ်၊ ဘမိုးရိပ်၍၊ ဆယ်ကျိပ်ဇမ္ဗူ၊ ဖောက်ထွင်းယူမှ၊ ကြင်သူတို့မှာ၊ သို့ချိန်လာသော်၊ နန်းသာဟသ်၊ သည်တွင်မှလျှင်၊ ပျောင်းပျမောလှည့်၊ ကြာရသည့်ကြောင့်၊ မရှည့်သစ္စာ၊ မှတ်လေရာခဲ့၊ လိုင်သာမုတ်ပါး၊ ပွား-မပြားသည်၊ စံကားရွှေဝါ၊ ဆောင်လေပါလော့၊ လျှံဖြာရစ်လည်း၊ ပန်းရွှေရည်ကို၊ သူ့ပြည်ရပ်မှာ၊ တော်စုပါဟု၊ တွေလာစထောင်း၊ ရန့်လှောင်းသည်။ ။ဝါးမောင်းရစ်သွယ် ဆင်လှည့်သော။

---

ဇုန်၊ သည်မှာ ဟန်ကို၊ တမန့်တို့တွင် ရှစ်ပါးအင်နှင့်ဟူ၍ စပ်သည်၊ ၎င်းတောင်ဥရုတုကို မိုးခေါင်မှူးက ရောင်သည်ရက်ဖြင့် လိုက်၍စပ်သည့်ရတုတွင် နှောင့်ကြောင်းဇုန်ကို၊ တမန့်တို့တွင်၊ ရှစ်ပါးအင်ဖြင့် ဟု စပ်သည်၊ (ကဗိလက္ခဏာဒီပနီ ၂၅၆)။

www.kelasa.org



## ၁၆၆-ဘိုးခေါင်မှူးဆို ရတု(၂)

(ပ) မျက်လျှံရောင်ခြည်၊ ကုံးနစ်လည်သို့၊ ကိုးမည်ချယ်ဆင့်၊ ရဲရဲတင့်သား၊ မိုးမြင့်ရိပ်ကောင်း၊ *ပြ-တန်ဆောင်းဝယ်၊ နှာမောင်းတက်ရွှန့်၊ မဥ္ဇူညွှန့်ကို၊ *လိုလွန့်ပျော်ပါး၊ ဘွတ်ခွေစားသည်၊ မြလားရိပ်ညို၊ ကျေးယောင်ပျို၊ ။ရစ်ဆိုသီတာ၊ သုံးစင်းဖြာသား၊ ရောချတ်သန်း၊ သန်လျက်ကျွန်းဝယ်၊ ရစ်ရန်ဆိုင်ဆိုင်၊ တုရိုင်*ရဲလောင်း၊ ကျုံးမြောင်းပတ်ပတ်၊ နဝတ်ဆပွား၊ တံခါးပစ္စင်၊ ခုနစ်အင်နှင့်၊ သဘင်တုကျွန်း၊ ဥကင်နန်းကို၊ ထက်ဝန်းနှံ့မျှ၊ မြင်သာလှ၏၊ ပြည်များတံခွန်၊ သာမျိုးလွန်သည်။ ။သောင်းမြန်နှစ်ဆယ် တာလှည့်သော။

(ဒ) ရက်လံရှောင်ထည်၊ ကြာလေသည်ဟု၊ တွေလည်မှတ်တော်၊ ရှိလှည့်သော်လည်း၊ ဖြေဖျော်မျက်မာန်၊ သည်မှာဟန့်ကို၊ တမန့်တို့သည်၊ အင်ရှစ်မည်နှင့်၊ တွေလည်ပုံ့ပျူး၊ နားတော်ကျူးလော့၊ တိမ်ဦးဝေသီ၊ လေနှင့်ပြီ၍၊ မြစ်ဆီရော၊ သွားသော်ကြာလိမ့်၊ အောင်ချာ ကြွငှန်း၊ ကေတုနန်း၏၊ ခပ်ယွန်းရှေ့တောင်၊ မြိတ်ညီနောင်ဝယ်၊ ရိမှောင်ညခင်း၊ တည့်တွင်းမှ၊ မျက်

---

(၁၆၆) လှံ့ပတ်သင်းချော၊ ရွှေယင်မျောဝယ်၊ စောစောထိုက၊ ဘိုးခေါင်မှူးဆို၊ (လောကဟိတရာသီဘွဲ့ထေား ၃၁၄-၇၅)၊ စလထာကို၊ သူ့မှာအလို၊ ခေါ်ဆိုသာမော၊ စလထောဟူသည်ကိုထောက်လျှင် ဒွန်ဗျိုးတို့မှာ စလထော်မည်ရှင်းကဲ့သို့ ရှိ၏၊ (ဝေါဟာရတ္ထပကာသနီ ၃၀၂)။

ကွင်းတော်ခေတ်၊ ကိုးရာမှတ်သား၊ လျှံပတ်သင်းချော၊
*ရွှေယင်မြေဝယ်၊ ခေါခေါထိုက၊ ပုံလေထသော်၊
ရွှေဝအောင်မြေ၊ ရောက်တန်လေလိမ့်၊ ရဝေလှည်းဖွင့်၊
ညနေသင့်ဝယ်၊ ချော်လင့်လိမ့်ဟန်၊ မျိုးကြင်ရန်သည်။ ။
**နေ့ဝင်းစွန်ချစ်တွယ် သာလှည့်သော။**

(တ) **ဘက်စံခေါင်တည်၊** ဘုန်းရောင်ခြည်ဖြင့်၊ လှည့်
လည်တိုင်းခန်း၊ ပင်လယ်စွန်းဝယ်၊ ဥဒါန်းဖြစ်အောင်၊
လက်ရုံးထောင်လျက်၊ ထိပ်ခေါင်ရှိနက်၊ မိုးထက်မြင့်
လျက်၊ ခန့်တွက်တိုင်းခွင်၊ ရန်လုံးစင်မှ၊ မျိုးရှင်တို့ဆီ၊
ပျံ့ခဲ့ချီသော်၊ ဌာနီရပ်ဟောင်း၊ ရှေးမင်းလောင်းတို့၊
နန်းကြောင်းဘွင့်ရာ၊ ဟံသာဝတီ၊ ပြည်ရေးရာ့ကြောင့်၊
ပျောင်းပျဓွတ်ကြင်၊ မြင့်ကြာထင်ရှင့်၊ ကောင်းကင်မှာ
ပွင့်၊ လွန်၍တင့်သား၊ အေးလွင့်ပျံကြူ၊ ဆောင်လေယူ
လော့၊ မဥ္ဇူကလျာ၊ ဇလထာကို၊ သူ့မှာအလိုမှည့်ဆို
သာမော၊ စလထောဟု၊ ညှာကြောမြဲဆင်း၊ ပယင်းပွင့်
ချပ်၊ ဝတ်ဆံတပ်နှင့်၊ လျပ်လျပ်ရောင်ခြည်၊ မိုးကုတ်
ရည်သို့၊ ထူးလည် တွေဟန်၊ လှမျိုး လွန်သည်။ ။
**ညောင်းလှန်ရစ်သွယ် ဖြာလှည့်သော။**

---

၁၆၇–ဘိုးခေါင်မှူးဆို ရတု (၃)

(ပ) မြတ်နိုးလွန်စွာ၊ မကွာထံပါး၊ ငယ်ကထား၍
မှတ်သားသဖြင့်၊ ကျေးဇူး မြင့်သည်၊ သခင့် အစစ်၊
တို့ရှင်ချစ်။ ။ကျစ်လျစ်ရုပ်သွင်၊ နေသည်တွင်ဟု၊ မထင်
*ဝိုးဝါး၊ စေဘိပြား၍၊ မြလားစံကျော်၊ သပိတ်တော်နှင့်၊
ခရွှေလျော်ရောင်ထွန်း၊ ရွှေနန်းရွှေပြင်၊ လမ်းမတွင်နိုက်၊



**ထွက်ဝင်နားတုံ၊** စန္ဒဲဘုံတွင်၊ စွေစုံမေး၍၊ ရှာဖွေတွေ့မှ၊
ဘိမ်ရွှေတံခါး၊ မြို့နားရွှေတွင်၊ ကွဲလှစင်ဟု၊ မွေ့ရှင်
တော်စစ်၊ ရှင်ချစ်အရွှေ၊ ဈေးကောက်ကွေ့သို့၊ ပျံ၍
*လျင်ထန်၊ ကျွန်ုပ်ကျွန်သည်။ ။**အလွန်ပန်းလှပင်ချေ၏။**

(ဒ) **တခေါက်တင်တင်၊** မြည်သံရှင်နှင့်၊ နေဝင်
ရိမြေး၊ လရောင်ပြေး၍၊ ပုံခရေးဝဲတွင်း၊ မရလျှင်းမှ၊
မြို့တွင်းကသည်၊ ငံ့ဆည်မကွက်၊ ဖုံခဲ့ထွက်၍၊ ငါးဆက်
ရဝေ၊ ရောက်တုံလေသော်၊ သွယ်ခွေပုလဲ၊ ဝမ်းကွဲတပါး
ရှိသည်များကို၊ သနားစချင်၊ ကျွန်ုပ်မြင်၏၊ ရွှေသွင်
လှတင့်၊ ပန်းနှင့်နားတော်၊ လျောက်ပါသော်လည်း၊
သွေချော်ဖင့်နွဲ့၊ လွန်ကောက်ခဲ့၍၊ ဖန်လဲ*ပျောင်းသမ်း၊
လွမ်းလည်းလွမ်းဖွန်၊ ညီးရုပ်တန်နှင့်၊ ကျူးလွန်မြင့်မော၊
နွဲ့ချောသံချို၊ တုံ့မဆိုသည်။ ။**ရှင်ကို နှစ်ခု ထင်လေ၏။**

(တ) **တမြန်ပြောင်းပြောင်း၊** ရှင်တော်ကြောင်းကို၊
ဖြားယောင်း နာပျော်၊ ကွင်းမွဲ ဖော်၍၊ ထံတော်
တင်ခေါက်၊ နားတော်လျောက်မှ၊ ဝမ်းမြောက်လွန်ပြင်း၊
သက်ာကင်း၍၊ ပျံ့ရွှင်းကြိုင်ပေါက်၊ ပန်းကိုကောက်၏၊
ရစ်ခေါက်မထင်၊ ကျေးမောင်ပင်လျှင်၊ စုံခွင်ပတ်ကုံး၊
ဆင်ကျုံး တော်တောင်၊ *ယဉ်ဖျောင်မြစ်မ၊ ဟသ်
မြောက်စွန်း၊ တောင်ထောင့်စွန်းနိုက်၊ ထက်ဝန်းမိုးရှည့်၊
ဆုတောင်းပြည့်ဝယ်၊ စုံသည့်အကြောင်း၊ တောင်းသည်
ဆုနှင့်၊ ခရီးသင့်၍၊ ဖူးခွင့်လွယ်စေ၊ တင်ပါလေဟု၊
သက်ဝေရှင်ရန်၊ မှာလိုက်ပြန်သည်။ ။**စိတ်သန်ကြည်လှ
စင်လေ၏။**

---

## ၁၆၈-မင်းရာဇာဆို ရတု (၁)

(ပ) **လျှောက်လှာစေသည်၊** သက်ဝေ ဘုန်းဟော့၊ ချီသည့်နေ့က၊ အောက်မေ့၍သာ၊ မယ့်ဗျာပါမူ၊ ရိကာ ဖြေဆည်၊ တဆံခြည်မျှ၊ မေ့မည်စင်ထား၊ တိုင်းတက် ပွား၍၊ ဘုရားရှင်ပင်၊ ရန်အောင်မြင်ဝယ်၊ ပန်းတင် ရေသွန်း၊ အောင်သုည္ဆန်း၍၊ အနန်းနန်းရှင်၊ ထွတ် ဘုရင်သည်၊ တိုင်းခွင်ဇင်းမယ်၊ အနည်းငယ်တုံ၊ မတွယ် မတာ၊ ကေသရာသို့၊ ပမာထပ်တူ၊ကြံတော်မူလိမ့်၊ရန်သူ တကာ၊ ဝပ်ပျပ်ရာသား၊ သစ္စာတရား၊ ကြီးစားစွန့်ပေး၊ အင်လေးထွေတိ၊မြဲနေနိစ္စ၊မုတ်အပ်လှရှင့်၊နှမချက်ပွင့်၊ မျိုးကြင်တင့်သည်။ ။ဉာဏ်ဖြင့်စိုးတော် မူလေသော။

(ခု) **ကြောက်စွာသေ့ပည်၊**တဆံခြည်မျှ၊ယွန်းပြည် ရောက်လေ၊ မရှိစေနှင့်၊ ပရမေရွှေဘုန်း၊အသျှင်မုန်းက၊ နှိုင်းနှုန်းမမျှ၊ ညိုးနွမ်းလျှလိမ့်၊ ဘဝရေးလွန်၊ တိရစ္ဆာန် လျက်၊ ဖြောင့်မှန်ကြီးပမ်း၊ရှင့်မူထမ်းက၊ချိုးမွမ်းနတ်လူ၊ အံ့ရာမူ၏၊ မယ့်ဘုမေင်း၊ မျောက်သား ရင်းလည်း၊

(၁၆၈) အဝမြို့တွင် မှန်နန်းဆင်ဖြူရှင် လက်ထက် မင်းရာဇာဆို ''လျှောက်လာစေသည်''ချီသည့် ရတုတွင် ကေသာထုံးပြီး။လ။ပြောင်းပြန်မနေ၊ ဆက်လာစေ ရှင့်-ဟူ၍ စပ်ဆိုသည် (ဝေါဟာရလိနတ္ထ-၁၇၅) ဤ၌မှန်နန်း ဆင်ဖြူရှင်ဆိုသည်မှာ မှန်နန်းရာဇဝင်၌ အင်းဝဆက်မင်းဆုံး ဟံသာဝတီရောက်မင်းကို ဆိုသည်၊ ''ဟိတာတာရီလက်ာမှာ အသင့်စီရင်၊ တခွင် လုံးမော်၊လ။ရန်မျိုး နှံကြိုးနှံစေသော-ဟု ဟံသာ ဝတီရောက်ခင်းဘုရားအမက်မင်းရာဇာစပ်ဆိုသည်'' (ဝေါဟာရလိနတ္ထ ဒီပနီ-၁၀၀)။

www.kelasa.org



တင်းတင်းထမ်းတုံ၊ မူတော်ကုံမူ၊ ရွှေဘုံသခင်၊အသျှင် မြောက်စား၊ ချစ်သနားက၊ တိုင်းကားမြို့ရွာ၊ နေရာ မည်ရည်၊ ထီးစည်ဆောင်ရွက်၊ထိုထိုတက်၍၊ကြင်ဘက် လည်းမြင့်၊ မယ်လည်း တင့်လိမ့်၊ သားခွင့် မြေးဖွား၊ ကောင်းညွန့်ပွားသည်။ ။ရဲအားကြိုးတော်မူလေသော။

(ထ) **ထောက်စွာမေ့နှည်၊** ထုံးပုံတည်၍၊ ဆိုသည် လက်ာ၊ မယ့်နှုတ်မှာမူ၊ ကေသာထုံးပြီး၊ သမီးမကာ၊ *ရည်ရ*ပင်ထွက်၊ လှသည်ရှက်ကို၊ စုံမက်မြတ်လေး၊ မယ့်လက်ရွေး၍၊ ရပ်ဝေးမြေတာ၊ ခွေစာမမြောက်၊ သင့်လျှောက်တော်လှ၊ ခွေထုံးကျသည်၊ နန်းမှတကွာ၊ လွှတ်မှာတည့်၊ ရှုံးကိုတခိုက်၊ ထိုက်လိုက်သိမြင်၊ သို့ရာ တွင်မူ၊ ထိပ်တင်တို့မှာ၊မတ်ကြီးလျှာဟု၊ခွေစာကျစ်လစ်၊ ခုနစ်သစ်နှင့်၊ ရစ်သည်အစ၊ ကြောကမသတ်၊ လိပ်မှတ် ထိုးဟန်၊ ပြောင်းပြန်မနေ၊ ဆက်လှာစေရှင့်၊ စေ့ရေ ခြင်းဘ၊မှာသမျှကို၊ကြားကရှင်ပြီး၊မယ်ရှေ့ကုံးသည်။ ။ လက်ရှုံးကိုးတော်မူလေသော။

---

## ၁၆၉-မင်းရာဇာဆိုရတု

(မ) **ရေးတွင်ရသည်၊** မာယနှင်းပေး၊ မြင်းခိုရိ ကျေး။ ။ညီထွေးနတ်တူ၊ ကြံအားယူလော၊ ထီးဖြူ ဆောင်းချင်း၊မင်းထက်မင်း၏၊ရင်တွင်းသည်းပွတ်၊သား တော်မြတ်ကို၊မိန့်လွှတ်သာညင်း၊အိမ်ရှေ့နှင်းဟု၊သတင်း စကားယခုကြားရှင့်၊ သုံးပါးရတနာ၊ တည်ရာစဉ်ရှည်၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ပူရ၊ တိုင်းဌာနသို့၊ ညီလှ ရောက်ကြောင်း၊ ကြံသော်ကောင်းစွ၊ နန်းလောင်းပွင့် လျှာ၊ ဥပရာသည်။ ။မေတ္တာရှေးတော် မူလိမ့်မည်။

(ဒု) ပြေးချင်လှသည်၊ ပြေးရမည်သာ၊ မအပ်စွာခဲ့၊ မောင်သာပုံမြောက်၊ ရွှေပြည်ရောက်မူ၊ နားထောက်ရှုမြော်၊ ရွှေ့ဝင်းတော်က၊ မြော်၍ခုံမင်၊ ဝဲတည့်ဝင်မှ၊ သဘင်ညီလာ၊ စံရာပျံ့ပျူး၊ ကျောင်းတော်ဦးဝယ်၊ သင်းမှူးအောက်ပြင်၊ ထက်ခွင်တတည်၊ ဆင်တော်သည်နှင့်၊ စနည်ခုံတိုက်၊ ထားတော်လိုက်ကို၊ မြင်ကြိုက်မောင်စိတ်၊ မလန့်ထိတ်နှင့်၊ ပရိတ်နာဆက်၊ ဆောင်သွိုတက်မှ၊ ရွှေမျက်ပြောင်ပြောင်၊ အဆောင်တော်ကိုင်၊ ရိပ်မြိုင်ခစား၊ သူကောင်းများနှင့်၊ စကားဦးတင်၊ မြန်စဉ်တွင်လျှင်။ ။ရှင်မင်းပေးတော် မူလိမ့်မည်။ ။

(တ) ကျေးဆင်မြရည်၊ ရှာဖွေနှည်လည်း၊ နှစ်လည်မကျူး၊ မရှားတည့်၊ နတ်မှူးပေးတတ်၊ ဝင်းရောင်ထွတ်လျှင်၊ ကျေးမြတ်ပေတည့်၊ ကိုးမည်ပြည့်။ ။ နောင်၏ဖြစ်ဟန်၊ ကြွင်းမဲ့ပြန်လေ့၊ ရပ်စွန်ပြည်နား၊ ယိုးဒယားစပ်၊ နိုင်ငံသွပ်ဝယ်၊ မအပ်မရောသို့စင်ကြာခဲ့၊ စာနာပါကောင်း၊ လျှောက်သောကြောင်းမူ၊ မတ်ပေါင်းကျွန်တော်၊ တစ်ခေါ်လောက်လှ၊ စတ္တုအပြား၊ လေးပါးတို့တွင်၊ တပါးဝင်ဟု၊ ခေါ်ငင်စိုးပိုင်၊ မေတ္တာလှိုင်က၊ အနိုင်ငံငံ၊ ကျော်သံဟိုးဟိုး၊ မော်ကွန်းထိုးလိမ့်၊ နန်းရိုးပွင့်လူ၊ ပွင့်မည့်သူကို၊ လျှောက်မူသင့်မှ၊ ဇေယတုသည်။ ။အောင်ဆုပေးတော် မူလိမ့်မည်။

၁၇၀-ပဒေသရာဇာဆို ရတု (၁)

(ပ) ကျေးညိုမြလေ၊ ပုံကြည့်ချေလော့၊ မြစ်ရေရိုက်လည်၊ သာထွန်းစည်သည်၊ ထိုပြည်တိုင်းကား၊ ယိုးဒယားနှင့်၊ ထောက်ထားခန့်တည်၊ ရမ်းရော်ရှည်သော်၊ သည်သည်အနောက်၊ ခပ်ယွန်းမြောက်တွင်၊ အံ့လောက်စည်ဖြိုး၊ တိုင်းပြည်ကြီးတိ၊ ဝေးနီးဝန်းကျယ်၊ ရိုတင့်တယ်သည်၊ တိုင်းလယ်တမွှ၊ မြို့ရွှေဝက၊ သာလှထူးဆန်း၊ နန်းလည်း ဆောင်ဆောင်၊ ပြောင်ပြောင်ဝင်းဝါ၊ စုံအင်္ဂါနှင့်၊ နတ်မှာမက၊ သာယာလှဟု၊ ဆိုကြရှည်လျား၊ စဉ်စကားသည်။ ။ထင်ရှား ဆင့်ဆင့်ကျော်ပေထင့်။



(ဒု) တွေးဆိုရချေ၊ နတ်ရပ်မြေသို့၊ ရှိပေတွယ်သာ၊ မှတ်နေရာတွင်၊ အချာထွတ်တင်၊ ထိုပြည်ရှင်သည်၊ မြို့စင်ခရသား၊ ထွားထွားပျို့ပျို့၊ မင်းတို့သရေ၊ မြို့တေတောက်ပ၊ ယဉ်ရွှန်းလှဟု၊ သူကပင်သား၊ ရောက်၍ကြား၏၊ ရေသားစိမ်းညို၊ မြို့လိုမြို့စေ၊ ရွှေလိုရွှေညက်၊ သည်အချက်မှာ၊ တွက်ရှိလွန်းဘူး၊ စဉ်ကျူးတိုင်းခန်း၊ မြို့နန်းထူးပြား၊ သာဟန်များကို၊ မှတ်သားပြီးလျှင်၊ အလျှင်မငဲ့၊ ကျေးညိုလဲ့သည်။ ။မြန်ခဲ့နွဲ့ဖင့်ပျော်လေနှင့်။

(တ) ဝေးထိုမျှမေ၊ ကြာမောတွေဖြင့်၊ မြို့နေရာကို၊ ဆိုကားဆို၏၊ ရွှန်းပျိုယဉ်လှ၊ သူ့မူလကို၊ သိရသည်မှာ၊

(၁၇၀) ဟံသာဝတီမင်းလက်ထက် ပဒေသရာဇာကိုစာဆိုကြီးခေါ်သည်၊ စာဆိုငယ်မဟာမင်းကျော်ရှိသေး၍ စာဆိုကြီး ခေါ်သည်၊ (ပြည်ထဲမြို့ထဲ-၅၄) "ဖျာသီးမြို့မှ၊ ကြွင်းသမျှလျှင်၊ မြအပေါင်းမှာ၊ အရစ်သာဟု၊ စာဆိုငယ်ခေါ်၊ မင်းကျော်ပုံသေ၊ ဆုံးဖြတ်တွေကြောင့်" (ကဗျာသာရတ္ထသတ်ပုံ၊ ဦးဗုမ်) ၁၁၁၃-တွင် မွန်တို့က မင်းနှင့်တကွဝဲကူးသို့ခေါ်သွားသည်၊ ၁၁၁၆-ခုတွင် သန်လျင်၌ နာ၍လွန်သည်။ (ကုန်းဘောင်ဆက်ရာဇဝင် ၁၀၃)။

www.kelasa.org
www.kelasa.org

ကောင်းပါဘေတော့ပ၊ ထံစတော်ပါး၊ ချဉ်းချေနားလော့၊ ကြောင်းလျှားသိချင်၊ သူမေးလျှင်လည်း၊ ဦးတင်ရှိသေ၊ မယ်ကာ-စေဟု၊ လျှောက်လေနှင့်ဦး၊ ရပ်လူးတို့ပြည်၊ စိုးသည်ဘုန်းကြီး၊ မင်းသမီးကျွန်၊ သိတမန်ဟု၊ အမှန်ဝင်ကို၊ လိုလိုမောင်လျှောက်၊ လျှောက်ပေတော့ပ၊ သို့မှ မိန့်သံ၊ ခံရှုံ့ပုံလျှင်၊ ကျေးညှိစင်သည်။ ။**လမ်းတွင် ရှည်မြင့် မြော်တွေလင့်**။

---

### ၁၇၁-ပဒေသရာဇာဆို ရတု (၂)

(ပ) **နန်းညာမြင့်ခွင်**၊ ထွတ်ဥကင်ဝယ်၊ ပလ္လင်ရတနာ၊ မြင့်မြတ်ရာကို၊ ထိပ်ချာမင်းပျို၊ ချီးပဆိုသော်၊ နာလိုချေဘူး၊ စိတ်မှာဆူးချည်၊ အကျူးဘုန်းတန်း၊ တောင်ရွှေနန်းမှာ၊ ယဉ်ရွှန်းနွဲ့သွယ်၊ မိုးသူနွယ်ပင်၊ စိုးလယ်ပိုင်သူ၊ မိုးမည့်သူကို၊ လွယ်ကုလျှောက်ကြွား၊ နောက်က ထား၍၊ အခြား နှင်နှင်၊ လူမြင်မြင်တို့၊ မြှောက်တင်တပြီး၊ တော်ရိုက် ချီးသည်။ ။**မြေကြီး ပြောင်းပြန် ရှိပြီလား**။

(ဒု) **ဆန်းပါနှင့်ရှင်**၊ လူများပင်သာ၊ ကြားလျှင် နားဝ၊ ပိတ်ဆို့ကြလိမ့်၊ ကျွန်မကိုသာ၊မိန့်ပါထိပ်ထား၊ သူများနားမှာ၊ ကြားပါစေနှင့်၊ မတော်တင့်ခဲ့၊ ဘုန်းပွင့်လှိုင်စည်၊ မင်းဆိုသည်ကား၊ ရွှေပြည်ရာရေး၊*ဒုနှယ် မြွေးသည်၊ နီးဝေးဝန်းပတ်၊ ရာဇဝတ်ကို၊ မလွတ်နှေ့ညာ၊ စီရင်ရ၏၊ ကျွန်မတို့စု၊ မိန်းမပုကို၊ ဂရုလေးမြတ်၊ မှတ်ချေကလျှင်၊ ကိုယ်တော်ပင်သည်။ ။**ကြံအင်ပန်းရိ ရှိပြီလား**။

www.kelasa.org



(တ) **ထွန်းဝေါ တင့်အင်**၊ ထက်ကောင်းကင်မှာ၊ ရောင်ထင်တောက်ပ၊ စန္ဒာလသို့၊မမျှပြိုင်ယှဉ်၊တောင်နန်းသူကို၊ မတူပြိုင်ဘော်၊ မြှောက်စားသော်ကား၊ထင်ပေါ်ကျိုက်ဆူ၊ လူလည်းလေးမြတ်၊ နတ်လည်းသာခု၊ခေါ်ရှုံး စုံ၍၊ ပြည်မှုထဲရေး၊ ရှုပ်ထွေးမထင်၊ သန့်စင်ခပ်သိမ်း၊ ချမ်းငြိမ်းတော့မည်၊ မှန်သည်နေကျ၊ ကျွန်မတို့မှာ၊ ရိုင်းယုတ်မာကို၊ လိပ်ပျာပိုအောင်၊ အခေါင်ထိပ်ချာ၊ မမိန့်ပါနှင့်၊ စန္ဒာ-လ-တု၊ ရှင်ရွှန်းနှုသည်။ ။**ဟိုသူ့ ဘုန်းတန်း ပိပြီလား**။

---

### ၁၇၂-ပဒေသရာဇာဆို ရတု (၃)

(ပ) **ယပ်ခတ်ခိုက်တွင်**၊ မယ့်ရွှေရင်ဝယ်၊ ရွှေ ပျောင်းပျုံလုံးချွလှကို၊ လျှောကျရင်ဝတ်၊ ကျွတ်၍ကြည့်မိ၊ မြင်သည်ရှိသော်၊မရို*တုန်ယိုက်၊ဟိုက်ပင်ဟိုက်၍၊ ယောင်မြိုက် ရွှန်းရွှင်၊ မင်းလှရှင်သည်၊ စိတ်တွင် *ရည်စောင်၊ မိမ်းမောအောင်ပင်၊ ကြံဆောင်စိတ်တွင်၊ မြှသည်ထင်ခဲ့၊ နိုစင်တွတ်တွတ်၊ ပန်းရင်ဝတ်လည်း၊ ရင်မြတ်ချယ်သင့်၊ တော်သည် နှင့်လျှင်၊ ထပ်ဆင့် လွှန်တိုး၊နှယ်ဥ်မျိုးကို။ ။**ကဲမိုးမောက်မျှ မြင်ပြန်ရ**။

(ဒု) **လျှပ်မှတ်လိုက်ထင်**၊ ဝိညာဏ်ပင်လည်း၊ အလျင်တဆော၊ ချုပ်လု မောမျှ၊ ဇောလည်း ယုတ်ကျ၊ ခြောက်ချက်ကသည်၊ သဏ္ဍာရောက်တိုင်၊ မတတ်နိုင်ခဲ့၊ အစိုင်အခဲ၊ တိမ်တိုက်ထဲက၊ ရဲရဲရောင်မြူ၊ သော်တာ မြူသို့၊ မြူအုဝင်းဝါ၊ မြင်မိပါသည်၊ ရတနာစာရှုံး ရင်တော်နှုကို၊ မင်းပြုညှိရွှေ၊ မြိပါစေလော့၊ သေမည်

ဘေးမှ၊ ကြောက်ကျန် ကြသည်၊ လောက *တံတွာ၊ မွေ့ဘာကို။ ။**တာခါမင်းလှ ထောက်ပါမှု။**

(**ဏ**) **ထပ်စတ်မြိုက်ရှင်၊** မြိုင်းအောင် ဆင်သည်၊ ပြောက်ထင်လှဆုံး၊ လဲလုံးပြောင်လက်၊ တံပက်ညီရောင်၊ ခုနစ်တောင်လည်း၊ မြအောင်မနော၊ လျော့ချေချောသာ၊ ထိပ်ချာမင်းပျို၊ ရိုက်လေဆိုသို့၊ စိုစိုရဲရင့်၊ ပန်းထက်ဆင့်သည်၊ ပွင့်၍ခဏ၊ ခုခုကျခဲ့၊ ခက်လှချည့်ရှင်၊ ညိုစင်ဖပ်နွဲ့၊ နိုလာခဲငယ်၊ လည်ရွဲ့ရတနာ၊ သည်ဆီမှာသို့၊ ချဉ်းပခဲ့ဦး၊ ကြိုင်မြူးနံ့ကြူ၊ ယူပါရစေ၊ ရင်ရွှေအိဝါ၊ ဂန္ဓမာသည်။ ။**ပွအာ ချွဲ့ မညူ သ။**

---

၁၇၃-ပဒေသရာဇာဆိုရတု (၄)

(**ပ**) **ဘယ်သူဘယ်ဝါ၊** ဘယ်ကလာ၍၊ ကြင်နာယယု၊ ချစ်သမှုဖြင့်၊ ကောင်းတုကောင်းပ၊ သို့ကျင်မှဟု၊ ကျွန်မတို့မှာ၊ သင်ပါမည့်သူ၊ ရှင်လူမြူမွေ၊ မရှိချေသည်၊ နှုတ်ရွှေသာအိန္ဒ်၊ မိန့်သည်တိုင်းပ၊ မှန်ချေလှ၏၊ မိုးက ကျလှာ၊ တောင်နန်းမှာသာ၊ ပမာနှိုင်းသွေး၊ †ကြက်တူရွေးကို၊ မွေးကျွေး သုတ်သင်၊ စာခံ့သင်သို့၊ ဝဲပြင်မည့်သူ၊ ကြယ်နှယ်ပြူသည်။ ။**သက်တူတမျှ ချစ်ခင်ကြ။**

(ပ) † အမရပူရ ဝဋ္ဋမြို့တည် နန်းတည် မင်းတရားကြီး ဘုရားလက်ထက်အိမ်ရှေ့အတွင်းဝန်ဇေယျသင်္ခယာ-စီရင်သည့်ရွှေဘုံနိဗ္ဗါန်းစာစောင်မှ၊ ကြက်တူရွေးဟူ၍ ဝဆွဲမပါ ရသက်သက်ရေးသားသည် (ကဝိလက္ခဏာဒီပနီ-၃၀၉) ၌ပေမူမှာလည်း ဝမဆွဲ။

www.kelasa.org



(**ဒု**) **ငယ်မူငယ်ရာ၊** တတ်တိုင်းသာလျှင်၊ ကိုးရာမရ၊ ယုတ်မာလှသည်၊ မိဘအင်ချို့၊ ကျွန်မတို့ကို၊ သို့သို့ဝှဲပြင်၊ သွန်သင်ထောက်မ၊ ခဲအင်လှခဲ့၊ လော်ကာသခင်၊ ထိပ်ထားတင်လည်း၊ ကြီးအင်အထု၊ ပြည်တဲမှုကို၊ စွေ့ရှာကြံ၊ စိမ်ပေရ၊ တခဏမျှ၊ ကိစ္စတင်းလင်း၊ မလပ်ကင်းခဲ့၊ ကံရင်းဆိုးလှ၊ သည်ကြောင်းပလျှင်၊ ဒေါ်သငယ်မူ၊ လွှယ်တကူသည်။ ။**အယူအဆ ရှိုင်းချေလှ။**

(**ဓ**) **လွှယ်ကူလှယ်ကာ၊** ဆိုမိရာကို၊ မာန်ပါစိတ်လိုက်၊ အမိုက်မိုက်နှင့်၊ အထိုက်အတန်၊ အလွန်မသိ၊ လျောက်ထားမိခဲ့၊ ဒွိဋ္ဌမှုထား၊ သည်စကားကို၊ စံထား* တုကျွန်း၊ တောင်ရွှေနန်းမှာ၊ ထိပ်ပန်းတဆင့်၊ မိန့်ပါနှင့်တော့၊ ပုံ့လွင့်ရှက်ကွဲ၊ ဆဲစရာစေ၊ ဖြစ်ချေတော့မည်၊ ဘုန်းညွန့်စည်ကို။ ။**ရှိရည်ဦး၍ တောင်းပန်ပ။**

---

၁၇၄-ပဒေသရာဇာဆိုရတု (၅)

(**ပ**) **စည့်စည့်လင်းပြာ၊** ဆယ်ဈက်နှာကို၊ ရောင်ဝါတော်ဖြင့်၊ ခါတိုင်းတင့်သား၊ နေ့နှင့်ညဥ့်မှာ၊ မသိသာတည့်၊ တွတ်ချာ သိရှိ၊ တန်ခိုးရှိသည်၊ မုန်မာန်အောင်၊ မြတ်ဘုန်းခေါင်။ ။လက်ဆောင်တော်မှာ၊ ဝေဆာတင့်ဆုံး၊ ပန်းလုံးသိင်္ဂီ၊ နှင်းဆီထည့်ပျက်၊ မြမိုးခွက်တွင်၊ မယ်လက်ကိုင်သည်၊ ရွှေမြည်မီးစာ၊

(၁၇၄) စည့်စည့်လင်းပြာ၊ တည့်တည့်မြင်းရှာ၊ လင်းစည့်ထိန်ပြာ၊ မင်း၏ ကျိန်စာဟူ၍ အခံအလိုက် စပ်သည်၊ (ဝေါဟာရတ္ထပကာသနီ-၅၀၂)

ထွန်းဝါညီတောက်၊ ပေါက်ပေါက် နဝရတ်၊ ကိုတတ်သမျှ၊ ပုဇွော်-သ၍၊ ကျွန်မသာကြည်၊ သုံးမည်လှ့ချာ၊ ထွက်သကျာ သည်။ ။ဘုန်းဝါဝေဆင့်ဖြာဆင်သော။

(ခ) တည့်တည့်ခြင်းရာ၊ လျှောက်မည် မှာကား၊ ကေသာမြရွက်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်ပြီးတိုင်၊ မိုးပိုင်သည်ရှင်၊ မယ့်ထိပ်တင်သည်၊ ရှပ်သွင်မှုနည်၊ ခု-စိတ်ရည်မှု၊ ချစ်ကြည်ထောင်းပင်၊ ကျွန်မထင်၏၊ ရွှေရင်ဖူးချက်၊ ချိန်းသည်ရက်လည်း၊ ပျက်ပေဘူးဘူး၊ ထွေထူးစွန်းညို့၊မ*သမ်းမို့လည်း။သို့ကတည်းကို၊အလိုလိုလျှင်၊ တွေးဆိုသည်သာ၊ ကြီကာစိစစ်၊ ဖျာဝါဖြစ်ခဲ့၊ အချစ်သွေချာ၊ မယ့်ဆီမှာသည်။ ။မုန်းပါစေနှင့်ကြာလျှင်သော။

(ဃ) မှည့်မှည့်ငင်းဝါ၊ဇမ္ဗူသာကို၊ချယ်မြွာမျက်ရိ၊ ကိုးပါးပြိုသည်၊ ဘုန်းလျှံထွတ်တင်၊ မယ့်သခင်။ ။ရည်းထင်ငြိမ်းဝါ၊ မတ်ကြီးလျှာကို၊ မုန်းပါစေနှင့်၊ ချစ်ခွင့်ကြာညောင်း၊တောင်းလျှောက်ကြောင်းမူ၊တသောင်းမြေပြင်၊ ဤကျွန်းခွင်ထက်၊ ပည်းဖျင်လူမိုလ်၊ ယောက်ကျားဆိုက၊ ယိမ်းယိုသွေဖည်၊ ကျင့်ကတ်သည်ကို၊ ချစ်ကြည်လွန်ကြင်၊ မရှင်-က-စ၊ထိန်းယဖားလုံး၊တီးတုံးသာချို၊ ပြောကြဆို၍၊ သည့်ကိုကျွန်မ၊ ကြောက်ပါလှ၏၊ ဆိုကြတိုင်းပင်၊ ဖြစ်ခဲ့လျှင်လည်း၊ ကြာတင်ပြီဘူး၊ မိန်းမူး ညွှတ်ခွေ၊ သေလွှယ်တော့မည်၊ ဘုန်းစည်-ခုကာ၊မစပါနှင့်၊ မတင့်-ထောင်းအောင်၊ ခြောက်သွယ်ရောင်ဖြင့်၊

www.kelasa.org



သောင်းထောင်သန်ချာ၊ ထွန်းဝင်းဝါသည်။ ။နွှန်းရာနေနှင့် သာပင်သော။

---

လက်ဝဲနော်ရထာ နိဂုံး

ကြားမိုမ့်နောင်လာ၊ နိဂုံးမှာအံ့၊ ဥဿာပဲကူး၊ ရပ်ထူးရခိုင်၊ စိုးပိုင်ညာကြေ၊ သရေခေတ္တရာ၊ အောင်ချာသာစံ၊ ပုဂံမြင်ဆိုင်း၊ စကိုင်းပင်းယ၊ အဝဇင်းမယ်၊ တိုင်းကျယ်တောင်ငူ၊ထိန္နီရူညာကြေ၊မင်းနေနန်းတည်၊ အပြည်ပြည်ဝယ်၊ လေးမည်အင်္ဂါ၊ လိမ္မာတတ်ပြား၊ စကားအရာ၊ သေချာစေ့ငု၊ ရတုဆိုသီး၊ ကဗိကြီးသို့၊ ထုံးမှိုး နည်းပြား၊ ဆိုခဲ့ထားသည်၊ မှတ်သားစကောင်း၊ရတုပေါင်းတွင်၊ နှောင်းနှောင်းကာလ၊ ရေးကြဆင့်ပွါး၊ စာသားချချိ၊ မညီမညွှတ်၊ လိပ်မှတ်မှားယွင်း၊ ရှိတုံလျှင်း၍၊ ထောင်သင်းသာချို၊ တောင်ငူဆိုကို၊ မလိုခြားခြား၊ နှစ်စောင်ထားမှ၊ ယောကျ်ားမိန်းမ၊ ရဟန်းစသည်၊ရှေးကထင်ရှား၊ စာဆိုများတို့၊ မှတ်သားစေမူ၊ ဆိုရတုကို၊ ကျမ်းပြုဝိဝိ၊ အချိအချ၊ ဒေါ်သလွှတ်လွှတ်၊ အသတ်ကာရန်၊ လိပ်မှန်သေချာ၊ မည်သူ့စာဟု၊ သိသာစေအောင်၊ အစောင်စောင်သား၊ များမြောင်ရှေးမူ၊ စာမှယူ၍၊ စည်သူကျော်ထင်၊ စုံလင်တတ်ကျွမ်း။ [နည်းစုံပြွမ်းသား၊ အမွှမ်းတင်မှု၊ ပေါင်းစည်းစုသည်၊] ရတုကူးဆန်းစာချိုရှန်းကို၊ ရွှေနန်းတွင်းမြင်၊ မျိုးလေးအင်တို့။ ။သွန်သင်လေ့ကျက် ကြစေသော။

[ထိုစည်သူကျော်ထင်သည် အလောင်းမင်းတရားလက်ထက် လက်ဝဲနော်ရထာ, နောက်

စည်သူကျော်ထင်, နောက်နေမျိုးမဟာ ကျော်ထင်ခံသည်ကာလ ဖုထားသည်။]

သက္ကရာဇ် ၁၁၉၁-ခု၊ နတ်တော် လပြည့်ကျော် ၃-ရက်၊ ၂-လ်ာနေ့ တချက်တီးကျော် ၂-မောင်းတွင် ရတုပေါင်းကိုရေးကူးပြီးသည်၊ ပု-ဒိ-အခါနှင့် ပြည့်စုံလို၏။

လက်ဝဲနော်ရထာစုသည့်စာဆိုတော်များ ရတုပေါင်းချုပ် ပြီး၏။

# စာဆိုတော်များ
# ရတုပေါင်းချုပ်
## ခက်ဆစ်အဖြေ

# ခက်ဆစ် အဖြေ

အကြုံ (၈) အပေါ်ထပ်အဆင့်၊ ဝေါဟာရ ၇၁၀။

အခါသမယ (၅) တောင်တွင်းသူ မိခင်ဦးငြိမ်းချက်ကို အင်းဝသား ခင်ညိုက အင်းဝမြို့ရာသီဖွဲ့ အင်းဝ သာယာဟန်ကို ပြောပုံ။

အချာ(၅)မြတ်သည်(နေမိမဏ္ဍလိုး၅-နဝဒေး ၂၃၅။)

အကျဉ်းမြမ်းရှိ (၁၀၉) သေးငယ်သောမြို့ရွာ တခြမ်းမျှ။

အဆီ (၁၁၄) အထံသို့ (ဝိဓုရ-၂၄၄)။

အဝီး(၄၃-၁၄၆)ရှေးလွန်လေပြီးအခါ,ရှေးနိမိတ်။

အတွေ့အတွေ (၂) ပုဂံဆရာတော် အာဂြဖြိ အတိမွေ့သတောကိုပြသည်၊ ကြည့်ခြင်းကြီးငါး ပါးကြည့်ပြီးမှ သန္တေ့ယူသော ဘုရား၏ ဝဋ္ဋိ သန္ဓေစိတ်နှင့် ပဋိနိဗ္ဗာန်ပြုသော စုတိစိတ်အာ ရုံတူရမည်ဟု သင်္ဂြိုဟ်ကျမ်းဆိုချက်အရ ယင်း စုတိစိတ်သည် နိဗ္ဗာန်ကိုအာရုံမပြု၊ ဂတိနိမိတ် ကိုသာ အာရုံပြုသည်ဟု ဖြေလိုရင်း။

အခနစ်ဇာပန်း(၁၃၁)နေ့ဘ်ဇာပန်း (နေရိုး ၁၃၇)။

အနတ် (၁၂) အနတ္တတရား။

အနိုင် (၈၁)အားထုတ်ကြိုးစားခြင်း၊ အနိုင်အခံ့ ကြီး ရှိ့ရှုံ (စလေ ဝေါနဆီ မေတ္တာစာ-၃၁)

အမည်းပည်း (၁၄၆) များပြားစွာ (နဝဒေး-၂၅)

---

ဝေါဟာရနောက်တွင်ရှိသော ဂဏန်းများမှာ ရတုစာကိုယ် ပုဒ်ရင်းနံပါတ်ကို ညွှန်ပြပါသည်၊



www.kelasa.org

**အချောင်**(၉၁)သူကောင်းမယားတို့၏ ငုဒ်။ အချောင်ကို
ပုဏ္ဏားသူနှင့်မြင်းဇွာအဆုံး(မဟူသက်ကျော်-၅၄၁)
**အကြီးကြီး** (၇၉) များပြားစွာ (ဝဲ့ခန်း-၁၄၁)
**အဖျော်ဆယ်ခု** (၃၀) ဟာမာမေး,ပွဲဖျက်,သန့်တျော်,
လဲဝါ, လျှိုအန်, ဖန်ခါးသီး, ကျွဲမ, ကြွ,
ဥသျှစ်, ကိုတို့အသယ်ပါကို မသားသင်ပြုသော
အချော်ဖြစ်ဝါဖို့ချက်ဆူတ်အင်းဟာတော်ဖျော်သည်။
(ပိုမ္ဗာ မှတ်စု-၂၇၄)
**အရည်ပါသီ** (၁၃) တောက်ကျော်နေသူ
**အလုံ့** (၂၄-၁၁၇) များပြားစွာ၊ အညီအညာ။
**အသေချော်ချော်** (၁၃) မရေတွက်နိုင် သင်္ချာများစွာ။
**အသန့်** (၆၂-၆၄-၇၅) အဘက်တာရာလည်းခေါ်
အသန့်တာရာ (သမ္ဗန္ဓအကျူး၅-၂၈၆)
**အာဝေါင်** (၇၇) အာခံတွင်းအမိုး။
**အာဝုတ်** (၁၆-၄၀) အမျှအာပါဠိကို မြည်တမ်း
စပ်သည်။ ဂဇဗလသုတ်ချွန်း-၈၇။
**အာလမ္ဗန်** (၁၅၂) ပုဏ္ဏားသက်စည် (ဇာတ်ပေါင်းချုပ်
၇၃)ဆက်ပတင်းချော်း အာလိ၍စည်(ကြံခန်း-
၅၅)။
**အာသာသီး** (၁၀၀) အာသာသဝင်ကြွယ်ပဲအသီး
**ဤနည်းပက်**(၁၃) ဤနည်းအတိုင်းပင်။ ဝက်-ဝမှည်း။
**ဘိသာ** (၂၉) ကျွန်းမာဝါသာသည် (ဝေါဟာ-၁၇၄)
**ဥကင်သ** (၁၆၄) ဥက္ကံသ-ပါဠိ မြတ်သောသနေရာ။
**ဥတုဇရှ** (၇၀) ဥတ္တရကုရု-မြောက်ကျွန်း "ဥတင်
ကျွန်းမြောက်ကျွန်းတုလျှင်"(မဃ္ဃဒေဝလင်္ကာ-၆၄)

www.kelasa.org



**ဥက္ကံရုံသန့်း** (၃) တံခါးအများ ကာရံထားသော
အင်းသန္နီး ဥဒယ-မှ ဥာည်။ ဥဒည်း-မှ ဥဒဲ၊
၁-နှင့် တပေါင်း ဥတဲ၊ ဥ-ကို ရှည်သံ ဝတဲ။
တံခါးသော ချည်း။
**ဥတင်ကျွန်း** (၁၅၂) ဥတ္တရကုရုမြောက်ကျွန်း "ဥ
ကျွန်းဥဘတ်၊ မော်ကိုရပ်ဖွင့်မှာ၊ ခုနှစ်ရာတောင်၊
ငါးရာအောင်ဘိ" (ဇာတ်ပေါင်းချုပ်မြ-၄၁)
**ဥသုဂတ်၊ ဝေါဟာသွန်ပုံ** (၃၀) ဥသုဂတ်-မြားနှင့်
တူသော လျှင်သောအသွားရှိသည်၊ ဝေါဟာ
သွန်-ဟူသည်၊ ပြားယာဉ် နှင့်တို့မှာ ယာဉ်ကို
သွန်ပေါ်သည် (ပိုမ္ဗာမှတ်စု-၂၇၆)
**ဥစည်း** (၃၂) ဥဒယ-နေထွက်ရာတောင်။
**ဥဒါန်းကျူး** (၁၂၄)ဝမ်းမြောက်သဖြင့် ပြောဆိုခြင်း။
**ဥသာမောဘျူဇ**(၈)ပြား,မ အဂ်ါဇာတ်နှစ်ကျိုးပါသူ။
**ဥယျာ့** (၂၁) ဥယျာန-ပါဠိဖြစ်၊ (ဝေါဟာ-၆၀၄)
**ဦးချာထိမ်** (၅၃) မြင်တွေ့ဆွေထိမ်သည် (မြားပစ်
၁၃၁)သုတောင်းသန်း,၉၃,၁၀၅-၌ ရှုချား
**ဦးရှု** (၂၆) အလွန်နုညံ့ သည်၊ (ကိုးခန်း-၁၂၁)
**ဦးထုပ်** (၆၄) ခေါင်းပေါ်မှာတင်သောအထုပ်၊ အုပ်
ထုပ်ဟု ရေးသည် (ရာမရကန် ၈-၃၀)
**ဦးလုံး** (၉၂) အုပ်လုံး၊ ခေါင်းပေါ်မှာ လုံးလုံးစုစု
လုံးသော ဆံလုံး။
**ဧသွင်** (၆၇) တပွင့်တည်းပွင့်ဝန်း။
**ဧကာဝင္ဂ**(၉)တစ်ပင်တည်း ဖြစ်သည်။

ဇော(၃)ကြီးမားသည်(ဘုံခန်းပျို-၃၉)
သောင်(၂၄,၁၂၅)အရွေ့မြောက်က တိုက်လာသော
လေ။ ဤသာဓက ပါဠိဖျက်(မုံရွေးမှတ်စု-၁၁၆)
အဲ(၁၅)ဒီနီးမတို့ စုပေါင်းရွတ်ဆိုသော သီချင်း(ဝေါ
သနို-၁၉၆)အဲထူးသည်(ဝေါဟာရဗ္ဗ-၃၅၁)
ဩဇ(၂၂,၅၀,၈၈)မြန်မာမှု ဩဇာ-ချိုသာနာ ပျော်
ဘွယ်စကား,အသိအနှစ်-အရောင်အဝါ။
အားရမ်း(၁၄၂)နှစ်သက်ဝမ်းမြောက်ခြင်း။
အာဂျီ(၀၄-၁၀၂)အဘိဓာန္တလ္လာပီဿာခနီ ၁၉၁-
နှင့်အင်းရုံစာတမ်း ၂၅,၄၅,၅၁-တို့၌ အင်းဂျီ၊
တလုပ်မြို့ကြီး ပင်ကျောင်း ကျော်စာ၌အင်းဂျီ။
အင်ခွင်(၅၅)သိုဝှီးထားသောဥစ္စာ။
အင်တိုင်း(၁၃၆)တော (နဝဒေး-၉၉)
အင်းတောင်စည်းခုံ(၅)မြို့တည်စက မင်းသားညီနောင်
လေးယောက် အင်းတခုနှင့် ဘုရားဟောင်း
တဆူတွေ့ရာ ထိုအရပ်တွင်တည်သော ရွှေ
အင်းတောင်ဘုရား (မြည်ဘွဲ့မြို့ဘွဲ့,ဦးကြော့ရေး
တောင်ထွင်းဘွဲ့လွမ်းချင်း-၈၁)
အိပ်ဖန်(၁၁၄)အိပ်ရာ ခေါင်းရသူ (ဝေါသနို-၅၅၅
ကာဗ်လင်္ကာ-၁၆၂၂)
အိန္ဒ(၁၄)သာယာညင်သာသည်။ ဘုံခန်း-၅၁, ဝေါ
သနို-၆၉၃, ကာဗ်လင်္ကာ-၀၆၅)
ဥကျောင်း (၁၄၆)ဦးပေါင်း "အကြွင်းဆောက်ပုတ်၊
ရိုက်အားထုတ်ဂျက်ဥကျောင်းဆစ်ချိုး" (မ
ဟော်ပြုသနာ-၄၉)

www.kelasa.org



အုံ့မှိုင်း(၁၀၅)နဝဒေးရတု-၁၀၃,၂၃၀-ကြည့်။
အုံးတား(၇၆) အိပ်ရာ ခေါင်းရင်း၌ အဆီးအတား
(မနော်-၃၀) ဦးကုလားရာဇဝင် ၃-၂၉၅၊
ကဝေနည်း(၈-၁၁)ဝဏ္ဏသာရပျို့ မြေ-၁၀၄-ကြည့်။
ကညပ်(၃၆)ပေစာရေးရန် သံစူးသံချွန် (မုံရွေးမှတ်ရ
၁၇၅) အရွှောနုံးစမ္မသတ်-၇၉၅။
ကနိုင်(၄၄)တော။ စာဆများ၌ ဂနိုင်အရေးရှိသည်၊
ကရုတ်(၁၇) နိုင်ငံခြားဖြစ် အထည် (ဇနကပျို့
၂၅၄) မှန်နန်းရာဇဝင်,
ကရိုဏ်(၁၇)ဓေကာရဏာ-လေ့မှတ်၍ စစ်ရသော ခရ
စစ်၊ ဘုံခန်း ၄၉,၇၀။ဟနေရာ၌ ဓေကရိုဏ်၊
ကလူ(၃၀,၁၂၄)တစားခြင်း, ညှဉ်းပန်းနှိပ်စက်ခြင်း။
ကလိုင်ကလဲ(၂၈)အများအပြား (ပေါရာဏာကာယာ
ငိုကာ-၁၅၂) မဟာဒေဝ-၇၈။
ကဝေါ်(၃၁,၁၅၆)ဖွပ်လျှော်ခြင်း။ကျော်စာ၌ ကုဟာ
(သတ်ထူး-၂၂) ယခု-၁ဝါဟု ရေးသည်။
ကသိုဏ်းဝန်း(၁၇,၁၇)ကသိဏ-အလုံးစုံ အလုံးစုံ
ရှေ့သည်ကြိုင် ရှုနိုက်ကြည့်ရှုခြင်း။
ကျမြောက်(၁၇)ပုံးပေါက် တမြောက်မြောက် ကျ
သည်းအသံ၌ အနကရာဘဖြစ်၍အချိုး။
ကာကာ(၂၇)အယက်ယက် အကြိမ်ကြိမ် ဖြစ်ခြင်းပြ
ပစ္စည်း။ ပါဠိသဒ္ဒါ၌ ဝိစ္ဆာသဒ္ဒါသည်။
ကြာထင်(၁၅၅)အချိန်ကြာမြင့်သည်(နဝဒေး ၂၆)
ကျီ(၈)များပြား,၄၄ပုံပုံရှိ (ဓမ္မပါလ-၇၄)

ကျီးပေါင်း(၆၆)ကျွဲသစ်ပင်များအကိုင်းပေါ်တွင် တွယ်ကပ် ပေါက်အပင် (မဟာဒေဝ-၂၀၅) ကျီးပေါင်းတက်=အသားသစ်ပိုး။

ကုမုဒ္ဒရာ(၆၉ ကုမုဒ-ကြာဖြူပင်၊ သဏ္ဌာန်ရှိ ရေနှင့်ကျွန်းဖြစ်သည်၊ "အနန္တစကြာဝဠာ၊ ကုမုဒ္ဒရာ" (သုဝဏ္ဏရှံ-၃, ရဲခန်း-၇၆)

ကုလားလေးဆော(၁၇) လေးအရာများ ပိုင်စွဲနိုးလေး၊ သမားချိုးကျလေး၊ ကုပ်လုပ်လေးယာသည်၊ ရှိသည်၊ လေးကြီးသည်၌ ကိုင်းညွှတ်အောင် ကျွေးကုလိုသာရသောလေး၊ ယောဓကျွန်း အကျ အလေးပြုလုပ်ယ် လေးကြီးမတင်သဲ တာဆိုးခြင်း, လေးကြီးတင်ပြီးမှ တာဆိုးခြင်းနှစ်ပါး ရှိ၏၊ လေးကြီးမတင်သဲ လေးလျှင် ရွေ့နှင့် ကြောင့်နေသောကြောင့် လေးလောင်သွား၊ လေးကြီးကျွန်ပြီးသော်ကား လေးကိုင်း ကုပ်ကျ သွားသောကြောင့် လေးတောင်း။ ယင်းသို့ လေးကြီးတင်၍ ကုပ်ကုပ်ကျသောလေးနှင့် အပြိုင်ရှာ အတောင်နှစ်ထောင်။ ရေပြွ သတ် တောသော(အဘိဓာန်-၁၉၇)

ကုလိကာစေး (၆) သမ္မောဂ္ဂ ပဒေသာဝတီ တာကွယ် သော ပေသလုံး၊ တာရားကို အကွယ်အကာ ပဒေသာစေးသားအဖြစ် လောင်၍ တောနေလို သည်၊ အလုံးအဝန်းဟာ ဂုလိကာ ဖုံဖိရှင်း။

ကုဟည်း (၃၂) တောင့်သီဖွင်း ပါဠိ၊ လက်ပံတု သင်းဘောလက်ပြင်၊ လက်ပံစည်းလဲ။

www.kelasa.org



ကွလိ (၁၁,၉၃) မြင်းစီးရန် ကုလားထိုး (ဝေါ်လီလုံး) ရိုတ်ကစားခြင်း၊ (နှယ်သျှင်နောင် ၇၃)။

ကျူကိုနှင်း (၉) ကျူတောကို ဆင်နှင်းသကဲ့သို့။

ကျူပေးမွေး (၁၄) ကျူပင်၌ဖြူသောအမွှင့်များ။

ကျူခြိန်း (၁၅၂) ကျူးရှင့်(၉၇)သာယာစွာသီခြင်း ဆိုခြင်း (နဝဒေး-၀၇)ဓဝဟာရဏ္ဏဝကာသနီ ၂၅၃-၌ အရစ်ကြွေး-ပြီး။

ကောသျှစ် (၁၅,၆၉)သဏ္ဍာန် ကောစ-ပျက်၊ သိပင်း

ကောလာသ (၂၃) ငွေဖျော်အဆင်း၌ တောင်သွယ်။

ခြေဆူ (၁၂၉) ပျော်စီးငြိမ့်ဝါးခြင်း ကြေ၍ ခြေ လောင်ကိုရှင့် အနက်တူ။

ကြေကြွပ် (၁၂) ရှင့်ရော်၍ ကြွေသော သစ်ရွက် ကဲ့သို့ ညှိုးငယ်သည်၊ "ကြေကြွပ်ဆိုသောအရာ ကား အဓရကြွပ်သည့်ကဲ့သို့ ကျွာကြွတ်ခြင်း အနက်" (ဝေါဟာ-၇၀၀)။

ကျေးမျှတ် (၇၀) ကျေးဖွတ်၏ နှုတ်သီးကဲ့သို့သော အတူ၊ "ပေါမြည် လွှင့်မှုတ်၊ ဥက္ကောဟာင်းပြုတ် ကာ ကျေးမှုတ်ဖူးသစ်" (နဝဒေး-၁၇၆)။

ကြေပုံ (၁၉) ကြည်ဖွင့်၊ ပန်းမှန်ပေါ်ပီက မှန်ကဲ့သို့ ကြည်ရာ ကြေပြောင်ချော။

ကြေး (၅၃) ခြည်ခြင်း ကျေး-အနုပြီး။

ကယ်လောင်း (၁၀၀) ကြွက်ငယ်ကလေးငယ်လောင်း မူလအရေးမှ ပြောင်းသည် (ဘုံခန်း-၃၀)။

ကောဝိန္ဒာရ (၄၃)တာဝတိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်။ အဘိဓာန်-၂၇။

ကြော့လန်း (၆၁) တင့်တယ်ခြင်း၊ "ချောင်းမြင် ကူးသန်း၊ မြိုးရှီတန်း၍၊ ကြော့လန်း ရုပ်သွင်" (ရွှေစာတိုင်-၄)။

ကျုံကျုံ (၁၅၂) ကြည်သောအသံ၊ဘုံခန်း-၇၁။

ကြဲခိုး (၇၂) တိတ်တိတ်ခိုးကြံစည်သည် "တွေးတော ကြံစည် ခိုးလတ်တည်း" (ဇာတ်ပေါင်း-၁၉)။

ကြဲတွက်ဆ၍(၇)သျှင်ရဋ္ဌသာရ၏ကိုယ်ရည်သွေးရတု ပထမပိုဒ်၌ ငယ်စဉ်က တီးမှုတ်မှုတ်မျိုး ဆေးရေးပန်းချီ ဝိသုကာစသော အတတ်များကို သင်လျက် တတ်မြောက်ပြီးမှ ပိဋကတ်စာပေ သင်ကြောင်းပြသည်။

ကြက်ကားတတွေး (၅) အခါသမယချီသော ရတုတွင် "ကြက်ကားတတွေး၊ ဒေါင်းတငေးမျှ၊ မဝေး ကြာဘူး"ဟု စပ်သည်ကား တပါးသော ပျို ကညာတို့၌လည်းမမြင်၊ထိုရတုတွင်တောင်တွင်း မြို့ဂုဏ်နှင့် ထိုမြို့ဓနမိန်းမဆိုဟန်လည်းပါသည်၊ သျှင်သီလဝံသ မိန့်တော်မူသည်လည်း ဆိုသည် ကို ထောက်လျှင် ဒေသအလျောက်ဆိုမိန့်သည် သာ ဖြစ်ရာသည်၊ (ဝေါသနီ- ၃၁၁) ကြက် တတွန်, ဒေါင်းတမြည်၊ ကြက် ဒေါင်း တဟုန် ပြေးမျှလောက်ပင် ဝေးကွာသော ရပ်ဌာန်ရွာနား အရပ်တပါး မသွားဘူးပါ။

www.kelasa.org



ကြက်ဆူ (၁၂၇) မှည့်ခါနီး ဝမ်းရောင် သစ်သီး။

ကြက်တောသီခြင်း (၁၅) သီခြင်း-ဖော်ရွှေချင်းခွဲထား စပ်။ မြန်မာသံယောဂဒီပနီ။

ကြက်တောင်စည်း (၁၅, ၁၆, ၁၀၆,၁၀၇,၁၃၃) ဆံပင်ကို ဘေးချစည်းထုံးခြင်း-ပါဠိကာကပက္ခ အနက် (ဘုံခန်း-၂၆)။

ကျင် (၆)ရှုတ်ကျင်၌-ကျင်ပစ္စည်း အနက်မရှိ ပရိတ် ရွတ်၍ နေလိုသည်၊ နတ်သျှင်နောင်-၁၇။

ကျင် (၁၂၀) ရင့်ရော် ဟောင်းနွမ်းခြင်း၊ ရွက်ကျင် ရွက်ဟောင်း၊ ဝေဿန္တရာပျို-၄၄။

ကျင်လျှင် (၉၁,၁၄၃) တတ်ကျွမ်းနားလည်သည်။

ကင်းဘုရား (၁၃၁) ဘုရားတဆူအမည်။

ကြဉ်း (၄၁)ထပ်ကြပ်မကွာပါအောင်ယူဆောင်သည်။ "ရောက်အောင်ပို့ကြဉ်း၊ဆိုခဲ့ယဉ်းကို"(ပါရမီ ၄,၄၉) မဃ္ဃပါလ-၉၂,ကိုးခန်း-၂၅၁။

ကျစ်လျစ် (၁၆,၂၂,၃၂,၆၉,၁၃၃) သိပ်သည်း ပိပြားသည်။ ကျစ်လစ်သည်(ရေခန်း-၁၀၉)

ကျည်းဖြစ် (၉၁) ကုလားပြည်မှဖြစ်သည် (ဘုံခန်း ၄၇-၀၂)။ ရာဇဝင်ကျော်-၃၂။

ကျည်းဖွပ် (၇၇)ခဝါဖွပ်အထည် (ဘုံခန်း ၂၅,၃၂) (၇၁, ၇၇, ၁၅၆)။ ဝေါသနီ-၅၇၇။

ကျည်းရွက်ဖွင့်မြဲ (၃) နန်းတော်၌ တံခါးရွက်ဖွင့်ထား သည်၊ "ကျည်းရွက်ရှင်ရှင်၊ တွန်းလှစ်ငင်က" (နေမိုး-၁၀, ဘုံ-၁၀၄)။

**ကတ်ကျေး** (၈,၁၆၁) အခွံအကြေး၊ ခွါတည့်ရွေး၊ ကတ်ကျေးတရထည်၊ (ကဝိလက္ခဏာ ၁၇၇၅) အပင့်ခွဲထား။ ပုဂံကျောက်စာ လက်ရွေးစင်-၁၆၈- ကျစွာမင်းမိန့်ပြန်တမ်း၌ ကတ်ကြိယ်-ဟု အရစ်ရေးထိုးသည်။

**ကန့်တူး** (၁၁၄) လူမျိုးတမျိုး-ခဝါ-၃၇၂,၌ ကန္တူး။

**ကြန်** (၅၂) ကိုယ်၌ ထူးသောလက္ခဏာ။

**ကမ္ဗလွေ** (၆,၁၂) ဝါးခြမ်းဖျင်ပုဆိုးတို့ဖြင့် လုပ်ထားသော ပေစာထုပ်ရသည့်ကရိယာ၊ ပုဂံခေတ် ကျောက်စာများ၌ ကံပလေ၊ အင်းဝခေတ် ကျောက်စာ၌ ကမ္ဗလွေ့ ရေးထိုးသည်၊ ကမ္ဗလွေစာ၊ ကမ္ဗတ်စာ၊ ရွှေစာကမ္ဗတ်ထွက် (သတ်ထူး-၇)။

**ကမ္ဗတ်** (၁၇၂) အနားပတ် နိဂုံးသတ်“စာပေတည်း ပြတ်၊အပြီးသတ်၊ ကမ္ဗတ်အုပ်ချုပ်တင်” (ကဝိလက္ခဏာ ၂၄၅)။

**ကမ္ဗဋ္ဌာန်း** (၁၇) ကမ္ဗ=အမှု=ဘာဝနာအမှု+ဌာန=တည်ရာအာရုံ ဘာဝနာမှု၏ တည်ရာအာရုံကို ရှုခြင်း၊ ကမ္ဗဋ္ဌာန်း-၄၀ ရှိသည်။

**ကြမ္မာဘတ်** (၁၄၆) ကြမ္မာဘာသာ-ရှေးကံနိမိတ်ကိုဖတ်သော ပုံဏ္ဏား၊ ဗေဒင်တတ် ဟူးရားဆရာ။

**ကျွန်းတော** (၂၉) ကျန်းမာ, သန်မာသည် (ဘူလင်-၂၀၂, ဝေါဟာရ ၅၂၁)။

**ကွန်းပြောက်** (၁၆၅) နန်းတော်။ မဟာဒေဝ-၅၁၃။



**ကျွန်းထင်းပေါ** (၃၅) ခြောက်သရောင်းသောရေမျော ထင်း။ (သံဝရ-၁၇၈)။ကျွန်းထင်းဖော။

**ကမ်းခိုင်း** (၂၁) ကမ်းပါး၊ ကမ်းကိုကြောခိုင်းနေသော အရာ၊ (နေ-ဝိုး-၉၀)။

**ကမ်းတောင်း** (၁၁၉) ကမ်းပါး၊ ဘုံခန်း-၁၀၀,ပါရမီ ၇၃,၁၁၁၊ ကမ်းတောင်းပြုပဲ့ ကျလာ၏၊ ရှင် နှောင်းညီလဲ့က မှာ၏။ ဥက္ကာပျံရတု။

**ကွမ်းသင်** (၃၂) ပုဂံခေတ်ဆိုထုံးနည်း(ဘုံခန်း၂၀)၊

**ကွမ်းလိပ်** (၅၁) ကြုပ်ပိုမြှုလုပ်ထားသော ကွမ်းထည့် စရာ (ကဝိလက္ခဏာ-၁၄၉၉)။

**ကွမ်းလောင်း** (၅၁) ကွမ်းထည့်စရာ (ဘုံခန်း-၄၀, သံဝရ-၁၂၃) နဝဒေးရတု-၂၂၉။

**ကြွမ်းလုန်**(၁၂၁)ကြွမ်းထိုးသည်။ဝေါဟာရ၈၃-၂၆၂။

**ကိန်ခို** (၃၁) သစ္စာပြုသည်၊ “စကားကိန်ခို၊ သေစိမ့် ဆိုလည်း” (ကိုးခန်း-၁၇၉)။

**ကုံ** (၆၅,၀၄၅) ပြည့်စုံသည်၊ “ထမင်းဝရုံ၊ ပစ္စည်း ကုံလိမ့်” (ဘူအလင်္ကာ-၁၃၁)။

**ကြုံတူး**(၁၅၆)ကြုံကျ(၁၃)ပိန်ကြုံသည်ပါရာယန၉၈။

**ကျုံး** (၁၄)သိမ်းယူ။သိမ်းကျုံး-အမှိုက်ကျုံးနည်းတူ။

**ကျောက်လှေခါးမြို့** (၁၂၆) ရခိုင်နယ်မြို့တမြို့။

**ကြောင်ဝပ်** (၁၄၄) လှေဦးတိုး ပဲ့တိုး နံဘေးတွင် ဝိုက်လိုးထားသောနေရာ (ပြည်စုန်မော်ကွန်း-၂၅) ကြောင်ဝင့်နှင့်နှိုင်းရှုသည်။

**ကြောင်းဝန်**(၁၆၅)အကြောင်းအရာ (ဆုတောင်းခန်း ၇၆)နဝဒေး-၁၁, နတ်သျှင်နောင်-၁၂,၆၁၊

**ကျိုက်ပေါ** (၁၄၆) ကျိုက်ပွန်(၁၄၆)ကျိုက်သပိတ် (၁၄၆)။မွန်အခေါ်-ကျာ်=ဘုရား။

**ကြိုင်ရှား** (၈၅) အလွန်မွှေးသည် (မနော်ပျို့-၇၀)။

**ကိုင်းကျွန်း** (၁၃၃)မြစ်ထဲရှိမြေနုကျွန်း၊ပေါ်မြေကွက်။

**ကျိုင်း**(၅)ဖွံ့ထွားသည်၊ထွားကြိုင်းသည်၊ပါရမီ-၁၅၃။

**ကျိုင်းချက်** (၅၁) မင်းသုံးမင်းဆောင်ထီး ကျိုင်းအတွက်။

**ကျိုင်းစင်**(၅၇)"ကျိုင်းစင်မြရောင်" နဝဒေး-၂၁၇။

**ကျိုင်းအောင်ပြို** (၄၆) ညယ်သတ်လျှင် ပြီးတော့သည်။ သဝေထိုးညယ်သတ် သေဉ် ရေးသည်ကား သဘောအရမထင်(ဝေါသနို ၆၁၁)။

**ကိုးမျက်ရည်** (၂၂) ရတနာအမျက် ကျောက်ကိုးမျိုး။

**ကျိုးကုပ်** (၁၂) ဝိပြားသောဝစ္စာ ကုပ်ကုပ်နေသည်၊ အရေးနည်းသော ပုဒ်သီး ပုဒ်ခြား။

**ခနောင်း**(၇,၁၁၀)မွန်ဘာသာ-ရေပဲ။ဘုံခန်း-၁၄၉။

**ခမည်း** (၁၀၂) ချစ်ခင်ဘွယ်။ကဝိလက္ခဏာ-၁၆၆၅။

**ခရုချောင်** (၂၄) ရှေးခေတ် အဆင်တန်ဆာတမျိုး၊ ဘူအာလင်္ကာ ၄၉၊ မနော်-၅၈။

**ခရားသီး** (၇) ပါဠိ၊အာမလက၊ သျှစ်သျှားသီး, ငှက်ပျောဖူးလည်းခေါ်သော ချရားသီး၊ ခရေသီးပုံ အလယ်ဖောင်းဖောင်း။ ဝိဇယပြဇာတ်-၁၀။

**ခလုပတ်** (၆)ခလုပစ္ဆာ-ငှက်ကဲ့သို့ကျင့်ရသောဓုတင်။ ဓမ္မပါလ-၇၅။

**ခါသာ** (၁၅,၇၄,၉၀)အချောစားပိတ်သရက်ထည်၊ ကဝိလက္ခဏာ ၁၁၁၁, ၁၁၇၀။

www.kelasa.org



**ခွါညို** (၂၀) ပြာသိုလ ရာသီပန်း။ ခွံ့ညို(၁၅၉)

**ခုနစ်စဉ်ကြယ်** (၄၃) ခုနစ်လုံးတန်းကြယ်၊ ပုသတ္တတာရာ၊မန်းစက်တော်ရာ၊သွားအံ့ငှာ၊ကြယ်ခုနစ်လုံး (ဥမ္မာဒန္တီပျို့) ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင်၊ သန်းခေါင်ချိန်သို့ရောက်။

**ခြူးသူ** (၀) ချူးပန်း ချူးနွယ် ချူးရုပ်၊ ပုဂံကျောက်စာ၌ "ပေါင်းဆေးရေး ပေါင်းနောက် ချူးတက်"ဟု အပင့်နှင့်ရေးထိုးသည်၊ ဝဏ္ဏဗေဒနှင့် အရစ်အင်းမှာပြ၏။

**ခဲအင်**(၆၉)ခဲက်သည်။ခဲကတ်၊ကဝိလက္ခဏာ၁၀၉၃။

**ခေါဘဏီ** (၇၃) အက္ခောဘဏီစစ်တပ်။

**ချောသပ်** (၇၁) ချောမွတ်အောင် ပွတ်တိုက်သည်၊ (ဝေါသနို ၅၁၄)။

**ခေါ်စိုက်** (၄၂,၁၅၃)ခေါ်ဝေါ်၊(မုဒုလက္ခဏာ-၄၅)

**ချက်မြှုပ်** (၅) မွေးဖွားရာအရပ်။ မွေးဇာတိအရပ်။

**ခွက်မြှုပ်ခါညီ**(၁၂)ရေနာရီအတွက်ကြေးနီကိုဖလားလုပ်သည်၊ ဖလားဖင်ဝ အလယ်၌ အပေါက်ဖောက်၍ ရေအင်တုံထဲမှာ ထည့်ထားသဖြင့် ရေတဖြည်းဖြည်းစိမ့်ဝင်ကာ ဖလားတကြိမ်နစ်မြှုပ်လျှင် ငွေမောင်း တကြိမ်တီး၍ တမောင်း၊ တနာရီခေါ်သည်၊ (ကုသပျို့-၁၆)။

**ခင်အုန်း** (၁၀၉) ဇနီးအရာမှန်းထားခံရသော မိန်းမ၊ (ကဝိလက္ခဏာ- ၉၀၇)။

**ချင်သေ့အပင်** (၁၂၂) ဤရတုပေမှုအချို့နေရာ အပင့်အရေးတွေ့ရသည့်အတိုင်း ထည့်သည်။

ချည်ချောင်း (၁၅) မှတ်ရသောတူရိယာ၊ (ဘုံခန်း-၅၅)၊အချောင်းလိုက်ချည်ထားသောတွဲခြွေ။

ချိတ် (၆) ချိပ်အရောင်တွဲ့သို့ ညိုမှိုင်းသောအရောင်၊ မောင်းသောအရောင်ဟူသည် စဉ်းငယ်နီသော အဆင်း၊ ပါဠိ-မဉ္ဇူ၊ (ဂူဠတ္ထဝိနိစ္ဆယ ၃-၂၂၀) ချိပ်တောင့်နှင့် အရောင်မှိုင်းချိပ်ကို ပို့၊ လက်ာ,သယ်ပုံများ၌ အဆင့်ပသတ်ချည်း ဖြပြသည်၊ "ဆုန်းခြေဖြူခြိတ်" (ဂုဂံကျောက်စာ စောလွှာခန်း)၌ အချိ တ-သတ်ချည်း ရေးထိုးသည်၊ ဝေါဟာရတ္ထပကာသနီ ၆၆၃-၌ အဆင့်ပသတ် နိဝါရောင်၊ ဤရတု ၄၂, ၁၁၀-တို့၌ ချိပ်-ဟု တွေ့ရပြန်သည်။

ခုံတိုင် (၁၀၅) မြင့်မောက်သော နေရာ၌ စိုက်ထားသောတိုင် (ပါရမီ ၁၄၁, ဆုတောင်းခန်း ၁၃၅)။ ပိုက်လှန်းသောဟိုင်၊ဟံပါရောဂူတိုင်။

ခုံတိုင်ဦး (၄၅) ဇင်ငါ၊ ခုံတိုင်ကို ဦးမူနေရသူ။

ခြုံ (၆၆, ဝ၂, ၁၂) တောချုံကို စာအများ၌ အဆင့်ရှိသည်၊ (ဝေါသနီ ၇၃၀-ကြည့်)။

ခုံချင်း (၁၁) ခုံညင်းခိုး ကစားခြင်း၊ "တဖန်ပျော် ခင်း၊ ခြေတသင်းဝယ်၊ ခုံညင်းကစား၊ မပော် မြိုယနှ၊ ၁၀,ရာမရကန် ၃-၂၆-တို့၌ ည-နှင့် ခုံညင်းရှိသည်၊ ဝဏ္ဏဗောဓန ခုံချင်းရှိသည်ကို လိုက်၍ ချင်းတဲ့သို့ပုံသော ဂုံပင်ချိုးဟု (အုပ်



ဖြင်းခုံနှင့် ခုံညင်းကို ခွဲထားပြသည့်မြင် တွင်း ဘင်းသတ်ညွှန်း ၄၀၀-၌ ခုံလုမျိုး၊ ခုံချင်းပင်၊ ခုံညင်းဆိုင်ရွာ၊ ခုံညင်းနွယ်ရွာဟု ညနှင့် အရေး ပြသည်။

ခေါက်ချိုက် (၉၁) ရှေးခေတ်ဆံထုံး (ဘုံခန်း ၂၂-နဝခေး- ၃၁)။

ချောင်းနေဘင်း (၆၉) ချောင်းဆျောင်း (၀၂)ချောင်း ဝပ်သည်၊ ရေညွှန်တွေ့သည်း၊ မှေပါချောင်း နေဘင်း၊ (ရေခန်း-၇၄, ဝေါသနီ-၃၉၄) ကုန်းကွချောင်းဆျောင်း၊ တစောင်းငုံ့ကြည့်၊ (မဟော်ပြုသနာ-၁၆,ဘူအလက်ာ-၉၆, ဓမ္မပါလ-၃၃-၅၀)

ခြိုးခြံ (၅၂) လွှန်ဘဲစွာကျင့်သည် (ဝေါသနီ ၅၂၇)

ဂမုံး (၃၃) ဂမုံးကို သေးသေးတင်စပ်သည်ကား, "မုလေးကြက်ရိုး၊ ဂမုံနံ့ကြွယ်-ဘုရိဒတ် အ လင်္ကာ၊ နသတ်စပ်သည်ကား- သရက်ထန်း ဘုန်း၊ ဂမုန်းနံ့ကြွယ်၊သံဝရ၊သို့နှစ်ချက် အစပ် ရှိသော်လည်း ယနေ့သတ်အစပ်များသည် (ပဇ ဗလသတ်ညွှန်း ၅၉-၆၀)

ဂီဝါ(၁၀-၇၄)ရှေးအစဉ်ကိုမှတ်မိသည်၊ဘုံခန်း၂၆ ဆုတောင်း ၅၂) ဂီဝါရွှေ၊ (ဓမ္မပါလ ၄၉)

ဂေါ်သဇင် (၂၀) ကောက်သဇင်-မွှန်-သဇင်ပန်း ဝေါသနီ ၃၄၉, ကဗိလက္ခဏာ-၁၁၂၀)

**ငှက်ပျံခေါင်းလောင်း** (၅) တောင်ထွင်းသူ မိခင်ဦးက ပြန်ပြောသောစကား၊ ကောင်းကင်ပျံသန်းသည့် ငှက်၊ တီးခတ်သဖြင့် မြည်ဟိန်းသော ခေါင်းလောင်းသံ၊ ရေကြောင်းသွား တံငါတို့သည် အဝေးသို့ လွှင့်ပျံထွက်သကဲ့သို့ အကျွန်ုပ် မိခင်ဦးသည် အဝေးသို့ မသွားစဖူးပါ။

**စကြောပြင်** (၁၁) ရှေးခေတ်ကစားနည်း (ကဝိလက္ခဏာ ဒီပနီ ၂၀၅)

**စတေ** (၉၅,၁၂၀) အဖြည့်,အဖြီ,အစစ်,အကူ။

**စန** (၆၀,၁၀၉) အစအန-အနည်းငယ်မျှ။

**စနိုး** (၁၄၆) အနီးအစပ်,ဆက်စပ်လျက်ဖြစ်ခြင်း။

**စနု** (၁၄၆) ခရုသင်းထားရာအဆောင်, ဆောင်မကြီးနှစ်ခုကို ကူးဆက်ပေးသောအဆောင်။

**စမုန်** (၂၁) မြစ်အမည်၊ (မြည်စုန်မော်ကွန်း ၁၅)

**စရာ** (၁၀,၃၄) စရာပစ္စည်းဖွင့် နတ်သျှင်နောင် ၂၀, ဆုတောင်းခန်း ၆၉၊ ဥက္ကံသမာလာ နတ်သျှင်နောင်အဖြေ။မလွှမ်းစရာ လွှမ်းစရာ။ မလွှမ်းရမည်မဟုတ်၊ကောန်လွှမ်းရမည်သာ(ကဝိလက္ခဏာ ဒီပနီ-၁၅၄။

**စလထာ** (၁၆,၁၆၆)ဝေါဟာရတ္ထပကာသနီ ၃၁၂။

**စီလျှဉ်** (၂၇,၁၃၆)တခုနှင့်တခု စီတန်းထားခြင်း။

**စုလည်း** (၃၂,၃၄,၆၀,၀၇,၉၁)ကြက်တောင်စည်းဆံထုံး။ ကဝိလက္ခဏာ-၁၆၄၅။

**စူဠာ** (၁၀၅) ယောင်ထုံး၊ မဃဒေဝ ၇၇,၃၃၀,

www.kelasa.org

www.kelasa.org



**စေကျွန်** (၅၉,၉၀) စေခိုင်းရန်ကျွန်၊ "မင်းမှုဝန်ကြောင့်၊စေကျွန်မနား"နဝဒေးရတု ၁၅၇။

**စေ့ရေ** (၃,၂၃,၁၂၃,၁၅၃) အစုံအစေ့၊ စေ့စပ်စွာဖွေရှာသည်ကို စေ့ရှာ၊ စေ့စပ်စွာ ရေတွက်သည်ကို စေ့ရေ၊ စေ့စပ်စွာ သာသာယျောက်ယျောက်ဖြစ်သည်ကို စေ့မြေ၊ (ဝေါသနီ ၃၂၀)

**စဲကိုင်း** (၁၄) စဲတန်း (၁၅၅)စဲရိပ် (၁၀၀)စဲသာ (၁၄၆) သောင်စွန်းသောင်မြိတ်ကိုစဲ (နဝဒေး ၁၄၂) သခိုက်ကို စဲခုံ(ဝေါသနီ-၃၃၂)

**စံကား** (၁၉) စံပ (၉၂) စံပယ် (၉၂,၁၅၀) မသေးသေးတင် စံ နှင့် ပုလားနောက်မှ မသတ်ပြောင်း၍ စမွယ်ဟု အဆင့်ဖြစ်သည်။

**စံသီး** (၁၂၃) စည်းစိမ်ရှင်၊ (သံဝရ ၁၄၀,ကိုးခန်း ၂၁၀) စံသီးလည်း ရေးသည်။

**စင်ရော်** (၁၄,၁၄၆)ဝေါဟာရတ္ထပကာသနီ ၄၇၂။

**စည်းဆုပ်** (၁၅,၁၆) စည်းကလေး၊ သံလွင်၊ကြေးပြားငယ်တို့ကို သစ်သားပျဉ်နှစ်ချပ်ဖြင့် ညှပ်ကာ လက်ကလှုပ်ပေးရသော တီးမျိုးတူရိယာ၊ "အခါထက်စုပ်၊ လက်ဖြင့်ဆုပ်၊ စည်းဆုပ်"(ဝဏ္ဏဗောဓန ၁၂၃, ဝေါသနီ ၇၁၅)

**စန္ဒား** (၄၅) ငါးဖမ်းကရိယာ၊ တချို့စာမှာ စန္ဒားရှိ၏။ သုံးထောင်မူး,ဇယန္တာဘိဇေတောလား။

**စန္ဒိနတ်** (၃၇) နတ်ကြီးငါးပါး အပါအဝင်၊ အင်ရုံစာတန်း ၁၅၂-၌ စက္ကာ ရှိသည်။

**စမွှိပန်း** (၉၆) စမွှာဒန(၁၇) ပန်းအထူး။ ဒေါ့ရင်း ဒေါ်နံ၊ စမွှစဉ့် (ကဝိမဏ္ဍနမေဒနီ-၁၆၂)
**စန္ဒရား** (၁၀၉) ခအောင်းကလေး စန်းတား၊ စန္ဒရား က၊ စဥ့်လျားမပြောင်း (စန္ဒကိန္နရီ-၇၆, ဥတ်န္ဒမျို့ ၇၀) ဦးကုလားရာဇဝင်-ပ-၄၃။
**စိတ်ပြား** (၆၀) ဝေဖန်ခွဲခြမ်းခြင်း (ကိုးခန်း ၂၀)
**စိန်ပြည်** (၁၂၇) စိနရဋ္ဌ ပါဠိပျက်ဖြစ်၍ စိန်ပြည် တရုတ်ပြည်။ (ဝေါဟာရ-၆၀၀)
**စောင်ရန်း** (၁၂၄) ခြံစည်းရိုး၊ ဝေါဟာရတ္ထ ပကာသနီ ၅၅၉။ မဏိကုဏ္ဍလ-၄၉၉။
**စိုက်ခေါ်** (၁၃၅)စိုက်စက်ခေါ်(၃၅)ကြင်နာစုံမက် ခြင်း နတ်သျှင်နောင် ၄၀, ဘုံခန်း ၇။
**စိုးခေါင်ခေါင်**(၆)အခေါင်အမြတ်ဆုံးနိဗ္ဗာန်ကို စိုး မိုးရယူလိုသည်။
**ဆတက်**(၁၂၁)တဆစီထက်ဝက်တိုးတက်ခြင်း၊ "မင်း လျှာအိပ်မက်၊ မြင်သောထက်လျှင်၊ ဆတက် တရာ"(ပါရမီခန်း-၂၂,ငရဲခန်း-၀၃)
**ဆာယာ**(၇-၀) အရိပ်တွင်းဝင်မိလျှင် ကိုယ်ပျောက် သောအတတ်(ရတင်းမော်ကွန်း-၃၂)
**ဆိတည့်**(၃၅)တည့်တည့်၊ရင်ဆိုင်။ ပေါရာဏကထာ ဋီကာ ၃၂၀)အဆိ+တည့်(ညေ-ပုံ ၅၂၄)
**ဆိလျော်**(၁၀၄)သင့်လျော်သည်၊ ဝေါဟာ ၃၄၁။
**ဆီးဆ**(၃၉)ဟန့်တားကာဆီးသည် (ဘုံခန်း-၁၂၅, ဆု-၄၀) ဆီးတား,ဆီးဆို့နှင့်နှိုင်းရှည့်။
**ဆူမှန်**(၉၀)မှန်ဝေသည်။ ဥတ်န္ဒပျို ၃၄။

www.kelasa.org



**ဆွေနည်း**(၃၃)ချစ်အပ်သောအဆွေ။
**ဆယ်ပုပ်**(၈)ပုပ်ကာစားမျိုးကို သျှင်ရဋ္ဌသာရ ကြိုတွက် ဆန်ချိုရတုတွင်ပီးပန်းဆယ်ပုပ်ပဲဆုပ်ဟူသည်၊ ပုတီးလည်းနှင့်-ဟူ၍ ပသာတ်စပ်သည်၊ နဝရတ် ပျို့တွင် ဆယ်ပုတ်ဟု တသာတ်စပ်သည်၊ ဝဏ္ဏ ဗောဓနၵ္ဍလည်း တသာတ်စပ် (တွင်းသင်း သတ်ညွှန်း-၁၇၀)
**ဆယ်မီးခံ**(၈၅)ဆယ်မူးရည်ရှိရွှေ၊ ဝိဇယပြဇာတ်၌ ဆယ်ရေခံဟု စပ်သည်။
**ဆံကျင်**(၉၇)နားတောင်းဆံကျင်၊သျှောင်ဆံကျင်၊ ဆံ ကျင်မျိုးတချက်(သတ်ထူး ၄၀)
**ဆက်ဒန်**(၂၃,၁၂၀)အရောင်ခြောက်မျိုး ထွက်သော ဆင်စွယ်၊ဝေါဟာ၅၄၁,နတ်သျှင်နောင်-၅၅။ "စောလူးစီးတန်၊ မျိုးဆက်ဒန်၊ (မြင်စိုင်းကာ ချင်း)
**ဆင်စွယ်ဝန်းရှက်**(၁၂)အထည်ဆင်အကွက်။
**ဆည်းဆာ**(၆၉) နေဝင်ခိုတရော အချိန် (ဝေါဟာ ၅၃၅) နေ့အဆုံးညအစ၊ နေတခြမ်းဝင်။
**ဆွတ်ကျင်**(၁၆)လွမ်းဆွတ်သည်၊ ကိုးခန်း ၁၃၀။
**ဆွတ်ဆွတ်**(၁၅၃)အဖြူရောင်၊ ဝေါဟာ ၅၀၅။
**ဆွတ်ပျံ့**(၁၆,၆၀,၁၁၇)လွမ်းဆွတ်သည်၊ ဝေါဟာ ၅၄၀။ "ဝမ်းကမဆံ့၊ ဆွတ်ပျံ့အူသည်း(မဃ ဒေဝ-၄၀၉)"
**ဆွတ်လွှတ်**(၁၂၉,၁၃၆) လွမ်းဆွတ်သည် နဝဒေး ၃၂။ သည်းချာဆွတ်လွှတ်(သခင်တွေး-၁၇)

**ဆမ်း**(၁၀,၇၇,၁၀၇,၁၃၀)ဝမ်းထဲကြည်မွှမ်း၊ပျား ရည်ဆမ်းဘို့၊ချစ်ကျွမ်းဝင်ဘိ(ဘုံခန်း ၁)

**ဆို့ကျိုင်း**(၁၀၅)ဘုံခန်း အပိုဒ် ၇၆။

**ဆို့ဆည်း**(၃၄, ၅၀) သိမ်းဆည်းခြင်း (ဝေါသနိ ၇၆၀) ဘုံခန်း-၁၂၀-၌ ဆို့ဆည်း။

**ဆုန်းဆ**(၁၄၉)ချိန်ဆခြင်း၊ ''သစ်ငုတ်တံစုန်း၊ လေလည်းမှုန်း၊ ဆုန်းဆုန်းဆဆလွှဲ'' (ကပိလကျွ ကာ ၉၃၇, ဝေါသနိ ၇၄၂)

**ဆိုးဆမ်း**(၁၅၅)ရောနှောခြင်း''ဆောင်းနွေဆိုးဆမ်း၊ ပူချမ်းနှစ်ပါး''(ဂါထာ ၁၄)

**ဇေါ်**(၀)ပန်းချီမှုကြီးဆယ်မျိုးတွင် ပန်းအရေး၊ မွန်-ထော်ဇေါ်(ဘုလင် ၄၉,ဥတိန္န ၁၅)

**ညိ**(၉၃)ညိရရှိ(၂၄)ညိုလျှံ(၁၂၀)အရောင်တောက်၊ ချိုတင်မစွန်းမငြိတည်း၊ရဲရဲဘုန်းရောင် ထွန်းညိ တည်း(ပုံတောင်နိုင်ခွဲထား)

**ဋြိုရှောက်**(၇)တပ်ငြိခြင်း၊ သံဝရ ၂၄, မဏိကုဏ္ဍလ

**ဋြင်း**(၁၅)တူရိယာ ခေတ်ခြင်းနှင့် ပိန်းညင်းဇက် ခွဲထားစပ်ပြသည်။

**ညင်းစောင်း**(၇,၁၅)မြန်မာသံယော၇ ၆၇-၌ တွင် ရရစ်ဟ ထိုးရေးပြမှာသည်၊ လောကထိပ်ပန် မင်စာ၌ စောင်းဇော့င်,ပုဂံကျောက်စာ တောင် ဂူနီ၊ ညွန့်ပေါင်း ၇၀, လက်ရွေးစင် ၀၄-၌ ''စည်ညင်းဖြင့် နိုင်းထသော'' အင်းဝကျောက် စာတို့တွင် ရတနာမြစည်းခုံ၌ ပတ်တီးညင်း

www.kelasa.org



မှုတ်၊ စစ်ကိုင်းထူပါရုံကျောက်စာ၌ ပန်းတ ယား သားအမိ ၂-ယောက်ညှင်းသည်မောက် ယ်ဟု ညဟထိုးနှင့် ရေးထိုးသည်။

**ညာသ်ပါဠ်** (၆) နှာသကျမ်း၊ သဒ္ဒါရှင်စောင်အဖွင့်။

**ငြိမ့်လေး** (၁၉) စိတ်ငြိမ်သက်သည်၊ နတ်သျှင်နောင် ၃၇။ နဝဒေးရတု-၁၉၂။

**ညောင်စဉ်သများ** (၁၂) ညောင်ပင်အမျိုး တမျိုး။

**ညောင်စောင်း** (၆၂) အခြေ လေးချောင်းရှိ ခံတင်၊ ရွှေဘုံနိဒါန်း ၁၄၁။

**ညှိုးယော်**(၉၇) ဥတိန္နပျို-၄၃,၂၂ ၌ယော်နှင့်လျော် ခွဲထားစပ်ပြသည်၊ ဝေါသနိ ၄၅၃။''တမျှညှိုး ယော်၊ မမွေ့လျော်ဘဲ၊ ထိုရော်သံဝေ'' (မဃ ဒေဝ-၁၄၀)

**ညှိုးသမ်း** (၁၀,၁၇,၇၇) ဖျက်နှောညှိုး(ကိုးခန်း၉၄)။

**တကိုက်မချွတ်** (၁၂) ရဲစားစိတ်ကြောင့် တနေ့လျှင် တကိုက်စာရှိ ပေစာအရ ကျက်မြဲဝတ် ချွတ်၍ စာ လက်လွှတ်သည်။

**တငေး** (၅)ဒေါင်းဇက် တခါအော်ကြာ အချိန်၊တဟုန် ပြေး၊ (ဝေါသနိ-၃၁၁) တတွေး-နည်းတူ။

**တဆံ** (၅၂,၁၅၂) တရံတခါ၊ ကိုးခန်း ၁၀၉,

**တပဲ** (၇၅) အတူတူ၊ (ဆုတောင်းခန်း-၁၁၃)။

**တဖျင်**(၄၅)တဖျင့်ခတ်(၁၃၅) တဖျင့်ရှား(၁၂၀) တဖျင်=မပြတ်မစဲတဆက်တည်း၊တဖျင့်=မညီ မညွတ် ချွတ်ယွင်းခြင်း။

**တမော့** (၇) ကျောက်ဆစ်သမား၊ ပန်းတမော့။

**တရိဝင်းကော်** (၃၈) တရိ= သုံးခု+ ဝင်းကော်- ဝက်-အတွန့်၊သာရေခေတ္တရာပြည်မြို့တည်ရာ၊ သကြား စက်တိုင် နဂါးစက်ကြီးပြု၍တည်ရာတွင် ကဠုန် နေရာရောက်လျှင် ကဠုန်မင်းကို ကြောက်သော အားဖြင့် နဂါးမင်းကိုယ်ကို တွန့်၏၊ နဂါးမင်း တွန့်ရာအရပ်၌ အရေးသုံးခု ဖြစ်၏၊ (တွင်း သင်း ရာဇဝင် လက်ရေးမူ-၁၄) နွယ်ကြီး (စနေနံ)ကို ကြီးပြု၍ ပနက်လှည့်ရာ အင်းကြီး (တနင်္ဂနွေ) တခုတွေ့၍ မြို့ရိုးအတွန့် သုံးခု ဖြစ်သည်ကို တင်စားဆိုခြင်း။

**တရှူ** (၂၉, ၆၃, ၁၅၅) တမ်းတသောစကား၊ ရှူ-မြည်တမ်းသည်၊ (ဝေါသနီ-၃၅၆,၄၆၁)။

**တရည်တည်း** တညီတညွတ်၊ (ပါရမီ-၁၃၁,မဃဒေဝ ၅၈၈)။ ဇနကဇာတ်-၂၇၄။

**တရှိ** (၁၁၀) ထပ်တူထပ်မျှ၊ ဝေါသနီ-၄၆၀၊

**တလဲ** (၅၁) သန့်လျှင်းတလဲ၊ ဦးကုလား ရာဇဝင် ၃-၂၁၆, အင်ရှိစာတမ်း ၁၃၇။

**တလတ်** (၁၅၆) တမျိုးတဖုံ၊ ဝေါသနီ-၆၅၃။

**တလုံးလဲ့လဲ့** (၈၅, ၉၆) ကြိမ်ဖန်များစွာ၊ ဝေါသနီ ၇၅၄။ ကဝိလက္ခဏာ-၁၀၀,၁၆၃။

**တာ** (၅၉, ၁၂၇) ကိုယ်ချင်းမတာ ဆိုသည်၌ ညှာတာမှုမရှိ၊ တာ=ကိုယ်ချင်းစာနာ။

**တာငါးရာ** (၁၅) ငါးရာတွင်းခရီး၊ ခရီးတသောင်း ထက်ဝက်။

**တီးတုံး** (၁၄) တိုးတိုးပြောခြင်း၊ ဝေါသနီ-၇၄၄။

www.kelasa.org



**တုကင်း** (၅) တုကွန်း၊ (၁၇၃) အတုမရှိ။

**တုရိုင်** (၁၆၆) တံခါးတိုင်၊ဘုံခန်း-၁၀၄၊နေ-စိုး-၀။

**တုလောင်** (၁၅၂) မှုတ်ရသောတူရိယာ၊နေမိုး-၁၀။

**တူရှု** (၃၀,၃၆,၄၃) တည့်တည့်၊ ဝေါသနီ-၂၅၁။ ရှေ့ဖြစ်စေ,နောက်ဖြစ်စေ တည့်တည့်။

**တူရှည်** (၅၂) နှိုင်းရှည်ခြင်း, အတူ၊ ဘုံခန်း-၁၃၇။

**တူးတည်** (၆၁) ဖြောင့်ဖြောင့်၊ ဆုတောင်းခန်း-၆၇။

**တော်လည်း** (၁၂၈)မြေငလျင်မလှုပ်မီ၊လှုပ်တော့မည် ဆဲဆဲ ပြင်းစွာမြည်ဟီးသံ၊ ကိုးခန်း-၄၃။

**တံကောက်**(၁၅၂)မှုတ်ရသောတူရိယာ (မနော်၅၂)

**တံတစ်** (၁၀, ၂၃) သေချာမှန်ကန်သည်၊ "မကွာ တံတစ်၊ ဖက်ဆစ်အမြဲ" (မဃဒေဝ-၂၃၀၊ သတ်တူး-၅၁, ဆုတောင်းခန်း-၈၁)။

**တံတွာ** (၁၇၂) သဘောမမ္ဗတာ၊ သက္ကဋ-တတွကို မြန်မာမှု တတွာ-ပြု၍ ဗိန္ဒုလာသည်။

**တံပိုး** (၇, ၁၄, ၁၃၄, ၁၅၂) ရေလှိုင်းဟောမှာ တန့်ပိုး၊တူရိယာမှာ တံပိုး-တပိုး ရှိသည်။

**တံမြက်** (၁၃) ပုဂံကျောက်စာညွှန့်ပေါင်း-၃၅၊စားပွဲ မှောက်၌ "တံမျက်ချေးကျုံးစိမ့်သောငှာ"ဟု အပင့်ရေးထိုးသည်၊ဝဏ္ဏဗောဓနေ၌ ထက်မြက်၊ ငန်သည်မြက်မြက်၊ တံမြက် ဟု အရစ်အင်းမှာ ပြုသည်။

**တံရှည်တံမြှာ**(၁၅၂,၁၃၉)မှုတ်ရသောတူရိယာ။

**တျက်တျက်**(၇)အလွန် မာကျောသည်။

**တက်မြုံး**(၁၅၅)စီမံပြုလုပ်ခြင်း၊ တိုးပွားခြင်း၊ "အာဏာတက်ပြီး၊ ကျွန်းအလုံးကို" (ရွှေစာတိုင်မော်ကွန်း ၁)ပညာတက်ပြုံး(ဟန်လင်း-၃၀)

**တင်ရန်း**(၁၅၀)မြင်း၏ကြောထက်မှ အောက်သို့ ဝဲယာနှစ်ဖက်ချထားသော ပန်းပွား၊ ဆက်ရှုန်းလည်းခေါ်သည်၊ (ခဝါသနီ ၅၅၉)

**တင့်ရည်း**(၁၀၆,၁၅၂) အတင့်ရဲသည်၊ ကိုးခန်း ၂၆၃,ပါရမီ ၉၀၊ "မဖွယ်မရာ၊တင့်တရည်း" (ရာမရကန် ၃-၁၄)

**တင်းကျမ်း**(၄၆,၉၀)များပြားပြည့်လျှမ်းခြင်း၊ မြစ်ရေ တင်းကျမ်း၊ အပြည့်လျှမ်း၊ ကြော့ကြမ်းမကျုံးနိုင်၊ (ကဝိလက္ခဏာ ၃၉၄,ခဝါသနီ ၅၂၁)

**တင်းထိမ်**(၅၁)ကုလားကာ၊ငါးစပ်စောင်၊"တင်းထိမ်၊ ကုတ္တိုထိမ်၊ ဇွက်ထိမ်၊ ပန်းထိမ်"(ခဝါသနီ ၆၀၆) ကဝိလက္ခဏာ-၄၅၂။

**တည်းထိုင်း**(၁၁၆)ကြာမြင့်နှေးဖြည်း(ပါရမီ ၁၂၀)

**တန်ကျစ်**(၈)ကျားကွက်ပျဉ်ချပ်၊ သတ်ထူး ၅၀။

**တန္တိ**(၄၅)အစဉ်အလာထုံးစံ၊ မဃဒေဝ ၃၉၆။

**တန်လောင်**(၄၅)ရေလှောင်ရာ၊ တန်—ရေဟော၊

**တွန့်တုပ်**(၉၀,၁၅၆)ရက်ပြီးစအထည်၊(တရုပ်သံ ၂)

**တွန့်တို**(၉၃)နောက်သို့ဆုတ်နစ်သည်၊ တွန့်တိုသည်။

**တိတ္တုံ** (၈) အိပ်မက်တိတ္တုံကျမ်း၊ (ကဝိလက္ခဏာ-၁၆၄)

www.kelasa.org



**တိန်ညင်း** (၁၄) ပိန်ညင်းဌက်၊ ထိုဌက်ကိုစွဲ၍ တိန်ညင်းလေ့တော်ဟု သမုတ်သည်၊ နဝဒေးရတု-၂၂၉, ဦးတိုးရတု ၂၄-တွင် တိန်ညင်းဌက်,တွင်းသင်းဝန်ရေး မိဿလာကန်မွဲမော်ကွန်းတွင် ပိန်ညင်း ဖိုမအမြေဟု စာခေါင်းတပ်၍"မြာမြည်ညိုဝင်း၊ မယ်တိန်ညင်းသည်"ဟု စာသားမှာ ရေးသည်။

**တိမ်းပူး** (၁၁၅) ယိမ်းယိုင်ခြင်း၊ နဝဒေး- ၁၉၂

**တုံ×တုံ** (၅၀,၈၅) ခဏခဏ ဖြစ်ခြင်းပြ ပစ္စည်း (ဝေါသနီ-၇၄၃) ထတုံ ထိုင်တုံ (တေမိဇာတ်)

**တုံးတိုက်** (၄၅) ငါးဖမ်းခြင်း၊ ကြမ်းဆည်ဖြင့် တိုက်သည်။

**တောင်တာ** (၅) ရှည်လျားကြာမြင့်ခြင်း (ပေါရာဏကထာ ဋီကာ-၂၅၄) ပါရမီ-၇၅,၁၄၅

**တောင်ထွင်း** (၅) ကျောက်စာများ၌ ထဆင်ထုးနှင့်ရေးထိုးသည်၊ "တောင်ထွင်းသားငါတောင်ဖွဲ့"(ဘုရားကြီး၊လက်ရွေးစင်-၁၀၄)"ဝပုဖျင် တောင်ထွင်းမြေ"(နားတောင်းတပ်၊ ညွန့်ပေါင်း- ၁၇) "တောင်ထွင်း အရပ်ရေတိမ်ကြီးမြေ"(ဆုတောင်းပြည့်၊ညွန့်ပေါင်း ၁၄၅) တောင်ထွင်းအရပ်ကို ပယ်သူကြီးတထောင်တို့နှင့်တကွ ခြံရံ၍ တည်ထောင်၏၊ မြို့တည်သောအခါ ရှေ့ဟာသ်ာတခု တောင်ကိုထွင်း၍လာ၏၊ တောင်ထွင်းမြို့တွင်၏ (စေတီ

ယကာထာ ရာဇဝင်ချုပ်) မြို့တည်စဉ်က မြေ
ငန်းတခု တောင်ကိုတွင်းဖောက် သွားသော
ကြောင့် တောင်တွင်း (မြည်ဖွဲ့ မြို့ဖွဲ့-၈)။
တောင်အပေါင်းတို့၏ အလယ်၊တွင်းသဖွယ်
ဖြစ်သောကြောင့် တောင်တွင်းဟုလည်း မြည်
ဖွဲ့ မြို့ဖွဲ့၌ တနည်း ဆိုသေး၏။

**တောင်း** (၂၂, ၂၉, ၃၅, ၅၅, ၅၆, ၆၆, ၁၂၅, ၁၃၇) ဖြစ်ခဲ့သောသဘောပြပစ္စည်း၊ ပေမူမှာ တောင်းနှင့်ထောင်း မကွဲမပြားဖြစ်နေသည်၊ "အမျိုး မေးထောင်း၊ သမင်ရောင်းနှင့် ခေါးတောင်းပဲစပ်" (ဘုအလင်္ကာ-၃၀၅) ကိုထောက်၍ ထောင်းပစ္စည်း ဖြစ်သင့်သည်ဟု ကင်းဝန်ပါရမီဖြေ-၁၄၅-၌ ဆို၏။

**တိုင်သည့်ဝါနှင့်** (၆) တနေ့လျှင် စာ သုံးဝါ တက်၍ စာသင်ရမှု ကောင်း၏။

**တိုးတည်** (၅၇,၆၃) အနီးအစပ်- ပေါရာဏကထာ ဋီကာ ၁၇၈။

**ထဲချောင်** (၈၂) သုတောင်းခန်း ၁၄၀-နှင့် နှိုင်းရှည့်

**ထား** (၈၂) လက်နက်ဓား၊ လက်ဝဲနော်ရထာစု ရတု၌ "ထား"အရေးအများ တွေ့ရသည်။

**ထွားသည့်လက်** (၂၅) နူးညံ့သော လက်။

**ထက်ပိုထက်ဝါး** (၉)ပိုးတိုးဝါးတား၊မသေချာမသဲကွဲ။ ဘုအလင်္ကာ-၃၀၇၊ ကိုးခန်း ၁၉။

**ထင်ရည်း** (၈၄) စိတ်မှာထင်မှတ်သည်၊ ပါရမီ-၁၆ ဝေါသနီ-၅၉၅

www.kelasa.org



**ထစ်ထစ်** (၁၇,၃၂)ထင်ရှားသည်၊ဘုံခန်း၁၇,၂၆။ အလျင်အမြန်(ကျပင်းတရားစာ-၈၃)

**ထန်းမှည့်ရေကြီး**(၁၄) ထန်းသီးလည်းမှည့်၊ရေလည်းကြီး။ "သပြေသီး ရေကကြီး"အသုံးရှိသည်။

**ထန်းလည်ချိုး** (၇၃) ထန်းပင် လည်ဆစ်ကျိုး။

**ထမ်းပိုး** (၁၀၇, ၁၂၁, ၁၃၀) တဆတိုး ဝန်ကို ထမ်းသော ထမ်းပိုးနှင့် အရေးတူ အသံတူ ထမ်းပိုးဖြင့် တပြန်နှစ်ပြန် ပြန်တာရသည်ဖြစ်၍ တဆတိုးကို ထမ်းပိုး။

**ထိန့်** (၁၄) ထိန့်ဆူ (၉၈) ဆူညံသောအသံ။

**ထုပ်ဝါ** (၅) နန်းတော်၏အစိတ်အပိုင်း၊လျောက်ထုပ်အတောင်ခြောက်ဆယ်မျှ ရှိသည်၊ "လျောက်ထုပ်ဟူသည် လျောက်၏အောက်တွင် သွင်း၍ အတွင်းထားသည်ပင်၊ထုတ် တသတ်ကား အတွင်းမှ လွင်သို့ထုတ်သည်၊ ပ-သတ်ကား ပြင်မှ အတွင်းသို့သွင်းသည်၊ (ဝေါသနီ ၇၁၇)

**ထုံ့မှိုင်း** (၁၀၅) အပိုင်းကဏ္ဍတခု၊ တပိုင်း (ဝေါသနီ ၇၆၁) ကဝိလက္ခဏာ-၂၄၆။

**ထောင်ပြို** (၅) ထောင်ပြိုမြို့သုံးမြို့ကား တောင်ငူ, တောင်တွင်း,လှိုင်းတက်, (ဦးကုလား ရာဇဝင် ပ-၂၆၇) တောင်တွင်းသည် ထောင်ပြိုမြို့တွင် ပါဝင်သည်။အရေးရှိခါ စစ်သည်တထောင်ပေး။

**ထိုင်းတည်း** (၅၄) နှေးကန်သည်၊ (ဘုအလင်္ကာ ၃၂၉) ထိုင်းတွ, ထိုင်းပျင်းနှင့်အနက်တူ။

ဒဏ္ဍီ (၆) ဒဏ္ဍီဆရာရေးသော သက္ကတ ကာဗျာဒါသ အလင်္ကာကျမ်း၊ ပါဠိသုဗောဓ လင်္ကာရကျမ်း၏ မူလမှီရာ။ သဒ္ဒနီတိပဒမာလာ။

ဒါရု (၁၆၂) နံ့သာမွှေးအဆီ၊ ချစ်ခင်တွယ်ဝတ္ထု ဆင့်ပွါးနက်။ ဒါရုနှင့်ကညင်ဆီ (ရာမရကန်)

ဒုယင် (၁၄၇) အင်္ဂျီ၊ဒုယင်+တုရင်ခွဲထား(မဃဒေဝ-၂၇၆)

ဒေဝါ (၂၄,၃၀,၆၃) ဤရတုစုတွင် မိုးနတ်ကို ဒေဝါဟု သုံးစွဲသည်ကို တွေ့ရ၏။

ဒွန်းစဏ္ဍား (၁၆) စဏ္ဍာလ ကြမ်းတမ်းစွာပြုသော လူတစု၊ ဒွန်းမှာ သက္ကတ-ဓောမ-ပျက်မှ-ဒွန်း၊ တက္ကဒွန်း၌ပါသော ဒွန်းနှင့်အတူတူ ဒွန်း= ပုဂ္ဂိုလ်+စဏ္ဍား=ကြမ်းတမ်းသည်။

ဒုံမင်း (၁၄၇) ရှေးခေတ်တူရိယာ၊ ဘုံခန်း ၅၅-၀၂၊

ဒေါင်းရွေး (၅၄) နှီးရက်သမား၊ ဝါးကိုစိတ်ဖြာ၍ တောင်းဖျာရက်လုပ်သော အလုပ်မျိုး၊ (အုပ်ချုပ်ပုံ-စ-၉၀)

ဓူဝံကြယ် (၄၃) ကောင်းကင်ယံ မြောက်ဘက်မှာသာ အမြဲရှိနေသောကြယ်၊(ဘုံခန်း၉၆,၁၀၉)

ဓိဋ္ဌာန် (၆၀) အဓိဋ္ဌာန-ပါဠိ ဆောက်တည်ခြင်း။ ရည်ရွယ်ချက်ကို မှတ်သားခြင်း။

နကို (၄၀) မြန်မာစကားစစ် မူလရင်းသဘော။

နဂိုရ် (၁၀၅,၁၂၀) ယာယီ၏ဆန့်ကျင်ဘက် အမြဲတည်သဘော။ နဂရ=ပါဠိပျက်။

နရာပထမ (၅)ဦးစွာအစ ပထမဦး တည်ထောင်သူ။

www.kelasa.org



နရန်း (၉၃) ထုံးကမ်းဥပဒေ, လက်ရန်းအဘာ (နဝဒေး ၁၇၆) ဝေါသနီ-၆၄၀။

နဝတတ် (၂၃,၁၃၂) အနောတတ် ရေအိုင်။

နိတုံ (၁၆၀) ပဒုမာကြာဝတ်ဆံနှင့် တူသောရွှေ (ဝေါသနီ ၇၄၃) နိဒ္ဒုန်·ရာဇမဏိစူဠာ။

နိယံ (၈၅) အမြဲတည်သောသဘော။ပါဠိ-နိယာမ။

နိသတ် (၆) နေသဇ္ဇိက=ထိုင်၍ကျင့်ရသော ဓုတင် တရား။ စသတ်မှ တသတ်ပြောင်းသည်။

နီးနွယ် (၆၉) နီးကပ်စေသည်၊ကာရိုက်နက်။

နေဆာလှုံ (၄၅) ဆာ=ပူပြင်း၊ (ဝေါသနီ ၃၄၀)

နေဇာ (၁၅၂) မြေစာမြက်၊ ဝိနည်းမိုရ်မင်စာ ၁၆၀- ၌ နိယ်စာ-ဟု ရေးထိုးသည်။

နော်ဇာ (၁၃၉) နော်ဇာပန်းပုံပြုသော လည်ပင်း ဆွဲကြိုး"နော်ဇာရွှေကုံး"(စိန္တကျော်သူရတု)

နှို (၉၀) နိမ့်ကျသည်၊ မလန့်ကြောက် ရွံ့၊ အားလုံး နှိမ့်ချ (နဝဒေး ၂၂၆) ကဝိလက္ခဏာ-၂၇၆။

နှို (၆၂) နိမ့်ကျအောင်ပြုသည်၊ နိမ့်ကျစေသည်။

နားတောင်း (၁၃၀) နား၌ပန်ဆင်သောတန်ဆာ။

နက်သန် (၆၃) သက္ကတ လက္ခဏ=ကြန့်အင် လက္ခဏာ၊ လက်သက်မှ နက်သန်သို့ပြောင်းသည်။

နှင်းယူး (၁၄) နှင်းလုလု-နှင်းခါနီး။

နှစ် (၁၀၉) နှစ်ပြွင် (ဂ) စီချယ်သည်၊ ဘုံခန်း ၂၆။

နှစ်မြိုက် (၉) နှစ်နှစ်မြိုက်မြိုက်၊(၉) အလွန်နှစ်သက် မြတ်နိုးစွာ။ မဃဒေဝ-၁၂၆။

**နတ်အိပ်** (၁၁၈) နတ်နိုး၊(၁၁၈)ဝါဆိုလ၌နတ်များ အိပ်စက်သည်၊ တန်ဆောင်မုန်းလ၌ နတ်များ အိပ်ရာမှ နိုးသည်၊ နတ်သျှင်နောင်- ၁၃, သျှင်ဥက္ကံသမာလာခြေ-၁၃၃။

**နတ်လျော** (၁၅) နတ်နှင့်တူသောအဆင်းအရောင် ရှိသည်။ လျော=တူသည်။ ပုံစံ-လိုက်လျော။

**နှုတ်အပ်** (၁၂၆) နှုတ်ထည့်၊ (၄၁) စကားထည့် သည်။ နတ်သျှင်နောင်ရတု-၅၆။

**ပကာသနာ** (၆) ကြီးယားငါးတန် ထုတ်နည်း၊ ဒဿ နတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, ဘာဝတ္ထ, အနု ဘာဝတ္ထ၊ (သံဝဏ္ဏနာဆက္က၊ ပုဒ်စစ်-၄၁၅)။

**ပတင်း** (၉၀, ၁၂၆) ပြတင်းပေါက်၊ မွန်ဘာသာ ဗတင်း။ ပြူပေါက်,ပြတင်းပေါက်-တခြားစီ။

**ပရဝါပန်း** (၆၅) ပန်းတမျိုးအမည်။(တုံခန်း-၂၀)

**ပသူ** (၁၃၇) အဘယ်သူ။ (နဝဒေးရတု-၁၃၃)

**ပြိယာယ်** (၆၀) သွယ်ဝိုက် ပြောဆိုသောစကား၊ ပရိ ယာယ ပါဠိ-ရဲ-၉၂, ဝေါဟာရ-၆၂၈။

**ပြယား** (၆၄,၁၁၄) ပြာလဲ့လဲ့ အရောင်ရှိကျောက်၊ တုံခန်း-၅၂၊နရေး×ပြယားခွဲထား။မဃ-၄၇၂။

**ပိတင်း** (၁၀၀,၁၂၀) ထိုင်စရာနေရာ၊အင်ရုံစာတမ်း- ၂၀၉။ ဇာနက္ခာဝံသပြဇာတ်-၃-၄၄၀။

**ပိဿုကာ** (၀၈)လက်သမားအတတ်တတ်သူ၊(ကိုးခန်း- ၆) ဝိသုကမ္မ-ဝိဿကမ္မ၊ဝ,ဗ,ပပြောင်း။

**ပြိုပြင်** (၁၆၆) ဝိုပိုသသ၊ “ရှပ်တုပြိုပြင်၊လုစီစင်သို့” (မဃဒေဝ-၄၇၂) ဝိပြင်လည်းရေး။

www.kelasa.org



**ပိုးပန်း** (၈) ရှေးခေတ်ကစားနည်း၊ (ကဝိလက္ခဏာ- ၇၁၂) တောပုမေတ္တာစာ၊ကဗျာဗန္ဓ-၅၆၇။

**ပုရေနိသင်** (၁၂) ရာဇသူရိယ- ၁၆၅, ဘဝပုရေ အလိုက်ရတုနှင့် စပ်ကြည့်လျှင် ပုရေနိသင်, ဆုဝေဘီချင်, လူ့ဖြေတိတွင်-ဟု ရှိရမည်၊သျှင် ရဋ္ဌသာရသည်ငယ်စဉ်ကအိမ်ထောင်ပြုရန်စိတ် ညွတ်၍ သမီးရည်းစားထားခဲ့ပုံ၊ နောက်မှ စာပေ သင်ခါ တရားသံဝေရ၍ပဉ္စင်းအဖြစ်သို့ရောက်ပုံ ပြသည်၊အလိုက်ရတု-၁၆၅နှင့် စပ်ယှဉ်ကြည့်။

**ပုရစ်** (၉၇,၁၄၀) ထွက်ပြူစအဖူး ရွက်ညှောက်၊ ညွန့်ဖျား။ ခုနစ်,ပုရစ် (ဇေယျရန္တမိတ်ရတု)

**ပုရန်** (၈) ယခု ပန်းရန်ရေး၍ ပရန်ခေါ်သော် လည်း ပုဂံကျောက်စာ မင်းမတ်ဉာဏပိစည်း၊ ညွန့်ပေါင်း-၅၅, စောလှဝန်း-၅၀,လက်ရွေး စင်-၉၈၊ အသဝတ်မွှောကျောက်စာတို့၌ ပုရန် ရေးထိုးသည်၊ ပုဝါ-ပုဆိုးကို, ပဝါ-ပဆိုး ခေါ် သကဲ့သို့ ပုရန်မှ ပရန် အခေါ်ပြောင်း။

**ပျူငှာ** (၁၅, ၁၆, ၄၅, ၆၁, ၈၂) ချစ်ခင်ဘွယ် ဆိုစကား၊ နူးညံ့သောအမူအရာ၊ (ဝေါဟာရ- ၃၀၃)ပျူဟာ(နဝဒေး-၃၇,နတ်သျှင်-၅၅)

**ပွဲတင်** (၁၁၀) ဟိန်း၍တဖန် ပြန်လာသော အသံ၊ “ရိုက်ခွန်းသံထင်၊ ပွဲတင်ထပ်ကာ”(မင်းရဲဒိဗ္ဗ ချောင်း-၆)။

**မြွ** (၉၂)ထင်ရှားသည်၊(တုံခန်း-၈၅,ဝေါဟာရ- ၄၂၆) ကဝိလက္ခဏာ-၁၅၇။

ပျော့ပျော့မိန်း (၄၁) "ရွှင်ပျညွတ်ပျော့၊ မြတ်မိန်းမောလျက်၊ကျယ်ပြောမိုးခေါင်" (ဘုံခန်း-၇၄, ဝေါဟာရ-၄၁၆)။

ပေါ်လျှံ (၈၂) အပေါ်ယံမျှတွေးဆခြင်း၊ (ဓာယဒေဝ-၃၈၃) ဘူ-အလင်္ကာ-၃၄။

ပြုံ (၁၇၄) ရောနှောခြင်း။ (ဘုံခန်း-၄၀, ဝေါဟာရ-၅၁၈) ပြွမ်း-နှင့်အနက်တူ။

ပျံ့ပျူး (၂၆,၃၅) သာယာဖွယ်,အပြန့်ကျယ်သည်၊ (ဝေါဟာရ-၅၄၆) နေမိခယပိုး-၁၆။

ပျံ့ရှား (၅၂) မွှေးပျံ့သည်၊ (နဝဒေး-၇၃)။

ပင်ကို (၁၀၀) နကို-မူလရင်း။မြန်မာစကားစစ်။

ပြင်ထိပ်ကျေး (၁၄,၁၄၆) ပြင်=သဲသောင်၊သဲသောင်ပြင် အကွေး အထောင့်။

ပြင်သာကျွန်း (၆၂) သာယာလှသောသဲသောင်ပြင်။

ပဥ္စင် (၁၄၇,၁၅၂) တူရိယာငါးမျိုး။ ပဥ္စင်။

ပဥ္စင်း (၁၂) ကျောက်စာ၌ ပန်စင်၊ "သားပဥ္စင်းခံ၍ တရားဦးနာ" (လက်ရွေးစင်-၃၉,မိတ္တသိဥ္စဉ်း-၄၁) မြင့်မြတ်သော ပုဂ္ဂိုလ်အဖြစ်ရောက်သူ။

ပျည်ညောင် (၁၂) ယခုအရေး ပညောင်၊ ပေမူ၌ ပျည်ညောင်- တွေ့ရသည်၊ "မြဲ့ညောင်ပင်ကို အသျှင်ဥက္ကံ့ သမာလာစီရင်သည့် ဝဏ္ဏဗောဓနအင်းစောတ်ချ သတ်ပုံမှာ "ပြည်ညောင်ပင်၊ ပျည်ပြား၊ သရက်ပြည်- စသည်ဖြင့် ညသတ်နှင့် ရှိသည်၊ရောင်ခြည်ခြောက်သွယ်ရှိ ကဝိလက္ခဏာ

www.kelasa.org



သတ်ပုံမှာလည်း "ညောင်းညာမြေပြည်၊ နားနေစည်၊သည်ပြည်ညောင်ပင်ဝယ်" ဟု ညသတ် ဝိတ်ရွတ်သံနှင့် စပ်ဆိုသည်၊ အဘိဓာန် နိသျှမှာ ဗိန်ညောင်ဟူ၍ ပ-အက္ခရာ လုံးတင်နသတ်နှင့် ရေးသည်၊ရှေးရေး ကျောက်အက္ခရာ ပညာရှိတို့ အစပ်အဟပ်ရေးထုံး ဥပဒေသ မတွေ့ဘူးချေ၊ တွေ့လျှင်မြင်ဆင်တော်မူကြပါကုန်၊ (အဘိဓာနတ္ထပ်သောမနိ၅၅၂)၌အလို ရခိုင်ခေါ်ဝေါ် သံ ပရိုင်ညောင်နှင့်အညီအရစ်ညကလေးသတ် မြဲ့ညောင်ရေးစေလိုသည်။

ဖြစ်ခြည် (၅၅) အဖြစ်ဒေါသ (နဝဒေး ၁၉၅)

ဖြစ်စက် (၁၅၀) ဖြစ်ဆာ (၅၄) အဖြစ်အနာအဆာ။

ဖည်းပုံ (၁၁၄) ပေါများသည်၊ (ဘုံခန်း ၃၃,၁၄၃, ငရဲခန်း ၆)

ဖည်းသိ (၇၃) ပေါများသည် (ဘုံခန်း ၃၄)

ဖတ် (၁၀၉) ပါဒ-ပါဒ်၊တနာရီ၏ လေးဘို့တဘို့ (နတ်သျှင်နောင် ၅)

ပဋ္ဌာပိုဏ် (၁၇) ဗုတင် ၁၃-ပါး ယထာသန္တတိ, ပဋ္ဌာ ပိဏ္ဍိက, ခလုပစ္ဆာ, သပဒါနစာရီ, တေသနိက်, ပိဏ္ဍပါတ် ၁၃-ကို အယုတ် အလတ် အမြတ် သုံးပါးနှင့်မြောက်၍ ဗုတင်အမျိုးသုံးဆဲ့ကိုးဟု စပ်သည်။

မြဋ္ဌာန်း (၁၁၀,၁၄၂,၁၄၆) ပဓာနဖြစ်သော သဘော "မုချဆတ်ဆတ်၊ စကားတတ်၊ မြဲမြဲ ဌာန်းဌာန်းငင်" (ကဝိလက္ခဏာ ၁၁၆၀)

**ပြဿနာ**(၇)အမေးပုစ္ဆာ၊သတ္တဋ္ဌပရိစ္ဆေ မျက်။
**ပြွပ်**(၈)ဆေးဖြင့်တပ်ဆိုးခြင်း၊"ဆေးဝါးဆိုးတပ်၊ စိန်
နှင့်ပြွပ်၊သစ်ရွပ်လျောက်ထုပ်သာ"(ကဝိလက္ခ
ဏာ ၁၄၆၁) တွင်းသင်းသတ်ညွှန်း ၅၃-၁
စီနင်ပြွပ်။
**ပန်ထွာ**(၉,၆၉)တောင်းပန်သည်။
**ပန်နက်**(၁၆)ပန္နတ်(၁၅၀)သုခတောင်းသည်၊ သဗ္ဗာ
ဆိုသည်၊ဝေါသနိ ၄၉၆။
**ပန်းတော့**(၈)အင်တေအမှုထမ်း (ရာဇော၀ါဒ ၄၉၆
အုပ်ချုပ်ပုံစာတမ်း စတုတ္ထ)
**ပန်းတိုင်းပင်**(၁၂၄)ပတိုင်းပင်၊သုခတောင်းခန်း၁၆၆၊
ပန်းထိမ်းမြွပြင်၊ ပန်းတိုင်းပင်၊ မြွှလျှင် ပန်း
တောင်းဘက်(သတ်ထူး ၁၂၄)
**ပန်းရက်**(၂၇)ပန်းပွင့်မှထွက်သောအရည်(ဝေါသနိ
၆၅၆,ဘုံခန်း ၃၅)
**ပန်းလည်ထိုင်**(၃၀)စက်ရဟတ်၊ စက်ဝန်း၊ စက်တိုင်
(သုခတောင်း ၁၂)
**ပန်းသပ်**(၇၄)အမွှေးနံ့သာပန်းနံ့ဖြင့် သတ်သည်ကို
နတ်သျှင်နောင်ရတုတွင်"ထုံ့ပျံ့ပန်းသတ်"ဟု
တသတ်၊ နဝဒေးရတုတွင်မူကား "ကျည်းက
ဖွပ်သည်၊ပန်းသပ်ကြိုင်စွာ"ဟု ဝသတ်စပ်လေ
သည်၊ အသတ်မပျက်အောင် ပန်းဖြင့်သုံးသပ်
သည် ဟုရမည်၊ (၈၈၀လသတ်ညွှန်း ၈၉)
**ပိတ်လှုပ်**(၁၂)ပိတ်ပါး"မြွှစင်ပိတ်လှပ်"(သခင်တွေး
ချောင်း ၄၆)



**ပိန်ညင်း**(၁၅,၄၁,၁၃၂)တိန်ညင်းနှင့်တူ။
**ပုဇွော်**(၁၀၈)ပူဇော်သည်။
**ပြုပ္ပါ**(၃၅,၁၀၄)အရှေ့အရပ်၊သတ္တဋ္ဌ ပုဝ်-ဗ။
**ပုံယင်**(၉၀,၁၃၇)အများအပြား၊
**ပေါက်လဲ**(၈၆,၁၅၅)လဲပန်းနှင့်ပေါက်ပန်း၊ အနန်း
နှင့်စွယ်တော်(ရာမရကန်-ပ-၁၁၇) ပေါက်
ပန်းနှင့်လဲဝါ၊တမာနုသစ်၊ကျေးဥသစ်ကယ်မို့
(၄င်း ၁၀၇)
**မြှောင်မြ**(၁၄၇)အရောင်ပြောင်သည် "မျက်စိန့်ရွဲကို၊
ပြောင်ပြနာရထိ၊ရွှေကြိုးဆိုသို့"(ဥတိန္နပျို့၆,
ဘုံခန်း ၂၈)
**ပေါင်းထုပ်**(၈၄,၉၀)ဦးရစ်ခေါင်းပေါင်း၊ အဆွန်မပေါ်
လျှင် ပေါင်းထုပ်၊ သို့မဟုတ် ပေါင်းထုပ်၊ အ
ဆွန်ပေါ်လျှင် သရဖူ၊ "ရမတီပိတ်အုပ်၊ နောင့်
ပေါင်းထုပ်၊ တွန့်တုပ်မပြုနိုင်" (ကဝိလက္ခဏာ
၁၅၀၁)
**ပြိုက်ရှိမ်း**(၁၁၇)တညီတညာတည်း၊ "ပြိုက်နှုးညွှတ်
ရှိမ်း၊ ဖန်ရာကြိမ်းသည်"(တရုပ်သံ ၂၁)
**ပိုင်မိန်တောင်း**(၇) ပိုင်တောင်းကျမ်းနှင့် မိန်တောင်း
ကျမ်း၊ အရိမဒ္ဒနာ ပုဂံမြို့ဝယ် တောကျောင်း
ဆောက်တည်နေသော အဝါ ၅၀-ရ မထေရ်
ရေး ပိုင်တောင်း ၇-အင်္ဂါ ၅-ချပ်၊မိန်တောင်း
၇-အင်္ဂါ ၈-ချပ်၊ ပေါင်း ၁၅-အင်္ဂါလေးချပ်၊
အဘိဓမ္မာ အဋ္ဌကထာ၏အဖွင့်ဂဏ္ဌိ၊ အဆိုပိုင်

သောကြောင့် ဝိုင်တောင်း၊ အလွန်ချိုမြိန်ဖွယ် အနက်ရှိသောကြောင့် မိန်တောင်း၊ ပေမူ၌ မိန္တောင်းဟု ဆင့်ရေးရှိသည်။

**ပျိုမျှစ်** (၁၆) နုနယ်သည်၊ "ရှေးကံ တားမြစ်၊ ဆဲ့ခြောက်နှစ်သို့၊ ပျိုမျှစ်ဆင်းရောင်" (မဃဒေဝ ၄၇၀, ဘုံခန်း ၃၀)

**ပြိုးပြမ်း** (၁၁၃) ရောနှောသည်၊ (နဝဒေး-၁၉၂, ဆုတောင်းခန်း ၇၉)

**ဖထိုင်** (၅၀) ထိုင်စရာညောင်ခေါင်း၊ "ကပ်ဖထိုင်နှင့်၊ ကရိုဏ်ပဲ့ခွပ်" (ဘုံခန်း ၇၀, ဝေါသနီ ၂၀၃) တည်ပြိုင်ဟု စာများမှာ ရှိသည်။

**ဖပိုး** (၁၅၂, ၁၆၃) ဖဝါးအပေါ်ဘက်အပြင်၊ (ဘုံခန်း ၁၄၄,ဘူအလင်္ကာ ၁၉၆)

**ဖြဖြ** (၁၅၅) တညီတညာ၊ ဝေါဟာရတ္ထပကာသနီက အပင့်ဖျဖျ ဟုဆို၏။

**ဖြိုးတွေ** (၀၃) အများအပြား၊ နတ်သျှင်နောင်-၆။

**ဖွူး** (၅၀) သိမ်မွေ့စွာကျရောက်စေခြင်း၊ (ဝေါသနီ ၄၂၀) ဆားဖြူးသည်နှင့်နည်းတူ။

**မြေဖျင်** (၇၀) ဖျန်ဖြေသည်၊ ပယ်ပစ်ဟန့်တား။ (ဝေါသနီ ၆၀၆) စိတ်ဝိညာဉ်ကို ဖြေဖျင်ချုပ်တည်း (ပါရမီ ၇၁)

**မြေပျော်** (၂၇) ယုယမြေဖျော်၊ ပျော်အောင်ဖျော်လည်း (မနော် ၃၁)

www.kelasa.org



**ဖွေနှည်** (၉,၁၅,၅၂) ရှာဖွေသည်၊ "ဖိုဖိုမြည်မြည်၊ ကြာမြင့်ရှည်၊ ဖွေနှည်စိတ်စက်လေး" (ကဝိလက္ခဏာ ၁၅၀၁,ဝေါသနီ ၅၉၀)

**ဖျော့တော့** (၁၃) အသွေးအရောင် ရောနှောသည်၊ အဆင်းမလှ မဖြူမနီ၊ "ကြိုကြိုလိုလို၊ ထိတိဖျော့ဖျော့၊ ဖြော့တော့တွေငေါ်၊ ဖက်ယော်အတူ၊ ကြိုသသူနှင့်" (ဆုတောင်းခန်း ၄၉) စာအများ၌အရစ်၊ ဝဏ္ဏဗောဓန ၅, ဝေါသနီ ၄၂၉-တို့၌ အပင့်အင်းမှာပြသည်။

**ဖျော်ဖျော်** (၁၀၀) အများအပြား၊ အလောင်းမင်းအရေးတော်ပုံ-၆၀၂၊ အမြောက်ဖျော်ဖျော်ပစ်သည်၊ ဥတ္တိန္နပျို ၃၀-အပင့်အချို့ စာ-မှာအရစ်ရှိသည်။

**ဖျားလည်းတက်သဏ်** (၃၅) ဒီရေ ရေငံရေ၊ ရခိုင်နှိုက်အရစ်သံနှင့်ဆိုသည်၊ မြန်မာသံယောဂ ဒီပနီ ဖျောရေ ဖျားရေကြည့်။

**ဖက်ကျွန်း** (၉၃) အဖက်အပြိုင်မရှိ။ တုကျွန်း။ မိတ်ကူ။

**ဖက်ဆွတ်ဦး** (၂၄) တပေါင်းလပွင့်၍ မွှေးသောပင်စောက်ပန်းကို ဖက်ဆွတ်ပန်း၊ ကြွေကျနေသောဖက်ရွက်များကို ရွှတ်စိုစေ၍ တောင်မြောင်ချောက်ကြားမှ ကျဆင်းသောရေကို ဖက်ဆွတ်ရေ၊ နယုန်လရွာသောမိုးကို ဖက်ဆွတ်မိုး (ဘုံခန်း ၉၉)

**ဖက်လိပ်** (၁၁၆) မှတ်ရသောတူရိယာ၊ (ဘုံခန်း (၇၅) မဃဒေဝ-၁၇၇။

H 561—27 [ဟံသာဝတီ]

ဖြက်ခြည်း (၂၈) ချက်ချင်း (ပေါရာဏာကထာဝင်္ဂကာ ၉၅)မယဒေဝ-၁၃၅။ ဖြုတ်ခြည်းနှင့်မိတ်တူ။

ဖြည်ဖြူး (၃,၉၃) ချော့မော့ဖြားယောင်းခြင်း၊ မလ တခြူးခြူးတိုက်ခတ်ခြင်း၊ ဤ၌ လေတိုက်ခြင်း အနက်၊ "ကျွင့်ဝတ်ဖြည့်ဖြူး၊ ရဲတင်းကျူးသို့" (ဘုံခန်း ၉၆) ဖြည့်စုံစေခြင်း။

ဖြည်းဖျ (၅၆) သိမ်မွေ့သည်၊နတ်သျှင်နောင် ၃၉။

ဖွတ်လျှာဝေါး (၃၂) လျှာနှစ်ခွရှိသောဖွတ်ကဲ့သို့ စကား မတည်၊ နတ်သျှင်နောင်-၄၆,၅၈။

ဗိန့်ဗိန့်တုန် (၁၄) ချိုလေးသာဟိန့်၊ နွားတော်ဟိန့်၊ ထိန့်ထိန့်ကျော်သံဝေ (ကာဝိလက္ခဏာ ၈၆၅) ၌ ကာရန်သုံးချက်သာပြသည်၊ ဓေါ်ဟာရဏ္ဏ ပကာသနီ စသော ပျို့လင်္ကာအများ၌ မသတ် အစပ်ပြ၏။ ဗဟုနေရာ၊ စဉ်းငယ်တုန်လှုပ်လှေ ရှိသည်၊ ဗိန့်ဗိန့်တုန်လှုပ်လှေ့ရှိသည်၊ သတ်ပုံသတ် ညွှန်းဆရာတို့ကား "သံမြတ်သာဟိန့်၊ ဤသို့မိန့် ၏၊ကျော်ထိန့်အုံ့ဘွယ်" ဤမှတာပါး လုံးကြီးတင် နသတ်ဟိန့် ကာရန်မရှိ ဟူ၏၊ ထိုသူတို့အား ဤဗဟုနဗိန့်ကို ပြအပ်၏၊ (ဦးဖုမ်၊ သဒ္ဒနီတိ ဒီပနီ ၃-၄၂၄-အမှာ)

ဖြုတ်ခြည်း (၃၄) အလျင်အမြန်၊ ဘုံခန်း ၉၂,၉၉။

ဖုံးမသိန် (၁၂၄,၁၆၁) ဘုမ္မသိမ် (၁၆၁) ပေမှ၌ တွေ့ရသည့်အတိုင်း နှစ်ချက်တည့်ထားသည်၊ ချမ်းကြည်နှံ့ရှိန်၊ ဖုံးမသိန်ကတိုး၊ (ဘုအ

www.kelasa.org

www.kelasa.org



လင်္ကာ ၄၉) အရှုင်း၊ ဒေသခေဆဘာလုံး၊ ဒေသပမိုး၊ ဖုံးမသိန်မှု့ဖျန်း။ (ကာဝိလက္ခဏာ ၂၂၁,၁၂၅) အရှင်း၊ ဖုံးမသိန်သာအရေး မှန်း သဏ္ဍာန်ရှ ဘီမသေနပါဠိပျက်၊

ဖောက်လွဲဖောက်ပြန် (၁၉) ဖောက်ဖောက်လွဲလွဲ၊ မပြောတဲ့လျက်၊ မလွဲမှန်လှ၊ (မဟော်ပြသနာ ၅၀) မကြွဲဖို့တဲ၊ ရုပ်တို့ဖြူလျက်၊ ဖောက်လွဲ ဖောက်ပြန်၊ (သုတသောမ ၅၅)

ဖောင်းပင် (၁၄) ဖောင်းပန်း (၁၃၃) ဖောင်းပွင့် (၁၄) ကျူပင်ဖြူး၊ ဝေါ်သနို ၄၂၁။

ဖောင်းလုံး (၇) စေတီအစိတ်အပိုင်း၊ ဖောင်းရစ်။

ဗိုင်ဗိုင် (၅) ထင်ထင်ရှားရှား "ဗိုင်ဗိုင်လမ်းမ" (ဘူ အလင်္ကာ ၁၀,၂၂၈,၀ရဲခန်း) "ခန့်ဘာဆုန်း ချိန်း၊ ရထားထိန်း၊ ရှစ်နီးလမ်းဗိုင်ဗိုင်၊ (ကာဝိ လက္ခဏာ-၈၃၈)

ဗဟို (၃၈, ၄၀)အလယ် မန်တိုင်၊ အမြတ်၊ ပေါ ရာဏကထာဝင်္ဂကာ ၁၇၄-ကြည့်။

ဗြဲကျော် (၆၅, ၇၂,၁၃၅) ဗြဲသိမ် (၇၂) ဗြဲသိန် (၆၅, ၇၂) ခွန်အမည်မှည့် ဘုရားများ။

ဗယ်-ညာ (၁၃၀) လက်ဝဲလက်ကို ပယ်ရှားရှောင်၍ သုံး သောကြောင့် ပယ်လက် (ဝေါ်သနို- ၆၁၀) ပတ်မှာတဲ့ရှယ်၊ ကြိုးဖြင့်ဘွယ်၊ ညာပယ် တီး ဘို့သာ၊ (ကာဝိလက္ခဏာ- ၂၀) နောက်အခါ ပယ်ကို ဘယ်ရေးပြန်သည်၊ "ထိပ်ထက်နောက်

ဖယ်၊ ညာဘယ် နထဉ်၊ ကွာစဉ် ဘရမ်း" (မဃာဒေဝ-၄၅၇) ယခုခေါ်ကြသော ဝဲယာ၊ ကျောက်စာ ဝယ်ယာရေးထုံးတို့နှင့်အညီ ဝနှင့် ဗ အလဲအလှယ် ပြောင်း၍ ဗယ်ညာ။

**ဗေဒါဝိသမ္ဘာ** (၉) သမ္ဘာရ= အဆောက်အဦ၊ မဂ်ဉာဏ်၏ အဆောက်အဦ။

**ဗိတ်ခန်** (၉၀) ဗိခါန်-အခရေးကို အစဉ်ကာရန်လိုက်၍ မြန်မာမှုပြုခြင်း။

**ဗုဒ္ဓိုး** (၆၂) ဘုရားပုထိုး၊ "ဘုရားဗုဒ္ဓိုး၊ ကျောက်စာထိုး၊ ပုထိုးခုခေါ်မြွက်" (သတ်လူး-၁၀၉)

**ဘနန်း** (၁၄, ၁၅) လုလု ဖြစ်လုနီး။ ပါရမီ-၆၇။

**ဘာသာ** (၆,၂၆,၃၅) အလေ့အလာ၊ မြတ်သော အလေ့အလာဖြင့် နေလိုသည်၊ ဗုဒ္ဓဘာသာ= ဗုဒ္ဓအလေ့အလာ၊ နောက်နား၌ သူမြတ်ဘာသာ=သူမြတ်တို့အလေ့အလာ။

**ဘိနုပ်** (၇) ရဋ္ဌသာရ၊ နာမထင်ပေါ်၍ မေတ္တာစာတွင် "ပျဉ်ချောရွှေချပ်၊ ပျဉ်ဗိနပ်ဖြင့်၊ တစပ်တည်းပင်၊ စပ်သည့်အတိုင်း ပသတ် (တွင်းသင်းသတ်ညွန့်-၄၁)

**ဘူမိနက်** (၅) ဘူမိနက်သန်၊ မြေကြန် လက္ခဏာနှင့်ပြည့်စုံသောမြေ၊ မြေကောင်းသောအရပ်၊ "နက်သန်"သည် ပါဠိလက္ခဏာနှင့် တူညီသော သက္ကတအရေး လက္ခဏမှ ပျက်သောစကား သက္ကတ က္ခ (ကသျှ)သည် မြန်မာသံ၌ သဖြစ်၏၊ ပုဂံခေတ်၌ လက်သန်ကို ဆက်လက်သုံးစွဲ

www.kelasa.org



၏ "ရွှေစည်းခုံ အနောက်ဖက် တက်နွဲ့ချောင်း အရှေ့ဘက် ဖုမ်မလက်သန် အလွန် ငွန်မြတ်သော မြေအရပ်တွင် (၀၀၄-ထိုး ပုဂံတက်နွဲ့ ကျောက်စာ)ပုဂံခေတ်နောက်ပိုင်း၌ လ မှ နသို့ ပြောင်း၏၊ လင်းလေ လင်းနေပင်၊ သို့မဟုတ် လက်သန်မှ နက်သန်သို့ ပြောင်းပြန်၏၊ "ပါဒ နက်သန်၊ စုံနှစ်ရန်၊ ပိတာန်လုပ်၍ကာ" (ကဝိလက္ခဏာ-၆၁၆) ဘူမိနက်သန်၊ ကောင်းမြေကြန်၊ နတ်ကန်ရပ်ဂါမာ" (ကဝိလက္ခဏာ-၆၀၁)

**ဘီကျူးပန်း** (၁၂၀)ပန်းပင်တမျိုး၊ "ငွေးနှင့်ဘီကျူး၊ ထွန်းမူးမူးဝယ်" (နဝဒေး-၁၆၆) ရွှေအင်ဖူးနှင့်၊ ဘီကျူးဘိန်းနွဲ့၊ (ဘလ္လာတိယ- ၆၁) အင်ကြင်းနော်ဇာ ဘီကျူးတည်း" (ကင်းဝန်၊ ရတနာနဒီ မော်ကွန်း-၁၉)။

**ဘောင်ရိုး** (၅) ရခိုင်စကား၌ အဖွားကို အဘောင် "ဘိုးစဉ် ဘောင်ဆက်၊ ဘေးလက်ထက်က" (ဆုခတောင်းခန်း-၁၉)အဖိုးအဖွားလက်ထက်ကဟု ဆိုလိုသည်၊ မျိုးရိုးစဉ်ဆက်ကိုလုံကြွယ်ဝသည်။

**မခေါက်မရက်** (၉၃) နှစ်သက်မြတ်နိုးခြင်း။

**မနော်ဟာရ** (၇)စာဖတ်နည်းများ၊ ပေါရာဏဒီပနီ-ပ။ ၂၁၃, ကဗျာဗန္ဓသာရ ၂၅၃-တို့၌ ကြည့်ပါ။

**မနှစ်မရှား** (၃၅) ဆုတောင်းခန်း၊ ၆၂,၁၇၁၊ကိုးခန်း-၁၂၃, တို့၌ကြည့်၊မဖွယ်ရာ မလျောက်ပတ်။

**မမြုံရချေ** (၁၂) ကာမဂုဏ် စိတ်ကို ဝမ်းတွင်း၌ ကိန်းအောင်းမနေစေရ၊ "မမှားအာရုံ၊ ကာမဂုဏ်ကို၊မမြုံရချေ" ဟျှင်ရှုသောရဆို၊ (လောကဟိတရာသီခွဲထား-၃၀၃)

**မရှုဉ်သဘင်** (၁၇) ယုဉ်ကိုပေမူ၍ ရကောက်ရေးရှိသည့်အတိုင်း ထည့်သည်၊ ပွဲလမ်းသဘင်၌ မယှဉ်၊ စိတ်ကိုသုတ်သင်သည်၊ ဤရတုမှာ ရဟန်းများ ကျင့်ဝတ်ကို ဝိနည်းကျမ်းဂန် လာသည့်အတိုင်း စုပေါင်းပြသည်၊ "သုံးပါး အဝန်း၊ ခါးပန်း ပတ်ရစ်၊ ပုဆစ်ဒူးမှ၊ ရှစ်သစ်ချ" ဟူသည် " အခေဝ ဇာဏုမဏ္ဍလံ ပဋိစ္ဆာဒေန္တေန ဇာဏုမဏ္ဍလသ ဟေဋ္ဌာ ဇယင်္ဂကတော ပဋ္ဌာယ အဋ္ဌင်္ဂုလမတ္တံ နိဝါသနံ ဩတာရေတွာ နိဝါသေတဗ္ဗံ" (ပါစိတျာဒိ အဋ္ဌကထာ ပရိမဏ္ဍလသိက္ခာပုဒ်ဖွင့်) နှ ဘိက္ခုဝေ အကာယဗန္ဓနေန ဂါမော ပဝိသိတဗ္ဗော၊ စူဠဝါ ခုဒ္ဒကဝတ္ထု ခန္ဓက ၂၇၆။

ထိုးစွပ်ကစွတ်၊ အနားဝတ်လည်း၊ မချွတ်တာရှည် ဟူသည် ရှာဝင် ကဖွတ်သီး ကဖွတ်ကွင်း တပ်ရခြင်း။ စူဠဝါခုဒ္ဒကဝတ္ထု ခန္ဓကပါဠိ ၂၂၇။

ရထားထမ်းပိုး၊ မြော်ရိုးတည့်တည့်၊ လေးတောင်ကြည့်လျက်-ဟူသည် "ဩက္ခိတ္တစက္ခုနာ အန္တရဃရေ ဂန္တဗ္ဗံ ယုဂမတ္တံ ပေက္ခန္တေန"

www.kelasa.org



(ပါစိတ္တိယပါဠိ ပရိမဏ္ဍလဝဂ်၊ ဩက္ခိတ္တစက္ခုသိက္ခာပုဒ်-၂၄၁)။

ဘောဏာနိသဇ- ဟူသည်၊ အဋ္ဌကာ သိကခုတင်, နေသဇ္ဇိကခုတင် စသောခုတင် ၁၃-ပါးကို ပြသည်။

ခေါင်းပါးအစာမျှရုံသာတည့်-ပစ္စဝေက္ခဏာ လေးပုဒ်၌ပါသော ယာပနာယ အနက်ကိုပြသည်၊ "ကြက်ဥထက်မြောက်၊ ခေါင်းဥအောက်လျှင်" ဟူသည် ဆွမ်းလုတ်ပမာဏကို ပြသည်၊ "နာတိမဟန္တော ကဗဠောတိ မယူရဏ္ဍံ အတိမဟန္တံ၊ကုက္ကုဋဏ္ဍံ အတိခုဒ္ဒကံ၊တေသံဝေမဇ္ဈပ္ပမာဏတော" (ပါစိတ္တိယအဋ္ဌကထာ-၂၁၄)။

လေးငါးလုတ်လျော့-ဟူသည် "စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ၊ အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော" (ကေ အင်္ဂုတ္တရအဋ္ဌကထာ-၃၇)

မာနတ်ဘာန်သွင်း-မာနတ္တ အဗ္ဘာန ပါဠိကို ဖျက်စီသည်၊

အရိယဇ၏ဝံသလေးသွယ်- စတုက္ကအင်္ဂုတ္တရပါဠိ-၃၃၆၊ အရိယဝံသသုတ်လာ အရိယဝံသတရားလေးပါး၊ သန္တောသဟူသည် အင်္ဂုတ္တရပါဠိ အဋ္ဌကထာလာ သန္တောသ- ရောင့်ရဲမှုတရား ၁၂-ပါး။

**မဆည်** (၃၀) တကောင်းရာဇဝင်လာ မလည်အရပ်၊ (ဝေါသနီ ၅၇၅)

**မထန်းပေါက်** (၇,၂၀) လက်ခမောင်းခတ်၊ "ခွေရစ်ဆန့်တန်း၊ မလန်းခတ်မြူး" (မဃဒေဝ ၃၅၃) "သံချိုမွန်း၍၊ မလန်းပေါက်ကြီး၊ ရှိက်ခတ်တီးလျက်" (ဆီးပနီရေး ကဝိမဏ္ဍနမေဒနီ ၁၁)

**မလိတ်** (၆) ခံုးသွားလုံ့သွား တွန်းလှန်သည်ကိုလိတ်သည်ဆိုသောအရာကား တသတ်၊ပေထန်းရွက် အဝတ်အထည် စသည်တို့ကို ခွေပတ်သကဲ့သို့ ခွေလိပ်ရစ်ပတ်သောအရာကား ပ-သတ်၊ (ဝေါဟာရနီ ၆၇၂)နောက်ပြလတ္တံ့သော ၁၆၁-ဘုံကျော် ပထမဘုန်းကြီးဆို တက်ပေါစလှာ ချိ ရတု မလိတ်စိန်တပ် ကို အကိုးထုတ်ပြသည်၊ "အဖျဲ့သံခြည်၊ ဆယ်စိတ်မည့်မျှ၊ မစွတိုးထိတ်၊ ရသေ့စိတ်ကို၊ မလိတ်မလည်း" (ပါရမီခန်း ၃) ယခုရှိ ပါရမီမှု၌ မလိပ်မလည်းဟု ပသတ်ရှိစေကာမူ တွင်းသင်းသတ်ညွှန်း ၁၃၂-၌ ဤပါရမီကိုပင် အကိုးထုတ်ပြ၍ ပါရမီတွင် သျှင်သီလဝံသ တ သတ်စပ် မှားလေသည်ဟု ပြရကား ပါရမီပေမူ-မူမှန်မှာ မလိတ်မလည်းဟု တသတ်ရှိသည် ဖြစ်ရာ၏။

**မဟာရိုက်** (၁၃၉) မဟာရက္ခသ-ပါဠိပျက်၊ ဘီလူး။

**မဟူ** (၂၄) မည်သည့်အရာမဆို (ဆုတောင်းခန်း ၁၀၉,ဝေါဟာရနီ ၅၃၄)

**မဟော်သထာ** (၆၄) မဟောသဓ ပါဠိ-မြန်မာမှု။

**မြသိတင်** (၁၉) ပြည်ရွှေဆံတော်ဘုရား။

**မာ့ဃ** (၉၇) မိုးနတ်ကို မာဃ-ဟု စပ်သည်။

www.kelasa.org



**မိ** (၁၂၉) မတော်တဆဖြစ်ခြင်း၊ မဖြစ်သင့်ဘဲ ဖြစ်ခြင်း ပြ-ကြိယာဝိသေသနစွည်း၊ (ဝေါဟာရနီ ၄၃၇)

**မီးကျီးကျည်း** (၉၃) အတောက်အလှံ့စဲ၍ ရဲနေသော မီးခဲလောင်မြိုက်သည်၊ "အောက်ကမီးကျီး၊ ငရဲမီးနှင့်၊ သောင်ကြီးသဲခွင်" (မဃဒေဝ-၃၆၂) "လောင်စေတုံပြီး၊ ရှားမီးကျီးတွင်၊ ကြိုးကြိုးငယ်ငယ်" (ငရဲခန်း ၄၁, ဆုတောင်းခန်း ၁၀၉) တုအလင်္ကာ-၄၆,ကိုးခန်း ၁၇-တို့၌ လောက်မြိုက်ခြင်းအနက် အရစ်ကြည်းရှိသည်၊ ဤ၌ ပေမူအတိုင်းထားသည်။

**မုဒိုင်** (၁၅၂) မုဒိန်းစည်-"နှလုံးရွှင်ပိန်း၊ စည်မုဒိန်း၊ မုဒိုင်းပါ၌အနက်" (သတ်ထူး-၁၄၂)

**မုနော** (၁၀၅,၁၂၃) တင့်တယ်သော အသရေ၊ "လှစ်ဖွင့်နိုင်ငံ၊ မုနောခံသား" (ငရဲခန်း-ဂ)

**မုရိုး** (၁၁၄,၁၆၁) မုဒိန်းစည်၊ မုရား,မုရန်း,မုဒိန်း, မုရိုး၊အမည်လေးခုသည် စည်တခုထည်း၏ အမည်များသာ၊ "တူရိယာဆော်နှိုး၊ မုဒိန်းကြိုးသည်၊ မုရိုးပတ်သံ စည်နှဲ့တည်း" (တချပ်သံရောက်မော်ကွန်း-ဂ)

**မှုကုံ** (၃) အမှုကိစ္စပြုရန် အရည်အခြင်း ပြည့်စုံသည်။

**မှုထား** (၁၃၃) မှုနည် (၄၂,၁၅၀) မှုရှု၊ (၆၉-၁၃၄) အမှုအရာဟောချည်းတည်း။

**မြူတာ** (၉,၈၆) ပန်းစိုက်သော ညောင်ရေအိုး။

**မွေ့ပုံခြောက်ရောင်** (၅) ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးသည့်မွေ့တော်များ အစုလိုက်အပုံလိုက် ဌာပနာထားသော စေတီများ ရှိသည်။

**မေးမြူ** (၂၃) မေးမြန်းသည်၊ နဝဒေး-၁၂၂,ဘုံခန်း ၉၀။ မြန်း-မြူ အနက်မဲ့ (ဝေါဟာရ-၄၄၀)

**မော်တော** (၆၄,၀၃,၁၄၆) ဝဲကျုး ရွှေမော်ဓော ဘုရား။ နတ်သျှင်နောင်-၁၁,နဝဒေး-၄၄။

**မဥ္ဇူ** (၂၃, ၂၉, ၃၆, ၅၄, ၆၂, ၆၇,၇၅, ၁၂၂, ၁၃၄, ၁၅၁) နန္ဒမူလိုဏ်ဝရှိ မဥ္ဇူသကကို လည်း မဥ္ဇူပန်းသာမန်ကိုလည်း မဥ္ဇူ,မြေဆူ ပန်းကိုလည်း ၎င်းမဥ္ဇူသက မဥ္ဇူနှင့်အမည်တူ တင်စား၍ မဥ္ဇူပန်းခေါ်သည်၊ (ဝေါဟာရတ္ထ ပကာသနီ-၃၅၀)၌ မဲဆူလည်းခေါ်၍ ရှေးက မည်ဇူ-ဟု ဆိုသည်။

**မဥ္ဇူသ** (၆၉) မဥ္ဇူသက (၁၃၉) နန္ဒမူလိုဏ်ဝ မဥ္ဇူသကပန်း။ ကဝိလက္ခဏာဒီပနီ-၃၆၂။

**မင်းခြေ** (၂၉) မင်းဆုံး (၁၄၃) မင်းကောင်း မင်းမြတ်။ သုဝဏ္ဏသျှံ-သဖွေးခန်းပျို။

**မင်းတုပ်** (၁၂) တံခါးမင်းတုပ်ကို သျှင်ရဋ္ဌသာရဆို ပုဇ္ဇနိသင်ချီရတုတွင် "ရွက်ဟုံချဉ်းချုပ်၊ချမင်း တုပ်က၊ ချက်မြုပ်အာနီ"ဟု ဆို၏၊ (ဂဇဗလ သတ်ညွှန်း ၁၃၆) သျှင်ရဋ္ဌသာရဆို ပုဇရ နိသင်ချီ ရတုတွင်"ရွက်ဟုံကြေကြုပ်၊ချမင်းတုပ် နှင့်၊ စိတ်လှုပ်မယွင်း" (တွင်းသင်းသတ်ညွှန်း ၁၆၀) ယခုခေတ် တံခါးပိတ်မင်းတုန်း။

www.kelasa.org



**မျဉ်းခွေ့** (၁၃၄) မတောင့်မတင်း ပျောင်းရှုံ့ခွေသည်၊ (ဝေါသနီ-၂၀၄) နဝဒေးရတု-၃၆,၆၀။

**မြစ်ထာ** (၁၀၀) ဟန့်တားသည်၊ "စောလောင်းမြစ် ထာ၊ လိုမပါသော်၊ မတာကိုယ်ချင်း၊ (ရွှေ ဟသ်ာ-၁၄) ဘေးမှကွယ်ကာ၊ သက်ချင်းတာ ၍၊ မြစ်ထာဆုံးမ" (၎င်း ၉၄)

**မြစ်တွေး** (၁၄,၁၄၆) ဘိုးခေါင်ဝဲထွေး၊ ၄က်မြစ် တွေး၊ ခွေးခေါ်ရစ်သာမြည်၊ (ကဝိလက္ခဏာ- ၇၉၀) ယခုအခေါ် ဇင်ယော်၄က်။

**မှန်တုပ်** (၇၀) လျှို့၄က်ထားသောအတတ်၊ "သရေ လက်ဆုပ်၊ မမြဲချုပ်၊ မှန်တုပ်မချနိုင် (ကဝိ လက္ခဏာ) သမန္တစက္ခု-၃-၇၄။

**မှန်ဖုံ့** (၁၃၆) မှန်ဖုံး (၁၄၆,၁၆၅) အထွတ်အ အမြတ်။ မဃဒေဝ-၁၈၁။

**မှန်းထိန်း** (၁၂၉) မှန်းထားသည်၊ ဝေါသနီ- ၆၄၀

**မြိုက်ခေါက်** (၀၉,၉၀) မြိတ်ရွှင်း (၁၃၀) မြိတ် လွတ် (၁၀,၁၀,၁၉၁) ဆံထုံးအမည်ချည်း၊ "ဆံမြိတ်လွှတ် ဟုသည်လည်း အမြိတ်အညွန့် လွှတ်စေသည် (ဝေါသနီ-၆၅၄)

**မိန်းပြုတ်** (၁၂၉) မိန်းမှိုင် (၇) ထိုင်းမှိုင်းသည်။

**မှုန်သောက်** ၇၆,၀၁) မှုန်ရည်ယိုသောဆင်။

**မှုန်ဆန်** (၇၆) မျက်နှာသုန်မှုန်ခြင်း၊ (ဆုတောင်းခန်း ၁၇) ကဝိလက္ခဏာ-၅၃၁,၀၉၂။

**မျောက်သား** (၁၂၅)စာအများ၌အရစ် မြောက်သား ရှိသည်၊ဤ၌ ပေမူအတိုင်း ထည့်သည်။

**မှောက်တော်** (၁၅၀) အရှင်သခင်၊ ကိုးခန်း-၂၁၀။

**မောင်နည်း** (၁၂၂)ချစ်ခင်အပ်သောလင်၊ ဝေါဟာရ-၅၉၀။ ကိုးခန်း-၁၇၀,ဘုံခန်း-၃၆။

**မောင်းချိတ်** (၆) နီရဲရဲအရောင်၊ စာအများ၌ ချိပ်-အရေးရှိသည်။ ဝေါဟာရ-၆၆၃။

**ယကင်** (၉၁)တပက်လျှိုဆံမြိတ်ကွင်း ချသောဆံထုံး။

**ယတာရာ** (၁၀၃) စစ်ပွဲ၌ အသွားအလာ အတိုက်အခိုက် သင်ကြားလေ့လာ ကျင့်သားရပြီးသော စစ်ပွဲဝင်ဆင်။ ပါရမီ-၁၅၁,ဘူ-အလင်္ကာ-၆။

**ယုယ** (၅၀,၁၆၁)ဖြည်းညှင်းသာယာ ပျောင်းပျသို့ သက်စွာ ပြုမူခြင်း (ဝေါဟာရ-၄၅၀)

**ယူကျုံး** (၆၀)သိမ်းယူခြင်း၊ (ဝေါဟာရ ၄၅၁)

**ယူတ** (၁၁၇)တောင့်တလွမ်းဆွတ်သည် ဝေါဟာရ ၄၅၁, ဘူ-အလင်္ကာ-၂၀၂။

**ယူးယူး** (၁၁၇) မတတ်,လုလု,နီးနီးအနက်ရှိပစ္စည်း။ (ဝေါဟာရ ၄၅၂)နတ်သျှင်နောင်-၁၉,၂၀။

**ယော်သစ်ရွက်** (၁၃,၁၁၇)ညှိုးယော်ခြင်း၊ အားနည်းသဖြင့် ပျောင်းညှိုးခြင်း (ဝေါဟာရ ၄၅၃)

**ယက္ခတော** (၁၁၄)ဘီလူးသဘက်။အခြားစာများ၌ အသုံးမတွေ့ ယမတော-သာ တွေ့ရတတ်သည်။

**ယက်သဲ့** (၄၅)ငါးဖမ်းကရိယာ၊ "မတိမ်းမငဲ့၊ လှေသာ၀ဲ့၊ယက်သဲ့ငါးဝင်မည်။ကဗျာလင်္ကာ ၁၁၀။

**ယင်ပေါင်** (၄၅) ငှက်အမည်၊ "ငှက်ဖျင်းကျီးညို၊ ဝန်လိုယင်ပေါင်၊ ယဉ်ဘောင် လ စီး၊ ဘုမ္မဘီးနှင့်" (ဘဒ္ဒာတိယ ၁၇)

www.kelasa.org



**ယဉ်ကြည်နက်ဆုံး** (၅)ယဉ်=ရေ၊ ကြည်လင်၍နက်သောရေ။

**ယဉ်တွေ့ရော** (၃)မြစ်ရေတွေ့တွေ့စီးဆင်းသော ဧရာဝတီမြစ်၊ မြစ်မယဉ်တွေ့၊ ရေလည်းကြည်မြက်၊ (နဝဒေး ၁၇၇)

**ယဉ်ဖျော** (၆၃,၁၁၇)ဖျော်သည် ဆိုသောစကားကို မင်းဇေယျရန္တမိတ်ဆိုသည့် ခုနစ်ခွေလျှင်ချီသည့်ရတုမှာလည်း "စမ္ပာပန်းလောင်၊ယဉ်ဖျောင်တစင်း၊ ပြည့်လင်းရော"ဟူ၍ စပ်သည်၊ (မြန်မာသံယောဂ ဒီပနီ ၁၁၇) သံယောဂ အလို-အပင့်၊ ဖျောရေ, ဖျားရေ, ဖျောင်ရေ အပင့်ချည်း၊ ယဉ်=ရေ+ဖျောင်ရေဖျောရေ။

**ယဥ္စသိ** (၀၄)ကသီကရိ၊ "ပုဆိုးယဥ္စယဥ္စ၊ဆင်ဝတ်စဥ္စ၊ ရဥ္စရဥ္စ ဦးဆံတိုက်" (ကဗျာလင်္ကာ-၁၆၉၃)

**ယွန်းဘောင်** (၅၁)အမိုးအောက် ဆက်၍ထားသော အဆင့်၊ စမုတ် အောက်ဆွဲဘုံ၊ "ဝန်ဘဏ္ဍာဆောင်၊ ယွန်းဘောင် ယပ်လျှိုး၊ ထပ်ထပ်ဖြိုးရှင့်" (တရုပ်သံရောက်မော်ကွန်း ၄၀)

**ယုံကျုံ** (၃,၅၀) ယုံကြည်စိတ်ချရသည်၊ "သိကြားယုံကျုံ၊ ဝိသကြုံလည်း"(ဂါထာ-၇၀,ဝေါဟာရ ၇၅၁)

**ယုံကျွန်** (၁၆,၅၂,၁၅၃) ယုံကြည်အပ်သောအလုပ်သမား၊ "ရတုရကန်၊စာသဝန်၊ ယုံကျွန်မရောက်လာ" (ကဗျာလင်္ကာ ၅၀၉)

ယို့ (၁၄) ပွဲစောင်းသည်၊ (ဘုံခန်း-၂၅, ဘွဲ့ အလင်္ကာ ၃၇၀)

ယောင်ယမ်း (၁၀) ဝေါဟာရ ၅၅၀၊ "ရိုက်ခေါ် ယောင်ယမ်းနောင့်ကိုစမ်း၊ညှိုးသမ်းတမှိုင်မှိုင်" (ကဗိလက္ခဏာ ၃၈၁)

ယောင်းမ (၁၆,၁၀၄) ဟင်းမွှေ ယောက်မ ကို ယောက်မသာရေးသည်၊ ယောက်=ခွက်၊ လူ ယောက်မကို နှုတ်ပြော၍ ယောင်းမ။

ယို့ (၆၀)ညွတ်ကျိုး ကိုင်းရှိုင်းသည်၊ "ညွတ်တွား ကျိုးကျိုး၊ ပြားပြားယို့၍၊ ယုန်သို့မှေ့မှေ့" (မဃဒေဝ-၃၆၇)

ယိုးဆွယ် (၂၄)တူယောင်ယောင်၊ ယိုးစွဲလိုက်သည်၊ "မယ်ကိန္နရီ၊ နတ်ပြီယိုးဆွယ်၊ လှမျိုးကြွယ်" (ဘဒ္ဒာတိယ-၈၁)

ရကွင်း (၄၅)ငါးဖမ်းကရိယာ၊ သုံးထောင်မွှေးဖောလား။

ရထည်း (၁၆,၁၁၄)ပါးလွှာသောပိတ်ထည်၊ ဘုံခန်း ၂၆။

ရနံ့ (၂၄)လူကမဆွံ့၊ နတ်တိုင်းနှံ့၍၊ ရနံ့ကြိုင်မျိုး၊ (မဃဒေဝ ၃၉၁၊ ဝေါဟာရ ၅၄၅)

ရမြား (၁၅၅)လမ်းနှစ်ဖက်ဝဲယာ ပိတ်ဖြူပုဆိုးဖြူများ နဖူးစည်းကဲ့သို့ဆွဲထားသည်၊ (ဆုတောင်းခန်း ၁၆)

ရဝေ (၁၃၆) နန်းတော်၊ အိမ်အဆောက်အအုံ၌ အခန်း။

www.kelasa.org



ရာဂီ (၁၂၅)ရွှေ၏အညစ်အကြေး (သံဝရ-၁၃၆, ဝေါဟာရ ၃၀၁)

ရာစင်း (၁၁၀,၁၂၃)ထီးအစင်းတရာဆောင်းမင်း။

ရာသီနှင်းယှူး(၁၄)တရာသီမှတရာသီပြောင်းနှင်းလုံသဲ၊

ရိယို့ (၁၂၁)ရိယော်သည်။

ရိရော (၁၀၃)ရောနှောသည်၊ "သောသောမြေညွှတ်၊ တီတီတွတ်၊ ပြွတ်နှင့်ရိရောပင်"(ကဗိ-၉၈၆)

ရှုတ (၂၆, ၅၆, ၁၅၇, ၁၆၁) နှုတ်မြွက်တမ်းတသည်၊ ဆုကြီးငါလျှင် ယူလတ်တည်း, ဝိုလည်း ဝိုတ ရှုလတ်တည်း၊(ဝေဿန္တရာပျို့-၁၄၄)။

ရွှေခက်ကြလည် (၂၀) တရားဟော တောင်းပန်သော သဟံပတိဗြဟ္မာ၌ သမ္မာဝါစာ ဖြစ်သင့်, မသင့် အဖြေ(သမန္တစက္ခု-၃ ၂၅၅-ကြည့်။)

ရွှေတိပြီး (၇) ရွှေ×အတိ= ရွှေသားအပြည့် ချထားသည်။

ရွှေတိုင် (၉၂) နန်းတော်တွင်း၌ ထွန်းသောဆီမီးတိုင်။

ရွှေထီးကိုးဆင့် (၇) အင်းဝခေတ်၌ ထီးရွက် ကိုးဆင့် လုပ်ထုံး၊ ထီးဟူသည်လည်း ယခုခေတ်ခေါ် ဌက်မြတ်နားအောက်ကထီးမဟုတ်၊ ဖောင်းရစ်နေရာအစိတ်အပိုင်း။

ရွှေလှော် (၉၃) ရွှေကိုအရည်ကျိုသည်၊

ရှေးရှု (၃၆) ရှေးတည့်တည့်၊ "ဖွယ်ရာရှေးရှု၍သို့ ဟူလျက်၊လှေနှလုံးတွန့်သတည်း"(ဆုတောင်းခန်း-၁၀၀)။

ရှယ်လှူးခင်ညို (၅) ရှယ်လှူး= မျိုးရွယ်သူ, လူပျို, လူရွယ်၊ အင်းဝသားခင်ညိုမည်သော လုလင်ပျို၊ တတိယပိုဒ်အဆုံး၌ "ရွှေဝသားလျှင်၊ သနား တကိုယ်၊ တူပျော်လိုဟု၊ တွေးဆိုမစာ" ဖြင့် ထပ်ပြသည်။

ရဲလောင်း (၅,၁၁၄,၁၆၆)ရန်သူမျက်စိလည်အောင် ပြုလုပ်ထားသော လမ်းကြား၊ အဝကျယ်နှင့် အတွင်းကျုံ့-တန်တိုင်းကာထားသည်၊(ဘုံခန်း- ၁၆)။

ရှဲ (၁၉,၇၅)ရှောင်ခွါသည်၊(ဝေါသနီ-၄၆၀)။

ရောရှ (၃၀, ၁၀၇) ရောနှောသည်၊ (ဝေါသနီ- ၄၆၀)။

ရော် (၁၃) ရည်ရွှးသည်၊ ဆုတောင်းခန်း-၆၅။

ရုံမက် (၁၂) ရမ္မက်- အရေးလည်း ရှိသည်၊ ပုဂံ ကျောက်စာ ညွှန့်ပေါင်း၊ ၄၀, ၁၁၃, ၁၄၀၊ ကုနီ, ကုသသမုတိ, ဆုတောင်းပြည့်,အာမနာ တို့၌ ရုံမက်ရေးသည်။

ရွှက်ကျင် (၆) ရွှက်ဟောင်း၊ (၅၆) သစ်ရွက် ယော်များ။

ရွက်ကျုံး (၁၁၇) သိမ်းကျုံးယူသည် (ဝေါသနီ- ၇၃၃)။

ရွှက်ရွှံ (၈၂) ရှက်ကြောက်သည်။

ရင်တွန်း (၄၅)ငါးဖမ်းသောပိုက်၊(နေမိမဋ္ဌ စိုးခန်း- ၃၅)။



ရင်ဘတ် (၁၂၀) ဝေါဟာရတ္ထပကာသနီ ၆၄၅-၌ ရင်ဘတ်ဟုပြသည်၊နောက်မှ ဖ-နှင့် ဘ-ပြောင်း ဖြန်သည်။

ရင်တား (၅-၁၁၄) ရင်တရပ်ခန့် ပြုလုပ်ထားသည့် အဆီးအတားသုံးဆင့် ကန့်လန့်လျှို သစ်သား တန်း၊ မြို့တံခါး အပြင်ကထားလျှင် ရင်တား၊ အတွင်းကထားလျှင်.ရက်ဖောက်။

သျှင်တို့မှာသို့ (၅) သခင်တို့မြို့ရွာအင်းဝမြို့သို့ လိုက်လာ သင့်ကြောင်း မသွေးဆောင်သင့်ပါ။

ရင့်ရှူ (၂၇) သာယာစွာ မြည်သည်၊ ဝေါဟာရတ္ထ ပကာသနီ-၄၆။

ရင်းမာ (၁၄) နတ်သျှင်နောင်ရတု-၁၃။

ရွှင်း ကြည်လင်သည်၊ င-သတ်မှ န-သတ်ပြောင်း၍ ရွှန်း။

ရည်စောင် (၄၂, ၅၆) မှန်းထား ရည်ရွယ်သည်၊ နဝဒေး- ၁။

ရည်း (၄၁) ရည်ရွယ်မှန်းထားသည်၊ "သွေးစုန်း ချက်မည်း၊ ငယ်ကရည်း၊ စုလည်းမြိတ်စလျှို" (ကဝိလက္ခဏာ-၁၆၄၅)။

ရည်းင် (၆) သျှင်သီလဝံသ၏ ကိုယ်ရည်သွေး၊ ရည် ရွယ်ချက်ဖြင့် နေကြောင်း ပြသည်၊ ပထမပိုဒ် "ပစ်ခွာတွင်ရဘိမူကား" ကိုလေသာကိုပစ်ခွာ ရမူ ကောင်းလေစွ-ဟု ကြိယာကိုဖွက်စပ်သည်။

ရန်ခူး (၁၅၁) ရှင်ဘုရင်၊ ရန်ညွန့်ကို နှိမ်ခူးတတ်သူ။

www.kelasa.org

**ရှိမ်းရှိမ်း** (၃၅) ထင်မြင်လောက်သော အရာ၊ (ဘူ အလင်္ကာ-၃၆)။

**ရုက္ခစိုး** (၁၂) သစ်ပင်၌ စိုးအုပ် စောင့်ကြပ်သောနတ်၊ ပါဠိ-ရုက္ခဒေဝတာ၌- ဒေဝအနက်ကို စိုးပြန်သည်၊ ဘုမ္မစိုး,အာကာသစိုးနည်းတူ။အချို့က စိုးလည်းရေးသေးသည်၊ "အကြင်ရုက္ခစိုး၊နတ်အမျိုးတို့၊ မစိုးမရိမ်" (ကဝိမဏ္ဍနံ-၁၀၅)

**ရောက်ဆန်းလူမျိုး** (၃)သာမန်လူတို့ရောက်နိုင်ခဲသည်၊ ထန်း-ပစ္စည်း သာမန်မျှဖြစ်ခြင်းအနက်။

**ရိုက်ခြောင်း** (၉၇,၁၁၈) မြည်ဟည်းသည်၊ (ဥတိန္နမျိုး-၇၀)

**ရှိုင်း** (၇) ရှိုသောသည်၊ နိမ့်သည်၊ ဝေါသနိ ၆၂၃, ၇၃၄။

**ရှို့ကတ်** (၇,၈) ခဲခက်ရှုပ်ထွေးသည်။ဝေါသနိ ၆၂၇။

**လ** (၂၇) တပိုဒ်အတွင်း အက္ခရာ လေးလုံးမပြည့်လျှင် ထည့်တတ်သည်၊ ပဒပူရဏ၊ "ရေတွက်ငြားလည်းများလတုံ့ရှောင်း"(ငရဲခန်း-၂၀)

**လပကြာ** (၅) ပ=အရောင်တောက်၊ လရောင်သင့်မှ ပွင့်သောကြာ၊ လမျှော်ကြာလည်းခေါ်၊ ကုမုဒြာကြာ၊ နတ်သျှင်နောင်-၃၆,၃၇။

**လစ** (၁၁၄) လူမျိုးတမျိုး၊ ဘုံခန်း-၇၄၊

**လဟာ** (၁၆၁) အမိုးအကာမရှိ၊ ဟင်းလင်းပြင်၊ "လဟာပြင်ကျယ်၊မိုးမှာကြယ်(ကဝိလက္ခဏာ-၇)

www.kelasa.org



**လွှလွှ** (၃၄) ဖြူသောအရောင်၊ ဝေါသနိ-၄၇၃။

**လိလိ** (၂၀) နီးနီး-ဆဲဆဲ၊"ပြတ်ကျင်လိလိ၊လျှောက်ချေပြီးလည်း၊ လက်တိကွာဝေး"(နေမိမဏ္ဍိုး-၂၀)

**လူလူ** (၁၄၆) အလျင်အမြန်၊ နီးနီးကပ်ကပ်ဖြစ်ခြင်း "သုံးပါးနေ့ကပ်နိုက်၊တမယောက်လူလူ၊ သဗ္ဗညုဟု၊ ပွင့်လုစားစား" (ဥတိန္နမျိုး-၈၁, ဝေါသနိ ၄၇၅)

**လူလူ** (၁၄) အထက်သို့ လွင့်တက်သည် (ဘုံခန်း-၄၇)

**လေပြည်** (၂၈) လေအေးလေညှင်း၊ "ညင်းညင်းလေပြည်၊ လာဘိသည်၊ ချမ်းကြည်တခဲ" (ကဝိလက္ခဏာ-၁၅၆၁)

**လေသံ့** (၂၉)နားမှာသံ့သံ့ သဲ့သဲ့ကလေး ကြားရသည်၊ (ဝေါသနိ ၅၇၂,ဘုံခန်း ၆)

**လေသွန်**(၂၄)လေသာတံခါး ပြတင်းပေါက် (ဝေါသနိ ၅၇၃)

**လေးတွဲ့**(၉၂)လေးလေးနက်နက် "လေးလေး တွဲ့တွဲ့၊ လက်တော်ဖွဲ့၊ ရွှေဘွဲ့ထိပ်မှာချည်"(ကဝိလက္ခဏာ ၁၂၁)

**လေးပင်**(၅၃,၆၂,၁၄၁)လေးလေးပင်ပင်၊လေးလေးနက်နက်၊ "လျှာဆယ်ခုကို၊ ဂရုတ၊ လေးပင်လှလျက်"(ဆုတောင်းခန်း၅၉,ဝေါသနိ ၃၇၇)

**လေးဖြန်း**(၁၀၉)လေးကြိုးကိုဆွဲတင်သည်၊ မြန်းကနဲ မြည်အောင်ဆွဲလိုက်သည်။

**လွဲလက်**(၇၉)ချွတ်ချော်မှားယွင်းသည်၊ ဘုံခန်း ၆၀။

**လျော**(၁၅,၁၆)တူသည်၊ "စည်းစိမ်ထူပြော၊နတ်နှင့်လျော၊သားရှင်စောပုတူ" (ကိုးခန်းနိဂုံး ၃)

**လျော့လျား**(၁၄)နတ်စားဌာနှင့်၊များစွာလျော့လျား၊ မထူးခြားသည်၊ (ပါရမီ-၁၁) မိုးသကြားနှင့်၊ လျော့လျားထပ်တူ(မဃဒေဝ-၃၅၁)

**လော်လဲ**(၆၉,၁၁၅)အပြန့်အလှန်ပြင်းခိုခြင်း (ဝေါသနီ ၄၈၀)

**လှော်ကား**(၁၄၂,၁၅၉)ဦးမွဲနှစ်ဖက်လုံး ကော့ကားနေသော လောင်းလှေကြီး။

**လက်တီး** (၈၇)အဖီဆောင်၊နောက်ဖေးဘက်ကဆွယ်သောအဆောင်(ဘုံခန်း ၈၆,၈၇)

**လက်တော်လှနှင့်**(၁၂)ထန်းပင်ခြောက်မျိုး၊ ကျေးမြီး, လက်ဖျော်, ဆင်ခြေပေါ်, သမီးလှ, ရည်ရ,ပင်ထွက်၊ ယင်းခြောက်မျိုးတွင် ရည်ရ,ပင်ထွက်အရွယ် လှပသောထန်းဖူး၌ ရေးသောစာခွေ ၁၆၈-မင်းရာဇာဆိုရတုကြည့်၊ ဝေါဟာရလိနတ္ထဒီပနီ ၁၇၅။

**လက်နှား** (၄၅) လက်ဆောင် အခွန်စသောပစ္စည်း၊ အစွန်အဖျားအရပ်၊ "လက်နှားတိုင်းကျပ်၊ မြေမလပ်သည်" (ဆုတောင်းခန်း ၅) "ပုဆိုးလက်နှား၊ စပါးဆန်ရေ" (ဘလ္လာတိယ ၅၀)

**လက်ပစ်တတွက်** (၂၅,၁၀၉) လက်မနှင့် လက်လယ်ထိပ်ချင်းခတ်၍ အသံမြည်အောင်ပြုခြင်း။

www.kelasa.org



**လက်လှထန်းပင်** (၁၂,၁၅၆) လက်ဖျော်, ဆင်ခြေပေါ်, သမီးလှ, ရည်ရ,ပင်ထွက် အခိုက်အတန့်ကို စွဲ၍ ဖြစ်သော ထန်းပင်ခြောက်မျိုးတွင် သင့်ရာယူ။

**လက်သင်** (၁၂,၂၂,၃၂,၁၄,၉၉) သံထိုးတိုးသင်စအရွယ်၊ "အပြင်လှချည်း၊ ဆယ်နှစ်ထည်းကာ၊ စုလည်းလက်သင်၊ထိုးစတွင်နှိုက်"(နဝဒေး၂၀)

**လျင်ထန်** (၁၀၁,၁၆၇) အလျင်အမြန်၊ "စောလူးစီးတန့်၊ မျိုးဆဒ္ဒန်၊ လျင်ထန်မြင့်မဆွယ်" (မြင်ကိုင်းကာချင်း)

**လျှင်** (၂၇) အစီအစဉ်အလှည့်ကျရာ၊ (ဝေါသနီ ၆၀၉, ဘုံခန်း ၉၉)

**လျှဉ်လျှဉ်** (၁၂၄) အစဉ်မပြတ်၊ "ကာလလျှဉ်လျှဉ်၊ နေ့နှင့်ညဉ့်၊ သွားစဉ့်နေစဉ်ခိုက်" (ကဝိလက္ခဏာ ၁၆၉၀)

**လင်းကဲ** (၇၄, ၁၃၇) အရပ်ရှစ်မျက်နှာ တပြင်တည်း၊ တစပ်တည်းလင်းနေသည်၊ အပိတ်အပင်မရှိ။

**လျဉ်း** (၁၅၀) နီးချဉ်းတူလျော်, နီးနှောစပ်ယှက်သည်၊ (ဝေါသနီ ၆၁၀)

**လည်မာ** (၂၄) လည်ဆွဲတန်ဆာ၊ ပါရမီ-၆၇,ဘုံခန်း ၅၅။

**လည်လွှင်တောင်** (၄၅)ကုန်းခေါင်ခေါင်၊ (ပေါ်ရာဇာ လက်ာ)ပိတ်ဆီးရုံဘောင်၊လည်လွှင်တောင်နှင့်၊

www.kelasa.org

တန်းလျောင် လက်နား၊ ဆူးစည်း သား၍၊ (နဝဒေး ၁၁)

**လတ်လတ်** (၁၆) လတ်လတ်လဲ့လဲ့ (၇၅) ရွတ်တရက်၊ ရှင်လန်းခြင်း၊ (ကဝိလက္ခဏာ ၉၅၉, ၁၁၀၇) အသစ်လတ်လတ်ဆတ်ဆတ်။

**လွန်းကြင်** (၁၃)လွန်းကြင်ငှက်နှင့် တူသော ဇနီး- "သက်နှိုလွန်းကြင်၊ မှန်နန်းရှင်ကား၊ ဝန်းကျင်ဝပ်လျှိုး" (ဗလိပ်စား ၂၅, ကိုးခန်း ၂၂၂)

**လျှမ်းပည်း** (၅၉)မိုးမောက်ပြည့်စုံပေါ်များသည်(ဝေါသနိ ၅၆၆, သံဝရ ၇)

**လုတ်** (၁)လုနီးနီး "တရာပြည့်လုတ်"ဟူသည်ကား တရာပြည့်လု၏၊ (ဝေါသနိ ၇၂၇)

**လုံးကျွတ်** (၁၂၄)အလုံးစုံ၊ကျောက်စာဝေါဟာရ။

**လုံးကြည်း** (၆)အလုံးစုံ၊ ရဲခန်း ၁၂,ဆုတောင်းခန်း ၅၀။

**လုံးချုံ** (၁,၅၁,၆၇,၁၁၄)ဝန်းချုံ လုံးချုံဟူသည်ကား ခပ်သိမ်းစုံ၊ အလုံးစုံဟူသောအနက်၊ (ဝေါသနိ ၇၃၁)

**လုံးရပ်** (၆)အလုံးအယပ်-ဟု ယပက်လက်အချို့ရေးသည်၊ တွင်းသင်းသတ်ညွှန်း၌ ရကောက်ဖြင့် လုံးရပ်အရေးပြု၏၊ "အဆင်းလှသော အသံသာသော အလုံးအရပ်လှသော ငါဖြစ်လို၏" (မင်းဝိုင်းကျောက်စာ၊ ပုဂံညွှန်ပေါင်း ၁၀၃)

**လောင်လင်** (၁၉,၁၃၇) စိတ်မငြိမ်သက်၊ စိတ်ပူပန်သည် (ပါရမီ ၁၄၅)



**လိုက်ဘက်** (၃၄, ၁၀၇, ၁၂၅) လိုက်လျောသည် အဆင်ပြေသည်၊ဝေါသနိ ၂၂၄,ကိုးခန်း ၃၄။

**လိုင်**(၃၆)လေဏ-ပါဠိပုဂ်ယုဆ၍လိုဏ်ရေးကြသည်၊ ဤ လက်ဝဲနော်ရထာ ပေ၌ မြန်မာမှုလိုင်-အရေးတွေ့ရသည့်အတိုင်းထည့်သည်။

**လိုမယ်** (၅) အလိုရှိအပ်သောအရာ (သံဝရ ၄၁, ဆုတောင်းခန်း ၆၆)

**လိုမယ်မတ** (၅)လိုချင်သောအမည်ဝတ္ထုကို မတောင့်မတရ မိဘများမှာလည်း လိုလေသေးမရှိ။

**လိုလွန်** (၁၆၆)အလိုအတိုင်း၊ဝေါသနိ ၅၆၅။

**ဝလာဟက** (၁၅၂) တိမ်နက်၊ စတုက္ကအင်္ဂုတ္တရ ပါဠိတော် ဝလာဟကဝဂ် ၁၄၆-၌ သီတ, ဥဏှ, အဗ္ဘ, ဝါတ,ဝဿ-မှာ ဝလာဟကနတ်ငါးမျိုး။

**ဝသန်ရာသီ** (၁၄) မိုးဥတု၊ "ဟိတ်တိရစ္ဆာန်၊ပိုးပရန်၊ ဝသန်မိုးတွင်း၌" (ကဝိလက္ခဏာ ၅၃၃, ဝေါသနိ ၅၇၂)

**ဝါကရား** (၁) ဝိဋကာတ် သင်္ချာနည်း၊ စတုရင်ဗလ အမေး- ပုဂံ ဆရာတော်ဖြေ ၁-၂-ရတုတို့၏ အဓိပ္ပါယ် ဘုရားစုတိစိတ် အာရုံပြု- သမန္တစက္ခု-ပ-၁၁၅-ကြည့်။

**ဝိဂန်** (၇,၁၀၉,၁၃၀,၁၅၇,... ဘင်းကင်၊ ယုဂန္ဓိုရ် "နေဇိမာန်လျှင်၊ ဝိဂန်တောင်ကာ၊ ကြွေလာကျသို့"(ရဲခန်း ၁၉)"ဝိဂန်ရစ်ဆီး၊ တောင်ကြီးမြင့်စွာ၊ မြင်းမိုရ်ချာထက်၊" (ရင်း ၁၃၃)

www.kelasa.org

**ဝိဇက်** (၆) ဝိဒူနှင့် ဝ်-ပေါင်းစပ်သော သတ္တဋ္ဌစကား၊ ဝိဒူ—ပညာရှိ + ဝေါ်-စကား၊ ပညာရှိတို့အသုံး အနှုန်းပြကျမ်း၊ ပါဠိအနက်ပေမူတွေ့ဘူးသည်၊ သမန္တစက္ခု-၃-၇၅-ကြည့်၊

**ဝေယန်** (၁၆၄) ဝေဇယန္တာပြာသာဒ်၊ "ကျောင်း ဇေတဝန်၊ နန်းဝေယန်၊ သဏ္ဌာန်တမျှသာ" (ကဝိလက္ခဏာ ၇၀၂)

**ဝေလာ** (၁၂၉) ဝေလာဟုအကို ကဗျာအရာဖြစ်၍ စပ်သည်၊

**ဝင့်ထွားအညို** (၁၀) ဝါးအဆင်းရှိသော ဝင့်ထွားရိယာ, ကျောက်၊ မြကျောက် သုံးထော .ပ်မှူးစပ်လိုရင်း၊

**ဝေးလံ** (ဝ၂,၁၅၂) အလွန်ဝေးသည်၊ ဝေါဟာရ ၅၆၂၊ "ကျွတ်ပေါ်ဝေးလံ၊ နံ့သည်ထားထား" (ပါရမီ ၇၅)

**ဝတ်ဆံ** (၂၁) ပန်းပွင့်အလယ ်အဆံ၊ "ရွှေလျှော် မင်းစံ၊ ကုက္ကုမ်၊ ဝတ်ဆံနီလာသည့်" (ကဝိ-၂၆၆)

**ဝန်တောင်** (၇) ဝန်တောင်လယ် (၁၅)ဝန်တောင်, မြေထဲကျောင်း, နဝင်းကျောင်း စသည်တို့သည် ဝန်တောင်လယ်ဆရာတော်၏နေရာများ၊ ဝန်

၆၄ ဝဏ္ဏဗောဓနသတ်အင်း၌ နသတ်